www.burmeseclassic.com


လာဘ်မိုးရွာ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ဇောတိပြိုင်



ရှင်ဥပဂုတ္တဂါထာတော်များ(စာ-၈၃)





မင်းသိခ်၏
ကလယ်အာလူး
ဒိန်ချဉ်ဟင်းချိုနှင့်
မြန်မာ့လက်ဆန်း
ဗေဒင်
(စာ-၉၀)

- ရဟန္တာ ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏ ဘဝဖြစ်စဉ်တော်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ(စာ-၄၅)
- စီးပွားခြံရံ ရတနာဒီပံ(စာ-၇၁)
- အနန္တသိဒ္ဓိ မဟာဒီပံဖယောင်းတိုင်(စာ-၇၅)
- ရှင်ဥပဂုတ္တအင်းတော်(စာ-၇၉)
- လာဘ်ပွင့်ချမ်းသာ အောင်ဂါထာ(စာ-၂၅၃)

အိုးပိုင်အိမ်ပိုင်ရစေသော
ရတနာဒီပံ မီးထွန်းအင်းတော်ကြီး

Graphics: Aung Myo Htun

www.burmeseclassic.com

www.burmeseclassic.com

လာဘ်မိုးစွေဂါထာ

ဂါမေ စနေ စ သဗ္ဗတ္ထ၊
ဒေဝေပဟိ မနသေသဟိ စ။
အာဘာဝေတာ နန္တလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

မင်္ဂလာရှိသော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇-ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၈၂)


မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးစွေ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တာဇင်
အယ်ဒီတာရုံးအဖွဲ့ - စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(၀၀၉၅၆)မှ ထုတ်ဝေ၍ ဝင်းထွန်း(၀၀၁၂၆)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၄၀၀ ကျပ်

အအုပ်ချုပ် - ရှကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ နေခြည်၊ စံလွင်မောင်၊ ဖိုးအောင် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဋ်းမှ ဖန်တီးသည်။


## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ရေးရာ သုတအဖြာဖြာကိုလည်းကောင်း၊ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ထေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်းသံဃာများအကြောင်း၊ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤ၌ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် မဆိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္ထုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း၊ ၎င်းတို့၏ စွမ်းဆောင်ချက်များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

# ရောင်ပြန်

မဂ္ဂဇင်း

၂၀၁၇ ခုနှစ်၊ ဇူလိုင်လ၊ အမှတ် (၂၈၂)

## မာတိကာ

### ရောင်ပြန် ကဗျာ

ဘုန်းလျှံ၊ အင်ကြင်းမေ၊ ကောက်နွယ်ကနောင်၊ သွေးရည်၊ ကမ်းလှဝေး၊ လူတူလူ(အေ-ဝိုင်-ဇတ်)၊ ရာမညမင်းငြိမ်းချမ်း၊ နီနီမ်း

### ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

ပြည်တွင်းပြည်ပ ဗိဇ္ဇာဥ်လောက ယုံကြည်ချက်များ
လုတိုး(စိတ်ပညာ) —— ၁၈၇




### ရောင်ပြန် အခန်းဆက်ရသ

မာယာဒေဝီနှင့် ကျောက်စိမ်းရုပ် အရုပ်တော်ပုံ(၁၀)
မောင်ယဉ်မွန်(မောင်နေခြည်) —— ၁၇၀
ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့(၄)
ကျော်မြသန်း —— ၁၈၈
နေနတ်မင်း၏ သမီးတော်(၄)
မနုဿကျော်ဝင်း —— ၂၀၀
တစ်နဲ့ကိုး(၅)
ရဲမိုး —— ၂၀၇
ရာဇကြိုဟ်ရဲ့ ငွေလမင်း(၄)
နန္ဒာမိုးကြယ် —— ၂၆၆






www.burmeseclassic.com




## ရောင်ပြန် ရသ


ဆွေနက်ကြီးနဲ့ အတွင်းဝန်မင်း
ဝင်းသောင်(ရမည်းသင်း) —— ၁၂၆
ကြမ်းတမ်းစွာ နူးညံ့သော ချစ်ခြင်းများဖြင့်
ချစ်မှန်းငြိမ်း —— ၁၃၆
သောဘမှန်ယစ်လျှင်
မြမြလှိုင် —— ၁၄၇
စနေမောင်မောင်နှင့် မေရီကောလင်းမိသားစု
မင်းသိဒ်် —— ၂၁၆

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
၅၂ - လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၄ ၂၀၀၈၅၉ ၂၅၊ ၀၉-၅၀၉ ၄၇၇

## မြန်မာ့ရေးရာ

စန္ဒမုနိဆင်းတုတော်ကြီး
လေးဝတီကျော် —— ၁၇
ပရိတ်ကြီး(၁၁)သုတ် မောရသုတ်…လွယ်ဆိုင်ပတ္တမြားတောင်
ထွဏ်ထွမ်း(ပညာရေး) —— ၂၀
ရှေးဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ပန်းတနော်မြို့
မြို့ကွက်သစ်(၂)တွင် ဆုတောင်းပြည့် ကိုးနဝင်းကမ်ကျော်စေတီ…
ပန်းတနော်နောင်လတ် —— ၂၅
ကြည်ညိုဖွယ်ရာ မြတ်ဗုဒ္ဓ၏ မုဒြာများ
ပထမံဆရာကြီးဦးအောင်သူ —— ၃၆
ကျွန်ုပ်နှင့် ရဟန္တာ ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏
ဘဝဖြစ်စဉ်တော်နှင့် ကျွန်ုပ်ဖြစ်ရပ်ဆန်းများ
မင်းတိုင်ပင်(မြရောင်မြေ) —— ၄၅

စီးပွားခြံရံ ရတနာဒိပံ



www.burmeseclassic.com




## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ---------- ၄၉
သည်လဖွားအတွက် ကံဇာတာ
ဆရာမိုးဟန်ကြွယ် ---------- ၅၀
အလုပ်အကိုင် အောင်မြင်ရန်
မဟိဒ္ဓိကျော်ခေါင် ---------- ၅၁
သည်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွဋ်ခေါင် ---------- ၅၂
စိုက်ပျိုးရေးရာ သည်လမှာ
တောကကိုရင် ---------- ၅၃
သည်လအတွက် ကောင်းသောရက်
နွယ်သာကီအောင် ---------- ၅၄
ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘန်ချောင်၏
၂၀၁၇၊ ဇွန်လ···
ဦးတိုး(တက္ကသိုလ) ---------- ၅၆
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၇၊ ဇူလိုင်လ···
ကေတုဒီအောင်သိန်း ---------- ၅၉
မွေစကြာအခါတော်နေ့ ထူးမြတ်ဝါဆိုလပြည့်

အမရပူရမြို့ မြို့စောင့်နတ်ဘီလူးနှင့် တွေ့ဆုံခြင်း
ဂန္ဓာရချစ်ကြီး ---------- ၆၅
ဘိုးမေတ္တာနှင့် မဟာမြိုင်တော
ရဲမျိုးသူ(ဇောခိမြိုင်) ---------- ၆၇
တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ်(၁၃)
မြစံပယ် ---------- ၉၄
သမ္မာဒေ့နှင့် ကျွန်တော်
လှိုင်(ဒဂုံ) ---------- ၉၇
ကြုံခဲ့ဖူးတယ်
မမိုးသိမ့် ---------- ၁၀၁
ကောင်းကျိုးဝေလျှံ ဗျာရစ်ချက် ဂါထာမန္တန်
ဂန္ဓာရဆရာလှမျိုး ---------- ၁၀၃
သုံးဆင့်ခတ် အနှာရောက်ပုံ
ချောယဉ်သာမြင့် ---------- ၁၀၅
ပြောင်းကြစို့ကွယ် ဘယ်ကိုလဲ၊ ဘယ်တော့လဲ
တက္ကသိုလ်သန် ---------- ၁၁၀
သေခြင်း၊ ရှင်ခြင်း ဆိုသည်မှာ
ခင်မောင်အေး(မန္တလေး) ---------- ၁၁၃




www.burmeseclassic.com

စာ - ၉၄


## တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ် (၁၃)

မြစံပယ်




## လောကီရေးရာ

ရတနာသုံးပါး အဘဆာဒူးကြီးနှင့် ဆရာကြီးဦးရန်အောင်
အောင်ကျော်ညို(ဆင်ချဆိပ်) ———————— ၁၁၅
လုပခေတ်မှီ မြို့တော်ဆီသို့(၄)
မောင်အေးသန့် ———————— ၁၁၇
ပိဋကတ်ထဲမှ ဂန္ဓီရ(၃)
သကျဝံသ ———————— ၁၃၂
ဘဝအမောစင်မယ့် လုတောတစ်ခွင်ဟာသများ
ဦးကောင်းထူး ———————— ၁၄၃
အင်ဒီယားနားပါဂျူးတက္ကသိုလ်
မောင်ကောင်းမြင့် ———————— ၁၅၄
နိဗ္ဗာန်လမ်းပြ ဝိပဿနာတရားတော်(၇)
မဟာထွန်း ———————— ၁၅၉
အံ့ချီးဖွယ်ရာ သီဟိုဠ်သာသနာ
ကိုမောင်သန်းဝင်း ———————— ၁၆၄
အောင်လမ်းပညာ တုံ့ပြန်ချိန်
ရှစ်ခွင်ကျော်-ဖောင်တော်သီ ———————— ၁၈၂
အမည်မှည့်လျှင် သတိပြုရန် သရပေါကိန်းများ
အကြွေးတောင်းမရလျှင် ကွမ်းဝါးတောင်းသည့်ယတြာ
ဝင်းဇော်(သုံးဆယ်) ———————— ၂၄၉
ငွေချေးထားပြီး ပြန်တောင်းလို့ မရဘူးဆိုရင်
ဝင်းဇော်(သုံးဆယ်) ———————— ၂၅၁
လာဘ်ပွင့်ချမ်းသာ အောင်ဂါထာ
သစ္စာဝါဒီဆရာမြတ်စောလင်း ———————— ၂၅၃
တွေ့ခုံရက်မှာ ဒါလုပ်ပါ
သုတေသီဆရာငြိမ်း ———————— ၂၅၅
ဂုဏ်တော်တန်ခိုး စီးပွားတိုး
မဟိဒ္ဓိကျော်ခေါင် ———————— ၂၅၇
ဝဋ္ဋသုတ်ပရိတ်တော်မြတ် အဓိဋ္ဌာန်ဝင် ပူဇော်ခြင်း
ဟန်သီဟ ———————— ၂၅၉
ကံပေါ်၊ ကံထူ မဏ္ဍိုင်ကြီးဟိန်နဲ့လှူ
မော်တင်သိန်းဇော်ဇ ———————— ၂၆၁
နဝင်းမဖျက် ကုသိုလ်ဆက်
စိုင်းမင်းသူ ———————— ၂၆၃
အဆင်ပြေပြေ(လုပ်ငန်းအဆင်ပြေစေရန်)
ဖြိုးဟန်ကျော်(ကော်သ) ———————— ၂၇၇
သရောဇယ အောင်လံထူ
သစ္စာဝါဒီဆရာမြတ်စောလင်း ———————— ၂၇၉




www.burmeseclassic.com

www.burmeseclassic.com

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


စီးပွားဖြို့ ရတနာဒီပံ
ပထမဆရာကြီးဦးအောင်သူ ———— ၃၆
အနန္တသိဒ္ဓိ မဟာဒီပံဖယောင်းတိုင် လုပ်နည်းသင်ပေးခြင်း
မင်းသိမ် ———— ၇၅
လောကဓမ္မတာ
မင်းသိမ် ———— ၇၇
ရှင်ဥပဂုတ္တအင်းတော်
စိုးဝင်းထွဏ်း(တာမွေ) ———— ၇၉
မဟာကောဏ္ဍညရှိတ်း ပုတီးစိပ်ဂါထာတော်ကြီး
မဂ်လာဦးရွှေအိုး ———— ၈၁
ရှင်ဥပဂုတ္တဂါထာတော်များ ———— ၈၃
အိပ်မက်ကို အလေးထားရမှာလား
ဟိန်းလတ် ———— ၈၇
ကလယ်အရေး နိန်ချဉ်ဟင်းချို
မင်းသိမ် ———— ၉၀



ပရိတ်ကြီး (၁၁)သုတ် မောရသုတ်
'ဥဒေတယံ' နှင့် 'အပေတယံ' ဂါထာတော်များ၏
မူလဇာတိဖြစ် ရွှေဟောင်းသမိုင်းဆင်
လွယ်ဆိုင်ပတ္တမြားတောင်တော်
ထွဏ်းထွဏ်း(ပညာရေး)



မတော်စည်သူမင်း တည်ထားသော စေတီတော်ကြီး၏
အရှေ့ဘက်မုခ်တွင် ကိန်းဝပ်စံပယ်တော်မူသော
ကောဏာဂမန ရုပ်ပွားတော်

ဓာ - ၂၀




ဓာ - ၂၀၀



[illegible]


လစဉ်ထုတ် ရောင်ပြန်မဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်းသို့ စာမူပေးပို့ခြင်း၊ စာမူခထုတ်ယူခြင်းတို့ကို
နံနက်(၁၀း၀၀)နာရီမှ မွန်းလွဲ(၂း၀၀)နာရီအတွင်း (စနေ၊ တနင်္ဂနွေနှင့် ပြန်တမ်းဝင် ရုံးပိတ်ရက်များမပါ)
ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။
စာမူပေးပို့ရာ၌ မဂ္ဂဇင်းတိုက်သို့ တိုက်ရိုက်ပေးပို့ခြင်းမရှိပါက တာဝန်ယူမည်မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com






မဟာစည်သူမင်း၏ ပေါက်နှုန်းပြာသာဒ်ဆောင်အနီးတွင် သိမ်းမြီး
အဆောင်နှင့်ထားရှိသော မဟာစည်သူမင်း၏ ပုံတူရုပ်တု

## ရောင်ပြန် တိုင်းရင်းဆေး

တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ
ဒေါက်တာသက်ဆွေ ———— ၂၂၅
လူကိုအကျိုးပြုသော အပွင့်ပြာဆေးဖက်ဝင်ပေဒါ
ကျော်ဇောဟိန်း(နွံသာ) ———— ၂၃၁
အစာအိမ်ရောဂါအတွက် မြန်မာ့ဆေး
သမုတိမျိုးမြင့်(မင်းလှ) ———— ၂၃၃
အာဟာရဖြည့်ဆေးဖက်ဝင် သစ်ပင်သီးနှံများ
သုတေသီဆရာငြိမ်း ———— ၂၃၅
အဘကျော်အောင်နှင့် ဟဌယောဂကျင့်စဉ် အကျိုးတရားများ
အောင်မြင့်မြတ်(ပြည်ရွှေဘို) ———— ၂၃၈
အုံ့မှုယ်ထုးဆန်း ဆေးစွမ်းကောင်းများ
မျိုးသန်းထွန်းကို(ရေစကြို) ———— ၂၄၂




## ရောင်ပြန်ဗေဒင်

သိသာစေခဲ့ကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ———— ၂၆၅

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဗေဒင်ကိန်း
ဒေါက်တာစောယုနွယ် ———— ၂၈၄

## လူတွေသိ နတ်တွေကြားစေ


လူတွေသိ၍ နတ်တွေကြားစေ ———— ၈၆

အယ်ဒီတာအဖွဲ့/ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွှေ စာပေ
တိုက် - ၂၇၊ အခန်း - ၁၂(မြေညီထပ်)
၅၂ - လမ်း(အောက်)၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၀၉ - ၄၂၁၀၀၅၉၂၅၊ ၀၉ - ၅၀၉၂၄၇၇

www.burmeseclassic.com


www.burmeseclassic.com

# ရတနာဗိမ္ပံ မီးထွန်းအင်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



T.Z.T 2017

**စိုးကေတ်**

**ဘုန်းချို**

- အမေ့အိမ်က ကျွဲနှစ်ကောင်
ဦးချိုတွေ တထောင်ထောင်နဲ့
မာန်စောင်ကာ သူတို့ခေတ်။

- ဝေဒနာ တလွှင်လွှင်နဲ့
မြေစာပင် ကြေကာမှတယ်
လွမ်းရတဲ့ခေတ်။ ။

www.burmeseclassic.com

www.burmeseclassic.com

# နွေအမှုန်း

**အခင်ကြင်းမေ**

● ဖြည်းဖြည်းဆင်းသက်၊ နှင်းကိုမက်၍
ဆောင်းရက်ရှည်ချင် • • •။

● ပန်းသဇင်ဦး
နှင်းရည်လူးမှ၊ ငုံဖူးပွင့်အာ
ပင်မြင့်မှာလန်း။ ပွင့်ပုံဆန်းရဲ့
လှမ်းလို့မျှော်ငေး ပန်ချင်သေးတယ်
အတွေးကြွယ်မိ • • •။

● နွေ၏ရေ့ဆောင်၊ ဥဩမောင်က
ပြောင်ပြောင်တင်းတင်း။ သံချိုညင်း၍
ပူပြင်းခြောက်သွေ့၊ လေရူးမွှေ့ဖက်
ပင်အိုထက်မှ၊ ရော်ရွက်ဝါတို့
မြေသို့ခုန်ဆင်း။ နွေအခင်းဖြစ်
သိပ်စိတ်ညစ်တယ် • • •။

● အပျော်ဘယ်မှာ၊ မွှေရှာမတွေ့
အလွမ်းငွေ့သာ၊ တိုးဝေ့ဝင်ခို
မျက်ဝန်းညိုလှ၊ စွတ်စိုရပေါ့
နွေလာကုန်ဆုံးပါစေတော့ • • •။



www.burmeseclassic.com

www.burmeseclassic.com


# ရွှေလှာ ငွေလှာ

ကောက်နွယ်ကာချောင်း

ဆတ်သွားကနေ တောင်ညှိုတောင်တန်းတွေ ဖြတ်ကျော်ပြီး
တယုတယ ခေါ်လာခဲ့တယ်
ရှင်သန်မှုကို အရိပ်တကြည့်ကြည့်
ငါခံစားနေရ ရောဂါဆိုးတွေမေ့ပျောက်သွားတယ်
ဈေးခေါ်တွေ လာဘ်ခေါ်တွေ ငါမယုံကြည်
ပထမဆုံးရည်းစားမျက်နှာ တစိမ့်စိမ့်ကြည့်ရသလို
ငါ့ရင်တွေ တဆတ်ဆတ်ခုန်တယ်
အထီးကျန် အဖော်မဲ့ဘဝမှာ
နောက်ဆုံးချစ်သူ အသစ်ကလေးပါ
မနက်လင်းရင် ပြေးကြည့်ရတယ်
စိတ်ကောက်နှမ်းညှိုးနေမလား
ငါနဲ့အတူနေရတာကို ပျော်မှပျော်ရဲ့လား
ချစ်ခြင်းတရားတွေနဲ့ အပျိုပေါက်လေးအမြန်ဖြစ်စေချင်
ဖွံ့ထွားရှင်သန် စိမ်းလန်းမှုဖြစ်မယ်
ငါ့စာအုပ်စင်ကို အေးမြတဲ့ အစိမ်းရောင်ဆံနွယ်တွေ ဖြန့်မိုးပေးပါ
ငါ့ပန်းချီကားတွေပေါ် နွယ်တက်ရင်း အလွမ်းသီချင်းတွေ သီဆိုပေးပါ
ငါ့တိုက်ခန်းကို တောတန်းကြီးဖြစ်အောင်
ငါမသေခင် အမြန်ဖန်တီးပါ
လှသူဝေးရာ ငါ့ကမ္ဘာ ငါ့တောအုပ်ထဲမှာ
မင်းနဲ့ငါ နှစ်ယောက်တည်းရှိမှာ
ဒီညအဖို့ မင်းကို ရေချိုးသန့်စင်ပေးပြီးပြီ
အိပ်တော့ချစ်သူ
မိုးလင်းရင် တို့ချစ်ခြင်းက
ပြုံးနေတဲ့ မင်းနုတ်ခမ်းစိမ်းစိမ်းလေးကို နမ်းပါရစေ • • •။ ။

www.burmeseclassic.com

www.burmeseclassic.com





# မွေ့ခံဆိုက်စေ

သွေးရည်

- သစ်တစ်ပင် ငှက်တစ်သောင်း
  ခိုအောင်းကြ သိုက်မြုံယံ။
- ပန်းလိပ်ပြာ တောင်ပံကား
  နန်းကြပျော်စံ။
- သားမျိုးစိတ်ရှင်သန်
  ကောင်းမွေ့ခံဘူမိ။
- မပျက်အောင် စိမ့်မွေး
  သားမြေးမြစ်ထိ။ ။

www.burmeseclassic.com

www.burmeseclassic.com




## ရုတ်ကာမ်

ကာမ်ရှုဝေး

- အလင်းပွင့်ဖူး၊ အရုဏ်ဦး၌
ညွတ်နူးဖွယ်ကောင်း၊ ရွာဦးကျောင်းမှ
အုန်းမောင်းခေါက်သံ၊ ညှိုးညှိုးညံ့လည်း
အက်ကွဲသံစဉ် မချိုပြီ။

- နေ့လယ်နေ့ခင်း၊ ရွာအတွင်းမှာ
သူငါအပေါင်း၊ ဘုရားကျောင်းထံ
ဝတ်ပြုရန်နှီး၊ ခေါင်းလောင်းထိုးလည်း
ညှိုးရော်မပီ၊ ခြောက်ကပ်ပြီ။

- ညနေအေးအေး၊ တာလမ်းဘေးဆီ
ကျောင်းဗလီမှ၊ တူညီကြွေးညံ့
မွှေသံလည်း . . .
ကာရန်ဆိတ်သုဉ်းနေပါပကော။ ။

www.burmeseclassic.com

www.burmeseclassic.com




# ပန်းတိုင်ရှိသည့်

ရှုတွေရှု (အေး.မိုင်.ဇော်)

- အေးအေး,ချမ်းချမ်း
  ဖြည်းဖြည်းလှမ်းလျှောက်
  ချိန်တန်ရောက်မယ်
  နောက်မကျဘူး သူငယ်ချင်း။

- အလောတကြီး
  ဇော•••ဖိစီး၍ ခရီးပြင်းနှင်
  မှတ်မထင်ဘဲ၊ ခြေခွင်လဲကျ
  ဒဏ်ရာရလျှင်၊ ပြန်ထဖို့ခက်
  ရှေ့မဆက်နိုင်၊ ပန်းတိုင်ရှိရာ
  သွေကွာမရှေ့၊ သေချာတွေးသလား
  ခွန်အားစိတ်ဓာတ်၊ မြဲခိုင်မတ်လို့
  သွားတတ်ဖို့ပဲ လိုလိမ့်မည်။ ∎

www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ချက်ကို ခေတ်နဲ့စစ်ဆေးခြင်း

ရာမညမင်းမြိုင်ချမ်း

● အမှန်တရားစမ်းသပ်ဖို့
လိပ်ပြာသန့်စွာ
ခေတ်ခွဲစစ်ဆေးရဲလား
ခင်ဗျားကိုယ်ထဲ
အစွဲတွေတစ်ပွေ့ကြီး
ပျော်ဝင်နေသလားပဲ။

● အခြားတစ်ယောက်ကိုထိုးမယ့်
မထိုးခင်လက်ညှိုး
သုံးချောင်း တန်ပြန်လာမယ့်
ခံနိုင်ရည်စွမ်းရည်
သင့်မှာ ပြည့်စုံပြီလား။

● မြို့ပြသိပ်မဝေန်
တောရအတတ်တွေပေါလွန်းတဲ့
ယောဒီမောရမြေမှာ
အမြီးကျက် အမြီးစား
ခေါင်းကျက် ခေါင်းစား
မူဝါဒတွေထွန်းကား
အသံကြောင့် ဖားသေမယ့်အဖြစ်တွေ…
ချကျွေးတဲ့ အမဲသားတစ်တွေ…
မျက်ခုံးပေါ်က စကြိုတွေ…
ရေပေါ်ဆီအသွေးအသွားမှာ
အေးဆေးစွာ ဝါးမျိုနေရတော့
နူးနှံ့ပြီး ကွေးနေရုံလောက်
လည်လွန်းလှပြီ ထင်မနေနဲ့။




● ပုံရိပ်ယောင်တွေ
ဘူးပေါ်သလိုပေါ်တဲ့နေ
လှလုံးလှနေတဲ့ဘဝ
လှလုံးမပြနိုင်မှာ စိုးတယ်။ ။

www.burmeseclassic.com

www.burmeseclassic.com




# ဆုတောင်း

နုနုမြင်း

- ကြားနေရပြီ···
  လွတ်လပ်ခြင်းတွေ တောင်ပံခတ်လို့
  တဖျပ်ဖျပ် လူးလွန့်နေတယ်···။

- မွှေးပျံ့နေပြီ···
  လွတ်လပ်ခြင်းတွေ ထုံသင်းနံ့လို့
  တဖပ်ဖပ် ဖူးပွင့်နေတယ်···။

- ထိတွေ့ရပြီ···
  လွတ်လပ်ခြင်းတွေ မာကျောကျစ်လို့
  အထပ်ထပ် ခံ့ထည်နေတယ်···။

- ဒါတွေ မြင်ရပါလို၏
  ဆန့်ကျင်ဘက်အရာကြောင့်
  ငါ့မျက်စိစုံလုံး
  သုံးမရတာ ကြာပြီလေ။ ။

www.burmeseclassic.com

www.burmeseclassic.com

# စန္ဒမုနိဆင်းတုတော်ကြီး

ဓလေးဝတီဇော်ချို

ဗုဒ္ဓမြတ်စွာ သက်ရှိထင်ရှားရှိစဉ်ကပင် ဓညဝတီပြည်ရှင် စန္ဒသူရိယမင်း၏ သဒ္ဓါကြည်ညို ပူဇော်လိုသော ဆန္ဒကြောင့် ဘုရားရှင်ကိုယ်တော် ရခိုင်ပြည်သို့ ကြွရောက်တော်မူခဲ့လေသည်။ စန္ဒသူရိယမင်း လျှောက်ထားတောင်းပန်ခြင်းကြောင့် ပုံရှင်တော် မဟာမုနိကို သွန်းလုပ်စေခဲ့သည်။ စန္ဒသူရိယမင်းနှင့် မိဖုရား၊ ညီတော်၊ နှမတော်တို့နှင့် တိုင်းသားပြည်သူအပေါင်းတို့အား မွေစကြာတရားတော်နှင့် ဘုရားဆင်းတုတော် ကိုးကွယ်ရခြင်းဖြင့် အကျိုးဖြစ်ထွန်းခြင်းကို သတ ဗြမ,ပုဇနီယာနိသံသ သုတ ၁န်တရားတော်ဖြင့် ဘုရားရှင် ချီးမြ ှင့်တော်မူခဲ့လေသည်။ ထိုအခါ စန္ဒသူရိယာဘုရင်၊ မိဖုရားကြီး ပဒုမ္မဒေဝီ၊ ညီတော် ဥ ဝေလ၊ နှမတော် ဥမ္မာဒေဝီတို့နှင့် ရှစ်ထောင်သော ပရိသတ်တို့ သောတာပန် တည်ခဲ့ကြလေသည်။ ထိုအချိန်မှစပြီး ရခိုင်ပြည်တွင် သာသနာတော်သည် နေရောင်၊ လရောင်ပမာ အစဉ်ထွန်းလင်းခဲ့လေသည်။

စန္ဒသူရိယမင်းနောက် ခြောက်ဆက်မြောက်ဖြစ်သော သူရိယစက မင်း (ဘီစီ ၃၁၆–၂၇၂) ဓညဝတီထီးနန်းကို ဆက်ခံစိုးစံခဲ့သည်။ ထိုအချိန်တွင် အိန္ဒိယပြည် ပါဋလိပုတ်၌ အသောကမင်း (သီရိဓမ္မာသောကမင်း) အုပ်စိုးသောအချိန် ဖြစ်လေသည်။ အံသောကမင်း ဆည်းကပ်ကိုးကွယ်သော ရဟန္တာအသျှင် မဟာမောဂ္ဂလိပုတ တိ မထေရ်စေလွှတ်သဖြင့် အသျှင် ဗာဟုလမထေရ်နှင့် အသျှင်တိမထေရ်တို့သည် ဘုရား၏ ဓာတ်တော်၊ မွေတော်များကို ယူဆောင် သူရိယစက မင်းအား စေတီတည်ရန် ပေးအပ်ခဲ့လေသည်။ ထိုဓာတ်တော်၊ မွေတော်များကို မြတ်စွာဘုရား ရခိုင်ပြည်သို့ ကြွရောက်စဉ်က သေလာဂီရိ မောရပဗ,တ တောင်မှနေ ဗျာဒိတ်ပေးခဲ့သောနေရာ လေးဆယ့်ရှစ်ခုတွင် ဌာပနာ စေတီတည်ထား ကိုးကွယ်ခဲ့သည်။ အခြားသင့်တင့်လျောက်ပတ်သော နေရာတို့၌လည်း၊ စေတီတော်နှစ်ရာကို တည်ထားခဲ့လေသည်။ ဓညဝတီခေတ် ကုန်ဆုံးပြီးနောက် ဝေသာလီခေတ်၊ ပဥ ၁ခေတ်၊ မှရိုန်ခေတ်၊



www.burmeseclassic.com

နေရဉ္စရာခေတ်၊ လောင်းကြက်ခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်တို့၌ အုပ်စိုးခဲ့ကြသော ဘုရင်မင်းအဆက် ဆက်တို့သည် မရေမတွက်နိုင်အောင် များပြားသော စေတီ ပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းကြောင့် 'သစေ်ပန်းနိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း'ဟု ဆိုရိုး စကား ပေါ်ပေါက်ခဲ့သည်။ ထိုခေတ်အဆက်ဆက် တည် ထားခဲ့သော စေတီပုထိုးများတွင် နောက်ဆုံးခေတ်ဖြစ်သည့် မြောက်ဦးခေတ်၌ တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုး များအနက် မပြိုမပျက်ဘဲ စေတီပုထိုး အနည်းငယ်သာ ကျန်ရှိနေခဲ့သည်။ ယင်းစေတီပုထိုးများကို ဖူးမြော်ကြည်ညို ရန် မြန်မာနိုင်ငံတစ်ဝန်းမှ ဗုဒ္ဓဘာသာဝင်များ နှစ်စဉ်နှစ်တိုင်း လာရောက်ခဲ့ကြသည်။ ၎င်းအပြင် ကမ္ဘာ့လှည့်ခရီးသည်များ နှင့် နိုင်ငံခြားသုတေသီတို့ လာရောက်ခဲ့ကြသည်။

ပါဋလိပုတ်ပြည့်ရှင် အသောကမင်းကြီး (သီရိဓမ္မာ သောကမင်း)သည် ရာဇဂြိုဟ်ပြည်တွင် အဇာတသတ်မင်း မြှုပ်ထားခဲ့သည့် ဗုဒ္ဓ၏ဓာတ်တော် ခုနစ်စရွတ်ကို တူးဖော် ယူခဲ့လေသည်။ သျှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ ညွှန်ကြားချက်အရ ဘုရားဗျာဒိတ်ထားခဲ့သည့် နေရာဌာန များတွင် စေတီတော်များတည်ရန် ဓာတ်တော်များကို ပို့ဆောင်စေသည်။ အရက္ခဒေသ (ရခိုင်ပြည်) ဓညဝတီပြည့် ရှင် သူရိယစက္ကမင်းနှင့် အသောကမင်းတို့မှာ ထီးပြိုင် နန်းပြိုင် ဖြစ်သည်။ (အသောကမင်းကြီး ဘီစီ ၃၂၆ ခုမှ ဘီစီ ၂၈၆ ထိ) (သူရိယစက္ကမင်း ဘီစီ ၃၁၆ မှ ဘီစီ ၂၇၂ ထိ) အသောကမင်းကြီးသည် သျှင်ဗာဟုလမထေရ် နှင့် သျှင်မဟာတိဿမထေရ်တို့အား ဗုဒ္ဓ၏ဓာတ်တော်များ ကို ဓညဝတီမြို့ရှိ သူရိယစက္ကမင်းထံ ဘုရားဗျာဒိတ်ထားခဲ့ သော နေရာများ၌ စေတီတည်ရန် ပေးပို့စေခဲ့သည်။ ဘုရား သက်တော်ထင်ရှားရှိစဉ်က ဘုရားကိုယ်တော်တိုင် စီမံပြု လုပ်ခဲ့သော စန္ဒမုနိရုပ်ပွားတော်၏ ပုံတူကို သူရိယစက္ကမင်း အား ပေးအပ်ခဲ့လေသည်။

သူရိယစက္ကမင်းသည် မြတ်စွာဘုရား ဓညဝတီသို့ ကြွရောက်ခဲ့စဉ်က ဗျာဒိတ်တော်ထားခဲ့သော နေရာဒေသ တို့၌ သျှင်ဗာဟုလနှင့် သျှင်တိဿတို့ ညွှန်ကြားချက်အရ စေတီတော် ၄၈ ဆူနှင့် နောက်ထပ်စေတီ ၂၈ဝ ကို တည်ထားခဲ့လေသည်။ ထိုစေတီများမှာ နွားလားဥသဘ တစ်မော့ခန့်သာ အမြင့်ရှိသည်ဟု ဆိုသည်။ နောက်ခေတ် တွင် အုပ်စိုးခဲ့သော ရှင်ဘုရင်များက ထိုစေတီများငုံ ၍ စေတီကြီးများ တည်ထားခဲ့ကြသည်။ စေတီများကို တည် ထားပြီးသောအခါ သူရိယစက္ကမင်းသည် မဟာမုနိရုပ်ရှင် တော်ကို သွန်း၍ ကျန်နေသော ရတနာကိုးပါးဖြင့် ရဟန္တာ မထေရ်များ ပေးအပ်ခဲ့သော ပုံစံအတိုင်း ဆင်းတုတော် တစ်ဆူကို သွန်းလုပ်ခဲ့သည်။ ၎င်းဆင်းတုတော်ကို စန္ဒမုနိ ဆင်းတုတော်ဟု အမည်ပေးခဲ့လေသည်။ ယင်းဆင်းတု တော်ကြီးကို သူရိယစက္ကမင်းသည် နန်းတော်အရှေ့အရပ် တွင် ကျောက်လိုဏ်ဂူကြီးပြုလုပ်၍ ကိုးကွယ်ပူဇော်ခဲ့လေ သည်။ ဓညဝတီမင်းအဆက်ဆက်သည် မဟာမုနိရုပ်ရှင် တော်နှင့်အတူ ကြည်ညိုပူဇော်ခဲ့ကြလေသည်။

မင်းစောမွန်သည် လောင်ကြက်မြို့မှ မြောက်ဦးမြို့ သို့ ပြောင်းရွှေ့ထီးနန်းတည်ခဲ့လေသည်။ မြို့၏ပတ်လည် တွင် မြို့တည်ဘုရားအဖြစ် ငါးရပ်သော ဘုရားတို့ကို တည် ခဲ့လေသည်။ ၎င်းပြင် ရခိုင်မင်းအဆက်ဆက် ကိုးကွယ်ခဲ့ ကြသော စန္ဒမုနိရုပ်ပွားတော်ကို မြောက်ဦးမြို့သို့ ပြောင်း ရွှေ့ယူလာခဲ့သည်။ မူလနေရာတွင် စန္ဒမုနိရုပ်ပွားတော် အစား ကျောက်ဆင်းတုတော်တစ်ဆူကို တည်ထားခဲ့လေ သည်။ ထိုကျောက်ဆင်းတုတော်ကိုလည်း စန္ဒမုနိဘုရားဟု ခေါ်သည်။ ယခုအခါ တောင်ဦးရွာအနီးတွင် ရှိသည်။ မင်းစောမွန်သည် သျှင်ဗာဟုလမထေရ် ရပ်တော်မူပြီး မြောက်ဦးမြို့တည်ရန် ဗျာဒိတ်ပေးခဲ့သော ဗဟုလတောင်၌ ဂူပြုလုပ်ပြီး စန္ဒမုနိရုပ်ပွားတော်ကို ပူဇော်ခဲ့သည်။ အင်္ဂလိပ်- မြန်မာ ပထမစစ်ပြီးနောက် ရခိုင်ပြည်ကို အင်္ဂလိပ်လက် အောက်သို့ ပေးအပ်ခဲ့ရသည်။ ထိုအခါ အင်္ဂလိပ်တို့သည် ရခိုင်ပြည်မှ ကြေးဆင်းတု၊ ကြေးခေါင်းလောင်း၊ ကြေးစည် စသည့် ကြေးထည်ပစ္စည်းများကို သိမ်းယူခဲ့ကြသည်။ ယင်း အချိန်တွင် မြို့မှလူကြီးအချို့သည် ဘုရားဆင်းတုတော်နှင့် အခြားတန်ဖိုးရှိသော ကြေးထည်ပစ္စည်းများကို ဝှက်ထားခဲ့ ကြသ်ည။ ထိုလူကြီးတို့သည် ဗာဟုလတောင်ရှိ စန္ဒမုနိရုပ် ပွားတော်ကို ညအချိန် တိတ်တဆိတ်ပြောင်းယူပြီး ဝှက် ထားခဲ့ကြသည်။ ထိုလူကြီးများ ကွယ်လွန်သွားခဲ့သောအခါ စန္ဒမုနိရုပ်ပွားတော်မှာ မည်သည့်နေရာ၌ ဝှက်ထားခဲ့ ကြောင်း မသိကြချေ။ ကွယ်လွန်သူဆရာကြီး ဦးဝိသာ ထွန်းသည် တစ်နေ့တွင် သူ့တပည့်များကို ခေါ်ပြီး ဗန္ဓုလ ဘုန်းတော်ကြီးကျောင်းသို့ သွားခဲ့ကြသည်။ ထိုအခါ ဆင်း


www.burmeseclassic.com

www.burmeseclassic.com

တုတော်၏ လည်ပင်းမှာ အင်္ဂတေအစအနများ ကွာကျနေပြီး အထဲမှ အသားပေါ်နေသည်။ ထိုအသားမှာ ကျောက်မဟုတ်၊ ကြေးဖြစ်နေသည်ကို ထူးဆန်းစွာ တွေ့ရှိခဲ့ကြသည်။ ထိုအခါမှ ဆရာကြီးက စန္ဒမုနိရုပ်ပွားတော်အကြောင်းကို ရှင်းလင်းပြောပြခဲ့သည်။

တစ်နေ့သော် ဗန္ဓုလကျောင်းဆရာတော် အသျှင်စက္ကပါလသည် ဘုရားသိမ်တော်သို့ သွားရောက်ပြီး ဘုရားဖူးမြော်စဉ် ဘုရားပလ္လင်ပေါ်၌ ကြေမျက်လုံးတစ်ဖက် ပြုတ်ကျနေသည်ကို မြင်တွေ့ခဲ့သည်။ ဘုရားများကို ကြည့်ရှုသောအခါ မျက်လုံးတော်ပြုတ်ကျနေသော ဘုရားမှာ အတွင်းသားက ကြေးဖြစ်ပြီး အင်္ဂတေအုပ်ထားကြောင်း အတိအလင်း သိရှိခဲ့သည်။ ထိုအကြောင်းကို ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အသျှင်ပဏ္ဍိစ္စအား လျှောက်ထားခဲ့သည်။ ဆရာတော်ကြီးက ဒကာ၊ ဒကာမများကို ခေါ်ယူပြီး စန္ဒမုနိဘုရား ဆင်းတုတော်အကြောင်းကို ပြောကြားလေသည်။ ဒကာ၊ ဒကာမများက ဆင်းတုတော်သည် ပေါ်ချိန်ဖြစ်၍ နိမိတ်ပြခြင်း ဖြစ်ပါသည်။ အင်္ဂတေကိုခွာပြီး အပူဇော်ခံသင့်ချိန် တန်ပါကြောင်း လျှောက်ထားကြသည်။ ထို့ကြောင့် ဆရာတော်အရှင်စက္ကပါလ ဦးဆောင်၍ ဘုရားမှ အင်္ဂတေများကို ၁၃၅၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့ မွန်းလွဲ ၂ နာရီ၊ မိနစ် ၄၀ အချိန် အားရှုံးခွာချလိုက်လေသည်။ ထိုအခါအတွင်း အလွန်သပ္ပာယ်၍ ကြည်ညိုဖွယ်ကောင်းသော ဆင်းတုတော်ကို တွေ့ရှိရလေသည်။ အင်္ဂတေကြောင့် ပေါက်နေသော နေရာများကို ပြုပြင်လိုက်ပြီး ရောင်တော်ဖွင့်လိုက်သောအခါ အရောင်တဖိတ်ဖိတ်တောက်ပပြီး ဖူးမြော်၍မဝနိုင်လောက်အောင် သပ္ပာယ်လှသော ဆင်းတုတော်ကြီးတစ်ဆူ ဖြစ်လာလေသည်။

ဆင်းတုတော် ဒူးစွန်းနှစ်ဖက်အကျယ် ၄ ပေ၊ ၂ လက်မ ရှိပြီး ဉာဏ်တော်အမြင့် ဦးတော်အထိ ၄ ပေ၊ ၁၀ လက်မ ရှိသည်။ အောက်ခြေမှ နဖူးဆံစအထိမှာလည်း ၄ ပေ၊ ၂ လက်မရှိ၍ ဘုရင်ကိုယ်တိုင် ကိုးကွယ်ရန် သွန်းလုပ်ခဲ့သော ဆင်းတုတော်ကြီးဖြစ်ကြောင်း သိရှိရလေသည်။ သတ္တရူပပီသုကာကျမ်းတွင် ဘုရားရုပ်တုတော်များကို သွန်းလုပ်ရာ၌ဖြစ်စေ၊ ထုလုပ်ရာ၌ဖြစ်စေ ထားရှိရမည့် အတိုင်းအတာများကို ဖော်ပြထားသည်။ ၎င်းတို့မှာ ပလ္လင်ကံ့ရှပေကောနုပနှ၊ ထက်ဝယ်ဖွဲ့ခွေ ရုပ်တုတော်လုပ်ရာ (သွန်းလုပ်ရာ)၌ကား ပဥ္စဒီယာ–အရှည်ငါးပါးလည်းကောင်း၊ ပဥ္စဟတ္ထာ–အတောင်ငါးပါးအားလည်းကောင်း၊ ဒွိဗိသဗိဒတ္ထိစ–အထွာတော်အပြား နှစ်ဆယ့်ခုနစ်ပါးလည်းကောင်း၊ တေရသမုတ္တဥ္စ – မိုက်တော်အပြား တစ်ဆယ့်သုံးပါးလည်းကောင်း၊ အဋ္ဌဝိလင်္ဂုလိစ – လက်သစ်တော်အပြား နှစ်ဆယ့်ရှစ်ပါးလည်းကောင်း၊ ပဥ္စဒသယဝါစ – မုယောအပြား တစ်ဆယ့်ငါးပါးလည်းကောင်း၊ ဣတိ – ဤသို့ အဋ္ဌရသသတံ – တစ်ရာ့တစ်ဆယ့်ရှစ်ပါးသော အခြင်းအရာအတိုင်းအတာတို့နှင့် ပြည့်စုံအောင်သွန်းလုပ်ထားသော ဆင်းတုတော်ဖြစ်၍ ဆယ်ပေခန့်အကွာမှနေ၍ ဖူးမြော်လျှင် ဆင်းတုတော်မှာ မဟာပုရိသ ယောကျ်ားကြီးတစ်ဦး ထိုင်နေပုံအတိုင်း ဖူးမြော်ရသဖြင့် အလွန်ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဆင်းတုတော်တစ်ဆူ ဖြစ်လေသည်။ စလင်းဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အသျှင်ကိတ္တိ ရောက်လာသောအခါ ဤစန္ဒမုနိဆင်းတုတော်ကြီးကို တစ်နာရီခန့် ရှိခိုးဝတ်ပြုပြီးသောအခါ တကယ့် ဘုရားရှင်အစစ်ကို ဖူးမြော်ရသကဲ့သို့ ထင်မိကြောင်း ပြောခဲ့လေသည်။ ဤဆောင်းပါးကို ဖတ်ရှုသူများလည်း ကိုယ်တိုင်သွားရောက်ဖူးမြော်မှ ယုံကြည်လိမ့်မည်ဖြစ်ကြောင်း တင်ပြအပ်ပေသည်။

**စန္ဒမုနိဂါထာတော်**

**အဂ္ဂေါ စန္ဒမုနိ ဗုဒ္ဓေါ**
**အနုတ္တရော အဂ္ဂေါဝါ ပါကော**
**ဟောတုမေ၊ ယံ ဣစ္ဆံသမိဇ္ဈတု။**

(တစ်နေ့ သုံးကြိမ်ရွတ်ပါ။ ဘေးအန္တရာယ်ကင်းငြိမ်းပြီး လိုအင်ဆန္ဒပြည့်စုံသည်။)

**လေးဝတီကျော်**

<u>ကျမ်းကိုး</u>

၁။ မြောက်ဦးမြို့ ဘုရားသမိုင်း။ ဆရာကြီး ဦးဦးသာထွန်း။
၂။ စန္ဒမုနိဘုရားကြီးသမိုင်း။ ဦးကျော်ဇောလှ။
၃။ ရခိုင်ရာဇဝင်တော်ကြီး။ ဆရာကြီးဦးသာထွန်းအောင်။



www.burmeseclassic.com

www.burmeseclassic.com

# ပရိတ်ကြီး (၁၁)သုတ် မောရသုတ်

# 'ဥဒေတယံ' နှင့် 'အပေတယံ' ဂါထာတော်များ၏

# မူလဇာတ်မြစ် ရွှေဟောင်းသမိုင်းဝင်

# လှယ်ဆိုင်ပတ္တမြားတောင်တော်

## ထွဏ်းထွဏ်း(ပညာရေး)

ကျွန်ုပ်တို့၏ ဗောဓိအလောင်းအလျာ၊ ရွှေဥဒေါင်းကြီးသည် ဗာရာဏသီပြည်မှ ပုဂံ၊ ပုဂံမှ မိမိနေရာဖြစ်သော လှယ်ဆိုင်တောင်၊ ကျောက်ဂူအရပ်သို့ ပြန်လာပြီး "ငါသည် ဥဒေါင်းမ၏ သာယာညင်းသွဲ့သော အသံကို ကြားရ၍စ ရုစ ရွတ်ဆိုအပ်သော ဂါထာမန္တန်တော်ကိုပင် မေ့လျော့မိပြီး မုဆိုး၏အဖမ်းကို ခံရခြင်းဖြစ်၏။ သေခြင်းတရားကို မေ့လျော့သော ငါသည် မုချကေန် သံသရာဝဋ်ဆင်းရဲမှ မကျွတ်မလွတ်ရာတည်း။ ယနေ့မှစ သက်ဆုံးတိုင်အောင် အာရုံခြောက်ပါးနောက်သို့ မလိုက်မူ တရားကိုသာကျင့်ပြီး မြိုးမြိုတော့အံ့"ဟု မိမိနေရာကိုပင် မစွန့်ခွာတော့ဘဲ နေလေရာမှ ယင်းလှယ်ဆိုင်တောင်ထိပ် ကျောက်ဂူဝတွင်ပင် ခန္ဓာဝန်ကို စွန့်လေသည်။

ရွှေဥဒေါင်းမင်းသည် ခန္ဓာဝန်ချမစွန့်မီ "ငါ၏အရိုးအသားတို့သည် မပျက်စီးမူ အဓွန့်ရှည်စွာ တည်ပါစေ။ နောင်သောအခါ ငါ၏ ပိဋကလာပ်ကို အခြေတည် ဤနေရာ ဤဌာန၌ သာသနာထွန်းကားစေသတည်း"ဟု အဓိဋ္ဌာန်ပြု ဆုတောင်းတော်မူပြီးမှ ခန္ဓာဝန်ကို စွန့်တော်မူ၏။


နောင်နှစ်ပရိစ္ဆေဒကြာသော် ဘုရားအလောင်းသည်ပင် ဂေါတမမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီး အတိတ်မှ ရွှေဥဒေါင်းမင်းဖြစ်စဉ်ကို ဟောကြားတော်မူပြီး "နောင် ငါဘုရားလွန်သော် သီရိခေတ္တရာသောကမင်းသည်

ဤနေရာ ဤဒေသ၌ ဥဒေါင်းမင်းအရိုးဓာတ်တော်ကို ဌာပနာပြု စေတီတည်ထားကိုးကွယ်လတံ့၊ ထိုစေတီတည်ရာ



မဏိစည်သျှမင်း တည်ထားသော စေတီတော်ကြီး၏ အရှေ့ဘက်မုခ်တွင် ကိန်းဝပ်စံပယ်တော်မူသော တောင်ပါသား ဗုဒ္ဓရုပ်ပွားတော်

www.burmeseclassic.com



ယက်မှိုပေါ်တော်မူဘုရား တည်ရာမြေမှ တူးဖော်ရရှိသည့် ဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀ ကျော်


အရပ်၌ သာသနာအဓွန့်ရှည်စွာ တည်လတံ့ ”ဟု ဗျာဒိတ် ထားတော်မူခဲ့ပေသည်။

ယင်းသို့ ဗျာဒိတ်တော်နှင့်အညီ သီရိဓမ္မာသောက မင်းလက်ထက်၌ ဘုရားအလောင်းတော် ရွှေဥဒေါင်းမင်း ဂါထာမန္တန်ကျူးရင့်ရာ၊ ခုန္တာဝန်ချရာအရပ်ဒေသသို့ စုံစမ်း ရှာဖွေရောက်ရှိလေတော့၏။ ယင်းသို့ ရောက်ရှိလာရာ ကျောက်ဂူဝ၌ အလောင်းတော်မပျက်စီးဘဲ ကျန်ရစ်သော ပဉ္စကလာပ်တော်ကို သေချာစွာ ဖူးမြော်ကြည်ညိုတော်မူ၏။ ပါတလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် အဇာ တသတ်မင်းထံမှ ရအပ်သော ဂေါတမဘုရားသခင် ဓာတ် တော်များကို ဌာပနာ ကိုးတိုင်းကိုးဌာနတွင် သာသနာ တော်နှစ် ၂၅၅ ခုနှစ်တွင် စေတီပေါင်း ရှစ်သောင်းလေး ထောင် တည်ထားရာ၌ ဤလွယ်ဆိုင်ပတာ မြားတောင်ပေါ်ရှိ အလယ်စေတီတော်ကြီးတစ်ဆူ ပါဝင်တော်မူပါသည်။

သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓသာသနာ ငါး ထောင်ပတ်လုံး တည်စိမ့်သောငှာလည်းကောင်း၊ မိစ္ဆာဝါဒီ တို့၏ အဖျက်အဆီးရန်မှ ကင်းဝေးစိမ့်သောငှာလည်း ကောင်း၊ ဘုရားအလောင်း ရွှေဥဒေါင်းမင်းစံတော်မူသည့် လိုဏ်ဂူ အဝင်အထွက် အပေါက်နှစ်ဖက်လုံးကို ကျောက် ဖျာနှင့် ပိတ်စေသည်။ ယင်းနောက် အထွက်ပေါက်ကို လွယ်ဆိုင်ပတာ မြားတောင်တော်ထိပ်တွင် ရွှေဥဒေါင်းမင်း၏ အိုးဓာတ်နှင့် ဌာပနာထည့်ဝင် ကျောက်စေတီငယ်တစ် ဆူ တည်ထားတော်မူခဲ့၏။

## ဂေါတမမြတ်စွာဘုရား၏ ဗျာဒိတ်တော်နှင့်အညီ မဏိစည်သူမင်းလွယ်ဆိုင် ပတာ မြားတောင်တော်တွင် သာသနာပြုခြင်း

သိကြားမင်း ဆက်သအပ်သော ကြိမ်စကြာနှင့် သစ်ကနက်ဖောင်စကြာကို ပိုင်ဆိုင် ကြိမ်စကြာ့နန်ရာ ရေဖြစ်သော မဏိစည်သူမင်းလက်ထက်၌ ပုဂံပြည်ကို စိုးစံ အုပ်ချုပ်ရာမှာ မဟာသမုဒ္ဒရာအောက်ရှိ ရတနာမျိုးစုံကို ။စားလိုသည်တစ်ဝ၊ မြင်းမိုရ်တောင်သို့ ခရီးနှင်လိုသည် တစ်ကြောင်း၊ မှူးမတ်ဗိုလ်ပါခြံရံလျက် ထွက်တော်မူလာရာ လမ်းတွင်နှစ်သက်ကြည်နူး အထူးထူးအပြားပြား ဆန်းပြား



မဏိစည်သူမင်း၏ စော်နန်းပြာသာဒ်ဆောင်အနီးတွင် သီးခြား အဆောင်နှင့်ထားရှိသော မဏိစည်သူမင်း၏ ရုပ်တု

www.burmeseclassic.com

သော အရာတို့ကို မြင်တွေ့ရသည်ဖြစ်၍ များစွာဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့၏။

မြင်းမိုရ်တောင်သို့ ခရီးဆက်ခဲ့ရာ သိကြားမင်းနှင့်သုဇာတာမိဖုရားတို့ သူအိုလင်မယားဟန်ဆောင်၍ တောင်းပန်တားဆီးမှုကြောင့် စိတ်လက်မကြည်သာဘဲစွာဖြင့် "ပြည်တော်သို့ ကားမပြန်လိုသေး။ မြင်းမိုရ်တောင်သို့ မရောက်သော်လည်း အခြားအရပ်သို့ လှည့်လည်လိုသေးသည်"ဟု မိန့်တော်မူ၍ ခရီးဆက်လက် ထွက်ခွာလာ၏။

မဏိစည်သူမင်းတရားကြီးသည် တိုင်းခန်းလှည့်လည်တော်မူရာ ဇမ္ဗူသပြေပင်ပေါက်ရောက်သည့် မလ္လာယုကျွန်းတွင် ဆိုက်ရောက်၍ ဗိုလ်ရှုသဘင်ခံတော်မူစဉ် ဟိမဝန္တာတောမှ ရောက်လာသော ဘီလူးမတစ်ယောက်သည် သားငယ်ကိုပွေ့ချီလျက် မလ္လာယုကျွန်းသို့ ထွက်ခွာတော်မူလာရာ မြစ်ကမ်းဘေးအရောက်တွင် မဏိစည်သူမင်းတရားကြီး ဗိုလ်ရှုသဘင်ညီလာခံ ကျင်းပနေချိန်ဖြစ်၍ မြစ်ကမ်းဘေးမှသာ ဖူးမြော်နေ၏။

ထိုအချိန် ဘီလူးမ၏ သားငယ်သည် မြစ်ထဲသို့ ထိုးကျသွားရာ ဘီလူးမက "မင်းတရားကို ဦးခိုက်ဖူးမြော်နေသောကြောင့်သာ ရေထဲသို့ကျသည်။ ငါ၏ သားကို မင်းတရားကြီးဆောင်ယူ၍ ပေးပါ"ဟု ငိုကြွေးမြည်တမ်းရင်း အရေးဆိုပါသောကြောင့် မင်းကြီးသည် "သိကြားမင်းကပင်လျှင် ခံ့ညားဦးခိုက်ရသော ထီးဖြူဆောင်း ငါဘုရင်အား မြစ်ကမ်းပါးမှ ဦးခိုက်ခစားနေသော ဘီလူးမ၏ သားကို မဏိမေခလာနတ်သမီးသည် အဘယ့်ကြောင့် စောင့်ရှောက်နေရဘိသနည်း။ ဘီလူးမ၏ သားရေထဲသို့ ကျသွားသည်ကို ဆယ်ယူမပေးခြင်းသည် ငါ့အား မခံ့မညားပြုလေဘိ သလော"ဟု ကြိမ်းမောင်းပြီး ရေပြင်ကို ကြိမ်စကြာဖြင့် ရိုက်နှက်၍ မဏိမေခလာနတ်သမီးကို ဘီလူးမ၏ သားအား ဆယ်ယူစေ၏။

မိမိသားငယ်ကို ပြန်ရသော ဘီလူးမသည် မင်းကြီး၏ ဘုန်းကံကြောင့်သာ ငါ့သားကို အသက်ရှင်စွာ ပြန်ရ၏။ မင်းတရားကြီး၏ ကျေးဇူးကား ကြီးမားလှပေစွ၊ မင်းကြီးကို ကျေးဇူးတုန့်ပြန်ရပေအံ့ဟု ဝမ်းမြောက်ရွှင်လန်းစွာ အကြံရပြီး ဟိမဝန္တာတောမှ အလွန်မွှေးကြိုင်သင်းပျံ့သည့် စကားဝါသားအချို့(သရက္ခန်သား) ကိုးပိုင်းကိုယူ၍ မင်းကြီးအား ဆက်သလေ၏။

ထို့အပြင် အင်္ဂတိဒေဝ၊ ဇေယျ၊ သကြူ၊ ဘာနုဒိဗ္ဗအမည်ရသော ဘီလူးညီနောင်လေးဦးကလည်း ဟသ်ာငှက် (ဒူထိလက်ာငှက်)လည်ဇလုတ်မှရသော နီလဗိဇ ခေါ်ရတာသီနတ်သစ်စေ့ကို မင်းကြီးအား ထပ်မံဆက်သပြန်လေသည်။

မဏိစည်သူမင်းတရားကြီးသည် ဘီလူးညီနောင်လေးဦးထံမှရရှိခဲ့သော နတ်သစ်စေ့ကို သင့်လျော်လျောက်ပတ်သောနေရာ၌ စိုက်ပျိုးရန်နှင့် သာသနာပြုနိုင်ရန် ဖောင်စကြာဖြင့် ဆက်လက်ကြွချီရာ ကောဇာသက္ကရာဇ် ၄၆၈ ခုနှစ်ခန့်က လွယ်ဆိုင်တောင်သို့ ရောက်ရှိခဲ့၏။ လွယ်ဆိုင်တောင်တော်သို့ ရောက်ရှိခဲ့သော်လည်း နှစ်ပရိစ္ဆေဒ ကြာညောင်းလှသည်ဖြစ်၍ ချုံတောသစ်ပင် စသည်တို့ဖြင့် ဖုံးလွှမ်းနေပြီး အသောကမင်းကြီး၏ တည်ထားခဲ့သော ကျောက်စေတီငယ်ကို ရှာဖွေ၍ မတွေ့ဖြစ်နေ၏။

ထိုအခါ မျှူးမတ်ဗိုလ်ပါတို့က "အရှင်မင်းကြီး၊ ဤအနီးအနားရွာတွင် နေထိုင်ကြသူများသည် ဤတောတောင်ရေမြေကို အကျွမ်းတဝင်ရှိသည်ဖြစ်၍ အသောကမင်းကြီး တည်ထားတော်မူခဲ့သော ကျောက်စေတီငယ်တည်ရှိရာကို သိကုန်လတ္တံ့၊ ထိုသူတို့အား ဆုလာဘ်ပေး၍ မေးစေသော် သင့်လျော်မည်ဖြစ်ကြောင်း" လျှောက်တင်ကြလေသည်။ ထိုအခါ မင်းတရားကြီးက "သင့်လျော်ပေစွ"ဟု မိန့်ကြားပြီး လွယ်ဆိုင်ပတ္တမြား တောင်အနီးတစ်ဝိုက်ရှိ တောင်မရွာ၊ တောင်မဲရွာ၊ ဟိုက်တမ်ရွာအသီးသီးမှ ရွာသားတို့ကို ဆင့်ခေါ်၍ "ငါသည် အသောကမင်းကြီး တည်ထားခဲ့သော ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏ ဓာတ်တော်တည်ရာ ကျောက်စေတီကို ပြုပြင်မွမ်းမံရန် ရောက်ရှိလာသည်။ သို့ပါသော်လည်း ငါ၏ဘုန်းကံကြောင့် ကျောက်စေတီကို ပြုပြင်ရန်မဆိုထားဘိ ရှာဖွေ၍ပင် မတွေ့ရှိသေး။ သင်တို့သည်ကား ဤမြေ ဤတောင်တွင် နေသည်ဖြစ်၍ ထိုစေတီတည်ရှိရာကို သိကြကုန်အံ့၊ သိရှိညွှန်ကြားနိုင်သူအား ဆုလာဘ်ရတနာချီးမြှောက်အံ့"ဟု မိန့်ကြားတော်မူလေ၏။

ထိုအမိန့်သံကိုကြားသော ပလောင်အမျိုးသားတို့သည် "မိမိတို့သည်လည်း ထိုစေတီငယ်ရှိရာကို ကြားရုံ

www.burmeseclassic.com

သာကြားဖူး၍ ကိုယ်တိုင်ကျ ဖူးမြော်ရခြင်းမရှိသေးပါ”ဟု လျှောက်တင်ကြလေ၏။

ထိုအခါ မင်းတရားကြီးက “ကောင်းပြီ၊ ဤသို့ ဆိုလျှင် ငါနှင့်တကွ မှူးမတ်ဗိုလ်ပါတို့သည်လည်းကောင်း၊ သင်တို့ပလောင်အမျိုးသားတို့သည်လည်းကောင်း အဓိဋ္ဌာန် အသီးသီးဝင်၍ ကျောက်စေတီကို ရှာဖွေကြကုန်အံ့။ တွေ့ရှိပါက စုပေါင်းညီညာ၍ သာသနာပြုခြင်းဖြင့် အောင်ကြောင်း မြဲာကုန်စို့”ဟု မိန့်ကြားပြီး အသီးသီးအဓိဋ္ဌာန်ပြု၍ ကျောက်စေတီကို ရှာဖွေကြလေ၏။

တောင်မဲရွာသားများက ယခုလွယ်ဆိုင်တောင် ထွတ်၏ အနောက်ဖက်ကုန်းမြင့်၊ ယခု ဘုရားရုပ်ပွားတော်ကြီး တည်သောနေရာနှင့် ဆုတောင်းပြည့်စေတီ (ယခုလက်ရှိ) တည်ရှိသည့် ကုန်းမြင့်ထက်တွင်လည်းကောင်း၊ ဟိုက်တမ်ရွာသားများက လွယ်ဆိုင်တောင်တော်အဝင် ကုန်းမြင့်ရှိ ဟိုက်တမ်စေတီတော် (ခေါ်) လွှမ်းစေတီ (ယခုလက်ရှိ) တည်ရာ၌လည်းကောင်း၊ တောင်မရွာသားများက တောင်ဖက်ကုန်းမြင့် ဘုရားအလောင်း ရွှေဥဒေါင်းမင်း၏ ဓာတ်တော်ကိန်းဝပ်ရာ ကျောက်စေတီ (ယခုလက်ရှိ) တည်ရာ၌လည်းကောင်း အသီးသီးအဓိဋ္ဌာန်ပြု၍ရှာဖွေရာ ညဉ့်နက်သန်းခေါင်အချိန်၌ တောင်ဘက်ကုန်းမြင့်တွင် ပြိုးပြိုးပြက်ပြက် လင်းလက်သော ရောင်ခြည်တော်ကို ဖူးမြင်ရသည်ဖြစ်၍ ဘုရင်မင်းမြတ်အား ချက်ချင်းအကြောင်းကြားလျှောက်တင်စေ၏။

မင်းကြီးလည်း ထိုရောင်ခြည်ပြိုးပြိုးပြက်ပြက် လင်းလက်သောနေရာကို ဆင်ဖြူတော်ဖြင့် တူးဖော်စေပြီး ဓာတ်တော်နှင့်တကွ ဘီလူးမဆက်သသော စကားဝါသား (သရက္ခန်) ကိုးပိုင်းအနက်မှ တစ်ပိုင်းကို ဗုဒ္ဓရုပ်တုတော် ထုလုပ်၍ ဌာပနာပြုကာ စေတီတည်ထားပြီး မိမိမှူးမတ်ဗိုလ်ပါအချို့နှင့် ပလောင်အမျိုးသားတို့ကို အစောင့်အရှောက်ထားကာ ပုဂံပြည်သို့ ထွက်ခွာသွားလေတော့သည်။

## စကားဝါသား ကိုးပိုင်း

ပုဂံပြည်ရှင် မဏိစည်သူမင်းကြီးသည် ဟိမဝန္တာ ဘီလူးမထံမှရသော စကားဝါသား ကိုးပိုင်းကို ဗုဒ္ဓရုပ်ပွားတော် ကိုးဆူထုလုပ်၍ ဌာန ကိုးဌာနတွင် လှူဒါန်းပြီး ဌာပနာသွင်း စေတီတည်ထားတော်မူခဲ့သည်။

ထိုရုပ်ပွားတော် ကိုးဆူမှာ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းမှ မြို့နယ်ကျေးရွာတို့တွင် အသီးသီးစံပယ်ကြပြီး –

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် –

၁။ နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာတွင် တစ်ဆူ
၂။ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာတွင် လေးဆူ
၃။ ကျောက်မဲမြို့နယ်၊ မင်းကုန်းကျေးရွာတွင် တစ်ဆူ
၄။ နမ့်ဆန်မြို့နယ်၊ လွယ်ဆိုင်တောင်တွင် တစ်ဆူ
၅။ မိုးမိတ်မြို့နယ်၊ မိုးမိတ်မြို့တွင် တစ်ဆူ
၆။ လားရှိုးမြို့နယ်၊ မိုင်ပိုင်ကျေးရွာတွင် တစ်ဆူ
၇။ သိန္နီမြို့နယ်၊ ဟိုမိန်ကျေးရွာတွင် တစ်ဆူ
၈။ ကျေးသီးမန်ဆန်မြို့နယ်၊ ကျိုက်လတ်တွင် တစ်ဆူ
၉။ မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်တွင် တစ်ဆူ

စုစုပေါင်း စကားဝါသား (သရက္ခန်) ကိုးပိုင်းမှ ရုပ်ပွားတော် ၁၂ ဆူ ဖြစ်ပါသည်။

ဖော်ပြပါ စကားဝါသားရုပ်ပွားတော် တည်ရှိရာဒေသ၊ ကျေးရွာ၊ မြို့နယ်များတွင် နှစ်စဉ်နှစ်တိုင်း တပေါင်းလတွင် တပေါင်းပွဲတော် ကျင်းပကြသည်ဟု သိရှိရပါသည်။

## လွယ်ဆိုင်ပတ္တမြားတောင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် မဏိစည်သူမင်းကြီးအား ရည်စူးဂုဏ်ပြုသောပွဲနှင့် လက်ဖက်ဟုခေါ်တွင်လာသော သမိုင်းကြောင်း

သီရိဓမ္မာသောကမင်းကြီးတည်ထားသော ကျောက်စေတီတော်ကို အဓိဋ္ဌာန်ပြု၍ ရှာဖွေရာတွင် ပလောင်များက အဓိဋ္ဌာန်အောင်မြင်ပြီး ရှာဖွေတွေ့ရှိသည့်အတွက် မဏိစည်သူမင်းကြီးသည် လွန်စွာ နှစ်မြို့က်ဝမ်းမြောက်မှုဖြစ်ရလေသည်။

ယင်းအတွက် ပလောင်အမျိုးသားများ အညီသဖြင့်

www.burmeseclassic.com

စိုက်ပျိုးစားသောက်နိုင်စေရန် ရည်ရွယ်၍ ဆုလာဘ်တော်အဖြစ် ဘီလူးညီနောင်လေးဦး ဆက်သခဲ့သော နိလဗိဇနတ်သစ်စေ့ကို ချီးမြှင့်တော်မူခဲ့ပါသည်။

ယင်းသို့ ချီးမြှင့်မှုကို လွယ်ဆိုင်တောင်တွင် လက်ရှိတည်ရှိနေသော ဟော်နန်းတည်ရှိရာနေရာအတွင်းတွင် ပလောင်အမျိုးသားအကြီးအကဲ တာငွန်းအား ပေးသနားတော်မူခဲ့ခြင်းဖြစ်သည်။

ယင်းဟော်နန်းဆောင်အတွင်းတွင် မဏိစည်သူမင်းကြီးက မှူးမတ်ဗိုလ်ပါများရှေ့မှောက်တွင် ပလောင်အမျိုးသားအကြီးအကဲ တာငွန်းအား နိလဗဇနတ် သစ်စေ့ချီးမြှင့်နေသော ပုံတူထုထားသည့် ပန်းပုရုပ်မြင်ကွင်းရှိပါသည်။ (စာရေးသူမှာ ယင်းပုံအား မှတ်တမ်းတင်ခဲ့သော်လည်း လိုအပ်သော အလင်းမရရှိသည့်အတွက် မှတ်တမ်းတင်နိုင်သော ဓာတ်ပုံအဆင့် မရရှိခဲ့ပါ။)

မဏိစည်သူမင်း၏ ဟော်နန်းပြာသဒ်ဆောင်၏ရှေ့ကွက်လပ်တွင် ပလောင်အမျိုးသားတို့သည် မဏိစည်သူမင်းအား ဂုဏ်ပြုသောအားဖြင့် မူလနတ်သစ်စေ့ကို စိုက်ပျိုး၍ ထိုမှတစ်ဆင့် အသီးများကို မျိုးပွားလာရာ နမ့်ဆန်ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြန်မာပြည်တစ်ဝှမ်းသို့ ပျံ့နှံ့ခဲ့ပြီ ဖြစ်ပါသည်။

မဏိစည်သူမင်းသည် နိလဗိဇနတ်သစ်စေ့ကို ပလောင်အမျိုးသားအကြီးအကဲ တာငွန်းကို ဆုလာဘ်တော်အဖြစ် ပေးအပ်စဉ် တာငွန်းသည် လက်တစ်ဖက်ဖြင့်သာ လက်ခံယူခဲ့သောကြောင့် လက်တစ်ဖက်ရွက်ဟု ခေါ်ဆိုရာမှ ကာလရွေ့လျော၍ နှစ်ပရိစ္ဆေဒကြာညောင်းသောအခါ လက်တစ်ဖက်ရွက်မှ လက်ဖက်ရွက်ဟု ယနေ့တိုင် ခေါ်တွင်လာခဲ့ကြပေသည်။ နိလဗိဇနတ်သစ်စေ့မှ ဖြစ်ပေါ်လာခဲ့သော လက်ဖက်သည် မြန်မာနိုင်ငံ၊ သားများ၏ မြန်မာ့အစားအသောက်နယ်ပယ်တွင်သာမက ရိုးရာပသမှုများတွင်လည်း မပါလျှင်မပြီး တွင်ကျယ်စွာ နေရာယူခဲ့ပြီဖြစ်ပါသည်။

ယင်းမူလဘူတ နတ်စေ့ စိုက်ပျိုးခဲ့သည့် အနေရာအနီးတွင်ပင် မဏိစည်သူမင်းကြီးအား ရည်စူးဂုဏ်ပြု၍ ပုံတူရုပ်ထုကာ ခံ့ညားထည်ဝါသော ပြာသဒ်ဆောင် တည်ထားဆည်းကပ်ခဲ့လေသည်မှာ ယနေ့ထိတိုင် ဖြစ်ပါသည်။

ယင်းသို့ ဂေကျးဇူးရှင်ဖြစ်တော်မူသော မဏိစည်သူမင်းအား ရည်စူးဂုဏ်ပြုသောအားဖြင့် လွယ်ဆိုင်ပတ္တမြားတောင်တွင် နှစ်စဉ်နှစ်တိုင်း တော်သလင်းလပြည့်နေ့၌ ဗုဒ္ဓပူဇနိယပွဲတော်နှင့် မဏိစည်သူမင်းအား ရည်စူးဂုဏ်ပြုသောပွဲတို့ကို ယနေ့တိုင် အစဉ်အလာမပျက် ကျင်းပလျက်ရှိပါသည်။ ယင်းရည်စူးဂုဏ်ပြုပွဲတွင် –

၁။ သဲပုံစေတီတစ်ထောင်။

၂။ ဝါးညောင်ရေအိုးတစ်ထောင်။

၃။ ဖယောင်းတိုင်တစ်ထောင်။

၄။ ပန်းတစ်ထောင်။

၅။ ဆွမ်းဟင်းခဲဖွယ်တစ်ထောင်။

၆။ တံခွန်အလံတစ်ထောင်။

၇။ ကုက္ကားတစ်ထောင်။

၈။ မုလေးပွားတစ်ထောင်။

၉။ ထီးတစ်ထောင်။

၁၀။ ဆွမ်းအုပ်တစ်ထောင်

တို့ကို တင်လှူ၍ မူလဘူတ လက်ဖက်ပင်တည်ရှိရာ နေရာတွင် ကျင်းပပူဇော်ကြပါသည်။

နှစ်စဉ်တော်သလင်းလပြည့်နေ့တိုင်း နမ့်ဆန်မြို့နှင့် အနီးတစ်ဝိုက်ကျေးရွာများမှသာမက ကျောက်မဲ၊ သီပေါ အနီးအနားနယ်ဘက်မှမကျန်၊ မြန်မပြည်အနှံ့အပြားမှ ဘုရားပွဲလာ ပုဂ္ဂိုလ်များနှင့် ကြက်ပျံမကျ စည်ကားလှသည့်အပြင်၊ ဘုရားပွဲဈေးတန်းများ၊ ပျော်ပွဲရွှင်ပွဲများနှင့် လူအုပ်ကြီးမှာ တိုး၍မပေါက်နိုင်အောင် စည်ကားလှကြောင်း သိရှိခဲ့ရပါသည်။

## ဘိုးဘိုးတကလု နတ်နန်း

ဘိုးဘိုးတကလုနတ်နန်းမှာ လွယ်ဆိုင်ပတ္တမြားတောင်တော်သို့ မုခ်ဦး၏ အောက်ဘက်တောင်နှစ်ခုကြားတွင် တည်ရှိပါသည်။

မဏိစည်သူမင်းတရားကြီးသည် လွယ်ဆိုင်ဘုရားကို တည်ထားပြီးသည့်နောက် ဗညားကျန်းတော အမည်ရှိအမတ်ကြီးတစ်ဦးကို မင်းဗလကျော်သူဟု အမည်ပေး၍ တောင်မ၊ တောင်မဲ၊ ဟိုက်တမ်ရွာသားတို့အား အခြွေအရံ ထားလျက် လွယ်ဆိုင်တောင်အဝင်ဝ တောင်နှစ်ခုတို့အကြား၌ နေစေပြီး လွယ်ဆိုင်ပတ္တမြားတောင်တော်ဘုရား

www.burmeseclassic.com

## သာသနာပြုအကျော်အမော်များနှင့် လွှယ်ဆိုင်သီလရှင်များ၏ ပဋ္ဌာန်းပွဲ

ကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရား "လွှယ်ဆိုင်စေတီတည်ရာအရပ်၌ သာသနာအဓွန့်ရှည်စွာ တည်လတ္တံ့"ဟု ဗျာဒိတ်တော်မြွက်ထားခဲ့သည့်အတိုင်း ကောဇာသက္ကရာဇ် ၅၅၉ ခုနှစ်မှ ယခုကာလအထိ သာသနာပြုပုဂ္ဂိုလ်များ တစ်နေ့တခြား များပြားလာရာ ယခုအချိန်တွင် "လွှယ်ဆိုင်ပတ္တမြားတောင်တော်"သည် အထင်ရ သာသနာ့မြေအဖြစ် သာသနာပြုသူများနှင့် အမြဲပင် စည်ပင်နေပေတော့သည်။

နိုင်ငံတော်အကြီးအကဲများတို့သည် လွှယ်ဆိုင်ပတ္တမြားတောင်တော်ရှိ သာသနိကအဆောက်အအုံတို့ကို လောကသုံးပါးချမ်းသာစေခြင်းအလို့ငှာ ဘက်စုံပြုပြင် မွမ်းမံ၍ သာသနာပြုတော်မူခဲ့ပါသည်။

၁၃၆၆ ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် မြန်မာ့ရွှေအစစ်ချ ထီးတော်ကြီးအသစ်ကို တင်လှူနိုင်ခဲ့ပါသည်။ ယင်း ထီးတော်ကြီးတါင် မိုးကုတ်မြို့ ပတ္တမြားလမ်းနေ ဦးဖုန်းမြင့်ကြည်၊ ဇနီး ဒေါ်နီနီသန်းမိသားစုတို့က ရတနာမျိုးစုံ စီခြယ်ထားသော ၁၈ သိန်းကျော် တန်ဖိုးရှိ စိန်ဖူးတော်ကို တင်လှူသာသနာပြုခဲ့ကြပါသည်။

လွှယ်ဆိုင်ပတ္တမြားတောင်တော်တွင် စေတီတော်ကြီးနှင့် အရံစေတီငယ် ၇၉ ဆူ စေတီတော်ကြီး၏ အမြင့်မှာ ၁၄၇ ပေ၊ ရွှေသားအစစ်ချ ကြေးထီးတော်ကြီး၏ အချင်းမှာ ၅ ပေ ၃ လက်မနှင့် အမြင့်မှာ ၁၆ ပေ ရှိပါသည်။

ယခုအချိန်တွင် နမ့်ဆန်မြို့နယ်တွင် လွှယ်ဆိုင်ပတ္တမြားတောင်တော်၌ သီတင်းသုံးနေထိုင်လျက် သာသနာ့တာဝန် ထမ်းဆောင်နေကြသော သီလရှင်များ ရာဂဏန်းနှင့်ချီ၍ ရှိနေပြီဖြစ်သည်။ ယင်းသာသနာ့နွယ်ဝင် သီလရှင်များသည် နမ့်ဆန်မြို့နယ် ၃၂ အုပ်စု ကျေးရွာအသီးသီးမှ ရောက်ရှိလာကြသော သီလရှင်တို့ ဖြစ်ပေသည်။

ယင်းသီလရှင်များသည် လွှယ်ဆိုင်တောင်တော်နှင့် စပ်လျဉ်းသော ဘုရားဝတ္တကမြေပရိဂုဏ်အတွင်းတွင် သာသနာ့ ဝေယျာဝစ္စကိစ္စကြီးငယ် အသွယ်သွယ်တို့ကို မငြိုငြင်မပင်ပန်းသော စေတနာနှင့် သဒ္ဓါတရားတို့ကို ဦးထိပ်ပန်ရွက်၍ စည်းလုံးညီညွတ်စွာ ဝေယျာဝစ္စကုသိုလ်တော်ကို ပြုစုလျက် သာသနာပြုနေကြပါသည်။

လွှယ်ဆိုင်တောင်တော်တွင် သာသနာရောင်ဝါထွန်းလင်းတောက်ပ ပွင့်ဖူးစအချိန်တွင် ဓာတ်တော်မြတ်အပေါင်းကိန်းအောင်း မွေ့လျော်စံပယ်တော်မူရာ စေတီပုထိုးတော်နှင့် ကြည်ညိုဖွယ်ကောင်းသော သာသနိကအဆောက်အအုံတို့ကို စောင့်ရှောက်ရန် ရည်သန်အာရုံပြု၍ ကိစ္စများမြောင်လှတို့ဘောင်ကို အတိတ်မှာထား ဥပေက္ခာပြုပြီး "ရှစ်ပါးသီလအကျင့်မြတ်"ကို ဖြည့်ကျင့်ရန်အတွက် သီလရှင်ဘောင်သို့ ရောက်ရှိလာကြခြင်းဖြစ်ပေသည်။

ရှေးဦးရောက် သာသနာပြုသီလရှင်တို့၏ အရေးကိစ္စအထွေထွေမှာ အလွန်ပင် ခက်ခဲကြမ်းတမ်းလှပေ၏။ ယင်းအချိန်က ယခုကဲ့သို့ စေတီ၊ ကျောင်းကန်၊ ဇရပ် အဆောက်အအုံများ မရှိသေးပါ။ သက်ငယ်မိုး၊ တဲထိုးပြီး နေရသော အဆင့်သာရှိပါသည်။ တောင်ပေါ်ဒေသဖြစ်သည့်အလျောက် သောက်ရေသုံးရေ ခက်ခဲလှ၏။ ဝေးလံနက်ရှိုင်းသော တောင်ခြေများမှ ရေကိုဝါးဘူးဖြင့် ဆင်း၍ ခပ်ရ၏။ မီးခွက်၊ မီးတုတ်၊ ထင်းရှူးမီးတို့ကိုသာ အားကိုးခဲ့ရ၏။ လွှယ်ဆိုင်တောင်၏ ရာသီဥတုအခြေအနေမှာလည်း တောင်စဉ်တောင်တန်းများ ဝိုင်းရံပတ်ကာထားသည့်အပြင် ပေ ၆၀၀ ကျော်မြင့်သည့် အမြင့်ဆုံးတောင်ဖြစ်ရာ နွေဥတုဟူ၍ မရှိပေ။ မိုးစက်နှင့် နှင်းမြူစက်များကြားသာ သံသရာလည်နေတော့၏။ ထိုသို့သော အခြေအနေ အမျိုးမျိုးမှ အစပျိုးပြီး လွှယ်ဆိုင်တောင်တော်ကို သီလရှင်တို့သည် သာသနာ့ဝေယျာဝစ္စကုသိုလ်တော်ကို ယနေ့တိုင် ထမ်းရွက်စောင့်ရှောက်လာခဲ့ကြပါသည်။ နတ်လှူသာမှ ခေါ်ဆိုထိုက်လှပေသည်။

လွှယ်ဆိုင်တောင်တော်တွင် သီတင်းသုံးနေထိုင်ကြသော သီလရှင်တို့သည် မည်သို့သော အခက်အခဲနှင့် ကြုံတွေ့စေကာမူ မဆုတ်ယုတ်သော သဒ္ဓါ၊ မပျက်ပြားသော စေတနာများဖြင့် ခက်ခဲမှုအရာ၊ ပင်ပန်းမှုအားလုံးကို ကျော်ဖြတ်ခဲ့ကြပြီး ယခုအချိန်တွင် အစစအရာရာ အဆင်ပြေစွာဖြင့် သာသနာတော်ကို ထိန်းသိမ်းစောင့်ရှောက် သာသနာပြုနိုင်ကြပြီဖြစ်၏။

ရေအားလျှပ်စစ်ဖြင့် မီးများထိန်ထိန်လင်းနေပြီ။ တောင်အောက်မှ တောင်ပေါ်အရောက် ရေပိုက်



www.burmeseclassic.com

www.burmeseclassic.com

သွယ်၍ ရေအခက်အခဲများ ကင်းဝေခဲ့ပါပြီ။

နေစရာ၊ ကျောင်းသခ်မ်းများလည်း ကောင်းမွန်သပ်ရပ်စွာဖြင့် ပေါ်များနေပါပြီ။

လှူမည့်စေတနာရှင်များမှာလည်း ဝင်မလာမစဲ တဖွဲဖွဲဖြစ်၍ နေပါပြီ။

လွယ်ဆိုင်ပတ္တမြားတောင်တော်တွင် သာသနာပြန့်ပွားမှု အောင်သရဖူဆောင်းခဲ့ပါပြီ။

## လွယ်ဆိုင်တောင်က ပဋ္ဌာန်းပွဲ

လွယ်ဆိုင်တောင် သာသနာ့ဝေယျာဝစ္စကို ပြုစုစောင့်ရှောက်လျက်ရှိကြသော သီလရှင်တို့သည် တာဝတိံသာ နတ်ပြည်တွင် ဗုဒ္ဓကိုယ်တိုင်ဟောကြားတော်မူခဲ့သော အဘိဓမ္မာကျမ်း ခုနစ်ကျမ်းရှိသည့်အနက် ကျမ်းကြီးပဋ္ဌာန်းဒေသနာတော်မြတ်ကို အလေးထား၍ ဝါတွင်းကာလ ဝါဆိုလပြည့်ကျော် ရောက်သည့်နှစ်တိုင်း ၃၁ ဘုံ ကျင်လည်ကုန်သော ဝေနေယျသုခိတ၊ ဒုက္ခိတ ခုနစ်ရက်သားသမီးများ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခတိုးပွားစေရန် ရည်သန်သမှု အာရုံပြု၍ လွယ်ဆိုင်တောင်တော် အာရုံခံတန်ဆောင်ဓမ္မာရုံကြီးအတွင်း၌ ငါးရက်တိုင်တိုင် နိဗ္ဗာန်ရည်မျှော် ပူဇော်ကျင်းပ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူလာကြရာ နှစ်စဉ်မပျက် ယနေ့ထက်ထိ ဖြစ်ပါတော့သည်။

## စာရေးသူတို့အပြန်ခရီး

မဏိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော စေတီတော်မှ သာယာဖွယ်၊ ကြည်နူးဖွယ်ကောင်းလှသော ဆည်းလည်းသံ တညံညံမှာ ဝေစည်နေ၏။

ထိုဆည်းလည်းသံမှ ဖြစ်ပေါ်လာသော သံစဉ်များသည်ကား ကြည်ညိုလိုစိတ်၊ တဖိတ်ဖိတ်နှင့်။

တိတ်ဆိတ်အေးမြ သာယာကြည်နူးဖွယ်ကောင်းလှသော လွယ်ဆိုင်တောင်အရိပ်အာဝါသတွင် ခိုလှုံဖူးသည်ရှိအောင် ဓမ္မမိတ်ဆွေများ တစ်ခါတစ်ခေါက်တော့ သွားဖြစ်အောင် သွားကြပါဟု တိုက်တွန်းလိုက်ရပေသည်။

ကျွန်ုပ်တို့၏ ကားငယ်လေးမှာ ပေ ၆၀၀၀ ကျော် အမြင့်မှ အောက်သို့ ကွေ့ပတ်ဆင်းလာသော်လည်း စိတ်အစဉ်များမှာ လွယ်ဆိုင်သာသနာ့မြေတွင် လွင့်ပျံနေဆဲပင်။

မဏိစည်သူမင်းတရားကြီး၏ ကုသိုလ်ကောင်းမှု အစုစုတို့ကိုလည်းကောင်း၊ လွယ်ဆိုင်တောင်သာသနာ့အရိပ်အာဝါသတွင် ခိုလှုံပြီး သာသနာပြုနေကြသော သီလရှင်အားလုံး၏ ကုသိုလ်ကောင်းမှု အစုစုကိုလည်းကောင်း၊

ဤကဲ့သို့ သာသနာပြန့်ပွားအောင် ဆောင်ရွက်ခဲ့ကြသော မင်းပုဂ္ဂိုလ်အပါအဝင် သာသနာပြုခဲ့ကြသူများအားလုံး၏ ကုသိုလ်ကောင်းမှုအစုစုကိုလည်းကောင်း၊

စိတ်ထဲမှ အကြိမ်ကြိမ် သာဓုခေါ်ကာ "လွယ်ဆိုင်သာသနာ့မြေ ကမ္ဘာတည်သရွေ့ ထောင်ရောင်နေကဲ့သို့ လင်းနေပါစေ"ဟု ဆုတောင်းရင်း ကျွန်တော်တို့ကားလေးမှာ လွယ်ဆိုင်ပတ္တမြားတောင် သာသနာ့မြေနှင့် တဖြည်းဖြည်း ဝေးခဲ့ရတော့၏။

*မိမိကောင်းမှု အကြောင်းပြု တောင်းဆုပြည့်ပါစေ။*

**ထွဏ်းထွဏ်း (ပညာရေး)**

**မှီငြမ်းကိုးကားသော စာစုများ**

၁။ မန္တလေးမြို့ ဘုရားကြီး၊ နမ့်ဆန်ကျောင်းတိုက်၊ ကျောင်းထိုင်ဆရာတော် ဦးနာဂိန္ဒ၏ "လွယ်ဆိုင်ပတ္တမြား တောင်တော်သမိုင်း"

၂။ မူလ တအောင်းစာပေမှ မြန်မာပြန်ဆိုပေးသော နမ့်ဆန်မြို့နယ်၊ ကျောက်ဖြူရွာကျောင်းဆရာတော်၊ ဦးနာဂသေန၏ "လွယ်ဆိုင်ပတ္တမြားတောင်တော်သမိုင်း"

၃။ ဤခရီးစဉ်တွင် အတူတကွ လိုက်ပါပြီး ရှင်းလင်းပြောကြားပေးသူ နမ့်ဆန်မြို့လူကြီး ဦးစု၏ ပြောပြမှု မှတ်တမ်းစာရွက်များ။

၄။ လွယ်ဆိုင်ပတ္တမြားတောင်တွင် သာသနာပြုနေသော ကျောက်ဖြူကြီးအုပ်စု တောင်သုံးဆယ်ဇာတိ သီလရှင်ကြီး ဒေါ်ဣန္ဒထေရီ (ခ) ယာခါဝ်ဒါင်၏ အတွေ့အကြုံ ဖြစ်ရပ်၊ ပြောပြချက်မှတ်တမ်းများ။



www.burmeseclassic.com

www.burmeseclassic.com

# ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ပန်းတနော်မြို့ မြို့ကွက်သစ်(၂)တွင် ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်နှင့် မဏိရတနာဘုန်းတော်ကြီးကျောင်း၏

## ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ [သဒ္ဓမ္မဇောတိကဓဇ]

### ပန်းတနော် နောင်လတ်

မြို့နယ်၏ ရေိယာနှင့် မလိုက်အောင် စေတီ၊ တန်ဆောင်း၊ ဘုရား၊ ကျောင်း စသော သာသနိက အဆောက်အအုံများ များပြားသောကြောင့် အချို့က ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်ကို "အောက်ပြည်က ပုဂံ"ဟု ခေါ်ဆိုကြသည်။

ပန်းတနော်မြို့ မြို့ကွက်သစ်(၂)တွင် "မဏိရတနာ" အမည်ရှိ ဘုန်းတော်ကြီးကျောင်းရှိသည်။ ဦးစီးနာယက ဆရာတော်မှာ "ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကဓဇ)" ဖြစ်သည်။

မဏိရတနာ ဘုန်းတော်ကြီးကျောင်း၌ ၁၃၇၈ ခုနှစ်တွင် ဝါဆိုတော်မူကြသော သံဃာတော်အရှင်သူမြတ်များမှာ ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ အပါအဝင် ရဟန်းရှစ်ပါး၊ ရှင်သာမဏေ ၁၇ ပါး၊ စုစုပေါင်း ၂၅ ပါး ရှိသည်။

မဏိရတနာဘုန်းတော်ကြီးကျောင်း၏ သာသနာ့မြေအတွင်းရှိ သာသနိက အဆောက်အအုံများမှာ

(၁) မဏိရတနာ ဘုန်းတော်ကြီးကျောင်း

(၂) နဂါးရုံဘုရား


(၃) ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်




မဏိရတနာကျောင်းတိုက် တောင်ဘက်မုခ်ဦး

www.burmeseclassic.com

www.burmeseclassic.com





ဆုတောင်းပြည့် ကိုးနဝင်း ကပ်ကျော်စေတီတော်

(၄) ဆုတောင်းပြည့် မိုးကောင်းစေတီတော်
(၅) မဟာဝိရတနာသိမ်တော်ကြီး
(၆) မဟာဝိရတနာဇရပ်နှင့်
(၇) မဟာဝိရတနာဓမ္မဗိမာန်တော်တို့ ဖြစ်သည်။

xxx


## ကြည်ညိုဖူးဇော်
## ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်

မဟာဝိရတနာကျောင်းတိုက်ကြီး၏ သာသနာ့မြေအတွင်း၌ တည်လျှုပူဇော်တော်မူပြီးသော ဘုရား၊ စေတီတော်များအနက် အထင်ရှားဆုံးမှာ "ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်" ဖြစ်သည်။ ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလ၌ တည်လျှုပူဇော်တော်မူခဲ့သည်။

"ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်"ကို စေတနာသုံးတန်ပြုပ်သားစွာ လှူဒါန်းကြသော အလှူရှင်များစွာရှိသည်တွင် "နေ့အလိုက် မျက်နှာပြင်ဂြိုဟ်ခွင်အလှူရှင်များ"မှာ -

(၁) တနင်္ဂနွေဂြိုဟ်ခွင်အတွက် နှစ်ဖက်မိဘများအား အမှူးထား၍ ကိုစန်းလွင် + မဥမ္မာ မိသားစု (မြောက်ဒဂုံ)
(၂) တနင်္လာဂြိုဟ်ခွင်အတွက် ဦးစံခ+ဒေါ်ကုလားမ မိသားစု၊ ဗောဓိဆယ့်နှစ်ရွာ၊ ပန်းတနော်
(၃) အင်္ဂါဂြိုဟ်ခွင်အတွက် ဦးစံခ+ဒေါ်ကုလားမ မိသားစု ဗောဓိဆယ့်နှစ်ရွာ၊ ပန်းတနော်
(၄) ဗုဒ္ဓဟူးဂြိုဟ်ခွင်အတွက် မိဘနှစ်ပါးအား အမှူးထား၍ ဦးလှမြင့်+ဒေါ်သန်းသန်းဌေး မိသားစု (မြောက်ဒဂုံ)
(၅) ကြာသပတေးဂြိုဟ်ခွင်အတွက် နှစ်ဘက်မိဘများအား အမှူးထား၍ မောင်သူရိန်ပိုင်စိုး + မမေနွယ်စိုး မိသားစု၊ ပန်းတနော်

www.burmeseclassic.com







(၆) သောကြာဂြိုဟ်ခွင်အတွက် ဦးသောင်းငြိမ်း+ ဒေါ်ခင်သန်းငြိမ်း မိသားစုနှင့် မောင်သန်းထွန်း + မသိန်းသိန်းလှိုင် မိသားစု၊ ပန်းတနော်

(၇) စနေဂြိုဟ်ခွင်အတွက် ကွယ်လွန်သူ ရဟန်းအမကြီး ဒေါ်တင်လှိုင်ကို ရည်စူး၍ သား၊ သမီး၊ ညီ၊ အစ်ကို၊ မောင်နှမ မိသားစု၊ မြို့ကွက်သစ် (၂)၊ ပန်းတနော်

တို့ ဖြစ်ကြပြီး ၁၃၇၆ ခုနှစ်၊ ကဆုန်လတွင် "နေ့အလိုက် မျက်နှာပြင် ဂြိုဟ်ခွင်များ"ကို လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ အလှူရှင်များက ဂြိုဟ်ခွင်တစ်ခွင်အတွက် ငါးသိန်းစီ လှူဒါန်းကြခြင်းဖြစ်ပါသည်။ စုစုပေါင်း ၃၅ သိန်း ကုန်ကျခဲ့သည်။

နေ့အလိုက် မျက်နှာပြင်ဂြိုဟ်ခွင် အလှူရှင်များ ရှိသကဲ့သို့ ရှစ်မျက်နှာ ကြေးဆင်းတုရုပ်ပွားတော်အလှူရှင်များလည်း ရှိသည်။

ထိုအလှူရှင်များက ကြေးဆင်းတုရုပ်ပွားတော်တစ်ဆူစီအတွက် ငါးသိန်းစီ၊ စုစုပေါင်း ရှစ်ဆူအတွက် သိန်း ၄၀ လှူဒါန်းမှုအစုစု ကုသိုလ်ကောင်းမှု ရယူခဲ့ကြခြင်းဖြစ်သည်။

(၁) **တနင်္ဂနွေ** ။ ကျေးဇူးရှင် ဖခင်ကြီး ဦးစံကွန်း၊ မိခင်ကြီး ဒေါ်စိန်ခတို့ကို ရည်စူး၍ မဟာဝိရတနာဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ (သဒ္ဓမ္မဇောတိကဓဇ)နှင့် ညီအစ်ကိုမောင်နှမများ။

(၂) **တနင်္လာ** ။ နှစ်ဖက်သော မိဘများအား ဦးထိပ်ထားလျက် ဦးလှကြိုင်+ဒေါ်ညွန့်ညွန့်ခိုင်၊ သမီး မပြုံးထက်နိုင် "ပြုံးပြုံးလေးဆေးဆိုင်"မိသားစု။

(၃) **အင်္ဂါ** ။ ဦးအေးမြင့်+ဒေါ်ခင်စန်းဦး (မြတ်မင်္ဂလာအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစု။

(၄) **ဗုဒ္ဓဟူး** ။ နှစ်ဖက်မိဘများအား အမှူးထား၍ ဦးရဲအောင် + ဒေါ်လဲ့ရွှေစင် မိသားဟု။

(၅) **ကြာသပတေး** ။ ကွယ်လွန်သူ ဖခင်ကြီး ဦးခွင်းထိုက်အား ရည်စူး၍ မိခင်ကြီး ဒေါ်ရွှေကြည်နှင့် သားသမီးမြေးမြစ်တစ်စု။

(၆) **သောကြာ** ။ ဦးချစ်ဖွယ်+ဒေါ်ကြည်ကြည်ဝင်း၊ သားမောင်ကောင်းမြတ်ကျော်၊ မောင်ဝင်းလွင်ဦး၊ သမီးမကြည်ဖြူဝင်း မိသားစု။

(၇) **စနေ** ။ ဦးသန်းအေး+ဒေါ်ခင်မြင့်။

(၈) **ရာဟု** ။ ဦးမြင့်သိန်း+ဒေါ်ရွှေအိန်း(ပ...ရေးနုပ်(စ်) စားသောက်ဖွယ်စုံ) မိသားစုတို့က ရှစ်မျက်နှာကြေးဆင်းတု

www.burmeseclassic.com

ရုပ်ပွားတော် အလှူရှင်များ ဖြစ်ပါသည်။

ရှစ်မျက်နှာ ကြေးဆင်းတုရုပ်ပွားတော်အလှူရှင်များ ရှိသည့်နည်းတူ ရှစ်မျက်နှာကျောက်ဆင်းတုရုပ်ပွားတော် အလှူရှင်များလည်း ရှိသည်။ ထိုအလှူရှင်များကလည်း ကျောက်ဆင်းတုရုပ်ပွားတော်တစ်ဆူအတွက် ငါးသိန်းထည့်ဝင်ပြီး ခုနစ်ဆူအတွက် ၃၅ သိန်း လှူဒါန်းပူဇော်ခဲ့ကြခြင်း ဖြစ်သည်။

ထိုအလှူရှင်များနှင့် နေ့အလိုက်လှူဒါန်းသော အရပ်မျက်နှာရှိ ကျောက်ဆင်းတုတော်များ စာရင်းကို ဝမ်းမြောက်နှမော် သာဓုခေါ်နိုင်ကြစေရန် အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

**(၁) တနင်္ဂနွေ** ။ ကျေးဇူးရှင် ဖခင်ကြီးဦးအင်ဇွမ်း၊ မိခင်ကြီးဒေါ်ရှုဝမ်တို့အား ဦးထိပ်ထားလျက် (ဦးသိန်းလွင် ကုန်စုံဆိုင်) သားသမီးမြေး တစ်စု။

**(၂) တနင်္လာ** ။ ဦးဗီးချမ်း+ဒေါ်သန်းသန်းမေ မိသားတစ်စု။

**(၃) အင်္ဂါ** ။ ဦးစိန်သောင်း+ဒေါ်ညွန့်ခင် မိသားတစ်စု။

**(၄) ဗုဒ္ဓဟူး** ။ ကိုဝင်းထွဋ်အောင်+မနှင်းနှင်းဝင့်နိုင် "နိုင်အောင်" မိတ္တူ၊ ဓာတ်ပုံ၊ ကွန်ပျူတာ။

**(၅) ကြာသပတေး** ။ အဖဦးကျော်မင်း၊ အမိဒေါ်ပိုင်းတို့အား ရည်စူး၍ သမီး ဒေါ်ရွှခင်၊ သားဦးမြင့်အောင် မောင်နှမတစ်စု။

**(၆) သောကြာ** ။ စေတီတော်၏ (သိန်းငါးဆယ် မတည်အလှူရှင် ဦးချစ်ဖွယ်+ဒေါ်ကြည်ကြည်ဝင်း) ဩဟ်ခွင်မှာ အဝင်တံခါးနေရာ။

**(၇) စနေ** ။ မိခင်ကြီးဒေါ်ကျင်နုနှင့် သမီးမကျင်ဝုဏ်၊ မမြမြဝေ၊ သားကိုဟုတ် မိသားတစ်စု။

**(၈) ရာဟု** ။ ဦးစိန်ဝင်း+ဒေါ်နီနီ "မနီနီဆေးဆိုင်" မိသားတစ်စု။

ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်တွင် အရံစေတီရှစ်ဆူ တည်လှူပူဇော်တော်မူထားပြီးပါပြီ။ နိဗ္ဗာန်ရည်မှန်း အမြုတ်လမ်းလျှောက်လှမ်းသူများမှာ


**(၁) တနင်္ဂနွေ** ။ ကျေးဇူးရှင် မိဘများဖြစ်ကြသော (ဦးအင်ဇွမ်း+ဒေါ်ရှုဝမ်)တို့အား ရည်စူး၍ ဦးသိန်းလွင် (ကုန်စုံဆိုင်)သားသမီး မြေးတစ်စု။

**(၂) တနင်္လာ** ။ နှစ်ဖက်သော မိဘများအား ဦးထိပ်ထားလျက် ဦးခင်ထွန်း+ဒေါ်သင်းသင်းအေး မိသားစု သီရိလမ်းပန်းတနော်မြို့။

**(၃) အင်္ဂါ** ။ ဦးအေးမြင့်+ဒေါ်ခင်စန်းဦး(မြတ်မင်္ဂလာ အိမ်ဆောက် ပစ္စည်းရောင်းဝယ်ရေး) မိသားစု။

**(၄) ဗုဒ္ဓဟူး** ။ နှစ်ဖက်သော မိဘများအား ဦးထိပ်ထားလျက် ဦးငွေဝင်း+ဒေါ်ရှုယဉ်၊ သမီးမဟာန်နီဝှုးဇင်၊ မကြည်ဖြူဝှုးဇင် (ချမ်းမြေ့ရိပ်သာစတိုးပွဲရုံ) မိသားစု။

**(၅) ကြာသပတေး** ။ နှစ်ဖက်သော မိဘများအား ဦးထိပ်ထားလျက် ဦးခင်မောင်ဆွေ+ဒေါ်မြင့်မြင့်၊ သားမောင်ထွန်းထွန်းလင်း+သမီး မဒီသန္တာဆွေ၊ မသဲသက်ပိုင်ဆွေ (မောင်မောင်ဆွေသင် ရောင်းဝယ်ရေး) မိသားစု။



လုပ်အားပေး ဆရာမများ

www.burmeseclassic.com

www.burmeseclassic.com

(၆) သောကြာ ။ ဦးဆန်နီ+ဒေါ်ခင်စန်းတင့်၊ သမီး မသက်စုဝေ မိသားစု။

(၇) စနေ ။ ဦးသာဒွန်း+ဒေါ်မြင့် (ဟိန်းမြင့်စံကုန်စုံဆိုင်) မိသားစု။

(၈) ရာဟု ။ ကျေးဇူးရှင် ဖခင်ကြီး ဦးညွန့်တင်၊ မိခင်ကြီး ဒေါ်ကျင်ပိုတို့အား ဦးထိပ်ထားလျက် သမီးများဖြစ်ကြသော ဆရာလေး မဥတ္တရာထေရီ၊ ဒေါ်ရှုကြည်၊ မခွေခွေမြင့်၊ မခွေခွေငြိမ်း(သဇင်မ) အထည်စတိုးဆိုင် မိသားစုတို့ဖြစ်ပါသည်။

နေ့အလိုက် ကြိုပ်ရှစ်ခွင်အလှူရှင်များ၊ ရှစ်မျက်နှာကြေးဆင်းတုအလှူရှင်များ၊ ရှစ်မျက်နှာကျောက်ဆင်းတုအလှူရှင်များနှင့် ရှစ်မျက်နှာ အရံစေတီရှစ်ဆူ အလှူရှင်များမှာ ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော် စေတီတော်၏ မတည်အလှူရှင်များဖြစ်ပြီး စုစုပေါင်း မတည်လှူဒါန်း ငွေများမှာ စေတီတော်ကြီး ထီးတော်တင်လှူပြီးစီးသည်အထိ အကြမ်းကုန်ကျငွေ ၂၅၈ သိန်းဖြစ်သည်။

ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော်ကို ပိုမိုကြည်ညိုဖွယ်ရာဖြစ်အောင် မျက်နှာကြက်ပန်းချီ ရေးဆွဲရန် လှူဒါန်းသူများ၊ နံရံဆေးရေးပန်းချီ ရေးဆွဲရန် လှူဒါန်းသူများ၊ ရွှေသင်္ကန်းကပ်လှူပူဇော်လှူဒါန်းသူများ၊ ရွှေပြားကပ်လှူပူဇော်သူများ စသော မွမ်းမံပြင်ဆင် လှူဒါန်းသူများစာရင်းနှင့် လှူဒါန်းငွေများကိုလည်း သာဓုသံဝေခေါ်နိုင်စေရန် စေ့ခေါ်စေတနာဖြူစင်စွာဖြင့် ဖော်ပြလိုက်ပါသည်။

(၁) အလှူဒါယကာ ဒါယိကာမများ ဖြစ်ကြသော ဦးချစ်ဖွယ်နှင့် ဇနီးဒေါ်ကြည်ကြည်ဝင်း မိသားစု သိန်းငါးဆယ်။

(၂) ဦးတုနှင့် ဒေါ်ကျင်ရံတို့ကို ရည်စူး၍ သမီး မမြင့်စန်း အလှူတော်ငွေ နှစ်သိန်း။

(၃) ကိုသိန်းဇော်နှင့် ဇနီးမဝေဝေမြင့်(ယူကေ့စိန်) မိသားစု လှူဒါန်းငွေ နှစ်သိန်း။

(၄) ဦးအေးမြင့်နှင့် ဇနီးဒေါ်ခင်ခင်နီ မိသားစု တစ်သိန်း။

(၅) ဦးစံချွန်နှင့် ဇနီးဒေါ်စန်းမြင့် မိသားစု တစ်သိန်း။

(၆) ကွယ်လွန်သူ ဦးလှအောင်ကို ရည်စူး၍ အမေငြိမ်းမိသားစု လက်ပန်ကုန်းရွာ အလှူငွေ တစ်သိန်း။

(၇) ဦးအုန်းကြည်နှင့် ဇနီးဒေါ်ခင်စီ မိသားစု တစ်သိန်း။

(၈) ဦးကျော်စိုးနှင့် ဇနီးဒေါ်ခင်ငြိမ်း (အင်ကြင်းမိသားစု) ကိုးသောင်း။

(၉) ရှိုကျော်သူနှင့် ဇနီးမထိုက်မိသားစု ငါးသောင်း။

(၁၀) ကွယ်လွန်သူ ဦးထွန်းရွှေနှင့် ဇနီးဒေါ်တင်ညွန့်တို့ကို ရည်စူး၍ ဆရာကြီးဦးထွန်းအောင် မောင်နှမတစ်စု လှူဒါန်းငွေ ငါးသောင်း။

(၁၁) မလှလှနှင့် မခင်အေး၊ တူဖြစ်သူ မောင်သက်ထွန်းမိသားစု လှူဒါန်းငွေ ငါးသောင်း။

(၁၂) ကိုတင်မောင်သန်းနှင့် ဇနီးမဇာဇာလင်း မိသားစု ငါးသောင်း။

(၁၃) ကိုအောင်ကိုစိုးနှင့် ဇနီးမဝင်းဝင်းအေး မိသားစု ငါးသောင်း။

(၁၄) ကြွေပြားအလှူရှင် ဦးသန်းအေးနှင့် ဇနီးဒေါ်ခင်မြင့် နှစ်သိန်း။

(၁၅) ဦးကြည်ယုနှင့် ဇနီးဒေါ်ကျင်ဝှက် (ဇော်မုန့်ဆိုင်မိသားစု) တစ်သိန်း။

(၁၆) ဦးပဥ္စင်းလှကြည် မိသားစု ငါးသောင်းနှင့်

(၁၇) ကိုသန်းထွန်းနှင့် ဇနီးမသိန်းသိန်းလှိုင်တို့၏ လှူဒါန်းငွေ နှစ်သိန်းနှင့် ပေါင်းလျှင် မွမ်းမံပြင်ဆင်မှုအစုစုအတွက် ၆၅ သိန်း ၉ သောင်း ဖြစ်ပါသည်။

ဆုတောင်းပြည့် ကိုးနဝင်းကပ်ကျော်စေတီတော် ထီးတော်တင်လှူပြီးစီးအောင် ပွဲခံသည်အထိ အကြမ်းကုန်ကျ ငွေသိန်းပေါင်း ၂၅၈ ဖြစ်ပြီး မွမ်းမံပြင်ဆင်မှု အစုစုအတွက် ၆၅ သိန်း ၉ သောင်းနှင့် အထွေထွေ ဝေယျာဝစ္စကုန်ကျစရိတ် အပါအဝင် သိန်းပေါင်း ၃၅၀ နီးပါး လှူဒါန်းပူဇော် သာဓုခေါ်ခဲ့ပြီးဖြစ်သည်ကို မှတ်တမ်းတင်ပါသည်။

မှတ်တမ်းတင်ပြီးသော ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်၊ ပန်းတနော်မြို့ မြို့ကွက်သစ်(၂) ရှိ မထီရတနာဘုန်းတော်ကြီးကျောင်း၏ သာသနာ့မြေပေါ်၌ တည်လှူပူဇော်တော်မူပြီးသော ဆုတောင်းပြည့်ကိုးနဝင်းကပ်ကျော်စေတီတော်ကို အဝေးမှ ဖူးမြော်ပူဇော်ရသည်မှာပင် လွန်စွာ ကြည်ညိုစရာ ကောင်းလွန်းလှပါဘိ။

***



www.burmeseclassic.com

www.burmeseclassic.com

မဏိရတနာ ဘုန်းတော်ကြီးကျောင်း၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ) ပြုလုပ်ဆောင်ရွက်ပြီးစီးသော သာသနာ့မှုမြတ်ကောင်းမှုများ စွာရှိသည့်အနက် အချို့ကို အကျဉ်းမျှဖော်ပြပါမည်။ အကျယ် ကို ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ)၏ ထေရုပ္ပတ္တိစာအုပ် ပြုစုထုတ်လုပ်ဖြန့်ချိသောအခါ ထည့်သွင်း မည်ဖြစ်ပါသည်။

### ပူဇော်အားထား နဂါးရုံဘုရား

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင် တည် လှူပူဇော်တော်မူခဲ့ပြီး ဉာဏ်တော် ၁၅ ပေမြင့်သည်။ မတည် အလှူရှင် လေးဦးနှင့် မြို့ကွက်သစ်(၂)ရှိ အလှူရှင် အလှူ့ အမများက စေတနာသုံးတန် ပြတ်သားစွာ လှူဒါန်းထားခြင်း ဖြစ်ပါသည်။

### သာသနာ့ဂုဏ်ဖော် မဏိရတနာသိမ်တော်

ရှေးနှစ်ပေါင်းများစွာကတည်းက လှူဒါန်းထားခဲ့သော သိမ်တော်ကြီးဖြစ်သည်။ မူလပထမ အလှူရှင်မှာ ဦးကျင်စံ နှင့် ဇနီးဒေါ်သောင်းရှင် မိသားစုဖြစ်သည်။ ဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ)နှင့် ဦးကြီးဦးပြုံးရင်တို့၏ ဦးဆောင်ညွှန်ကြားမှုကို ခံယူပြီး မူလသိမ်တော်ဟောင်းကို ပြုပြင်မွမ်းမံကာ ဒုတိယသိမ်တော် လှူဒါန်းသူများမှာ ဦးကျော် စိန်နှင့် ဇနီးဒေါ်အောင်ညွန့် သားသမီးမြေးမြစ်တစ်စု ဖြစ်သည်။

### သာသနာ့ဂုဏ်ဖြစ် မဏိရတနာဇရပ်

မဏိရတနာသိမ်တော်အလှူရှင် ဦးကျော်စိန်နှင့် ဇနီးဒေါ်အောင်ညွန့် မိသားစုများက ၁၃၇၅ ခုနှစ်တွင် ဗုဒ္ဓ နွယ်ဝင် သူတော်စင်များ ဝါတွင်းဝါပ ဥပုသ်ဆောက်တည်ရန် ရည်ရွယ်မတည်ကာ အများကောင်းမှု ပေါင်းစုလှူဒါန်းခဲ့ခြင်း ဖြစ်သည်။

### သာသနာ့ဂုဏ်ကျော် မဏိရတနာဓမ္မဗိမာန်တော်

သာသနာ့အလုပ် ငါ့အလုပ်၊ သာသနာ့တာဝန် ငါ့တာ ဝန်ဟု သဘောထားကြီးမားစွာဖြင့် သာသနာပြုနေသော မဏိ ရတနာကျောင်း၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ)၏ ပါရမီကို ဖြည့်သောအား ဖြင့် ရပ်နီးရပ်ဝေးရှိ ဆရာတော်၏ တပည့်ရဟန်း သံဃာ များ၊ ယောဂီများ၊ ဒါယကာ၊ ဒါယိကာမများက ၁၃၇၅ ခုနှစ် တွင် ဆောက်လုပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

### သာသနာ့နန်းဒေါ် မိုးကောင်းစေတီတော်

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်နေ ဦးခင်မောင်ရွှေ (ဒီဂရီကောလိပ်ကျောင်းအုပ်ကြီး-ငြိမ်း)နှင့် ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နေ (ဦးမောင်စု+ ဒေါ်သန်းနွဲ့)တို့၏ သမီးဒေါ်ခင်သိန်းဦး(ခ)နီနီ (ဆရာမ-ငြိမ်း) တို့ကို အမှူးထား၍ သား ကိုကျော်ဇေယျ + မနီလာမြင့်၊ ကိုအောင်သူရ၊ မြေးအိမ့်သံစဉ်မှူး၊ သန့်ဖြူစင်ဦးတို့က ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်နေ့တွင် အောင်ပွဲဆင် ထီးတော်တင်လှူပူဇော်ပြီးသည်အထိ စေတနာသုံးတန် ပြတ် သားစွာ လှူဒါန်းခဲ့ခြင်းဖြစ်ပါသည်။

### သာသနာ့မဂ်လမ်း သဲအင်းဂူတရားစခန်း

"မဏိရတနာဓမ္မဗိမာန်တော်"၏ ဒုတိယထပ်တွင် အခါအားလျော်စွာ ဖွင့်လှစ်ခြင်းဖြစ်သည်။ နှစ်စဉ် ယောဂီ ၅၀ မှ ၁၀၀ ကြား တရားဝင် တရားအားထုတ်သည်။ တရား ပြသည့် ဆရာသမားများမှာ မဏိရတနာကျောင်းဝိုက် ဆရာ တော်ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ)၊ သွားစိုက်ဆရာ ဆရာဦးကြည်နှင့် မယ်တော်ကြီး ဒေါ်ကုသလဝတီ ဖြစ်သည်။

### ကဝိပညာဘဏ်တိုက် မဏိရတနာစာကြည့်တိုက်

ဓမ္မဗိမာန်တော်၏ တတိယထပ်တွင် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်(ဟောင်း) ဦးသန့်၏ စာအုပ်များ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနု ၏ စာအုပ်များ၊ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင် ဆန်း၏ စာအုပ်များ၊ ပန်းတနော်မြို့ မြတောင်စာသင်တိုက် ၏ ဒုတိယဆရာတော် ဘဒ္ဒန္တကုမာရ (စာရေးဆရာ မြထိပ်တင် ပန်းတနော်)၏ စာအုပ်များ စသည့် စာအုပ်ကောင်းများနှင့် အခြား သုတ၊ ရသ စာအုပ်များ၊ စာနယ်ဇင်းများ ရှိသည်။

***



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ (သဒ္ဓမ္မဇောတိကာဓဇ) သည် ဘာသာရေး၌သာ စွမ်းဆောင်သည်မဟုတ်။ ပညာရေးကိုလည်း အလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။

## ပညာဆင့်လောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း

၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစ၍ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို စတင်ဖွင့်လှစ်သင်ကြားသင်ယူခွင့်ရအောင် ဆောင်ရွက်ခဲ့သည်။ ထိုစဉ်ကာလများက မူလတန်းအဆင့်သာ ရှိသည်။ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် မူလတန်းကျောင်းသား ကျောင်းသူပေါင်း ကျား ၅၉၊ မ-၄၄၊ စုစုပေါင်း ၁၀၃ ဦး ရှိသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှစ၍ "မူလတန်းလွန်အဆင့်"အထိ သင်ကြားမှု သင်ယူမှု ခွင့်ပြုမိန့်ရခဲ့သည်။ ထိုစဉ်က "မူလတန်း" ကျား ၈၄၊ မ ၇၄၊ စုစုပေါင်း ၁၅၈ ယောက်ရှိပြီး အလယ်တန်း ကျား-၁၄၊ မ-၂၊ စုစုပေါင်း ၁၆ ယောက်ရှိသည်။ မူ/လွန် ဖွင့်စနှစ်ဖြစ်၍ ပဌမတန်းသာ ရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ္တမတန်းအထိ ရှိနေပေပြီ။ မူလတန်း ကျား ၆၈၊ မ ၇၄၊ စုစုပေါင်း ၁၄၂ ယောက်ရှိကာ အလယ်တန်း ကျား ၃၁၊ မ ၁၈၊ စုစုပေါင်း ၄၉ ယောက် ရှိနေပြီဖြစ်သည်။

လုပ်အားပေး ဆရာမများမှာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အထိ ၂၁ ဦး ရှိသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လုပ်အားပေး ဆရာမ ၁၁ ဦး ရှိသည်။ ထိုလုပ်အားပေး ဆရာမများမှာ (၁) ဒေါ်စန်းစန်းထိုက်(ဝိဇ္ဇာပထဝီဝင်)၊ (၂) ဒေါ်ကျင်ကျင်လှိုင်(တက္ကသိုလ်ဝင်တန်း)၊ (၃) ဒေါ်ဇင်မာဦး (ဝိဇ္ဇာစီးပွားရေး)၊ (၄) ဒေါ်နှင်းနှင်းသိန်း (ဝိဇ္ဇာမြန်မာစာ)၊ (၅) ဒေါ်အေးအေးယု(တက္ကသိုလ်ဝင်တန်း)၊ (၆) ဒေါ်ခင်သန္တာ (ဝိဇ္ဇာမြန်မာစာ)၊ (၇) ဒေါ်နီနီဝင်း (ဝိဇ္ဇာပထဝီဝင်)၊ (၈) ဒေါ်လှလှမိုး (တက္ကသိုလ်ဝင်တန်း)၊ (၉) ဒေါ်သဲမာသိန်း(တက္ကသိုလ်ဝင်တန်း)၊ (၁၀) ဒေါ်နီလာခင် (ဝိဇ္ဇာ၊ မြန်မာစာ)နှင့် (၁၁) ဒေါ်သဲသဉ္ဇာအောင်(ဝိဇ္ဇာ၊ မြန်မာစာ)တို့ ဖြစ်သည်။

သီးသန့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း မဆောက် လုပ်နိုင်သေးသောကြောင့် မဃဒိရတနာဇရပ်တွင် သူငယ်တန်း KG တန်းကို သင်ကြားမှု သင်ယူမှုအတွက် အသုံးပြုနေရပြီး အခြားအတန်းများကို မဃဒိရတနာဗိမာန်တော်ကြီး"အောက်ထပ်ကို အသုံးပြုနေရပါသည်။

ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသသည် အလျား ၁၀၀ ပေ၊ အနံ ၃၀ ပေရှိသော ဘုန်းတော်ကြီးသင် မူလတန်းလွန် နှစ်ထပ်တိုက်ကျောင်းဆောင်ကြီးကို ဆောက်လုပ်ရန် ရည်ရွယ်လျာထားပြီးဖြစ်၍ ဆရာတော်၏ ပညာပါရမီကိုဖြည့်စွမ်းသောအားဖြင့် ရပ်နီးရပ်ဝေးမှ အလှူရှင်များက အောက်ဖော်ပြပါ ဖုန်းများနှင့် ဆက်သွယ်ကာ နည်းများမဟူ ကုသိုလ်ပါဝင်ယူကြပါရန် လေးစားစွာ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဆက်သွယ်ရန် ၀၄၆/၃၀၁၉၁၊ ၀၉/၄၅၁၂၄၅၄၅၇

×××

သာသနာပြုပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်တော်မူသော မဃဒိရတနာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၏ နိဒါန်းမျှသော ထေရုပ္ပတ္တိအကျဉ်းကိုလည်း သိရှိကာ ကုသိုလ်ယူ ပူဇော်နိုင်ရန် ဖော်ပြလိုက်ပါသည်။

## ဆရာတော်ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကာဓဇ)၏ နိဒါန်းမျှသော ထေရုပ္ပတ္တိအကျဉ်း

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဂုံညင်းတန်းကျေးရွာသား ဦးစံကွန်းနှင့် ဇနီးဒေါ်စိန်ခတို့သည် ၁၃၂၁ ခု၊ တပို့တွဲလဆန်း ၁၁ ရက် တနင်္ဂနွေနေ့တွင် သားတစ်ယောက် မွေးဖွားသန့်စင်ရာ "မောင်အေးသွင်"ဟု နာမည်ပေးခဲ့သည်။

မောင်အေးသွင်သည် ဂုံညင်းတန်းကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တနန္ဒမာလကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေဘောင်သို့ဝင်သောအခါ ရှင်အာဒိစ္စဝံသ ဖြစ်ခဲ့သည်။

ရှင်သာမဏေဘဝဖြင့် ရှင်အာဒိစ္စဝံသသည် ငါး[illegible] တိုင်တိုင် သီတင်းသုံးပြီးနောက် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၊ မရဲရွာသစ်ကျေးရွာ၊ ဘုန်းတော်ကြီးကျော[illegible] ရှိ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တ[illegible] မထေရ်ကို ဥပဇ္ဈာယ်ပြုကာ မြင့်မြတ်သော ရဟန်းဘောင်သို့

www.burmeseclassic.com

တက်ရောက်သောအခါ ဘွဲ့တော်မှာ ဘဒ္ဒန္တအာဒိစ္စဝံသဖြစ်သည်။

ရဟန်းတော် ဘဒ္ဒန္တအာဒိစ္စဝံသသည် -

(၁) ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဂုံညင်းတန်းဆရာတော် ဘဒ္ဒန္တနန္ဒမာလာနှင့် ဘဒ္ဒန္တသြဘာသ ဆရာတော်များထံမှ အခြေခံပရိယတ္တိစာပေများ သင်ယူခဲ့သည်။

(၂) ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲ စသောလေးမြို့နယ်၌ ပြုလုပ်သည့် သုမေ္မာပရိယတ္တိစာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့သည်။

(၃) အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် နိုင်ငံတော်သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ကို ခံယူပြီး "အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍိတာဘိဝံသ"ဆရာတော်၏ စောင့်ရှောက်မှုကို ခံယူပြီး မဟာဂန္ဓာရုံဆရာတော်ကြီးများထံမှ အခြေခံစာပေများနှင့် အထက်ကျမ်းစာများအထိ လေ့လာသင်ယူဆည်းပူးခဲ့သည်။

နိုင်ငံတော်အစိုးရ၏ သဒ္ဓမ္မဇောတိကဓဇဘွဲ့တော် ဆက်ကပ်တော်မူခြင်းခံခဲ့ရသော မဏိရတနာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တာဘာဒိစ္စဝံသသည် -

(၁) နိုင်ငံတော်အစိုးရက စစ်ဆေးသော ပထမငယ်တန်းကို မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပညာသင်ယူနေစဉ် ၁၃၄၁ ခုနှစ်၌ အောင်မြင်တော်မူခဲ့သည်။

(၂) ပထမလတ်တန်းကိုလည်း ၁၃၄၃ ခုနှစ်တွင် အောင်မြင်တော်မူပါသည်။

(၃) ၁၃၄၆ ခုနှစ်တွင် ပထမကြီးတန်းကို အောင်မြင်တော်မူပြီး ဓမ္မာစရိယတန်း စာဝါများကိုလည်း သင်ယူလေ့လာ ဆည်းပူးခဲ့ပါသည်။

ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ(သဒ္ဓမ္မဇောတိကဓဇ) ၏ သာသနာပြု မြတ်ကောင်းမှုများမှာ-

(၁) အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ ဂဏဝါစကစာချဆရာတော်အဖြစ် ၁၉၇၅ မှ ၁၉၇၈ အထိ ဆောင်ရွက်တော်မူခဲ့ပြီး

(၂) ၁၉၈၁ မှ ၁၉၈၈ အထိ ရှစ်နှစ်တိုင်တိုင် တောင်ဒဂုံမြို့နယ်၊ (၂၀)ရပ်ကွက်ရှိ အတုလာရာမစာသင်တိုက်၌ တာဝန်ခံစာချဆရာတော်အဖြစ် ဆောင်ရွက်တော်မူကာ ပန်းတနော်မြို့သို့ ပြန်လည်ကြွရောက်တော်မူသောအခါ

(၃) ပန်းတနော်မြို့၊ မြို့ကွက်သစ်(၂)ရှိ မဏိရတနာဘုန်းတော်ကြီးကျောင်းတွင် သီတင်းသုံးခဲ့သည်။ ၂၀၀၇ ခုနှစ်သို့ ရောက်သောအခါ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းအဖြစ် ဖွင့်လှစ်ခွင့်ရအောင် ဆောင်ရွက်ပြီး ဖွင့်လှစ်ခဲ့သည်။

(၄) ထို့ပြင် နှစ်စဉ် သံဃာတော်အပါး ၄၀ ကို ပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်းဆိုင်ရာ စာပေများကိုလည်း ပို့ချတော်မူလျက် ရှိပါသည်။

(၅) ဆရာတော်သည် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်မှစ၍ ရဟန်းတော်များ၊ ရှင်သာမဏေများနှင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းသူ၊ ကျောင်းသားများကို နှစ်စဉ် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားပေးတော်မူလျက် ရှိပါသည်။

(၆) သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တော်ရ ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဆင့် ဖွင့်လှစ်ခွင့်ရအောင် ဆောင်ရွက်ပေးတော် မူခဲ့သောကြောင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သတ္တမတန်းအထိ သင်ကြားမှု သင်ယူမှု ပြုလုပ်လျက်ရှိနေပေပြီ။

xxx

သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ်နှင့် ပြည့်စုံတော်မူသော မဏိရတနာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ (သဒ္ဓမ္မဇောတိကဓဇ) သည် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသည့် လုပ်ငန်းများကိုသာ စွမ်းစွမ်းတမံ ဆောင်ရွက်အားထုတ် ကြိုးစားတော်မူသည် မဟုတ်။ အခြားသော လူမှုရေး ကျန်းမာရေး ပညာရေး လုပ်ငန်းများကိုလည်း တတ်အားသမျှ ပါဝင်လှူဒါန်း ဆောင်ရွက်တော်မူလျက်ရှိသော သာသနာ့အာဇာနည်ဆရာတော်တစ်ပါးအဖြစ် လေးစားရိုသေစွာ ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

ပန်းတနော် နောင်လတ်



www.burmeseclassic.com

www.burmeseclassic.com

# ကြည့်ညိုဖွယ်ရာ
# မြတ်ဗုဒ္ဓ၏ မုဒြာများ

ပထမံဆရာကြီးဦးအောင်သူ

## စီဝရတ ဟတ္ထ

လက်တစ်ဖက်ဖက်တွင်ဖြစ်စေ၊ နှစ်ဖက်စလုံးတွင်ဖြစ်စေ၊ သင်္ကန်းကိုးမျိုးအနက် တစ်မျိုးမျိုးကို ဆုပ်ကိုင်ထားဟန်။ (သင်္ကန်းအဓိဋ္ဌာန်တင်နေဟန်၊ ဝိကပ္ပနာပြုနေဟန်၊ စကြိုကြွနေဟန်) သီလစခန်း၊ ခန္တီစခန်း၊ အဓိဋ္ဌာန်စခန်းတို့ကို ဖော်ပြနေဟန်။

### အကျိုးကျေးဇူး

ဤစီဝရ ဟတ္ထရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် အဝတ်ပုဆိုး၊ အဆင်တန်ဆာ အမျိုးမျိုး ပေါများစွာ ရရှိခြင်း၊ မိမိအဝတ်ပစ္စည်းများ ကြွက်ကိုက်၊ ခြစားခြင်း၊ မီးလောင်ခံရခြင်း၊ သူခိုးခိုးယူလုယက်ခံရခြင်း စသော နိမိတ်ဆိုး၊ ကြမ္မာဆိုးများမှ လွတ်ကင်းချမ်းသာကြောင်းနှင့် အင်္ဂုတ္တရနိကာယ်နှင့် ဝိနယပိဋကများတွင် ဟောကြားထားသည့်အတိုင်း သင်္ကန်းလှူဒါန်းရခြင်း၊ ကထိန်လှူသင်္ကန်းပုဆိုးလှူဒါန်းရခြင်း၏ အကျိုးထူးတရားများကို ခံစားစေနိုင်၏။

## စိန္တမုဒြာ

လက်မထိပ်များနှင့် လက်ညှိုးကို ထိထားပြီး အခြားလက်ချောင်းများကို ထောင်ထားကာ လက်ဝါးကို အပြင်ဘက်သို့ ပြထားသော ဟန်ဖြစ်သည်။ လက်ကို ရင်ဘတ်နှင့် ကပ်၍ထားတတ်သည်။ တစ်ခါတစ်ရံ လက်ကို ရှေ့သို့ထုတ်ပြီး လက်မလက်ညှိုးကွင်း၍ အောက်နိမ့်ပြီးပြထားသောဟန်။

(တပည့်သာဝက အပေါင်းတို့အား တရားသဘော ရှင်းလင်းသော ပြောနေသည့်ဟန်)

ရှာန်သမာဓိလုပ်ငန်း သမထလမ်းကိုညွှန်ပြ၍ တရားသဘောကို ရှင်းလင်းဟောပြနေသည့် သဘောဖြစ်သည်။

### အကျိုးကျေးဇူး

ဤစိန္တမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် ကောင်းမြတ်သော အကြံအစည်များ ပေါ်ပေါက်လာခြင်း၊ သမထ ပေါက်မြောက်ခြင်း၊ သိဒ္ဓိပြီးစီးခြင်း၊ တရားထူးတရားမြတ်ကို ရရှိခြင်း၊ ပညာထူးရရှိခြင်း၊ လျှို့ပညာ မှော်ပညာတတ်မြောက်ခြင်း၊ ပညာဉာဏ်ထက်မြတ်ခြင်း အကျိုးထူးများရ၏။

## ကဋကဟတ္ထ

လက်ချောင်းကလေးများ၏ ထိပ်ဖျားနှင့် လက်မကို ထိကာ စက်ကွင်းထဲသို့ ဝိုင်း၍ပြထားသောဟန်။ (ဒါနပါရမီစခန်းကို ညွှန်ပြသည့်ဟန်) မြတ်နိဗ္ဗာန်ကို ရည်မှန်းပြီး လှူဖွယ်ဝတ္ထု တစ်စုံတစ်ရာ ယူဆောင်လာ၍ ရှိသေလေးမြတ်စွာ ပူဇော်သက္ကာရဒါနအမှုပြုကြရန် တိုက်တွန်းတော်မူသည့် သဘော ဖြစ်သည်။

### အကျိုးကျေးဇူး

ဤကဋကဟတ္ထ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် "ကျက်သရေမင်္ဂလာ တိုးပွား၊ စီးပွားတိုးတက်လာဘ်ရွှင်၊ လက်ဆောင်ပဏ္ဏာရ၊ စီးပွားဥစ္စာ လာဘ်ပဏ္ဏာတိုးတက်၍ ကျက်သရေမင်္ဂလာအပေါင်းပြည့်ဝစေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ကရဏမုဒြာ

လက်တစ်ဖက်ဖက်ကို အပြင်ဘက်သို့ ဖြန့်ထားပြီးလျှင် လက်သန်းနှင့် လက်ညှိုးနှစ်ချောင်းကိုသာ ထောင်ပြထား၍ ကျန်လက်သူကြွယ်နှင့် လက်ခလယ်နှစ်ချောင်းကို လက်မဖြင့် ဖိနှိပ်ထားသောဟန်။ (စိတ်ညှို့သောသဘော၊ မက်မောစွဲလမ်းသော သဘောတရားကို ဖော်ပြလိုသောဟန်)

### အကျိုးကျေးဇူး

ဤကရဏမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ် သောသူအပေါင်းသည် လူချစ်လူခင်ပေါ်များခြင်း။ စွဲလမ်းတပ်မက်စေခြင်း။ ဆန့်ကျင်ဘက် ရန်သူကို နှိမ်နင်းထားနိုင်ခြင်း။ အနုဗျဉ်းသိဒ္ဓိအဝဝကို အောင်မြင်ပြည့်စုံနိုင်၏။

## ဓျာနမုဒြာ

လက်နှစ်ဖက်ကို ပေါင်ခွင်ပေါ်တွင် လက်ဝါးနှစ်ဖက်စလုံး လှန်၍ လက်ယာလက်ဝါးသည် လက်ဝဲလက်ဝါးပေါ်တွင် ထပ်ပြီးလျှင် မတောင့်မတင်းစေပဲ အကြောများကို လျှော့ထားသော သက်သက်သာသာ တင်ထားသောပုံဟန်။

(တရားအားထုတ်ရန် (သို့) ဈာန်ဝင်စားနေသည့်ဟန်)

ဗောဓိပက္ခိယ တရားများအနက် အဓိကထားသော ဈာန်တရား သမထလုပ်ငန်း အကျင့်စခန်း၌ ဈာန်ဝင်စားနေ ပုဂ္ဂိုလ်၏စိတ်သည် အလွန်ကြည်လင် သန့်ရှင်းရကား အဆုံးအပိုင်းအခြားမရှိ တောက်ပြောင်ထွန်းလင်းသော ဉာဏ်အလင်းရောင်ရှိတော်မူဟန်။

### အကျိုးကျေးဇူး

ဓျာနမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် တည်ကြည်ငြိမ်သက်ခြင်း။ ဓာတ်သဘော အပြည့်အဝရရှိခြင်း။ စိတ်ဝေဒနာ သောကပရိဒေဝကင်းငြိမ်းခြင်း။ ဉာဏ်ပညာတိုးတက်ပွင့်လင်းခြင်း။ တရားထူးရလွယ်ခြင်း။ သမထပေါက်လွယ်ခြင်း။ ထွက်ရပ်ပေါက်လွယ်ခြင်း။ သိဒ္ဓိပြီးခြင်း။ မကောင်းကျိုးဟူသမျှ လောင်းကျွမ်းချုပ်ပျောက်ခြင်း။ တိုင်းပြည်ရပ်ရွာအေးချမ်းသာယာတည်တံ့ငြိမ်သက်စေခြင်း အကျိုးများရ၏။

## ဉာဏ မုဒြာ

လက်နှစ်ဖက်စလုံးကို နှလုံးသားတည်ရာ ရင်ဘတ်ဆီသို့ မြှောက်ချီကာ လက်ဝါးများကို ရင်ဘတ်ပေါ်သို့ လှည့်ထားပြီးလျှင် လက်မနှင့် လက်ခလယ်တို့ကို ထိ၍ထားသောဟန်။ (ပု၊ ဒိ၊ အာ ဉာဏ်စဉ်များ ဟောပြောနေသည့်ဟန်) အသိဉာဏ်ပညာဗောဓိဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်တည်းဟူသော သဘောတရားများကို ညွှန်ပြလိုသော သဘောပညာ ပါရမီစခန်းကို အဓိကထားညွှန်ပြ၍ ပဋိစ္စသမုပ္ပါဒ်နှင့် ဗောဇ္ဈင်တရားများကို ပဓာနအားဖြင့် ညွှန်ပြဟန်။

### အကျိုးကျေးဇူး

ဤဉာဏမုဒြာရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် အသိဉာဏ်ပညာ ပွင့်လင်းတိုးပွားခြင်း။ တရားအဆင့်တက်ခြင်း။ အမှားအမှန်ကို ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်သော အသိဉာဏ်ပညာရှိခြင်း အကျိုးများရ၏။

## ပဒုမာ ဟတ္ထ

လက်တွင် ကြာပန်းကို ကိုင်ထားဟန် ပဒုမာကြာသည် ဖြူစင်သောသဘော လန်းဆန်းသောသဘောကိုဆောင်သည်။ မင်္ဂလာရှိခြင်း။ အေးမြချမ်းသာခြင်း။ ဖြူစင်သန့်ရှင်းခြင်း။ ကိလေသာမှ ကင်းစင်ခြင်း။ မေတ္တာတရား အပြည့်အဝရှိခြင်း။ အကျိုးပေးသန့်ရှင်းခြင်း။ ဘုန်းတန်ခိုးကြီးခြင်း စသောကောင်းမြတ်သော အနက်သဘောဆောင်ဟန်။

### အကျိုးကျေးဇူး

ဤပဒုမာဟတ္ထ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် မင်္ဂလာရှိခြင်း။ ဖြူစင်သန့်ရှင်းရောဂါကင်းခြင်း။ အနာရောဂါကင်းခြင်း။ ဘေးဥပါဒ်အန္တရာယ်မငြိတွယ်ခြင်း။ ဘုန်းတန်ခိုးကြီးမားခြင်း။ တင့်တယ်ခြင်း။ ချစ်ခင်ကြင်နာသူပေါ်များခြင်း။ ကျော်စောခြင်း။ ကျက်သရေတိုးခြင်း အကျိုးထူးများ ရ၏။

## ဓမ္မစက္က မုဒြာ

လက်ယာဘက် လက်မနှင့် လက်ညှိုးတို့ကို လက်ဝဲ



www.burmeseclassic.com

www.burmeseclassic.com

လက်မ လက်ညှိုးတို့နှင့် ထိထားကာ လက်ယာလက်က စက်ဝိုင်းလှည်းဘီးတစ်ခုကို လည်ပတ်လှည့်တော့မည့်ဟန် ရှိသည်။ လက်နှစ်ဖက်စလုံး ရင်ညွှန့်အထက် နားလောက် ရောက်အောင် မြှင့်ထားသည်။ များသောအားဖြင့် လက်ဝဲလက်သည် လက်ယာလက်ကို ဖုံးထားသည့်ဟန်။ (တရားဦးကို ဟောကြားနေသည့်ဟန်) ဂေါတမမြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီ ရဟန်းများအား ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားနေသည့်ဟန်။

### အကျိုးကျေးဇူး

ဤဓမ္မစက္ကမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် တရားထူးရခြင်း၊ ဉာဏ်ပညာထွန်းကားတိုးတက်ခြင်း၊ အမှန်တရားကို သိလွယ်မြင်လွယ်ခြင်း၊ ယုံမှားသံသယကင်းခြင်း၊ သိဒ္ဓိအမျိုးမျိုး ပြီးစီးပြည့်စုံခြင်း၊ ရာထူးဌာနန္တရတိုးတက်ကြီးပွားခြင်း၊ ဆင်းရဲဒုက္ခအပေါင်းမှ လွတ်ငြိမ်းချမ်းသာခြင်း၊ ရန်သူများ၏ အကြံအစည်အဖျက်အဆီးတို့ကို လွှမ်းမိုးကျော်လွှားနိုင်ခြင်း၊ တန်ခိုးအာဏာစက်ပြင်းပြခြင်း၊ တိုင်းပြည်နိုင်ငံ သာယာဝပြောခြင်း အကျိုးထူးများ ရရှိနိုင်၏။

## ဒမရဟတ္ထ (သန္တသနမုဒြာ)

မုရိုးစည်ငယ်ကလေးကို လက်သန်းနှင့် လက်ညှိုးနှစ်ခုထောင်ထားသည့် ကြားတွင်ညှပ်၍ ပြထားသောပုံဖြစ်သည်။ လက်ခလယ်နှင့် လက်သူကြွယ်နှစ်ချောင်းကို လက်မဖြင့် ဖိထားသောပုံဖြစ်သည်။ လက်ဝါးကိုမူ အတွင်းဘက် ရုပ်တု၏ မျက်နှာဆီသို့ လှည့်ထားဟန်။

### အကျိုးကျေးဇူး

ဤဒမရဟတ္ထ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် တရားဓမ္မနာကြားအားထုတ်ရာတွင် အောင်မြင်ပေါက်မြောက်စေခြင်း၊ စိတ်ရွှင်လန်းတက်ကြွစေခြင်း၊ လောကီစည်းစိမ်ချမ်းသာများကို ရရှိခံစားနိုင်စေခြင်း၊ အနုပညာလောကသားများအတွက် အောင်မြင်မှုများစွာ ပိုင်ဆိုင်စေခြင်း အကျိုးများစွာရ၏။

## ဒါန မုဒြာ

လက်နှစ်ဖက်ကို မြေကြီးသို့ အောက်စိုက်ချထားသော လက်ဝါးကို အပြင်ဘက်သို့ ညွှန်၍ ပြထားသည်။ လက်ချောင်းများကို ဖြန့်ပြထားပြီး တစ်စုံတစ်ခုပေးတော့မည့်ဟန်။ (အလှူပေးဟန်၊ ဆုတောင်းချီးပေးဟန်၊ ဆုပေးဟန်) ဖူးမြော်လာသူတို့အား ကိုးကွယ်လဲလျောင်းအားထားစရာ ရတနာသုံးပါးတည်းဟူသော ဘုရား၊ တရား၊ သံဃာတို့ကို ခံယူကိုးကွယ်ကြပါလော့ဟု တိုက်တွန်းသတိပေးသည့်ဟန်။

### အကျိုးကျေးဇူး

ဒါနမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် လာဘ်ရွှင်ခြင်း၊ ရွှေငွေဥစ္စာရတနာ ဆင်မြင်း စသော စီးပွားရေးတွင် အောင်မြင်ခြင်း၊ ကြွေးမြီဟောင်းများကို တောင်းခံရာ၌ လွယ်လင့်တကူ ရနိုင်ခြင်း၊ သူတစ်ပါးထံမှ လက်ဆောင်ပဏ္ဏာများကို ရခြင်း၊ ခွန်တုတ်ပန္နာပေါ်များကြွယ်ဝစွာရခြင်း၊ တိုင်းပြည်နိုင်ငံတွင် ဆန်ရေစပါးပေါ်များသော အကျိုးများ ရနိုင်၏။

## ကြိပတ္တကဟတ္ထ မုဒြာ

(တိပတာကဟတ္ထ - တြိပဋဟတ္ထ)

သုံးချောင်းထောင်ကြယ်လျာချွန်လက်ဟန် လက်သူကြွယ်ကို လက်မဖြင့် ဖိထားကာ လက်သန်း၊ လက်ခလယ်နှင့် လက်ညှိုးကို သုံးချောင်းကိုထောင်၍ ရှေ့အပြင်ဘက်သို့ လှန်ပြထားဟန်။ (မေတ္တာပါရမီ ပညာပါရမီတို့ကို ရှင်းပြတော်မူဟန်)

### အကျိုးကျေးဇူး

ဤတြိပတ္တကဟတ္ထမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် ဂုဏ်သုံးပါးအပေါင်းကို ဖော်ပြကိုးကွယ်ခြင်းကြောင့် နတ်ဗြဟ္မာများ၏ ချစ်ခင်လေးစားမှုကို ခံယူရခြင်း၊ ဝိဇ္ဇာဉာဏ်ပေါက် အလင်းရောက်ခြင်း၊ ဒုတိယစက္ခုခေါ် ဝိဇ္ဇာဉာဏ်မျက်စိကို ရခြင်း စသော ကြီးကျယ်မြင့်မြတ်သည့် အကျိုးများရ၏။

www.burmeseclassic.com

www.burmeseclassic.com

## တိဿတိရဿ မုဒြာ

လက်ဖဝါးနှစ်ဖက်ကို အပြင်သို့ လှန်ချပြထားလျှင် သော်လည်းကောင်း၊ မြက်ဆုပ်ကို ကြဲဖြန့်ဟန်ပြနေလျှင် သော်လည်းကောင်း ဟိဿဟာတ္ထဟန်။ (လက်နှစ်ဖက်ဖြင့် သမန်းမြက်အလှူခံ၍ ဆုပ်ကြဲဟန်) သောတ္ထိယမြတ်ရိတ်သမား က လှူဒါန်းအပ်သော မြက်ရှစ်ဆုပ်အား လက်နှစ်ဖက်ဖြင့် အလှူခံတော်မူဟန်။

### အကျိုးကျေးဇူး

ဤတိဿတိရဿမုဒြာ ရုပ်ပွားဆင်းတုတော်မြတ် အား ကိုးကွယ်သူအပေါင်းသည် အကြံအစည်အောင်မြင် ခြင်း၊ ဆုထူးလာဘ်ထူးကိုရခြင်း၊ ကံကောင်းခြင်း၊ စည်းစိမ်တိုး တက်ခြင်း၊ ရာထူးဌာနန္တရ အသစ်ရရှိခြင်း၊ တန်ခိုးသိဒ္ဓိထူး ကိုရခြင်း၊ လယ်ယာကိုင်းကျွန်း ဖြစ်ထွန်းအောင်မြင်ခြင်း၊ သီးနှံစပါး ပေါများကြွယ်ဝခြင်း အကျိုးများရ၏။

## တဋ္ဌနီ မုဒြာ

လက်ယာလက်၏ လက်ညှိုးကို အပေါ်သို့ ထောင်ပြ ထားသည်။ ကျန်သော လက်ချောင်းများကို လက်သီးဆုပ်တွင် ကွေး၍ထည့်ထားသည်။ တစ်ခါတစ်ရံ လက်မရော လက် ညှိုးပါ ထောင်နေတတ်သည့်ဟန်။ (သတ္တဝါအပေါင်းတို့အား သတိပေးခြင်း၊ တစ်စုံတစ်ခုပြုလုပ်ရန် ညွှန်ပြနေဟန်)

### အကျိုးကျေးဇူး

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ဘုရား ဖြစ်တော်မူသည်မှစ၍ ကုသိနာရုံပြည်၌ နောက်ဆုံးဩဝါဒ စကား မြွက်ကြားချိန်အထိ သတ္တဝါဝေနေယျတို့အား သတိ ပေး ဆုံးမညွှန်ပြနေသောဟန်။

ဤတဋ္ဌနီမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုး ကွယ်သော သူအပေါင်းအသည် တရားမွေ့ဥတည်ခြင်း၊ စည်း ကမ်းရှိသေတတ်ခြင်း၊ လိမ္မာရေးခြားရှိခြင်း၊ ရန်သူကိုလည်း ကောင်း၊ မကောင်းမှုကိုလည်းကောင်းဟန့်တားနိုင်ခြင်း၊ အာ ဿာစက်ထက်မြက်လာခြင်း စသော အကျိုးထူးများ ရနိုင်၏။

## ဝရမုဒြာ

လက်နှစ်ဖက်ကို အောက်သို့ချကာ လက်ဝါးများကို အပြင်ဘက်လှည့်ပြီး လက်ချောင်းများကို ဖြန့်ချထားသော ဟန်။ (ကောင်းချီးပေးဟန်) (ကောင်းမြတ်သော မင်္ဂလာ အပေါင်းနှင့် သတ္တဝါအများအား ပြည့်စုံစေလိုသောဟန်)

### အကျိုးကျေးဇူး

ဤဝရမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ် သော သူအပေါင်းသည် ကောင်းချီးမင်္ဂလာ ဆုလာဘ်များရရှိ ခြင်း၊ ဆုတောင်းပြည့်ခြင်း၊ ဆန္ဒအတိုင်း ကိစ္စပြီးမြောက်ခြင်း၊ လိုအင်ဆန္ဒ တစ်လုံးတစ်ဝထဲ ပြီးပြည့်စုံခြင်း၊ သစ္စာအဓိဋ္ဌာန် ပြုရာ၌ ထိရောက်ခြင်း၊ ဓာတ်သက်ဝင်ခြင်း၊ ဓာတ်စီးခြင်း၊ သားဆုပန်နိုင်ခြင်း၊ ရာထူးဌာနန္တရ တိုးတက်ခြင်း၊ စည်းစိမ် တိုးပွားခြင်း၊ ကုန်ရောင်း ကုန်ဝယ်၊ မြတ်စွန်းခြင်း၊ စစ်ချီတက် ရာတွင် အောင်နိုင်ခြင်း၊ ပူဇော်သက္ကာရကို ရရှိခြင်း၊ လက် ဆောင်ပဏ္ဏာခွန်တုပ်များရရှိခြင်း၊ ရွှေရံသင်းပင်း ပေါများခြင်း စသော အကျိုးများ ရရှိနိုင်၏။

## ဗုဒ္ဓပတ္တ မုဒြာ

လက်ဝဲလက်တော်ကို အောက်မှ လက်ဝါးလှန်ကာ လက်ယာလက်ကို အထက်မှ လက်ဝါးမှောက်ပြီး ဖုံးထားသည့် ဟန်။ (မြတ်စွာဘုရားနှင့် ရဟန်းတော်များ ဆွမ်းဘဦးပေး နေဟန်)

### အကျိုးကျေးဇူး

ဤဗုဒ္ဓပတ္တ မုဒြာရုပ်ပွားဆင်းတုတော်မြတ်အား ကိုး ကွယ်သော သူအပေါင်းသည် စားသောက်ဖွယ်ရာ ပေါများ ကြွယ်ဝခြင်း၊ စည်းစိမ်ဥစ္စာ ကုံလုံပြည့်ဝခြင်း၊ ဆုတောင်းပြည့် ခြင်း၊ အင်အားကြီးမားခြင်း၊ ဘုန်းတန်ခိုးအာဿာတော်ထက် မြက်ခြင်း၊ အလိုဆန္ဒပြည့်ဝလွယ်ခြင်း၊ မကောင်းသော ကြိုပ် စီးကြိုပ်နင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်း စသော အကျိုးထူး များ ရရှိနိုင်၏။

## ပြာဋိဟာရိယာ မုဒြာ

လက်ယာလက်မနှင့် လက်ညှိုးကို ကွင်းကာ ထောက်



www.burmeseclassic.com

www.burmeseclassic.com

ခလယ်၊ လက်သူကြွယ် လက်သန်းတို့ကို ကွေးထားသည်။ ထိုလက်ယာလက်သန်းအောက်မှ လက်ဝဲလက်မ လက်ချောင်းများ ကွေးပြီး ပင့်မထားသောဟန်။ (အနုသာသနပါဋိဟာရိယ (ခေါ်) တရားဓမ္မဟော ပြောခြင်းဖြင့် ကျွတ်ထိုက်သော သတ္တဝါများကို ချွတ်တော်မူဟန်) (ဣဒ္ဓိပါဋိဟာရိယ (ခေါ်) တန်ခိုးဖန်ဆင်းတော်မူခြင်းဖြင့် တရားဓမ္မ ဟောပြခြေချွတ်တော်မူဟန်)

### အကျိုးကျေးဇူး

(ယမကပြဋိဟာ (ခေါ်) သရက်ဖြူပင်ရင်း၌ ရေမီးအစုံဖန်ဆင်းပြတော်မူဟန်)

(အာဒေသနာပါဋိဟာရိယ (ခေါ်) အနာဂတ်တွင် ဖြစ်ပျက်မည့်အကြောင်းကို အတပ်မှန်ကန်စွာ ဟောကြားတော်မူဟန်)

ဤပြာဋိဟာရိယ မုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် ဘုန်းတန်ခိုးအာနုဘော်ကြီးခြင်း။ ထူးဆန်းသော ဝိဇ္ဇာပညာအတတ်တို့ကို တတ်ကျွမ်းခြင်း။ သိပ္ပံအတတ် အရပ်ရပ်၌ ထူးချွန်တတ်မြောက်ခြင်း။ ဗေဒင်အတတ် ရှေ့ဖြစ်နောက်ဖြစ် ဟောကြားသောအတတ်များ တတ်ခြင်း။ ရန်သူအပေါင်းကို လွှမ်းမိုးကျော်လွှားအောင်မြင်နိုင်ခြင်း အကျိုးများ ရရှိနိုင်၏။

## ပေါတ္တကဟတ္ထ

ပေစာ၊ ကမ္မဝါစာ၊ ပုရပိုက် စသည်များကို ကိုင်ဆောင်ထားသောဟန်။ (ဓမ္မရတနာကို ကိုင်ဆောင်ထားသည့်ဟန်) စာပေကျမ်းဂန်များကို ပြုစုရေးသားခြင်း။ ပရိယတ္တိသာသနာကို ထောက်ပံ့ချီးမြှောက်ခြင်း။ ပညာပါရမီဖြည့်ဆည်းခြင်း စသော အနက်သဘောကို ဆောင်သည့်ဟန်။

### အကျိုးကျေးဇူး

ဤပေါတ္တကဟတ္ထ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် စာပေကျမ်းဂန်တတ်မြောက်ခြင်း။ စာမေးပွဲစာပြန်ပွဲတော်များတွင် အောင်မြင်လွယ်ခြင်း။ သတိမမေ့ မှတ်ဉာဏ်ကောင်းခြင်း စသော ပညာပိုင်းဆိုင်ရာ အကျိုးထူးများ ရနိုင်၏။

## ပတ္တ မုဒြာ

လက်ဝဲလက်ကို လှန်၍ လက်ယာလက်ကို အပေါ်မှ မိုးထားသော လက်ဟန်ဖြစ်သည်။ တစ်ခါတစ်ရံ လက်နှစ်ဖက်ကြားတွင် သပိတ်ကိုင်ထားဟန်။ (သပိတ်ကို ကိုင်ထားသောဟန်) မြတ်စွာဘုရားရှင် ဆွမ်းခံကြွနေဟန် ဆွမ်းဘုဉ်းပေးနေဟန်။

### အကျိုးကျေးဇူး

ဤပတ္တမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် စားသောက်ဖွယ်ရာ ပေါများကြွယ်ဝခြင်း။ စည်းစိမ်ဥစ္စာကုံလုံပြည့်ဝခြင်း။ ဆုတောင်းပြည့်ခြင်း။ အင်အားကြီးမားခြင်း။ တန်ခိုးအာနုဘော် ထက်မြက်ခြင်း။ အလိုဆန္ဒပြည့်ဝလွယ်ခြင်း။ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်း အကျိုးများရနိုင်၏။

## ဟာဇနမုဒြာ

လက်ဖဝါးပြင်နှစ်ဖက်ကို ရင်ဘက်ဆီသို့ လှန်၍ ကပ်ထားပြီးလျှင် ကြီးစွာသော မဟာကရုဏာမြတ်ဖြင့် တရားဟောပြော ဆိုဆုံးမနေဟန်။ သတ္တဝါဝေနေယျအပေါင်းတို့အား ဒုက္ခစက်အတွင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ရစေရန်နှင့် သစ္စာအသိ အမြဲမပြတ်ရှိနေကြစေရန် သတိပေးဆုံးမနေသည့်ဟန်။

### အကျိုးကျေးဇူး

ဤဟာဇနမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် သတိဉာဏ်၊ ပညာထက်မြတ်ခြင်း။ တရားဓမ္မ၌တည်ခြင်း။ အကုသိုလ်နည်းပါးခြင်း။ လုပ်မှားကိုင်မှား နည်းပါးခြင်း။ အမှန်တရားကို သိမြင်လွယ်ခြင်း။ အမြဲမပြတ် သတိရှိနေခြင်း။ မကောင်းမှုမှန်သမျှ ဟန့်တားနိုင်ခြင်း။ တန်ခိုးအာဏာ ထက်မြက်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်၏။

## အဘိဒမုဒြာ

လက်မနှင့် လက်ခလယ်ကို ထိကွင်း၍ ပြထားသောဟန်။ (တရားဓမ္မများ ဟောကြားနေဟန်)



www.burmeseclassic.com

www.burmeseclassic.com

### အကျိုးကျေးဇူး

ဤအမိဒ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် အမှန်တရားကို သိမြင်လွယ်ခြင်း၊ ယုံမှားသံသယကင်းရှင်းခြင်း၊ ဉာဏ်ပညာတိုးတက်ခြင်း၊ တရားထူးကိုရခြင်း၊ သိဒ္ဓိအမျိုးမျိုး ပြီးစီးပြည့်စုံခြင်း၊ ရန်သူများ၏ အကြံအစည်တို့ကို ကျော်လွှားသိမြင်နိုင်ခြင်း၊ တန်ခိုးအာဏာစက်ထက်မြက်ခြင်း၊ နိုင်ငံအတွင်း သာယာဝပြောနိုင်ခြင်း စသော အကျိုးကျေးဇူးများ ရရှိနိုင်၏။

## အဘယ မုဒြာ

လက်တစ်ဖက်ကို အနည်းငယ်ထောင်၍ ကွေးထားပြီးလျှင် လက်ဖဝါးကို အပြင်ဘက်သို့လှန်ကာ လက်ချောင်းများကို အပေါ်သို့ ထောင်ဖြန့်ပြနေသောဟန် (နကုတော ဘယံ) ကြောက်ရွံ့ထိတ်လန့်ဖွယ် တစ်စုံတစ်ရာမရှိတော့ပြီဟု ညွှန်ပြနေဟန်။

### အကျိုးကျေးဇူး

ဤအဘယမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် တိုင်းပြည်ငြိမ်းချမ်း၊ စစ်မက်ကင်းရှင်း၊ ပြည်သူအများ၊ ကြောက်ရွံ့ထိတ်လန့်ကင်း၊ မကောင်းသတင်း ပပျောက်ခြင်း၊ အစိမ်းသရဲ သင်းကွဲပြိတ္တာ နတ်မိစ္ဆာ မနှောင့်ယှက်နိုင်ခြင်း၊ သူပုန်၊ သူစိမ်း၊ မုဒိမ်းကင်း၊ စိတ်ဓာတ်ကျဆင်းအားငယ်ခြင်း၊ လွတ်ငြိမ်းပြေပျောက် ချမ်းသာခြင်း စသော အကျိုးထူးများကို ရရှိနိုင်၏။

## ဥတ္တရဗောဓိ မုဒြာ

လက်ဝဲလက်ညှိုးနှင့် လက်မတို့ကို ထိထား၍လည်းကောင်း၊ လက်ယာလက်ညှိုးနှင့် လက်မတို့ကိုလည်း ထိထား၍လည်းကောင်း နှလုံးသားရှိလောက်ရာအရပ် ရင်ဘတ်ကို ထိလုနီးပါးမျှ ထောင်ပြထားသောဟန်။ (အထွတ်အထိပ်သို့ ရောက်၍ ပွင့်တော်မူဟန်) ဘုရားရှင်တို့ ဖြည့်ကျင့်အပ်သော ပါရမီဆယ်ပါး၊ ဗောဓိပက္ခိယတရား ၃၇ ပါးတို့ ပြီးစီးပြည့်စုံ၍ သဗ္ဗညုတ ဗောဓိဉာဏ်ကိုရ၍ အထွတ်အထိပ်သို့ ရောက်တော်မူဟန်။

### အကျိုးကျေးဇူး

ဤဥတ္တရဗောဓိမုဒြာ ရုပ်ပွား...တော်မြတ်အား ကိုးကွယ်သူအပေါင်းသည် ဘုရားဒုပန်၊ ဒုကြီးပန်၊ ဒုဝူးပန်ပုဂ္ဂိုလ်များ၊ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော စာပေကျမ်းဂန်၊ ဗေဒင်၊ မန္တရား သင်ကြားရာ၌ ဉာဏ်ပညာထက်မြက်၍ အလွယ်တကူ တတ်မြောက်စေခြင်း စသော အကျိုးထူးများကို ရရှိနိုင်၏။

## သန္တိဒ မုဒြာ

လက်ကို ဖူးမြင်သူ၏ဘက်သို့ (ရှေ့သို့) လှန်ပြကာ လက်ချောင်းများကို အပေါ်သို့ ထောင်ထားသောဟန်။

(ငြိမ်းချမ်းသာယာမှုကို ပေးသောဟန်)

### အကျိုးကျေးဇူး

ဤသန္တိဒမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် ဘေးရန်ကင်းခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ စည်းစိမ်ကျက်သရေ တိုးပွားခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ တရားထူးကို ရရှိခြင်း၊ သိဒ္ဓိပေါက်ခြင်း၊ ဆုတောင်းပြည့်ခြင်း အကျိုးများ ရရှိနိုင်၏။

## သီဟကဏ္ဏ မုဒြာ

ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂ ရပ်ကို ရည်ညွှန်းဟန်။

### အကျိုးကျေးဇူး

ဤသီဟကဏ္ဏမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်း၊ သတ္တိရခြင်း၊ ရန်အပေါင်းအောင်မြင်ခြင်း၊ ဒိဗ္ဗသောတအသိဉာဏ်ရစေခြင်း၊ သူတစ်ပါးပြောသမျှစကား မည်မျှဝေးနေပါစေ ကြားနိုင်ခြင်း၊ စစ်မက်ရေးရာတွင် တစ်ဖက်ရန်သူကို အောင်နိုင်ခြင်း၊ အစိမ်းသားရဲသင်းကွဲပြိတ္တာ နတ်မိစ္ဆာတို့ကို နှင်ထုတ်နိုင်ခြင်း အကျိုးများရ၏။

## သမာဟိတမုဒြာ

ခြေနှစ်ဖက်ကို ထပ်ဝယ်ဖွဲ့ခွေထိုင်ကာ ဖဝါးနှစ်ခု



www.burmeseclassic.com

www.burmeseclassic.com

အပေါ်သို့ ခြေဖဝါးလှန်ကာထိုင်၍ လက်ဝါးနှစ်ခုကို လှန်ပြီး ခြေဖဝါးပေါ်တင်ထားဟန်

### အကျိုးကျေးဇူး

ဤသမာဟိတမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် တည်ကြည်ငြိမ်သက်ခြင်း၊ ဓာတ်အပြည့်အဝရခြင်း၊ စိတ်ဝေဒနာကင်းခြင်း၊ သောကပရိဒေဝ ငြိမ်းအေးခြင်း၊ ဉာဏ်ပညာတိုးခြင်း၊ သမထပေါက်ခြင်း၊ သိဒ္ဓိပြီးခြင်း အကျိုးများ ရရှိနိုင်၏။

## သန္တသ မုဒြာ

လက်ဝဲလက်ကို ဒူးပေါ်တင်ထားလျက် လက်ယာလက်ကိုမူ ရင်ဘတ်ဆီသို့ မြှင့်တင်ထားသော လက်မနှင့် လက်ညှိုးတို့ကို အပြင်ဘက်သို့ ဖြန့်ပြထားပြီးလျှင် ကျန်လက်ချောင်းများကို အတွင်းဘက်သို့ ကွေးထားသောဟန် လက်မနှင့် လက်ညှိုးတို့မှ ထိမထားချေ။ (ဝီရိယ ခန္တီဥပေက္ခာ စသော ပါရမီစခန်းကို ညွှန်ပြသည့်ဟန်)

### အကျိုးကျေးဇူး

ဤသန္တသမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် မဆုတ်မနစ် ဇွဲလုံ့လရှိနိုင်ခြင်း၊ စာနာထောက်ထားတတ်နိုင်ခြင်း၊ အကုသိုလ်တရားမှ ရှောင်ရှားနိုင်ခြင်း၊ သတ္တဝါအများအပေါ် ချီးမြှောက်လိုခြင်း၊ စာပေကျမ်းဂန်တတ်မြောက်ခြင်း၊ အမှားကို ကျော်လွှန်၍ အမှန်ကို သိမြင်နိုင်ခြင်း၊ အမြင်ပေါက်ခြင်း၊ ရဲရင့်ခြင်း စသော အကျိုးထူးများ ရရှိနိုင်၏။

## ဝိမုယဟတ္တ

လက်မောင်းကို မြှောက်ချီ၍ လက်ဝါးကို နောက်သို့ လှန်ပြီးလျှင် လက်ချောင်းများကို ကားဖြန့်၍ ထောင်ပြထားသောဟန်။ (အံ့ဩနေပုံ၊ ရင်သပ်ရှုမောဖြစ်နေပုံ၊ မဖြစ်ဖူးမြဲ အံ့ဩဖွယ်အထူးအဆန်း ဖြစ်နေပုံများ၏ သဘောအနက် အဓိပ္ပာယ်ဆောင်ဟန်)

### အကျိုးကျေးဇူး

ဤဝိမုယဟတ္တမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သူအပေါင်းသည် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်း၊ အံ့ဘွယ်သူရဲ၊ လူ့ရှင်ရဟန်းတို့၏ ချီးမွမ်းထောပနာပြုခြင်းခံရခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာ၌ လေးနက်အောင်မြင်ခြင်း၊ အစွမ်းသတိတက်ခြင်း အကျိုးများ ရရှိနိုင်၏။

## ဝဇီရာပဟုကံ့ရ မုဒြာ

အတွင်းဘက်လှည့်ထားသော လက်နှစ်ဖက်ကို လက်ကောက်ဝတ်နေရာလောက်တွင် ကြက်ခြေခတ်၍ ရင်ဘတ်ရှေ့၌ထားသော ဟန်ဖြစ်သည်။ လက်ယာတစ်ဖက်တွင် မိုးကြိုးသွားကိုကိုင်ထား၍ လက်ဝဲဘက်လက်တွင် (ဆည်းလည်း) သို့ (ခေါင်းလောင်းငယ်) ကိုင်ဆောင်ထားသည့်ဟန်။ (ဝဇီရ စိတ်မိုးကြိုးလက်နက်ကိုင်ထားဟန်) မိုးကြိုးသွား၏အဓိပ္ပာယ်မှာ သုညတခေါ် ပရမတ္ထစ သစ္စာဖြစ်သည်။ ဆည်းလည်း ခေါင်းလောင်း၏ အဓိပ္ပာယ်မှာ ပညာဖြစ်သည်။ ဆည်းလည်းသံ၊ ခေါင်းလောင်းသံဟုလည်း မည်သည့်အခါမျှ မဆိတ်သုဉ်းဘဲ ဝေးလံသောခရီးသို့ ပျံ့နှံ့၍သွားနိုင်ဘိသကဲ့သို့ ပညာ၏ အသံအရှိန်အဝါသည်လည်း ဝေးနီးနှံ့စပ် အရပ်ရပ်သို့ ပျံ့လွှင့်နိုင်ဟန်။

### အကျိုးကျေးဇူး

ဤဝဇီရာပဟုကံ့ရ မုဒြာရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် သိဒ္ဓိအမျိုးမျိုး၊ သျှိုအမျိုးမျိုး အပါးသုံးဆယ်ပြီးပြည့်စုံခြင်း၊ ဩဇာအာဏာထက်မြက်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ လာဘ်သပ်ပကာပေါ်များခြင်း၊ ရန်သူကို နိုင်ခြင်း၊ နတ်ဆိုး၊ ပြိတ္တာ၊ နတ်ယုတ်မာတို့၏ ရန်ကို နှိမ်နင်းနိုင်ခြင်း၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ မှင်စာ စသော အောက်တန်းစား အနှောင့်အယှက်မှ ဟန့်တားနိုင်ခြင်း၊ ဆုံးမဖဲ့ခတ်နိုင်ခြင်း သတ္တိထူးများ ရရှိနိုင်၏။

## မဟာကရုဏာ မုဒြာ

လက်ဝဲလက်ကိုဖြစ်စေ၊ လက်ယာလက်ကိုဖြစ်စေ၊ ရင်ဘတ် သို့မဟုတ် ရင်အုံအထက်ပိုင်းလောက်ဆီသို့ မြှောက်ချီထားကာ လက်ဝါးကို အတွင်းဘက်သို့ လှည့်၍ ရင်ဘတ် ရင်အုံ ပခုံးစပ်ကို ဖုံးအုပ်ဖိနှိပ်ပြထားသောဟန်။ (မဟာကရုဏာတော်ရှင်ဖြစ်ကြောင်း ပြသောဟန်) တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းကြွတော်မူ၍ ပျံသွားသောက

www.burmeseclassic.com

ပရိဒေဝ ခံစားနေရသူများအား တရားဓမ္မဟောပြနေဟန်။

**အကျိုးကျေးဇူး**

ဤမဟာကရုဏာမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် ကယ်ဆယ်ကူညီစောင်မသူများ ပေါ်ပေါက်လာခြင်း။ စိုးရိမ်ဗိုကြေွးပူဆွေးမှု လွတ်ငြိမ်းချမ်းသာရခြင်း။ ရန်သူများမှ သနားကြင်နာခြင်း။ ရန်ပြေမာန်ပြေဖြစ်ခြင်း။ တရားတဘောင်အမှုနိုင်ခြင်း။ အာဏာတန်ခိုးထက်မြက်ခြင်း။ ချီးမြှင့်မြှောက်စားမည့် ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်လာခြင်း အကျိုးများရ၏။

## ဘူမိဖဿ မုဒြာ

လက်ယာလက်သည် လက်ယာဒူးမှ အောက်သို့ တွဲလွဲချ၍ ထားသည့်လက်ဝါးကို အတွင်းဘက်သို့ လှည့်ထားပြီးလျှင် လက်ချောင်းများအားလုံးကို ဖြန့်၍ အောက်တည့်တည့်သို့ စိုက်ကာ ကြာပလ္လင်ကိုဖြစ်စေ၊ မြေကြီးကိုဖြစ်စေ၊ ထိုင်ခုံတစ်ခုခုကိုဖြစ်စေ ထိထားသောဟန်ဖြစ်သည်။ လက်ဝဲလက်မှာ ပေါင်ခွင်ပေါ်တွင် လက်ဖဝါးလှန်၍ တင်ထားလေ့ရှိသည်။ လက်ယာဖမိုးကိုမြင်ရသည်။ လက်ဝဲလက်ဖဝါးကိုလည်း မြင်နိုင်သည်။ တစ်ခါတစ်ရံ လက်ဝဲလက်ထဲတွင် သပိတ်ဖြစ်စေ တစ်ခုခုကို ထည့်ပေးထားတတ်သည့်ဟန်။ (မြေကြီးကို လက်များထိထားသောဟန် ဝသုန္ဒရီမြေကြီးကို သက်သေညွှန်းသောဟန်)

**အကျိုးကျေးဇူး**

ဤဘူမိဖဿမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် ရန်သူတကာကို အောင်နိုင်ခြင်း။ တရားမှုရေးရာတွင် အောင်နိုင်ခြင်း။ သေလုမြောပါးလူနာ အသက်မသေချမ်းသာရခြင်း။ ဆင်ကြမ်း၊ မြင်းကြမ်း၊ နွားကြမ်း၊ သူရဲကြမ်းတို့ကို အောင်နိုင်ခြင်း။ မြေကြမ်းကို အောင်နိုင်ခြင်း၊ ရဲရင့်ခြင်း။ ဘုန်းတန်ခိုးအာဏာကြီးခြင်း၊ ရန်သူကိုအောင်နိုင်ခြင်း စသော အကျိုးထူးပေး၏။

## ဘူတဒါမရ မုဒြာ

လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တည့်တည့်လောက်တွင် ယှက်ထားပြီးလျှင် လက်ဝါးများကို ပြင်ဘက်သို့ လှန်ပြထားသောလက်ဟန်။ (ပညာပါရမီစခန်း၊ ဝီရိယပါရမီစခန်းကို ညွှန်ပြဟန်)

**အကျိုးကျေးဇူး**

ဤဘူတဒါမရမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် သူတစ်ပါးပယောဂ လုံ့လအမှုတို့ကို လွှမ်းမိုးကျော်လွှားနိုင်ခြင်း၊ ရန်သူအပေါင်းကို အောင်မြင်နှိမ်နင်းနိုင်ခြင်း အကျိုးများရရှိ၏။

## ဗုဒ္ဓသမဏ မုဒြာ

လက်ယာလက်သည် ပခုံးစွန်းနှင့်အညီထား၍ လက်ကောက်ဝတ်ကို နောက်သို့ကွေးထားပြီးလျှင် လက်ချောင်းများကို ဖြန့်ထားကာ လက်ဝါးကို အပေါ်သို့ လှန်ထားသည့်ဟန်။ (ဘုရားရဟန္တာများ နှုတ်ဆက်သောဟန်) တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသောအခါ နှုတ်ဆက်စကားပြောကြားလိုက်သော အမှုအရာများကို ပြလိုခြင်းဖြစ်သည်။ ဖော်ရွေသောသဘော ဖိတ်မန္တကပြုသောသဘော အဓိပ္ပာယ်ဟန်။

**အကျိုးကျေးဇူး**

ဤဗုဒ္ဓသမဏမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သော သူအပေါင်းသည် စည်းစိမ်ကျက်သရေတိုးခြင်း။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း။ လူချစ်လူခင်ပေါများခြင်း။ ရပ်ရွာဒေသတွင် ပညာရှိသူတော်စင်များ ပေါ်ပေါက်ထွန်းကားတတ်ခြင်း စသော အကျိုးထူးများ ရရှိနိုင်၏။

## ဗျာချာန မုဒြာ (မှုကွဲ)

လက်ဝဲလက်ကို ဒူးပေါ်တင်ထားပြီးလျှင် လက်ယာလက်ကို ရင်ဘတ်ဆီသို့ ချီမြှောက်ထားသည်။ လက်မနှင့် လက်ညှိုးများကို ပြင်ဘက်သို့ ထိုးပြထားသည်။ အခြားလက်ချောင်းများကို အတွင်းသို့ ကွေးထားသည်။ လက်မထိပ်နှင့် လက်ညှိုးထိပ်များ မထိချေ။ လက်ဝါးကို ဖူးမြင်လာသူအား လှန်ပြထားသည်။ တစ်ခါတစ်ရံ လက်မထိပ်နှင့် လက်ညှိုးထိပ်ကို ထိထားပြီးလျှင် ကွင်း၍ပြထားသော မုဒြာဟန်။ (တရားဓမ္မကို ဟောပြောပြနေဟန်)

**အကျိုးကျေးဇူး**

ဤဗျာချာနမုဒြာ ရုပ်ပွားတော်မြတ်အား ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com

သောသူအပေါင်းသည် တရားဟောဓမ္မကထိကများ၊ မင်းဆရာ ပုရောဟိတ်များ၊ ရှေ့နေရှေ့ရပ်များ၊ တရားသူကြီးများ၊ ဗေဒင်နက္ခတ်ဆရာများ၊ ဒီသာပါမောက္ခကြီးများ စသည့် ဟောပြောမှုဆိုင်ရာ လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် တရားနာပရိသတ်စည်ကားခြင်း၊ ဟောပြောမှုတွင် ထင်ရှားကျော်ကြားခြင်း၊ ပြောသမျှအောင်မြင်၍ ကိစ္စပြီးခြင်း၊ မိမိအသံစကား ကြားရသူတိုင်း မိမိအား ချစ်ခင်မြတ်နိုးခြင်း စသော အကျိုးထူးများရနိုင်၏။

## ဝိတက္ကမုဒြာ

လက်ယာလက်မောင်းကို ကွေး၍ လက်ဝါးကို ပြင်ဘက်သို့ လှန်ပြထားကာ လက်ညှိုးနှင့်လက်သူကြွယ် တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ထိထားသည်၊ ကျန်လက်ချောင်းများကို အပေါ်သို့ ထောင်ထားသောဟန်။

(ကြံစည်ဟန်၊ ဆွေးနွေးဟန်)

### အကျိုးကျေးဇူး

ဤဝိတက္ကမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူသည် အကြံအစည် ထိုးထွင်းအောင်မြင်ခြင်း၊ စိတ်ကူးဉာဏ် ဆန်းသစ်ပွင့်လင်းခြင်း၊ အဘိဓမ္မာသဘာဝတရားကို ဟုတ်တိုင်းမှန်စွာ ပေါက်ရောက်သိမြင်ခြင်း၊ ဗဟုသုတကြွယ်ဝခြင်း၊ ဉာဏ်ပညာထက်မြက်ခြင်း၊ သမာဓိရှာန်အဘိဉာဏ်ရရှိခြင်း၊ အယူဝါဒထူးခြားဆန်းပြားချက်များကို သိရှိနားလည်ခြင်း၊ တီထွင်မှုအောင်မြင်ခြင်း၊ ပညာရှိသူတော်ကောင်းများ ပေါ်ထွန်းနိုင်ခြင်း အကျိုးများရနိုင်၏။

## ဝရဒ မုဒြာ

လက်မနှင့် လက်ချောင်းလေးများကို ခပ်ကွေးကွေးထားပြီးလျှင် ဖူးမြင်လာသူအား တစ်စုံတစ်ခု ပေးတော့မည့်ဟန်။ (ဆုပေးနေဟန်) (လိုသောဆုများနှင့် တစ်လုံးတဝတည်း ပြည့်စုံကြပါစေဟု ဆိုလိုသောဟန်)

### အကျိုးကျေးဇူး

ဤဝရဒမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အား ကိုးကွယ်သောသူအပေါင်းသည် ကောင်းချီးမင်္ဂလာဆုလာဘ်များ ရရှိခြင်း၊ ဆုတောင်းပြည့်ခြင်း၊ ဆန္ဒအတိုင်း ကိစ္စပြီးမြောက်ခြင်း၊ လိုအင်ဆန္ဒ တစ်လုံးတဝတည်း ပြီးပြည့်စုံခြင်း၊ သားဆုကို ရနိုင်ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုရာတွင် ထိရောက်ခြင်း၊ ဓာတ်သက်ဝင်ခြင်း၊ ဓာတ်စည်းခြင်း၊ ရာထူးဌာနန္တရ တိုးတက်ခြင်း၊ စည်းစိမ်တိုးပွားခြင်း၊ ကုန်ရောင်းကုန်ဝယ်မြတ်စွန်းခြင်း၊ စစ်ချီတက်ရာတွင် အောင်နိုင်ခြင်း၊ ပူဇော်သက္ကာရကို ရရှိခြင်း၊ လက်ဆောင်ပဏ္ဏာခွန်ထုပ်များ ရရှိခြင်း၊ ခြွေရံသင်းပင်းပေါများကြွယ်ဝခြင်း စသော အကျိုးထူးများ ရရှိနိုင်၏။

## တိလောကဝိဇယ မုဒြာ

လက်နှစ်ဖက်ကို ရင်ဘတ်ရှေ့တည့်တည့်လောက်တွင် ယှက်ထားပြီးလျှင် လက်ဝါးများကို ပြင်ဘက်သို့ လှန်ပြထားသောဟန်။ (လောကသုံးပါးကို အောင်မြင်တော်မူပုံ)

လူနတ်ပြဟ္မာတည်းဟူသော လောကသုံးပါးကိုလည်းကောင်း၊ ကာမရူပအရူပတည်းဟူသော လောကသုံးပါးကိုလည်းကောင်း၊ သင်္ခါရလောက၊ သတ္တလောက၊ ဩကာသလောကတည်းဟူသော လောကသုံးရပ်ကိုလည်းကောင်း အကြွင်းမဲ့ အောင်မြင်တော်မူဟန်။

### အကျိုးကျေးဇူး

ဤတိလောကဝိဇယမုဒြာ ရုပ်ပွားဆင်းတုတော်မြတ်အားကိုးကွယ်သော သူအပေါင်းသည် ရန်သူစစ်သည်အပေါင်းကို အောင်မြင်နှိမ်နင်းနိုင်သော အကျိုးထူးကို ရရှိနိုင်၏။

မှတ်ချက် ။ ကိုးကွယ်ပူဇော်လိုသူများ မှာယူနိုင်သည်။

ကျေးဇူးတင်ရှိခြင်း ။ ဤမုဒြာပုံစာအုပ်ကိုပေးသော မိုလ်တထောင်စေတီတော်မှ လုံခြုံရေးအရာရှိ ဦးတင်မြင့်ကို ကျေးဇူးတင်ပါကြောင်း။

ဆက်သွယ်ရန်လိပ်စာ ။ ဖုန်း -၀၉ ၂၅၁၀၂၂၃၃၁

နံ အမှတ် ၂၇၊ ၅၂ လမ်း။

(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ မြေညီထပ်၊ ရန်ကုန်မြို့။

**ပထမံဆရာကြီးဦးအောင်သူ**

ကျမ်းကိုးထုတ်နုတ်

မင်းရာမ (ကိုလမင်း) သဏ္ဍာဗေဒ စုဆောင်းပုံနှိပ်သည့် ကျမ်းမှ ထုတ်နုတ်ပူဇော်သည်။

www.burmeseclassic.com

# ကျွန်ုပ်နှင့် ရဟန္တာဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ပုဂ္ဂိုလ်ထူးကြီးများ၏ ဘဝဖြစ်တော်စဉ်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများ

## မင်းတိုင်ပင်(မြရောင်ငြေမ)

ကျွန်ုပ် ဆပ်သွားအလယ်ရွာ ဆရာတော်ကြီးအား အကြိမ်ကြိမ်ဖူးမြော်ကြည်ညိုခွင့် ရခဲ့ပါသည်။ လင်းလွန်းတစ်ထောင် သာသနာ့မြေတွင် ကြွရောက်သီတင်းသုံးခြင်း ကြောင့်ပင် ဖြစ်၏။ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် အလွန်မှ ဂုဏ်သတင်းပျံ့နှံ့လျက်ရှိပါ၏။ မြန်မာပြည်သာမက ကမ္ဘာ့နိုင်ငံသားများမှပင် မှတ်တမ်းတင်ပူဇော်ခြင်းခံရသည့် ဆရာတော်ကြီးဖြစ်ခဲ့ပါသည်။

### မွေးဖွားရာဇာတိမြေ

ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာနန္ဒသည် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့နယ်၊ ဆပ်သွားအလယ်ရွာတွင် ၁၂၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့ နံနက် ၈ နာရီအချိန်တွင် ဆေးဆရာကြီး ဦးဘိုးလှ၊ မယ်တော် ဒေါ်လေးငယ်တို့မှ မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။ မွေးချင်းလေးဦးအနက် ဒုတိယမြောက်သား ဖြစ်ပါသည်။ ငယ်မည်မှာ မောင်ကျော်ရင်ဖြစ်ပါသည်။


### ပဗ္ဗဇိတ ရဟန်းဘဝ

ဆရာတော်လောင်းလျာသည် ဂွမြို့နယ်၊ ဆပ်သွားအလယ်ရွာ ဆရာတော်ကြီး ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ငါးနှစ်သားတွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟ ခံယူ၍ ရှင်သာမဏေအဖြစ် ပဗ္ဗဇိတအမွေခံယူခဲ့ပါသည်။ ဘွဲ့မည်မှာ ရှင်ဂန္ဓမာဖြစ်ပါသည်။ သာသနာသက္ကရာဇ် ၂၄၇၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၂၉၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်နေ့ နံနက် ၈ နာရီတွင် ဆပ်သွားအလယ်ရွာ ခဏ္ဍသိမ်၌ ဆရာတော်ကြီး ဦးဉာဏိန္ဒကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

### ဗုဒ္ဓအမွေ စာပေသင်ယူ

ဆရာတော်သည် ဆပ်သွားအလယ်၌ ပညာသင်ကြားခဲ့ရာ ခုနစ်တန်းပညာနှင့် လက်ာစပ်နည်း၊ ကဗျာစပ်နည်းတို့ကို တတ်မြောက်ခဲ့ပါသည်။ ရန်ကုန်မြို့၊ ပုဇွန်တောင် အရှင်အာဒိစ္စဝံသကျောင်းတိုက်၊ မန္တလေးမြို့ ခင်မကန်တိုက် ဆရာတော်ဘဒ္ဒန္တဇာနိယ၊ ရန်ကုန်မြို့ ဗားဂရာတောရဆရာတော် ဘဒ္ဒန္တဇာဧယျ စသော စာချဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ရာ ၁၂၉၃ ခုနှစ်တွင် အစိုးရ ပထမတန်းငယ်၊ ၁၂၉၅ ခုနှစ်တွင် ပထမလတ်တန်း၊ ၁၂၉၉ တွင် ပထမကြီးတန်းကို အောင်မြင်ခဲ့ပါသည်။ ရန်ကုန်မြို့ ဗားဂရာတောရဆရာတော် ဦးဇာဧယျထံတွင် ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားခဲ့ပြီး ဓမ္မာစရိယတန်း၊ သမထဝိပဿနာလမ်းပြသင်တန်းကို သင်ကြားခဲ့ပါသည်။ ဗိုလ်တထောင်မြို့နယ်၌ ကျင်းပသော ပဋ္ဌာန်ကာယပါရဂူ စာမေးပွဲကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

www.burmeseclassic.com



**ပြည်တွင်းပြည်ပ သာသနာပြုဆောင်ရွက်မှု**

ရန်ကုန်မြို့ အရှင်အာဒိစ ဝံသကျောင်းတိုက်၌ ဒုတိယ စာချဆရာတော်အဖြစ်လည်းကောင်း၊ ၁၃၁၃ ခုနှစ်မှစ ဆပ်သွားအလယ်ရွာ၌ ပရိယတ္တိ ပါရဂူစာသင်တိုက် ဖွင့်လှစ် တပည့်သံဃာအပါး ၄၀ ကျော်တို့ကို ဘုန်းတော်ကြီးသင် ပညာသင်ကျောင်းအဖြစ် သင်ကြားပို့ချခဲ့ပါသည်။

၁၃၁၄ ခုနှစ်မှ ၁၃၁၈ ခုနှစ်အထိ သံတွဲခိုင်၊ ပါဠိဝိသောဓကအဖွဲ့ တာဝန်ခံအဖြစ် တာဝန်ယူ ခုဒ္ဒသိက္ခာ၊ မူလသိက္ခာ၊ ဋီကာသစ်၊ ဋီကာဟောင်းကို အမှားအမှန် ဆောင်ရွက်တည်းဖြတ်တော်မူခဲ့ပါသည်။

၁၃၁၈ ခုနှစ်၊ သာသနာတော် သက္ကရာဇ် ၂၅၀၀ ပြည့်နှစ်၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဝင် ဆဋ္ဌသံဂီတိကာရက သာသနာပြုလက်မှတ်၊ ဆဋ္ဌသံဂီတိပါဠိဝိသောဓက သာသနာပြုလက်မှတ် ဆက်ကပ်ခြင်း ခံရပါသည်။

www.burmeseclassic.com

မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်တွင် ယိုးဒယား သာသနာပိုင်ဆရာတော် ဖလဝိမလ၏ ပင့်လျှောက်ချက်အရ ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့ ဝတ်မဟာဓာတုကျောင်းတိုက်တွင် ကိုးဆင့်မြောက် ကောက်ပရုတ်တန်းခွဲ ဝိသုဒ္ဓိမဂ်ကျမ်း၊ အဋ္ဌသာရလိနီကျမ်း၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာကျော်ကျမ်း၊ ဆန်းကျမ်းတို့ကို ယိုးဒယားသံဃာတော်များအား သင်ကြားပို့ချခဲ့ပါသည်။

ယိုးဒယားနိုင်ငံတွင် သာသနာပြုစဉ် နိဗ္ဗာနပါထေယျကျမ်း၊ သဒ္ဓမ္မပဋိပတ်ကျမ်း၊ စွန္ဒနာဗမာ ယိုးဒယား–မြန်မာ စကားပြောကျမ်းများကို ပါဠိဘာသာဖြင့် ရေးသားပို့ချဟောပြောတော်မူခဲ့ပါသည်။

ယိုးဒယားနိုင်ငံဘုရင် ဘူမိဘောအနုလျာဒက် ရဟန်းခံပွဲ၌ ဆရာတော်ပါဝင်၍ နန်းတွင်းနန်းပြင် ပါဠိဘာသာဖြင့် တရားချီးမြှင့်၍ သာသနာပြုခဲ့ပါသည်။

မြန်မာနိုင်ငံတော်သို့ ၁၃၂၂ ခုနှစ်တွင် ယိုးဒယားနိုင်ငံမှ ပြန်လည်ကြွရောက်တော်မူပြီး မိမိဇာတိရပ်ရွာဖြစ်သော ဆပ်သွားအလယ်ရွာ ပရိယတ္တိပါရဂူ စာသင်တိုက်တွင် ဆက်လက်၍ ရဟန်းသာမဏေများနှင့် ကျောင်းသားလူငယ်များအား ပရိယတ္တိစာပေသင်ကြားပို့ချ၍ သာသနာပြုခဲ့ပါသည်။

၁၃၄၇ ခုနှစ်မှ ၁၃၅၇ ခုနှစ်အထိ ၁၀ နှစ်အတွင်း ငွေမြို့နယ်၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ခုနစ်နှစ်တိုင် ပြည်နယ်သံဃဝန်ဆောင်ဆရာတော်အဖြစ်လည်းကောင်း၊ ကင်းရုံးပဝါရဏာ အုပ်စုနှင့် ညောင်ပိုင်းပါဝါရဏာအုပ်စုတို့ ညီညွတ်အောင် ဆောင်ရွက်စေတော်မူခဲ့ပါသည်။ ဂိုဏ်းပေါင်းစုံ သံဃာအဖွဲ့အစည်း အဆင့်ဆင့်ပေါ်ပေါက်လာသောအခါ ၁၃၄၇ ခုနှစ်မှစ၍ ခုနစ်နှစ်တိုင်တိုင် ငွေမြို့နယ် သံဃာ့နာယကဥက္ကဋ္ဌ၊ ပြည်နယ်သံဃာ့ဝန်ဆောင်မှူး၊ သမ္မုတိရသံဃကိုယ်စားလှယ်၊ ပြည်နယ်ဩဝါဒစရိယအဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ဩဝါဒါစရိယအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် လျှုဒါန်းပူဇော်

ပရိယတ္တိသာသနာတော်မြတ်ကြီး တည်တံ့ရန် စာပေပရိယတ် ပို့ချတော်မူခြင်း၊ ကျမ်းစာများ ရေးသားပြုစုခြင်း၊ နိုင်ငံခြားသို့ကြွရောက်တော်မူ၍ သာသနာပြုတော်မူခြင်း၊ ကိစ္စအဝဝကို ဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တဂန္ဓမာနန္ဒသည် ၁၃၅၈ ခုနှစ် ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံခိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

၆. ၁. ၉၉ မှ ၂၆. ၁. ၉၉ အထိ ပြည်ပသာသနာပြု အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့၊ ဗောဓိသုခ ပရိဟိတကျောင်း၊ တိလောက ဝိဇယသယမ္ဘူစေတီကို အထက်ဌာပနာသွင်းခြင်း၊ ထီးတော်တင်ခြင်း၊ ရေကြာသက်နှင်းကပ်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာအခမ်းအနားသို့ ကြွရောက်သာသနာပြုခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓမြတ်စွာ ဖွားတော်မူရာ ဌာနဖြစ်သော လုမ္ဗိနီအင်ကြင်းတော၊ ဘုရားဖြစ်တော်မူ ရာဌာနဖြစ်သော ဗုဒ္ဓဂယာရှိ မဟာဗောဓိပင်၊ ဓမ္မစကြာတရားဦးဟောရာဌာနဖြစ်သော ဗာရာဏသီမြို့အနီး ဣသိပတန မိဂဒါဝုန်တော၊ ပရိနိဗ္ဗာန်စံရာ ကုသိနာရုံ ပြည်မလ္လာမင်းတို့ အင်ကြင်းတော စသည့်ဂုဏ် သံဝေဇနိယ လေးဌာနအပါအဝင် ဖူးမြင်သင့်သော ဌာနပေါင်း ၂၀ တို့ကို ဖူးမြော်တော်မူခဲ့လေသည်။

၁၉၈၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းအနောက်ဘက် သီတာကုန်းပြင်၊ ငွေးတောက်အုပ်စု (ဂူတောင်၊ မန်းတောင်၊ လင်းလွန်းတစ်တောင်) သာသနာ့အောင်မြေစခန်းသို့ ကြွရောက်တော်မူပြီး လင်းလွန်းပင် ၁၀၀၀၊ ဗုဒ္ဓရုပ်ပွားတော် ၁၀၀၀၊ ဉာဏ်တော် ၁၀၈ တောင်ရှိ စေတီတော်မြတ်ကြီးကို အများပြည်သူ ကုသိုလ်ပွား၍ ကြည်ညိုနိုင်စေရန် တပည့်ဒါယကာ၊ ဒါယိကာမများ ပင့်ဖိတ်လျှောက်ထားချက်အရ ထိုဒေသသို့ ကြွရောက်တော်မူ၍ ဗုဒ္ဓါနုဿတိ ဘာဝနာတရားများကို ကျင့်ကြံဟောပြော ချီးမြှင့်နိုင်ခဲ့ပါသည်။

## ရဟန်းရှင်လူ ပြည်သူအများ ကြည်ညိုလေးစား

နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂန္ဓမာနန္ဒသည် လိဗ္ဗိပေသလသိက္ခာကာမတို့နှင့် ပြည်ရုံတော်မူသော အမျိုး၊ ဘာသာ၊ သာသနာအတွက် ဒေသရ

www.burmeseclassic.com

www.burmeseclassic.com

ဝါဒ ဗုဒ္ဓသာသနာတော်ကြီး ကမ္ဘာအနှံ့ ပြန့်ပွားစေရန် ရည်ရွယ်၍ အဆင်းရဲအပင်ပန်းခံကာ ပြည်ပနိုင်ငံသို့ ကြွရောက် သာသနာပြုတော်မူခြင်း။ သာသနာဟိတရေတဂုဏ်၊ လောက ဟိတရေဂုဏ်၊ ပရိဟိတာဝဟာဂုဏ်၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမားဇာဂရိယ စသော နာယကဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် ရဟန်းရှင်လူ ပြည်သူအများတို့၏ ကြည်ညိုလေးစားမှုကို ခံယူရရှိတော်မူပါသည်။

### အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်

မြတ်စွာဘုရား၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်မြတ်ကို ပြည်တွင်းပြည်ပ နှစ်ဌာနတို့၌ ပြန့်ပွားအောင် ဆောင်ရွက်တော်မူသော ဆရာတော်ဖြစ်၍ သာသနာတော် သက္ကရာဇ် ၂၅၄၇ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၅ ခုနှစ်၊ တပေါင်းလပြည့်နေ့ ၅. ၃. ၂၀၀၄ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကို အလှူခံတော်မူခဲ့ပါသည်။ ထို့နောက် ဆရာတော်ဘုရားကြီး သက်တော် ၉၇၊ ဝါတော် ၇၇ ဝါအရ ၁၃၆၇ ခု၊ ကဆုန်လပြည့်ကျော် ၇ ရက်နေ့တွင် စုတိချုပ်ငြိမ်း ခန္ဓာရုပ်သိမ်းတော်မူခဲ့ပါသည်။

### ဒါယကာ၊ ဒါယိကာမ ဆုံးမဩဝါဒ ခံယူကြ

ဆရာတော်ဘုရားကြီး၏ ဆုံးမတော်မူလေ့ရှိသော ဩဝါဒများမှာ –

**အတ္တာနမေဝ၊ ပဌမံ၊ ပဋိရူပေ နိဝေသယေ၊**
**အထည္ဉ မနုသာသေယျ၊**
**နကိလိ သေယျ ပဏ္ဍိတော။**

(က) ပညာရှိသူသည် ရှေးဦးစွာပင် ကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏။

(ခ) မိမိကိုယ်ကို သင့်လျော်သော အကျင့်လမ်းကြောင်း၌ ကောင်းစွာ ရပ်တည်ပြီးမှ သူတစ်ပါးကို ပြောဆိုဆုံးမပါ။

(ဂ) ထိုသို့ မိမိကိုယ်တိုင် ကောင်းစွာကျင့်ပြီးမှ သူတစ်ပါးကို ပြောဆိုဆုံးမခြင်းသည် သူတစ်ပါးတို့၏ ကဲ့ရဲ့စကားဖြင့် မညစ်နွမ်းနိုင်ပါ။

**ဇိဃစ္ဆာ ပရ မာရောဂါ၊ သင်္ခါရ ပရမာဒုခါ။**
**ဧတံ ဉတွာ၊ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ။**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး။ အဆိုးဆုံး ရောဂါမည်၏။

ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်၏။

နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာမည်၏။

ဤ အလွန်ကဲဆုံး ဆင်းရဲနှင့် အလွန်ကဲဆုံး ချမ်းသာကို ဟုတ်တိုင်းမှန်စွာ သိရှိပြီး ပညာရှိသူတော်ကောင်းသည် အလွန်ကဲဆုံးချမ်းသာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကျင့်ကြံကြိုးစား ပွားများအားထုတ်ပါ။

**ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ ဒုလ္လဘော မနုဿတ္တ ပဋိလာဘော။**

ဆိုသည့်အတိုင်း လူအဖြစ်ကို ရခဲ့တယ်။ လူအဖြစ်ကို ရပြန်သော်လည်း ဘုရားသာသနာနှင့် တွေ့ခဲပါသည်။ ယခုလို အခါကောင်း၊ အခွင့်ကောင်းနဲ့ ကြုံတုန်းမှာ အခါအခွင့်တွေ လက်မလွှတ်ကြပါစေနဲ့။

ဘုရားစကား နေ့စဉ်ပွား မမှားချမ်းသာမည်။

နေ့စဉ် သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ကို အမြဲမပြတ်အောင် စောင့်ထိန်းပါ။

ဤသို့ ဆရာတော်ဘုရားကြီး၏ ဆုံးမဩဝါဒကို ခံယူ၍ တပည့်ဒါယကာ၊ ဒါယိကာမ၊ ပါရမီရှင်များ နှလုံးသွင်းပွားများ ကျင့်ကြံနိုင်စေရန်နှင့် ကြည်ညိုပူဇော်နိုင်စေရန် မွန်မြတ်သော စေတနာဖြင့် ရေးသားပူဇော်လိုက်ရခြင်းမှာ ကျွန်ုပ်နှင့် ရဟန္တာ၊ သိဒ္ဓိ၊ မဟိဒ္ဓိ ဝိဇ္ဇာပုဂ္ဂိုလ်ထူးကြီးများ၏ ဘဝဖြစ်စဉ်တော်နှင့် ဂမ္ဘီရဖြစ်ရပ်ဆန်းများသည် အလွန်မှ အံ့ဩထူးခြားစွာ တွေ့ရပါသည်။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

မင်းတိုင်ပင်(မြရောင်မှို)

၀၉-၁၁၀၇၈၃၆၂၊ ၀၉-၂၅၀၂၆၈၅၀၁



www.burmeseclassic.com


www.burmeseclassic.com

# ရှောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၉ ခုနှစ်၊ ဝါဆိုလ - ဝါခေါင်လ

## 2017 JULY

| | | |
|---|---|---|
| စနေ Saturday | 1 ၈ | |
| တနင်္ဂနွေ Sunday | 2 ၉ ရက်ရာဇာ | |
| တနင်္လာ Monday | 3 ၁၀ | |
| အင်္ဂါ Tuesday | 4 ၁၁ | 18 ၁၀ |
| ဗုဒ္ဓဟူး Wednesday | 5 ၁၂ ရက်ရာဇာ | 19 ၁၁ ရက်ရာဇာ အာတာနည်းနေ့ |
| ကြာသပတေး Thursday | 6 ၁၃ | 20 ၁၂ |
| သောကြာ Friday | 7 ၁၄ | 21 ၁၃ |
| စနေ Saturday | 8 (၁၅) ဝါဆိုလပြည့် ဓမ္မစကြာနေ့ | 22 ၁၄ |
| တနင်္ဂနွေ Sunday | 9 ၁ ရက်ရာဇာ | 23 ● ဝါဆိုလကွယ် ရက်ရာဇာ |
| တနင်္လာ Monday | 10 ၂ | 24 ၁ မဟာရက်ကြမ်း |
| အင်္ဂါ Tuesday | 11 ၃ | 25 ၂ |
| ဗုဒ္ဓဟူး Wednesday | 12 ၄ ရက်ရာဇာ | 26 ၃ ရက်ရာဇာ |
| ကြာသပတေး Thursday | 13 ၅ | 27 ၄ အမြိတ္တာစုတ်ရက် |
| သောကြာ Friday | 14 ၆ | 28 ၅ ရက်ရာဇာ |
| စနေ Saturday | 15 ၇ | 29 ၆ |
| တနင်္ဂနွေ Sunday | 16 ၈ ရက်ရာဇာ အမြိတ္တာစုတ်ရက် | 30 ၇ |
| တနင်္လာ Monday | 17 ၉ | 31 ၈ |







၁. ၇. ၂၀၁၇ စန်းပြောင်းရက်စွဲ ၁၆. ၇. ၂၀၁၇

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၇. ၂၀၁၇ တနင်္ဂနွေနေ့ ညနေ ၅ နာရီ ၁၂ မိနစ်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

အင်္ဂါသည် - ၁၁. ၇. ၂၀၁၇ အင်္ဂါနေ့ ညနေ ၃ နာရီ ၁၁ မိနစ်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၃. ၇. ၂၀၁၇ တနင်္လာနေ့ နံနက် ၃ နာရီ ၅၇ မိနစ်တွင် ကရကဋ်ရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၁. ၇. ၂၀၁၇ သောကြာနေ့ နံနက် ၁၁နာရီ ၁၂ မိနစ်တွင် သိဟ်ရာသီသို့ ပြောင်းသည်။

သောကြာသည် - ၂၆-၇-၂၀၁၇ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ ၄၉ မိနစ်တွင် မေထုန်ရာသီသို့ ပြောင်းသည်။

## ၂၀၁၇ ခုနှစ်အတွက် ဓနသိဒ္ဓိနက္ခတ်နှင့် စန်းယှဉ်ချိန်

(၁၁. ၇. ၂၀၁၇)အင်္ဂါနေ့ ည ၁၀ နာရီ ၁၀ မိနစ် ၁၇ စက္ကန့်။

(၁၆. ၇. ၂၀၁၇) နှင့် (၂၇. ၇. ၂၀၁၇)ရက်တို့သည် အမြိတ္တာစုတ်ကျ၍ *အကောင်းဆုံးရက်များ ဖြစ်သည်။*

## အမြိတ္တာစုတ်ရက်မှာ လုပ်ဆောင်စရာ

*တနင်္ဂနွေသားသမီးသည်* မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

*တနင်္လာသားသမီးသည်* အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

*အင်္ဂါသားသမီးသည်* အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

*ဗုဒ္ဓဟူးသားသမီးသည်* အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

*ကြာသပတေးသားသမီးသည်* အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

*သောကြာသားသမီးသည်* အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

*စနေသားသမီးသည်* တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လမွေးအတွက် ကံဇာတာ

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

■ ဆရာမိုးဟန်ကြွယ်

ဖခင်နှင့်ပတ်သက်၍ အမွေအနှစ်များ ရရှိခံစားရတတ်ပါသည်။ ဆီး၊ အစာအိမ်တို့နှင့် ပတ်သက်သော ရောဂါဝေဒနာများအား ဂရုစိုက်ပေးဖို့ လိုပါလိမ့်မည်။ ခရီးသွားလာရင်းမှ မမျှော်လင့်ဘဲ အထက်လူကြီးများနှင့်သော်လည်းကောင်း၊ အဆင့်တူများနှင့်သော်လည်းကောင်း၊ လက်အောက်ငယ်သားများနှင့်သော်လည်းကောင်း စကားကတောက်ကဆ ပြောဆိုခြင်းများ ကြုံရတတ်သည်။

ရပ်ဝေးမှ မောင်နှမသားချင်းများ ရောက်ရှိလာတတ်သည်။ အဆိပ်ရှိသော သတ္တဝါ၏ ဒုက္ခပေးမှုကိုလည်း ကြုံရတတ်သည်။ ဆန့်ကျင်ဘက်လိင်ကြောင့် မျက်နှာပျက်ရကိန်းများ ကြုံတွေ့ရလိမ့်ဦးမည်။ မြေအောက်သယံဇာတများ မမျှော်လင့်ဘဲ ဝင်လာတတ်သည်။ ကုန်ရောင်းကုန်ဝယ် လုပ်လိုသူများအဖို့ ကြေးအပါအဝင် သံထည်ပစ္စည်း အမျိုးမျိုးတို့ကို ဝယ်ယူ၍ တစ်လကျော်ကြာမှ ရောင်းချလျှင် အမြတ်အစွန်းများ ရရှိလာတတ်ပါသည်။ သစ်သီးဝလံ၊ ကျောက်သံပတ္တမြား၊ မှန်၊ ဖန်ခွက်များ၊ ပလတ်စတစ်ပစ္စည်းများ၊ ရာဘာပစ္စည်းများ၊ ပိုးချည်၊ ကြေး၊ ကြေးသကာ၊ ဓာတ်ဆီ၊ ပန်းပု၊ ပန်းချီတူရိယာပစ္စည်းများ၊ နာရီ၊ ဦးထုပ်၊ ဖိနပ်၊ အိတ်အမျိုးမျိုး၊ ကြိမ်နှင့် ကြိမ်ထွက်ပစ္စည်းများ၊ ရေမွှေးနံ့သာများ၊ အမွှေးဆပ်ပြာ၊ ပေါင်ဒါ၊ မိတ်ကပ်များမှာမူ အကျိုးအမြတ် အနည်းငယ်သာ ရရှိပါလိမ့်မည်။ ပဲ၊ ပြောင်း၊ စပါး စသည်တို့ကို ဝယ်ယူသိုလှောင်ထားသူများအနေဖြင့် အမြတ်အစွန်းများစွာ ရရှိပါလိမ့်မည်။

မမျှော်လင့်ဘဲနှင့် နိုင်ငံရပ်ခြားခရီးတစ်ခု ထွက်ရတတ်ပါသည်။ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းတစ်ခုမှ ငွေကြေးများကို အစုလိုက်၊ အပုံလိုက် ရရှိတတ်ပါသည်။ နေအိမ်၊ လက်ဝတ်ရတနာပစ္စည်းများ မမျှော်လင့်ဘဲ ထွက်တတ်သည်ကို သတိပြုပါ။ ကံငါးပါးကို လုံခြုံအောင် ထိန်းချုပ်ပါ။

လွန်ကျူးသော အပျော်ကိစ္စများကို ရှောင်ကြဉ်ပါ။ လူလိမ်လူညာများကို လူယုံအဖြစ် သတ်မှတ်မိသဖြင့် ငွေကြေးဆုံးရှုံးခြင်းများနှင့် ကြုံရတတ်သည်။ လုပ်ငန်းသစ်များ တိုးချဲ့ရတတ်သည်။ သွေးသားနှင့်ပတ်သက်သောရောဂါ၊ မူးဝေသောရောဂါများ ဝင်ရောက်လာတတ်သည်။ ဥတုကြောင့်ဖြစ်သော ရောဂါများကို သတိပြုပါ။ သားသမီးများနှင့် ပတ်သက်၍ ငွေအစုလိုက် အပြုံလိုက် ရရှိကိန်းရှိသည်။ ငွေဝင်လာက ကျန်းမာရေးညံ့တတ်၏။ ဘာသာရေးလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ပေးပါ။

ဖွဲ့စည်းသူများအနေနှင့် ချစ်ရေးချစ်ရာ ကိစ္စရပ်များ၌ ကံခေနေလိမ့်ဦးမည်။ အိမ်ထောင်ရှင်များအဖို့မူ အိမ်ထောင်ဘက်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများ ကြုံရတတ်သည်။ ရွှေငွေရတနာပစ္စည်းများ ရောင်းဝယ်ပါက အကျိုးခံစားရတတ်သည်။ လက်ရှိနေရာမှ ပြောင်းရွှေ့ရခြင်းမျိုးနှင့်လည်း ကြုံရတတ်သည်။ အိုးသစ်၊ အိမ်သစ်များ ဝင်လာတတ်ပါသည်။ အပျော်ခရီးစဉ်များ ထွက်ရတတ်သည်။ သင့်တင့်ရုံ ပျော်ပါ။

*ယတြာပြုလုပ်လိုပါက* ဘုန်းကြီးကျောင်းသို့ သွား၍ ကုဋီများကို ဆေးကြောပေးပါ။

ဆရာမိုးဟန်ကြွယ်

www.burmeseclassic.com

# အလုပ်အကိုင် အောင်မြင်ရန်

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

■ မဟာဗိန္ဒုကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၂)၊ (၅)၊ (၈)၊ (၁၅)၊ (၁၆)၊ (၁၉)၊ (၂၂)၊ (၂၃)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဇူလိုင်လ (၁)၊ (၄)၊ (၇)၊ (၈)၊ (၁၅)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဇူလိုင်လ (၂)၊ (၃)၊ (၆)၊ (၇)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၅)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဇူလိုင်လ (၂)၊ (၃)၊ (၆)၊ (၁၂)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဇူလိုင်လ (၃)၊ (၄)၊ (၅)၊ (၈)၊ (၁၁)၊ (၁၂)၊ (၁၈)၊ (၂၂)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဇူလိုင်လ (၃)၊ (၇)၊ (၈)၊ (၁၁)၊ (၁၇)၊ (၁၈)၊ (၂၁)၊ (၂၃)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဇူလိုင်လ (၂)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၃) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဇူလိုင်လ (၂)၊ (၃)၊ (၁၂)၊ (၁၇)၊ (၁၉)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

သို့ဖြစ်၍ ဇူလိုင်လအတွင်း၌ မိမိတို့ မွေးနံ့နှင့် ကံအား လျော်ညီစွာ ရက်ကောင်းများကို ရွေးချယ်လျက် တိုးတက်ကြီးပွားအောင် ကြိုးစည်လုပ်ဆောင်သင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါတော့၏။

■ မဟာဗိန္ဒုကျော်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

**နေမျိုးထွင့်ခေါင်**

၁။ ဇူလိုင်လ (၃)၊ (၄)၊ (၉)၊ (၁၄)၊ (၁၉)၊ (၂၃)၊ (၂၈) စသောရက်များသည် "နန္ဒာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဇူလိုင်လ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၂၉) စသောရက်များသည် "ဘဒြာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဇူလိုင်လ (၆)၊ (၁၁)၊ (၁၆)၊ (၂၅)၊ (၃၀) စသောရက်များသည် "ဇယာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း စသော အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဇူလိုင်လ (၁)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၁)၊ (၂၆)၊ (၃၁) စသောရက်များသည် "ရိတ္တာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသောအမှုကိစ္စများ ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဇူလိုင်လ (၂)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၂)၊ (၂၇) စသောရက်များသည် "ပုဏ္ဏာတိထိ"တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဒ္ဒင်းခံခြင်း စသောအမှုကိစ္စများကို ဆောင်ရွက်နိုင် ကြပါသည်။

၆။ ဇူလိုင်လ (၁၆)၊ (၂၇) ရက်သည် "အမြိတ္တစုတ်" တွင် ကျရောက်၏။ ထိုရက်၌ မည်မျှပင် မကောင်းကြံ့စေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဇူလိုင်လ (၂)၊ (၅)၊ (၉)၊ (၁၂)၊ (၁၆)၊ (၁၉)၊ (၂၃)၊ (၂၆)၊ (၂၈) စသောရက်များသည် "ရက်ရာဇာ"တွင် ကျရောက်၏။ သို့ဖြစ်၍ ထိုရက်များ၌ လူမှုရေးကိစ္စများ၊ ဘာသာရေးကိစ္စများဆောင်ရွက်ပါက အလုံးစုံ ပြီးမြောက်နိုင်ပြီး နာမည်ဂုဏ်သတင်းလည်း ထင်ရှားကျော်စောတတ်ပါသည်။

**နေမျိုးထွင့်ခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ မြေလွတ်မြေရိုင်းလည်း ပေါများလှ၏။ လယ်ယာမြေတို့မှာလည်း ဩဇာမြေဆီ ကြွယ်ဝသဖြင့် စိုက်ပျိုးသမျှ သီးနှံတို့ ဖြစ်ထွန်းကြသည်မှာလည်း အငြင်းပွားစရာ မရှိပါချေ။ သို့ရာတွင် စိုက်ပျိုးရာကိစ္စ၌ နည်းစနစ်မှန်ကန်ဖို့လိုသလို အခါကာလကောင်းကိုလည်း ရွေးချယ်တတ်ဖို့လိုပေသည်။ သည့်အတွက် ကိုင်းသမား၊ ယာသမား၊ လယ်သမား၊ ဥယျာဉ်ခြံမြေစိုက်ပျိုးကြသူများအတွက် ရည်စူးကာ ဤကာလအခါသမယ၌ သတိပြုဖွယ် စိုက်ပျိုးကိစ္စကို ဖော်ပြလိုက်ပါ၏။

၁။ ဇူလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၂၈)၊ (၃၀) ကျရောက်သောရက်များ၌ အပွင့်၊ အသီးအနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ပျိုးခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ ဇူလိုင်လ (၁၂)၊ (၁၄)၊ (၂၃) ကျရောက်သော ရက်များ၌ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဇူလိုင်လ (၃)၊ (၆)၊ (၇)၊ (၈)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၆) ကျရောက်သော ရက်များ၌ ထွန်ယက်ခြင်းစိုက်ပျိုး၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်, ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥ,အမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ဇူလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) ကျရောက်သောရက်များသည် သီးနှံများ မျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက်ကောင်းသောရက်

## ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွက်

နွယ်သာကီအောင်

ချောင်းရေက လျှံ၍ ကန်ရေတွေက တိုး၍နေကြပေပြီ။

ဝါဆိုလသို့ ပြောင်းပြီဖြစ်၍ မိကျောင်းပန်းတို့ ဖွေးဖွေးလှုပ်မျှ ဝေဆာပွင့်လန်းကာ ခါဝသန်မိုးစက်တွေက အေးတမြမြဖြင့် သွန်းချ၍ မစဲတော့။ လယ်ကွင်းပြင်မှာတော့ ပျိုးပင်တွေဟာ ထိုးထိုးထောင်ထောင်ဖြင့် မြရောင်တွေ ဝေဆာကြစေရန် အားယူနေကြပေပြီကော။ စတ္တာ၊ ပုန်းညက်တို့မှာလည်း ရာသီမသိ ပန်းနှင့်ညီဆိုသည့်အတိုင်း သင်းတပျံ့ပျံ့ဖြင့် ဝင်းဖန့်နေကြချေပြီ။

နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း ... ရာသီတွေ ဘယ်လိုပြောင်းစေဦးတော့။ မိမိတို့ လောကီလူသားများအနေဖြင့် စားဝတ်နေရေးအတွက် ကြီးပွားချမ်းသာရေးအတွက် ကြံစည် လုပ်ကိုင်နေကြရစမြဲ ဖြစ်ပေရာ...

၁။ **နေအိမ်ဝယ်ယူရန်**

ဇူလိုင်လ (၅)၊ (၆)၊ (၈)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၅)၊ (၂၆) စသောရက်များသည် နေအိမ်ဝယ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်ဝယ်ယူရန်**

ဇူလိုင်လ (၃)၊ (၅)၊ (၁၂)၊ (၂၃) စသောရက်များ သည် ကား/ယာဉ်ဝယ်ယူရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ငါးဖမ်းရန်**

ဇူလိုင်လ (၁၂)၊ (၁၄)၊ (၂၃) စသော ရက်များသည် ငါးဖမ်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ရွှေတွင်း/ကျောက်တွင်း တူးရန်**

ဇူလိုင်လ (၂)၊ (၆)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၆)၊ (၃၀) စသောရက်များသည် ရွှေ/ကျောက်တူးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၅။ **ယှဉ်ပြိုင်ကစားများ ဆောင်ရွက်ရန်**

ဇူလိုင်လ (၂)၊ (၃)၊ (၅)၊ (၁၆)၊ (၁၇)၊ ([illegible])၊ (၂၃)၊ (၃၀) စသောရက်များသည် ယှဉ်ပြိုင်ကစားများ ဆောင် ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၆။ **ကျောင်း/အိမ် ဆောက်လုပ်ရန်**

ဖွားလိုင်လ (၃)၊ (၆)၊ (၇)၊ (၈)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၈)၊ (၃၀) စသော ရက်များသည် ကျောင်း/အိမ်ဆောက်လုပ်ရန် အကောင်း ဆုံးရက်များ ဖြစ်ကြပါသည်။

၇။ **ပွဲင်းခံ/ ရှင်ပြု/ နားသမင်္ဂလာ ကျင်းပရန်**

ဖွားလိုင်လ (၆)၊ (၇)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၈)၊ (၃၀) စသောရက်များသည် ပွဲင်းခံ/ရှင်ပြု/ နားသ မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ **အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက်ရန်**

ဖွားလိုင်လ (၆)၊ (၇)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၈) စသောရက်များသည် အိမ်ပြောင်းရွှေ့ရန်၊ အိမ်သစ်တက် ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ **အမည်ပေး/ ဆိုင်းဘုတ်တင်ရန်**

ဖွားလိုင်လ (၃)၊ (၅)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်း ဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ **ခရီးသွားရန်**

ဖွားလိုင်လ (၃)၊ (၅)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၉)၊ (၂၀)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ် ကြပါသည်။

၁၁။ **လယ်ထွန်မင်္ဂလာကျင်းပရန်**

ဖွားလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် လယ်ထွန် မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ **အရောင်းအဝယ်လုပ်ကိုင်ရန်**

ဖွားလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် အရောင်း အဝယ်ကိစ္စများ လုပ်ကိုင်ရန် အကောင်းဆုံးရက်များ ဖြစ် ကြပါသည်။

၁၃။ **သီးနှံမျိုးစေ့ကြဲရန်**

ဖွားလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၆)၊ (၃၀) စသောရက်များသည် သီးနှံမျိုး စေ့များကြဲရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ **ရေတွင်းရေကန် တူးဖော်ရန်**

ဖွားလိုင်လ (၃)၊ (၆)၊ (၇)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၃)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသော ရက်များသည် ရေတွင်းရေကန် တူးဖော်ရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

၁၅။ **ပညာသင်ကြားရန်**

ဖွားလိုင်လ (၃)၊ (၅)၊ (၁၂)၊ (၁၄)၊ (၁၆)၊ (၂၀)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၃၀) စသောရက်များသည် အတတ် ပညာများသင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြ သည်။

၁၆။ **မင်္ဂလာအခါပေးရန်**

ဖွားလိုင်လ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၄)၊ (၁၇)၊ (၁၈)၊ (၁၉)၊ (၂၀)၊ (၂၁)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၇)၊ (၂၈)၊ (၃၁) စသော ရက်များသည် မင်္ဂလာအခါပေးဖို့ရန် အကောင်းဆုံး ရက်များ ဖြစ်ကြပါသည်။

■ နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဆရာကြီး ခါသာချင်နာဘာန်ချောင်း
# ၂၀၁၇ ကြက်နှစ် တစ်လချင်းဟောစာတမ်း
## (ဇွန်လ)

● ဦးတိုး(တက္ကသိုလ)

၁၂ လရာသီခွင် သတ်မှတ်ချက်မှာ အနောက်တိုင်းနှင့် မတူသဖြင့် မိမိ၏ မွေးလ၊ မွေးရက်ကို ရှာ၍ အဟောကို ဖတ်ရှုနိုင်ပါသည်။

### မကာရ ရာသီဖွား (ဆိတ်ရုပ်)
### ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၃ ရက်

ဖြစ်ပေါ်လျက်ရှိသည့် ပြဿနာများကို ဖြေရှင်းပြီးသည့်တိုင်အောင် အငြင်းအခုန်ဖြစ်မှုများကို သတိထားနေပါ။ လုပ်ငန်းခွင်၌ သင်၏လုပ်နိုင်စွမ်းအား ကောင်းမွန်တောက်ပနေမည်။ ရိုးရိုးကုတ်ကုတ်နေပါ။ သို့တည်းမဟုတ်ပါက ရန်သူများအား ဖိတ်ခေါ်နေသလို ဖြစ်သွားမည်။ သင်၏ သူငယ်ချင်းများမှ သင့်အား ဒုက္ခပေးလာတတ်သဖြင့် သူတို့နှင့် ခပ်ဝေးဝေးနေပါ။

### ကုံရာသီဖွား (ရေထမ်းယောက်ျားရုပ်)
### ဖေဖော်ဝါရီလ ၁၄ ရက် မှ မတ်လ ၁၃ ရက်

သင့်ချစ်မေတ္တာရေးသည် တကယ်ပင် ချိုမြိန်နေပါလိမ့်မည်။ တစ်စုံတစ်ဦးသည် သင့်ရှေ့တွင် ဦးနှိမ်၍ ချစ်ရေးဆိုလာပါလိမ့်မည်။ ထို့ကြောင့် တစ်ကိုယ်တည်းသမားများသည် ချစ်မေတ္တာသက်ဝင်ရပေလိမ့်မည်။ လုပ်ငန်းခွင်တွင်လည်း သင်သည် ထင်ပေါ်သူဖြစ်လာမည်။ လူအများမှ သင့်ထံသို့ ချဉ်းကပ်လာကြမည်ဖြစ်၍ ဆုလာဘ်များလည်း ဤသည်မှ ဝင်လာပေလိမ့်မည်။

### မိန်ရာသီဖွား (ငါးနှစ်ကောင်ရုပ်)
### မတ်လ ၁၄ ရက် မှ ဧပြီလ ၁၄ ရက်

သင့်အနေဖြင့် စွန့်စားသလို ခံစားနေရပြီး ခရီးသွားရမည့် အခွင့်အရေးတစ်ခု သို့မဟုတ် အလုပ်အကိုင်ပြောင်းလဲပစ်ရန် အခွင့်အခါ ကြုံကြိုက်သွားတတ်သည်။ လအစပထမပိုင်း၌ အလုပ်အကိုင်သည် အလွန်ရှုပ်ထွေးမည့်ပုံပေါက်နေသော်လည်း လကုန်ဆုံးသွားသည်နှင့် ကောင်းသတင်းများ သင့်တံခါးသို့ လာရောက်ပါလိမ့်မည်။ အချစ်ရေးတွင် ဆုံးဖြတ်ရခက်နေမည်။ ထင်ထင်ပေါ်ပေါ် ချစ်သူနှင့်စတင်၍ ဝမ်းနည်းရမှုခံစားရမည်။ တစ်ကိုယ်တည်းသမားအဖို့ ပေါင်းသင်းဆက်ဆံရေးမှတစ်ဆင့် တစ်စုံတစ်ဦးဦးနှင့် တွေ့ရပေမည်။


### မိဿရာသီဖွား (သိုးထီးရုပ်)
### ဧပြီလ ၁၅ ရက် မှ မေလ ၁၄ ရက်

သင်၏ စီနီယာများ၏ ပံ့ပိုးကူညီပေးမှုဖြင့် သင်၏ဘဝ အသက်မွေးဝမ်းကျောင်းမှုနှင့် ငွေရေးကြေးရေးတွင် အတားအဆီးများမှ လွတ်ကင်းသွားလိမ့်မည်။ သင်၏ လုပ်ကိုင်နိုင်သည့် စွမ်းရည်ကို အသိအမှတ်ပြုခြင်း ခံရပြီး သင်၏



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်၌ ရာထူးတိုးပေးခြင်းဆီသို့ ဦးတည်ပေးပါလိမ့်မည်။ သင်၏ နှစ်လိုဖွယ်ရာ ညို့ချက်ကြောင့် ကံကောင်းမှုကို ယူဆောင်ပေးပါလိမ့်မည်။

## ပြိဿရာသီဖွား (နွားလားဥသဘရုပ်)
## မေလ ၁၅ ရက် မှ ဇွန်လ ၁၄ ရက်

စိတ်ငြိုငြင်စရာ အသေးအဖွဲကလေးများအား လျစ်လျူရှုထားသင့်လှပေသည်။ အလုပ်အကိုင်သစ် သို့မဟုတ် လုပ်ငန်းစီမံချက်များမှ အောင်မြင်မှုရပြီး ငွေစုဆောင်းလျှင်လည်း အကြံဉာဏ်ကောင်းတစ်ရပ် ဖြစ်သည်။ ချစ်မေတ္တာ သက်ဝင်ပြီးကြသူများအဖို့ မနာလိုဝန်တိုမှုကို သတိပြုသင့်ကြသည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် ကံကောင်းမှုကို ရရှိရန် ပိုမို၍ ပေါင်းသင်းဆက်ဆံတတ်အောင် နေပေးပါ။

## မေထုန်ရာသီဖွား (အမြွာရုပ်)
## ဇွန်လ ၁၅ ရက် မှ ဇူလိုင်လ ၁၅ ရက်

သင့်လူမှုရေး အုပ်စုအတွင်းသို့ ရန်တိုက်ပေးမည့်သူတစ်ဦး ဝင်နှောင့်လာပေလိမ့်မည်။ အလုပ်အကိုင် ဖင့်နွဲလာမည်ဖြစ်သော်လည်း လုပ်ဖော်ကိုင်ဖက်တစ်ဦး၏ အကူအညီရရှိ၍ လုံးလုံးလျားလျား အောင်မြင်မှုကို ရရှိပါမည်။ သင်၏ ဘဏ္ဍာငွေကြေးအခြေအနေ တည်ငြိမ်လာလျှင် တစ်စုံတစ်ဦးဦးအား ငွေချေးခြင်းကို ရှောင်ရှားပါ။ တစ်ကိုယ်တည်းသမားများသည် သူငယ်ချင်းများမှတစ်ဆင့် လက်တွဲဖော်တစ်ဦးကို မိတ်ဆက်ပေးလာမည်။ အိမ်ထောင်ရှင်များအနေဖြင့် ပဋိပက္ခ ခိုက်ရန်ဖြစ်ပွားမှုကို ဖြေရှင်းရန် ကြားဝင်စေ့စပ်ပေးသူတစ်ဦး လိုအပ်ပေလိမ့်မည်။

## ကရကဋ်ရာသီဖွား (ပုစွန်လုံးရုပ်)
## ဇူလိုင်လ ၁၆ ရက် မှ ဩဂုတ်လ ၁၆ ရက်

ယခုလတွင် အလုပ်အကိုင်ကောင်းနေမည်ဖြစ်သော်လည်း အချစ်ရေးတွင် ကံခေနေပါလိမ့်မည်။ ကောင်းမွန်သော အလားအလာရှိစေရန် သင့်လုပ်ငန်းအတွက် အထက်အရာရှိများအား ချဉ်းကပ်သင့်သည်။ တန်ဖိုးကြီးသော သင့်ပိုက်ဆံအိတ် သို့မဟုတ် မိုဘိုင်းဖုန်း ပျောက်ဆုံးမှုကြောင့် ငွေအများအပြား ကုန်ကျသွားမည်။ တစ်ကိုယ်တည်းသမားများ စိတ်အနှောင့်အယှက်တွေ့ရမည်ဖြစ်သော်လည်း အိမ်ထောင်ရှင်များ အနေဖြင့် တူနှစ်ကိုယ်ယှဉ်တွဲပြီး လှုပ်ရှားမှုအသစ်များ ဆောင်ရွက်ရန် ရှာဖွေတွေ့ရှိမည်။

## သိဟ်ရာသီဖွား (ခြင်္သေ့ရုပ်)
## ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၅ ရက်

ကြိုတင်မှန်းဆ မရနိုင်သည့် အခြေအနေများကြောင့် စိတ်ပျက်စရာများဖြင့် ကြုံတွေ့ရတတ်သည်။ သင်၏အိမ်မှ တခြားသို့ ပြောင်းရွှေ့ပြီး ပတ်ဝန်းကျင်နေရာသစ်သို့ ရောက်ရှိသွားမည်။ သင် အကျွမ်းတဝင်မရှိသည့် လုပ်ငန်းကိစ္စတစ်ရပ်သို့ အခြေချရပြီး ရုတ်တရက် တာဝန်ခံရမှုများဖြင့် ကြုံတွေ့ရမည်။ လိုအပ်ချက်ရှိနေသည့် ပေးဆပ်စရာများအတွက်





www.burmeseclassic.com

www.burmeseclassic.com



အသင့်ပြင်ဆင်ထားပါ။ အိမ်ထောင်ရှင်များအနေဖြင့် ဆက်ဆံရေးတိုးတက်မှုရရှိရန် လှုပ်ရှားမှုအသစ်များကို ရှာကြံရပေမည်။

## ကန်ရာသီဖွား (အပျိုစင်ရုပ်)
## စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်

အလုပ်အကိုင် အဆင်ပြေ ချောမွေ့နေပါလိမ့်မည်။ ယခုလတွင် ခရီးသွားခြင်းနှင့် အစားအစာအပေါ် ငွေများသုံးဖြုန်းပစ်လိုက်ရတတ်သည်။ သို့ရာတွင် စိတ်ပူစရာမလိုပါ။ သင့်အိတ်ကပ်ထဲတွင် အပိုဆောင်းငွေများ ရှိနေပါလိမ့်မည်။ ချစ်မေတ္တာရေးသည် စိတ်လှုပ်ရှားဖွယ်ရာ ကောင်းနေပါမည်။ တစ်ကိုယ်တည်းသမားများ စက်ကုန်အရှိန်မြှင့်တင်မည်။ တစ်ကိုယ်တည်း မိခင်များနှင့် တစ်ကိုယ်တည်းဖခင်များ အပျိုချော၊ လူပျိုချောသစ် တစ်ဦးနှင့် ပဋိပက္ခမှု ကြုံတွေ့ရမည်။

## တူရာသီဖွား (ချိန်ခွင်ရုပ်)
## အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၅ ရက်

အဖွဲ့အစည်းဖြင့် ကောင်းစွာ ဆောင်ရွက်နိုင်၍ သင့်အား ချီးကျူးလိမ့်မည်။ သင့်အထက်အရာရှိများအား ချဉ်းကပ်ပါက ၎င်းတို့မှ သင့်အား ထောက်ကူမှု ပြုပေးကြပါလိမ့်မည်။ ငွေအသည့်ကာလဖြစ်၍ သုံးစွဲမှုတွင် ချွေတာနေရမည်။ အချစ်မေတ္တာရေး၌ ပွင့်လန်းနေပါမည်။ တစ်စုံတစ်ဦးဦးမှ သင့်အား ဒိတ်လုပ်ချိန်းလိမ့်မည်။



## ဗြိစ္ဆာရာသီဖွား (ကင်းမြီးကောက်ရုပ်)
## နိုဝင်ဘာလ ၁၆ ရက် မှ ဒီဇင်ဘာလ ၁၄ ရက်

သင့်လုပ်ဖော်ကိုင်ဖက်များနှင့် မျက်မည်းကဲဆ ဖြစ်ရတတ်သည်။ သင့်အား ထောက်ခံမှုများမှ သင့်အား ပံ့ပိုးကူညီကြမည်ဖြစ်၍ စိတ်ပူစရာ လိုအပ်မည်မဟုတ်ပါ။ သင်၏ စိတ်ထိခိုက်လှုပ်ရှားရမှုများကို ထိန်းချုပ်ထားပြီး အခြားသူများအပေါ် ရိုက်ခတ်မှုမရှိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ လမ်းပေါ်တွင် မတော်တဆ ယာဉ်တိုက်မှုမရှိအောင် သတိရှိနေပါစေ။ ချစ်မေတ္တာစိတ်များ ပြင်းပျနေသော်လည်း တဒင်္ဂလောက်သာ ဖြစ်ပါလိမ့်မည်။

## ဓနုရာသီဖွား (လေးစွဲယောက်ျားရုပ်)
## ဒီဇင်ဘာလ ၁၅ ရက် မှ ဇန်နဝါရီလ ၁၃ ရက်

ခရီးအဝေးသို့ သွားရလိမ့်မည်။ သင်၏ အလုပ်အကိုင်ပြောင်းလဲလိုလျှင် အချိန်ကျရောက်ပြီဖြစ်သည်။ နောက်ဆုံးဆုံးဖြတ်ချက်ချရန် ခက်ခဲနေဦးမည်။ သို့သော်လည်း ကိုယ့်ကိုယ်ကို ယုံကြည်ကိုးစားပြီး အရာရာတိုင်းသည် နေသားတကျ ဖြစ်လာပါလိမ့်မည်။ တစ်ကိုယ်တည်းသမားများအနေဖြင့် စိတ်လွတ်လက်လွတ် ပျော့ပျော့ရမ်းရမ်း ဖြစ်နေမည်။ အိမ်ထောင်ရှင်များမှာလည်း ကြားဝင်လာသူကြောင့် ရှုပ်ထွေးမှု ရှိလာတတ်သည်။

**ဦးတိုး(တက္ကသိုလ်)**

*Reference:*

**2017: A Year to crow about? by Khatha Chinnabanchorn.**



www.burmeseclassic.com

www.burmeseclassic.com

# တာရုတ်နက္ခတ္တဗေဒင်ပညာ

၂၀၁၇ ခုနှစ် ၊ ဇူလိုင်လ

## တရုတ်နှစ်မွေးသူများအတွက်

### ဆောင်ရန်၊ ရှောင်ရန်နှင့် သတိပြုရန်အချက်များ

■ ဇောတိ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

#### ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ငြိုပတ်ဆိုးမှ လုံးဝလွတ်မြောက်လာပြီဖြစ်၍ သင့်ဘဝ အထူးကံကောင်း၊ စန်းပွင့်နေပါလိမ့်မည်။ ငွေဝင်ကိန်းရှိ၏။ မမျှော်လင့်သော အရပ်မှ ရွှေ ငွေ လိမ့်၍ဝင်လာပါလိမ့်မည်။ လုပ်ငန်းအကြံအစည် စိတ်တိုင်းကျအောင်မြင်ရပါလိမ့်မည်။ မစရန် သူတော်ကောင်း ပေါ်လာပါလိမ့်မည်။ ငွေရတုန်း စုဆောင်းထားပါ။ မိုးရွာတုန်း ရေခံပါ။ နောင်အခါ ငွေပြတ်လပ်မှု ဖြစ်ပေါ်လာမည်ကို ကြိုတင်ကာကွယ်ထားပါ။

#### ရှောင်ကြဉ်ရန်အချက်များ

ငွေရကိန်းပေါ်လာမည် ဖြစ်သော်ငြားလည်း ငွေမည်း ဝင်လာခဲ့လျှင် လုံးဝ လက်မခံရ။ လောဘမကြီးရ။ လောဘကြီးပါက အမှုပြဿနာ တက်ပါလိမ့်မည်။ သတိနှင့်ဆင်ခြင်ပါ။ ညဥ့်အခါ အပြင်မထွက်သင့်။ ယာဉ်တိုက်မှုဖြစ်တတ်သည်။ အိမ်နီးနားချင်းနှင့် တည့်အောင်ပေါင်းပါ။ ခိုက်ရန်ဖြစ်ပွားတတ်၏။ ပြောဆိုဆက်ဆံမှု ပြေလည်ပါစေ။

#### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကြီးသောပြဿနာ ငယ်စေ၊ ငယ်သောပြဿနာ ပပျောက်စေ။ စီးပွားရေး ပြိုင်ဘက်နှင့်သော်လည်းကောင်း၊ အိမ်နီးနားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းနှင့်သော်လည်းကောင်း တည့်အောင်ပေါင်းဖော်ပါ။ အောက်လူ ပုန်ကန်တော်လှန်တတ်သည်။ ပြောဆိုဆက်ဆံမှု အဆင်ပြေပါစေ။ ခရီးသွားနိုင်၏။

#### ရှောင်ကြဉ်ရန်အချက်များ

ခရီးသွားနိုင်ပါသော်လည်း ရေကြောင်းခရီးနှင့် လေကြောင်းခရီးတို့ကို အထူးရှောင်ရှားနိုင်ပါစေ။ မြင်းပမထွက်ရ။ နိုင်ငံခြားခရီးစဉ်ရှိလျှင် ခဏယာယီဖျက်သိမ်းပါ။ ပြဿနာတက်တတ်၏။ ယာဉ်တိုက်မှု သွေးထွက်သံယိုမှု ဖြစ်တတ်၏။ သတိနှင့် ဆင်ခြင်ကြရပါမည်။ ရေမကူးရ။ ရေဘေးကြုံရတတ်သည်။

#### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် သင်၏ကံကြမ္မာ အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်၏။ ကံစမ်းချင်လျှင် ကံစမ်းနိုင်ပါသည်။ ထီထိုးပါ။ အများမထိုးပါနှင့်။ အနည်းအကျဉ်း ရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ခရီးထွက်လျှင် အကျိုးရှိမည်။ ထွက်ပေးပါ။

#### ရှောင်ကြဉ်ရန်အချက်များ

ဖဲ၊ လောင်းကစား ရှောင်ပါ။ အရှုံးပေါ်နိုင်၏။ ရေ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်းခရီးကို ရှောင်ပါ။ ရေဘေးရှိ၏။ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေ၏။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။

## ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ နိမ့်ကျနေတတ်၏။ စီးပွားရေးလုပ်ငန်း ခဏခေတ္တ အနားပေးထားပြီး ဘာသာရေးကိစ္စ အလှူအတန်း၊ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်နိုင်ပါသော်ငြားလည်း ချက်ချင်း လက်မထပ်ပါနှင့်ဦး။ ခဏခေတ္တစောင့်ကြည့်ပါဦး။ ငွတ်မလုပ်ရ။ ငွတ်လုပ်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ အရှေ့ခရီး မထွက်နှင့်။ ဘေးအန္တရာယ်များ ဝိုင်းဝိုင်းလည်နေတတ်၏။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

စီးပွားရေးလုပ်ငန်း၊ အကြံအစည် စိတ်တိုင်းကျအောင်မြင်ပါလိမ့်မည်။ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း ရာထူးတိုး၊ လစာတိုးဖွယ် ရှိသဖြင့် အလုပ်ကို ရိုးသားကြိုးစားလုပ်ပါ။ အထက်လူကြီး၏ အကြိုက်လိုက်လုပ်ပေးပါ။ ကောင်းစားမည်။ ခရီးထွက်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ကုန်းကြောင်းခရီး၊ မီးရထားမစီးရ။ ရေကြောင်းခရီးနှင့် လေကြောင်းခရီး သွားနိုင်၏။ စေ့စပ်နိုင်သော်လည်း လက်မထပ်ပါနှင့်ဦး။ ခဏစောင့်ကြည့်ပါဦး။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလ သင်၏ကံကြမ္မာ စန်းပွင့်နေ၏။ တောအမဲလိုက်နိုင်၏။ သားကောင်များရမည်။ စီးပွားရေးလုပ်ငန်း၊ အကြံအစည် စိတ်တိုင်းကျ အောင်မြင်ဖွယ်ရှိ၏။ ကူးသန်းရောင်းဝယ်ရေး လုပ်နိုင်၏။ နိုင်ငံခြား(ပြည်ပ) ကုန်သွယ်ရေးလုပ်ပါ။ အကျိုးထူးမည်။ စေ့စပ်နိုင်၏။ အိမ်ထောင်ကျကိန်းရှိ၏။ လက်ထပ်နိုင်၏။ ခရီးသွားနိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေမှု ရှိပါလိမ့်မည်။ ပြောဆိုဆက်ဆံမှု ဆင်ခြင်ပါ။ မဆင်ခြင်လျှင် သဘောကွဲလွဲမှု ဖြစ်နိုင်ပါသည်။ ခရီးသွားနိုင်ပါသော်ငြားလည်း လေကြောင်းခရီးကိုသာ ရှောင်ပါ။ သူတော်ကောင်း မစမည်ကို လက်လွှတ်အရှုံးမခံရ။ လောင်းကစားခြင်းကို ကြပ်ကြပ်ရှောင်ပါ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အိမ်ထောင်ကျကိန်းရှိ၏။ ငွေဝင်ကိန်းရှိ၏။ ထီပေါက်နိုင်သည်။ ကံစမ်းပါ။ မည်သည့်စီးပွားရေးလုပ်လုပ် ထမြောက်အောင်မြင်မည်။ ခရီးထွက်နိုင်၏။ နိုင်ငံခြားခရီးထွက်လျှင် ကောင်းစားမှုရှိမည်။ နိုင်ငံခြားခရီးနှင့် အကျိုးပေးမည်ဖြစ်၍ ထွက်သာထွက်ပေးပါ။

## ရှောင်ကြဉ်ရန်အချက်များ

ဆေးလိပ်၊ အရက်သေစာ ရှောင်ပါ။ အသည်းရောဂါ၊ အစာအိမ်ရောဂါ ရနိုင်၏။ စားသောက်နေထိုင်မှု ရှောင်ကြဉ်ပါ။ သတိနှင့် ဆင်ခြင်ပါ။ လောင်းကစား အနိုင်ရတတ်သော်လည်း လောဘမကြီးရ။ အရှုံးနှင့် တွေ့တတ်လေသည်။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ နိမ့်ကျနေတတ်၏။ မိမိမှလရှိရင်းစွဲ အလုပ်ကိုသာ မပျက်စီးရလေအောင် ထိန်းသိမ်းလုပ်ကိုင်ပါ။ လုပ်ငန်းပြိုင်ဖက်ကို သတိထားပါ။ စီးပွားရေးလုပ်ငန်း ပြိုင်ဘက်နှင့် အဆင်ပြေအောင် ပေါင်းပါ။ ဆက်ဆံပါ။

## ရှောင်ကြဉ်ရန်အချက်များ

အချစ်သစ် ပေါ်လာတတ်၏။ အိမ်ထောင်ဦးစီး ထင်ယောကျ်ားလုပ်သူအဖို့ စိတ်ထိန်းပါ။ ခေါင်းအေးအေးထားပါ။ အချစ်သစ်ကို လက်မခံရ။ သားမယားမျက်နှာကို [illegible] ထောက်ထားညှာတာပါ။ သနားကြင်နာပါ။ ကိုယ်ချင်း[illegible]။ ငွေမည်းဝင်လာတတ်၏။ လုံးဝ လက်မခံရ။ [illegible]ပြဿနာ တက်တတ်၏။

www.burmeseclassic.com

### မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ၊ ကုသိုလ် အလှည့်အပြောင်းရှိ၏။ ကံကောင်းနေ၍ လုပ်ငန်းအကြံအစည် အစစအရာရာ စိတ်တိုင်းကျအောင်မြင်မှု ရှိမည်၊ ကုန်သည်များအဖို့ ဈေးရောင်းကောင်းမည်။ သူတော်ကောင်း ကယ်ဆယ်မစမည်။ နိုင်ငံခြားကုန်သွယ်မှုဖြင့် အကျိုးပေးမည်။ လုပ်ငန်း ကြီးပွားတိုးတက်မည်။

### ရှောင်ကြဉ်ရန်အချက်များ

အလုပ်ပင်ပန်း၍ နာဖျားမှုဖြစ်မည်။ နားနားနေနေနေပါ။ ညဥ့်အအိပ်ပျက်မခံပါနှင့်။ ကျန်းမာရေး စားသောက်နေထိုင်မှု ဂရုစိုက်ပေးပါ။ အရက်သေစာ ဒုက္ခလှလှပေးလိမ့်မည်။ ဆေးလိပ်နှင့် အရက်ကို ဝေးဝေးရှောင်နိုင်ပါစေ။

### ကြက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ကံကြမ္မာ အလှည့်အပြောင်းကောင်း၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်နိုင်၏။ ငွေဝင်ကိန်းရှိမည်။ ကံစမ်းနိုင်ပါသည်။ ကြိုးစားသလောက် အကျိုးခံစားမှုရှိမည်။ ငွေဖြူငွေမည်း ဝင်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ငွေဖြူငွေမည်းများ တစ်ပြိုင်နက်တည်း ဝင်လာမည်ဖြစ်ရာ ငွေမည်းကို အသင့်အတင့် လက်ခံနိုင်ပါသည်။ လောဘသိပ်မကြီးရ။ အမှုပြဿနာ တက်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။ ကျန်းမာရေးအတွက် အစားအသောက် ဆင်ခြင်ပါ။ လွန်လွန်ကျူးကျူး မစားရ။ အစာအိမ်ရောဂါ ရတတ်ပါသည်။ အိမ်ထောင်ရှင်အဖို့ စိတ်ထိန်းပါ။ အချစ်သစ် ပေါ်တတ်သည်။ ခေါင်းအေးအေးထား စဉ်းစားဆုံးဖြတ်ပါ။ အချစ်သစ် ဒုက္ခပေးမည်ဖြစ်၍ လုံးဝ လက်မခံကြရ။ သတိနှင့် ဆင်ခြင်ပါ။

### ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သူတော်ကောင်းပေါ်မည်။ မစကူညီမည်။ လုပ်ငန်းအကြံအစည် အစစအရာရာ ထမြောက်အောင်မြင်မည်။ ရင်းနှီးမြှုပ်နှံနိုင်၏။ စီးပွားရေးလုပ်ငန်း တိုးချဲ့လုပ်ကိုင်ပါ။ အကျိုးအမြတ် ကောင်းမည်။ စေ့စပ်နိုင်၏။ ခရီးထွက်နိုင်၏။ အိမ်ထောင်ပြုကိန်းရှိသည်။ လက်ထပ်နိုင်ပါသည်။ ချစ်သူ ပိုင်းပိုင်းလည်မည်။ အချစ်စစ် အချစ်မှန်ကို ကောင်းစွာ မှန်ကန်စွာ ရွေးချယ်နိုင်ပါစေ။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်လျှင် ကုန်းကြောင်းခရီး၊ မီးရထားခရီးစဉ်ကို ဖျက်သိမ်းပါ။ လေယာဉ်ဖြင့်သွားနိုင်ပါသည်။ လေကြောင်းခရီးကို ရှောင်ကြဉ်စရာ မလိုပါ။ လက်ထပ်နိုင်သည် ဆိုပါသော်ငြားလည်း အပြန်အလှန် စဉ်းစားပါ။ အလောတကြီး မဆုံးဖြတ်လိုက်ပါနှင့်။ အချစ်ရေး အိမ်ထောင်ရေးတွင် ပြဿနာပေါ်နိုင်ခြင်းမပြုရ။ ခေါင်းအေးအေးထား စဉ်းစားပါလေ။ ကျန်းမာရေးအတွက် ဆေးစစ်ဆေးခြင်း ခံယူပါ။ စားသောက်နေထိုင်မှု ဂရုစိုက်ပါ။ အအေးစာ မစားရ။ ရှောင်ကြဉ်ပါ။

### ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ယခုလတွင် သင်၏ကံကြမ္မာ ညံ့နေတတ်၏။ မိမိ၏ လက်အောက်ငယ်သား ပုန်ကန်ထကြွမည်ဖြစ်၍ မျက်ခြေမပြတ် အမြဲစောင့်ကြည့်နိုင်မှ တော်ရုံကျပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ငွေမည်းဝင်လာတတ်သည်။ မက်မောခြင်းမပြုရ။ မက်မောလျှင် အမှုပြဿနာ တက်တတ်၏။ ယာဉ်မောင်းလျှင် သတိကြီးစွာထားပြီး မောင်းပါ။ ကျော်တက်မောင်းမိ၍ တရားစွဲခံရတတ်သည်။ ညဥ့်အခါ ယာဉ်မောင်းခြင်းမှ ရှောင်ကြဉ်ပါ။ အမှုပြဿနာ တက်တတ်ပါသည်။ ရင်းနှီးမြှုပ်နှံခြင်း မပြုရ။ ဖဲ လောင်းကစားခြင်းတို့ကို ကျပ်ကျပ်ရှောင်ရှားပါလေ။ ဆုံးရှုံးမှု ဖြစ်တတ်၏။ သတိနှင့် ဆင်ခြင်ပါလေ။

**ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)**

*Ref:-*

တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၀၇ ခုနှစ်၊
Malaysia



www.burmeseclassic.com

www.burmeseclassic.com

# ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော်

## တည်ထားဖြစ်မြောက်ရေးအတွက်

## ဝေနေယျပဋ္ဌာန်းဆက် ဆွေတော်မျိုးတော် အလှူရှင်များအား

## တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ခြင်း

ရခိုင်ပြည်နယ်၊ သံတွဲမြို့ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ သာသနာတော်မြတ်ကြီးသည် ယခင် ရှေးနှစ်ပေါင်းများစွာ လူသူကင်းမဲ့ပြီး ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် မည်သူမျှ တည်ထားဆောင်ရွက်နိုင်ခြင်း မရှိ၊ ချုံနွယ်များနှင့် တောကြီးတမျှ မြင်သူနလုံး ယူကျုံးမရ သာသနာအတွက် ဖြေမဆည်နိုင်ရှိခဲ့ရာ -

ယခုအခါတွင် သမိုင်းတစ်ခေတ် ရာဇဝင်မှတ်တမ်းမော်ကွန်းတွင် ကျန်ရစ်စေမည့် သာသနာ့အာဇာနည် ဦးအာစာရ လင်္ကာသီရိ(ပင်မသဲအင်းဂူအဖွဲ့ချုပ်၊ တိုက်ခွဲအမှတ်-၂၁) အရှင်မြတ်သည် (၁၆-၂-၁၉၉၅)ခုနှစ်တွင် ရောက်ရှိ၍ ယနေ့ထက်တိုင် ပညတ်ဂါမ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမ ကိုးကွယ်လက်ခံမှု လုံး၀(လုံး၀)မရှိ။ တစ်ပါးတည်း တောရစုတင် အကျင့်မြတ် ပဋိပတ်တရားဒေသနာနှင့်အညီ အကျင့်သီလ သမာဓိ စရဏစွမ်းအားဖြင့် ဝေနေယျ ဆွေတော်မျိုးတော်၊ (၇)ရက်သော ပဋ္ဌာန်းဆက် သားသမီးများကောင်းမှု အကြောင်းပြု၍ တည်ထားဆောင်ရွက်လုပ်ကိုင်နေဆဲ ဖြစ်ပါသည်။

ယခုအခါ ဆုတောင်းပြည့် သဒ္ဓါကျောက်တောရမဟာအောင်မြေ ရင်ပြင်တော်ထက်တွင် အလျား ပေ-၅၀၊ အနံ ပေ-၃၀ ရှိ ခင်ပွန်းကြီးဆယ်ပါး သာသနာ့ဗိမာန်တော် နှစ်ထပ်တည်ထားဆောက်လုပ်နေပါသည်။ သို့ပါသောကြောင့် စေတနာရှင် ဝေနေယျများအနေဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အသင်းအဖွဲ့များနှင့်ဖြစ်စေ ပါဝင်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

### လှူဒါန်းနိုင်သော အလှူဝတ္ထု

| | | |
|---|---|---|
| (၁) | အလျား ၁၅ ပေ × အနံ ၁၀ ပေ ဘုရားကျောင်းဆောင်အတွက် | (၁၅)သိန်း |
| (၂) | ၁၀ ပေ ပတ်လည် တစ်ခန်းအတွက်(အရေအတွက် ၁၅ ခန်း) | (၁၀)သိန်း |
| (၃) | ၇ ပေ × ၃ ပေ ကျွန်းပြတင်းတံခါးမကြီး တစ်ချပ် (လိုအပ်မှု ကျွန်းပြတင်းတံခါးမကြီး ၄ ချပ်) | ၂၅၀,၀၀၀/- |
| (၄) | ရေချိုးခန်း ကုဋီတွဲလျက် တစ်ခန်းအတွက် | (၁၀)သိန်း |
| (၅) | အပေါ်ထပ်တက်လှမ်း လှေကားတစ်စင်း(စတီး) | (၁၂)သိန်း |
| (၆) | ကြမ်းခင်းစတီးပန်းပြား ၈ ပေ × ၄ ပေ တစ်ချပ် (လိုအပ်မှု ၁၇ ချပ်) | ၅၀,၀၀၀/- |
| (၇) | တိုင် ၆ ပေ × ၃ ပေ (T) တစ်ချောင်း (လိုအပ်မှု ၁၆ ချောင်း) | ၅၀,၀၀၀/- |
| (၈) | နဂါးရုံရုပ်ပွားတော်အား စတီးလက်ရန်းကာရံမှုအတွက်(ပေ-၈၀) | ၁,၅၀၀,၀၀၀/- |
| (၉) | ကျိုက်ထီးရိုးစေတီ အထက်ပစ္စယံတွင် စတီးလက်ရန်းကာရံမှုအတွက် | ၁,၅၀၀,၀၀၀/- |

**ပြည်တွင်း၊ ပြည်ပ ဝေနေယျများအနေနှင့် ဆက်သွယ်လှူဒါန်းလိုပါလျှင်**

Ph: 09-43141254, 09-421737919, 09-5119407

CB Bank : 0053 6001 0000 6583, KBZ Bank : 9503 0518 7430 8733

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မစကြာ အခါတော်နေ့ ထူးမြတ်ဝါဆိုလပြည့်

တက္ကသိုလ်သျှင်ဥက္ကာ(မဟာဝိဇ္ဇာ၊ ကျမ်းပြု)

**ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေ့သွား။ ဖြန့်ချိသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း။ တိုက်အပေါင်းမှ၊ မညှောင်းကပ်လာ၊ နတ်ဗြဟ္မာအား။ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေကြွေလျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား။ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။ ။**

**(လယ်တီဆရာတော်)**

ဝါဆိုလပြည့်နေ့ကား ဗုဒ္ဓဘာသာဝင်များအဖို့ အထွတ်အမြတ်ထားရာ နေ့ထူးနေ့မြတ် ဖြစ်ပေသည်။ ထိုနေ့သည် ဘုရားရှင်မှ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားကို ဟောကြားတော်မူခဲ့သဖြင့် အဆိုပါ ဝါဆိုလပြည့်နေ့အား 'ဓမ္မစကြာအခါတော်နေ့'အဖြစ်လည်း သတ်မှတ်ကာ အထိမ်းအမှတ်သဘင် ဆင်ယင်ကြကုန်၏။

ဂေါတမမြတ်စွာဘုရားရှင်သည် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီပြည်၊ မိဂဒါဝုန်တောဌ် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့၊ နေဝင်လထွက်အချိန်၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဘုရားအဖြစ် ရောက်ရှိတော်မူကြောင်း ဝန်ခံသည့်အနေဖြင့် ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့လေသည်။ ဓမ္မစကြာတရားတော်သည် ဝိနည်းမဟာဝါပါဠိတော်၌ 'ပဉ္စဝဂ္ဂိယကထာ'အမည်ဖြင့် လာရှိပါသည်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၌ 'ဓမ္မစက္ကပဝတ္တနဝါရ'အမည်ဖြင့် လာရှိပါသည်။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၌ 'ဓမ္မစက္ကပဝတ္တနသုတ္တ' အမည်ဖြင့် လာရှိပါသည်။ ဓမ္မစက္ကပဝတ္တန၏ အဓိပ္ပာယ်မှာ တရားတည်းဟူသော အသိစက်ကိုဖြစ်စေ လည်စေတော်မူခြင်းဟု အဓိပ္ပာယ်ရပါသည်။ ဓမ္မစကြာတရားတော်သည် သစ္စာလေးပါးကို ညွှန်းဆိုဟောကြားသော ဒေသနာဖြစ်၍ ပိဋကတ်သုံးပုံ၏ အနှစ်ချုပ်တရားဟုပင် ဆိုနိုင်ပါသည်။ ဓမ္မစကြာတရားတော် စိစစ်သုံးသပ်ကြည့်မည်ဆိုပါက



www.burmeseclassic.com

www.burmeseclassic.com

အစွန်းနှစ်ပါးကို ရှောင်ကြဉ်လျက် မဇ္ဈိမပဋိပဒါ လမ်းစဉ်မှန်ကို ကျင့်သုံးရန် ညွှန်ကြားထားပြီး သစ္စာလေးပါးတရားတော်ကို သိမြင်နိုင်စေရန် ဟောကြားထားမှုများကို သိမြင်နိုင်လိမ့်မည် ဖြစ်ပါသည်။

ဝါဆိုလပြည့်နေ့ကား ထူးခြားလှပေစွ။

ထိုဝါဆိုလပြည့်နေ့သည် ဂေါတမဘုရားလောင်း ပဋိသန္ဓေနေသောနေ့ ဖြစ်၏။ ဂေါတမဘုရားအလောင်းတော် တောထွက်တော်မူသောနေ့ ဖြစ်၏။ ဘုရားရှင်ဖြစ်တော်မူပြီး ဓမ္မစကြာတရားတော်ကို စတင်ဟောကြားသောနေ့ ဖြစ်၏။ ရေမီးအစုံစုံတို့ဖြင့် တန်ခိုးပြာဋိဟာ ပြတော်မူသောနေ့ ဖြစ်၏။ ဘုရားအဖြစ်ကို ဝန်ခံတော်မူသောနေ့ ဖြစ်၏။ တရားရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်၏။ သံဃာရတနာ စတင်ပေါ်ပေါက်သောနေ့ ဖြစ်၏။ ထို့ပြင် 'ဧဟိဘိက္ခု'ဟူသော စကားကို စတင်ကြားနာရသောနေ့လည်းဖြစ်ရာ ထူးခြားသော ဝိသေသတို့နှင့် ပြည့်လျှမ်းနေသော နေ့ပင်ဖြစ်ပါတော့သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဝါဆိုလပြည့်နေ့သို့ ရောက်လျှင် ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ ပုထိုးများထံ သွားရောက်လျက် ဝါဆိုပန်းများ ကပ်လှူခြင်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဓမ္မစကြာတရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြလျက် 'ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့'ကို ဆင်ယင်ကျင်းပလေ့ရှိစမြဲ ဖြစ်ပါသည်။ ဓမ္မစကြာတရားဦးကို စတင်နာကြားခွင့် ရရှိကြသော ပဉ္စဝဂ္ဂီငါးဦး၏ ကုသိုလ်မှာ ထူးကဲလှပါဘိ။ ထိုပဉ္စဝဂ္ဂီငါးဦးအနက်မှ –

ဝါဆိုလပြည့်နေ့တွင် 'အရှင်ကောဏ္ဍည'သည်လည်းကောင်း၊

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် 'အရှင်ဝပ္ပ'သည်လည်းကောင်း၊

ဝါဆိုလပြည့်ကျော် ၂ ရက်နေ့တွင် 'အရှင်ဘဒ္ဒိယ' သည်လည်းကောင်း၊

ဝါဆိုလပြည့်ကျော် ၃ ရက်နေ့တွင် 'အရှင်မဟာနာမ်'သည်လည်းကောင်း၊

ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် 'အရှင်အဿဇိ' သည်လည်းကောင်း

အသီးသီး နေ့ရက်အစဉ် ထေရ်စဉ်အလိုက်ဖြင့် တရားအသိများ ပွင့်လန်းလျက် 'သောတာပန်'ဘွဲ့ထူးဂုဏ်ထူးများ ရရှိခဲ့ကြသည်။ ပဉ္စဝဂ္ဂီတို့သည် ဘုရားရှင်ဟောကြားသော တရားတော်မှ အစွန်းနှစ်ပါးကို သိခဲ့ကြရ၏။ အဆိုပါ အစွန်းနှစ်ပါးမှာ ...

(၁) ယုတ်ညံ့သော ရွာသူတို့၏ ဥစ္စာဖြစ်သော၊ ပုထုဇဉ်တို့၏ အလေ့အကျက်ဖြစ်သော၊ အရိယာတို့၏ ဥစ္စာမဟုတ်သော စီးပွားဖြစ်ကြောင်းနှင့် မစပ်သော တေဘူမက တရားတည်းဟူသော ဝတ္ထုကာမတို့၌ ဆန္ဒရာဂတည်းဟူသော ကိလေသာကာမနှင့် စပ်ယှဉ်သော ချမ်းသာကို အဖန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော အယုတ်တရား အစွန်းနှင့်

(၂) ဆူးငြောင့်ကို မှီ၍အိပ်ခြင်း စသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော အရိယာမဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော စီးပွားချမ်းသာဖြစ်ကြောင်းနှင့် မစပ်သော မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော အယုတ်တရားအစွန်းတို့ ဖြစ်ကြကုန်၏။

ပဉ္စဝဂ္ဂီတို့သည် တရားတော်မှ တစ်ဆင့် မြတ်လှစွာသော မဂ္ဂင်ရှစ်ပါးကိုလည်း သိမြင်ခဲ့ကြ၏။ သမ္မာဒိဋ္ဌိ–ကောင်းစွာမြင်ခြင်း၊ သမ္မာသင်္ကပ္ပ–ကောင်းစွာ ကြံခြင်း၊ သမ္မာဝါစာ–ကောင်းစွာဆိုခြင်း၊ သမ္မာကမ္မန္တ–ကောင်းစွာပြုခြင်း၊ သမ္မာအာဇီဝ–ကောင်းစွာအသက်မွေးခြင်း၊ သမ္မာဝါယာမ–ကောင်းစွာအားထုတ်ခြင်း၊ သမ္မာသတိ–ကောင်းစွာအောက်မေ့ခြင်း၊ သမ္မာသမာဓိ–ကောင်းစွာတည်ကြည်ခြင်း စသည်တို့ ဖြစ်ကြ၏။ သို့ဖြစ်လေရာ ဗုဒ္ဓဘာသာအပေါ် သက်ဝင်ကြည်ညိုကြသူများအနေဖြင့် ထူးမြတ်လှစွာသော ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့၌ ကုသိုလ်ဘာဝနာများ အားထုတ်လျက် သံသရာလွတ်လမ်းကို လှမ်းတက်နိုင်ပါစေကြောင်း ဆုခြွေတောင်းလိုက်ရပါတော့သည်။

**တက္ကသိုလ်သျှင်ဥတ္တရ**
**(မဟာဝိဇ္ဇာ၊ ကျွန်းမြို့)**

<u>ကျမ်းကိုး</u>

အခါတော်နေ့များ၊ မာဂဓိ(သာစည်) ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com

# အမရပူရမြို့ မြို့စောင့်နတ်ဘီလူးနှင့် တွေ့ဆုံခြင်း

ဂမ္ဘီရချစ်ကြီး(ဆင်ဖြူကျွန်း)

ကျွန်ုပ်သည် ၆.၂.၂၀၁၆ ရက်နေ့က အမရပူရမြို့ သတ္တမမြောက် ကျော်အောင်စံထားဆရာတော်ကြီး၏ ၉၂ နှစ်ပြည့် မွေးနေ့အကြိုနေ့တွင် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ဒုလ္လဘရဟန်းဝတ်ပြီး ကျော်အောင်စံထား ကျောင်းတိုက်အတွင်းရှိ အောင်မြေ ကိုးဌာနနှင့် အမရပူရ ကြီးငါးကြီး အဓိဋ္ဌာန်များကို ပြီးမြောက်အောင် ပူဇော်ခဲ့ပါသည်။ သတ္တမမြောက်ကျော်အောင်စံထားဆရာတော်ဘုရားကြီး၏ တူအရင်းဖြစ်သည့် ဦးပဉ္ဇင်း ဦးဝါယမ(စာရေးဆရာဝင်းကြည်–အမရပူ)မှ အမရပူရမြို့စောင့်နတ်ဘီလူးနှင့် ဗုဒ္ဓခြေတော်ရာတို့ကို လိုက်ပို့ပြီး ၎င်းတို့၏သမိုင်း အကြောင်းကို အသေးစိတ် ပြောပြပါသည်။

အမရပူရ ရွှေမြို့တော် မြနန်းဘုံစံမြို့နန်းကို ဗဒုံမင်းတရားကြီး တည်ထောင်ရာတွင် ဗုဒ္ဓသာသနာနှင့် လောကီအစီအရင်ဖြစ်သည့် နတ်ပူဇော်ခြင်းနှင့် အစီအရင်အမျိုးမျိုးကို ပြုလုပ်ဆောင်ရွက်ထားပါသည်။ ဤကဲ့သို့ လောကီအစီရင်များပြုလုပ်ထားခြင်းသည် နန်းတော်တည်တံ့ခိုင်မြဲခြင်းသာမက မြို့နန်းကို အုပ်ချုပ်သော မင်းဧကရာဇ်ကို ဘုန်းတော်ကြီး၍ သက်တော်ရှည်ရန် ဘေးရန်ကင်းဝေးစေရန်၊ ရန်သူများ ရွှေနန်းတော်ကြီးကို ထိုးဖောက်ဝင်ရောက်မလာစေရန်၊ ရွှေငွေရတနာနှင့် အစာရေစာပေါ်များစေရန်၊ လက်အောက်ခံမင်းတို့၏ ကျေးဇူးသစ္စာ စောင့်သိမှုရှိစေရန် အကြောင်းများ ပါဝင်ပေသည်။ ဗဒုံမင်းတရားကြီးသည် ဗုဒ္ဓသာသနာတော်သည် နတ်တို့ထက်မြင့်မြတ်သည်ဟု ယုံကြည်သဖြင့် ဘုရားကိုမြို့အတွင်းတွင်တည်၍ နတ်စစ်သည်တို့ကို အပြင်မှရန်ကို ကာကွယ်စောင့်ရှောက်စေခြင်း ဖြစ်သည်။ ဗဒုံမင်းတရားကြီးသည် အမရပူရ ရွှေမြို့တော်ကြီး၏ ထောင့်လေးထောင့်တွင် ဘုရားလေးဆူကို အောက်ပါအတိုင်း တည်ထားကိုးကွယ်ခဲ့သည်ကို တွေ့ရပါသည်။ အရှေ့မြောက်ထောင့်တွင် ရွှေကွန်ချာအုပ်စေတီ၊ အရှေ့တောင်ထောင့်တွင် ရွှေစံကားစေတီ၊ အနောက်မြောက်ထောင့်တွင် ဆင်ကျိုးရွှေကူ၊ အနောက်တောင်ထောင့်တွင် ရွှေလင်းပင်စေတီတော်ဟူ၍ စေတီလေးဆူ ဖြစ်သည်။ ဗုဒ္ဓသာသနာ၊ လောကီပညာနှင့် နတ်ယုံကြည်မှုဟူ၍ သုံးမျိုးရှိရာ ဗဒုံမင်းတရားကြီးသည် သုံးမျိုးစလုံးကို အသုံးပြုခဲ့သည်ကိုကြည့်၍ အစီအရင်လုပ်ဆောင်ခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိသည်ဟုလည်း ယုံကြည်သူဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဗဒုံမင်းတရားကြီးသည် အစီအရင်တို့ကို ယုံကြည်၍ လူနတ်လုံခြုံရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ဗုဒ္ဓသာသနာတော်၏ ကာကွယ်စောင့်ရှောက်မှုကို ခံယူသည်သာမကက လောကီအစီအရင်များပါ စီမံဆောင်ရွက်ခဲ့ပါသည်။ မြို့နန်းတည်စဉ်က နတ်ရုပ်များ မြှုပ်နှံခြင်း၊ ဂူသွင်းထားရှိခြင်း၊ နတ်ကွန်းများထားရှိခြင်း၊ လောကီအစီအရင်ဖြစ်သည့် အင်းအမျိုးမျိုးကိုလည်း ရေးသားမြှုပ်နှံခဲ့သည်။ မြို့တော်တံခါးလေးရပ်တွင် တက္ကသီလဆရာနှင့် ရသေ့ကိုးယောက်အရုပ်ကို အင်းခြောက်ပါးနှင့်တွဲ၍ ယင်းအောက်တွင် စုလ္လသီရိအင်းကို ခံပြီး ကျောက်သေတ္တာ မြှုပ်နှံထားသည်။ ထောင့်လေးထောင့်တွင်လည်း အင်း၊ ပယောကနှံထား၍ ဆီရာဝင်စဉ့်အိုးတစ်လုံးစီ၌ စုလ္လသီရိအင်း ခြောက်ပါးနှင့် သတ္တရတနာအင်းထည့်၍ မြှုပ်နှံခြင်း၊ မြို့ဟူသည် နိုင်ငံ၏ အချုပ်အချာ အာဏာတည်ရာဖြစ်၍ နန်းမှာ မင်း၏ဘုန်းတန်ခိုးတည်ရာဟု ဆိုသဖြင့် နိုင်ငံ၏ နယ်နိမိတ်များဖြင့်

www.burmeseclassic.com



ဝန်းရံထားရာသကဲ့သို့ အစီအရင်များဖြင့်လည်း ထောက်ပံ့ထားရပေသည်။ ပိပိုင်းဆိုင်ရာ အတားအဆီးများ ဥပမာ (မြေမြို့၊ အုတ်မြို့၊ ကျုံး) ပြုလုပ်ထားသကဲ့သို့ မမြင်ရသော စိတ်ပိုင်းဆိုင်ရာလုံခြုံမှုအတွက် လောကုတ်၊ လောကီ အစီအရင်များ လုပ်ဆောင်ရခြင်းဖြစ်ပါသည်။ မြို့တော်ထောင့်လေးထောင့်၌ နတ်ဘီလူးလေးယောက်တို့ကို ဓာတ်တံခါးလေးရပ်အဝင် လက်ယာဘက်မြို့များ၌ အုတ်ဂူနှင့်မြို့ကိုစောင့်စေသည်။ ယင်းနတ်ဘီလူးလေးယောက်တို့မှာ အနောက်မျက်နှာ စက်ရှင်တံခါးတွင် ငတောင်ကျည်း၊ မြောက်မျက်နှာ လေးသန်းတံခါးတွင် ငတောင်ပြုန်း၊ အရှေ့မျက်နှာ ဦးနှိမ်တံခါးတွင် ငတောင်ခြမ်း၊ တောင်မျက်နှာ ကုန်းမော်တံခါးတွင် ငတောင်သမန်တို့ ဖြစ်သည်။ ယင်းနတ်ဘီလူးတို့သည် ဘုရားဟောကျမ်းဂန်လာ နတ်ဘီလူးများမဟုတ်ဘဲ လောကီကျမ်းဂန်လာ နတ်ဘီလူးများ ဖြစ်ကြသည်။ ထိုနတ်ဘီလူးကြီးလေးယောက်တို့ သံမောက်တို့၊ မောက်လူ၊ သံလုံထမ်း၊ ရွှေချတာကောင်း၊ အဖုံးအပိတ်ကိုယ်စီနှင့် ပန်းဆိုးခေါင်းပေါင်းပေါင်း၊ ဓင်းသံမောက်တို့ကို ဆောင်းလျက်ထားစေသည်။

ရှေးအခါက မြို့စောင့်နတ်ဘီလူးများနှင့် မြို့ကို အကာအကွယ်ပြုစေကြောင်း တွေ့ရသည်။ ဘုရားဟော သဂါရတနာတွင် ဒသကနိပါတ်၌ ရှိသည်ကို တင်ပြရသော အသိတာဥ မြို့၌ အဟာသက မင်း၏သမီးတော် ဒေဝဂ္ဗာနှင့် ဥပ ရမင်းသားတို့သည် ဦးရီးတော်၏ နေရာဖြစ်သော အသိတာဥ နမြို့ကကို သိမ်းပိုက်ရယူပြီးလျှင် လောဘကြီးစွာ မာန်မာနတက်ကာဇမ္ဗူဒိပ်ကျွန်းရှိ အလုံးစုံသော တိုင်းပြည်များကို သိမ်းယူအံ့ဟု အကြံဖြစ်၏။ ယောနကတိုင်းနှင့် အယုဇ္ဈပူရပြည်ကို တိုက်ရာအောင်၏။ နောက်ဒွါရာဝတီပြည်ကို တိုက်၏။ ဤတွင် မြို့စောင့်နတ်ဘီလူးတို့သည် မြည်းယောက်ဖန်ဆင်း မြည်းဟီးသံဖြင့် အသံကျယ်စွာ ပြုလျှင် မြို့တစ်မြို့လုံး မိုးကောင်းကင်သို့ ပျံတက်ပြီးနောက် ပင်လယ်သမုဒ္ဒရာ အလယ် ကျွန်းငယ်တစ်ခု၌ ကျရောက်လေသည်။ မြို့ကိုမတွေ့ ရန်သူတို့ ပြန်သွားမှ မူလနေရာသို့ ပြန်ကျလာ၏။ ဝါသုဒေဝ ဦးဆောင်သော မင်းညီနောင် ဆယ်ယောက်တို့သည် ဒွါရာဝတီသို့ သုံးကြိမ်တိုင်


www.burmeseclassic.com

www.burmeseclassic.com



တိုက်သော်လည်း မြို့မှာ ကောင်းကင်ပျံတက်သွားသည် ချည်းဖြစ် မအောင်ရာ။ သို့အတွက် တဏှာဒီပါရသေ့အား ချဉ်းကပ်မေး၏။ ရသေ့က မြို့စောင့်နတ်ဘီလူး၏ မြင်းယောင်ဆောင် အချုပ်ပေးကာကွယ်မှုဖြစ်ကြောင်း ပြော၏။ နောက်တစ်ကြိမ်တွင် ရသေ့ပြောသည့်အတိုင်း မြည်းကို ဖမ်း အသံမမြည်ရန် တောင်းပန်၏။

ထိုအခါ မြို့စောင့်နတ်ဘီလူးက ပြည်သူတို့၏ ပူဇော်သက ၁ကို နှစ်ရှည်စွာ ခံစားခဲ့ရသောကြောင့် အချက်ပေး အသံမြည်ရမည့်ပင်ဖြစ်ကြောင်း ပြောကြား၏။ မြို့ကောင်းကင်မပျံစေရန် မြို့တံခါးလေးရပ် မြို့တောင့်လေးထောင့်တို့၌ မင်းသားတို့က သံချောင်းကြီးများ ံက်သံကြိုးကြီးများ ဆိုင်းတွဲပြီးသကာလ ကြံစည်ရာ အောင်မြင်လေ၏။ ထိုအခါ ဝါသုဒေဝမင်းသည် ဤပြည်တည်နေရာကား ဘူမိနက်သန် မှန်သည်ဟု မှတ်ယူနှစ်မြို့က်သဖြင့် ထီးနန်းစိုက်နေကြောင်း တွေ့ရသည်။ (ကောင်းကင်ပျံခဲ မြို့သံတွဲဟု ဆိုကြသည်။ သမုဒ္ဒရာပင်လယ်ပြင်၌ မြို့ချ ယာယီတည်ရာကျွန်းသည် ယခုအခါ မာန်အောင်ကျွန်းဟုခေါ်သည်) မင်းညီနောင် ဆယ်ယောက်တွင် ကိုးယောက်မြောက်မင်းသား ဃဋ္ဌ ပဏ္ဍိတကား ဘုရားလောင်းဖြစ်ပေသည်။ ဤကား အနှစ်ချုပ်မှ ကောက်နုတ် အထောက်အထားပြုရေးသားခြင်း ဖြစ်သည်။

ဗဒ္ဒံမင်းတရားကြီးသည် ဗဟုသုတစာပေပညာနှင့် ၁ဏ်အရာတွင်ကျယ် ဘုန်းတန်ခိုးကြွယ်သော မင်းဖြစ်သည်နှင့်အညီ မြို့သစ်နန်းသစ်တည်ထောင်ခြင်း ကိစ္စ တွင် ဘုရားပေဟာနိပါတ်တော်နှင့်အညီ နန်းမြို့တော်ကို လောကီလောကုတ်၊ အစီအရင်များနှင့်တကွ မြို့စောင့် နတ်ဘီလူးများထားခဲ့သည်ကို တွေ့ရပါသည်။ မည်သို့သော အယူအဆနှင့်ဖြစ်စေ မြို့နန်းတည်ရာတွင် မြို့ထောင့်များ၌ မြို့စောင့်နတ်ဘီလူး လေးယောက်တို့ကို ဂူနှင့်ထား မြို့နန်းကို စောင့်ကြပ်စေသည်မှာ သမိုင်းတွင် အထင်အရှားရှိခဲ့၏။ ပူဇော်သက ၁ပြုကြသည်မှာလည်း အမှန်ဖြစ်ခဲ့၏။ ဤသို့ဖြင့် အမရပူရ ရွှေမြို့တော်ကြီး ဘုန်းတန်ခိုးမှေးမှိန် ကျူးဆိုန်ရောက်ရှိလာပြီး တောဖနုပဒ်မပမာဖြစ်ခဲ့ပြီးနောက် အင်္ဂလိပ်လက်ထက် ၁၂၆၉ ခုနှစ်တွင် ပဥ္စမကျော်အောင်စံထား ဆရာတော် အရှင် ၁ဏ်နေ့သည် ကပိလရသေ့ပုံထုနှင့် အတူ မြို့စောင့်နတ်ဘီလူးပုံထုကို ကျော်အောင်စံထား ကျောင်းတိုက်သို့ပင့်ဆောင်လာခဲ့ပါသည်။ ယခု သတ မမြောက် ကျော်အောင်စံထားဆရာတော် ဦးဝါယာမာဘိဝံသ၏ လက်ထက်တွင် မဟာသကျသာမိ (ကြေးလက်ဆက်ကြီး)ဘုရား၏ အာ ခံတန်ဆောင်းအတွင်းတွင် မြို့စောင့်နတ်ဘီလူးပုံတုကို ထိုင်ခုံပလ္လင်နှင့် ပြုပြင်ထားရှိပါသည်။ ကျွန်ုပ်သည် မြို့စောင့်နတ်ဘီလူးကြီးနှင့် တွေ့ဆုံပြီး ဘေးအန္တရာယ်ကင်းရှင်း ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံအောင် စောင့်ရှောက်ပါဟု အကူအညီတောင်းခဲ့ပြီး မြို့စောင့်နတ်ဘီလူးအား မေတ္တာပို့သ အမျှပေးဝေခဲ့ပါသည်။

**ဂန္ဓီရချစ်ကြီး (ဆင်မြူကျွန်း)**

www.burmeseclassic.com

www.burmeseclassic.com

# ဘိုးမေတ္တာနှင့် မဟာမြိုင်တော

## ရဲမျိုးသူ(မဟာမြိုင်တော)

ဝိဇ္ဇာမိုရ်ဆိုသည် ဝိဇ္ဇာဆိုင်ရာ တတ်ကျွမ်းအပ်သော ပညာရပ်များအား စေ့စေ့စုံစုံ ပြည့်စုံစွာ တတ်ကျွမ်းသူဟူသော ဆိုရပေမည်။ အတတ်ပညာအရ ခွဲခြားဖော်ပြထားသော အမည်များမှာ -

(က) ဒေဝဝိဇ္ဇာ၊ (ခ) မန္တဝိဇ္ဇာ၊ (ဂ) ဆေးဝိဇ္ဇာ၊ (ဃ) အင်းဝိဇ္ဇာ၊ (င) မန္တာန်ဝိဇ္ဇာတို့ ဖြစ်လေသည်။ ထိုဝိဇ္ဇာတို့က ဂန္ဓာရီဝိဇ္ဇာတို့ ဖြစ်လေသည်။

ထို့ပြင် အဆင့်မြင့်မားစွာ ဈာန်ကသိုဏ်းအတတ်ကို တတ်မြောက်သော လောကီယဝိဇ္ဇာနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရုပ်နာမ် သင်္ခါရတို့ကို အမှန်ပင် သိမြင်တော်မူသည့် အရိယာဝိဇ္ဇာဟူ၍ ဖြစ်လေသည်။

ဝိဇ္ဇာပညာတွင် ပညာဆိုသည်က သိမှုကို ဆိုပါသည်။ ထိုသိခြင်းတွင် အသိသုံးပါး ခွဲခြားထားပါသည်။ (က) သညာသိ၊ (ခ) ဝိညာဏ်သိ၊ (ဂ) ပညာသိဟူ၍ ဖြစ်လေသည်။

အမှတ်တရ ဝိဇ္ဇာရှင်တို့စံပျော်ရာ မြန်မာပြည်၏ အနောက်မြောက်အရပ် စစ်ကိုင်းတိုင်းဒေသကြီး မဟာမြိုင်တောကြီးဆီသို့ ရောက်ခဲ့ဖူးပါသည်။ ယခင်ကာလ အတွေ့အကြုံရှိသူတို့ ဆိုစကားအရ နတ်ကြီးသည်ဟု ဆိုပါသည်။ နတ်ကြီးသည်ဆိုသည်ဟု ဆိုခြင်းမှာ အဓိက တောပိုင်မယ်တော်ပန်ထွာခေါ် ပိသသနီးမယ်တော်ကြောင့် ဖြစ်သည်ဟု ဆိုကြလေသည်။

တောသို့ သဘောအသွင်မဖြူစင်ဘဲ ရောက်လာပါက ဝင်ရောက်လာသူ သူစိမ်းလူ၏ အတွင်းစိတ်သန္တာန်ကို အသိယူစွာ ကောင်းစွာနှိပ်စက်ခြင်း ပြုလေသည်ဟု ဆိုလေသည်။ ထို့ကြောင့် မဟာမြိုင်တော အဝင်/အထွက် စိတ်ထားတတ်မှ တော်ပသည်ဟု ကြားဖူးခြင်းဖြစ်လေသည်။ အကျင့်အကြံ စိတ်အမှန်ဖြင့် အဓိဋ္ဌာန်ဝင်ရန် ရောက်ပြန်သူတို့အဖို့ကား လူပုဂ္ဂိုလ်၏ အတွင်းစိတ်မနောသို့ ဝင်ရောက်၍ လက်တွေ့အကူအညီပေးတတ်ပြန်သည်ဟုလည်း မှတ်သားရလေသည်။

မဟာမြိုင်တောကြီးအတွင်း ထင်ရှားလှသော နေရာထူးနှစ်ခုက ချက်မရေရှင်နှင့် ပလ္လင်တောင်နေရာများ ဖြစ်လေသည်။ ပလ္လင်တောင်အရပ်ကား ယခင်ကာလ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ခေါင်နန်းပလ္လင်ဝန်းကျင်သာ ဖြစ်ပါသည်။ မဟာမြိုင်တောကြီးတွင် ဝိဇ္ဇာတို့ သတ်မှတ်ထားသလို စိတ်ဖြင့် ဘိုးမေတ္တာအား မေးမြန်းမိရာ -

“လူလေးမေးတဲ့ အတွင်းစခန်းဆိုတာ သီးခြားကျောက်လိုဏ်ဂူကြီးတွေ၊ သီးခြားနေရာကြီးတွေကို ပြောတာ မဟုတ်ဘူး။ နာမ်ဓာတ်ပုဂ္ဂိုလ်ရှင်တွေ ထင်ထင်ရှားရှား များစွာရှိနေသော်လည်း သာမန်လူတို့ မမြင်ရတဲ့နေရာကို ပြောတာ။ နောက်တစ်ခုက အပြင်စခန်းဆိုတာ သာမန်လူသားမျက်စိနဲ့ မြင်တွေ့ရတဲ့နေရာ၊ သက်ရှိပုဂ္ဂိုလ်ထူးရှိတဲ့နေရာပဲလို့ပြောရင် သဘောပေါက်မယ်ထင်တယ်”

“ရှင်းသွားပြီအဘိုး။ ဒါဖြင့် ဒီတောကြီးမှာ ဘာကြောင့် ဝိဇ္ဇာပုဂ္ဂိုလ်တွေ နေကြတာလဲ”


“ဝိဇ္ဇာအတတ်တွေထဲက ဗေဒင်အတတ်နဲ့ ဆိုင်နေတယ်။ လူလေးသိမှာပေါ့။ ရာဟုထော်ငိုးဆိုတာ ဂြိုဟ်သက် ၁၂ လေ။ ရုပ်ပုံအသွင်ပြ သတ်မှတ်သင်္ကေတက ပိုင်းဆင်မည်။ ဗေဒင်သဘောအရ ရာဟုဟာ အလွန်မှပင် အားကြီးမားတာကြောင့် နေမင်းလမင်းတွေတောင် ရာဟုဂြိုဟ်မင်းအာခံတွင်းမှာ သက်ဆင်းရလို့ ဗုဒ္ဓရှင်ထံ ခုပန်ရဖူးတာ ရှိခဲ့ဖူးတယ်။ အရေးကြီးစွာသိအပ်တာက မြန်မာပြည်ရဲ့အနောက်မြောက်အရပ်ဖြစ်ခြင်းပဲ။ ရာဟုဟာ ကောင်းကျိုး နည်းပါးတယ်ဆိုပေမဲ့ ဓာတ်အတတ်တတ်မြောက်သူတွေအဖို့ ဆင်



www.burmeseclassic.com

www.burmeseclassic.com

ညီတွေ ခင်ဗြူလုပ် စကားအတိုင်း အဆိုကို အကောင်းဖြစ်အောင် ဆောင်ရွက်နိုင်ကြတယ်လေ။ ဒါကို ဝိဇ္ဇာရှင်တို့က သိပြီး မြန်မာပြည်အတွက် ကောင်းကျိုးလိုအင် ဓာတ်ကြီးဆင်ရို့ နေတာပဲ။ ဒီသဘောတွေက လူအများ လက်ခံစိတ်ကမ္ဘာမှာ ဖြစ်တည်တတ်တာမျိုးတွေပဲ။ ပညာသဘောအရ အသိသုံးမျိုး ကွဲပြားသိသလိုပဲ အသိတွေ မတူကြဘူး ဖြစ်တော့တာပေါ့။ နောက်တစ်ခုက စိတ်အကျင့်အကြံတွေ ဆောင်ရွက်ကြရာမှာ ဆိတ်ငြိမ်အေးချမ်းပြီး လူသူနည်းပါးတဲ့ သီးခြားနေရာလည်း ဖြစ်တာပါတာပေါ့"



"ဒီဆို တော်တော်ဆန်းပြားတဲ့ နေရာတစ်ခုပဲပေါ့"

ဘိုးမေတ္တာက သမထအကျင့်မြတ် ကျင့်ကြံနေသော လူသူတော်တစ်ဦး ဖြစ်ပါသည်။ မဟာမြိုင်တောကြီးအတွင်း နေထိုင်ခဲ့သည်မှာ ၁၅ နှစ်ပင် ကျော်ခဲ့သည်ဟု သိရလေသည်။ သို့ဖြင့် သမိုင်းဖတ်၍ စိတ်ဝင်တစားရှိခဲ့ဖူးသူ ပန်ထွာမယ်တော်အကြောင်း မေးမိပြန်ပါသည်။

ပန်ထွာမယ်တော်နှင့် ပတ်သက်၍ သမိုင်းနောက်ခံတို့ များစွာရှိသည်ဟု ဆိုပါသည်။ သို့သော် ထိုမယ်တော်ကြီး ချမ်းစီညာဥ်သည် မဟာမြိုင်တောတွင် အမှန်ရှိနေသည်ဟု ယက်ရှိကာလအထိပင် ထင်ရှားလေသည်။

"အဘိုးနဲ့ ပတ်သက်ဆက်နွယ်ဖူးလား"

"ပြောရရင် ပတ်လည်းပတ်သက်ဖူးသလို ပတ်လည်း မပတ်သက်ဘူးလို့ပဲ ဖြေလို့ရမယ်။ ဘာကြောင့်လဲဆိုတော့ မိမိကိုယ်ပိုင်စိတ်မှာသာ ဖြစ်တည်တဲ့အကြောင်းအရင်းတွေ ဖြစ်နေလို့ပဲ။ အများလက်မခံနိုင်ဘူးလေ"

"ဒါဖြင့် အဘိုးစိတ်မနောနဲ့ ကြုံကြိုက်ခဲ့ပုံလေးတွေ တော့ ဗဟုသုတပြောပါဦးပေါ့"

"မယ်တော်ဟာ စိတ်မနောရှင်မိန်းမပဲ။ ဒီစကားတွေကို ပြောရရင် ထူးထူးဆန်းဆန်းစကားဆန်းတွေ ပါလာတော့မယ်။ ဝိဇ္ဇာမယ်တော် တစ်ပါးပါးပဲ။ သို့ပေမဲ့ စွဲလမ်းစိတ်ကြီးလွန်းလှတယ်။ စိတ်တန်ခိုးအတတ်တွေမှာ စက်ဆိုတဲ့ စကားသိသူတို့ အသုံးများတယ်။

ဘယ်လိုစက်လဲဆိုရင် ဘီလူးအသွင်လည်ပတ်ခြင်းကို အကြောင်းပြုပြီး လူတွေအကျိုးစီးပွား အသုံးများကြတဲ့ ယန္တရားစက်တွေလို စိတ်စက်ပဲ။ ဝိဇ္ဇာတွေမှာလည်း ၂၄ နာရီ အမြဲမပြတ် လည်ပတ်နေတဲ့ စိတ်ယန္တရားတွေ ရှိနေကြခြင်းပဲ"

"ဝိဇ္ဇာပုဂ္ဂိုလ်ဆိုသူတိုင်းမှာ စိတ်ယန္တရားရှိနေတာလား"

"အဘိုးပြောပြမယ်။ လူသားတွေဟာ အသိဝင်လာတည်းက ဝါသနာဗီဇတွေ မတူညီကြသလိုဘဲ ဝိဇ္ဇာပုဂ္ဂိုလ်တွေလည်း အကျင့်အကြံအလုပ်အကိုင်တွေ မတူဘူး။ အတွင်းနက်နက် ဝင်ရောက်သိလေ သဘောပေါက်လေပဲ လူလေး။ ဒါကြောင့် ဝိဇ္ဇာအမျိုးအစား ခွဲခြားကြတာပေါ့"

"ဒါဆို အဘိုးပြောပြတဲ့ စိတ်ယန္တရားရှိတာ ဘယ်လို ဝိဇ္ဇာလဲ"

ဖြေလို့ ရပါတယ်ဟုဆိုကာ ပန်ထွာမယ်တော်မှာ လောကီယဝိဇ္ဇာနွယ်ဝင်ဖြစ်သည်ဟု ဆိုပါသည်။ ထူးထူးခြားခြား အဘိုးပြောပြသည်မှာ မဟာမြိုင်အရှင်သခင်မအဖြစ် ထင်ရှားရခြင်းမှာ စိတ်ယန္တရားစက်ကြီးနှစ်လုံး ပိုင်သူဖြစ်ခြင်းကြောင့်ဟု ဆိုပါသည်။ ဘိုးမေတ္တာအဆိုအရ စိတ်စက်ကြီးနှစ်လုံး ပိုင်ဆိုင်ထားသော ပန်ထွာမယ်တော်မှာ အကောင်းအဆိုး ဒွန်တွဲနေသောသဘောက ရှိကြောင်း သဘောပေါက်ရတော့သည်။

"ဘယ်လိုအသုံးချတာလဲ အဘိုး"

"အင်း…ပြောရရင်တော့ ကောင်းသူကို ကောင်းသလို မကောင်းသူကို မကောင်းသလိုပဲ လူလေး။ အများမခံချေ့ အမုန်မို့ အမည်နာမကြီးခဲ့တာ ပန်ထွာမယ်တော်အပေါ်မပဲ"

"စိတ်စက်ဆိုတာ ဘယ်လိုမျိုးလဲ အဘိုးရယ်"

www.burmeseclassic.com

www.burmeseclassic.com

“ပြောပြရခက်တယ်။ စိတ်ကူးနဲ့ပဲ တွေးကြည့်နိုင်လိမ့်မယ် လူလေး။ သာမန်မျက်စိနဲ့ မမြင်အပ်တဲ့ လည်ပတ်သွားနေတဲ့ အငွေ့အလှိုင်းအဝိုင်းအဝန်းပဲပေါ့။ ဝိဇ္ဇာအကျင့်အကြံတွေ ကျင့်ကြံသူတွေဟာ ဘဝအဆက်ဆက်က အကြောင်းရပ်တွေ ပါလာကြသူတွေပဲ။ တစ်နည်းပြောရရင် သံသရာကြီးကို သိသိကြီးနဲ့ လျှောက်လှမ်းနေသူတွေနဲ့လည်းတူတယ်။ အဖြေကို သိနေကြတယ်။ လူ့သားဘဝနေလိုက် နာမ်သက်တွေ နှစ်ရာဆောင်ချိုပြီး နေလိုက်နဲ့ ဝိဇ္ဇာဆိုတဲ့ အသိတစ်ခုနဲ့ ဘဝအဆက်ဆက် ချာလည်လည်နေကြတာကွယ့်။ ပါရမီအကြောင်းခံတွေ ပါလာကြတော့ နည်းလမ်းတကျ ကျင့်ကြံရာက စိတ်တန်ခိုးစွမ်းအားတွေ ထက်မြက်လာပြန်တယ်။ အဲဒီမှာ လောကရဲ့ သဘောသဘာဝအရ အတတ်ပညာကို အကြောင်းပြုပြီး အမှားအမှန်တွေ ပါလာတတ်တာကို။ အဲဒီထဲမှာ အရိယာဝိဇ္ဇာကြီးတွေတော့ မပါဘူးနော်. လူလေး။ အမှတ်မှားမှာစိုးလို့””

“ဒါဆို ဝိဇ္ဇာတွေတိုင်း သူတော်ကောင်းတွေလို့ ပြောလို့ မရဘူးပေါ့””

“အမှန်ပဲ လူလေး။ ကိလေသာကုန်ခန်းနေကြသူတွေချည်းမှ မဟုတ်တာ။ အစွမ်းထက်တဲ့ စိတ်အတတ်ကို အကြောင်းပြုနေသူတွေပဲလေ။ လူလေးမေးတဲ့ စက်ကိုမြင်အောင် ပြောရရင် စက်ကြီး ၁၃ ပါးဆိုတာ ကြားဖူးမလား။ အောင်တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်က စတာလေ””

“သိတယ်အဘိုး။ အဘွားသင်ပေးလို့ အခုထိတောင် ရသေးတယ်””

“အေး . . . အဲဒါတွေဟာ အလကားမဟုတ်ဘူး။ တကယ်ကို စွမ်းအားကြီးတဲ့ စိတ်ယန္တရားစက်တွေကို ဖော်ပြတာပဲ။ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်၊ မာန်ဟုန်ပြင်းလျက် ဂဠုန်စက်၊ ဘွဲ့ဖြူလက်နက် ဘီလူးစက် စသည်ဖြင့် ရွတ်ကြရာမှာ နက်တဲ့အဓိပ္ပာယ်တွေ ပါနေတယ်။ အဲလိုပဲ လောကီယဝိဇ္ဇာတွေရဲ့ အဓိကအတတ်ဟာ စက်အတတ်ပဲ။ ကောင်းတဲ့သူကို ကောင်းကျိုးတွေပေးနိုင်သလို မကောင်းသူကို မကောင်းကျိုးတွေ ထိထိရောက်ရောက် ပေးနိုင်လို့ပဲ။ ထူးခြားတာက ထိုစက်တွေဟာ အာရုံပြုရာ အရပ်ဆီ အတားအဆီးမရှိ ချက်ချင်းရောက်လို့ လယ်တီဆရာတော်ကြီးရေးသားတဲ့ ဝိဇ္ဇာဒီပနီကျမ်းမှာ နတ်တို့အလားစိတ်တန်ခိုးစွမ်းအားတွေ ကြီးမားကြသူတွေလို့ ရေးသားခဲ့တာပေါ့။ စိတ်တန်ခိုးအတတ်ဟာ အတိတ်ဘဝက အကြောင်းပါလာကြသူတွေနဲ့ စနစ်တကျ ကျင့်ကြံကြသူ ရှိကြတာပဲ””

“ဘာကို အဓိကအခြေခံလဲ အဘိုး””

“လူငယ်မို့ သိပ္ပံအသိနှင့် ဝိဇ္ဇာဉာဏ်သဘော နှိုင်းယှဉ်ပြောရရင် အလင်း၊ ဝါသနာ၊ ဆရာ၊ အကျင့်သီလလို့တော့ အဘိုးထင်တယ်။ စေ့စေ့ပေါက်ပေါက် လေ့လာတတ်ရင် စိတ်အတတ်ဟာလည်း သိပ္ပံအသိနဲ့ အချုပ်းကြီး သဘာဝကျကျ သွယ်ဝိုက်မှုရှိနေတယ် လူလေး။ အသင်းရောင်ကြောင့်စွမ်းအားထူးကို စနစ်တကျ ရယူအသုံးပြုပြီး. အကျိုးတရားရရှိစေခြင်းလို့ အဘိုးယူဆမိလို့ပဲ။ အဲဒီမှာ လူလေးမသိနိုင်တော့တဲ့ နိယာမကြီးက ဖိုဓာတ်မဓာတ်ကို အသိကြီးစွာ စွမ်းအားထုတ်ယူတာမျိုးပဲ။ အပေါင်းအနုတ် စွမ်းအားထုတ်ပြီး လောကကြီးကို အကျိုးကြီးမားစွာ အသုံးချနေကြတာတွေ လက်ရှိခေတ်မှာ လူလေးမြင်တွေ့နေတာပဲ မဟုတ်လား။

အဲလိုဘဲပေါ့။ စိတ်စွမ်းအားရရှိစေဖို့ ကြိုးစားအားထုတ်နေကြသူတွေမှာလည်း အသိကြီးစွာ ပါဝင်ရတာဘဲ။ ဒါကြောင့် ဝိဇ္ဇာပညာမှာ အင်္ဂ၊ ဂန္ဓဗ္ဗရေ၊ ဝံသေဆိုပြီး ဓာတ်ကြီးအစုကို ဖိုဓာတ်မဓာတ် ခွဲခြားထားကြတာပေါ့””

စိတ်တွင် အံ့ဩမိသည်က အမှန်ပင်ဖြစ်လေသည်။ အဘိုးမေတ္တာက ဖြစ်နိုင်ခြေရှိသော စိတ်စွမ်းအားသဘောကို ဝိဇ္ဇာ သိပ္ပံ ပေါင်းစပ်ဉာဏ်ဖြင့် နားလည်နိုင်သမျှ ရှင်းပြပေးခဲ့ပါသည်။ သို့သော် မိမိဉာဏ်အသိ အကုန်အစင် လိုက်မီခြင်းမရှိသေးပါ။ ဝိဇ္ဇာမိုရ်ဟု ဆိုရာတွင် သဘာဝကျခြင်း၊ လျှို့ဝှက်နက်နဲခြင်း၊ နားလည်ရခက်ခြင်း၊ ဆန်းပြားခြင်းနှင့် အမှန်တကယ်ရှိခြင်း သဘောများ သက်ရောက်နေသောကြောင့် ဂမ္ဘီရဆိုသော စကားသည် ယနေ့တိုင်. ခေတ်စားနေသည်လား တွေးမမီအောင် ဖြစ်ပါတော့သည်။

ကျေးဇူးတော်ရှင် မမစာဗောဓိမြိုင် ဆရာတော်ကြီးအား အာရုံဖြင့် ဦးခိုက်လျက် . . .။

ရဲမျိုးသူ(ဗေဒမြိုင်)

၀၉–၂၅၀၈၀၇၂၀၇

www.burmeseclassic.com

# စီးပွားဖြစ်ခွံ့ရုံ ရတနာဒီပံ

ပထမံဆရာကြီးဦးအောင်သူ

လောကဌ်ရှိကြကုန်သော လူအပေါင်းတို့သည် ရတနာကို မက်မောတွယ်တာကြကုန်၏။

ရတနာဆိုရာတွင် ဆင်ရတနာ၊ မြင်းရတနာ၊ သားသမီးရတနာ၊ ကျောက်မျက်ရတနာဟူ၍ ရှိလေသည်။

ထိုထိုသော ရတနာအပေါင်းတို့ထက် တန်ဖိုးမဖြတ်နိုင်သော ရတနာမျိုး ရှိလေသည်။ ထိုရတနာကိုကား ကျွန်ုပ်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာလျှင် လက်ခံကျင့်သုံးကြပါသည်။

**ထိုအရာကား ...**

(၁) ဘုရားတည်းဟူသောရတနာ

(၂) တရားတည်းဟူသော ရတနာ

(၃) သံဃာတည်းဟူသောရတနာများ

ဖြစ်ပါသည်။

ထိုအနှစ်ချုပ်ဖြစ်သော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာကို အကျယ်ချဲ့၍ စီမံအပ်သော ရတနာဒီပံအင်းတော်မြတ်ကို ရေးသားပူဇော်အပ်ပါကြောင်း

ရှေးရှေးသော ပညာရှိဆရာတော်ကြီးများ လူပုဂ္ဂိုလ်ဆရာကြီးများသည် ရှေးမဆွကပင် စီမံခဲ့ပါသည်။

ကျွန်ုပ်သည် ထိုထိုသော ရှေးဆရာကြီးများရဲ့ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရတနာဒီပံ အင်းတော်မြတ်ကြီးကို ထပ်မံဖော်ပြပါကြောင်း ဝန်ခံပါရစေ .....

**စီရင်နည်း**

ရတနာဒီပံ မီးတိုင်ကို ပြုလုပ်စီရင်သောအခါ မှိုင်းခံကြွေပြားမှာ ငှင်းအင်းကို သေချာစွာ အဝင်နက္ခတ်၊ အထွက်နက္ခတ်၊ ခါးပတ်နက္ခတ်ကို ရွေးချယ်၍ အဝင်နက္ခကြံသော အခါ ဘုရားရှေ့တော်မှာ ဆွမ်း၊ သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ၊ ယိုမျိုးစုံ၊ ပိတ်ဖြူလေးတောင်၊ ပိတ်နီလေးတောင်၊ ကန်တော့ပွဲတစ်ပွဲ၊ ငွေကိုးကျပ် တင်၍ ပန်းပေါင်း၊ ဂမုန်းပေါင်း၊ မင်းပေါင်း၊ ဒေဝီ၊ သူရဿတီဆေးပေါင်းတို့နှင့် ဖျော်၍ ၎င်းအင်းကို သေချာစွာချပြီး ဖယောင်း တစ်ဆယ်သားနှင့် ဖယောင်းတိုင်လုပ်၍ မိမိလိုသော အရပ်ဒေသက နေ၍ ထွန်းလေ။ မီးထွန်းသောအခါ မိမိတို့တတ်အားသမျှ ၎င်းဂါထာကိုရွတ်ပါလေ။ အင်းဖယောင်းတိုင်၏ အာနိသင်ကား၊ လင်ကွဲမယားကွဲ၊ ပြိုဟ်စီး ပြိုဟ်နင်း၊ စန်းပြတ်၊ လွန်းပြတ်၊ ဇာတာစန်းလက်ညှိုး၊ ပစ္စည်းဥစ္စာပျက်နှင့် စီးပွားကိစ္စများကို ၎င်းမီးတိုင်ကိုထွန်းပါလေ။ အင်းချသောအခါ မိမိမွေးနံ့ကိုထည့်၍ ဖယောင်းလုပ်ပါလေ။ မိမိရာထူးလိုသောအခါ ၎င်းမီးတိုင်ကိုလုပ်၍ မိမိ၏သီရိအရပ်ကနေ၍ ဘုရားမီးပူဇော်ပါလေ။ မကြာခင် ရာထူးတိုးလာပါလိမ့်မည်။ မကောင်းသောတိတ်နိမိတ်၊ လင်းတနား၊ ပျားစွဲ၊ တောင်ပို့ပေါက်၊ အိမ်ခေါင်ပေါ်ခွေးတက်၊ အိပ်မက်မကောင်းသော အနိဋ္ဌဖလ ဟူသမျှတို့ကိုရည်စူး၍ ထွန်းသောအခါ မိမိ၏ ဘုမ္မိအရပ်ဒေသမှနေ၍ ဘုရားမီးပူဇော်ပါလေ၊ ပျောက်ပါလိမ့်မည်။ နတ်တိုက်၊ စုန်းတိုက်၊ ဆံရာချင်းပြိုင် အစရှိသော အခါ၌လည်း ၎င်းမီးတိုင်ကိုပင် ထွန်းပါလေ၊ မီးထွန်းသော အခါ မိမိတို့လိုရာကို ဆုတောင်းပါ၊ ရတနာဒီပံအမိန့်တော်ပြန်ထမ်းကိုလည်း ရွတ်လေ။

**ရတနာဒီပံ အင်းတော်ကြီးများအညွှန်း**

ရတနာဒီပံ၊ တန်ခိုးလျှံသား၊ တည်ဟန်အား၊



www.burmeseclassic.com

www.burmeseclassic.com

သောဠသကို တည်ထအောက်ဆုံး၊ ပေါင်းရုံး၊ တောင်မြောက်၊ ရှေ့မြောက်ဝန်းကျင်၊ ခေါ်တွင်ဓမ္မရာဇာ၊ နှစ်ရာ့တစ်ဆယ်၊ စွန်းကယ်ခြောက်ဆယ့်သုံး၊ နှိုင်းတုမရ၊ တည်ထပလ္လင်၊ အင်းတွင်အညီ၊ ပထဝီနှင့်၊ စုံညီသိပ်သိပ်၊ သုကိတ္တိမာ၊ စက်ဝန်းရာက၊ ပါသည့်တခန်း၊ ဝေံအစိန္တိယာ၊ ထိပ်ချာပုဒိအာနှင့်၊ မိမိနံလျှင်၊ အလယ်ဗဟို၊ မြပင်သွတ်စေ၊ ရုံခြွေကရွေ၊ ဗီယာပုတ္တနံ၊ ဂါထာကိုပါ၊ ထည့်၍ပြီးကား၊ စလောင်းလယ်၌၊ ကောင်းစွာထည့်လောင်း၊ စီရင်ပေးမှ၊ ရုံလေတုံဘိ၊ ပီပိ မေတ္တံ၊ ရပ်ကောင်းရန်ကို၊ နှိုင်းစံမပျော်၊ ဂုဏ်တော်သုံးပါး၊ နောက်ကား တုဋ္ဌေဟိချုပ်လေဘိ၍ ချထည့်ရေးမှတ်၊ ဆေးမြွတ်မင်းပေါင်း၊ ဂမုန်းပေါင်းနှင့်၊ ဟာသံ့ာပြဒါး စုအများကို၊ ခန့်ထားစီရင် အဂ်ါ–စနေ၊ ကြံစေနက္ခတ်၊ ခပါတ်တဖောင်း ချိန်ခါကောင်းကို၊ ထည့်ဏောင်းနတ်ယကာ၊ သာစွာငွေစင်၊ ကိုးကျပ်တင်၍၊ ဆူလပ်အုန်းသီး၊ ငှက်ပျောဖီးနှင့်၊ မုန့်ကြီးမုန့်ငယ်၊ ယိုရယ်သနတ်၊ ထောပတ်ဆီမွှေး၊ ကြိုင်မွှေးနံ့သာ၊ ကွမ်းယာလဘက်၊ မပျက်စေရာ၊ လေးခုသာတည်၊ ရာပြုသူ ဖြူစွာဝတ်လဲချွတ်လဲပြီးကား ချလုပ်မည်ဟု အောင်မြင်မင်္ဂလာ မဟာဒီပံမကျန်စေရ သတ္တချည်မျှင် ယူငင်သုံးဆယ် ခုနှစ်သွယ်မျှဆေးမှာ ဒဿနာမတမူ၊ ငဖြူကြီး ငဖြူငယ် ငနက်ကြီး၊ ငနက်ငယ်လေး မီးဖိုပြာ ဤခြောက်ပါးတွင် ပေါင်းထားဆေးဒန်း ဆိတ်ကန့်လင်းနေ ရောထွေတမူး စတုကောဠ သေမံလျှင် မြေတွင်း ဖယောင်းတကျပ်လောင်း၍ ကောင်းနှစ်ထွေနှော နှမ်းဆီရော၍ ချည်ချောကိုဖွတ် မွတ်မွတ်ချောချောရေးသော စက္ကူအင်းကို ယူ၍လုပ်မူ ကျန်နှစ်ငါးကျပ်ဖယောင်း အပေါ်လောင်း၍ ကောင်းမွန်လှပ ညီညွှတ်ကျအောင် ပေါ်ရောင်သုဝဏ္ဏရွှေဘိန်းချ၍ မွတ်ချောလောက်က၊ ဝါးကျည်ထောက်နှင့် သွတ်အောင်းထားလေ ထိုအင်းလိုသမျှ ထွန်းလိုလက်တဆစ် နှုတ်ကမပြတ် ဆုတောင်းလတ်၍ ရာဇာစိုးကပ် မင်းထံခစား ထိုသူအားကို ကြည်ဖြူသဒ္ဒါ သားပုတ္တာသို့ ဒေါသမျက်ပြေ ချစ်မိုးစွေ၍ တစ်တွေလာဘ ပြည့်စုံရအံ့။ တေဇဒီပံ တန်ခိုးလျှံကြောင့် ရာဇသိန္ဓေပါရှိချေ၏။ သတ်တွေဒေါသ မျက်မာန်ထလျက် သတ်ပုတ်နှက်လည်း ဆုံးဖြတ်ရာဇဝတ် သင့်တော်လွှတ်အံ့ စိတ္တံဒီပံမီးလျှံအငွေ့ တန်ခိုးငွေ့က မျက်ပြေမင်းမှ ဆောင်အပ်လှ၏ ဆရာဘားမဲ့ မိန့်မှာခဲ့သည်၊ အသည်းစွဲမှတ် မြတ်သည့်ဖယောင်းတိုင် ပြည်ပိုင်နေကြ ရာဇသဗ္ဗ ဣတ္ထိယနှင့် လိုအပ်သိဒ္ဓိ မုနိသဗ္ဗ ဇနဇနာ မြင်မြင်ရာကို မေတ္တာသိန္ဓေ ချစ်ကြိုးခွေ၍ သွားလေသမျှ ထိုထိုရပ်ရွာ မြတ်စိမ်းကုန်များ ဖောက်ကားရောင်းဝယ် သွယ်သောဥစ္စာ မြတ်စိမ့်ရာ၏။ မေတ္တာထပ်မျှ ကိုယ်ပကိုယ်တွင်း အိမ်တွင်းအိမ်ပြင် စုန်းမှင်နတ်ရဲခွာရဲမိစ္ဆာ သိပ်ာဗျဂ လမိုင်းစသည့် မကောင်းရန်သူ ဟူဟူသမျှ ဆုတ်ခွာလဲပျောက် လွင့်ပါးမြောက်၍ ဘုန်းတောက်ရောင်ဝင်း မီးရောင်ဆင်းသို့ ကင်းခြင်းဘယာ ဘေးဒုက္ခဟူခေါ်ကြမဟူ လူသူဆရာ နတ်မိစ္ဆာနှင့်စုန်းတိုက်၊ နတ်တိုက်ဆရာတိုက်များ ကွယ်ပျောက်ရှားလျက် ကင်းမှုပြုဟ်စီးအပြီးအောင်ခြင်း ဘယကင်းသည် မှာခြင်းမိန့်ရာ ဆရာဂုရုမေတ္တာတည်း။

**အမိန့်တော်ပြန်တမ်းကြီး**

(၁) ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော ကောဏ္ဍသံ၊ ဂေါဏာဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ-ငါးဆူကုန်သော၊ သဗ္ဗညုမြတ်စွာဘုရား အမိန့်တော်။ ရသေ့ရှစ်သောင်း ဆရာကောင်းတို့ အမိန့်တော်။ အထက်ဆရာကြီးများ၏အမိန့်တော်။ ဇမ္ဗူဒီပါ သချာပတ်ကုန်း ကျွန်းလုံးထိပ်ပြင်၊ သစ်ပင်ရှည်တို မိုးခိုတောင်ကမ်းတောဖျန်းမြေပြင် မြို့လျှင် ကျေးရွာရေမှာတလိုက် ကုန်း၌တစ်မူ အယူဖြောင့်မတ် စောင့်ပေတတ်သည့် နတ်မြတ်အပေါင်း၊ နတ်ထောင်သောင်းတို့ မကောင်းသောအကျင့်အကြံ ရန်သူတသွယ် မဖွယ်မရာ မသမာသောအကျင့်၊ ကိုယ်နှင့်မတန် မိစ္ဆာဉာဏ်ရှောင် အထောက်မတော်သည်ကိုသာ ပြုကျင့်လေ့ရှိသော ယက္ခကာကနီ ဗြဟ္မကာကနီ၊ လောမကာကနီ၊ ကုမ္ဘကာကနီ၊ ယက္ခကာကနီ၊ ဗြဟ္မဇော်ကနီ၊ လောမဇော်ကနီ၊ လောမဇော်ကနီ၊ ကုမ္ဘဇော်ဂနီ၊ ဤနတ်လေးရပ်ရှစ်ရပ်တို့သည် နတ်ဆိုးနတ်ဝါး နတ်မိစ္ဆာဖြစ်၍ ယခုတစ်ပြည့် ( ) ကိုယ်တွင်း ကိုယ်ပ၊ အိမ်တွင်းအိမ်ပြင်တို့ စ၍ ရုပ်မြှုပ်နံထား၊ ကွမ်းယာပစ်၊ ခြေ... ကောက်၊ ရိပ်ဖမ်း၊ သံဖမ်း၊ လက်ဖွဲ့စေ၊ တစ်... ...ခန်နှစ်ဆွေ့ခုန်၊ ကျိုတ်လိပ်သေ သင်တိုင်းစွပ်၊ ...စာပေစာခွေးရှင်ပြု၊ ပြုစားမျိုးပေါင်းတို့သည်လည်း...ကောင်း။ သမား

www.burmeseclassic.com

ဘာကာ မလိုရန်သူ အပေါင်းတို့သည်လည်းကောင်း၊ မိုခိုစွဲ တပ်လျက်ရှိနေလျှင်၊ ဝါဆရာက နှင်ဖြိုထုတ်မည်၊ အဟုတ် ဘာန် မန္တန်မန္တရား ငါ့အမိန့်များနှင့် ငါကားယခု ရွှေတိုင် သင်းတော့မည်။ မကောင်းမိစ္ဆာ မသမာနတ် လေးရပ် ဇော်ဂနီ၊ လေးရပ်ကာကနီ။ ကိုယ်စီမနီး ဝေးကြီးဝေးအောင် ဆောင်သောင်းမက နတ်ဒေဝါတို့ နှင်ကြုထုတ်လေ သွားစေ သခု၊ ငါမရှုလို မကြည်ညိုပြီ၊ မသဒ်ိတသက် ယူဇနာတစ် ရာမျှလောက် လွင့်ပါးပျောက်၍ ထွက်ခွာစေသော် လေးဆူ သော ဘုရားရှင်တို့၏အမိန့်တော်၊ အထက်ဆရာကြီးများ၏ အမိန့်တော်။ ကျွန်ုပ်ဆရာအမိန့်တော် ...။

**ရတနာဒီပံဆုတောင်းများ**

(၂) ဇမ္ဗူဒီပါ သချေ်သချာများစွာ အနန္တနတ်ဒေဝါ တို့ စောင်မကြည့်ရှု အောင်ဆုချမ်းသာ အောင်မင်္ဂလာကို ဒေဝါနတ်များ မကွာနေ့ည မစေသား။ ဘယရောဂါ ကင်း စင်ကွာပျောက် ချမ်းသာစေခြင်း နတ်ရေစင်ဖြင့် နတ်ရှင် သခုသွင်းစေသား။ ကြံတိုင်းလည်းမြောက်၊ ခေါ်တိုင်းရောက် ၍ ထွန်းတောက်ဝင်းပြောင် နတ်ကိုယ်ရောင်ဖြင့် အောင်ကြ ဘေဖော် အာနုဘော်ထင်ပေါ် တန်ခိုးကြီးစေသား။ သေနတ် အမြောက် ပစ်ချဖောက်လည်း မရောက်ကိုယ်နှင့်ဝေးစေ သား။ နှောင်အိမ်တိုက်တွင်း သံခြေခြင်းလည်း အကွင်း ကျွတ်၍ ကျစေသား။ ကြည့်လည်းမမြင် ဖမ်းလည်းမမိ၊ ဘုတ္တိပုရိယရာ) မသမှာလျှင် မျက်နှာမြင်က လူရှင်ရဟန်း ချစ်စေသား၊ မသေရေဘေး ခိုးသူဘေးလည်း မနီးဝေးက ပျောက်စေသား၊ သစ်ကျားကြံဆင် ဝေးကမြင်လျှင် နတ်ရှင်၊ ဆီး၍ ချောက်စေသား။ ဥပါအန္တရာယ် ရှင်းရှင်း သယ် ( .) ကိုယ်ဝတ်ရောဂါပျောက်စေသား။ အောင်ဖေ သူတု ) အောင်ဆု ( ) ငါ့ကိုပေးစေသတည်း၊ အောင် လာ ချမ်းသာထက်၊ အောင်ရာပေါ်ထွန်း၊ အောင်ဘုန်း ကြွယ်ထက် အောင်ပန်းပန်ပြီး အောင်စည်ထီး၍ အောင်ကြီး အောင်အံ့ အောင်စေသောဝ်။


(၃) အနန္တလေးပါးတို့၏ ကွန်ချာမဟာ ဓမ္မရာဇာ စစ် ဖြစ်တော်မူသော ကောက္ကသံ၊ ဂေါဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ အစရှိသော ဘုရားရတနာ မွက္ခန္ဓာရှစ်သောင်း လေးထောင်သော တရားရတနာ မင်္ဂတည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက် ဤရှစ်ယောက်သော ပရမတ္ထသင်္ဃာ မြတ် သမုတိသင်္ဃာမြတ်တို့ကို၊ အဟံ-အကျွန်ုပ်သည်၊ နမာမိ-ရှိခိုးပါ၏။ ဤရှစ်ခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပြီးလျှင် အံ့ချီးစရာမင်္ဂလာနှင့် ရတနာဒီပံ တန်ခိုး ထန်သား မီးလျှံပြောင်ဝင်းပူဇော်ခြင်းကြောင့် ကိုးဆယ် ခြောက်ပါးရောဂါ ငါးဖြာရန်သူ ဆယ်စုသောဒဏ် ရှစ်တန် သောအပြစ် မနှစ်ဖယ်ရှား ၂၅ ပါးသောဘေး ဝေးဝေး ရှင်းကွာ ဥပဒ်မကပ်ဒွတ္တိသ၊ နှစ်ဝသုံးဆယ်၊ မယ်လေးကြမ္မာ ရောဂါဆနဝ၊ ကင်းစင်မို့ ကင်းစင်ဘိ၍ မထိကိုယ်ဝယ် မတွယ်ကင်းကွာစေသောဝ်။ ရှစ်ရပ်ဒီသာ သွားလေရာ တည်း ကြင်နာသက်မျှ လဘေလာဘာ လာဘ်မိုးရွာ၍ ( )တွင်းဝယ် ချမ်းသာစည်းစိမ် ရောက်စေသောဝ်။

(၄) တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ကြွက်ပူး နဂါး။ ယောကျ်ား မိန်းမဟူသမျှလည်း ( )ကို မြင်က ချစ်ခင်စုံမက်၊ သာဝမ်းထွင့်သို့ မပျက်မေတ္တာမျှစေသား။ မာဃက္ကန္ဓာ အသူရာနှင့် ဒေဝဒေဝါ စသည် ကျော်သောင်း နတ်အပေါင်းလည်း၊ ကောင်းခြင်းစောင်းမ လိုက်စေသော်။ သူရဿတီ စန္ဒီ ပရမီသွာ မဟာပိန္နဲ လွန်ကဲကျော်စော ဂေါရမန္တ သမာဒေဝါ နတ်တကာလည်း ( ) လိုရာယခု ပေးစေသော်ဝါ။ တဆယ့်နှစ်ပါး ထင်ရှားတုန် လက် ကိုယ်စောင့်နတ် စသည်အညီ ဒေဝီကိုးပါး မယ်မင်း များလည်း ဆပ္ပာကြင်နာ မေတ္တာအောင်ဆု ပေးစေသော်ဝ်။ သုံးဆယ့်တစ်ဘုံ ဝေယံဘုံက နတ်တို့များလည်း ( )ကို မစေသော်။ ဇမ္ဗူဒီပါ မြေမျက်နှာထက် တစ်ကိုင်းတစ်ခက် တစ်ရွက်မလပ် စောင့်ကြပ်နေထ ရုက္ခဘုမ္မာ အာကာသစိုး တန်ခိုးကြီးမား မဟာဂီရိ နှံ့သိ ကျော်လပ် အိမ်စောင့်နတ်က မလပ်တစ် ဘုံကြီး ဘုံငယ် ၃၇ ပါး ဤနတ်များလည်း ( )ကို ထင်ရှားကောင်းကြိုး ဆောင်ရွက်ကြစေသော်ဝ်။ မင်္ဂလာဒီပံ မီးလျှံထိန်ဝါ မှောင်မျိုးကာသို့ မျက်မာန်ကြမ်း ကြုတ် ( )၏ ရန်သူဟူသမျှ ဝေးစွာရောက်၍ ယူဇနာ လျှင် တရာမျှလောက် လွင့်ပါးရောက်၍ ပျောက်စေသော်၊ အိမ်တွင်းအိမ်ပြင် စုန်းမှင်နတ်ရဲ ခွဲရှဲမိစ္ဆာ ဒါဟာဖျက ဝါလ ဝင်အောင် မကောင်းအသံ ငှက်ပျံငှက်ဝဲ ကြွက်ခဲတစ်ဝ ငြိုဟ်ပါပနှင့် ဆနဝဒ္ဓိ ကင်းစင်ဘိ၍ သီရိဝေဖြိုးမောက်



www.burmeseclassic.com

www.burmeseclassic.com



စေသော်။ ရောင်းဝယ်ဖောက်ကား စီးပွားချမ်းသာ ကုန်သွယ်ရာလည်း ရာထောင်မက လိုတိုင်းတ၍ ရစေသော်ဝ်။ ရာဇစိုးကပ် မှီခိုလပ်လည်း ချစ်မြတ်ကြည်ဖြူ သားအတူလျှင် ကြည်ဖြူမေတ္တာ မျှစေသော်ဝ်၊ ဆေးဝါးမန္တာန် ရွတ်သံဖွားဖွားပညာများလည်း စိတ်ထားရွယ်တိုင်း ပြီးစေသော်ဝ်။ ဘင်၊ နာ၊ စိန်၊ ဒက်၊ သံနှင့် ဆေးဒါန်း ယမ်း၊ ဆား၊ ဆပ်ပြာ၊ သိင်္ဘာ ကျောက်မျိုးပြီး ရိုးကာယ အပ်သွင်းစကားမြှုပ်ထားအမှု၊ အနုနုတ်ဆေး ရုပ်ဆေးလက်ဖွဲ့ ခါးလှည့်အဆောင် ကြံတိုင်းအောင်၍ ဆောင်တိုင်းမကြာ ပြီးမြောက်စေသောဝ်။ သိဒ္ဓိဖေယံ ထိုဒီပံလျှင် မီးလျှံထိန်းဝေ နှောင်မျိုးသွေသို့ ဝေနေသတ္တဝါ ဘုံသုံးရွာတွင် ချမ်းသာသုခ ရစေသော်ဝ်။ နှစ်သခေျဝယ် တစ်သိန်းတည်သား ဘုံကြွယ်မြတ်စွာ ပစ္စေကာလျှင် လိုရာအမက ဖြိုးထွန်းပလို့ ဘဝမျက်မှောက် ကြံတိုင်းရောက်သည့် ဖြစ်စေသော်ဝ်။ ဆုကြီးငါးဖြာ ပြည့်ရာအညီ ပါရမီတွင် သချေမပါ ဤကမ္ဘာ၌ သချာစတုဋ္ဌ ဂေါတမမြတ်စွာသာသနာဝယ် သုခပဋိပတ် အကျင့်မြတ်ရှိ ပဂတိသာဝက ရဟန္တာဟု မကြာခဏ ဖြစ်ပြီးမှလျှင် အမတာဇိမာန် မြတ်နိဗ္ဗာန်သို့ အမြန် (     ) ရောက်စေသောဝ်။

**မှတ်ချက်** ။ ကွင်းစကွင်းပိတ် နေရာတွင် မိမိမွေးနံ့ထည့်ပါ။

## ပထမံဆရာကြီးဦးအောင်သွ

### ကျမ်းကိုးထုတ်နုတ်

ရတနာဒီပံ ယတြာဓာတ်ရိုက် ဓာတ်ဆင် ဗုဒ္ဓကိုရအန္တိမဝင်းကိုဏ်းချုပ် ဆရာကြည်၏ ရေးသားချက်မှ ထုတ်နုတ်ပူဇော်ပါကြောင်း ဝန်ခံပါ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အနန္တသိဒ္ဓိ မဟာဒိဗ္ဗဖယောင်းတိုင် လုပ်နည်း သင်ပေးခြင်း

**မင်းသိင်္ခ**

တစ်နေ့တွင် ဦးသူတော်သည် ကျွန်ုပ်၏ မှတ်စုစာအုပ်ကို ယူ၍ အောက်ပါဂါထာကို ရေးပေးလေ၏။

### ပထမတိုင်

၁။ ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
၂။ ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
၃။ သံဃော လောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ။

ဒါက ဒီလိုကွ၊ ဖယောင်းတိုင် အကြီးတိုင်နဲ့တိုင်းပြီး မှိုင်းခံစက္ကူလေးတွေဖြတ်ပြီး ခဲတံနဲ့ရေးရတယ်။ ရေးပြီးရင် အဲဒီဂါထာ ၁၀၈ ခေါက်ရွတ်ရတယ်။ ရွတ်တဲ့အခါ ဖယောင်းတိုင်ကို လက်ကကိုင်ပြီး ပါးစပ်နားမှတော့ပြီး ရွတ်ရတယ်။ ရေးထားတဲ့ ဂါထာကိုတော့ ဖယောင်းတိုင်မှာ ပါတ်ထားရတာပေါ့ကွာ။ အဲဒါက ပထမ ဖယောင်းတိုင်ပေါ့ကွာ။ ထွန်းရမှာက သုံးတိုင်၊ ဒုတိယနေ့မှာ ဂါထာကိုရေးပြီး ဖယောင်းတိုင်မှာ ကပ်ပြီး ၁၀၈ ခေါက်ရွတ်ရဦးမယ်။ အဲဒီလို ရွတ်ပြီးရင်တော့ ဒုတိယဖယောင်းတိုင်ကို ထွန်းရမယ်။

### ဒုတိယတိုင်

၁။ ဗုဒ္ဓ တေဇေန အရိန္ဒမော၊
ဗုဒ္ဓေါ မေ ရက္ခန္တု နိစ္စံ။
၂။ ဓမ္မ တေဇေန မဟာလာဘော၊
ဓမ္မော မေ ရက္ခန္တု သဒ္ဓါ။
၃။ သံဃ တေဇေန မဟာယသော၊
သံဃော မေ ရက္ခန္တု ဒိနေ။

### တတိယတိုင်

၁။ နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓ ပဋိပန္နော သို့၊
တဿ မေ သရဏံ ဘဝ။
၂။ အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အကာလိကော ဓမ္မော ဓမ္မံ သရဏံ ဂစ္ဆာမိ။
သုပ္ပဋိပန္နော သံဃံ သရဏံ ဂစ္ဆာမိ။
၃။ ဗုဒ္ဓေါ သဗ္ဗညုတ ဉာဏော၊
ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလဋ္ဌော စ၊
ဣစ္စေတော ရတနတ္တယံ။
ယေန သစ္စေန သင်္ဂမော၊
ဟောတု မေ ဇယမင်္ဂလံ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ တတိယဂါထာကိုရေးပြီး ဖယောင်းတိုင်မှာ ပတ်ရမယ်။ ဂါထာလည်း ၁၀၈ ခေါက်ရွတ်ရမယ်။ တတိယတိုင်ပြီးသွားရင်တော့ ပထမတိုင်ကို ပြန်ပြီးထွန်းရမယ်။ အဲဒီလိုနဲ့ လေးဆယ့်ငါးရက်တိတိ ဒီဖယောင်းတိုင်ကို ထွန်းရမယ်။ လေးဆယ့်ငါးရက် စလုံးလည်း ရှစ်ပါးသီလကို ယူထားရမယ်။ စားတာလည်း သက်သတ်လွတ်စားရမယ်။ ဖယောင်းတိုင်ကို မန်းတဲ့အခါတိုင်း ရေခွက်တစ်ခွက်နဲ့ ရေထည့်ရမယ်။ အဲဒီရေကို ပုလင်းနဲ့ ယူထားရမယ်။

ဟု ကျွန်တော်အား အသေးစိတ် သင်ပြပေးလေ၏။

"နေပါဦး ဦးသူတော်ရဲ့ ဒီဖယောင်းတိုင်ကို ဘာဖယောင်းတိုင်လို့ခေါ်လဲ"

ဟု ကျွန်ုပ်က မေးလိုက်မိလေ၏။ ထိုအခါ ဦးသူတော်က -

"ရှေးက ဆရာသခင်တွေ လုပ်သွားတာ အနန္တသိဒ္ဓိဒီပံလို့ခေါ်တယ်။ ရေတွေယူထားတယ်မဟုတ်လား။ ပထမတိုင်တုန်းက ယူထားတဲ့ရေကို ပထမရေ၊ ဒုတိယတိုင်ထွန်းတုန်းက ယူထားတဲ့ရေကို ဒုတိယရေ၊ တတိယတိုင်ထွန်းတုန်းက ယူထားတဲ့ရေကို တတိယရေဆိုပြီး ပုလင်းမှာလည်း စာရေးပြီးခွဲထားရမယ်။ အဲဒီရေကို အနန္တသိဒ္ဓိရေလို့ခေါ်တာပေါ့။ လာဘ်တိတ်တဲ့ဆိုင်တွေကို အဲဒီရေဖြန်းပေးရတယ်။ အရောင်းအဝယ်ကောင်းသွားတတ်တယ်။ ပေါ့ပေါ့မထင်နဲ့။ အလွန်အကျိုးထူးတယ်။ ငါနဲ့သိတဲ့ မျက်စင်းဖော်ရောင်းတဲ့ မြန်မာဆေးဆရာတစ်ယောက် ဒီမီးတိုင်နဲ့ ချမ်းသာသွားဖူးတယ်"

ဟုပြောပြလေတော့၏။ ကျွန်ုပ်လည်း ဦးသူတော်သင်ပေးသည့်အတိုင်း အနန္တသိဒ္ဓိဒီပံ ဖယောင်းတိုင်ကိုပြုလုပ်၍ လေးဆယ့်ငါးရက်စလုံး ဥပုသ်စောင့်ရလေတော့၏။ လေးဆယ့်ငါးရက်ပြည့်ပြီးနောက် တစ်နေ့၌ပင် အပေါင်ဆုံးပစ္စည်းများ ဝယ်ရန် သွားရလေတော့၏။ ထိုသို့သွားရာတွင် အပေါင်းဆုံးပစ္စည်းများထဲမှ အရုပ်များပါသော ကြေးဖလား လေးလုံးကို ဝယ်ယူခဲ့မိလေ၏။

အိမ်ရောက်သောအခါ ထိုကြေးဖလားများကို သံချွန်ဖြင့် ခြစ်၍ ကြည့်မိရာမှ ရွှေဖလားများဖြစ်နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရလေတော့၏။ ကျွန်ုပ်နှင့် ဦးသူတော်လည်း ထိုဖလားများကို ပုံပျက်သွားစေရန်အတွက် ကတ်ကြေးဖြင့် ဖြတ်ချပြီးလျှင် ဦးသူတော်တွင် ရှိသော ပန်းကာဖိုကလေးဖြင့် လုံထည့်၍ ကျိုလိုက်ရာ ရွှေများရလေတော့၏။

ထိုအခါ ဦးသူတော်က -

"ဒါကတော့ ငါ့အစွမ်းမဟုတ်ဘူး မောင်အောင်ထွန်းရေ။ မင်းရဲ့ အနန္တသိဒ္ဓိဒီပံရဲ့ အစွမ်းပဲကွ" ဟု ပြောလေ၏။

"အဲဒါကတော့ ကျွန်တော်တတ်တာမှ မဟုတ်ဘဲဗျာ။ ဦးသူတော်သင်ပေးတာ ဦးသူတော်အစွမ်းပဲပေါ့"

ဟု ကျွန်ုပ်က ပြောလိုက်ရာ ဦးသူတော်က -

"ကဲပါကွာ၊ နှစ်ယောက်စလုံးအစွမ်းပဲ ထားလိုက်ပါတော့။ ဒီရွှေတွေကို ရောင်းပြစ်လိုက်ပြီး ခွဲရင် တစ်ယောက်ကို သိန်းချီရမယ်ကွ။ ငါတို့အတွက် ပထမဆုံးဝယ်ရမှာကတော့ အပေါင်ဆုံးပစ္စည်းတွေ သွားရောင်းဖို့ ကားဝယ်ရမယ်။ နောက်ပွင့်ကလေးပေါ့ကွာ။ တစ်ခေါက် တစ်ခေါက်သွားရတာ ကားခ နင့်နေတာပဲ။ ဘုရားလေးဘာလေး သွားပြီး ပုတီးစိပ်ချင်ရင်လည်း ကားရပြီပေါ့။

အခုရတဲ့ ငွေတွေဟာ ရသေ့ရိက္ခာထောက်ပေါ့ကွာ။ အဂ္ဂိရတ်မထိုးဘဲ ရွှေရတာနော်။ နည်းနည်းအကျိုးပေးတာ မဟုတ်ဘူး။ အများကြီး အကျိုးပေးတာ။ မင်းကတော့ ပုတီးလမ်းနဲ့ အကျိုးပေးပြီနဲ့တူပါတယ်ကွာ"

ဟု ဝမ်းသာအားရ ပြောလေတော့၏။

ကျွန်ုပ်လည်း ရွှေများကိုရောင်းပြစ်ပြီး နောက်ပွင့်ကားလေးတစ်စီး ဝယ်ထားခဲ့လေ၏။ ကား၏မှန်တွင် 'အနန္တသိဒ္ဓိဒီပံ'ဟု စာတမ်းကလေးရေးထားလိုက်လေ၏။ ထို့နောက် ကျွန်ုပ်တို့နှစ်ဦးလည်း အိမ်ပိုင်မရှိသောကြောင့် တာမွေဘက်တွင် လေးဆယ် × ခြောက်ဆယ်ကျယ်သော မြေကွက်နှင့် ပျဉ်ထောင်အိမ်တစ်လုံးကို ဝယ်ယူလိုက်ကြပြီးလျှင် ထိုအိမ်၌ နှစ်ယောက်ပေါင်း၍ နေထိုင်ကြလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိန်**



www.burmeseclassic.com

www.burmeseclassic.com

# လောကစမ္မတာ

## မင်းသိင်္ခ

တစ်နေ့တွင် ဦးသူတော်က ကျွန်ုပ်အား –

"မောင်အောင်ထွန်းရေ . . . မင်းကို ငါပြောပြလို့ တနင်္ဂနွေဟာ တစ်ဂဏန်း၊ တနင်္လာဟာ နှစ်ဂဏန်းဆိုတာလည်း မင်းသိပြီ။ ဂြိုဟ်သက်တွေကိုလည်း သိရပြီ။ ဒါတွေက ရှေးကပညာရှိတွေ လုပ်ခဲ့တာကွ။ အခုပြောရမှာကတော့ ဂြိုဟ်ပရိယာယ်ပဲ။

ဂြိုဟ်ပရိယာယ် ဆိုတာက ဂြိုဟ်တွေရဲ့အဓိပ္ပာယ်။ ဂြိုဟ်တွေရဲ့ မီးနင်းပေါ့ကွာ။ အဲဒါလေးသိထားရင် မင်းတစ်အနေနဲ့ လက်ဆန်းဗေဒင်မှာ အတော်ကလေး တီးခေါက်မိသွားပြီပေါ့"

| ဂြိုဟ်အမည် | ဂဏန်းအားဖြင့် | သဘောပရိယာယ် | နံတူပရိယာယ် |
|---|---|---|---|
| တနင်္ဂနွေ | ၁ | အကြီးအကဲ အိမ်ထောင်ရေး | အိမ်၊ အိုး၊ အစ် စသည်ဖြင့် အသံထွက်ပါသော အရာများ |
| တနင်္လာ | ၂ | ငွေ၊ မင်္ဂလာ၊ မင်္ဂလာဆောင် အမေ၊ အစ်မ၊ မိန်းမကာ်မဂုဏ်၊ မျက်နှာ၊ ကိုယ့်ထက်ကြီးသူ ဆွေမျိုးမိန်းမ | ခွေး၊ ကြောင်၊ ကြက်၊ က၊ ခ၊ ဂ၊ ဃ၊ င အသံထွက်ရှိသော အရာများအားလုံး |
| အင်္ဂါ | ၃ | ကျေးကျွန်လင်သား၊ မုဆိုးဖို၊ မုဆိုးမ၊ ဆီ၊ မျက်စိ၊ စုန်း | စ၊ ဆ၊ ဇ၊ ဈ၊ ည အသံထွက်ရှိသောအရာများ အားလုံး |
| ဗုဒ္ဓဟူး | ၄ | လူငယ်၊ သား သမီး၊ အရေပါး၊ စကား၊ ဘုရား၊ ဓာတ်တော်၊ ရှင်သီဝလိ၊ ဂဝံ | ယ၊ ရ၊ လ၊ ဝ အသံထွက်ရှိ သော အရာများ အားလုံး |
| ကြာသပတေး | ၅ | မိတ်ဆွေ၊ အသိ ခဲ၊ ပညာ၊ ဆရာ၊ အမွေအနှစ်၊ ပစ္စည်းဟောင်း၊ မိန်းမ | ပ၊ ဖ၊ ဗ၊ ဘ၊ မ အသံထွက်ရှိ သော အရာများ အားလုံး |
| သောကြာ | ၆ | မယား၊ သုတ် သွေး၊ ဓာတ်၊ နှစ်သက်ခြင်း၊ ရေဖျဉ်း၊ အိမ် သာ၊ ဆွေမျိုး | သ၊ ဟ အသံ ထွက်ရှိသော အရာများအားလုံး |
| စနေ | ၀ | အစေအပါး၊ အကြော၊ ပူပန်ခြင်း၊ မီးတောက် မီးလျှံ၊ မီး၊ မင်း၊ ခိုးသူ၊ ကိုယ်ဝန် ဆောင်၊ အဆိပ် ရှိသော သတ္တဝါ၊ အဖျက်မျိုး | ထီး၊ ခါး စသည် တ၊ ထ၊ ဒ၊ ဓ၊ န အသံထွက်ရှိသော အရာအားလုံး |

| ဂြိုဟ်အမည် | အရောင် | အသွေးအသားပရိယာယ် | မင်းမိဖုရား | အဖအမိပရိယာယ် |
|---|---|---|---|---|
| တနင်္ဂနွေဂြိုဟ် | အနီ | အရိုး | ပြည့်ရှင်မင်း | အဖ |
| တနင်္လာဂြိုဟ် | အဖြူ | သွေး | မိဖုရား | အမိ |
| အင်္ဂါဂြိုဟ် | နီညို | ချင်ဆီ | စစ်သူကြီး | ကျေးကျွန်လင်သား |

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ဗုဒ္ဓဟူး ဂြိုဟ် | အစိမ်း | အရေပြား | အိမ်ရှေ့မင်း | သားသမီး |
| ကြာသပ တေးဂြိုဟ် | အဝါ၊ ရွှေ | အဆီခဲ | အမတ် | မိတ်ဆွေ ဆရာ |
| သောကြာ ဂြိုဟ် | အပြာ | သုတ်သွေး | မင်းတိုင်ပင် | မယား |
| စနေဂြိုဟ် | အနက် | အကြော | မင်းစေ | အစေအပါး |

| ဂြိုဟ် | အရသာ ပရိယာယ် | အဝတ် အထည် | သတ္တု | ကျား မ | အရှင်ဂြိုဟ် ကျွန်ဂြိုဟ် |
|---|---|---|---|---|---|
| တနင်္ဂနွေ | အစပ် | အပေါ် အင်္ကျီ | ကြေးနီ | ကျား | ကျွန် |
| တနင်္လာ | အငန် | အဝတ်သစ် | ငွေ | ကျား | အရှင်ဂြိုဟ် |
| အင်္ဂါ | အခါး | မီးပေါက်ပါ သောအဝတ် | ရွှေစင် စိန် | ကျား | ကျွန် |
| ဗုဒ္ဓဟူး | ချဉ်ခါး | လျှော်ပြီး အဝတ် | ရောင်စုံ ကျောက် ရွှေ | ကျား | အရှင်ဂြိုဟ် |
| ကြာသ ပတေး | အချို | မတို၊ မရှည် အဝတ် | ငွေ | မ | အရှင် |
| သောကြာ | အချဉ် | ထူသော အဝတ် | ပုလဲ | မ | ရှင် |
| စနေ | အဖန် | စုတ်နေသော အဝတ် | သံ | မ | ကျွန် |

ဦးသူတော်သည် ကျွန်ုပ်၏ မှတ်စုစာအုပ်တွင် ဂြိုဟ်ပရိယာယ်များကို ရေးထည့်ပြီးနောက် "ဒါတွေကိုတော့ အလွတ်ရအောင် လုပ်ထားရမယ်။ ပေဒင်မှာ စာတွေပေါ်တာ မဟုတ်ဘူး။ ဂဏန်းတွေပဲပေါ်တာ။ ဂဏန်းတွေရဲ့ အဓိပ္ပာယ် ပြန်ဖို့ဆိုတာက သူ့မီးနင်းတွေရဖို့လိုတာပေါ့။ ပရိယာယ်တွေ အလွတ်ရပြီဆိုရင်တော့ ရှေ့ကိုသင်ဖို့က လွယ်သွားတာပေါ့။ ပြီးတော့ မင်းကိုပြောရဦးမယ်။ တို့ကားကို ဝပ်ရှော့ထိုးပြီး လိုတာလေးတွေ ပြင်ထားဦးကွ။ ကားပေါ်ကိုလည်း မင်းလုပ်ထားတဲ့ အရေးပေါ်အိမ်သာ တင်ခဲ့ကွာ။ လိုရမယ်ရ အိပ်ရာလိပ်နှစ်လိပ်လည်း တင်ထားမယ်ကွ။ သိပ်မိုးချုပ်ရင် မပြန်ဘူးကွာ။ ကားပေါ်မှာပဲ အိပ်ကြတာပေါ့"

ဟု ပြောလေတော့၏။ ထို့ကြောင့်လည်း မော်တော်ကားကို ယူသွားပြီးလျှင် ဝပ်ရှော့တွင်ထိုး၍ လိုအပ်သည်များကို ပြုပြင်ရလေ၏။ ကျွန်ုပ်တို့၏ ကားကလေးတွင် ပစ္စည်းအပြည့်အစုံပါသည်ဖြစ်ရာ နေချင်စဖွယ်ကလေး ဖြစ်နေလေတော့၏။ ထို့ကြောင့် ကျွန်ုပ်က –

"ပစ္စည်းကတော့ အတော်ပြည့်စုံနေပြီ၊ ကျွန်တော်တို့ မိန်းမယူကြရင် ကောင်းမယ်ထင်တယ်"

ဟုပြောရာ ဦးသူတော်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေ၏။ ထိုသို့ရယ်ပြီးနောက် –

"တစ်ခါက ဆရာနဲ့တပည့် မသာအိမ်သွားပြီး အလုပ်လုပ်ကြတယ်။ အဲဒီတော့ငွေလေး ကြေးလေး အနည်းအပါး ရလာတာပေါ့ကွာ။ လမ်းရောက်တော့ တပည့်လုပ်တဲ့လူက ဆရာလုပ်တဲ့လူကို ဆရာရေ ဒီ... ကျွန်တော်တို့လက်ထဲမှာ ငွေရနေပြီပဲ။ မကောင်းတဲ့မိန်းမ အိမ်ကို သွားကြရအောင်လို့ ပြောတယ်။ အဲဒီမှာ ဆရာက မျက်နှာကြီးနီရဲပြီး မင်းတော်တော်အသုံးမကျတဲ့ကောင်၊ ဘာမှလည်း နားလည်မှုမရှိဘူး ဘာညာနဲ့ပေါ့ကွာ။ အဲဒီလို ပြောတော့ တပည့်က လန့်နေတာပေါ့။ အဲဒီမှာ ဆရာက ဘာဆက်ပြောလိုက်လဲဆိုတော့ ဒီငွေလောက်နဲ့မရဘူးကွ လို့ ပြောလိုက်တာ။ အမှန်ကတော့ ဆရာက ဆူတာမဟုတ်ဘူးပေါ့။ ငွေမလောက်တဲ့အကြောင်းပဲပြောတာ။ ဒီဟာဟာ ငါပြောတာမဟုတ်ဘူးကွ။ ကမ္ဘာကျော် တရားဟောဆရာကြီး 'ခရစ်ရှနားမူရတီး'ပြောတဲ့ ဟာသကွ။ အဲတော့ ရှင်းရှင်းပဲပြောမယ်။ မင်းယူချင်ယူ၊ ငါကတော့ မယူတော့ဘူး။ မင်းယူပြီးရင်လည်း ဆက်တွဲလို့တော့မရဘူး။ လမ်းခွဲရလိမ့်မယ်"ဟု ပြောရာ ကျွန်ုပ်က –

"နောက်တာပါ ဦးသူတော်ရယ်။ ကျွန်တော်လည်း မယူပါဘူး။ ဦးသူတော်နဲ့ အခုလိုနေရတာက စိတ်ချမ်းသာပါတယ်။ ပညာလည်းရပါတယ်။ ငွေလည်းရပါတယ်။ ကုသိုလ်လည်းရပါတယ်။ ဘာများလိုသေးလို့လဲဗျာ။ ဘာပဲပြောပြော ကျွန်တော်တို့နှစ်ယောက်ဟာ အခုလိုအချိန်တိုတိုကလေးအတွင်းမှာပဲ ငွေတွေအတော်ရသွားပြီနော်။ မော်တော်ကားကို တစ်ယောက်တည်း တစ်စီး စီးချင်လည်းရပြီ။ နှစ်ယောက်တစ်စီး စီးချင်လည်းရပြီ။ အိမ်နဲ့ယာနဲ့ မနေချင်လည်း ကားပေါ်မှာနေလို့ရပြီ။ ကြိုက်တာဝယ်သုံးလို့လည်း ရပြီ" ဟု ပြောရာ ဦးသူတော်က –

"မှန်တာပေါ့ကွာ။ ငါတို့မှာခိုင်နေပြီပဲ။ စားချင်တာစား၊ ဝယ်ချင်တာဝယ်ရုံပဲ၊ သုံးစရာရှိ သုံးလိုက်ရုံပဲ။ ဘာမှ ပူစရာမလိုတော့ပါဘူး"

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**




www.burmeseclassic.com

www.burmeseclassic.com

# ရှင်ဥပဂုတ္တ အင်းတော်

စိုးဝင်းထွဏ်း(တာမွေ)



www.burmeseclassic.com

www.burmeseclassic.com

ဤရှင်ဥပဂုတ္တအင်းတော် အစိအရင်မပြုမီ ကိုယ်လက်တို့ကို သန့်စင်ပါ။ သန့်ရှင်းစင်ကြယ်သော အဝတ်အစားကို ဝတ်ဆင်ပါ။ ထို့နောက် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ဦးထိပ်ထားပူဇော်လျက် ငါးပါးသီလကို ဆောက်တည်ပါ။

ထို့နောက် တစ်ဖက်ပါ ဤစမ ရှင်ဥပဂုတ္တ အင်းတော်နှင့် ဗု-ဓံ-သံ-တာ-ခ-စ ၆ အင်း တစ်စုံတို့ကို နံနက်တစ်ကြိမ်၊ နေ့တစ်ကြိမ်၊ ညတစ်ကြိမ် ရေစိမ်၍ သောက်ပါ။

ဂုဏ်တော်ဂါထာကို ပုတီးအပတ်ရေ ၉၀ ရအောင် စိပ်ပါ။

*(၉ လုံးပုတီး၊ ၂၇ လုံးပုတီး၊ ၁၀၈ လုံးပုတီး အဆင်ပြေရာဖြင့် စိပ်နိုင်ပါသည်)*

## ဂုဏ်တော်ဂါထာ

ဣတိပိ သော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ
အနုတ္တရော ပုရိသ ဓမ္မသာရထိ သတ္ထာ ဒေဝ မနုဿာနံ၊
ဗုဒ္ဓေါ ဘဂဝါ။

ထပ်မံ၍ အောက်ပါ သိဒ္ဓိဂါထာကို (ပုတီး ၃ ပတ်) စိပ်ပါ။

## သိဒ္ဓိဂါထာ

ဣတိပိသော - ဝိသေသဣ
ဣသေသေ - ပဠနာမိဣ
ဣမိနာ - ဘုမ္မတံသောဣ
ဣသောဟံ ဗုဒ္ဓ ပိတိဣ
သိဒ္ဓိတေဇာ - သိဒ္ဓိဝရာ
သိဒ္ဓိဓေယျ - သိဒ္ဓိကမ္မံ
အတ္တပုဇာ - ခါဘာစရာ
သဗ္ဗေပိယံ - ဘဝတုမေ။

(ဤအင်းတော်ကို စီရင်ပြုလုပ်ခြင်းဖြင့် အကြံအစည်များအောင်မြင်၍ ကံများပွင့်လန်းလာပါလိမ့်မည်)

---

စိုးဝင်းထွဏ်း(တားမွှ)

---




www.burmeseclassic.com

www.burmeseclassic.com

# မဟာကောဏ္ဍညဂိုဏ်း
# ပုတီးစိပ်ဂါထာတော်ကြီး

■ မင်္ဂလာဦးရွှေအိုး



ဖော်ပြပါ စမပုံတော်မှာ ရှင်ဥပဂုတ္တ-စမ ရုပ်ရှင်တော်မြတ် ဖြစ်ပါသည်။
အဆိုပါ ရှင်ဥပဂုတ္တစမပုံတော်အား (က)ကြောင်လိမ်၊ (ဏ)ကြောင်လိမ်၊ (ဝ)ကြောင်လိမ် စမများ ဝန်းရံထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆန္ဒအလုံးစုံတို့ လိုရာပြီးမြောက်နိုင်ရန်အတွက် အဆိုပါ စမပုံတော်ကို ယူ၍ သန့်ပြန့်သော ပိတ်ခင်းထားသည့် စားပွဲတစ်လုံးပေါ်တွင် တင်ပါ။ ပိတ်နေသောဓာတ်များ ပွင့်သွားစေရန်အတွက် စက်ဂုဏ်တော် ၉ ပါး ပုတီးစိပ်ဂါထာတော်ကြီးကို ရွတ်ဖတ်သံရစ္ဆာယ်ကာ နံနက် ၉ ပတ်၊ နေ့လယ် ၉ ပတ်၊ ည ၉ ပတ် ရအောင် ၂၇ ရက်တိတိ နေ့စဉ်မပျက်မကွက်ဘဲ ပုတီးစိပ်ရပါမည်။ အဆိုပါကိန်းဂဏန်းများကို လေ့လာကြည့်ရှုလျှင် ၉ နဝင်းကိုက်နေသည်ကို တွေ့ရပါလိမ့်မည်။

မဟာကောဋ္ဌာညဂိုဏ်း၊ ပုတီးစိပ်ဂါထာတော်ကြီးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ယသ္မာ ဒသ အကုစ္စရာ–အ–သံ၊
ဝိ–သု–လော–အ–ပု–သ–ဗု–ဘ။
ဝစသော ပ ဂုဏာ ဒျစ္ဆော၊
မနသာသော ဘုစံလေ၊ ဘတိ။
တေန သစ္စ ဝစ္စေန ဝါ၊
တေန ပုညကာမ္မေန။
မမ အာဒိကတ္တာ သဗ္ဗေ၊
သတ္တာ–အဝေရာ ဟောန္တု။
အဗျာ ပဇ္ဇာဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟာရန္တု။

အဆိုပါ ဂါထာတော်ကြီးကို အစအဆုံး ဌာန်ကရိုဏ်း ကျကျ ရွတ်ဆိုပြီး ဂါထာတော်ကြီး တစ်ခါပြီးဆုံးလျှင် ပုတီး တစ်လုံးချရပါမည်။ ၁၀၈ လုံးရှိသော ပုတီးကို ၉ ပတ်တိတိ ရအောင် နံနက်ပိုင်း၊ ညပိုင်းတို့တွင် ဝတ္တရားမပျက် စိပ်ပေးရ ပါမည်။

ထိုသို့ အဓိဋ္ဌာန်မပျက် ပုတီးစိပ်ရာ၌ စမပုံတော်ကို မိတ္တူကူးကာ ဖယောင်းတိုင်တွင်ပတ်လျက် ထွန်းညှိပူဇော်ပေး နိုင်ပါသည်။

လောက၌ မသိသူတို့မှာ ကျော်လွှားသွားကြကုန်၏။ သိသူတို့မှာမူ ရှာဖွေဖော်ထုတ်ပြီး ကြီးပွားတိုးတက်အောင် ကြံဆောင်တတ်ကြကုန်၏။

ဤမဟာကောဋ္ဌာညဂိုဏ်း ပုတီးစိပ် ဂါထာတော်ကြီးမှာ သမုဒ်ပင်လယ်ပြင်၌ သိတင်းသုံးတော်မူလျက်ရှိသော ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီးကို စမပြုထားခြင်းဖြစ်၍ အစွမ်းသတ္တိများ ထက်မြက်လျက်ရှိပါသည်။

မိမိတို့ လောကီလူသားများအနေဖြင့် နိစ္စဓူဝဆိုသလို စားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှားနေကြရသူများ ဖြစ်ပါသည်။

လူတိုင်းပင် အခက်အခဲ ပြဿနာများ ပြေလည်ချင်ကြပါသည်။ လက်ရှိအခြေအနေမှ ကြီးပွားတိုးတက်လိုကြပါသည်။ အဓိဋ္ဌာန်များ ပေါက်မြောက်လိုကြပါသည်။

သည့်အတွက် ကံကောင်းဖို့၊ ကံပွင့်ဖို့၊ ဓာတ်ဖွင့်ဖို့ လိုပါသည်။ ကံကောင်းဖို့ ဆိုရာ၌လည်း မိမိတို့ ပြုလုပ်သော အလုပ်သည် သန့်ရှင်းစင်ကြယ်ရန် အရေးကြီးပါသည်။

အတွေးအခေါ် အသိဉာဏ်နှင့်ယှဉ်၍ ဝီရိယစိုက် ထုတ်ပါက ဆိုးနေသောကံများ ကောင်းလာနိုင်သကဲ့သို့ ပိတ်နေသော ကံများ၊ ဓာတ်များလည်း ပွင့်လန်းလာနိုင်ပါလိမ့်မည်။

သည့်အတွက် ရှေးပညာရှင်တို့ လေ့လာကျင့်ကြံ ပြုစုထားသည့် အင်းပုရပိုဒ်နှင့် သိဒ္ဓိမဟိဒ္ဓိ မန္တန်ဝိဇ္ဇာထွက်လမ်း ကျင့်စဉ်များကို မှီငြမ်းကိုးကားမှုပြုကာ တင်ပြရေးသားလိုက်ရ ပါသည်။

---

မင်္ဂလာဦးရွှေအိုး

---



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်လှူအပေါင်း ချစ်ခင်စေရန် ရွတ်ဖတ်ရသော ရှင်ဥပဂုတ္တဂါထာ

**နှုတ်လှူချစ်ခင်စေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း**

**ဒေဝမနုဿသမ္ပိယံ၊ ရာဇာဝိရာဇပူဇိတံ**

**ဥပဂုတ္တံ - အဘိပူဇာမိ၊ တေနသမ္ပိယောဟောသံ။**

ဒေဝမနုဿသသမ္ပိယံ၊ နတ်လူပြဟ္မာတို့သည် ကောင်းစွာ ချစ်ခင်မြတ်နိုးအပ်သော။ ရာဇာဝိရာဇ ပူဇိတံ၊ သီရိဓမ္မာသောက စသည်များစွာ မင်းတကာတို့ထက် ထူးကဲမွန်မြတ်၊ နတ်မင်း,ပြဟ္မာမင်းတို့သည် ဝပ်စင်းကော်ရော် ပူဇော်အပ်သော။ ဥပဂုတ္တံမဟာထေရ်၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပ တော်မူသော အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို။ အဟံ၊ နတ်လူတကာ ချစ်ခင်စေလိုပါသော အကျွန်ုပ် သည်။ အဘိပူဇာမိ၊ ပဥ္စပတိဋ္ဌိတဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုးပါ၏။ တေန၊ ဤသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ သမ္ပိယောဟောသံ၊ နတ်လူတိုင်း မေတ္တာဝင်၍ ချစ်ခင်သူမြတ် ဖြစ်ရပါစေသား အရှင်ဘုရား။

## ကျက်သရေတိုးစေရန် ရွတ်ဖတ်ရသော ရှင်ဥပဂုတ္တဂါထာ

**ကျက်သရေတိုးစေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း**

**သီရိမန္တံ မဟာထေရံ၊ ဥပဂုတ္တံ ဂုဏုတ္တမံ**

**နမာမိ ဥတ္တမင်္ဂေန၊ တေနသီရိ ပဝဍ္ဎတု။**

သီရိမန္တံ၊ ကျက်သရေဘုန်းရှိန်၊ ကုံလုံကြွယ်ဝ ပြည့်စုံတော်မူလှသော။ ဂုဏုတ္တမံ၊ လွန်ကဲထူးမြတ်သော လောကုတ္တရာဂုဏ် ရှိတော်မူသော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပ တော်မူသော အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို။ အဟံ၊ ကျက်သရေမင်္ဂလာ တိုးလိုပါသော အကျွန်ုပ် သည်။ ဥတ္တမင်္ဂေန၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုး ပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ မေ၊ ကျက်သရေမင်္ဂလာ အဖြာဖြာတို့ ကောင်းစွာတိုးပွားပါစေသတည်း အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

## လိုတိုင်းတ ရစေခြင်းအလို့ငှာ ရွတ်ဖတ်ရသော ရှင်ဥပဂုတ္တဂါထာ

### လိုတိုင်းတရစေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း

**ယထာကာမံ၊ ပဝတ္တန္တံ၊ ထေရံသပဂုတ္တဝှယံ**
**နမာမိ ဂုဏံသရန္တော၊ ယထာကာမံ သမိဇ္ဈတု။**

ယထာကာမံ ပဝတ္တံ၊ စိတ်အတော်အလျောက် အလိုရှိတိုင်း ဖြစ်မြောက်တော်မူလေ့ရှိသော။ ဥပဂုတ္တံ ဝှယံထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ္တ အမည်ရှိသော မထေရ်မြတ်ကြီးကို။ အဟံ၊ စိတ်တိုင်းကျ လိုတိုင်းရလိုသော အကျွန်ုပ်သည်။ ဂုဏံသရန္တော၊ မထေရ်ဂုဏ်ကို ကြည်ညိုလှစွာ အောက်မေ့ကာဖြင့်။ နမာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ မေ၊ စိတ်တိုင်းကျ လိုတိုင်းရလိုသော အကျွန်ုပ်အား။ ယထာကာမံ သမိဇ္ဈတု၊ အလိုရှိတိုင်း မဆိုင်းမသွေ ပြည့်စုံပါစေသတည်း အရှင်ဘုရား။

## အကြံအစည်အောင်စေသော ရှင်ဥပဂုတ္တဂါထာ

### ကြံတိုင်းအောင်စေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း

**စိန္တိတေ စိန္တိ တေဌာနေ၊ ဓိတံ ဓိတံ ဥပဂုတ္တံ**
**နမာမိ မဟာထေရံတံ၊ မမ စိန္တာ သမိဇ္ဈတု။**

စိန္တိတေ စိန္တိတေဌာနေ၊ ကြံသမျှ စည်သမျှ ကိစ္စဥသံ့ အလုံးစုံသော ဌာနဌ်။ ဓိတံ ဓိတံ၊ ကြံတိုင်း ဖန်တိုင်း မဆိုင်းမတွ အောင်မြင်တော်မူသော။ တံဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူပေသော ထိုအရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို။ အဟံ၊ ကြံတိုင်းဖန်တိုင်း အောင်မြင်လိုသော အကျွန်ုပ်သည်။ သာဒရံ၊ လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ နမာမိ၊ ပဥ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။ တေန၊ ထိုသို့ တုပ်ဝပ်ရှိကျိုး လက်စုံမိုး၍ ရှိခိုးပါရ မြတ်ပုညကြောင့်။ မမ၊ ကြံတိုင်းဖန်တိုင်း မဆိုင်းခုပင် အောင်မြင်လိုပါသော အကျွန်ုပ်အား။ စိန္တာ၊ ကြံသမျှ စည်သမျှ ကိစ္စဥသံ့ အလုံးစုံသည်။ သမိဇ္ဈတု၊ ကြံတိုင်းဖန်တိုင်း မဆိုင်းပြီးမြောက် သိဒ္ဓိပေါက်ပါစေသား အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

## အခြံအရံများစေသော ရှင်ဥပဂုတ္တဂါထာ

### အခြံအရံများစေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း

**ယသဝန္တံ မဟာထေရံ၊ တီဟိပိဋ္ဌာ တိသံယုတံ**
**ဥပဂုတ္တံ နမဿာမိ၊ တေန ယသဝါသုမိ။**

ယသဝန္တံ သိမ်းသန်းမက ကြွယ်ဝပြည့်လျှံ အခြံအရံ ရှိတော်မူသော၊ တီဟိပိဋ္ဌဟိသံယုတံ၊ 'ပု,ဒိ,အာ' ဟု သုံးခုပိဋကာ ဗောဓိဉာဏ်တို့နှင့် ယှဉ်တော်မူသော၊ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို။ အဟံ၊ အခြံအရံများလိုသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့်၊ တေန၊ ထိုသို့ တုပ်ဝပ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပါရ မြတ်ပုညကြောင့်၊ အဟံ၊ အခြံအရံများလိုသော အကျွန်ုပ်သည်။ ယသဝါသုမိဟောမိ၊ အခြံအရံပြည့်စုံသော ပညာရှင် ဖြစ်ရပါလို၏ အရှင်ဘုရား။

## စီးပွားဥစ္စာတိုးတက်စေသည့် ရှင်ဥပဂုတ္တဂါထာ

### စီးပွားဥစ္စာတိုးတက်စေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း

**ဘောဇ္ဈင်္ဂဓန သမ္ပန္နံ၊ လောကဿ ဒေသကံ**
**ဥပဂုတ္တံ နမဿာမိ၊ တေန ဓနဝါသုမိ။**

ဘောဇ္ဈင်္ဂဓန သမ္ပန္နံ၊ ဘောဇ္ဈင် ဥစ္စာဓန ခုနစ်ဖြာနှင့် ကောင်းစွာလောက်လုံ ပြည့်စုံတော်မူသော။ လောကဿ၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းကို။ မဂ္ဂံ ဒေသကံ၊ နိဗ္ဗာန်သွားရန် လမ်းအမှန်ကို အဖန်ဖန် ညွှန်ပြတော်မူတတ်သော။ ဥပဂုတ္တံ မဟာထေရံ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူသော အရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို။ အဟံ၊ စီးပွားဥစ္စာ တိုးတက်လိုပါသော အကျွန်ုပ်သည်။ နမဿာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရိုကျိုး ရှိခိုးပါ၏။

တေန၊ ဤသို့ တုပ်ဝပ်ရိုကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်။ ဓနဝါသုမိ၊ စီးပွားဥစ္စာ တိုးတက်ကြီးပွားသူ ပညာရှင်သည်။ ဟောမိ၊ ဖြစ်ရပါလို၏ အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

## အသက်ရှည်စေခြင်း အလို့ငှာ ရွတ်ရသော ရှင်ဥပဂုတ္တဂါထာ

**အသက်ရှည်စေရေးအတွက် ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း**

**ဒီဃာယုကံ မဟာထေရံ၊ ဥပဂုတ္တံနိ ရင်္ဂဏံ၊ ဝန္ဒာမိသိရသာဒရံ၊ တေန ဒီဃာယု ကော အဟံ**

ဒီဃာယုကံ – သက်တော်များစွာ လွန်ရှည်ကြာတော်မူလှသော၊ နိရင်္ဂဏံ – ကိလေသာဟူက မြူမှုမတင် လွန်သန့်စင်တော်မူပေသော၊ ဥပဂုတ္တံမဟာထေရံ – မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူခဲ့ပေသော အရှင်ဥပဂုတ္တမထေရ်မြတ်ကြီးကို၊ အဟံ –အသက်ရှည်ကြာနေလိုပါသော အကျွန်ုပ်သည်၊ သိရသာ– ဦးခေါင်းရတနာမြတ်အင်္ဂါဖြင့်၊ သာဒရံ – လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ၊ ဝန္ဒာမိ – ပဉ္စပတိဋ္ဌိတဂါရဝဖြင့် တုပ်ဝပ်ရှိကျိုးလက်စုံမိုး၍ ရှိခိုးပါ၏။ တေန– ထိုသို့ တုပ်ဝပ်ရှိကျိုး ရှိခိုးပါရ မြတ်ပုညကြောင့်၊ အဟံ – အသက်ရှည်ကြာနေလိုပါသော အကျွန်ုပ်သည်၊ ဒီဃာယုကော – ဒီကာယုသတို့သားနှယ် မခြားပုံတူ ကိုယ်ကား ကျန်းမာ စိတ်ချမ်းသာလျက် အသက်များစွာ ရှည်ကြာသူသည်၊ ဟောမိ – မုချကေန် အမှန်စင်စစ် ဖြစ်ရပါလို၏ အရှင်ဘုရား။

## ကျန်းမာရေးကောင်း စေရန် ရွတ်ရသော ရှင်ဥပဂုတ္တဂါထာ

**ကျန်းမာရေးကောင်းစေခြင်းအလို့ငှာ ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီးအား ရှိခိုးခြင်း**


**နိရာတင်္ဂံ မဟာထေရံ၊ ဥပဂုတ္တံ ယတုတ္တမံ နမာမိ သိရာသဒရံ၊ တေနနိရာ တင်္ဂေါသဒါ။**

နိရာတင်္ဂံ၊ ကိုးဆယ့်ခြောက်ဖြာ ဘေးရောဂါတို့ ကင်းကွာသန့်စင် ကျန်းမာရှင်ဖြစ်တော်မူပေသော။ ယတုတ္တမံ၊ ထူးချွန်ဥက္ကဋ္ဌ ရဟန်းမြတ်ကြီး ဖြစ်တော်မူပေသော။ ဥပဂုတ္တံ မဟာထေရံ၊ မာရ်နတ်ရန်ကို တွန်းလှန်ဖြိုခွင်း အောင်ပွဲကျင်းပတော်မူခဲ့သော အရှင်ဥပဂုတ္တ မထေရ်မြတ်ကြီးကို၊ အဟံ၊ ကျန်းကျန်းမာမာနေလိုပါသော အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ သာဒရံ၊ လေးမြတ်ကြည်ညို သဒ္ဓါပို၍ ရှိသေလှစွာ။ နမာမိ၊ ပဉ္စပတိဋ္ဌိတ ဂါရဝဖြင့် တုပ်ဝပ်ရှိကျိုးလက်စုံမိုး၍ ရှိခိုးပါရ မြတ်ပုညကြောင့်။ အဟံ၊ ကျန်းကျန်းမာမာနေလိုပါသော အကျွန်ုပ်သည်။ နိရာတမင်္ဂါ၊ အရှင်ဗာကုလ နာမထင်ရှားမထေရ်အလားသို့ ဘေးကားမရှိ ရန်မငြိဘဲ ကင်းဘိအနာ ရောဂါသန့်စင် ကျန်းမာရှင်သည်။ ဟောမိ၊ မုချကေန် အမှန်စင်စစ် ဖြစ်ရပါလို၏အရှင်ဘုရား။



www.burmeseclassic.com

www.burmeseclassic.com



# အိပ်မက်ကို အလေးထားရမှာလား

ဟိန်းလတ်

အိပ်မက်ကို လူတိုင်းမက်ဖူးကြသည်။ အိပ်မက်ကို အတိတ်ကောက်ကြတာလည်းများသည်။ အိပ်မက်တိတ္ထုကျမ်းတွေ ယခုထိ ခေတ်စားဆဲ။ စိတ်သရုပ်ခွဲပညာရှင် ဆစ်ဂမန်ဖရွိုက်၏ "အိပ်မက်ဋီကာ" (Interpretation of Dreams) ကျမ်းသည်ပင် ကမ္ဘာ့ဂန္ထဝင် စာပေတွင်ပင် နေရာယူနိုင်ခဲ့ပေပြီ။ အိပ်မက်မမှန်ကိုကား မည်သူမျှ တိတိကျကျမပြောနိုင်။

နှစ်ပေါင်းများစွာ ပျောက်ဆုံးသော "ဂလက်စတုန်းဗျူရီ" ခရစ်ယာန်ဘုရားရှိခိုးကျောင်းကြီးကို အိပ်မက်များ ဆက်တိုက်မက်ရာမှ မြေအောက်တွင် မြုပ်နေသော ဘုရားကျောင်းကြီးကို ပြန်လည်ဖော်ထုတ်နိုင်ခဲ့သော သာဓကရှိဖူးသည်။

ဆန်ဖရန်စစ်စကိုမြို့မှ လူငယ် ဘဏ်လုပ်ငန်းရှင် "နာရစ်ရှာလမင်"သည် အိပ်မက်ထဲတွင် ရှေးဟောင်းနိုင်စီနဲ့



www.burmeseclassic.com

www.burmeseclassic.com

မြို့တော်ကို မြင်မက်ခဲ့သဖြင့် အိပ်မက်လမ်းကြောင်းအတိုင်း ဆက်လိုက်ခဲ့ရာ ဂရိကျွန်းတွင် ခရစ်တော်မပေါ်မီက ပျောက်ဆုံးသွားသော မြို့တော်ကြီးကို ဖော်ထုတ်နိုင်ခဲ့သည်။ နာရစ်သည် ဘဏ်လုပ်ငန်းရှင်အဖြစ်လည်းကောင်း၊ ထင်ရှားသော သမိုင်းပညာရှင်တစ်ဦးအဖြစ်လည်းကောင်း ကျော်ကြားလာခဲ့သည်။

ပင်စီဗေးနီးယားတက္ကသိုလ်မှ ထင်ရှားသော သမိုင်းပညာရှင်ဒေါက်တာ ဟာမင်ဟီးဖရက်သည် "ရှေးဟောင်းဘေဘီလုံကျောက်စာများ"ကို သမိုင်းသုတေသနပြုနေ၏။ ကျမ်းမှာ ပြီးစီးလုနီးပါးဖြစ်သော်လည်း ဘေဘီလုံခေတ်အဖိုးတန်ကျောက်မျက်ရတနာ အစိတ်အပိုင်းနှစ်ခုပေါ်တွင် ရေးထိုးထားသော စာကိုမှုဖတ်၍ နားမလည်။ အဓိပ္ပာယ်ကောက်မရ။ အစိတ်အပိုင်းများမှာ အပြည့်အစုံမဟုတ်ဘဲ အကျိုးအပဲ့များဖြစ်နေ၍ ဆက်စပ်မှုကွင်းဆက်များ ပြတ်နေ၏။

တစ်ညတွင် သူအဖြေရှာမရသော ဤပုစ္ဆာကို စဉ်းစားရင်းနှင့် ညဥ့်တွေလည်း အတော်နက်လာ၏။ ဦးနှောက်လည်း ခြောက်လာကာ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်လာသည်။ သူတို့က သူ့အမှုအယာကိုကြည့်ပြီး လက်လျှော့လိုက်ဟု ပြောသည်။ မနက်မှ ဖြည်းဖြည်းစဉ်းစားတာပေါ့ဟု အကြံပေး၏။ ကျမ်းမှာ မနက်တွင် ပုံနှိပ်ရန် အပ်ရမည်ဖြစ်သဖြင့် အချိန်ဆိုင်း၍မရ။ ဒီည အဖြေရှာရလျှင်ရ၊ မရလျှင်တော့ သူ၏ကျမ်းမှာ မည်သည့်နည်းနှင့်မှ ပြည့်စုံတော့မည်မဟုတ်။ သမိုင်းပညာရှင် စစ်စစ်တစ်ဦးအနေနှင့် သဲလွန်စရထားသော အရာတစ်ခုကိုမှ အဖြေရှာမထုတ်နိုင်လျှင် သူ၏ကျမ်းသည် မည်သည့်နည်းနှင့်မျှ တန်ဖိုးရှိလိမ့်မည်မဟုတ်ကြောင်း သူသိသည်။ ဒါဆိုလျှင် ကျမ်းကိုမထုတ်ချင်တော့။ ရှေးဟောင်း ရတနာပစ္စည်းနှစ်ခုကို သေသေချာချာကြည့်ရင်းနှင့် သူအိပ်ပျော်သလို ဖြစ်သွားသည်။ ဤတွင် အိပ်မက်ထူးတစ်ခုကို မက်တော့သည်။

သူ့ရှေ့တွင် ဘုန်းတော်ကြီးတစ်ပါး ရပ်နေ၏။ ဘုန်းတော်ကြီးမှာ ဘေဘီလုံခေတ်က ဝတ်စုံနှင့်။ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါး။ လူလတ်ပိုင်းအရွယ်။ ဘုန်းတော်ကြီး၏ ဝတ်စုံမှာ ဖြူလွနေ၏။ သဲကန္တာရကို ဖြတ်တိုက်လာသော လေပူကြောင့် ဝတ်ရုံမှာ တဖျတ်ဖျတ်လှုပ်ခါနေ၏။ ဘုန်းတော်ကြီးက သူ့ကို သူ့နောက်လိုက်ခဲ့ရန် ဖိတ်ခေါ်၏။ သူကလည်း ဘာမှမစဉ်းစားဘဲ ထလိုက်သွားသည်။ ကြီးမားသော အဆောက်အဦကြီးများကို ဖြတ်၍လျှောက်လာကြသည်။ ထုထည်အကြီးမားဆုံး အဆောက်အဦကြီးတစ်ခု ရှေ့ရောက်တော့ ခန်းမကြီးတစ်ခုထဲ ဝင်သွားကြသည်။

"ဒါကို တိုက်ဂရစ်နဲ့ ယူဖရေးတီး မြစ်နှစ်ခုကြားက နစ်ပါမြို့ပေါ့။ ဒါက 'ဘဲ'ဘုရားကျောင်းပဲ"

ဒေါက်တာဟီးဖရက်သည် ခန်းမကို အသေးစိတ်လေ့လာ၏။ ဘုန်းတော်ကြီးက သူ့ကို အခန်းငယ်တစ်ခုကို ခေါ်သွားကာ ပျောက်ဆုံးနေသော ဘဏ္ဍာတိုက်ကိုပြ၏။ ကြီးမားသော သေတ္တာကြီးတစ်လုံးကို ဖွင့်ပြရာ ကျောက်မျက်ရတနာများကိုတွေ့ရ၏။ ထိုအထဲမှ ရတနာသိုက်တစ်ခုကို ထုတ်ပြ၏။

"သီးခြားစီဖြစ်နေတယ်လို့ ခင်ဗျားထင်တဲ့ကျောက်မျက်ရတနာ အစိတ်အပိုင်းနှစ်ခုဟာ တကယ်တော့ တစ်ခုတည်း တစ်မျိုးတည်းပဲ။ ကူရီဂါဇုဘုရင်က ကျောက်မျက်ရတနာပေါ်မှာ ကမ္ပည်းထိုးပြီး ဘုရားကျောင်းကိုလှူခဲ့တယ်။ နီနစ်နတ်ဘုရားရဲ့ ရုပ်တုမှာ နားဆွဲတပ်တဲ့အခါ ဒီကျောက်မျက်ရတနာကို သုံးပိုင်းပိုင်းပြီး နှစ်ပိုင်းကို နားဆွဲလုပ်ခဲ့တယ်။ ကျန်တဲ့အပိုင်းကိုတော့ ဖျက်ဆီးလိုက်တယ်"

"ဒါဆိုရင် မူလ ကမ္ပည်းစာမှာက ဘာတွေရေးထားသလဲ"

"နီနစ်နတ်ဘုရားကို ကူရီဂါဇု မင်းကြီးက ဤအရာကို လှူဒါန်းပါသည်လို့ ရေးထားတယ်"

ထို့နောက် ဒေါက်တာ ဟီးဖရက်သည် လန့်နိုးသွားသည်။ မည်သို့ဆိုစေ သူက အဖြေထုတ်နိုင်ခဲ့ပြီ။ ထိုအဖြေကို သမိုင်းပညာရှင်များကလည်း တညီတညွတ်တည်း လက်ခံအတည်ပြုကြသည်။ လွန်ခဲ့သော နှစ် ၃၀၀၀ မှ အဖြစ်အပျက်သည် မည်ကဲ့သို့ ဒေါက်တာဟီးဖရက်ကို လာ၍ ရှင်းပြနိုင်တာလဲ။ ဤသည်ကိုကား ယခုထိ မည်သူမျှ ရှင်းမပြနိုင်သေး။ Unexplained.

အိပ်မက်ကို မြင်မက်ပြီးမှ နောင်တွင် အိပ်မက်ထဲက အတိုင်းအပြင်တွင် ဖြစ်ပျက်လာရမည်ဆိုလျှင် ပြင်ပလောကမှ အနာဂတ်ကာလသည် အိပ်မက်လောကတွင် ပစ္စုပ္ပန်ကာလဖြစ်သည်ဟု ဆိုရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ရဲတပ်ကြပ်ကြီး ဂျွန်ဂျေမေယာသည် အမေရိကန်ပြည်၊ မိန်းပြည်နယ်တွင် နေ၏။ သူ့အိမ်ဘေးတွင် လီယွန်ဒီရှိုင် ဆိုသူပိုင်သော သစ်လုံးအိမ်တစ်လုံးသာရှိ၏။ သူတို့နှစ်ဦးသည် အိမ်နီးချင်းတွေပီပီ ခင်မင်ကြ၏။ ဒီရှိုင်သည် ဒေါင်းဖီစစ်လေယာဉ်ကွင်းတွင် အလုပ်လုပ်သည်။ ၁၉၅၀ ပြည့်နှစ် ဆောင်းရာသီတွင် ပြင်းထန်သော နှင်းမုန်တိုင်းကြီး ကျသည်။ မစ္စတာမေယာအိမ်ထဲတွင် ပိတ်မိနေသကဲ့သို့ မစ္စတာဒီရှိုင်သည်လည်း လေယာဉ်ကွင်းတွင် ပိတ်မိနေ၏။ ထိုအချိန်တွင် မစ္စတာမေယာသည် ချော်လဲ၍ ခါးရိုးထိသွား၏။ အိမ်ထဲကလည်း ထွက်မရ။ အကူအညီတောင်းစရာလည်း မည်သူမျှ အနီးအနားတွင်မရှိ။

ထိုညတွင် မစ္စတာဒီရှိုင် အိပ်မက်မက်၏။ အိပ်မက်ထဲတွင် မစ္စတာမေယာချော်လဲနေသည်ကိုမြင်၏။ မစ္စတာမေယာ အကူအညီလိုသည်ကို သူသိ၍ သူ၏တပ်မှူးကို ခွင့်ပေးပါရန် အကြောင်းကြား၏။ သူတကယ်ပဲ ထွက်လာခဲ့ရာ မစ္စတာမေယာ ခါးကျိုးနေသည်ကိုတွေ့ရ၍ ဆေးရုံတင်ပေးလိုက်ရသည်။

ဤသည်တို့မှာ အိပ်မက်ဟုပြောပြော၊ မနောအဆက်အသွယ်(Telepathy)ဟုပြောပြော ပြော၍ရသောကိစ္စများ ဖြစ်၏။

“စိန့်ပွန်မာလ်ဒွန်”ဆိုသူက နယူးယောက်၊ လောင်းအိုင်လင်းဒေသမှ “စတင်လီရိုင်းဘတ်”အကြောင်း မှတ်တမ်းတင်ဖူးရာ စတင်လေသည်။ တစ်ညတွင် အိပ်နေစဉ်ရေငတ်၍ အိပ်ရာမှ နိုးလာ၏။ သူအိပ်ရာမှထရန်ကြိုးစားသော်လည်း လေဖြတ်ခံထားရသကဲ့သို့ လှုပ်၍မရ။ ကိုယ်ကသာလှုပ်၍မရ။ စိတ်ကတော့ သွား၍ရ၏။ ထို့ကြောင့် မီးဖိုချောင်သို့ ရောက်သွားကာ ရေအိုးစင်မှ ရေခွက်ကို လှမ်းယူရကြောင်း သိသောအခါ သူ အံ့အားသင့်ရ၏။ အခန်းနံရံကို ဖောက်ပြီး သူ့စိတ်က သွားချင်ရာသွား၍ရပြန်၏။ မကြာခင် သူ့လက်ဝါးကို ဆောင့်ဆွဲသလို ခံစားရကာ အိပ်ခန်းထဲသို့ ပြန်ရောက်လာ၏။ ထို့နောက် သူ၏ရုပ်ခန္ဓာသည် ကိုယ်ထဲပြန်ရောက်နေသည်ကို သိရသည်။ ဤကား အိပ်မက်မဟုတ်။

မာသာဂျွန်ဆင်ဆိုသော မိန်းမငယ်တစ်ဦးသည် တစ်ညတွင် သူအိပ်မက်မက်နေသည်ဟု ထင်၏။ ထိုအချိန်တွင် ဝေးကွာသော ဒေသတွင်ရောက်နေသော သူ့မိခင်ကြီးနှင့်တွေ့သည်။ အိပ်မက်ထဲတွင် သူသည်လမ်းလျှောက်နေရာမှ တဖြည်းဖြည်းနှင့် မြင့်မားသောနေရာမှ အမှောင်ထုကြီးကို ဖြတ်လျှောက်လာသည်။ အောက်ဘက်တွင် မီးလင်းနေသော နေရာကွက်ကွက်လေးတစ်ခုကို မြင်သည်။ ဒါက သူ့အမေအိမ်။ သူခံစားရမှုတစ်ခုကို သူ့အမေကို သိပ်ပြောပြချင်နေသည်။ အိမ်ထဲသို့ဝင်၏။ သူ့မိခင်က သူ့ကို ပထမတော့ မြင်ပုံမရ။ နောက်မှ သူ့ကိုလှည့်ကြည့်၏။ ထိုနေ့ကို သူကောင်းကောင်းမှတ်မိသည်။ ၁၉၅၇ ခုနှစ်၊ ဇန်နဝါရီ ၂၆ ရက်။ သူအိပ်ရာမှ နိုးလာ၏။ နာရီကြည့်လိုက်တော့ မနက် ၀၂း၁၀ နာရီ။ ထိုအိပ်မက်နှင့်ပတ်သက်၍ သူ့မိခင်ကို စာမရေးခဲ့။ သို့သော် ရက်အနည်းငယ်အကြာတွင် သူ့မိခင်ထံမှ စာလာသည်။

“သမီးက အိပ်နေရင်း ဘာဖြစ်လို့ လျှောက်သွားရတာလဲ။ သမီး အမေ့ဆီကိုလာတာ အမေသိတယ်။ ၂၆. ၁. ၁၉၅၇ နေ့က။ အချိန်က မနက် ၀၂း၁၀ နာရီ။ အမေအိပ်မပျော်ဘဲ မီးဖိုချောင်မှာ ထိုင်နေတုန်း သမီးရောက်လာတယ်။ ဘာလဲ အဲဒီအချိန်မှာ သမီးအမေ့ကို အိပ်မက်မက်နေတာလား”

မာသာ၏ဝိညာဉ်သည် အခြားသူများထက် အနှောင်အဖွဲ့လျော့ပါးကာ လွတ်လွတ်လပ်လပ်ရှိပုံရသည်။ ထို့ကြောင့် ရုပ်ခန္ဓာကိုစွန့်၍ ခရီးသွားလာနိုင်ခြင်းဖြစ်သည်။ ဒါကိုပင် လိပ်ပြာလွှင့်သည်ဟု ခေါ်၏။

ဤကဲ့သို့သော အတွေ့အကြုံမျိုး စာဖတ်သူလည်း ကြုံချင်မှကြုံဖူးမည်။ ကိုယ်တိုင်မကြုံဖူးစေကာမူ ကြုံဖူးကြောင်း ကြားဖူးကြမည်။ ရုပ်ခန္ဓာက တစ်နေရာ။ စိတ်က တစ်နေရာ။ ရုပ်နှင့်နာမ်ခွဲခွာခြင်း၊ ရုပ်တခြား၊ နာမ်တခြား အိပ်မက်လေလား။

ဟိန်းလတ်



www.burmeseclassic.com

www.burmeseclassic.com



# ကာလယံအာလူး ဒိန်ချဉ်ဟင်းချို

## မင်းသိင်္ခ

တစ်နေ့သ၌ ကျွန်ုပ်နေထိုင်ရာ မေ့ာ်ဘီမြို့အစွန် မရမ်းတလင်းတောစပ်ရှိ အယူတော်မင်္ဂလာဟု ကျွန်ုပ် အမည်ပေးထားသော ခြံကြီးအတွင်းသို့ ရန်ကုန်မြို့တွင် နေထိုင်ကြကုန်သော ကျွန်ုပ်၏မိတ်ဆွေများ ရောက်ရှိလာကြလေ၏။ ကျွန်ုပ်သည် ထိုသူများအား လှမ်းမျှော်ကြည့်ရှုရင်း လူအရေအတွက်ကို ရေတွက်ကြည့်ရာ ယောကျ်ား လေးဦး၊ မိန်းမ လေးဦး စုစုပေါင်း ရှစ်ဦးရှိကြောင်း တွေ့ရလေ၏။ ထိုသူတို့သည် ရယ်ကာမောကာနှင့် ကျွန်ုပ်ထံ လျှောက်လာကြကုန်၏။ ကျွန်ုပ်အနီးသို့ ရောက်လာကြလျှင် ကျွန်ုပ်က –

"ဂရုမွာကိုကြာရှက်နဲ့ ကိုဘာဘာလည်း မပါပါလား"

ဟု မေးလိုက်ရာ ၎င်းတို့အနက်မှ ကိုအောင်ဖေဆိုသူက

"တမင်တကာထားခဲ့တာ။ သူတို့နှစ်ယောက်က တစ်ကိုယ်ကောင်းဆန်လွန်းအားကြီးတယ်။ ဒီလည်းရောက်ရော ခင်ဗျားကို အတင်းလက္ခဏာသင်ခိုင်းတယ်။ သူတို့နှစ်ယောက်ကို လက္ခဏာသင်ပေးနေရတော့ ကျန်ခဲ့သူက ခင်ဗျားနဲ့ စကားမပြောရဘူးပေါ့ဗျာ။ ကျန်ခဲ့သူတွေမှာလည်း ကိုယ်ရေးကိုယ်တာကိစ္စ အခက်အခဲလေးတွေ

www.burmeseclassic.com

ကြီးကြလေတော့ ခင်ဗျားဆီက ယကြာလေးဘာလေး ယူချင်တာပေါ့။ ခုတော့ဗျာ သူတို့နှစ်ယောက် လက္ခဏာသင်နေတော့ ကျုပ်တို့လူတွေက ဘာမှမမေးရဘဲ ပြန်သွားရတယ်။ အဲဒါကြောင့် သူတို့နှစ်ယောက်ကို ထားခဲ့ပြီး ကျုပ်တို့ဟာ ကျုပ်တို့ ထွက်လာကြတာ''

ဟုပြောလေ၏။ ကျွန်ုပ်လည်း ၎င်းတို့အား သီဟိုဠ်ပင်အောက်ရှိ အုတ်ခုံပေါ်တွင် နေရာထိုင်ခင်း စီစဉ်ပေးရလေ၏။ ပြီးလျှင် ကျွန်ုပ်သည် လက်ဖက်ရည်ဖျော်ရန်အတွက် လက်ဖက်ခြောက်နှပ်ရလေ၏။ ထို့နောက် ကျွန်ုပ်ကိုယ်တိုင်ပင် လက်ဖက်ရည်ဖျော်လေ၏။ လက်ဖက်ရည်ကို အချိုလျှော့၍ အဖန်နှင့် အဆိမ့်ဘက်သို့မဲတင်းကာ ဖျော်လေ၏။ ပြီးလျှင် ၎င်းတို့အား ထိုလက်ဖက်ရည်ဖြင့် ဧည့်ခံထားရလေ၏။ ၎င်းတို့အနက်မှ ဒေါ်ချောစုဆိုသူ အမျိုးသမီးကြီးသည် လက်ဖက်ရည်ကို အနည်းငယ်စုပ်၍သောက်ပြီးနောက် –

''ချိုပေါ့ကျပဲ။ ဒီလက်ရာကို ကျွန်မကောင်းကောင်းမှတ်မိပါတယ်။ လွန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်ကျော်လောက်က ရေကျော်မက်သဒစ်ကျောင်းနားမှာ ဖွင့်တဲ့ မက်သဒစ်လက်ဖက်ရည်ဆိုင် လက်ရာပဲ။ ကျောင်းကဖွင့်တဲ့ဆိုင်တော့ မဟုတ်ပါဘူး။ လူတွေက ကျောင်းနဲ့နီးတဲ့အတွက် အဲဒီဆိုင်ကို အဲလိုခေါ်နေကြတာ။ လက်ဖက်ခြောက်အရသာကိုပေါ်အောင် ဖျော်တဲ့နည်းပေါ့''

ဟု ပြောလေ၏။ ထိုအခါ ဧည့်သည်များအနက်မှ ကိုသီဟ ဆိုသော မိတ်ဆွေက –

''ကျုပ်တို့ကျောင်းသားတုန်းက အဲဒီဆိုင်မှာ သောက်ခဲ့ဖူးပါတယ်။ မှတ်မိပြီ ... မှတ်မိပြီ။ ကျုပ်သိသလောက်ပြောရရင် လူငါးယောက်သောက်မယ်ဆိုရင် ငါးယောက်စာ လက်ဖက်ခြောက် သတ်သတ်နှပ်ပြီးမှ ဖျော်ပေးတာ မဟုတ်လား''

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က –

''အခုလည်း ခင်ဗျားတို့ရှစ်ယောက်အတွက် ရှစ်ယောက်စာ လက်ဖက်ခြောက်နှပ်ပြီးမှ ဖျော်ပေးတာပါ''

ဟု ပြောလိုက်၏။ ထိုအခါ မစိန်စိန်ထွန်းဆိုသော အမျိုးသမီးက

''မြောက်ဒဂုံ ဘေလီတံတားအနီးက ဘိုဘိုမင်းဆိုတဲ့ လက်ဖက်ရည်ဆိုင်က လက်ဖက်ရည်အရသာနဲ့တူတယ်''

ဟု ပြောလိုက်ရာ ကျွန်ုပ်က ခေါင်းကိုအသာဆတ်၍ ဟုတ်မှန်ကြောင်း ဝန်ခံလိုက်လေ၏။ ထို့နောက်ကိုအောင်ဖေက –

''အာစရိရယ် ကျုပ်တို့ရှစ်ယောက်စလုံး သက်သတ်လွတ်သမားတွေနော်''

ဟုပြောသဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်တပည့်လေး မောင်အောင်ညွှန့်အား မော်ဘီဈေးသို့ စေလွှတ်ရလေတော့၏။

မောင်အောင်ညွှန့် ဈေးသွားနေစဉ်အတွင်း၌ ကျွန်ုပ်သည် လူရှစ်ယောက်စာ ကုလားပဲခြမ်းများကို ပြုတ်ရလေ၏။ ထို့နောက် ကျွန်ုပ်သည် ကြက်သွန်နီကို ပါးပါးလှီး၍ ထောပတ်နှင့် ကြော်ရလေ၏။ ကြက်သွန်များ နွမ်းလျှင် ပဲပြုတ် အိုးမှရေများကို သွန်၍အနှစ်များကို ခပ်ထည့်ကာ မွှေရလေ၏။

ထိုသို့မွှေရင်း အိမ်နီးချင်းဖြစ်သော ဦးချမ်းအေး၏ အိမ်မှ နွားနို့ပျစ်ပျစ် ၅၀ သားကို ဝယ်ယူ၍ ထိုအိုးအတွင်းသို့ လောင်းထည့်ကာ မွှေရပြန်လေ၏။

ပဲများကြေ၍ နွားနို့နှင့်ပေါင်းစပ်သွားလျှင် မီးဖိုပေါ်မှ ချရလေ၏။ ထိုဟင်းမှာ စကော့လူမျိုးတို့၏ နာမည်ကြီး ပဲနို့ဟင်း ဖြစ်၏။

လွန်စွာမှ ဆိမ့်၍ လွန်စွာမှာလည်း စား၍ကောင်း၏။

ထို့နောက် ကျွန်ုပ်သည် အားလူးနှင့် ကြက်သွန်နီကို ကလယ်ကုလားများချက်သကဲ့သို့ ချက်ရလေ၏။ ကျွန်ုပ်သည် ဒယ့်အိုးအတွင်းသို့ ဟင်းချက်သော ထောပတ်ကို ထည့်၍ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း စသည်တို့ကို ပါးပါးလှီးကာ ကြော်ရ၏။ ငရုတ်သီးစိမ်း လေးငါးဆယ်တောင့်ကို ခါးလယ်မှချိုး၍ ထည့်ရလေ၏။

ဂေါ်ရင်ချီမဆလာ ခတ်ရ၏။ ထိုအရာများ နီလာလျှင် ပြုတ်ထားသော အားလူးများကို ထည့်၍မွှေရ၏။

ဒိန်ချဉ်အနည်းငယ်ခတ်ရ၏။ ထည့်ထားသော အာလူးပြုတ်များနှင့် ဆတူမျှရှိသော ကြက်သွန်နီများလည်း ထည့်ရ၏။ ဆား သင့်တော်ရုံခတ်ရ၏။ ပျဉ်းဘော်သိမ်ရွက်များခတ်၍ အုပ်ထားရ၏။

ဟင်းရည်ပျစ်ပျစ်ရလျှင် ဟင်းအအိုးကိုချရလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုဟင်းမှာ ကုလားပဲအာလူးဟင်းဖြစ်၏။ ထို့နောက် ကျွန်ုပ်သည် ကန်စွန်းရွက်များကို ရေဆေးဖျော၍ ဆန်ခါတွင် ရေစစ်ထားရ၏။

ဆီချက်၍ကျက်လျှင် ဆီအိုးကိုအောက်သို့ချ၍ ထိုကန်စွန်းရွက်များကို ဆီပူအိုးအတွင်းသို့ထည့်ကာ မွှေရလေ၏။

ထို့နောက် အိုးကိုဖုံးထားလိုက်ရ၏။ ကန်စွန်းရွက်များမှာ ကျက်၍သွားသော်လည်း အစိမ်းရောင်မပျောက်ပေ။

ထို့နောက် ကျွန်ုပ်သည် မိတ်ဆွေရှစ်ဦးအားသီဟိုဠ်ပင်အောက်ရှိ အုတ်ခုံပေါ်တွင် ထမင်းကျွေးမွေးရလေ၏။ ကျွန်ုပ်၏ မိတ်ဆွေကိုအောင်ဖေဆိုသူသည် ကျွန်ုပ် တည်ခင်းကျွေးမွေးသော ဟင်းများကို တစ်ချင်း အရသာခံကာ စားကြည့်ပြီးနောက် –

"လုပ်စမ်းပါဦး ဆရာရဲ့။ ဒီကုလားပဲနဲ့ ချက်ထားတဲ့ ဟင်း..ာ ဘာဟင်းလဲ"

ဟု မေးလေ၏။

"စကော့လူမျိုးတွေ အလွန်ကြိုက်တဲ့ ပဲနှီရည်ဟင်းပါ"

ဟု ကျွန်ုပ်ကဖြေလိုက်လျှင် ၎င်းက အာလူးဟင်းချိုကို သောက်ရင်း

"ဒီအာလူးဟင်းကလည်း ဟင်းချိုလည်းမကျ။ ဆီပြန်လည်းမကျ။ မဆလာနံ့ကလည်း မွှေးလိုက်တာ။ ဘာဟင်းလဲဗျ"

ဟု မေးပြန်လေ၏။

"ရှေးတုန်းက ကလယ်အဘိုးကြီးတွေ မကြာခဏချက်စားတဲ့ ကလယ်ဒိန်ချဉ်ဟင်းပါဗျာ။ ထမင်းစားလို့ သိပ်ပြီးမြိန်တာပေါ့။ ကန်စွန်းရွက်ကြော်ကိုတော့ မမေးနဲ့။ ရိုးရိုးကန်စွန်းရွက်ကြော်ပါပဲ။ မီးဖိုပေါ်မှာမကြော်ဘဲ ဆီပူအိုးကိုအောက်ချပြီးမွှေလိုက်တာ"

ဟု ကျွန်ုပ်က ပြန်ဖြေလိုက်လျှင် မစိန်စိန်ထွန်းဆိုသော အမျိုးသမီးက သူ၏လက်ကလေးတစ်ဖက်ကို ဟိုယမ်း သည်ယမ်း လုပ်ရင်း –

"ဘာပဲဖြစ်ဖြစ် သက်သတ်လွတ်စားနေစဉ်အတွင်း ဒီလိုဖွယ်ဖွယ်ရာရာလေး စားနေရရင် အဆင်ပြေတာပေါ့။ အိမ်မှာက လက်ဖက်သုပ်နဲ့ပဲ စခန်းသွားနေရတာ။ ကြာရင် သေလိမ့်မယ်"

ဟု ပြောလေ၏။ ထိုအခါ ကိုဝင်းနိုင်ဆိုသူက

"ကျွန်တော်က အခု ယဉ်ကျေးမှုမှာလုပ်နေတာ။ အဲဒီက ပင်စင်ရရင် ဇာတ်ထောင်မလို့။ ကျွန်တော် ဇာတ်ထောင်ရင်တော့ ဇာတ်သမားတွေကို အသားဟင်းမကျွေးဘူး။ သက်သတ်လွတ်ပဲကျွေးမယ်။ အဲဒီလိုကျွေးဖို့အတွက် အစ်ကို့ဆီမှာ သင်တန်းလာတက်ဦးမယ်"

ဟုပြောကာ ၎င်းဘာသာ၎င်း သဘောကျ၍ ရယ်မောလေ၏။

၎င်းတို့ ထမင်းစားပြီးသောအခါ ကျွန်ုပ်သည် ရေနွေးကြမ်းနှင့် မုန့်ကုလားမဲများကို ကျွေးမွေးပြန်လေ၏။ ဒေါ်ချောစုဆိုသော မိတ်ဆွေသည် မုန့်ကုလားမဲကိုစားရင်း

"ဒီမုန့်ကို ဘာမုန့်ခေါ်သလဲ"

ဟု မေးလေ၏။

"ကျွန်တော့်ဆီမှာတော့ မုန့်ကုလားမဲခေါ်ပါတယ်။ တချို့နေရာတွေမှာတော့ ခရစ္စမတ်မုန့်လို့ ခေါ်ပါတယ်။ သူ့နေရာနဲ့သူ အခေါ်အဝေါ်ကွဲပါတယ်"

ဟု ကျွန်ုပ်က ပြန်၍ဖြေလိုက်လေ၏။ ၎င်းတို့သည် ရေနွေးကြမ်းသောက်ရင်း ကျွန်ုပ်နှင့်စကားပြောဖြစ်ကြ၏။ ကိုနိုင်ဦးဆိုသော မိတ်ဆွေသည် ရေနွေးကြမ်းကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်း ကျွန်ုပ်၏မျက်နှာကို ခိုး၍ခိုး၍ ကြည့်လေ၏။ ထို့နောက်မှ –

"ကျွန်တော့်မှာ တခြားဒုက္ခမရှိပါဘူး။ အိမ်မှာက ကျွန်တော့်မိန်းမနဲ့ ကျွန်တော့်ခယ်မ ချစ်လိုက်ကြတာ မပြောပါနဲ့တော့။ ပြီးရင် ထထပြီး ရန်ဖြစ်ကြတယ်ဗျ။ ရန်ဖြစ်ပြီးရင် တစ်လလောက် စကားမပြောဖြစ်ကြတော့ဘူးဗျ။ ကိစ္စရှိလို့ တစ်ခုခုမေးရင် အဖြေက တော်တော်နဲ့မရဘူး။ ဥပမာဗျာ ဗီရိုသော့ပျောက်လို့ ကျွန်တော့်မိန်းမကိုမေးရင် ကျွန်တော့်မိန်းမက မဖြေဘူး။ ဟိုကောင်မကိုမေး ဟိုကောင်မကိုင်တာတဲ့။ အဲဒီတော့ သူပြောတဲ့အတိုင်း ဟိုကောင်မကိုမေးတော့ ဟိုကောင်မက မဖြေပြန်ဘူး။ အဲဒါ ညီမ မသိဘူး။ အစ်ကို့မိန်းမကိုမေး။ အဲဒီဘီလူးမကြီးခတ်တာတဲ့။ အဲဒါနဲ့ ကျွန်တော်လည်း ပေါက်ကွဲပြီး သော့ခလောက်ကို ရိုက်ချိုးပစ်လိုက်တယ်။ အဲဒါကြောင့် ခင်ဗျားပညာနဲ့ လုပ်ပေးစမ်းပါဦးဗျ"

ဟု ပြောလေ၏။ ထို့ကြောင့် ကျွန်ုပ်က –

"ဒီလိုရှိတယ် ကိုနိုင်ဦး။ အင်္ဂလိပ်မှာ ပဉ္စပွတ်ဆိုတဲ့

www.burmeseclassic.com

တော့ရှိတယ်။ အဲဒီပဥ္စပွတ်ဆိုတာ တခြားမဟုတ်ပါဘူး။ ဒီဇာပြောက်ဂြိုဟ်ကိုပြောတာပါ။ တနင်္ဂနွေရဲ့ပဥ္စပွတ်က ကြာသပတေး၊ ကြာသပတေးရဲ့ ပဥ္စပွတ်က တနင်္လာ၊ တနင်္လာရဲ့ ပဥ္စပွတ် သောကြာ၊ သောကြာရဲ့ ပဥ္စပွတ်က အင်္ဂါ၊ အင်္ဂါရဲ့ ပဥ္စပွတ်က စနေ၊ စနေရဲ့ ပဥ္စပွတ်က ဗုဒ္ဓဟူး၊ ဗုဒ္ဓဟူးရဲ့ ပဥ္စပွတ်တနင်္ဂနွေဖြစ်သွားတယ်။ အဲဒီတော့ မှတ်မိလွယ်အောင်ဆိုပြီး ပဥ္စပွတ်လင်္ကာလေး လုပ်ထားတယ်။ အဲဒီလင်္ကာလေးက အမဲကျွဲသား ဆီနဲ့လားတဲ့''

ဟု ပြောလိုက်လျှင် ကိုနိုင်ဦးက

''ကျွန်တော့်မိန်းမက ဗုဒ္ဓဟူးသမီး မရှေတဲ့။ ကျွန်တော့်ခယ်မက ကြာသပတေးသမီး မမြတဲ့''

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

''ဗုဒ္ဓဟူးရဲ့ ပဥ္စပွတ်က တနင်္ဂနွေလေဗျာ။ ကြာသပတေးရဲ့ ပဥ္စပွတ်က တနင်္လာလေဗျာ။ အဲဒီတော့ သူတို့ နှစ်ယောက်ရဲ့ ပဥ္စပွတ်ဟာ တနင်္ဂနွေနဲ့ တနင်္လာကျတယ်။ အဲဒီနှစ်နံတွဲအပင်ကို စဉ်းစားရင် အင်ကြင်းဟာ အလွယ်ဆုံးပဲ။ အဲဒီတော့ အင်ကြင်းပွင့်ပဲရရ၊ အရွက်ပဲရရ၊ အညွန့်ပဲရရ လုပ်လို့ရပါတယ်။ တနင်္ဂနွေဂြိုဟ်သင်္ချာက ၆ ရတယ်။ တနင်္လာဂြိုဟ်သင်္ချာက ၁၅ ရတယ်။ အဲဒီတော့ နှစ်ခုပေါင်းလိုက်ရင် ၂၁ ပေါ့ဗျာ။ ဘယ်နေ့လုပ်ရမလဲဆိုတော့ ခင်ဗျား မိန်းမ မရှေရဲ့ မွေးနေ့ဟာ အကောင်းဆုံးပဲ၊ ဘယ်နနာရီလဲ ဆိုတော့ ဗုဒ္ဓဟူးနေ့ မနက် ၉ နာရီ ၄၅ ဟာ အကောင်းဆုံးပဲ။ မြေအိုးသစ်ထဲမှာ ရေနဲ့အင်ကြင်း ၂၁ ပွင့်ထည့်ပြီး အိမ်ဘုရားစင်မှာပဲ လှူဒါန်းလိုက်ပေါ့။ ပြီးတော့ အဲဒီပန်းအိုးကို ၂၁ ရက်ဘုရားစင်ပေါ်မှာထားရမှာ။ ၂၁ ရက်ပြည့်ပြီးရင်တော့ ရေစီးတဲ့မြစ်ထဲ ချောင်းထဲကို မျှောလိုက်ပေတော့ဗျို့''

ဟု ရှည်လျားစွာ ပြောလိုက်လေတော့၏။ ထိုအခါ ကိုနိုင်ဦးက

''ကျေးဇူးပဲ အာစရိရယ်''

ဟု ပြောလေ၏။ ထိုအခါ ဒေါ်ချောစုသည် သည်းခံ၍ နားထောင်နေရာမှ -

''ကိုနိုင်ဦးပြီးရင် ကျွန်မအလှည့်ပဲ။ တစ်ခါလာလည်း သူတို့၊ တစ်ခါလာလည်း သူတို့။ ဒီကအလှည့်ကို မရဘူး။ ဒီတစ်ခါတော့ ဘယ်ရမလဲ''

ဟု ဒေါ်နှင့်မောနှင့် ပြောလေ၏။

''ဒေါ်ချောစုရယ် ... ဒီလောက်လည်း ဒေါသမကြီးပါနဲ့။ ခင်ဗျားက ဘာကိစ္စလဲ လုပ်ပေးပါမယ်။ ပြောပါ''

ဟု ကျွန်ုပ်က ပြောလိုက်လျှင် ဒေါ်ချောစုက

''ကိစ္စက အရေးကြီးတယ်။ ကျွန်မကို သူများက အာမခံပေးထားတာ။ အဲဒီလူက ငွေမဆပ်တော့ ကျွန်မ လျော်ရမလိုဖြစ်နေပြီ။ မစားရမသောက်ရနဲ့ လျော်စရာလည်း မရှိ။ အချုပ်ထဲရောက်ရမလိုဖြစ်နေပြီ။ ကယ်ပါဦး ဆရာသမားရယ်''

ဟု ပြောရှာလေ၏။ ထိုအခါ ကျွန်ုပ်က -

''အဲဒီ အကြွေးမဆပ်တဲ့သူက ဘယ်သူတဲ့လဲ''

ဟု မေးလိုက်ရာ

''မေးမနေပါနဲ့ ဆရာသမားရယ်။ လူကိုတောင် မတွေ့အောင် ရှောင်နေပြီ''

ဟု ဒေါ်ချောစုက ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က -

''နာမည်မပြောချင်ရင် မွေးသားပြောဗျာ''

ဟုပြောလိုက်ရာ ဒေါ်ချောစုက -

''တနင်္ဂနွေသားရှင့် တနင်္ဂနွေသား''

ဟု ပြန်၍ ပြောလေ၏။

''ဒါဆိုရင်တော့ ဒီလိုလုပ်ဗျာ။ ခတ်တွေဘာတွေ မရိုက်ပါနဲ့။ ရိုးရိုးပဲ မေတ္တာပို့ကြည့်ပါဦး။ ဒီနေ့ညကစပြီးတော့ ပို့ပေါ့ဗျာ။ ၁၆ ရက်ပို့ရမယ်။ သပြေ ၆ ညွှန့်၊ ဇော်စိမ်း ၃ ညွှန့်၊ နှင်းဆီ ၇ ပွင့် အိုးတစ်အိုးထဲမှာထည့်ပြီး ဘုရားလှူရမယ်။ ပြီးတော့ အဲဒီ တနင်္ဂနွေသား ကြွေးလာဆပ်အောင် မေတ္တာပို့ကြည့်ပါဦး''

ဟု ကျွန်ုပ်က ပြောလိုက်လေ၏။ ထိုအခါ ၎င်းတို့ လူစုသည် ဝမ်းမြောက်ပျော်ရွှင်စွာဖြင့် ကျွန်ုပ်အား နှုတ်ဆက်ကာ ပြန်သွားကြလေ၏။ ထိုသို့နှုတ်ဆက်နေစဉ်အတွင်း၌ မစိန်စိန်ထွန်းဆိုသော အမျိုးသမီးက သူ၏လက်ကလေးကို ပျော့ပျောင်းစွာ လှုပ်ယမ်းရင်း -

''နောက်အပတ်လည်း လာခဲ့မယ်နော်''

ဟု နှုတ်ဆက်သွားလေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းယုဝေ




www.burmeseclassic.com

www.burmeseclassic.com

# တောင်စောင်းရိပ်မှောင် ယောဂီချောင်ဝယ်
## (၁၃)

မြမံပယ်




### ဆုတောင်းပြည့်သူ

ကျိုက်ထီးဆောင်းသို့ မိတ္တာန်သွားရောက်လေတိုင်း ယက္ကန်းသည်မရွာအဝင်ရှိ တောညို့ညို့ တောင်တန်းကြီးပေါ်မှ ရွှေရောင်လင်းလက် သပ္ပာယ်လှပသော ကျိုက်တလန်းစေတီတော်မြတ်ကြီးကို လှမ်းမျှော်ဖူးမြင်ရလေစမြဲ။ ခြေတော်ရင်းမှာ ဝပ်ဆင်းခိုလှုံ ကန်တော့ခွင့်ကို ရရှိရပါလို၏ဘုရားဟု ဆုတောင်းပြုမိစမြဲ။

ပြီးခဲ့သည့် ပြာသိုလဆန်း ၇ ရက်မှ လပြည့်နေ့အထိ ကျင်းပခဲ့သည့် ၄၅ ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကြီးအတွက် ကျိုက်ထီးဆောင်းသို့ မိတ္တာန်ခရီးသွားရောက်ခဲ့ရမှာတော့ ဆုတောင်းပြည့်ခဲ့ရပါပြီ။

### ပဋ္ဌာန်းဆက်ကြီးသူ

ဝေဘာရတောင်ပေါ်ရှိ ဘုရားမုခ်ဝအထိ ကားနှင့်တက်ရောက်ခဲ့ကြပါသဖြင့် မပင်မပန်း ရောက်ခဲ့ကြရပါသည်။ မွန်ရည်သန့်ပြန့်သော အမျိုးသားကြီးတစ်ဦးက အပြုံးဖြင့် ဆီးကြိုနေခဲ့ပါသည်။ တောင်ကြီးမြို့မှ စာအုပ်ကိုယ်စားလှယ်ဟု သိခဲ့ရပါ၏။ ရှမ်းပြည်နယ်မှနေ မွန်ပြည်နယ်ရှိ စေတီဘုရားမှာ မိတ္တာန်နှင့် အလုပ်အကျွေးပြုခွင့် ရနေခြင်းသည် နည်းနည်းနောနော ပဋ္ဌာန်းဆက်မဟုတ်။


### ကျိုက်တလန်း

မွှေးပျံ့သော တောပန်းရနံ့များကို သယ်ဆောင်လာခဲ့သည့် လေညှင်းတို့ကို ရှူရှိုက်ရင်းဖြင့် သိကြားမင်း စမဲ့တံဆိပ်တော်ရသည့် ကျိုက်တလန်း (သို့) မြသိန်းတန်စေတီတော်မြတ်ကြီးအား ထီးခြင်းကြီးငါးပါးဖြင့် ရှိခိုးကန်တော့ခဲ့ကြပါသည်။ ကျွန်မတို့၏ ထုံးစံအတိုင်း ရောက်လေရာရာ မေတ္တာပို့ အမျှဝေခဲ့ကြပါ၏။


### ရုပ်တုတော်များ

စေတီတော်ကြီးအား လက်ျာရစ်ပတ် ပူဇော်ခဲ့ကြရာတွင် တစ်နေရာသို့အရောက်၌ ကျွန်စစ်သားမင်း ရုပ်တုတော်နှင့် မဏိစန္ဒာမိဖုရား ရုပ်တုတော်များ ထားရှိရာနေရာသို့

www.burmeseclassic.com



လွှမ်းစေတီ



ရောက်ရှိသွားခဲ့ပါသည်။ ရုပ်တုတော်များ ထားရှိရာအခန်းကို သေချာသော့ခတ်ထားသော်လည်း ကျွန်မတို့ကို သော့ဖွင့်ပေးခဲ့ပါ၏။ ကြေးရုပ်တုကြီးများ ဖြစ်သဖြင့် လုံခြုံအောင် စောင့်ရှောက်ရမည်သာ ဖြစ်သည်။

## မော်ကွန်းကျောက်စာ

ဤရုပ်တုကြီးများကို ရုပ်ရှင်မင်းသား အကယ်ဒမီ ကိုလူမင်းနှင့် မခင်စံပယ်ဦး၊ သမီး ရောဝတီလူမင်း၊ သား စေရက်လူမင်းတို့ မိသားစုက လှူဒါန်းထားခဲ့ခြင်းဖြစ်ကြောင်းကို ကျောက်စာမှာ ဖတ်ခဲ့ရပါသည်။ ကျောက်စာမှာ ရေးထိုးထားသည်တို့ကို ဖော်ပြပေးလိုက်ပါသည်။

"ဓမ္မရာဇာ ကျန်စစ်မင်းကြီးနှင့် မဏိစန္ဒာ မိဖုရားတို့၏ ကိုယ်ပွားပုံတူရုပ်တုကြီးများကို ကျိုက်တလန်းဘုရားကြီးအား လှူဒါန်းသည့် မော်ကွန်းကျောက်စာတော်"


အမျိုးဘာသာ သာသနာအတွက် အကျိုးကြီးမား လှန့်ထူးခြားအံ့၊ အိမ်တွင်မပျော် ဘုရားကုန်းတော်သို့ ကျိုက်တလန်းဘုရားဒကာ ထီးလှိုင်ရှင်နှင့် မဏိစန္ဒာမိဖုရားတို့၏ ကိုယ်ပွားရုပ်တုများကို "ရုပ်ရှိနှာမ်ကိန်း၊ အောင်ဓာတ်ပဟိန်းရန်" ပို့ဆောင်စေဟု သာသနာပြု ဦးသန်းဦးအား ဖဘုရား အောင်မင်းခေါင် မိန့်ကြားပါသည်။ ခုကြီးပန်ဦးသိန်းလှိုင်နှင့် ပါရမီဖြည့်ဘက် သားငယ်အကယ်ဒမီလူမင်းတို့သည် နှစ်ပေါင်းများစွာ သချို့ပြုသွန်း သက်စွန့်ကြိုးပမ်းထမ်းရွက်ကာ ဓမ္မရာဇာ သာသနာတော်ကို ပွင့်သစ်စေခဲ့ပါသည်။

မင်းမိဖုရားတို့၏ ကိုယ်ပွားရုပ်တုများကို "ကျန်စစ်မင်းဇာတ်ကား" မဟာရိုက်ကူးစဥ်က နိုင်ငံကျော် ပညာရှင်ကြီးများအား ထုဆစ်စေ၍ ရန်ကုန်မြို့ ပါရမီရှိ "စေရက်"ဂေဟာ၏ ညှော်ခန်းဆောင်တွင် တခမ်းတနား ထားရှိကာ သားစဥ်မြေးဆက် သာသနာပြုစေရန် ရည်သန်ခဲ့ပါသည်။ မည်သို့ဆိုစေ သာသနာ့ဖမင်ကြီးများ၏ မိန့်ကြားသံကို နာခံလျက် သုဝဏ္ဏဘုမ္မိ၏ အောင်မြေဖွဲ့ချက် ဝေဘာရတောင်ထက်က အလွှန်

www.burmeseclassic.com



မြွေရာဇာကျန်စစ်သားမင်းကြီး



မဏိစန္ဒာမိဖုရား

ထူးခြား တန်ခိုးကြီးများသည့် ကျိုက်တလန်းဘုရားကြီးထံ မင်းမိဖုရားတို့၏ ကိုယ်ပွားရုပ်တုကြီးများကို သပြေခေတ်ဖြင့် လှူဒါန်းအပ်ပါသည်။ သာသနာ့အေးရိပ်တွင် သတ္တဝါများ ချမ်းမြေ့နိုင်ကြပါစေသောဝ်။

ဤကျောက်စာအရ ကျိုက်တလန်းဘုရားဒကာမှာ ထီးလှိုင်ရှင် မင်းကျန်စစ်နှင့် မဏိစန္ဒာမိဖုရားတို့ဖြစ်ကြောင်း သိခွင့်ရရှိခဲ့ပါသည်။ ဘုရားသမိုင်းကို မေးမြန်းကြည့်သော အခါ ပြုစုနေဆဲဟု သိရှိခဲ့ရ၏။ ကျောက်စာပါ အချက်အလက်များအရ ဓာတ်ဆက် ပဋ္ဌာန်းဆက်များက ဆန်းကြယ်ထူးခြားနေမည်မှာ အမှန်ပင်။


## လွှမ်းစေတီသမိုင်း

အမျိုးစုံသည့်ကိုးသထုံဟု ဆိုစကားရှိပါသည်။ သုဝဏ္ဏဘုမ္မိမည်တွင်သော သထုံသည် အကြောင်းအမျိုးမျိုးတို့ကြောင့် ကိုးဌာနပြောင်းရွှေ့တည်ခဲ့ရကြောင်း ရာဇဝင်သမိုင်းများမှာ ဖတ်ရှုခဲ့ရပါသည်။

မည်သည့် သထုံခေတ်မှန်း မမှတ်မိတော့သော်လည်း အုပ်စိုးမင်းပြုနေသည့် ဘုရင်ကြီး၏ မိဖုရားခေါင်ကြီး နတ်ရွာစံသွားသောအခါ မှာတမ်းတစ်ခု ပြုခဲ့ပါသည်။ မိဖုရားကြီး၏ မြလက်စွပ်တော်နှင့် တော်သည့် လက်ပိုင်ရှင်ကိုသာ မိဖုရားအဖြစ် တင်မြှောက်ရန် ဖြစ်ပါ၏။ မှာတမ်းအရ နန်းတွင်းနှင့် တိုင်းပြည်တစ်ဝှမ်းရှိ အမျိုးသမီးပျိုများကို လက်စွပ်ဝတ်ဆင်စေခဲ့ပါသည်။ သို့သော် မည်သူမျှ ဝတ်ဆင်၍မရခဲ့။ သမီးတော် မြစန္ဒီမင်းသမီးက ထိုလက်စွပ်ကို ဝတ်ဆင်ကြည့်သည့် အခါတွင် အဆင်ပြေသွားရုံသာမကဘဲနှင့် ပြန်လည်ချွတ်၍ မရနိုင်တော့ပေ။

သမီးတော်ကိုသာ မိဖုရားအဖြစ် တင်မြှောက်ရတော့မည်ဖြစ်၍ အခက်ကြုံရပေတော့သည်။ မင်းသမီးလေး မြစန္ဒီ

www.burmeseclassic.com



သည် ဤအဖြစ်ဆိုး ဤဘဝမှာပင် ပြီးပါစေသားဟု ဆုတောင်းပြီးနောက် တောင်စောင်းထက်မှ လိမ့်ချ၍ ခန္ဓာစဲစေခဲ့ပါသည်။

"ဒီလွမ်းစေတီက မြစန္ဒမင်းသမီးအတွက် တည်ထားခဲ့တဲ့ စေတီလို့ ရှေးလူကြီးတွေက ပြောပါတယ်။ မင်းသမီးလေး လိမ့်ချသွားခဲ့တဲ့ တောင်စောင်းကလည်း ဘာပင်မှမပေါက်တဲ့ ပြောင်ချောကြီးဖြစ်နေပါတယ်။ စေတီအောက်ဘက်က တောင်စောင်းပဲပေါ့။ မကြားဝံ့မနာသာ အဖြစ်ဆိုးတွေ ထပ်မံမဖြစ်ရစေအောင် မင်းသမီးက မိဌာန်သွားခဲ့တာတဲ့"

ဘုရားပေါ်မှာ ဝေယျာဝစ္စဆောင်ရွက်နေသည့် လူငယ်လေးက ပြောပြခဲ့ခြင်းပါ။

## ဂမ္ဘီရတောင်တန်း

ဆန်းကြယ်မှုများနှင့် ထုံမွမ်းနေသည့် ဝေဘာရတောင်ထိပ်ရှိ ကျိုက်တလန်းဘုရားကြီးမှနေ လှမ်းမျှော်ကြည့်လျှင် ဝေပုလ္လတောင်သည် မနီးမဝေးမှာပင်။ တစ်ချိန်က ဘုန်းဘုရားကြီးတောင်ဟုလည်း နာမည်ကြီးခဲ့ပါသည်။ ဂမ္ဘီရဆန်သည့် လျှို့ဝှက်ဆန်းကြယ်မှုများနှင့် အတိပြီးသည့် တောင်တန်းကြီးပေါ်မှာ တည်ထားကိုးကွယ်ခဲ့သည်။ ကျိုက်တလန်း (ခေါ်) မြသိန်းတန်စေတီတော်မြတ်ကြီး၏ ဘုရားရှိခိုးဂါထာကို ဖော်ပြပေးလိုက်ပါသည်။

## ကျိုက်တလန်းဘုရားရှိခိုး

ဝေရောစနေဟီ နေကောဟီ၊ ဒါတုံ ကာလဗ္ဗိနူရွှတိ။
ဓယာဒိကံ ဝုဏာရုဋ္ဌ ယတံယာသာစတံနမေ။
ပုညေနာနေန သဗ္ဗမ္ဘိ၊ သမိဇ္ဈတု ယထိစ္ဆိတံ။

## ဗိတ်ခေါ်ခြင်း

ကျိုက်တလန်းစေတီတော်မြတ်ကြီး တည်ထားကိုးကွယ်ရာ တောရတောင်သည် အနုပညာရှင်များနှင့် ပတ်သက်ကြီးဟန် ရှိပါသည်။ မင်းသားလှမင်းခိုသားစု လှူထားသည့် ရုပ်တုတော်များသာမက စာရေးဆရာမ မစန္ဒာ လှူထားသည့် ရုပ်ပွားတော်မြတ်တစ်ဆူကိုလည်း ဓမ္မာရုံတွင်းမှာ ဖူးတွေ့ခဲ့ရပါသေးသည်။

စာရေးဆရာ မောင်သွေးချွန်လည်း အဓိဋ္ဌာန်လာဝင်တတ်ကြောင်း သိခဲ့ရ၏။

တစ်ချိန်က သုဝဏ္ဏဘုမ္မိနေပြည်တော်ကြီး၊ ယနေ့အချိန်တွင် ယက္ကန်းသည်မဟု မည်တွင်သည့် ရွာဦးထိပ်ရှိ ကျိုက်တလန်းရွှေစေတီတော်မြတ်ကြီးအား ဖူးမြော်ရောက်ရှိကြည်ညိုသဒ္ဓါပွားနိုင်ကြစေရန် ရေးသားပူဇော်လိုက်ရပါသည်။

**မြစံပယ်**

၀၉-၂၅၀၆၇၉၂၀၅

**တကြွင်း ။ ။ မိဋ္ဌာန်ရက်များအတွင်း ဘုရားဖူး[illegible]ဆောင် ကုသိုလ်ပြုခဲ့ပါသော ဦးမျိုးမြင့်၊ ဒေါ်အေနန်းအေနန်း[illegible]တို့မောင်နှံအား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်[illegible]ပြုအပ်ပါသည်။**

www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေ နှင့် ကျွန်တော်

■ လှိုင်(ဒဂုံ)

သမ္ဗုဒ္ဓေဂါထာ (ဘုရားရှိခိုး)ကို ဗုဒ္ဓဘာသာဝင် တော်တော်များများ ရွတ်ပွားကြပါသည်။ သို့သော် ရွတ်ပွားပုံချင်းတော့ မတူကြပါ။ တချို့က နှစ်နှစ်ကာကာ ယုံကြည်၍ ရွတ်ကြပါသည်။ တချို့က သူပြောငါပြော စာပေဖတ်ရှုလေ့လာရာမှ သိရတဲ့အသိနဲ့ ဟုတ်မလားလို့ ရွတ်ကြပါသည်။ တချို့ကလည်း ခလုတ်ထိမှ အမိတခိုသလို ကိုယ်မကောင်းမှုတွေလုပ်မိလို့ ကြောက်လန့်ပြီး ရွတ်ကြပါသည်။ ရွတ်ပွားသည့် ပုဂ္ဂိုလ်ပေါ်မူတည်ပြီး သမ္ဗုဒ္ဓေဂါထာ၏ အကျိုးပေးခြင်း၊ အစွမ်းထက်ခြင်း ခြားနားပါသည်။ မိမိ မမှန်မကန်လုပ်ထားတဲ့ အကုသိုလ်အလုပ်တွေအတွက် အကာအကွယ်ရမလားလို့ ရွတ်ပွားတဲ့သူတွေအဖို့ သမ္ဗုဒ္ဓေဂါထာကို ဘယ်လောက်ပဲရွတ်ရွတ် ဘာမှထူးခြားမှာ မဟုတ်ပါဘူး။

ယုံကြည်မှု သဒ္ဓါတရားလည်းရှိမယ်၊ ငါးပါးသီလလည်း လုံခြုံထိန်းသိမ်းမယ်၊ စိတ်ထားလည်းကောင်းမယ်ဆိုရင် သမ္ဗုဒ္ဓေဂါထာက ရွတ်ပွားသူကို အကျိုးပေးပါသည်။ ဂါထာအစွမ်းလည်း ထက်ပါသည်။ လောကဓံတရား ရှစ်ပါးတွင် အဆိုးလောကဓံနှင့် ကြုံနေရသော်လည်း အဆိုးဒဏ်တွေ သက်သာပါတယ်။ ဆိုလိုတာက မုန်တိုင်းဘယ်လောက်ပြင်းထန်ပြင်းထန် သစ်ပင်ကြီးတစ်ပင်ဟာ သစ်ကိုင်းလောက်သာ ကျိုးနိုင်ပြီး ပင်စည်ကြီး ပြိုလဲမသွားတဲ့သဘောပါ။ ကိုယ်က မကောင်းကံနဲ့ ကြုံနေလို့ အနည်းငယ်လောက်တော့ ခံရမှာပါ။

သမ္ဗုဒ္ဓေဂါထာအကြောင်းတွေကို ကိုယ်တွေ့ ငါတွေ့ သူပြော၊ ငါပြော၊ စာတွေ့တွေအပေါ် အခြေခံပြီး အကြောင်းအရာအမျိုးမျိုး၊ အတွေ့အကြုံအမျိုးမျိုး ရေးသားတင်ပြသူတွေလည်း အများကြီးပါ။ စာရေးသူက ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝက ဖြတ်သန်းလာသူဆိုတော့ သင်ပုန်းကြီး၊ မင်္ဂလသုတ်အစ ပရိတ်ကြီး၊ သင်္ဂြိုဟ်၊ သဒ္ဒါကြီးအထိ သင်ခဲ့ရ ပြီး အလွတ်ကျက်မှတ်ခါ စာချဦးပဉ္စင်းထံ အလွတ်စာပြန်ခဲ့ရပါသည်။ ဘာသာတရားကိုလည်း အဲဒီအချိန်ကတည်းက ရှိသေကိုင်းရှိုင်းခဲ့သူ ဖြစ်ပါသည်။ ကံငါးပါး (ပဉ္စသီလ)ကိုလည်း အခုအချိန်အထိ အတတ်နိုင်ဆုံး ထိန်းသိမ်းထားပါသည်။ နေ့စဉ် သမ္ဗုဒ္ဓေဂါထာတော်မြတ်အား ပုံမှန် ပုတီးတစ်ပတ်စိပ်ခြင်း၊ ညအိပ်ရာဝင်၊ တစ်ရေးနိုး၊ မနက်အိပ်ရာထ ရွတ်ပွားခြင်း၊ အိမ်က အလုပ်ကိစ္စဖြင့် ထွက်သည်နှင့် ရွတ်ပွားခြင်းတို့ကို နိစ္စဓူဝ ပြုလုပ်ပါသည်။ မိမိတွေကြုံနေရတဲ့ အခြေအနေပေါ် မူတည်၍ အခါအားလျော်စွာ တစ်ထိုင်တည်း သမ္ဗုဒ္ဓေဂါထာတော်မြတ်အား တစ်နေ့ ပုတီး ၁၀ ပတ်၊ ကိုးရက်အဓိဋ္ဌာန် မကြာခဏ အဓိဋ္ဌာန်ပုတီးစိပ်ပါသည်။

ဒါပေမဲ့ လူ့သဘာဝ (လောကသဘာဝ)အရ လောကဓံတရားရှစ်ပါးမှ အဆိုးအခိုက် လောကဓံနှင့် ကြုံတဲ့အခါ အဆိုးအခိုက်၊ အခက်အခဲ၊ အကျပ်အတည်းများ ကြုံခဲ့ဖူးပါတယ်။ ထိုသို့ ကြုံတွေ့ရတဲ့အခါ အဓိဋ္ဌာန်ဖြင့် တစ်ထိုင်တည်း ပုတီး ၃၀ ပတ် ကိုးရက်စိပ်ခြင်း၊ စိတ်ညွတ်ကာ ရွတ်ပွားပူဇော်ခြင်းကို ပြင်းပြင်းထန်ထန် လုပ်ပါသည်။ ထိုအခါ အဆိုးအခိုက်၊ အခက်အခဲ အကျပ်အတည်းတွေ လျော့ပါးသွားပြီး ကောင်းကောင်း ခံနိုင်ရည်ရှိသွားပါသည်။ လောကဓံကို စိန်ခေါ်နိုင်လာပါသည်။ မည်သည့် အခက်အခဲမဆို ကျော်လွှားလွန်မြောက်ပါသည်။

သမ္ဗုဒ္ဓေဂါထာ(ဘုရားရှိခိုး)သည် မရေမတွက်နိုင်သော အသင်္ချေ၊ ကမ္ဘာတွေမှာ ပွင့်ပေါ်ထွန်းခဲ့တဲ့ ဂင်္ဂါဝါဠုသဲထုမျှမက ဘုရားရှင်များနှင့် စာပေကျမ်းဂန်အရ ရေတွက်ရနိုင်တဲ့ ၅၁၂၀၂၈ ဆူကုန်သော ဘုရားရှင်တို့ကို အမြတ်ဆုံးအဖြစ် ဦးထိပ်တင်၍ ရှိခိုးပူဇော်တဲ့ ဂါထာ(ဘုရားရှိခိုး)ဖြစ်ပါတယ်။

သမ္ဗုဒ္ဓေဂါထာ(ဘုရားရှိခိုး)သည် ဘေးအန္တရာယ်တွေ

www.burmeseclassic.com

www.burmeseclassic.com

က လွတ်မြောက်ရုံတင်မက ရောဂါဝေဒနာတွေလည်း သက်သာပျောက်ကင်းစေပါသည်။ သမ္ဗုဒ္ဓေဂါထာ၏ အစွမ်းနှင့် ပတ်သက်၍ ကျွန်တော် အမှန်တကယ် တွေ့ကြုံခဲ့ရသော အတွေ့အကြုံများအနက် ထူးခြားမှုဖြစ်စဉ်သုံးခုကို တင်ပြပါမည်။

### ပထမဖြစ်စဉ်

လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ခန့်က ကျွန်တော်တို့မိသားစုသည် မိတ်ဆွေများနှင့် စုပေါင်းကာ ကားငှား၍ ကျိုက်ထီးရိုးစေတီတော်ဖူး၊ သာမညဆရာတော်ဖူး (အသွား ကျိုက်ထီးရိုးစေတီတော် ဝင်ဖူးပြီးမှ သာမညဆရာတော်ဖူးရန် ဆက်သွားခြင်းဖြစ်ပါသည်။) လမ်းဘုရားစုံဖူး ဘုရားဖူးခရီး သွားခဲ့ကြပါသည်။ သာမညဆရာတော် ဖူးပြီးအပြန် ဘုရင့်ညီနောင်ဂူသို့ဝင်၍ ဘုရားဖူးပါသည်။ ဘုရင့်ညီနောင်ဂူဘုရားဖူးပြီး ရေပူရေအေးကန်တွင် ရေချိုးပါသည်။ (အများယုံကြည်မှုက အဲဒီကန်မှာ ရေချိုးရင် ရောဂါဝေဒနာတွေ ပျောက်သည်ဟု ယုံကြည်ကြပါသည်။) အပြန်တွင် ကျိုက်ထိုဘုရားများဖူး၊ ပဲခူးမြို့ရှိ တန်ခိုးကြီးဘုရားများ ဖူးကြပါသည်။ ထိုမှတစ်ဆင့် အပြန် ညနေ ၆ နာရီခွဲ၊ ၇ နာရီခန့်တွင် ရန်ကုန်သို့ ပြန်ရောက်ပါသည်။ အိမ်ပြန်ရောက်သည်နှင့် ကျွန်တော်တို့နှင့် ဘုရားဖူးအတူတူလိုက်ပါခဲ့သော မြေးမလေးဟာ ကောက်ကာငင်ကာ ဖျားပါတော့သည်။ ရပ်ကွက်ထဲမှာရှိတဲ့ ဆေးခန်းတစ်ခန်း သွားပြသောအခါ ဆေးခန်းက ဆရာဝန်က ငှက်ဖျားရောဂါဟုပြောကာ ငှက်ဖျားပျောက်ဆေးပေးလိုက်ပါသည်။ ကလေးက သုံးလေးနှစ်သမီးဆိုတော့ ဆေးတော့ ထိုးမပေးပါ။ အိမ်ပြန်ရောက်လာတော့ ကျွန်တော်က ဆေးကို အရမ်းမတိုက်နှင့်၊ ငှက်ဖျားရောဂါဆိုတာ ချက်ချင်းဖြစ်တာ မဟုတ်ဘူး။ ငှက်ဖျားဆေးက ပြင်းတယ်။ နောက်ဆေးခန်းတစ်ခန်းကို ထပ်ပြကြည့်ပါဦးဟု ပြောသဖြင့် ချက်ချင်း နောက်ထပ်ဆေးခန်းတစ်ခန်း ထပ်ပြပါသည်။ ထိုဆေးခန်းက ရိုးရိုးဖျားတာပါဟုပြောပြီး သောက်ဆေးပေးလိုက်ပါသည်။ ထိုဆေးလည်း မတိုက်ပါ။

ထိုအခါ ကျွန်တော့်စိတ်ထဲတွင် ဒွိဟာဆံသရတွေ ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုအချိန်တွင် မိမိ ယုံကြည်စွာရွတ်ပွားနေသော သမ္ဗုဒ္ဓေဂါထာနှင့် ကိုယ်လေ့လာဖတ်မှတ်ထားတဲ့ စာပေတွေထဲမှာပါတဲ့ သမ္ဗုဒ္ဓေအကြောင်း သတိရသွားပါသည်။ ချက်ချင်ဆိုသလိုပင် ကျွန်တော်လည်း ကလေးလက်ကိုကိုင်၍ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပွားနေမိသည်။ ၁၀ မိနစ်၊ ၁၅ မိနစ်ခန့် ကြာတဲ့အခါ ကလေးက "သွားတော့မယ်၊ သွားတော့မယ်"ဟု အသံကျယ်ကျယ်ပြောသဖြင့် ကျွန်တော်လည်း စိတ်ထဲက "ဘာဖြစ်လို့ နှောင့်ယှက်ရတာလဲ သွားတော့"ဟု ပြောကာ ကလေးကိုကိုင်ထားတဲ့လက်ကို လွှတ်လိုက်ပါတယ်။ ထိုအခါ ကလေးဟာ ဘာမှမဖြစ်သလို ပြုံးပြုံးရွှင်ရွှင် ဖြစ်နေတာကို တွေ့ရသည်။ ကျွန်တော်လည်း သမ္ဗုဒ္ဓေကို ယုံကြည်သဒ္ဓါစိတ်ဖြင့် စွဲစွဲမြဲမြဲ ရွတ်ပွားပူဇော်ခဲ့ပါသည်။ မည်သူ့ကိုမှတော့ မပြောခဲ့ပါ။ သူတို့ကလည်း မမေးကြပါ။ ဝမ်းသာအံ့ဩတဲ့ မျက်လုံးတွေနဲ့ ကလေးထံသာ အာရုံရောက်နေကြပါသည်။

### ဒုတိယဖြစ်စဉ်

လွန်ခဲ့သော ၂၀၁၂ ခု၊ ဇန်နဝါရီလက ဖြစ်ပါသည်။ ကျွန်တော်သည် အငြိမ်းစား(ပင်စင်)ယူပြီး ဂျာနယ်တစ်တိုက်တွင် အလုပ်ဝင်လုပ်နေပါတယ်။ အလုပ်က နေ့တိုင်းမဟုတ်ပါ။ တစ်ပတ်နှစ်ရက်သာ ဖြစ်ပါသည်။ ညနေပိုင်း ၂ နာရီခန့်မှ ည ၈ နာရီ၊ ၉ နာရီခန့်ထိ ဖြစ်ပါသည်။ တစ်နေ့ ည ၈ နာရီခွဲခန့် ဂျာနယ်တိုက်မှပြန်လာရာ ည ၉ နာရီခန့် ဆူးလေမှတ်တိုင်မှ ကားစီး၍ ဒဂုံနေအိမ်သို့ ပြန်လာခဲ့ပါသည်။ တောင်ဥက္ကလာပ ခုနစ်ဆူစေတီတော် (၈၈ အရေးအခင်း ကာလတုန်းက ဆန္ဒပြသူတွေက အကြောင်းအမျိုးမျိုးပြကာ လူတွေခေါင်းဖြတ်သတ်ထားတဲ့နေရာမှာ တည်ထားတဲ့ စေတီတော်) မှတ်တိုင် ရောက်လာပါသည်။ ကားကလည်း လူတင်ရန် ရပ်စောင့်နေပါသည်။ ထိုအခါ ခေါင်းထဲ မူးနောက်နောက် ဖြစ်လာပါသည်။ ဂျာနယ်တိုက်က ပြန်လာတုန်းကလည်း ဘာမှမဖြင်ခဲ့ပါ။ ကြည်ကြည်လင်လင်ပါပဲ။ ဒီနေရာကျမှ ဘာဖြစ်တာပါလိမ့်။ ဒီလိုနဲ့ ဘောလီမှတ်တိုင်ရောက်လာပါတယ်။ ဘောလီမှတ်တိုင်ရောက်တော့လည်း ကားက ခရီးသည်စောင့်ရန် ရပ်ထားပါသည်။ ဒီအချိန်မှာ ဣန္ဒြေမဆည်နိုင်လောက်အောင် ခေါင်းက အရမ်းမူးလာပါသည်။ ဆောက်တွင်း

www.burmeseclassic.com

အေးတဲ့အချိန် ဖြစ်ပေမဲ့ ချွေးသီးချွေးပေါက်ကြီးတွေ ကျလာပါသည်။

ထိုအခါ ကျွန်တော့်စိတ်ထဲမှာ "ငါတော့ အခြေအနေမကောင်းတော့ဘူး။ သေရင်လည်း သေသွားနိုင်တယ်"ဟု တွေးနေမိပါသည်။ ငမိုးရိပ်တံတား(ဘေလီ) ကူးပြီးသည်နှင့် အိမ်ရောက်ရန်လည်း ကြားနှစ်မှတ်တိုင်သာ ကျန်တော့သည်။ ကျွန်တော့်ဝေဒနာကို စိတ်နဲ့ထိန်းပြီး သမ္ဗုဒ္ဓေဂါထာကို ရွတ်ပွားနေမိသည်။ ကားက ဆက်ထွက်လာကာ ဆင်းရမည့်မှတ်တိုင်ရောက်တော့ ကားပေါ်မှဆင်းကာ စိတ်ကိုထိန်း၍ အိမ်ကို လျှောက်လာခဲ့သည်။ အိမ်ရောက်တော့ ခြင်ထောင်ထောင်ခိုင်းကာ အဝတ်အစားတောင် မလဲနိုင်ဘဲ ခြင်ထောင်ထဲဝင်ကာ ခြင်ထောင်သေးမှာရှိတဲ့ တိုင်ကိုမှီပြီး မြတ်စွာဘုရားတွေရဲ့ ဂုဏ်တော်တွေကို ဆင်ခြင်ကာ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပွားပူဇော်နေမိသည်။ အိမ်က လူတွေက ဆေးရုံသွားမယ်၊ ဆရာဝန်ပင့်မယ်ဆိုတာတောင် ကျွန်တော် လက်မခံဘဲ သမ္ဗုဒ္ဓေဂါထာကိုသာ အကြိမ်ကြိမ် ရွတ်ပွားနေမိသည်။ ဒီလိုနဲ့ မိနစ် ၄၀ ခန့် ကြာသောအခါ ကျွန်တော် တိုင်ကိုမှီပြီး အိပ်ပျော်သွားပါသည်။ ကျန်တဲ့အိမ်သားတွေကိုလည်း ကျွန်တော့်ကို လာမခေါ်ရန်၊ စကားမပြောရန်၊ မနှိုးရန် မှာထားတဲ့အတွက် သူတို့လည်း အိပ်ရာဝင်သွားကြပါသည်။

နံနက် ၂ နာရီခွဲ၊ ၃ နာရီခန့်တွင် ကျွန်တော် အိပ်ရာ(တိုင်မှီလျက်)မှ နိုးလာပါတယ်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကို ပြန်ပြီးဆင်ခြင်ကြည့်တဲ့အခါ ဘာမှ မဖြစ်ခဲ့သလို အကောင်းပကတိ ဖြစ်နေသည်ကို တွေ့ရသဖြင့် အိပ်ရာမှထ မျက်နှာသစ်၊ ဘုရားသောက်တော်ရေကပ်ကာ ဘုရားရှိခိုးပါသည်။ နံနက် ၄ နာရီခန့်တွင် တစ်ရေးပြန်အိပ်ခဲ့ပါသည်။ ဂျာနယ်တိုက်ကိုလည်း အလုပ်ပြန်ဆင်းနိုင်ခဲ့ပါသည်။ ဤသည်ကား သမ္ဗုဒ္ဓေဂါထာတော်မြတ်၏ အစွမ်းသတ္တိပင် ဖြစ်သည်ဟု လေးလေးနက်နက် ယုံကြည်မိပါတော့သည်။

## တတိယဖြစ်စဉ်

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ၏ ညတစ်ညတွင် ကျွန်တော် ထမင်းစား၊ ဘုရားရှိခိုး၊ တီဗွီခဏကြည့်ကာ ည ၉ နာရီခွဲခန့်တွင် အိပ်ရာဝင်ခဲ့ပါသည်။ ဇနီးဖြစ်သူကလည်း နေပြည်တော် သားနဲ့သွားနေသဖြင့် အိမ်မှာမရှိပါ။ ကျွန်တော်တစ်ယောက်တည်းသာ ဖြစ်ပါသည်။ ကျွန်တော် အိပ်ရာဝင်ပြီး ည ၁၁ နာရီခန့်တွင် နိုးလာပါသည်။ ပြန်အိပ်ရန် ကြိုးစားသော်လည်း အိပ်၍မရတော့ပါ။ ထိုအခါ မမျှော်လင့်ဘဲ ကြို့ထိုးလာပါတော့သည်။ ကြို့ထိုးသည်မှာ သာမန်မဟုတ်ပါ။ အဆက်မပြတ် ပြင်းပြင်းထန်ထန် ထိုးလာကာ ချွေးသီးချွေးပေါက်ကြီးတွေပင် ကျလာပါသည်။

ဒီလိုနဲ့ ရေခဏခဏ သောက်ဖြစ်သွားကာ ဗိုက်ထဲမှာလည်း ရေတွေပြည့်နေပါသည်။ ကြို့ထိုးမှုက မသက်သာပါ။ ကျွန်တော်တစ်ယောက်တည်း ဖြစ်နေသည့်အပြင် ညအချိန်မတော်ကြီး ဖြစ်နေ၍ အကူအညီတောင်းရမည့်သူလည်း မရှိပါ။ ကြို့ကလည်း အဆက်မပြတ်ထိုးနေသဖြင့် အရမ်းပင်ပန်းကာ အရမ်းအားငယ်နေမိပါသည်။ ကျွန်တော်သည် ဘာသာတရားကိုင်းရှိုင်းကာ ကံငါးပါးလည်း လုံအောင်ထိန်းသူဖြစ်သဖြင့် စိတ်ထဲတွင် သမ္ဗုဒ္ဓေဂါထာတော်မြတ်အား သတိရကာ အဆက်မပြတ် ရွတ်ပွားပူဇော်နေမိပါသည်။ ထိုအခါ ကြို့ထိုးခြင်းဟာ တဖြည်းဖြည်းကျဲလာပြီး အိပ်ပျော်သွားပါတော့သည်။ မနက်မိုးလင်းခါနီး ၅ နာရီခန့်မှ အိပ်ရာက နိုးလာပါတော့သည်။ ထိုအခါ ကြို့ထိုးတဲ့ရောဂါလည်း ပျောက်သွားပါသည်။

ကျွန်တော် အကြံပေးလိုတာက ဂါထာတွေ ရွတ်သူတွေဟာ ကိုယ်ကျင့်တရားကောင်းရမည်။ ကံငါးပါးလုံရမည်။ မိမိရွတ်ပွားပူဇော်တဲ့ ဂါထာပေါ်မှာ ယုံကြည်မှုသဒ္ဓါတရားရှိရမည်။ ဒါဆိုရင် ရွတ်ပွားသူအဖို့ အကျိုးတရားတွေ ခံစားရမှာ ဖြစ်ပါသည်။

ကျွန်တော် ယခု ရေးသားတင်ပြနေတာဟာ မှသားမပါပါ။ လုပ်ကြံဖန်တီးရေးထားတာ လုံးဝမဟုတ်ပါ။ ကျွန်တော့်ရဲ့ တကာယ်ကိုယ်တွေ့၊ ကျွန်တော်ကိုယ်တိုင် ခံစားတွေ ကြုံခဲ့ရတဲ့ ဘေးအန္တရာယ်တွေနဲ့ ရောဂါတွေကို သမ္ဗုဒ္ဓေဂါထာအစွမ်းကြောင့် ပျောက်ကင်းခဲ့တဲ့ ဝေဒနာတွေ၊ ဘေးအန္တရာယ်တွေအနက်မှ အကျဉ်းချုံးတင်ပြခြင်းသာ ဖြစ်ပါသည်။ ခုနှစ်ရက်သားသမီးများလည်း သမ္ဗုဒ္ဓေဂါထာတော်မြတ်ကြီးအား ကျင့်ကြံအားထုတ်ပွားများကာ ဘေးအန္တရာယ်၊ ရောဂါအန္တရာယ်မှ လွတ်ကင်းဝေးနိုင်ကြပါစေ။

လှိုင်(ဒဂုံ)

www.burmeseclassic.com

www.burmeseclassic.com

# ကြုံခဲ့ဖူးတယ်

မစိုးသိမ့်

လွန်ခဲ့တဲ့ နှစ် ၅၀ က ကြုံဖူးတာပါ။ သိတတ်တဲ့ အရွယ် ၁၀ နှစ်ရွယ် ကလေးဘဝမို့ မှတ်မိနေပါတယ်။ ကျွန်မတို့ နေခဲ့တဲ့အိမ်က အနောက်ဘက် လယ်ပြင်တန်းလို့ ခေါ်တဲ့ မြို့ရဲ့အစွန်က လမ်းကလေးပါ။ အနောက်ဘက်မှာ လယ်ကွင်းတွေဘဲရှိလို့ အဲဒီအမည်ပေးတာနေမှာပါ။ လမ်းရဲ့ထိပ်မှာ ရန်ကုန်ပြည်ကားလမ်းမကြီးရှိပါတယ်။ "ရွှေတောင်လမ်း"လို့ပဲ ခေါ်ကြတယ်။ လမ်းမကြီးကနေ ကျွန်မတို့ လမ်းထဲကို ဝင်လာရင် လမ်းထိပ်မှာ တရုတ်ဘုံကျောင်းရှိပါတယ်။ ဘုံကျောင်းနောက်ကနေ ကျွန်မတို့အိမ်အထိ တရုတ်တွေပဲ စုနေကြတဲ့ အင်းခြံကြီးရှိပါတယ်။ ပြည်မကြီးက ရောက်လာတဲ့ တရုတ်ကြီးနဲ့ မိသားစု သူ့အမျိုးတစ်စု နေကြတာပါ။ သူတို့ဝိုင်းထဲမှာ မိသားစု ရှစ်စုလောက် ရှိပါတယ်။ ဘဲမွေး၊ ကြက်မွေး၊ ဝက်ဆီဖတ်ချက်လုပ်ငန်းတွေ လုပ်ကြတယ်။

မနက် ၆ နာရီလောက်ဆို ဘဲအုပ်ကြီးကို လမ်းထဲမှာ ကျောင်းပြီး ရွှေတောင်လမ်းမကြီးဘေးက ရေအိုင်ကြီးဆီကို မောင်းပို့ကြတယ်။ ဘဲအုပ်ကြီး ရေကန်ထဲရောက်သွားပြီဆိုရင် ကျီးတွေရော၊ ကလေးတွေပါ မြက်တောထဲမှာ ဘဲဥရှာကြတယ်။ ကျွန်မတို့လည်း ပါတာပေါ့။ အဲဒီတုန်းက ၁၀ နှစ်အရွယ် ကျွန်မလည်း ဘဲဥကောက်အဖွဲ့မှာပါတယ်လေ။ မရဘူးဆိုရင်တောင် ငါးလုံးလောက်တော့ ရကြတာဘဲ။ ဘဲဥရရင် မုန့်ပျားသလက်ဆိုင်ကိုပြေးပြီး ဘဲဥနဲ့ မုန့်လုပ်ခိုင်းပြီး စားကြရတာ ပျော်စရာကြီးပါ။

အခုတော့ အဲလိုမုန့်တွေ မတွေ့ရသလောက်ပါပဲ။ ဘိန်းမုန့်အဖြူထည်လေးမှာ ပဲပြုတ်လေးဖြူးပြီး စားရတာကိုပဲ ကျေနပ်နေရတယ်။ ရေမုန့်တို့၊ မုန့်ပစ်သလက်တို့ကလည်း အရင် ကျွန်မတို့ငယ်စဉ်က ရေမုန့်တို့ မုန့်ပစ်သလက်တို့ အရသာနဲ့ မတူတော့ပါဘူး။ ထမင်းသုပ်ဆိုရင်လည်း ငရုတ်ဆီ ခေတ္တစ်ရဲရဲကြီးနဲ့ မပာတ်တဲ တကယ့်ငရုတ်သီး၊ မန်ကျည်းရည်တို့နဲ့ သုပ်တာပါ။ အခုတော့ ရန်ကုန်မှာ "အမေ့လက်ရာပြည်ထမင်းသုပ်"ရနေလို့ မှာပြီးစားရပါတယ်။ ကျွန်မတို့အိမ်က ၈ ပြီး အဘွားတို့ညီအစ်မတစ်စုရဲ့ လေးခြံတွဲခြံကြီးရှိပါတယ်။ ဖေဖေရဲ့အမေ အဘွားရယ်၊ အဘွားကြင်တို့ အမေကြီးသိန်းတို့၊ ဦးကြီးကိုမှုံတို့အိမ်တို့က ပေ ၅၀ စီ ခြံခတ်ပြီး အိမ်ဆောက်နေကြတာပါ။ အနောက်ကိုလည်း ပေ ၁၂၀ လောက် ကျယ်ပါတယ်။ ခြံတံခါးလေးတွေကို အတွင်းက ဖောက်ထားတာမို့ ဖေဖေရိုက်ပြီဆိုရင် တောက်လျှောက်ပြေးတာ အစွန်ဆုံးက အမေကြီးသိန်းသိန်းအိမ်အထိပါပဲ။

အဲဒီတုန်းက ငယ်သေးတော့ ဘာမှန်းညာမှန်းမသိပေမဲ့ မှတ်မိနေပါတယ်။ အမေကြီးရဲ့ညီမ အဘွားဒေါ်ကြင်ရဲ့ ချွေးမ အုန်းအုန်းမီးဖွားတော့ ကလေးထိန်းဖို့ ခေါ်ထားတဲ့ အဘွားကြီးက ဒေါ်ပုန့်တဲ့။ အသက် ၅၀ လောက် ရှိပါပြီ။ ကြီးပုန့်လို့ ကျွန်မတို့ ကလေးတစ်သိုက်က ခေါ်ပါတယ်။ အသားညိုညို၊ မျက်နှာရှည်ရှည်နဲ့ ပိန်ပိန်ပုပုလေးပါ။ ဆံပင်နည်းနည်းလေးကို ဆံထုံးအောင်လိမ်းပြီး ဘီးလေးနဲ့ ပတ်ထားတတ်ပါတယ်။ သနပ်ခါးဖွေးဖွေး အင်္ကျီအဝတ်အစား ဖြူဖြူစင်စင်နဲ့ သပ်သပ်ရပ်ရပ်ပါ။

သူက အုန်းအုန်းရဲ့သား မောင်တင်ဝင်းလေးကို ထိန်းရပါတယ်။ မောင်တင်ဝင်းလေး ခုနစ်နှစ်သားလောက်မှာ ကြီးပုန့်က နေမကောင်းစဖြစ်တယ်။ အစာမစားနိုင်တော့ တဖြည်းဖြည်းပိန်လာတယ်။ အိပ်ရာထဲတလည်း မထနိုင်တော့ဘူး။ အိပ်ပဲနေရရှာတယ်။ အုန်းအုန်းတို့ကလည်း မလုပ်နိုင်တဲ့ ကြီးပုန့်ကို ပစ်မထားပါဘူး။ မိသားစုလို သဘောထားကြပါတယ်။ မြန်မာဆရာ ခေါ်ကုပေးပါတယ်။ ဒါပေမဲ့ မသက်သာပါဘူး။ လူတစ်ကိုယ်လုံးလည်း မျက်လုံးပဲ ကျန်တော့တယ်။ ဆီး၊ ဝမ်းကအစ အိပ်ရာထဲမှာပဲ သွားတော့တယ်။ အဲဒီလိုနဲ့ တစ်နှစ်လောက်ရှိလာတော့ အရည်လေးပဲ



www.burmeseclassic.com

www.burmeseclassic.com

နည်းနည်းသောက်နေပြီး အသက်ရှင်နေရတဲ့ ကြီးပုန့်ကို အမေကြီးတို့ ညီအစ်မတစ်စုက သွေးရိုးသားရိုးမှ ဟုတ်ရဲ့လားလို့ သံသယဝင်လာကြတယ်။ ညီအစ်မတွေတိုင်ပင်ပြီး ကိုးကွယ်နေကျ မင်္ဂလာဗေယျာကျောင်းက ဘဘုန်းကို လျှောက်ထားကြတယ်။ ကြွရောက်အကဲခတ်ပါလို့ တင်လျှောက်ကြတာပေါ့။

ဘုန်းကြီးကြွလာတော့ ကြီးပုန့်ခုတင်နားမှာ ကုလားထိုင်ချပေးပြီး ဘုန်းဘုန်းကို "ထိုင်ရင်း အကဲခတ်ပေးစေပါတယ်။

"ဒကာမကြီး"

ဘုန်းဘုန်းက တိုးတိုးခေါ်လိုက်တယ်။ မျက်စိမှိတ်ထားရာကနေ ဖွင့်ကြည့်လိုက်တဲ့ မျက်လုံးတွေက ဝင်းလက်နေတာပါပဲ။ အသံကမထွက်တော့ နှုတ်ခမ်းလှုပ်ရုံ အသံတိုးလေးနဲ့ -

"ဘုရား"

"ဒကာမကြီး ဘယ်လိုဝေဒနာ ခံစားနေရပါလဲ"

ခေါင်းသာရမ်းပြတယ် မဖြေပါဘူး။ ဘုန်းဘုန်းကို ကြည့်နေတဲ့ မျက်စိကတော့ လင်းလက်နေတာပါ။ စူးရှလင်းလက်နေတာပါ။ ဘုန်းဘုန်းက သူ့နဖူးကို လက်တင်ပြီး တတွတ်တွတ် ရေရွတ်ဆုတောင်းပေးနေပါတယ်။ မလှုပ်ရှားနိုင်ပေမဲ့ သဲသောမကျတဲ့ပုံပါ။

ဘုန်းကြီးက ပြန်ကြွခါနီးမှာ အုန်းအုန်းကို ပြောပါတယ်။ ဩဇာရွက် ခုနစ်ရွက်ကို သူ့အိပ်ရာအောက်မှာ ထားပေးပါ၊ ထူးခြားလာပါလိမ့်မယ်လို့ ပြောထားခဲ့ပါတယ်။ အဲဒီညက အုန်းအုန်းကို ဩဇာပင်အောက်မှာ ဩဇာရွက်ခူးနေတာ တွေ့ရတယ်။ ကြီးပုန့်အိပ်ရာအောက်ထားမလို့နေမှာပေါ့။ မနက်စောစောကျတော့ အဘွားနဲ့အတူ ကြီးပုန့်အိမ်ကို သွားကြတယ်။ အိမ်ဝမှာတင်က နံလိုက်တဲ့ အပုပ်နံ့ကြီး။ နှာခေါင်းပိတ်ထားရတယ်။ ကြီးပုန့်ကတော့ ဆုံးပြီနေမှာလို့ တွေးမိပါတယ်။ အုန်းအုန်းက -

"ကြီးပုန့်တော့ ဆုံးသွားပြီ"

အဘွားထဘီစကို မလွှတ်တမ်းကိုင်ပြီး ကြီးပုန့်အခန်းဝကနေ ကြည့်ကြတယ်။ ကြီးပုန့်က အရိုးပေါ်အရေတင် အရိုးစုသဏ္ဌာန်နဲ့ သေဆုံးနေပါပြီ။ နေ့ချင်းပြီး သင်္ဂြိုဟ်လိုက်ကြရပါတယ်။ ကျောက်ဖရုံသီးတွေ ဖွဲပြာတွေခံထားတာတောင် နံနေတဲ့ အပုပ်နံ့ဟာ မြေချပြီးမှပဲ ပျောက်တော့တယ်။

ရက်လည်တဲ့နေ့မှာ ဘုန်းဘုန်းက ပြောပါတယ်။

"ဒကာမကြီး မပုန့်က သူ့ဘဝလေးကို ခင်တွယ်လွန်းပြီး မစွန့်လွှတ်နိုင်တာပါ။ သူ့ဝိညာဉ်က သူ့ကိုယ်မှာပဲ ပြန်ပြီးမှီနေတာပါ"

ငယ်တုန်းက နားမလည်ပေမဲ့ အကြာကြီး မမာနေတဲ့ ကြီးပုန့်ဟာ အစာမစားဘဲ အရေလေးသောက်ပြီး တစ်နှစ်လောက် နေသွားတာရယ်၊ ဩဇာရွက်ထည့်ထားပြီးမှ ချက်ချင်းသေဆုံးပြီး အပုပ်နံ့ပြင်းထန်တာရယ်ဟာ မေ့မရတဲ့ ကြုံခဲ့ဖူးတဲ့ ဖြစ်ရပ်လေးပါ။

နောက်တစ်ခုက ရွှေတောင်လမ်းမကြီးပေါ်က ဖြစ်ရပ်ပါ။ မေဒေးနေ့ဆို ရွှေတောင်လမ်းကိုဖြတ်ပြီး ရုပ်ရှင်ပိတ်ကားထောင်ပါတယ်။ ရုပ်ရှင်ပြစက်နဲ့ ရုပ်ရှင်ကားတွေပြပါတယ်။ နံ့သာနီတောင်တို့၊ ဒေါ်ခင်ခင်ရီပါတဲ့ကားတွေရောပြတာပါ။ အဲဒီလိုပြရင်း အနီးနားက ကလေးလူကြီးမကျန် ကားလမ်းမှာ ဖျာတွေခင်းပြီး ရုပ်ရှင်ကြည့်ကြတယ်။ သံစည်ကြီးတွေ ငါးလုံးလောက်ကာထားပြီး လမ်းပိတ်ထားတာပါ။ ဖြစ်ချင်တော့ ကားကြီးတစ်စီးဟာ ကာထားတဲ့သံစည်ပိုင်းတွေကို တိုက်ဖျက်ပြီး ရုပ်ရှင်ကြည့်နေတဲ့ လူတွေကို တိုက်မိ ကြိတ်မိတာပါပဲ။ သေလိုက်ကြတာ မနည်းဘူး။ ကံကောင်းလို့ ကျွန်မကတော့ ဖေဖေကမလွှတ်လို့ မကြည့်ဖြစ်ခဲ့ဘူးလေ။

ထူးခြားတာက တစ်လလောက်ထိ ညတိုင်းဆိုရင် လူတွေအော်ဟစ်ညည်းညူသံတွေ၊ ကယ်ပါ ယူပါသံတွေ ကားမောင်းသံတွေကို ကြားနေရပါတယ်။ သတ္တိကောင်းတဲ့ လူကြီးတချို့ ထွက်ကြည့်ရင်တော့ ဘာမှမရှိဘူးတဲ့။

လွန်ခဲ့တဲ့ အနှစ် ၅၀ ကပါ။ ကိုယ်တိုင်ကြုံတွေ့ရတာပါ။ နှစ်တွေကြာပေမဲ့ သတိရ အမှတ်ရနေပါတယ်။

မရိုးသိမ့်

၀၉/၇/၂၀၀၁၁ရ၁၅



www.burmeseclassic.com

www.burmeseclassic.com


## ကောင်းကျိုးဝေလျှံ

# ဣရှစ်ချက် ဂါထာမန္တန်

ဂမ္ဘီရဆရာလှမျိုး(B.Sc)


လွန်ခဲ့သော လေးငါးနှစ်ခန့်က စာရေးသူ ကွမ်းမန်း ဆရာတော်ဘုရားကြီးကျောင်း ရောက်သွားစဉ် အခေါင် ကတ်ပြား(ဓာတ်ပုံလေး)တစ်ပုံ ချီးမြှင့်သည်။ ထိုဓာတ်ပုံမှာ ဗားမဲ့ ဆရာတော်၏ ပုံစံနှစ်မျိုးပုံဖြစ်ပြီး နောက်တွင် အင်း နှစ်ခု၊ ဂါထာနှစ်ပုဒ်လည်း ပါသည်။

အမှန်ဝန်ခံရလျှင် ထိုအချိန်က အဆိုပါဂါထာနှစ်ပုဒ် ကို ဝတ်ကြေတန်းကြေ ရွတ်ဆိုသည်။ အရေးအကြောင်းရှိမှ သာ ရွတ်ဆိုဖြစ်ပါသည်။ အဆိုပါဂါထာနှစ်ပုဒ်မှာ ဣရှစ်ချက် ဂါထာဖြစ်သည်။ အင်းပုံစံနှင့်တွဲ၍ ဖော်ပြထားသည်။



**ပထမအင်းကြီး**

ဣတိပိသော ပိသေသေဣ။
ဣသေသေ ပဋ္ဌနာမိဣ။
ဣမိနာ ဗုဒ္ဓသောဒံဣ။
ဣဒံသော ဗုဒ္ဓံပိတိဣ။



**ဒုတိယအင်းကြီး**

ဣတိပိသော ပိသေသေဣ။
ဣသေသေ ဗုဒ္ဓနာမိဣ။
ဣမိနာ ဗုဒ္ဓသောဒံဣ။
ဣဒံသော ဗုဒ္ဓံပိတိဣ။

ဤဂါထာတော်များကို ရွတ်ဖတ်ခြင်းဖြင့် အနာရောဂါ ကင်းခြင်း။ မချစ်မနှစ်သက်သူတို့ အန္တရာယ်မပြုနိုင်ခြင်း။ ဘေးရန်အပေါင်းကို အောင်မြင်နိုင်ခြင်း။ အသက်ထက်ဆုံး အန္တရာယ်ကင်းဝေးစေနိုင်ခြင်း၊ စီးပွားဉစ္စာတိုးတက်ခြင်း အကျပ် အတည်းကို လွန်မြောက်စေနိုင်ခြင်း အကျိုးထူးတို့ကို ရရှိနိုင် ပါသည်။

ပထမအင်းကြီးနှင့် ဒုတိယအင်း တွဲ၍ ဆောင်ထား ပါ။ အိမ်၊ ဆိုင်၊ အလုပ်မှာ ကပ်ထားပါ။ ရွှေပြား၊ ငွေပြား ကြေးပြားမှာ ရေးဆွဲဆောင်နိုင်သည်။ ဂါထာတစ်ပုဒ် ပုတီး



www.burmeseclassic.com

www.burmeseclassic.com


တစ်ပတ် စိပ်တာ ပိုကောင်းသည်။ တစ်နေ့ မနက်/ည ပုတီး နှစ်ပတ်စိပ်ပါ။ မနက်တစ်ပတ် ၁၀၈ လုံး ပုတီး။ ညတစ်ပတ် စိပ်ပါက အကျိုးကျေးဇူးများ ရရှိစေပါသည်။ ကွမ်းမန်းဆရာတော်ဘုရားကြီး၏ လက်စွဲဂါထာတော် ဖြစ်ပါသည်။ ဇော်ဂျီဦးကွက်အရုပ်အဆောင်ပုံ နောက်တွင်လည်း ဤနှစ်ဂါထာကို ရေးထားပါသည်။ အချို့ကျမ်းတွင် ရွှေတိဂုံစေတီ ထီးတော်ကြေးခေါင်းလောင်းမှ ရသော ဂါထာဟု ရေးထားသည်။

ဝေပုလ္လဆရာတော်၏ ဂါထာမန္တန်စာအုပ်တွင်လည်း ဣရှစ်ချက်စီးပွားတက် ဂါထာဟု ရေးထားပါသည်။ နေ့စဉ်အဓိဋ္ဌာန်မပျက် ရွတ်ဆိုနိုင်သလောက် ရွတ်ဆိုကြပါဟု တိုက်တွန်းထားပါသည်။ ခရီးဝေးသွားသူများလည်း အန္တရာယ်ကင်းဝေးစေရန် လမ်းသွားရင်း ရွတ်ဆိုသွားပါ။

ဆရာကြီးဦးထွန်းရှိန်(မိုးတား)၏ ဝိဇ္ဇာပညာနိဒါန်းတွင် ဣရှစ်ချက်ကွန်ချာစက်ဝိုင်း အင်းတော်ဟု ရှိသည်။

### ဣရှစ်ချက် မန္တာန်

ဣတိပိသော ဝိသေသေဣ
ဣသေသေ ပဗ္ဗာနာမာဣ
ဣမိနာ ဘုမ္မိတံသောဣ
ဣသောတံ ဗုဒ္ဓံပိတိဣ။



ရှေးက ပညာရှင်တို့သည် ဣရှစ်ချက်မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ကြ၏။ ဣအစ၊ ဣအဆုံး လေးဖက် အဝင်၊ အထွက်ပြု၊ လေးဖက်စလုံး၊ ဗဟိုချက်မ ဣထံဝင်ပြီး သေစေသည်။ ကွန်ချာစက်ဝိုင်းဖြစ်အောင် စနစ်တကျ စီရင်ထားကြ၏။ ဣ = အိ ဟု အသံထွက်ပါ။

ထိုဣရှစ်ချက် အင်းမန္တန်တော် စက်ဝိုင်းကို ဖယောင်းတိုင်ပတ်၍ မီးပူဇော်ပြီး ပုတီးစိပ်ကာ ဆုတောင်းပါ။ ပုတီးကိုးပတ် ကိုးရက် စိပ်နိုင်လျှင် အထူးအောင်မြင်သည်။ စာရေးသူ အချိန်မရ၍ တစ်နေ့တစ်ပတ် စီရင်တာပင် ထူးခြားအကျိုးခံစားရသည်။ ထွက်ပြီးငွေများ ပြန်ဝင်သည်။ အကြွေးငွေတွေ ပြန်ရသည်။ ထို့ကြောင့် စာဖတ်ပရိသတ် လက်တွေ့ဆောင်ရွက်ကြည့်ပါ။

ထို့ကြောင့် ဤအင်းတော်၏ စွမ်းပကားများကား -

၁။ မိမိကိုစွန့်၍ တခြားချစ်သူနောက်သို့ လိုက်သွားသူအား မိမိထံ ပြန်လာစေခြင်း။
၂။ သက်ရှိ သက်မဲ့တို့သည် မိမိ၏လက်မှ လွတ်အောင် မပြေးနိုင်ဘဲ တဝဲလည်လည် မိနေခြင်း။
၃။ မိမိ၏ ပစ္စည်းဥစ္စာကို မတရားရယူသည်ဖြစ်စေ၊ ခိုးယူသည်ဖြစ်စေ မိမိထံ ပြန်လာခြင်း။
၄။ မိမိ၏ ဖောက်သည်ဆက်သွယ်သူများ ဘယ်ကိုမှ မပြောင်းဘဲ မိမိအား အမြဲအားပေးကြခြင်း။
၅။ မိမိ၏ ငွေရှင်၊ ကြွေးရှင် ဆရာသမားတို့က မိမိမှမိမိ ဘယ်တော့မှ သွေဖည်မှုမရှိခြင်း။

ဉာဏ်ရှိသလို သုံးပါ။

ဣရှစ်ချက်မန္တန်ကို ပုတီးကိုးပတ်ထက်မနည်း စိပ်ပြီး ကွန်ချာစက်ဝိုင်း အင်းကို ဘုရားရှင်အား အင်းဆီမီးအဖြစ် ပူဇော်ပြီး လိုရာဆုတောင်းပါ။

**ဂမ္ဘီရဆရာလှမျိုး (B.Sc)**



www.burmeseclassic.com

www.burmeseclassic.com

# သုံးဆင့်ခတ် အနာရောက်ပုံ

ချောယဉ်သာမြင့် (B.A, B.Ed.)

သမုဋ္ဌာန်အသီးသီး သုံးဆင့်ခတ်အနာရောက်ပုံကို မဖော်ပြမီ ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့် ရုပ်ဖြစ်သည်။ ရုပ်ဖော်ပြန်သည်ဆိုရာ၌ သီတ၊ ဥဏှ ဆန့်ကျင်ခြင်းတည်းဟူသော ဥတုသာလျှင် အရင်းခံဖြစ်ပေသည်။ သီတသည် ဥဏှ၊ ဥဏှသည် သီတနှင့် တွေ့သောအခါ မသင့်သော အဖြစ်ဟုဆိုအပ်သော ဝိရောဓိပစ္စည်းကို ရ၍ ဖောက်ပြန်၏။

ပဋိသန္ဓေနေခြင်း၊ အိုး၊ နာ၊ သေ စသော တရားတို့သည် ရုပ်ဖောက်ပြန်အပ်သောကြောင့်သာ ဖြစ်ကုန်၏။ ထို့ကြောင့် "ဥတုဝ"အရေးကြီးလှပေသည်။ "ဥတုတိ တေဇော ယေဝ"ဆိုသောကြောင့် ဥတုဟူသည်ကား ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်တို့၌ပါသော သီတတေဇော၊ ဥဏှတေဇော ဝိရောဓိအစွမ်းအားသာလျှင် ဖြစ်ပေသည်။

ဤတွင် ပဥ္စဓာတု တေဇော၊ ဝါယော၊ အာပေါ၊ ပထဝီ၊ အာကာသဆိုသော ငါးပါးသောဓာတ်တို့သည် ဓာတ်နိုး ဓာတ်ကင်းတို့ လှုပ်ရှားခြင်းကြောင့် ငါးပါးသောဓာတ် မညီညွတ်ခြင်းကို အနာရောဂါရောက်သည်ဟု ဆိုရသည်။ သို့ဖြစ်၍ -

ဤငါးပါးသော ဓာတ်တို့၏ သဘောလက္ခဏာနှင့် ကိစ္စကို ဖော်ပြပါမည်။

(၁) တေဇောဓာတု ဥဏှတ္တလက္ခဏာ၊ ပရိပါစနရသာ။ တေဇောဓာတ်သည် ပူသောအဖြစ်လျှင် လက္ခဏာရှိ၏။ ပေါင်းနွေးရင့်ကျင်စေမှု၊ ရင့်စေခြင်း ကျက်စေခြင်းကိစ္စရှိ၏။ ထိုတေဇောဓာတ်၏ အခြင်းအရာလေးပါးရှိ၏။

(၁) သန္တပ္ပနတေဇော - ရက်ခြားဖျားခြင်းကို ဖြစ်စေသည်။ ပျက်ပူသဘော။

(၂) ဇီရဏတေဇော - ရင့်ရော်ဆွေးမြေ့ခြင်း ဖြစ်စေတတ်သည်။ အပူသဘော။

(၃) ဍာဟတေဇော - ပြင်းပြင်းထန်ထန် ပူလောင်ခြင်းဖြစ်စေတတ်သည့် အပူသဘော။

(၄) ပါစကတေဇော - အစာအာဟာရကို ကျက်စေတတ်သည်။ အပူသဘောတို့ ဖြစ်၏။

(၂) ဝါယောဓာတု ဝိတ္ထမ္ဘနလက္ခဏာ၊ သမုဒီရဏရသာ။ ဝါယောဓာတ်သည် ဝိတ္ထမ္ဘနလက္ခဏာ၊ ထောက်ပံ့နိုင်စေခြင်း လက္ခဏာရှိ၏။ အရှိန်အဟုန်လှုပ်ရှားမှုကြောင့် တစ်ပါးသော ဓာတ်တို့ကို ရွေ့စေခြင်းကိစ္စရှိ၏။

ထိုဝါယောဓာတ်၏ ခြင်းရာကား ခြောက်ပါးရှိ၏။

(၁) ဥဒ္ဓင်္ဂမဝါတာ = ကြို့ထိုးခြင်း၊ အန်ခြင်း ဖြစ်စေတတ်သော အထက်သို့ ဆန်တက်သည့်လေ။

(၂) အဓောဂမဝါတာ = ဆီး၊ ဝမ်း၊ လေတို့ကို နှင်တတ်သော အောက်သို့သက်သည့်လေ။

(၃) ကုစ္ဆိသယဝါတာ = အူ၏အပြင်ဘက် ဝမ်းခေါင်း ရင်ခေါင်းတွင် အောင်း၍နေသောလေ။

(၄) ကောဋ္ဌာသေယျဝါတာ = အူမအတွင်း၌ အောင်း ၍နေသောလေ။

(၅) အင်္ဂမင်္ဂါနုသာရီဝါတာ = သွေးကြောကို လျှောက်သဖြင့် ကိုယ်အလုံး၌ အင်္ဂါကြီးငယ်တို့ကို ပျံ့နှံ့လျက် ကွေးခြင်း၊ ဆန့်ခြင်းတို့ကို ဖြစ်စေသောလေ။

(၆) အဿာသပဿာသဝါတာ = ထွက်သက်ဝင်သက်လေတို့ ဖြစ်၏။

(၃) အာပေါဓာတု အာဗန္ဓနလက္ခဏာ၊ ပဂ္ဃရဏလက္ခဏာ၊ ဗြူဟနရသာ။



www.burmeseclassic.com

www.burmeseclassic.com

အာပေါဓာတ်သည် ဖွဲ့စည်းခြင်းလက္ခဏာ၊ ယိုစီးခြင်းလက္ခဏာရှိ၏။ ပြန့်စေခြင်း၊ ပွားစေခြင်းကိစ္စရှိ၏။

အာပေါဓာတ်၏ ခြင်းရာတစ်ဆယ့်နှစ်ပါးရှိသည်။ (သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နပ်၊ အစေး၊ ကျင်ငယ်)တို့ ဖြစ်၏။

(၄) ကက္ခဠတ္တ လက္ခဏာ ပထဝီ ဓာတု ပတိဋ္ဌာန ရသာ။ ပထဝီဓာတ်သည် ခက်မာခြင်းလက္ခဏာရှိ၏။ တည်ရာကိစ္စရှိ၏။

ပထဝီခြင်းရာ နှစ်ဆယ်ရှိသည်။

ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ၊ အရေပါး၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း(သရက်ရွက်)၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်တို့ဖြစ်၏။

ဤသို့ လေးဖြာဓာတ်မ၊ ဝိတ္ထာရကို၊ ပြသထုတ်သော်၊ ဆိုချေသော်မူ၊ တေဇော်စတု၊ ခြောက်ခုဝါယော၊ အာပေါဆယ့်နှစ်လီ၊ ပထဝီနှစ်ဆယ်ခြင်းရာသွယ်၍ အကျယ်တွက်တွဲ့ လေးဆယ့်နှစ်ပါး။ ဓာတ်ဟုပြားလေရာ၊ ငါးသွယ်ခန္ဓာ၊ ဤအရာကို လေးဖြာဓာတ်စောင့်၊ ထိန်းသောကြောင့်တည်း။

ဓာတ်ဖြောင့်သောအခါ လူတို့မှာ၌ ရောဂါမနှောင့်၊ ဓာတ်မဖြောင့်သော်၊ နာပြောင့်နာသူ၊ အထူးထူး လွန်ကြူးတွေ့ကြုံရသတည်း။

(၅) အာကာသဓာတု ရူပပရိစ္ဆေဒ လက္ခဏာ၊ ရူပပရိယန္တပ္ပကာသန ရသာ။

အာကာသဓာတ်သည် ရုပ်ကို ပိုင်းခြားခြင်းတည်းဟူသော လက္ခဏာရှိ၏။ ရုပ်တို့၏ အဆုံးကို ပြခြင်းကိစ္စရှိ၏။

အာကာသဓာတ်သည် ဓာတ်ကြီးလေးပါးနှင့် မပြတ်ယှဉ်၍သာ ဖြစ်သောကြောင့် ဓာတ်ကြီးလေးပါးကဲ့သို့ တစ်ခုနှစ်ခု စသည်ခြင်းရာရေတွက်၍မရ။ အလွန်များပြားလှ၏။

ဤသို့ များပြားလှသော်လည်း စင်စစ်မှာ အပေါက်ဟင်းလင်းသဘောဖြင့် ရုပ်ကလာပ်တို့ကို ပိုင်းခြားမှုသဘောလက္ခဏာတစ်ခုသာတည်း။

အာကာသဓာတ်သည် ဆုံးဖြတ်ပိုင်းခြား ပေါ်ပါးသန့်ရှင်းစင်ကြယ်ခြင်းကို စင်လင်းမပြတ်၊ ပြပြင်တတ်၏။

ထိုဓာတ်ကြီးလေးပါးကို သဘောတူရာ ခွဲပြရသော်

ပထဝီနှင့် အာပေါသည် ဂရုသဘာဝ = လေးသောသဘောရှိသောဓာတ်။

တေဇောနှင့် ဝါယောသည် လဟု သဘောဝ = ပေါ့သောသဘောရှိသောဓာတ်။

| | |
|---|---|
| ပထဝီ၊ အာပေါနှင့် တေဇော | ဝိသဘာဂဓာတ် |
| ဝါယော၊ ဂရုနှင့် လဟု | ဖြစ်၏။ |

ဤတွင် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်တို့ကို တကွဲတပြားစီ တည်ရှိသကဲ့သို့ပင် ဆိုသော်လည်း ၎င်းတို့သည် အဝိနိဗ္ဘောဂ ရုပ်ဖြစ်သဖြင့် တကွဲတပြားစီ မတည်စကောင်း။ တစ်ပေါင်းတည်း ဖြစ်ကြကုန်၏။ သဘောလွန်ကဲခြင်းကိုသာ ဆိုလေသည်။

ဤသို့လျှင် ဓာတ်အသီးသီးတို့၏ သဘော၊ လက္ခဏာကိစ္စတို့သည် နက်နဲကျယ်ဝန်းလှသဖြင့် ဓာတ်တို့၏အရာကျယ် နက်နဲသိမ်မွေ့မှုကို ဘုရားရှင်မှတစ်ပါး မည်သူတစ်စုံတစ်ဦးမျှ အကုန်အစင် မသိနိုင်။ ဘုရားရှင်ဟောတော်မူသော ဓာတ်တို့၏ အရာကျယ်မှု နက်နဲသိမ်မွေ့မှုတို့ကိုသာ မိမိတို့ စွမ်းနိုင်သမျှ လေ့လာကြိုးစားရန် လိုအပ်လေသည်။ (ရှေးရှေးအခါမှစ၍ ပညာရှိ ရှေးဆရာသူမြတ်တို့က ကံစိတ်ဥတု အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် သတ္တဝါအား ပြုပြင်ရာ ပြုပြင်ကြောင်းဖြစ်၍ ကမ္မဇပထဝီဆောင်၊ ကမ္မဇတေဇောပျက်၊ ကမ္မဇသည်းခြေခိုက်၊ ကမ္မဇအာကာသငုပ်သည်ဟူ၍ လေးပါးစီ အညီဖြစ်ကြောင်း ပြဆိုခဲ့ပြီ) ထို့ကြောင့် (ကမ္မဇသမုဋ္ဌာန်၌ ကမ္မဇဥတုသာလျှင် ဆောင်၊ ပျက်၊ ခိုက်၊ ငုပ်ရှိပေသည်ဟု ဖော်ထုတ်ပြဆိုခဲ့ကြ၏။)

"ဆောင်၊ ပျက်၊ ခိုက်၊ ငုပ်၊ လွန်၊ ဆုံး၊ ချုပ်"ဆိုသည်မှာ ရှေးဆရာကြီးတို့သည် ပထဝီကို ဆောင်အိမ်၊ တေဇောကို ပျက်အိမ်၊ သည်းခြေကို ခိုက်အိမ်၊ အာကာသငုပ်အိမ်၊ အာပေါကို လွန်အိမ်၊ ဝါယောကို ဆုံးအိမ်၊ အာဟာရကို ချုပ်အိမ် ဟူ၍ နာမည်နာမ ပညတ်ကြကာ အောက်ပါအတိုင်း ဓာတ်တိုင်ခုနစ်ပါး ဓာတ်၍ ဓာတ်သွား

www.burmeseclassic.com

သရုပ်ကို ဖော်ထုတ်ပြဆိုခဲ့ကြသည်။

ထို့ကြောင့် ကမ္ဘာသမုဒ္ဒာန်၌ ဤသို့ ရှိခဲ့လေသည်။

ဆောင် - ဖျက် - နိုက် (ငုပ်) လွန် ဆုံး ချုပ်

၁ - ၃ - ၅ (၀) ၂ ၄ ၆

ဤပုံစံသည် ပထဝီ သမုဒ္ဒာန်ပုံစံ ဖြစ်လေသည်။

ထို့ကြောင့်။ ။ ဆောင်သော ပထဝီ၊ ဖျက်ပြီတေဇော၊ အမှုန်ပေဟာ၊ နိုက်သောသည်းခြေသာ။ ငုပ် အာကာသ၊ မှန်မှု ချ လေးဝအင်းကွက်မှာ၊ ပရမတ်သဘော၊ ဝီထိဇော၊ မနော သိမ်မွေ့စွာဟူ၍ မိန့်ဆိုတော်မူခဲ့ကြလေသည်။

ထိုမှတစ်ပါး ငုပ်ဓာတ်ကို အတိတ်ဓာတ်၊ လွန်ဓာတ်ကို သေလုံး။ ကံလုံး။ ဆုံးဓာတ်ကို မှားလုံး။ ချုပ်ဓာတ်ကို သန္ဓိပါတ်လုံး ဟူ၍ အရာအားလျော်စွာ ပြောဆိုခေါ်ဝေါ်ကြလေသည်။

ဤတွင် အကြောင်းကြောင့် အကျိုးဖြစ်၏။ ထိုအကျိုးဆက်သည်ပင်လျှင် အကြောင်းဖြစ် ပြုပြန်ကာ နောက်ထပ်တစ်ခုသော အကျိုးကို ဖြစ်စေပြန်၏။ ဤသို့သော ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ကျိုးကြောင်းဆက် သမုဒ္ဒာန်ခုနစ်ပါးတို့သည် ဖြစ်ပေါ်လာကြပုံကို ကျိုးကြောင်းဆက် သမုဒ္ဒာန်ခုနစ်ပါး ဖြစ်ပုံဇယားဖြင့် ဖော်ပြပါအံ့။

ဤဇယားပုံတွင် အထက်ဆုံး ပထဝီသမုဒ္ဒာန်က စ၍ အောက်သို့ ပထဝီ၊ အာပေါ၊ ဝါယော၊ အာပေါ၊ အာကာသ၊ သည်းခြေ၊ တေဇော၊ ပထဝီ အစဉ်အားဖြင့် သမုဒ္ဒာန်တို့ ဖြစ်တည်နေကြသည်။

ဤတွင် တေဇော၊ ပထဝီ၊ အာဟာရ၊ ဝါယော၊ သမုဒ္ဒာန်လေးပါးမှာ ဩဋ္ဌာရိက ရုပ်များ ဖြစ်ကြသောကြောင့် ဩဋ္ဌာရိက အနာဟုခေါ်သည်။

အာပေါ၊ အာကာသ၊ သည်းခြေ သမုဒ္ဒာန်သုံးပါးမှာ သုခုမရုပ်များ ဖြစ်ကြသောကြောင့် သုခုမအနာဟု ခေါ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ကျိုးကြောင်းဆက်သမုဒ္ဒာန် ခုနစ်ပါးတို့ ဖြစ်ပေါ်လာကြပုံ ရှေးဆရာကြီးတို့၏ ပြခဲ့ပုံဇယားကို ဩဋ္ဌာရိက သုခုမကျမ်းပြု ဆရာကြီး ဦးအောင်ခင်က ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား နားလည်သိလွယ်စေရန် ပုံစံအမှန် ချပြနိုင်ခဲ့ပေသည်။ ရှေးရှေးက ဉာဏ်ပညာရှိ ကဝိပုဂ္ဂိုလ်မြတ်တို့ထားခဲ့သော "စမအက္ခရာ"တို့ကို ဉာဏ်သက်ဝင် တစ်ဆင့်တက် တီထွင်ခဲ့သည်။

သမုဒ္ဒာန်အသီးသီး သုံးဆင့်ခတ်အနာရောက်ပုံနှင့် လွန်ယုတ်ဖြစ်ဟန်ကို ဤသို့ ပုံစံအမှန်ချပြနိုင်ခဲ့သည်။ (ဤသို့ ဆိုခဲ့သည်။)

"ကြိုးစားဆောင်ရွက်၊ လေ့လာကျက်က၊ ထက်ရှေးကာလ၊ ဉာဏ်ကာဝေတို့၊ ထားပေးခဲ့သော၊ သဘောလက်ာ။ "ဩဇာပါန"၊ "ကျော်လှသာဒေး"၊ "စံမွေးတို့ကို"၊ "လိုသူအင်

## ကျိုးကြောင်းဆက် သမုဒ္ဒာန် ခုနစ်ပါး ဖြစ်ပုံ

| ဆောင် | ဖျက် | နိုက် | (ငုပ်) | လွန် | ဆုံး | ချုပ် | | သမုဒ္ဒာန် |
|---|---|---|---|---|---|---|---|---|
| ၁ | ၃ | ၅ | (၀) | ၂ | ၄ | ၆ | ၁ | ပထဝီသမုဒ္ဒာန် |
| ၆ | ၁ | ၃ | (၅) | ၀ | ၂ | ၄ | ၆ | အာဟာရသမုဒ္ဒာန် |
| ၄ | ၆ | ၁ | (၃) | ၅ | ၀ | ၂ | ၄ | ဝါယောသမုဒ္ဒာန် |
| ၂ | ၄ | ၆ | (၁) | ၃ | ၅ | ၀ | ၂ | အာပေါသမုဒ္ဒာန် |
| ၀ | ၂ | ၄ | (၆) | ၁ | ၃ | ၅ | ၀ | အာကာသသမုဒ္ဒာန် |
| ၅ | ၀ | ၂ | (၄) | ၆ | ၁ | ၃ | ၅ | သည်းခြေသမုဒ္ဒာန် |
| ၃ | ၅ | ၀ | (၂) | ၄ | ၆ | ၁ | ၃ | တေဇောသမုဒ္ဒာန် |
| ၁ | ၃ | ၅ | (၀) | ၂ | ၄ | ၆ | ၁ | မူလပထဝီသမုဒ္ဒာန် |



www.burmeseclassic.com

www.burmeseclassic.com

စုံ"၊ "မှီတုံကောင်းလှ"၊ "သူအဆိုဖွယ်"၊ "နှံ့ကြွယ်ဝေသက်"၊ ဆောင်၊ ပျက်၊ နိက်၊ ငုပ်၊ ဝေယျားချုပ်၍ သရုပ်နာပြ ထိုစမ ဖြင့် နရသုခ်၊ ကျမ်းဂန်ရှိကို၊ သိလိမ့်ဆုတ်ဆိုင်း၊ ဉာဏ်မထိုင်း ဘဲ၊ ပိုင်းပိုင်းခွဲဝေ၊ မြင်လိမ့်ချေဟု ညွှန်းဆိုပြကာ၊ (ဩဇာပါန စုံမွှေးတို့ကို၊ လိုသူအင်စုံ၊ သူအဆိုဖွယ်၊ စမ)နှင့် ဖော်ပြသော သမုဒ္ဒာန်သည် ဩဇ္ဇာရိက သမုဒ္ဒာန်လေးပါး။

## ဩဇ္ဇာရိက သမုဒ္ဒာန်လေးပါး

(၁) ဩ × ဇာ × ပါ
၁ × ၃ × ၅ ပထဝီသမုဒ္ဒာန် (ရွှေနှုပ်လင်္ကာ)
၂ × ၄ × ၆ သန္ဓိပွန် ကိစ္စ

(၂) စုံ မွှေး တို့
၃ × ၅ × ဝ တေဇောသမုဒ္ဒာန် (ဆီးဝမ်းချုပ်)
ကို အတွင်းဥတုအခံ အပသီတ
၂
၄ × ၆ × ၁ သန္ဓိပွန် ကိစ္စ

(၃) သူ အ ဆို
၆ × ၁ × ၃ အာဟာရသမုဒ္ဒာန် (ကိုယ်နွမ်းနယ်လင်္ကာ)
၅ ဖွယ် အတွင်းဥတုအခံ အပသီတ
ဝ × ၂ × ၄ သန္ဓိပွန် ကိစ္စ

(၄) လို သူ အင် ဝါယောသမုဒ္ဒာန် (ရင်တွင်းပူလောင်လှခြင်း)
၄ × ၆ × ၁ အတွင်းဥတုအခံ အပသီတ
စုံ
၃
၅ × ဝ × ၂ သန္ဓိပွန် ကိစ္စ

## သုခုမ သမုဒ္ဒာန် သုံးပါး

(၁) အာပေါသမုဒ္ဒာန် (ဝမ်းအသက်များခြင်း လင်္ကာ)
ကြို လေ သူ (ကျော်လှသာအေး)
၂ × ၄ × ၆ အတွင်းသီတခံ အပဥဏှ
အား
၁
၃ × ၅ × ဝ ဒပဟကိစ္စ



www.burmeseclassic.com

www.burmeseclassic.com

(၂) အာကာသမှတ္တန် (မီးအုံးတားသကဲ့သို့ ကိုယ်သားကိုယ်ရေ မှလောင်ခြင်း)
နံ ကြွယ် ဝေ
၀ × ၂ × ၄ အတွင်းသီတာခံ အပဉာဏ
သက်
၆
၁ × ၃ × ၅ အပကိစ္စ

(၃) သည်းခြေသမုတ္တန် (လေချုပ်မှု အလူးလကျသော)
ဝိ တုံ ကောင်း
၅ × ၀ × ၂ အတွင်းသီတာခံ အပဉာဏ
လှ
၄
၆ × ၁ × ၃ အပကိစ္စ

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ဓာတ်ပျက်၊ ညှံ့၊ ယုတ် |
| ၂ | ၃ | ၄ | ၅ | ၆ | ၀ | ၁ | ၂ | ၃ | ဓာတ်လွန်၊ လွန် |

ဤဖော်ပြသော (ကျော်လှသာအေးကြံ့လေသူအား) နံ့ကြွယ်ဝေသက် မီးတုံကောင်းလှ စမများသည်) သုခုမသမုတ္တန်သုံးပါးကို ဖော်ပြအံ့။

ဤကျိုးကြောင်းဆက် သမုတ္တန်ခုနစ်ပါး ဖြစ်ပုံသည် ကိန်းခန်းဆရာကြီးတို့၏ "ဆပွတ်သချာ"နှင့် ကိုက်ညီနေသည်။ "သူ့ကိုနိုင်လို့ ဆက်ိုခို လိုရာဆေးဖော်သုံး"ဟူသော ရှေးထုံးစကားနှင့်လည်း ကိုက်ညီလေသည်။

ထိုထက်လွန်၍ ဆရာကြီးဦးအောင်ဒင် ပုံစံချပြခဲ့သော သီအိုရီပုံစံသည် ဆရာကြီး၏ ဓာတ်တို့ လွန်ယုတ်ဖြစ်ဟန်ချပ်၍ ပြထားခဲ့သော ဓာတ်တံတားကြီး အမှန်နှင့်လည်း ကိုက်ညီလေသည်။ သို့ကြောင့် ဤသြဇာရှိသုခုမ ဆေးပညာသည် ဗုဒ္ဓနည်းကျသော "ကောဓမ္မော"နည်းမှန်လမ်းမှန် ပရမတ်အမှန် ဓာတ်ဆေးပညာတစ်ရပ်ပင် ဖြစ်လေသည်။

ဤဇယားသည် ဓာတ်တို့လွန်ယုတ် ဖြစ်ဟန်ချပ်ပြဇယားပင်။ ပထဝီဓာတ်ပျက်လျှင် အာပေါဓာတ်လွန်၊ အာပေါပျက်လျှင် တေဇောလွန်၊ တေဇောပျက်လျှင် ဝါယောလွန်စသဖြင့် ဤသို့လျှင် ဓာတ်သံသရာသည် မဆုံးနိုင်လည်ပတ်ဖြစ်ကြကုန်၏။

ဓာတ်တို့သည် ပထဝီဓာတ်ကို အမိုပြုကာ တေဇောချုပ်ချယ် စိုးမိုးခြင်းကို ခံယူလျက် ဖြစ်အတူပျက်အတူ ဖြစ်ကြသောကြောင့် ဓာတ်တစ်ပါးဖြောင့်မှန်ညီညွတ်လျှင် ကြွင်းကျန်သော ဓာတ်အားလုံး ဖြောင့်မှန်ညီညွတ်ကြလေသည်။ ဓာတ်တစ်ပါး ချွတ်ယွင်းပျက်ပြားလျှင်လည်း ကျန်ဓာတ်အားလုံးတို့ ချွတ်ယွင်းပျက်ပြားကြလေသည်။

ဓာတ်ဆေးပေးပုံ နည်းလမ်းကို ဆက်လက်ဖော်ပြပါမည်။

ချောယဉ်သာမြင့် (B.A, B.Ed.)
၀၉-၄၂၀၀၅၈၉၇



www.burmeseclassic.com

www.burmeseclassic.com

# ပြောင်းကြစို့ကွယ်
# ဘယ်ကိုလဲ၊ ဘယ်တော့လဲ

**တက္ကသိုလ်သင်**

အချိန်ကျလျှင် သူတို့ ရောက်လာကြစမြဲဖြစ်သည်။ သူတို့ဆိုသည်မှာ အခြားသူများမဟုတ်။ ဆရာဦးခင်မောင်သိန်းနှင့်ဇနီး စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်း(Susan Thein)တို့ ဖြစ်ကြ၏။

ဆရာတို့ ဇနီးမောင်နှံက ရေ့သွားနောက်လိုက် ညီကြ၏။ စိတ်သဘောချင်းလည်း တူမျှကြ၏။ မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ နှစ်စဉ်မပျက် ငွေလှူဒါန်းကြသူများစာရင်းတွင် ဆရာတို့ဇနီးမောင်နှံက ရှေ့တန်းက ပါဝင်သည်။

၂၀၁၇ ခုနှစ်တွင်လည်း ဆရာဦးခင်မောင်သိန်းနှင့်ဇနီး စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်းတို့ မြန်မာနိုင်ငံစာရေးဆရာအသင်းသို့ ဦးဦးဖျားဖျား ငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ပြန်ပါသည်။

အဆိုပါ ငွေလှူဒါန်းပွဲကို ဇန်နဝါရီလ ၂၁ ရက်နေ့က မြန်မာနိုင်ငံ စာရေးဆရာအသင်း စုံညီအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ ကန်တော့ခံ စာရေးဆရာကြီး မင်းယုဝေ၊ စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်း၏ ဆွေမျိုးမိတ်သင်္ဂဟများနှင့် စာပေမြတ်နိုးသူများ တက်ရောက်ကြ၏။

အခမ်းအနားတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်း(ဆရာ မနုဿကျော်ဝင်း)က နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ဆရာဦးခင်မောင်သိန်းနှင့်ဇနီးစာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်းတို့သည် နှစ်စဉ် မြန်မာနိုင်ငံ စာရေးဆရာအသင်းသို့ ငွေလှူဒါန်းခဲ့ကြောင်း၊ သို့အတွက် အသင်းအနေဖြင့် မှတ်တမ်းတင်ထားရကြောင်း၊ သာဓုလည်းခေါ်ပါကြောင်း၊ မိမိတို့အသင်းအနေဖြင့် စာပေလောကအကျိုး၊ စာပေလောကသားများအကျိုး ကောင်းရာကောင်းကြောင်း လုပ်နေကြောင်း၊ ယခုလှူဒါန်းငွေသည် နဝကမ္မလှူဒါန်းခြင်းဖြစ်၍ စာရေးဆရာများ၏ နာမကျန်းကိစ္စ၊ နာရေးကိစ္စနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ကြရသည့် စာရေးဆရာများအတွက် အကျိုးရှိရှိ အသုံးပြုလျက်ရှိပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်းက ငွေလှူဒါန်းရခြင်းအကြောင်းကို ပြောကြားရာတွင် ယခုကဲ့သို့ စာရေးဆရာများအတွက် ငွေလှူဒါန်းရသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ရပါကြောင်း၊ နောင်တွင်လည်း ယခုကဲ့သို့ ငွေလှူဒါန်းနိုင်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားပါသည်။


ထို့နောက် ဆရာဦးခင်မောင်သိန်းနှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်းကို ပေးအပ်ရာ ဥက္ကဋ္ဌဦးကျော်ဝင်းက လက်ခံသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၃) ဦးအုန်းမောင် (ဆရာမြင်းမူမောင်နိုင်မိုး)က ကျေးဇူးတင်စကား ပြောကြားရာတွင် တစ်နှစ်တစ်ခါဆိုသလို စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်း၏ ငွေလှူဒါန်းပွဲသို့ တက်ရောက်ခွင့်ရသဖြင့် အထူးပင်ဝမ်းမြောက်ပါကြောင်း ဆရာမကြီး ရေးသားထုတ်ဝေခဲ့သည့် "ပြောင်းကြစို့ကွယ်" "Let's Move, Shall We" အမည်ရှိ ဝတ္ထု၊ ဆောင်းပါးများ စာအုပ်ကို ဖတ်ရှုကြည့်ပါက ဆရာမကြီး၏ ဆောင်ရွက်ချက်များ၊ စာပေရေးသားမှုများနှင့် ဆရာမကြီး၏



www.burmeseclassic.com

www.burmeseclassic.com




စိတ်ရင်းစေတနာကို လေ့လာသိရှိနိုင်ပါကြောင်း။ ယခုကဲ့သို့ **ငွေလှူဒါန်းသည့်**အတွက် ဆရာဦး **ခင်မောင်သိန်းနှင့်** ဆရာမကြီးတို့အား **မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ပြောကြားသည်။**

ထို့နောက် စာရေးဆရာကြီး မင်းယုဝေက မုဒိတာစကား ပြောကြားရာတွင် ဆရာဦးခင်မောင်သိန်းနှင့် ဆရာမ စစ်ကိုင်းစိမ်းစိမ်းတို့၏ အသက်မှာ ၇၇ နှစ်ဖြစ်သည်ဟု သိရကြောင်း။ **လူဖြစ်လာလျှင် မမေ့ထိုက်မမေ့အပ်သည့် အချက်သုံးချက် ရှိကြောင်း။ ယင်းတို့မှာ (၁) မိမိမွေးရာ အရပ်ဒေသကို မမေ့သင့်ကြောင်း။ (၂) မိမိပညာသင်ကြားခဲ့သည့်နေရာနှင့် မိမိကိုပညာသင်ကြားပေးခဲ့ကြသည့် ဆရာများကို မမေ့သင့်ကြောင်း။ (၃) စစ်အောင်နိုင်သည့်ဒေသ (သို့မဟုတ်) ကြီးပွားချမ်းသာရာဒေသကို မမေ့သင့်ကြောင်း။** ယခု ဆရာဦးခင်မောင်သိန်းနှင့် စာရေးဆရာမ စိမ်းစိမ်းတို့သည် မြန်မာနိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့သည်မှာ နှစ်ပေါင်း ၄၀ ခန့်ရှိပြီဟု သိရကြောင်း။ မိမိတို့ဇာတိဖြစ်သည့် မြန်မာနိုင်ငံကို မမေ့ဘဲ နှစ်စဉ်လာရောက်ပြီး ငွေလှူဒါန်းသည်မှာ ချီးကျူးဂုဏ်ပြုဖွယ်ပင်ဖြစ်ပါကြောင်း ပြောလေသည်။

စာရေးဆရာမကြီး စစ်ကိုင်းစိမ်းစိမ်းသည် စာပေချစ်မြတ်နိုးသူပီပီ မြန်မာနိုင်ငံ စာရေးဆရာအသင်း(ယခင် စာပေစာနယ်ဇင်း)သို့ စာပေရန်ပုံငွေအဖြစ် ၂၀၀၄ ခုနှစ်မှစ၍ နှစ်စဉ် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ရာ ယခု

www.burmeseclassic.com

ဆိုလျှင် ၁၃ နှစ်ရှိခဲ့လေပြီ။

ငွေလှူဒါန်းပွဲ ကျင်းပသည့်နေ့က ဆရာတို့ ဇနီးမောင်နှံက တက်ရောက်လာကြသူများကို ထောပတ်ထမင်း၊ ရေခဲမုန့်တို့ဖြင့် ဧည့်ခံသည့်အပြင် ဆရာမကြီး ရေးသားထုတ်ဝေခဲ့သည့် "ပြောင်းကြစို့ကွယ်"စာအုပ်ကို လက်ဆောင်အဖြစ် ချီးမြှင့်သည်။

စာရေးဆရာမကြီး စင်ကိုင်းစိမ်းစိမ်းသည် ၂၀၀၈ ခုနှစ်မှ စ၍ လုံးချင်းစာအုပ်များ ထုတ်ဝေခဲ့ရာ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ခုနှစ်အုပ်မြောက် စာအုပ်ဖြစ်သော "ပြောင်းကြစို့ကွယ်"စာအုပ်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တွင် ဆောင်းပါးပေါင်း ၁၂ ပုဒ် ပါဝင်ရာ "ပြောင်းကြစို့ကွယ်" ဆောင်းပါးသည်လည်း တစ်ပုဒ်အပါအဝင်ဖြစ်သည်။

ဆရာမကြီးသည် ဘာသာတရားကို ကိုင်းရှိုင်းသူ၊ လေးစားကြည်ညိုသူဖြစ်သည့် အလျောက် "တို့သာသနာ (၁)" စာအုပ်နှင့် "တို့သာသနာ (၂)"စာအုပ်တို့ကို ထုတ်ဝေခဲ့ပါ၏။

ယခုနောက်ဆုံး ထုတ်ခဲ့သည့် "ပြောင်းကြစို့ကွယ်" စာအုပ်၏ နိဂုံးပိုဒ်တွင် ဆရာမကြီးက သူ၏ ဘာသာတရားအမြင်ကို ဤသို့ ဖော်ပြထားလေသည်။

"ကျွန်မတို့နှစ်ယောက် ရာကြမ္မေကြ နှစ်ပေါင်းသုံးဆယ့်ငါးနှစ်လောက် အလုပ်လုပ်ခဲ့ကြသည်။

ကိုယ်ရှာထားသည်များ ပြန်ကြည့်ပါ။ ချမ်းသာသော လူတစ်ယောက်၏ အိမ်သာနှင့် ရေချိုးခန်း၏ တန်ဖိုးလောက်ပင် ရှိအံ့မထင်ပါ။ ဘာများ အထင်ကြီးစရာ၊ မက်မောစရာ ရှိပါသလဲ။ ဘာမှ အထင်ကြီးစရာလည်း မရှိ၊ မက်မောစရာလည်း မရှိပါ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားများကို ဆင်ခြင်ကာ မမြဲသောသဘော၊ စိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းသဘော၊ မပိုင်ဆိုင်သော သဘောတရားများ။ မမြဲ၍ ဖောက်ပြန်ပျက်စီးလျက်ရှိသည်များကို ဆင်ခြင်ကာ ဘာများမက်မောလိုချင်တာ၊ ရချင်တာ ဘာမှမရှိတော့ပါချေ။ ဝိညာဉ်ထွက်ချိန်တွင် ကျွတ်ကျွတ်လွတ်လွတ် ထွက်သွားရန်လိုသည်။ ကျန်ရှိနေသည့်အချိန်၌ ကိုယ့်နောက်ပါမည့် ဒါန၊ သီလ၊ ဘာဝနာအလုပ်များကို ရနိုင်သလောက် ကြိုးစားလုပ်ပိုးထားဖို့ လိုပါသည်။

ဤလောကသို့ ဘယ်သူမှ မဖိတ်ခေါ်ဘဲ ရောက်လာခဲ့ကြပြီး ဘယ်သူမှ မခေါ်ဘဲ ကိုယ့်ကံ(ကိုယ်ပြုထားသည့် ကောင်းကျိုး၊ ဆိုးကျိုး)များအရ ကောင်းကံ၊ ဆိုးကံများအရ သုံးဆယ့်တစ်ဘုံ၊ တစ်ဘုံဘုံသို့ ပြောင်းရွှေ့ကြရဦးတော့မည်တည်း။

ဒီတစ်ခါတော့ ကျွန်မတို့နှစ်ယောက် "ပြောင်းကြစို့ကွယ်"ဟု မပြောနိုင်တော့ချေ။ သို့သော် ဟာကယ့်ကို အဟုတ်ကို သေချာပေါက် ပြောင်းကြရပါမည်။ ဘယ်တော့လဲ၊ ဘယ်ကိုလဲ"

စာရေးဆရာမကြီး စင်ကိုင်းစိမ်းစိမ်း၏ နိဂုံးစာပိုဒ်လေးသည် စာရေးသူအပါအဝင် စာဖတ်သူများအားလုံးအတွက် သံဝေဂယူစရာ၊ မှတ်သားစရာ မီးမောင်းထိုးပြထားသည့် အချက်ဟု ထင်မြင်မိပါ၏။

ဆရာဦးခင်မောင်သိန်းနှင့် စာရေးဆရာမကြီး စင်ကိုင်းစိမ်းစိမ်းတို့နှစ်ဦးသည် ယခုအခါ အသက် ၇၈ နှစ် အရွယ်သို့ ရောက်ရှိနေပြီဖြစ်၍ လူ့သက်တမ်း ၇၅ နှစ်သို့တိုင် နေထိုင်ခဲ့ကြပြီဖြစ်၍ အမှန်တကယ် ပြောင်းကြရမည့်နေရာသို့ သူတို့နှစ်ဦးစလုံး ရှုမြင်ထားကြပြီးဖြစ်မည်မှာ အသေအချာဖြစ်ပေလိမ့်မည်။

စာရေးဆရာမကြီး စင်ကိုင်းစိမ်းစိမ်း မြော်မြင်တွေးဆထားသကဲ့သို့ပင် စာရေးသူတို့သည်လည်း သေချာပေါက် ပြောင်းကြရပေဦးမည်။ ဘယ်တော့လဲ၊ ဘယ်ကိုလဲဟူ၍ ဘယ်သူမျှ မပြောနိုင်ပေ။

တက္ကသိုလ်သိန်း

၀၉-၄၃၁၉၂၂၆၇



www.burmeseclassic.com

# သေခြင်း၊ ရှင်ခြင်း ဆိုသည်မှာ

ခင်မောင်အေး(မန္တလေး)

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီး အုပ်ချုပ်မင်းလုပ်လျက်ရှိ၏။ ထိုအချိန်တွင် ဘုရားလောင်းသည် ဗာရာဏသီမြို့ တံခါးကျေးရွာတစ်ခုတွင် လယ်ယာလုပ် သားပုဏ္ဏားမျိုး ဖြစ်လေသည်။ သူ့တွင် သားတစ်ယောက်၊ သမီးတစ်ယောက် မွေးဖွားခဲ့ရာ သားအရွယ်ရောက်ချိန် မျိုးနွယ်တူထဲမှ အမျိုးသမီးတစ်ယောက်နှင့် ထိမ်းမြားလက်ထပ်ပေးခဲ့၏။ သို့ဖြစ်၍ သူ၏အိမ်တွင် ကျွန်တော်တစ်ယောက်အပါအဝင် မိသားစုခြောက်ယောက် ရှိလာခဲ့လေသည်။

ဘုရားလောင်းဖြစ်သည့် လယ်သမားသည် မိမိ၏ မိသားစုများအား နေ့စဉ်နေ့တိုင်းလိုလို ဒါန၊ သီလ၊ ဘာဝနာတရား ပွားများကြဖို့ အားထုတ်ကြိုးစားကြဖို့၊ သည့်အပြင် သေခြင်းတရား၏ မြဲခြင်းအကြောင်း အသက်ရှင်ခြင်း၏ မမြဲခြင်းအကြောင်း၊ သင်္ခါရ ဓမ္မမှန်သမျှ၏ အနိစ္စသဘော အစဉ်ရှိနေပုံတို့ကို မပြတ်လိုလို တိုက်တွန်းဟောပြောလျက် အခါ မလပ် ဆုံးမသည်။ သေခြင်းကိုသာ ရှေးရှုသည့် မရဏာနုဿတိကိုလည်း ပွားများအားထုတ်စေလေသည်။

တစ်နေ့၊ ဘုရားလောင်း လယ်သမားသည် သားဖြစ်သူနှင့်အတူ မိမိတို့၏ လယ်တောသို့ လာရောက်ကြပြီး မိုးတွင်းလုနီးပြီဖြစ်၍ လယ်မြေကို ထွန်ယက်ဖို့ လုပ်ဆောင်ကြ၏။ ရိုးပြတ်များနှင့် အမှိုက်သရိုက်များ လယ်ကွင်းအတွင်းမှ အများအပြားထွက်ရှိလာသည့် အမှိုက်များကို လယ်သမား၏ သားက သယ်ယူစုပုံကာ လယ်ကန်သင်းအနီးသို့ သွားရောက်၍ မီးရှို့လေသည်။ မီးတောက်မီးလျှံတွေ တဟုန်းဟုန်းတောက်လောင်သည်။ မီးခိုးများလည်း မှိုင်းဝေနေလေသည်။ မီးခိုး အဆိပ်လိုက် ထွက်ပေါ်လာကာ ကန်သင်းအနီး တောင်ပို့တစ်ခု အတွင်းရှိနေသော တောကြီးမြွေဟောက်တစ်ကောင်၏ နှာခေါင်းလုံးများကို သွားရောက်ရိုက်ခတ်မိလေသည်။ တောကြီးမြွေဟောက်မျိုးသည် အလွန်အဆိပ်ပြင်းသော မြွေမျိုးဖြစ်သည်။ မီးခိုးများမွန်ပြီး ဒေါသတကြီးဖြင့် တောင်ပို့အတွင်းမှ ထွက် လာသည့်မြွေက မီးရှို့နေသော လယ်သမား၏သားကို မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ပေါက်ချလိုက်လေသည်။ သားဖြစ်သူသည် မြွေပေါက်ခံရပြီး အဆိပ်တက်ကာ ချက်ချင်း သေဆုံးသွားသည်။

ဤဖြစ်ရပ်ကို မြင်တွေ့ရသည့် ဖခင်ဘုရားလောင်း လယ်သမားကြီးသည် သားအလောင်းကို နေရာမှရွှေ့ပြီး အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်သို့ ပြောင်းထားလိုက်လေသည်။ ပြီးနောက် ငိုကြွေးခြင်း၊ ပူပန်ခြင်း၊ သောကရောက်နေခြင်းများ အလျဉ်းမရှိပဲ "မရဏာနုဿတိ" ကမ္မဋ္ဌာန်းတရားကို တည်ငြိမ်စွာ ပွားများနေလေသည်။ ခဏအကြာတွင် သူ့လယ်ကွင်းအနီးမှ လယ်လုပ်သားတစ်ဦးဖြတ်လာနေသည်ကို မြင်တွေ့လိုက်ရသဖြင့် လှမ်းခေါ်နှုတ်ဆက်ပြီး

"အမောင် ငါ့အိမ်ဘက်များရောက်ရင် ငါ့ပုဏ္ဏားမကို ခါတိုင်းနေ့တွေလို ထမင်းနှစ်ယောက်စာ ထည့်မလာနဲ့တော့။ တစ်ယောက်စာပဲ ယူလာခဲ့ပါ။ ခါတိုင်းလို ကျွန်မနဲ့ မပို့နိုင်းတော့ပဲ အိမ်ကမိသားစုလေးယောက်စလုံး အဝတ်အစားသစ်သစ်လွင်လွင်ဝတ်၊ နံ့သာများလည်း ထည့်ယူလာခဲ့ကြလို့ ကျွန်ုပ်က မှာလိုက်တဲ့အကြောင်းကို ပြောပြလိုက်ပါ"ဟု မှာကြားလိုက်၏။

ဤသတင်းစကားကို ပုဏ္ဏေးမကြီး ကြားလိုက်သောအခါ မိမိတို့၏သားဖြစ်သူ သေဆုံးပြီဟု ရုတ်ချည်းပင် သိရှိသဘောပေါက်ကာ နားလည်သွားသည်။ သို့စဉ်တိုင် မျက်ရည်တစ်စက်တစ်ပေါက် မကျချေ။ မိမိခင်ပွန်းလောင်း ပုဏ္ဏားကြီး၏ အမှာစကားအတိုင်း ထမင်းတစ်ယောက်စာ ယူပြီး မိသားစုအားလုံး လယ်တောသို့ လိုက်ပါသွားကြလေသည်။ ပုဏ္ဏားကြီးသည် သူ့အတွက် ပုဏ္ဏေးမကြီး ယူဆောင်လာခဲ့သည့် နေ့လယ်စာထမင်းကို သား၏အလောင်းချထားသော သစ်ပင်ရိပ်တွင်ပင် ထိုင်လျက်စားသည်။ နေ့လယ်စာ စားပြီးသောအခါ၊ သား၏အလောင်းကို ပန်းသော

www.burmeseclassic.com

တို့ဖြင့် ပူဇော်လျက် မီးသဂြိုဟ်ကြလေသည်။ ထိုအချိန်အထိ တစ်မိသားစုလုံး ငိုကြွေးခြင်း။ မျက်ရည်ကျခြင်း မရှိခဲ့ကြပေ။ မိသားစုအားလုံး အသီးသီး အသကအသက မရဏနုသသတိတရားကို စိတ်ဖြင့် ရှုမှတ်ပွားများနေကြလေပေသည်။

ထိုအခိုက်တွင် တာဝတိံသာ နတ်တို့ရွာမှ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် တင်းမာလာသည် ဖြစ်ရကား အကြောင်းမည်သို့ ရှိသနည်းဟု စူးစမ်းဆင်ခြင်ကြည့်သည်။ မိသားစု၏ ဂုဏ်ကျေးဇူးကြောင့် ဤသို့ဖြစ်ရသည့်အကြောင်း သိရှိသွားသည်။ ထို့ကြောင့် ဘုရားလောင်း၏ လယ်တောသို့ ဆင်းသက်ရောက်ရှိလာပြီး -

"သင်တို့ သမင်ကို မီးဖုတ်နေကြတာလား"ဟု မေးလေသည်။ "သမင်မဟုတ်ပါ။ သား၏အလောင်းကို မီးရှို့နေခြင်းသာ ဖြစ်ပါသည်"ဟု အဖြေပေးကြ၏။

"ရန်သူ ထင်ပါရဲ့"ဟု သိကြားမင်းက မေးပြန်သည်။

"ရန်သူ လုံးဝ မဟုတ်ရပါ။ မိသားစုအားလုံးက အလွန်ချစ်ခင်ရသော သားအရင်းတစ်ဦးပါ"ဟု ပုဏ္ဏားကြီးက ပြန်လည် အဖြေပေးသည်။

သိကြားမင်းကလည်း ထပ်မံ၍ စောဒကတက်ကြည့်ပြန်သည်။

"သင်တို့ အလွန်ချစ်ခင်ရသော သားအရင်းတစ်ယောက်ဖြစ်ပါလျက်နှင့် ဘာကြောင့် ဝမ်းနည်းကြေကွဲ ငိုကြွေးခြင်း မပြုကြသနည်း" ဖခင်ပုဏ္ဏားကြီးအား မေး၏။

"ငါတို့၏သားသည် မြွေများအရေခွံလဲသလို မိမိကိုယ်ကို ခွာသွားခဲ့ပါပြီ။ ခံစားမှုမရှိတော့သည့် ဤခန္ဓာယောင်းကြီးသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို သိရှိနိုင်တော့မည်မဟုတ်ပေ။ ထို့ကြောင့်ပင် ငါတို့ မငိုကြခြင်းဖြစ်ပါသည်" ဟု ဖြေလေသည်။

မိခင် ပုဏ္ဏေးမကြီးအား အလားတူ မေးသောအခါမှုလည်း "ငါတို့၏သားသည် ငါတို့က မခေါ်ပါဘဲလျက် လာခဲ့သည်။ ပြန်ချိန်တွင်လည်း ငါတို့က ခွင့်ပြုခြင်းမရှိပါပဲလျက် သူ့ဘာသာသူ အလိုအလျောက် ပြန်လည်ထွက်ခွာသွားခဲ့ပါပြီ။ ငါတို့ ငိုကြွေးနေလို့လည်း ဘာအကြောင်းမှ ထူးလာတော့မည်မဟုတ်ပါ"ဟု အဖြေပေး၏။

သားဖြစ်သူ၏ ဇနီးအား သိကြားမင်းက မေးကြည့်ပြန်လေသည်။ သူမကလည်း "သေသောသူအတွက် ငိုကြွေးနေသူသည် ပိုးထက် ကောင်းကင်မှ လပြည့်ဝန်းကို လိုချင်နေသောကြောင့် လက်ဖြန့်တောင်းခံကာ ငိုနေသောကလေးနှင့် ဘာမျှမခြား ဖြစ်ပါလိမ့်မည်"ဟု ဖြေလေသည်။

ထို့နောက် သားဖြစ်သူ၏ နှမအား မေးပြန်သည်။ နှမဖြစ်သူကလည်း -

"သေသူအတွက် ငိုကြွေးခြင်းကြောင့် မိမိတို့မှာသာ ပြိုးငယ်ကြံ့လို ဝင်ပန်းခြင်းသာ အဖတ်တင်ပါလိမ့်မည်။ ဘာအမိပ္ပာယ်မျှ ရှိနိုင်မည်မထင်ပါ"ဟု ဖြေကြား၏။ သိကြားမင်းကလည်း နောက်ဆုံးကျန်သည့် ကျွန်မအားလည်း မေးခွန်းထုတ်ပြန်သည်။ ကျွန်မကမူ -

"ကွဲသွားပြီးသော ရေအိုးတစ်လုံးကို ဘယ်နည်းနှင့်မျှ ပြန်လည်ဆက်စပ်ခြင်းဟာ မတတ်နိုင်သကဲ့သို့ သေသောသူအတွက် ငိုနေလို့ သေသူက ပြန်ရှင်မှာမှ မဟုတ်တာပဲ" ဟု ဖြေကြားသည်။

ထိုသို့အားဖြင့် လူစုံတက်စုံ မေးမြန်းခဲ့ပြီး ပုဏ္ဏားကြီးနှင့်တကွ ဇနီးမယား သမီးနှင့် ချွေးမတို့အပြင် ကျွန်မပါမကျန် အသီးသီးက ဖြေကြားခဲ့ကြသည့်အပေါ် အလွန်နှစ်သောင်းအားရ ရှိလှ၍ -

"သင်တို့ သည်မရဏနုသသတိကို ဆက်လက်ပွားများကြပါကုန်လော့။ ယနေ့မှစ၍ မည်သည့်အမှုကိစ္စကိုမှ လုပ်စရာမလို။ သိကြားမင်းဖြစ်သည့် ငါက သင်တို့၏အိမ်မှာ ရတနာခုနစ်ပါးတို့နှင့် ပြည့်စုံနေအောင် လုပ်ဆောင်ဖြည့်ဆည်းပေးမည်။ သုံး၍မကုန် လှူ၍မခန်း ဒါန၊ သီလ၊ ဘာဝနာတရားများ အခါမလပ် ပွားများအားထုတ်ကြပါကုန်လော့။ ငါးပါးပဉ္စသီ ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲချီလျက် ဥပုသ်သီတင်း စောင့်ထိန်းကြကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ရန် ကြိုးစားကြ"ဟု ပြောကြားဆုံးမပြီးနောက် တာဝတိံသာသို့ ပြန်လေသည်။

(သေခြင်းတရားကို သိရှိသောသူသည် သေသူအတွက်ရော မိမိအတွက်ပါ စိုးရိမ်ခြင်းမရှိ။)

ခင်မောင်အေး(မန္တလေး)

စာကိုး

နိပါတ်တော်လာဇာတ်တော်၊ ငါးရာငါးဆယ် ဥရဂဇာတ်။

www.burmeseclassic.com

www.burmeseclassic.com

## ရတနာသုံးပါး

# အဘဆေးဘူးကြီး

နှင့်

# ဆရာကြီးဦးရန်အောင်

■ **အောင်ကျော်ညို (ဆင်ချဆိပ်)**

၂၀၀၄ ခုနှစ် နွေရာသီမှာ ကျွန်တော် အသည်းအသန် ဖျားသည်။ တိုက်ဆိုင်ချင်တော့ အိမ်မှာ အမျိုးသမီးက မရှိ။ မြောင်းမြ ဆရာအတတ်သင်သို့ ရောက်နေသည်။ အိမ်မှာ ငါးနှစ်သားငယ်နှင့် ကျွန်တော် နှစ်ယောက်တည်း။ သားကြီးလာကူပေးလည်း တစ်နေကုန်နေပေး၍မရ။ နံနက်စာ ချက်စားပြီး အလုပ်သွား။ မိုးချုပ်မှပြန်လာ အိပ်မယ်။ အလုပ်မှာပင်ပန်းသည်ထင့်၊ တစ်ရေးတည်းနှင့် မိုးလင်း။

မအိပ်နိုင်သူက ကျွန်တော်။ တစ်နေကုန် အဖျားသက်သာသယောင် ရှိနေလည်း ညနေဘက်ဆို အဖျားတက်ပြီ။ ၁၀၂ F ကမကျ။ တစ်ညလုံး ချောင်းတဟွတ်ဟွတ်နှင့်။ ထွက်သည့်သလိပ်က မဲနယ်ရောင်။ တစ်ခါမှ မကြုံဖူး။ ဆေးခန်းနှစ်ခန်းပြောင်းလည်း မသက်သာ။ ဆရာဝန်များက လက်လျှော့စကား ပြောလာသည်။ အဆုတ်ကို အာထရာဆောင်း. ရိုက်ကြည့်ပါ။· အဆုတ်ကင်ဆာ မဟုတ်လျှင် အဆုတ်တီဘီဟု ဆိုလာသည်။


မွေးရပ်မြေမှာ မကြာမကြာ ဖျားနာမှုရှိခဲ့လည်း ယခုလိုအဖျားမျိုး မကြုံဘူး။ ယခုလို မဲနယ်ရောင်သလိပ်ထွက် ချောင်းဆိုးနှင့် အပူ ၁၀၂ F မှ မကျ ဖြစ်ရခြင်းအကြောင်းရင်းမှာ ဆရာမကို မြောင်းမြဆရာအတတ်သင်သို့ ကားနှင့်လိုက်ပို့ရင်း ကျောင်းကုန်းနှင့်အိမ်မဲကြားမှာ ဤရောဂါရလာခြင်း။ တစ်လမ်းလုံး ဖုန်တထောင်းထောင်းနှင့်။ ကားထဲဝင်လာသည့် ဖုန်လုံးများ ကားအတွင်းမှာ တဝဲလည်လည်နှင့်။ တစ်ကားလုံး ဖုန်တလုံးလုံးနှင့်။ နဂိုကတည်းက အဆုတ်အားနည်းသော ကျွန်တော့်အတွက် ဤဖုန်က ဒုက္ခပေးပြီး လူခံနေရပြီ။

ဆရာမလစာက ဆရာမသင်တန်းမှာသုံး။ မူလတန်းပြ ကျွန်တော့်လစာကို အိမ်မှာသုံးနှင့် ချွေတာနေရချိန် အာထရာဆောင်း ရိုက်ဖို့ဆိုသည်မှာ မလွယ်။ ကြံရာမရဖြစ်နေချိန် ဖောင်ကြီးသင်တန်းတက်တုန်းက မက်ခဲ့သည့် အိပ်မက်ကို ပြန်းဆို သတိရလိုက်သည်။ အမှတ်တမဲ့နှင့် အမှုမဲ့အမှတ်မဲ့ နေလာခဲ့သော ဤအိပ်မက်ကို အခက်ကြုံလာချိန် သတိရလာခဲ့ခြင်း။

အိပ်မက်ထဲမှာ အင်္ကျီလုံချည် အဖြူဆင်နှင့် ခေါင်းပေါ်တွင်လည်း အဖြူရောင်ပဝါစလိုလို အုပ်ဆောင်းလျက်။ ကုလားအဘိုးကြီးတစ်ယောက် ရေစပ်နားက တက်လာသည်။ လမ်းဘေးမှာ မြေးအဘွားနှစ်ယောက်က လက်အုပ်ကလေးချီလျက်။ "အဘရယ်၊ မြေးလေးနေမကောင်းလို့ပါ" အဘွားဖြစ်သူက အားကိုးတကြီးနှင့် ပြောသည်။ ကုလားအဘိုးကြီးမှာ ပြုံးလျက် "ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ" ဟူ၍ ရတနာသုံးပါးကို အရွတ်မပျက်။ ကျွန်တော့်ရှေ့တည့်တည့်ရောက်သည်နှင့် ဘေးသို့ ဆက်လျှောက်သွားသည်။ အိပ်မက်မှ နိုးလာချိန် ကျွန်တော့်မှာ ဇဝေဇဝါနှင့် အလေးအနက် မရှိခဲ့ပါ။

ယခု သတိရလာချိန် သိလိုက်ပြီ။ ဒါ···အဘဆေး

www.burmeseclassic.com



ဆရာကြီးဦးရန်အောင်

ကြီး ဖြစ်ရမည်။ အဘဆာဒူးကြီးကို အဘဘိုးမင်းခေါင်နှင့် အတူ ပူဇော်လာခဲ့သည်မှာ ကြာပြီ။ ကွယ်လွန်သူ ဆရာကြီး ဦးရန်အောင် ကျေးဇူးကြောင့်ပါ။ ဆရာကြီးသည် အဘဆာဒူးကြီးကို ပုံမှန်ဆည်းကပ်လာခဲ့မှု အကျိုးဆက်ကြောင့် သေဘေးမှ အကြိမ်ကြိမ် လွတ်မြောက်ခဲ့ကြောင်း ဆရာကြီး ဆောင်းပါးကို ဖတ်မိရာမှ စိတ်ဝင်စားပြီး ရွှေတိဂုံဘုရား မြောက်ဘက်မုခ်စောင်းတန်းမှာ မမျှော်လင့်ဘဲ အဘဆာဒူးကြီး ဓာတ်ပုံတွေ့သည်နှင့် ဝယ်ယူကာ အဘဘိုးမင်းခေါင်ပုံတော်နှင့် ယှဉ်တွဲပူဇော်ခဲ့သည်။ ဘာရယ်လို့မဟုတ်ပါ။ နေ့စဉ်ပြု သမျှကုသိုလ်အဖို့ကို အဘတို့အား အမျှအတန်းပေးဝေခြင်းသာ ပုံမှန်ရှိနေခဲ့သည်။

ယခု ကျွန်တော်ဖြစ်မည့် ဝေဒနာကို ကြိုသိ၍ သုံးလ လောက်အလိုမှာ ကြိုတင်အိပ်မက်ပေးခဲ့ခြင်းသာ။ အခက်အခဲနှင့် ကြုံနေရချိန် ရေနစ်သူ ကောက်ရိုးတစ်မျှင်ကို အားကိုးဆွဲယူသလို အဘလမ်းညွှန်သည့် ရတနာသုံးပါးသည် အားကိုးရာ ဖြစ်လာခဲ့သည်။ "ဗုဒ္ဓံသရဏံဂစ္ဆာမိ"ဟူ၍ ရွတ်ပြီး ပုတီးတစ်လုံးချ။ ထိုနည်းတူ "ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ"ရတနာတစ်ပါးရွတ်ပွားကာ ပုတီးတစ်လုံးချနှင့် အိပ်ခါနီးတိုင်း ရတနာသုံးပါးကို စိပ်ပုတီးတစ်ပတ်စီ ကိုးရက်အဓိဋ္ဌာန်ဝင်ဖြစ်ခဲ့သည်။ အားကိုးတကြီးဆွဲလိုက်သည်မှာ ကောက်ရိုးတစ်မျှင်မဟုတ်ပါ။ ခိုင်ခံ့သော အသက်ကယ်ကြိုးတစ်ချောင်းပင် ဖြစ်နေသည်။ အဓိဋ္ဌာန်ကိုးရက်တွင် ဆေးခန်းမှပေးသော ဆေးများကို ဖြတ်ထားလိုက်သည်။

ထိုဆေးများအစား ဤကိုးရက်မှာ ဝမ်းနုတ်ခြင်းတစ်ကြိမ်နှင့် မက်ကလောင်သွေးဖောက်ခြင်း တစ်ကြိမ်မှအပ ဘာမျှမလုပ်ခဲ့။ ယုံယုံကြည်ကြည်နှင့် အားကိုးတကြီးပြုလုပ်ခဲ့သည့် အဓိဋ္ဌာန်စိပ်ပုတီး၏အကျိုးဆက်ကို ဤကိုးရက်အတွင်း ခံစားလာရသည်။ အပူ ၁၀၂ F မှ မကျသောအဖျားနှင့် ချောင်းဆိုးခြင်းဝေဒနာ ယူပစ်လိုက်သလို ပျောက်ကင်းသွားသည်။

"မယုံလျှင် ပုံပြင်မှတ်"ဟူသော စကားရှိသည်။ ဖော်ပြပါ ဖြစ်စဉ်အား မယုံဆိုလျှင်လည်း ပုံပြင်ဟူ၍ကား မသတ်မှတ်စေလိုပါ။ ကျွန်တော့်ကိုယ်တွေ့မို့ ဖြစ်ပါသည်။

ဤကိုယ်တွေ့မှတ်တမ်းသည် ကွယ်လွန်သူ ဆရာကြီး ဦးရန်အောင်အား ကျေးဇူးတုံ့ပြန်ပေးဆပ်ခြင်းဖြစ်သလို ကျွန်တော့်လို ယုံကြည်သူများအတွက်ကိုလည်း အကျိုးရှိစေလို၍ ဖြစ်သည်။ ဗုဒ္ဓ၏အဆုံးအမ သူတော်ကောင်းဥစ္စာရတနာခုနစ်ပါးတွင် "သဒ္ဓါ"ဟုဆိုသော "ယုံကြည်မှု"က ထိပ်ဆုံးမှာ နေရာယူထားသည် မဟုတ်ပါလော။

**အောင်ကျော်ညို(ဆင်ချဆိပ်)**

၀၉-၇၇၅၀၉၂၁၁၉

www.burmeseclassic.com

www.burmeseclassic.com

# လှပခေတ်မီ မြို့တော်ဆီသို့

မောင်အေးသန့်

ပုဂံမင်းလက်ထက် ၁၈၅၂ ခုနှစ်တွင် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ဖြစ်ပွားသည်။ ယင်းစစ်ပွဲတွင် မြန်မာတို့ အရေးရှုံးနိမ့်သဖြင့် အင်္ဂလိပ်တို့ ယခင်က သိမ်းပိုက်ထားပြီးဖြစ်သည့် ရခိုင်နှင့် တနင်္သာရီတို့ကို ယခု ထပ်မံသိမ်းပိုက်လိုက်သည့် ပဲခူးနယ်မြေဒေသကြီးနှင့် ပူးပေါင်းကာ ဗြိတိသျှမြန်မာနိုင်ငံ (BRITISH BURMA) ဟု ခေါ်တွင်စေခဲ့သည်။ ကပ္ပတိန်ဖယ်ယာ (CAPTAIN PHAYRE) ကိုလည်း အောက်မြန်မာနိုင်ငံ ဝန်ရှင်တော်မင်းကြီး (CHIEF COMMISSIONER) အဖြစ် ခန့်ထား၍ ရန်ကုန်မြို့တွင် ရုံးစိုက်စေခဲ့သည်။

စစ်ပွဲဖြစ်ပွားပြီးနောက် အလောင်းမင်းတရားကြီး တည်ထောင်ခဲ့သော ရန်ကုန်သည် ကွယ်ပျောက်သွားခဲ့ပေပြီ။ ထို့အတူ သာယာဝတီမင်းတည်ထောင်ခဲ့သော ရန်ကုန်သည်လည်း စစ်ပွဲအတွင်း ဗုံး၊ အမြောက်ဆံများထိမှန်သဖြင့် များစွာပျက်စီးသွားခဲ့သည်။ သို့ဖြစ်ရာလည်း စစ်ပွဲအတွင်း ရန်ကုန်မှ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသော မြို့လူထုမှာ မိမိတို့နေရပ်အသီးသီးသို့ ပြန်လည်ရောက်ရှိလာကြသဖြင့် လူဦးရေတိုးတက်များပြားလာသည်။ ဤသို့ဖြင့် အာဏာပိုင်တို့က စစ်ဘက်ဆိုင်ရာမှ ဗိုလ်အာဒါး (LE. ARDAGH) အား ရာဇဝတ်မြို့ဝန် (MILITARY MAGISTRATE) အဖြစ် ခန့်ထား၍ ယင်း၏ လက်အောက်တွင် ဒုတိယကော်မရှင်နာမင်းကြီး (အရေးပိုင်) တီပီစပတ် (T.P. SPARKS)၊ စာတိုက်တာဝန်ခံ ခရစ် (C.M. CRISP)၊ အခွန်ဝန် အက်ဝွပ် (MR. EWARDS) တို့အား ခန့်ထားအုပ်ချုပ်စေခဲ့သည်။

စင်စစ်အားဖြင့် အလောင်းမင်းတရားကြီး၏ ရန်ကုန်သည် မြစ်ကမ်းအနီးတွင်တည်ရှိသဖြင့် မကြာခဏ ရေလွှမ်းမိုးခြင်းခံရသည်။ ရန်ကုန်လူဦးရေမှာလည်း တစ်စတစ်စ တိုးတက်များပြားလာသဖြင့် ရန်ကုန်ကို ခေတ်မီမြို့တော်အဖြစ် တည်ဆောက်ရန် လိုအပ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် နိုင်ငံခြား ကုန်သွယ်မှုလုပ်ငန်းများအတွက် အလွန်ကောင်းမွန်သော ဆိပ်ကမ်းတည်ရှိနေသည့် မြို့တော်ရန်ကုန် တည်ဆောက်ရေး အဆိုပြုပုံစံကို ပထမဆုံး ဒေါက်တာဝီလျံ မောင်ဂိုမာရီ (DR.WILLIAM MONTGOMERIA) က သက်ဆိုင်ရာသို့ ရေးဆွဲတင်ပြခဲ့သည်။

ထိုပုဂ္ဂိုလ်သည် ခရစ်နှစ် ၁၈၅၂ ခုနှစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာ စစ်ပွဲတွင် ဗြိတိသျှတပ်ဖွဲ့များနှင့် လိုက်ပါလာသူ ဆရာဝန်တစ်ဦးဖြစ်သည်။

[မောင်ဂိုမာရီသည် ၁၈၁၉ ခုနှစ်မှ ၁၈၄၂ ခုနှစ်အထိ စင်္ကာပူတွင် အမှုထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ပြီး ဆာစတင်းဖို့ရပ်ဖဲလ် (SIR STANFORD RAFFLES) က စင်္ကာပူနိုင်ငံကိုတည်ထောင်သောအခါ မြို့ဝန် (MAGISTRATE) အဖြစ်လည်းကောင်း၊ မြို့တော်တည်ဆောက်ရေး တာဝန်ပေးအပ်ခြင်းခံရသော မြို့တော်ကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ မြို့တော်ကော်မတီသည် မြို့တော်တည်ဆောက်ရေးကို တာဝန်ယူရသဖြင့် မောင်ဂိုမာရီသည်လည်း မြို့တော်တည်ဆောက်ရေးတွင် အတွေ့အကြုံရှိသူတစ်ဦးဖြစ်သည်။]


ရန်ကုန်မြို့သည် ခရစ်နှစ် အေဒီ ၆-ရာစုတွင် တံငါရွာကလေးမျှသာဖြစ်ပြီး သစ်တောဖုံးလွှမ်း၍ အင်း၊ အိုင်၊ ဗွက်၊ ရွှံ့၊ စိမ့်စမ်း၊ ချောင်းမြောင်းပေါများသော အရပ်ဒေသဖြစ်သည်။

ထိုစဉ်က ပြည်ပကူးသန်းရောင်းဝယ်ရေးမြို့များမှာ ပဲခူးမြို့ဟောင်း၊ မုတ္တမ၊ တနင်္သာရီတို့ ဖြစ်ကြသည်။ ရန်ကုန်တွင် ရွှေတိဂုံစေတီကြီး တည်ရှိ နေပြီဖြစ်သော်လည်း နိုင်ငံတကာနှင့် ကူးသန်းရောင်းဝယ်သော ဆိပ်ကမ်းမြို့တစ်မြို့ မဖြစ်သေးချေ။

**မောင်ဂိုမာရီ၏ အဆိုပြုပုံစံ**

မောင်ဂိုမာရီ၏ ပထမဆုံးတင်သွင်းသော ကျားကွက်ပုံသဏ္ဌာန် အဆိုပြုပုံစံတွင် ပါဝင်သည့် အချက်အလက်အချို့ကို တင်ပြပါမည်။ ရန်ကုန်မြစ်ကမ်းနဖူး မျက်နှာစာကို အနည်းဆုံး ပေ (၁၆၀)ထားရှိ၍ လှနေအိမ်ခြေများ ကင်းရှင်းနေစေရန်၊ လမ်းများကို အကျယ်ပေ (၆၀)၊ တစ်လမ်းနှင့်တစ်လမ်း ပေ (၂၀၀) အကွာအဝေး သတ်မှတ်ပြီး ကမ်းနားလမ်းမကြီးနှင့် ထောင့်မှန်ကျအောင် ဖောက်လုပ်ရန်၊ တောင်-မြောက် ဖောက်လုပ်သည့် လမ်းများသည် နေ့လယ်အချိန်မှလွဲ၍ တစ်ဖက်ခြမ်းတွင် အရိပ်ရရှိရေးနှင့် မီးဘေးလုံခြုံစိတ်ချရေးတို့အပြင် လေဝင်လေထွက်ကောင်းမွန်ရေးအတွက် လမ်းကျယ်များဖောက်လုပ်ရန်၊ မြစ်ကမ်းနောက်ဘက်ရှိ မြေများတွင် ကုန်သွယ်မှုကိစ္စရပ်များအတွက် ပေ (၄၀)×ပေ (၅၀) မြေကွက်များဖော်ထုတ်ချထားသတ်မှတ်ရန် ဒီရေတက်ချိန် ဆူးလေ

ဒေါက်တာမောင်ဂိုမာရီ၏ရန်ကုန်မြို့ကွက် အဆိုပြုပုံစံ
(စက်တင်ဘာလ-၁၈၅၂)



SP- ဆူးလေဘုရား
CH- အကောက်ခွန်ရုံးဆိပ်ကမ်း
GD- အစိုးရသင်္ဘောကျင်း
R- ရေလှောင်ကန်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားအနီးရှိ ရေလှောင်ကန်သို့ မြစ်မှ ရေစီးဝင်နိုင်ရေးအတွက် လမ်းတစ်သမ်းစီ၏ အလယ်တစ်လျှောက် ရေသွယ်မြောင်းများ သွယ်တန်းဖောက်လုပ်ရန်၊ ထိုရေသွယ်မြောင်းမှာ လူတစ်ဦးဝင်ရောက်၍ သန့်ရှင်းရေးလုပ်နိုင်ရမည့် အပြင် အရေးပေါ် မီးရေး ထင်းရေးအတွက် ရေသွယ်မြောင်းတစ်လျှောက် ပေ (၁၀၀)အကွာအဝေးတိုင်း ရေသိုလှောင်ထားမည့် ၁၀ ပေ (သို့မဟုတ်) ၁၅ ပေ နက်သော ရေတွင်းများတူးဖော်ထားရန်၊ အဆောက်အအုံများ၏ အနောက်ဘက်တွင် ရေသိုးမြောင်းထားရှိ၍ အညစ်အကြေးများကို မြစ်အတွင်းသို့ စီးဆင်းနိုင်စေရန်၊ ရေလှောင်ကန်မှရေများကို နာရီဝက်လျှင်တစ်ကြိမ် ဖွင့်ထုတ်၍ အညစ်အကြေးများကို ဆေးကြောသန့်ရှင်းရန်၊ တောင်-မြောက် ဖောက်လုပ်ထားသော လမ်းတစ်လျှောက်ရှိ မြေများကို ပေ (၂၀) အကျယ်အကွက်များဖြင့် ဖော်ထုတ်ပိုင်းခြားထားမည်ဖြစ်ရာ နောက်ဘက်သို့ ရေမြောင်းအထိ ပေ (၈၀)အရှည် မြေကွက်များဖော်ထုတ်ရန်နှင့် အရှေ့-အနောက် ဖြတ်သန်းဖောက်လုပ်ထားသော လမ်းများကိုလည်း တစ်လမ်းနှင့်တစ်လမ်း ပေ (၅၀၀)အကွာ ထားရှိရန်၊ မြို့လယ်တွင် အရိပ်ရ သရက်ပင်၊ မန်ကျည်းပင်များ စိုက်ပျိုးရန်အပြင် အိမ်တိုင်း ကိုယ်ပိုင်ရေတွင်းထားရှိရန်၊ ကုန်းမြင့်နေရာများတွင် အများသုံးရေတွင်းများ၊ ရေချိုရန်နေရာများနှင့် လူထူထပ်သောနေရာများတွင် မီးလွှာရေသိုးမြောင်းများအပေါ် အများသုံးအိမ်သာများ တည်ဆောက်ရန်၊ အိုးအိမ်တည်ဆောက်မည့် နေရာများကို လေလံတင်ရောင်းချရန် စသည်ဖြင့် ကျန်းမာရေး ကိစ္စရပ်များ အပါအဝင် မြို့ကွက်ပုံစံကို ရေးဆွဲတင်ပြထားသည်ကို တွေ့ရသည်။

**ဖိုလ်ဖရေဇာ၏ အဆိုပြုပုံစံ**

နောင်အခါ သက်ဆိုင်ရာအာဏာပိုင်များက ဘင်္ဂလားအင်ဂျင်နီယာတပ်မှ ဗိုလ်ဖရေဇာ (Lt.A.FRASER) အား မောင်ဂိုမာရီ အဆိုပြုတင်ပြထားသော ကျားကွက်သဏ္ဍာန် ရန်ကုန်မြို့၏ အဆိုပြုပုံစံကို အခြေပြု၍ ရန်ကုန်မြို့ကွက် အသေးစိတ်ပုံစံ ထပ်ရေးဆွဲတင်ပြစေသည်။ ရန်ကုန်မြို့သည် အထူး ဒီရေတက်သည့်အခါ မြို့၏နေရာတော်တော်များများ ရေလွှမ်းမိုးခြင်းခံရသဖြင့် ဖရေဇာက မြစ်ကမ်းခြေတစ်လျှောက် ရေကာတာ တာဘောင်တည်ဆောက်လိုသည်။ သူ၏အဆိုပြုချက်တွင် လမ်းမတော် (ဂေါ်ဖွင်လမ်း)ဆိပ်မှ အစိုးရသင်္ဘောကျင်း နေရာအထိ၊ သာယာဝတီမင်း၏ ရန်ကုန်မြို့ဟောင်းမှ သစ်များကို အသုံးပြု၍ ကမ်းနားတစ်လျှောက် ကတုတ်တိုင်များကို နီးကပ်စွာ စိုက်ထူလိုသည်။ ရေအမြင့်ဆုံးတက်ချိန်တွင် တိုင်ထိပ်များသည် ရေမျက်နှာပြင်


ဗိုလ်ဖရေဇာ၏ရန်ကုန်မြို့တွက် အဆိုပြုပုံစံ
(ဇက်တင်ဘာလ-၁၈၅၂)



SP- ရွှေဒလဘုရား
CH- အကောက်ခွန်ရုံးဆိပ်ကမ်း
GD- အစိုးရသင်္ဘောကျင်း
R- ရေလှောင်ကန်
----- ရေဆိုးမြောင်း
+++- ရေမြောင်းမကြီး(ကျုံး)

www.burmeseclassic.com

ဗိုလ်ဖရေဇာ၏ တရားဝင်အသိအမှတ်ပြုခဲ့သော ရန်ကုန်မြို့ကွက် အဆိုပြုပုံစံ



SP - ဆူးလေဘုရား
G - လမ်းမတော်ဆိပ်ကမ်း
CH - အကောက်ခွန်ရုံး(ဆိပ်ကမ်း)
RD - အစိုးရသခင်ဘဲ(?)ကျင်း

အထက် တစ်ပေခွဲခန့် ရှိရမည်ဖြစ်သည်။ စိုက်ထူထားသော တိုင်များအတွင်းဘက်တွင် ပေ (၄၀)အကျယ် ကမ်းနားလမ်းကို ဖောက်လုပ်မည်ဖြစ်ပြီး လမ်း၏အမြင့်ကို တိုင်ထိပ်များနှင့် ချိန်ညှိ၍ တည်ဆောက်ရန်ဖြစ်သည်။

ထို့ပြင် ကမ်းနားလမ်းမကြီး၏ အနောက်ဘက်တွင် မြို့ကို အထက် အောက် နှစ်ပိုင်း ပိုင်းခြားထားမည်၊ ဆူးလေဘုရားတောင်ဘက်ကို ဖြတ်၍ ကမ်းနားလမ်းမကြီးနှင့်အပြိုင် ရေမြောင်းမကြီး ဖောက်လုပ်ခွဲခြားထားမည်။ ထိုမှရေကို အလောင်းမင်းတရားကြီး၏ ခံတပ်ပောင်းအရှေ့ဘက်မှ ရေသွယ်မြောင်းဖြင့် မြစ်အတွင်းစီးဆင်းစေမည်။ မြောင်းမကြီးမှာ အနက် (၈ပေ)၊ အကျယ် (၁၀)ပေမှ (၁၅)ပေထားရှိမည်ဖြစ်ပြီး မြို့အထက်ပိုင်းမှ ရေများ စီးဆင်းနိုင်ရန်ဖြစ်သည်။ ဆူးလေဘုရားအနီးရှိ ရွှံ့နွံအိုင်ကြီး (ယခု မဟာဗန္ဓုလပန်းခြံနေရာ)ကိုမြို့အထက်ပိုင်းမှ စွန့်ပစ်အမှိုက်သရိုက်တို့ဖြင့် ဖို့ရန်အပြင် မြို့အောက်ပိုင်း၌ ရေသိုးပြွန်မကြီး (Sewage) ၅-ခုထားရှိပြီး ကမ်းနားလမ်းနှင့် ထိပ်တိုက်ထောင့်မှန်ကျအောင် ဖောက်လုပ်ရန်ဖြစ်သည်။ ထိုမှတပါး ရေသိုးပြွန်တစ်ခုနှင့်တစ်ခုသားတိုက်ဆက်သွယ်ထားရှိကာ အချို့နေရာများတွင် မီးရေး၊ [illegible] အတွက် ရေသိုလှောင်ထားရှိမည်

www.burmeseclassic.com

အချက်များ ဖရေဇာ၏ အဆိုပြုပုံစံတွင် ဖော်ပြပါရှိသည်။

အထက်တွင် ဖော်ပြသည့်အတိုင်း ရေသိုးပြွန်ကြီးငါးခု တည်ဆောက်လိုက်ပါက လမ်းမတော်ဆိပ်ကမ်း (GODWIN WHARF)မှ အကောက်ခွန်ဆိပ်ကမ်းဟောင်း (CUSTOM HOUSE WHARF) အထိ မြို့ကွက်အပိုင်း (၆)ပိုင်း ပေါ်ထွက်လာမည်ဖြစ်သည်။ ထို့ပြင် ရေမြောင်း (DRAIN) များကို ကိုက် (၂၅၀)ခွာ၍ ရေမြောင်းနှစ်ခုအကြား အနည်းဆုံး ပေ (၄၀) အကျယ်လမ်းများ ဖောက်လုပ်ရန်ကိုလည်းကောင်း၊ မီးရေး ထင်းရေးအတွက် မြို့တစ်ပိုင်းမှ တစ်ပိုင်းသို့ မီးမကူးနိုင်ရန် အိမ်နေရာများကို လမ်းနောက်ဘက် ရေမြောင်းမှ ပေ (၂၀) အကွာတွင် ဆောက်လုပ်ရန်ကိုလည်းကောင်း အဆိုပြုတင်ပြထားသည်။

ထိုမှတစ်ပါး ဖရေဇာ၏ အဆိုပြုချက်တွင် မြို့အရှေ့ဘက်စွန်းရှိ အစိုးရသင်္ဘောကျင်းမှ စတင်၍ မြို့မြောက်ဘက်နှင့် အနောက်ဘက်သို့ ဦးတည်ကာ မြို့နှင့် သာယာဝတီမင်း၏ ခံတပ်အကြား ဖြတ်သန်း၍ လမ်းမတော်ဆိပ်ကမ်းအထိ ကျုံးတစ်ခုဖောက်လုပ်မည်ဖြစ်သည်။ ဒီရေမြင့်တက်ချိန်တွင် ကျုံးအတွင်း ရေဝင်ရောက်လာမည်ဖြစ်ပြီး ထိုရေကို ရေတံခါးဖြင့် ထိန်းထားနိုင်မည်။ မြစ်မှ အထက်ဘက်ရှိ ကျုံးသို့ ရေသိုးပြွန်များ သွယ်တန်းထားသဖြင့် လိုအပ်သည့်အခါ ထိုရေသိုးပြွန်များကို အသုံးပြုပြီး အထက်ဘက်ကျုံးမှရေကို ဖွင့်ထုတ်ကာ အညစ်အကြေးများကို သန့်ရှင်းအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အဆိုပြုချက်တွင် ပါဝင်သည်။

တကယ်တမ်း မြို့ကွက်ဖော်သည့်အခါ ဆူးလေဘုရားမျက်နှာစာရှိ ရေမြောင်းမကြီး ဖောက်လုပ်မည့်အဆိုပြုချက်ကို ပယ်ဖျက်၍ ပေ (၄၀)လမ်းများအစား ပေ (၁၀၀)လမ်းမကြီးများကို ဖောက်လုပ်ခဲ့သည်။

ဤကား ဗိုလ်ဖရေဇာ၏ ရန်ကုန်မြို့ တည်ဆောက်ရေးအဆိုပြုချက်များအနက် အချက်အချို့ကို ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။ နောက်ပိုင်း၌ မြို့ကွက်ပုံစံအသေးစိတ်ပြင်ဆင်မှုများများစွာရှိခဲ့သည်။

[ယနေ့ အနော်ရထာလမ်းမကြီးပေါ်ရှိ ရွှေတိဂုံဘုရားလမ်းမှ လမ်းမတော်အထိ အပိုင်းအခြားကို ရှေးယခင်က ခေါ်ဝေါ်သုံးစွဲခဲ့သည့်အတိုင်း ကျုံးကြီးလမ်းဟု ခေါ်တွင်နေဆဲပင်ဖြစ်ပါသည်။ ရှေးအခါက ထိုနေရာတွင် ကျုံးတည်ရှိခဲ့ပြီး ကျုံးအတွင်း လှေပြိုင်ပွဲများ ဆင်နွှဲခဲ့ကြောင်း၊ နောင်အခါ ကျုံးကို မြေဖို့၍ ဆေးရုံ၊ အဆောက်အဦများ ဆောက်လုပ်ခဲ့ကြောင်း၊ နဂါးဗိုလ်ထိပ်တင်ဒွေး၏ ရန်ကုန်ရာဇဝင်တွင် လေ့လာဖတ်ရှုရသည်]

ခေတ်မီ ရန်ကုန်မြို့တော်သစ်ကြီးကိုကြည့်လျှင် မြို့၏အကျယ်အဝန်းမှာ ယခု ရန်ကုန်အနောက်ပိုင်း လမ်းမတော်လမ်းမှ ရန်ကုန်အရှေ့ပိုင်း သိမ်ဖြူလမ်းအထိ၊ တောင်ဘက်တွင် ရန်ကုန်မြစ်၊ မြောက်ဘက်တွင် မောင်ဂိုမာရီလမ်း (သို့မဟုတ်) ကော်မရှင်နာလမ်းဟုခေါ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိသာဖြစ်သည်။ ရန်ကုန်မြို့၏ ခန့်မှန်းလူဦးရေ သုံးသောင်းခြောက်ထောင်နေနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

[အထက်ဖော်ပြပါ မောင်ဂိုမာရီလမ်း (သိမ်ဖြူလမ်းမှ လမ်းမတော်အထိ အပိုင်းအခြား)မှာ ရန်ကုန်မြို့ကွက်ကို စတင်ရေးဆွဲအဆိုပြုသူ ဒေါက်တာဝီလျံ မောင်ဂိုမာရီကို အစွဲပြုခေါ်ဝေါ်ခြင်းဖြစ်ပြီး ကော်မရှင်နာလမ်းမှာ ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗဟိုစံပြအထက်တန်းကျောင်း (လသာ-၁)ကျောင်းနေရာတွင် ကော်မရှင်နာမင်းကြီး ဖယ်ယာနေထိုင်ခဲ့သည်ကို အကြောင်းပြု၍ ကျောင်းရှေ့ရှိ လမ်းမကြီးကို ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။]

ဖရေဇာ၏ ရန်ကုန်မြို့ နောက်ဆုံးအဆိုပြုပုံစံတွင် လမ်းမတော်လမ်း (ဂေါ်ဒွင်လမ်း)ကို အစထား၍ ဆူးလေဘုရားကို မြို့လယ်ဟု သတ်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်ကမ်းနားလမ်း(၁၈၇၈)

သည်။ သို့ဖြင့် ပေ (၂၀၀)ကျယ်သော လမ်းတစ်လမ်းအား မြစ်မှ ဆူးလေဘုရားကို ဖြတ်၍ မြောက်ဘက်သို့ ဖောက်လုပ်ရန်ဖြစ်သည်။ မြို့အနောက်ပိုင်းတွင် ပေ (၁၀၀)အကျယ် တောင်-မြောက်လမ်းမကြီး (၄)လမ်း၊ မြို့အရှေ့ပိုင်းတွင် ထိုလမ်းမျိုး (၃)လမ်းကို ဆူးလေလမ်းမကြီးနှင့် ယှဉ်ပြိုင်၍ တစ်လမ်းနှင့်တစ်လမ်း ပေ (၈၅၀)အကွာ အဝေးထား၍ ဖောက်လုပ်ရန်ဖြစ်သည်။

ထိုမှတပါး ပေါ်ပေါက်လာသော ဘလောက် (BLOCKS) အပိုင်းအခြားများကို တောင်-မြောက် ဖောက်လုပ်ထားသော ပေ (၅၀)အကျယ် လမ်းမကြီးတစ်လမ်း၊ ပေ (၃၀)အကျယ် လမ်းငယ် (၄)လမ်းဖြင့် ခွဲခြားသတ်မှတ်ထားသည်။

ရန်ကုန်အရှေ့ပိုင်းမှ အနောက်ပိုင်းသို့ ဖောက်လုပ်မည့်လမ်းမကြီးများမှာ အရေအတွက်အားဖြင့် (၄)လမ်းဖြစ်သည်။ ထိုလမ်းကြီးများသည် အကျယ်ပေ (၁၀၀)စီရှိမည်ဖြစ်သည့်အပြင် တစ်လမ်းနှင့်တစ်လမ်း ပေ (၈၀၀)ကွာဝေးမည်ဖြစ်သည်။ ယခု ဒဂုံမြို့နယ်ရှိ ကန်တော်မင် (CAN-TONMENT) နယ်မြေမှာ ဖရေဇာ၏ အဆိုပြုပုံစံတွင် မပါရှိဘဲ စစ်ဘက်အာဏာပိုင်များက သီးခြားတာဝန်ယူအုပ်ချုပ်မည်ဖြစ်သည်။

အာဏာပိုင်များသည် ခေတ်မီရန်ကုန်မြို့တော် တည်ဆောက်မည့် အဆိုပြုပုံစံကို လက်ခံအတည်ပြုပြီးနောက် လမ်းများကို အမည်ပေးရန် လိုအပ်လာသည်။ သို့ဖြင့် တောင်-မြောက် ဖောက်လုပ်သွယ်တန်းထားသည့် လမ်းငယ်များကို ရန်ကုန်အနောက်ပိုင်း (၁၇)လမ်းမှ ရန်ကုန်အရှေ့ပိုင်း (၄၄)လမ်းအထိ ဂဏန်းအားဖြင့် အရေအတွက် အမှတ်စဉ်ရေးထိုးသတ်မှတ်သည်။ (၁)လမ်းမှ (၁၆)လမ်းအထိ ကျန်လမ်းငယ်များကို နောင်အခါ အနောက်ဘက်သို့ မြို့တိုးချဲ့မည်ဆိုပါက အမှတ်စဉ် ရေးထိုးရန် ချန်လုပ်ထားသည်။ လူ့အမည်ဖြင့် သတ်မှတ်ခေါ်ဆိုမည့် လမ်းများကို အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီက သူ၏ ချစ်ကျွမ်းဝင်သော ပုဂ္ဂိုလ်များ၏ အမည်များပေးခဲ့သည်ဟု အဆိုရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**တောင်မှမြောက်သို့ ဖောက်သောလမ်းများ**

၁။ **အရှေ့လမ်း (ခေါ်) ဂျူဒါအီဇီကယ်လမ်း**

(JUDHA EZEKIEL)

ယခု သိမ်ဖြူလမ်း။

(ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေလှူဒါန်းခဲ့သော ဂျူးလူကြီးလူကောင်း အမျိုးသား၏အမည်)

၂။ **ဘရုတ်ကင်းလမ်း**

(CAPTAIN BROOKING)

ယခု ဘိုကလေးဈေးလမ်း

(အရှေ့အိန္ဒိယကုမ္ပဏီပိုင် ပရော့စပိုင်း (PROSPERPINE) စစ်သင်္ဘော ကပ္ပတိန်၏အမည်)

၃။ **စပတ်လမ်း** (T.P. SPARKS)

ယခု ဗိုလ်အောင်ကျော်လမ်း

(ရန်ကုန်အရေးပိုင် (DEPUTY COMMISSIONER) တီပီစပတ်၏ အမည်)



www.burmeseclassic.com

www.burmeseclassic.com

**၄။ လူးဝစ်လမ်း** (H.LEWIS)

ယခု ဆိပ်ကမ်းသာလမ်း

(ချန်ပီယံ သင်္ဘောကပ္ပတိန်၊ ဆိပ်ကမ်းအရာရှိ၏အမည်)

**၅။ ဖယ်ယာလမ်း** (A.P. PHAYRE)

ယခု ပန်းဆိုးတန်းလမ်း

(အောက်မြန်မာနိုင်ငံ ဆိုင်ရာ ဓန်ရှင်တော်မင်းကြီး၊ ကော်မရှင်နာ အာသာဖယ်ယာ၏အမည်)

ရန်ကုန်မြို့ကို ခေတ်မီမြို့တော်ကြီးအဖြစ် တည်ဆောက်စဉ်က ပန်းဆိုးတန်းသည် မြို့အပြင်ဘက်တွင် ရှိခဲ့သည်။ သန့်ရှင်းသောရေ ရရှိရေးအတွက် မြို့သူမြို့သားများသည် ရေတွင်းများကိုသာ အဓိက ထားရသည်။ ထိုစဉ်က ပန်းဆိုးတန်းရှိ ကဒတ်ငန်း၊ အင်္ဂလိပ်အခေါ် ရီဘက်ကာ (REBECCA WELL) ရေတွင်းမှာ ရေကောင်း ရေသန့်ရသည့် အထူးကျော် ကြားသော ရေတွင်းဖြစ်သည်။ တစ်ချိန်က တည်ရှိခဲ့သည့် ဂရင်း (GREEN HOTEL) ဟိုတယ်နှင့်စိန်ဘုရားသားကုန်တိုက်ကြီးအကြားတွင်ရှိခဲ့သည်။ နောင်အခါ သတင်းစာ၊စာရေးဆရာ အသင်းတိုက် နေရာဖြစ်သည်။

**၆။ ဘားလမ်း** (G.E. BARR)

ယခု မဟာဗန္ဓုလပန်းခြံလမ်း

(ယခင် မော်လမြိုင်မြို့ စစ်ကဲလက်ထောက်ကော်မရှင်နာမင်းကြီး (ASSISTANT COMMISSIONER) ၏အမည်)

**၇။ ဆူးလေဘုရားလမ်း**

**(ယခင်မြန်မာအခေါ် ရှော့တန်းလမ်း)**

ယခု ဆူးလေဘုရားလမ်း။

**၈။ စစ်ကဲမောင်ထော်လေးလမ်း**

ယခု ဗိုလ်ဆွန်ပက်လမ်း

(ခရစ်နှစ် ၁၇၇၆ ခုနှစ်ဖွား။ ထင်ရှားသော မွန်အမျိုးသား၏အမည်၊ မြန်မာဘုရင်လက်ထက် ဒလမြို့စား၊ ဗြိတိသျှတို့လက်ထက်တွင် စစ်ကဲရာထူးဖြင့် အမှုထမ်းခဲ့ပြီး ၁၈၆၉ ခုနှစ်တွင် တွံတေးမြို့၌ ကွယ်လွန်သည်။)

**၉။ မဂိုလမ်း** (MOGUL)

ယခု ရွှေဘုံသာလမ်း

(အစ္စလာမ်ဘာသာဝင်များနေထိုင်ရာရပ်ကွက်ရှိ မွတ်စလင် ကုန်သည်ကြီးများ အခြေချနေထိုင်ရာလမ်း)

**၁၀။ အက်ဒွပ်လမ်း** (R.S. EWARDS)

ယခု ကုန်စျေးတန်းလမ်း

(အာကောက်ဝန် ရေဘတ် ဆင်မြူရယ် အက်ဒွပ်၏အမည်)

**၁၁။ တရုတ်တန်းလမ်း** (China Street)

ယခု ရွှေတိဂုံဘုရားအောက်လမ်း

(တရုတ်လူမျိုးများနေထိုင်ရာရပ်ကွက်ရှိ တရုတ်ကုန်သည်ကြီးများ အခြေချနေထိုင်ရာလမ်း)

**၁၂။ စစ်ကဲမောင်ခိုင်လမ်း**

ယခု ဗိုလ်ရှဲလမ်း

(သီပေါမင်းပါတော်မူပြီး သုံးနှစ်မခံ တော်လှန်ခဲ့သူတစ်ဦးဖြစ်သည့် ဗိုလ်ရှဲ၏ငယ်နာမည်မှာ မောင်ရွှေဆွဲ ဖြစ်ပါသည်။) ယခင် မောင်ခိုင်သည် စစ်ကဲဦးထော်လေး၏ သားမက်၊ ၁၈၁၂ ခုနှစ် နှောင်းပိုင်း တွံတေးမြို့ဝန်၊ ၁၈၆၄ ခုနှစ်တွင် တွံတေးမြို့၌ ကွယ်လွန်။

**၁၃။ လတ္တာလမ်း**

(Capt; THOMAS LATTER)

ယခု လသာလမ်း

(ဘင်္ဂလားအမှတ် (၆၇) တပ်မှ ဗိုလ်ကြီး၏အမည်၊ ပြည်မြို့အရေးပိုင်၊ ၁၈၅၃ ခုနှစ်တွင် လုပ်ကြံခံရ)

ရန်ကုန်မြို့ စတင်တည်ထောင်စဉ်က တရုတ်လူမျိုးများနေထိုင်ရာ တပ်ကလေး(TACKLAY)ရှိ တရုတ်ဆိပ်ခံတံတား (ယခု အမှတ် ၃ ဆိပ်ခံတံတား) အနောက်ဘက်တွင် ရန်ကုန်မြစ်ထဲသို့ စီးဝင်သည့် ချောင်းငယ်တစ်သွယ်ရှိသည်။ သက်ဆိုင်ရာက ထိုချောင်းငယ်ကို မြေဖို့ခဲ့ရာ တစ်ပိုင်းမှာ ယခု လသာလမ်းဖြစ်လာသည်။ လသာလမ်းမှာ ယခင်က ချောင်းငယ်ဖြစ်သည်။

**၁၄။ ကရစ်(ပ်)လမ်း** (Mr.C.M. CRISP)

ယခု စဉ့်အိုးတန်းလမ်း

(စာတိုက်ဗိုလ်၊ နောင်အခါ ရာဖြတ်အရာရှိ၏အမည်)



www.burmeseclassic.com

www.burmeseclassic.com

**၁၅။ ဂေါ်ဒွင်လမ်း** (A.T. GODWIN)

ယခု လမ်းမတော်လမ်း

(ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ကြည်းကြောင်းချီတပ်ပေါင်းစုတပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဂေါ်ဒွင်၏အမည်)

**၁၆။ စထရင်းရုဒ်** (STRAND ROAD)

ယခု ကမ်းနားလမ်း

(အရှေ့မှအနောက်သို့ ဖောက်လုပ်သောလမ်းများ)

**၁၇။ ရှပ်ဖရက်လမ်း**

(SHAFRAZ STREET)

ယခု ဘဏ်လမ်း

(ကြွယ်ဝချမ်းသာသော အာမေးနီးယန်းလူမျိုးကန်ထရိုက်တာ။ သင်္ဘောကုန်တင်ကုန်ချလုပ်ငန်း ဆောင်ရွက်သူ၏အမည်၊ ထိုလမ်းတစ်လျှောက် ရန်ကုန်မြို့တွင် ပထမဆုံး ဟိုတယ်တည်ဆောက်ပိုင်ဆိုင်သူ။)

**၁၈။ မားချင်းလမ်း**

(MERCHANT STREET)

ယခု ကုန်သည်လမ်း

(ကုန်သည်ကြီးများ အဓိကစီးပွားရေးလုပ်ငန်း လုပ်ဆောင်ရာလမ်း)

**၁၉။ ဒါလဟိုဇီလမ်း**

(DALHOUSIE STREET)

ယခု မဟာဗန္ဓုလလမ်း

(အိန္ဒိယ ဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ၏အမည်)

ဗြိတိသျှ ကိုလိုနီခေတ်တွင် တရုတ်တန်း (ခေါ်) ရွှေတိဂုံဘုရားလမ်းအောက်လမ်းတွင် တရုတ်ပြည်၊ ဖူးကျိုးယင့် ပြည်နယ်သား (မြန်မာအခေါ် လက်ရှည်တရုတ်)တို့၏ ဆိုင်ခန်းများ အများအပြား ဖောက်ကားရောင်းဝယ်ခဲ့ကြသည့်နည်းတူ ကောင်းတုံနယ်သား (မြန်မာအခေါ် လက်တိုတရုတ်)များ၏ ဆိုင်ခန်းများသည်လည်း များစွာပေါ်ပေါက်ခဲ့သည်။

၁၉၄၁ ခုနှစ်၊ ဂျပန်တို့ ရန်ကုန်မြို့ကို မဝင်ရောက်မီ ယခု မဟာဗန္ဓုလလမ်းမကြီး တစ်လျှောက်တွင် ကောင်းတုံ ဆိုင်ခန်းပေါင်း (၆၃)ဆိုင်ခန့်ရှိခဲ့သည်။ ယင်းတို့တွင် ပိုး၊ ဖဲ အထည်အလိပ်ဆိုင်များ။ တရုတ်ဘယဆေးဆိုင်၊ ပန်းတိမ်ဆိုင်၊ နိုင်ငံခြားအရက်ဆိုင်၊ အအေးဆိုင်၊ ရွှေဆိုင်၊ ဓာတ်ပုံဆိုင်၊ ကော်ဖီဆိုင်၊ ဖိနပ်ဆိုင်၊ ကုန်မျိုးစုံဆိုင်၊ အပ်ချုပ်ဆိုင်၊ အပေါင်ဆိုင်၊ ဝက်သားကင်ဆိုင်၊ ပျော်ပွဲစားရုံ၊ ပရိဘောဂ၊ အပေါင်ဆုံးပစ္စည်းဆိုင်များ ပါဝင်သည်။

ထို့ကြောင့် (၂၀)ရာစု ခေတ်ဦးရန်ကုန်မြို့၌ ထုတ်ဝေသော တရုတ်သတင်းစာများက မဟာဗန္ဓုလလမ်းကို ကောင်းတုံလမ်းမကြီး ဟူ၍ပင် တင်စားခေါ်ဝေါ်ခဲ့ဘူးသည်။

၁၉၅၀ ပြည့်နှစ်လွန် ကာလများအထိ ထို တရုတ်တန်းညဈေးမှာ လွန်စွာ စည်ကားလှသည်။

**၂၀။ ကင်နယ်လမ်း** (CANAL STREET)

ယခု ကျုံးကြီးလမ်း

(ဖရေဇာ၏ ရန်ကုန်မြို့ အဆိုပြုပုံစံတွင် စီမံချက်အဖြစ် ထားရှိသော ကျုံးလမ်း။)

**၂၁။ ဖရေဇာလမ်း**

(FRASER STREET)

ယခု အနော်ရထာလမ်း

(ရန်ကုန်မြို့တော် တည်ဆောက်ရေးပုံစံရေးဆွဲခဲ့သူ အင်ဂျင်နီယာတပ်ဗိုလ်၏အမည်)

**၂၂။ မောင်ဂိုမာရီလမ်း**

(MONTGOMERIE STREET)

ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း

(ရန်ကုန်မြို့တော်ပုံစံကို ပထမဆုံးရေးဆွဲတင်ပြခဲ့သူ ဒေါက်တာ ဝီလျံမောင်ဂိုမာရီ၏အမည်)

နောက်လဆက်ရန် . . .

မောင်အေးသန့်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဗေဒင်ဆရာနက်ကြီးနဲ့ အတွင်းဝန်မင်း

■ ဝင်းဆောင်(ရမည်းသင်း)

ဘုရားရှင် လက်ထက်တော်ကပင် ဗေဒင်လက္ခဏာ ပညာရှင်များ ပေါ်ထွန်းခဲ့ပြီး လူမှုနယ်ပယ်တွင် တွင်တွင်ကျယ်ကျယ် အသုံးပြုခဲ့ကြသည်။ တချို့ပညာရှင်များက လက်ရှိမဖြစ်သေး၊ နောက်နောင်ဖြစ်မည့်ကိစ္စများကို အဟောသန်သလို၊ တချို့ပညာရှင်များက ဖြစ်ပြီးကိစ္စများနှင့် နောင်ဖြစ်မယ့် ကိစ္စတွေကို မှန်မှန်တတဟောလေ့ရှိကြသည်။

ဗေဒင်လက္ခဏာ ကြည့်သူများက ရှေ့ကဖြစ်ခဲ့တဲ့ အကြောင်းကိစ္စများ မှန်ကန်စွာ ဟောပြောနိုင်တဲ့ ပညာရှင်ကြီးများကို အလွန်လေးစား ယုံကြည်လေ့ရှိသည်။ ဒါကြောင့် ထိုပညာရှင် ဆရာကြီး ဆရာမကြီးများကဟောတဲ့ နောင်ဖြစ်မယ့် ကိစ္စတွေကိုလည်း မှန်မည်ဟု တစ်ထစ်ချ ယုံကြည်ကြသည်။ ကောင်းတဲ့ကိစ္စဆိုလည်း အမြန်ဖြစ်လာအောင်၊ မကောင်းတဲ့ကိစ္စမျိုးဆိုလည်း လွဲအောင် ဖယ်အောင် ကာယကံရှင်ကိုယ်တိုင်က ကျင့်ကြံအားထုတ်နေလေ့ရှိတတ်ကြတဲ့ပြင် ယတြာချေသင့်လည်း ချေတတ်ကြပါသည်။

မြန်မာမှုနယ်ပယ်မှာ ဗေဒင်ကိန်းခန်း၊ စနည်းတဘောင် ဆိုတာတွေကို အလွန်ယုံကြည်တာ များပါသည်။ အထူးသဖြင့် အကြားအမြင်ရတဲ့ ပုဂ္ဂိုလ်များသလောက် ယုံကြည်သူတွေကလည်း များလှပါသည်။ စိတ်မနောအာရုံ (အကြားအမြင်) လက္ခဏာပညာရှင်၊ ဝိဇ္ဇာ၊ မဟိဒ္ဓိ၊ သိဒ္ဓိ ဂမ္ဘီရ အကြားအမြင် ပညာရှင်၊ ကောင်းကင်ဂြိုဟ်လက္ခဏာ သမထအာရုံ မနောစွမ်းအား မဟိဒ္ဓိ ဗေဒင် (ဂမ္ဘီရအကြားအမြင်)ပညာရှင်၊ နက္ခတ္တဗေဒ(အကြားအမြင်) ဂမ္ဘီရပညာရှင် စသည် စသည်ဖြင့် မြို့နယ်အရပ်ဒေသ အသီးသီးတွင် ဆိုင်းဘုတ်ကြော်ငြာ အသီးသီးထောင်ကာ ဗေဒင်ခန်း လက္ခဏာခန်းများ ဖွင့်၍ ဗေဒင်လက္ခဏာ ယုံကြည်ကြသူများအား မိမိတို့တတ်စွမ်းသည့် ပညာနဲ့ ဟောပြောကူညီနေကြတာ တွေ့ဖူးမြင်ဖူးကြမည်ထင်ပါသည်။ အထူးသဖြင့် မြန်မာပြည်တစ်နံတစ်လျားက တန်ခိုးကြီးဘုရားများ၏ ရင်ပြင်တော်ပေါ်နှင့် စောင်းတန်းများတွင်လည်း သင့်လျော်သလို ဗေဒင်လက္ခဏာ ဟောခန်းများဖွင့်၍ ကူညီနေကြသော ဗေဒင်လက္ခဏာ ပညာရှင်များကိုတွေ့ဖူးမြင်ဖူးကြမည်ထင်ပါသည်။

ဗေဒင်လက္ခဏာ ဟောခန်းများနဲ့ ဗေဒင်လက္ခဏာ ပညာရှင်များကို အရပ်တကာနယ်တကာ တွေ့မြင်နေရသဖြင့် ဗေဒင်လက္ခဏာပညာကို ငါးသိုင်းများ၊ ဟင်းဟုံ့ဆိုတဲ့ စကားလို အထင်သေး၍ ရစကောင်းသော ပညာမဟုတ်။ ဗုဒ္ဓလောင်းလျာ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူစဉ် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ဗေဒင်လက္ခဏာပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်သော ပုဏ္ဏားဖြူ၊ ပုဏ္ဏားညီတို့ကို နန်းတော်သို့ ခေါ်ယူပြီး သားတော်၏ နောင်တွင်ဖြစ်လာမည့် အကြောင်းများကို မခြွင်းမချန် ဗေဒင်လက္ခဏာတော်များ တွက်ချက်ဟောကြားပါလို့ မိန့်တော်မူပါတယ်။

အဲဒီလို ခမည်းတော်မင်းကြီးခေါ်တဲ့ ပုဏ္ဏားဖြူ၊ ပုဏ္ဏားညီတွေထဲမှာ ဗေဒင်အတတ်၊ လက္ခဏာအတတ် တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ကြတဲ့ ပုဏ္ဏားတော်ပညာရှိ ထိတ်ထိတ်ကျဲတွေကိုသာ ရွေးခေါ်တာဖြစ်တယ်။ အရေအတွက်လည်း မများဘူး။ ငါးဦးတိတိပဲ။ အဲဒီငါးဦးထဲက ပညာရှိပုဏ္ဏားတော်လေးဦးက ဤဇမ္ဗူဒိပ်ကျွန်းတွင် မင်းတကာ မင်းတို့ထက် မြတ်သော စကြဝတေးမင်းဖြစ်မည်၊ မင်းတကာမင်းတို့၏ အရှင်တရားမင်းကြီး ဖြစ်မည်၊ ဘုန်းတန်ခိုး အလွန်ကြီးမြတ်သော ဘုရင်တစ်ဆူ ဖြစ်တော်မူမည် စသည်ဖြင့် ကိုယ်စီကိုယ်စီ အဟောထွက်ခဲ့ကြပါသည်။ ပုဏ္ဏားပညာရှိလေးဦး ကိုယ်စီကိုယ်စီ အဟောထွက်ချိန်ထိ မည်သို့မျှ စကားမဆိုလာသော ပုဏ္ဏားတော်တစ်ဦးသာ ကျန်ရှိပါသည်။

ထိုပုဏ္ဏားတော်ပညာရှိကို ခေညီး



www.burmeseclassic.com

www.burmeseclassic.com

တော်၌ သုဒ္ဓေါဒနမင်းကြီးက ပုဏ္ဏားတော်ကြီး ကျွန်ုပ်၏အမေးကို အရှိကိုအရှိအတိုင်း လျှောက်တင်ပါလော့ဟု ထပ်မံအမိန့်ရှိလိုက်သောအခါ (ဒါမဟုတ်ဟိုဟာ) အမြေနှစ်ခွထွက်မည့်အဖြေမျိုး မဟုတ်ဘဲ "ဘုရားစင်စစ် ကေန်ဖြစ်တော်မူမည်"ဟု တစ်မျိုးတည်းသော စကားကိုသာ လျှောက်တင်ခဲ့သည်ဟု ဘာသာရေးဆိုင်ရာ စာအုပ်စာတမ်းများတွင် ဖတ်ရှုမှတ်သားဖူးပါသည်။ ဤဟောပြောချက်အတိုင်းပင် သားတော် သိဒ္ဓတ္ထမင်းသားသည် ဂေါတမမြတ်စွာဘုရားဟူသည့် ဘွဲ့မည်တော်နှင့် ဘုရားစင်စစ် ကေန်ဖြစ်တော်မူခဲ့သည်။

ဗေဒင်လက္ခဏာ ပညာအစွမ်း အံ့မခန်းပဲဆိုတာ အလောင်းတော် မွေးဖွားဖွားချင်း ဘုရားစင်စစ် ကေန်ဖြစ်မည်ဆိုတဲ့ အဟော တိတိကျကျမှန်အောင် ဟောနိုင်ခဲ့တာကိုကြည့်ရင် သိကြမှာပါ။ အဲဒါ··ဗေဒင်လက္ခဏာပညာရဲ့ အစွမ်းပါပဲ။ ဒါကြောင့် မှန်ကန်တဲ့ ဗေဒင်လက္ခဏာပညာနဲ့ ပညာရှင် ဆရာ၊ ဆရာမများရဲ့ ကျင့်ကြံအားထုတ်ခဲ့တဲ့ စရဏအားတွေကြောင့် အကြားအမြင် ပညာရှင် ဆရာကြီး ဆရာမကြီးတွေ အခုခေတ်မှာ ပေါ်ထွက်လာကြတာ အားရစရာကောင်းလှပါတယ်။ တချို့ကျတော့ မိမိတို့ ကျင့်ကြံအားထုတ်မှုကြောင့် အကြားအမြင်တွေ ရထားပေမဲ့ မကြေညာပါဘူး။ ဒါပေမဲ့ လူသိများထင်ရှားကြပါတယ်။

အလျဉ်းသင့်လို့ ကျွန်တော်နဲ့ သူငယ်ချင်းတွေ ကြုံခဲ့ဖူးတဲ့ ၁၉၇၉ ခုနှစ်က ကိုယ်တွေ့အဖြစ်အပျက်တစ်ခု ပြောပြချင်ပါတယ်။ ကျွန်တော်တို့ လုပ်ဖော်ကိုင်ဘက် သူငယ်ချင်း ငါးယောက်ဟာ မန္တလေးမြို့ကို သင်တန်းတက်ဖို့ ရောက်ခဲ့ကြပါတယ်။ တက်ရမယ့် သင်တန်းကျောင်းက ရဲသိပ္ပံကျောင်း။ သင်တန်းကာလက နှစ်လပဲ။ ကျွန်တော်တို့ဟာ သူငယ်ချင်းဆိုပေမဲ့ နယ်ပယ်အသီးသီးက လာကြပြီး သင်တန်းကျောင်းမှာဆုံ သိကျွမ်းကြတဲ့ သူငယ်ချင်းတွေပါ။ ဘယ်ကပဲလာလာ လုပ်ငန်းတူ အရာရှိအချင်းချင်းတွေမို့ တစ်ခဏအတွင်း ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်သွားကြပါတယ်။

"ကဲ··သူငယ်ချင်းတို့ ကျွန်တော်တို့ သင်တန်းကာလ ရှစ်ပတ်၊ ဒီမန္တလေးမြို့တော်ကြီးမှာ သင်တန်းတက်ကြရမှာဆိုတော့ မိသားစုများနဲ့ ဝေးကွာနေချိန် ဟိုသွားဒီသွား ဘာမှ အကျိုးမများဘူး။ သင်တန်းတက်ဆဲကာလ သင်တန်းပိတ်ရက်တွေမှာ မန္တလေးနဲ့အနီးတစ်ဝိုက်မှာ ရှိကြတဲ့ တန်ခိုးကြီးထင်ရှားတဲ့ ဘုရားကျောင်းကန်တွေ အလှည့်ကျ သွားရောက်ဖူးမြော်ကြမယ်ဆို ကောင်းမယ်ထင်တယ်"

"ဟုတ်တယ်။ ကျွန်တော် စောစောကတည်းက သတိရတယ်။ အဲဒီအကြံကောင်းတယ်"

"အေးဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့ အလုပ်က လုပ်ငန်းခွင်ရောက်တာနဲ့ ဂျင်ခြေလည်အောင် အလုပ်က များတတ်တာမို့ ဘုရားကျောင်းကန်တောင် မရောက်ဖြစ်တာများတယ်။ အခုလို သင်တန်းအားရက်လိုမျိုးမှာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ ဆိုတာလို လုပ်ကြမယ်ဆို ကောင်းပါတယ်"

"အဲသလိုနဲ့ သူငယ်ချင်း ငါးယောက် စိတ်တူ၊ သဘောတူ အစီအစဉ်အတိုင်း အကောင်အထည်ဖော်ဖြစ်ကြပါတယ်။ ပထမဦးဆုံး သင်တန်းပိတ်ရက်မှာ ဒီပါအေးမြ ဆရာတော်ကြီးကျောင်း စစ်ကိုင်းတောင်မှာ ရှိပါတယ်။ ဧရာဝတီမြစ်ဆိပ်မှာရှိတဲ့ သရက်ပင်ကြီးတွေရဲ့ အရိပ်အောက်မှာ ခဏနားပြီး မြင့်မြင့်မားမား၊ ခံ့ခံ့ညားညား တည်ဆောက်ထားတဲ့ ခုတ်လှေကားအတိုင်း တက်သွားမယ်ဆို ဒီပါအေးမြဆရာတော်ကြီးကျောင်းကို တန်းတန်းမတ်မတ် ရောက်ပါတယ်။ ကျွန်တော်တို့အဖွဲ့ ကျောင်းရောက်သော်လည်း ဆရာတော်ကြီးကို မဖူးမြော်ခဲ့ရဘဲ ပြန်ခဲ့ရပါတယ်။ အကြောင်းကတော့ ဆရာတော်ကြီး ဂူအောင်း၍ တရားကျင့်နေခြင်းကြောင့် ဖြစ်ပါတယ်။ ထိုအတူ ဒုတိယအကြိမ်တွင်လည်း ဆရာတော်ကြီး ကိုယ်တိုင် တည်ထားတဲ့ ဘုရားတစ်ဆူအား ထီးတော်တင်ရန်ရှိ၍ ဆရာတော်ကြီး ကြွသွားတော်မူသဖြင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဆရာတော်ကြီးနဲ့လွဲပြီး ပြန်ခဲ့ရပြန်ပါတယ်"

"ကျွန်တော်တို့တက်ရတဲ့ သင်တန်းနောက်ဆုံးပတ် ပိတ်ရက်တွင် ကျွန်တော်တို့ ဒီပါအေးမြ ဆရာတော်ကြီးကို တွေ့ဆုံဖူးမြော်ရန် စစ်ကိုင်းတောင်ရိုးသို့ သွားကြပါသည်။ ဆရာတော်ကြီး ဂူအောင်းကာ တရားကျင့်ကြံ အားထုတ်နေသဖြင့် တွေ့ဆုံဖူးမြော်ခွင့် မရခဲ့ကြပါ။ သို့သော် ထိုကျောင်းမှ တိုက်အုပ်ဆရာတော် ဦးကောဇ၏ ညွှန်ပြမှုဖြင့် ဆရာတော်ကြီး ဂူတွင်း ကျင့်စဉ်ကျင့်ကြံတော်မူသော ဂူတော်ကို သိုသိပ်ဖြင့် ပိတ်ထားသည့် ဂူပေါက်ရှေ့မှ ကျွန်

www.burmeseclassic.com

တော်တို့အားလုံး ဆရာတော်ကြီးကို ဦးဦးဦးတိုက်ကန်တော့ခဲ့ကြပြီး မြင့်မြင့်မားမား ခံ့ခံ့ညားညား အုတ်လှေကားကြီးအတိုင်း တစ်လှမ်းချင်းလှမ်း၍ ပြန်ဆင်းခဲ့ကြပါတယ်"

"ဒကာကြီးတို့···ဒကာကြီးတို့"

စစ်ကိုင်းတောင်တော် ဒီပါအေးမြဆရာတော်ကျောင်းမှ ဆရာတော်ကြီးအား ဖူးမြော်ခွင့်မကြုံရဘဲ လွဲခဲ့ကြတာ သုံးကြိမ်သုံးခါ ရှိပြီမို့ စိတ်လက်မချမ်းသာဘဲ တောင်ခြေမြစ်ဆိပ်ကမ်းသို့ ဆင်းလာကြတဲ့ ကျွန်တော်တို့အဖွဲ့သည် ဒီပါအေးမြကျောင်းမှ ကိုရင်ငယ်လေးတစ်ပါးရဲ့ ဒကာကြီးတို့၊ ဒကာကြီးတို့ဟု အော်ခေါ်သံကြားသဖြင့် လှေကားမှ ဆင်းနေသော ခြေလှမ်းများကို တုံ့ခနဲ ရပ်ကာ မြင့်မြင့်မားမား လှေကားကြီးထိပ်ဆီသို့ မျှော်ကြည့်လိုက်ရာ လှေကားကြီးထိပ်မှ လျင်မြန်စွာ ပြေးဆင်းလာသော ကိုရင်ငယ်တစ်ပါးကို မြင်လိုက်ကြသဖြင့် ဆက်မဆင်းဖြစ်ဘဲ ရပ်စောင့်နေလိုက်ကြသည်။

"ကိုရင် ဘာကိစ္စများလဲ"

"ဒကာကြီးတို့ ကျောင်းပေါ် ပြန်လာပါလို့ တိုက်အုပ်ဆရာတော်က အမိန့်ရှိပါတယ်"

"ဘာအကြောင်းကိစ္စများလဲ··· ကိုရင်"

"ဒါတော့ ကျုပ်လည်း မသိဘူး"

"ကဲ···ကဲ···ဘာအကြောင်းလဲ သိရအောင် တစ်ယောက်လိုက်သွားဗျာ"

"တစ်ယောက်မဟုတ်ဘူး။ အားလုံး အားလုံး တက်ခဲ့ဖို့ မှာပါတယ်"

ကိုရင်ငယ်၏ ရှင်းရှင်းလင်းလင်း ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော်တို့အားလုံး အုတ်လှေကားကြီးအတိုင်း ပြန်တက်ကာ တိုက်အုပ်ဆရာတော်နဲ့ ပြန်တွေ့ဖြစ်ကြပါတယ်။

"ဒကာကြီးတို့ လှေကား ဆင်းလိုက်၊ တက်လိုက်နဲ့ တော်တော်မောသွားကြပြီထင်တယ်။ ဟောဒီ မောင်းထောင်ချိုင့်ထဲက ရေတစ်ခွက်စီသောက်ပါ"

ကျွန်တော်တို့အားလုံး တိုက်အုပ်ဆရာတော်တိုက်တဲ့ရေ တစ်ယောက်တစ်ခွက်သောက်ပြီး တိုက်အုပ်ဆရာတော် ဘာဆက်ပြောမလဲဆိုတာ ခဏစောင့်နေလိုက်ပါတယ်။

"ဒကာကြီးတို့ ပြန်မယ့်အချိန်က အန္တရာယ်ရှိနေလို့ ပြန်ခေါ်လိုက်တာပါ။ အခုတော့ အန္တရာယ်ကင်းသွားပြီလို့ ဆရာတော်ကြီး အမိန့်ရှိပါတယ်။ ဒကာကြီးတို့ လိုရာခရီး ဆက်နိုင်ကြပါပြီ"

"အခု ဆရာတော်ကြီး ကျောင်းပေါ်မှာလား။ တပည့်တော်တို့ ကန်တော့နှုတ်ဆက်ချင်ပါတယ် ဆရာတော်"

"သည်းခံပါ ဒကာကြီးတို့။ အခု ဆရာတော်ကြီး အဓိဋ္ဌာန်အတိုင်း ဂူဝင်ပြီး တရားကျင့်ကြံအားထုတ်နေပါတယ်"

ကျွန်တော်တို့လည်း ဆရာတော်ကြီးကို ဖူးမြော်ခွင့်လွဲရပြန်သဖြင့် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်တာမို့ စစ်ကိုင်းတောင်မှ မန္တလေး ထွက်မယ့် ကားလေးဂိတ်သို့ ဆင်းခဲ့ကြပါတယ်။ စောစောကထွက်မယ့် ဟိုင်းလက်ကားကို မမီတဲ့အတွက် နောက်ထွက်မယ့် ဟိုင်းလက်ကားကို နာရီဝက်ကြာစောင့်စီးပြီး မန္တလေးသို့ ပြန်ခဲ့ရပါတယ်။

ကျွန်တော်တို့လည်း ကားပေါ်ရောက်မှ ကျွန်တော်တို့ ပြန်တဲ့အချိန်ဟာ အန္တရာယ်ရှိနေလို့ ပြန်ခေါ်ရတယ်ဆိုတဲ့ တိုက်အုပ်ဆရာတော်ရဲ့ စကား၊ အခု အန္တရာယ်ကင်းပါပြီ လိုရာခရီးဆက်လို့ရပါပြီလို့ ဆိုတဲ့စကား ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ။ ဘာကြောင့်ပြောတာလဲ စသည် စသည်ဖြင့် အတွေးကိုယ်စီတွေးကာ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြဘဲ ကားလေးပေါ်တွင် နှုတ်ပိတ်လိုက်ခဲ့ကြသည်။

"ဟိုး···ဆရာ" ယာဉ်နောက်လိုက် အော်ဟစ်သံကြောင့် ကျွန်တော်တို့ကား ငြိမ့်ခနဲရပ်သွားသည်။

"ဟာ···ဟုတ်ပါရဲ့။ ဒီပုံစံအတိုင်းဆို အသေအပျောက် အထိအရှများ မယ်ဗျ။ ကားလေးက ဘယ်ဘက်တစ်ခြမ်းလုံး စုတ်ပြတ်နေပြီ။ ဘီးလေးဘီးလုံး မီးထောင်နေတယ်။ ကားလေးဂိတ်က ကျွန်တော်တို့ကားရှေ့က ထွက်တဲ့ကားလေ"

"ဟုတ်ပါရဲ့··ကျွန်တော်တို့ ကံကောင်းလို့"

"ကျွန်တော်တို့ ကံကောင်းတာမဟုတ်ဘူး။ ဆရာတော်ကြီးက ဒီကားမစီးဖြစ်အောင်၊ နောက်ကျအောင် ကျောင်းကို ပြန်ခေါ်လိုက်လို့ ဆရာတော်ကြီး ကယ်လိုက်တာ"

"ဟုတ်တယ်"

"ဟုတ်တယ်"

ကျွန်တော်တို့သူငယ်ချင်း ငါးယောက် ပြောနေတဲ့စကားကို အခြားသူများကြားလျှင် ဘယ်သူမှ သဘောပေါက် နားလည်ကြမည် မဟုတ်ပါ။ ကျွန်တော် အထက်မှာပြောခဲ့သလို



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးက ကျင့်ကြံအားထုတ်မှု စရဏအားတွေကြောင့် အကြားအမြင်ရနေမည်ဆိုတာ ယုံကြည်ပါတယ်။ ထို့ကြောင့် ဆရာတော်ကြီး မနောစွမ်းအင်များကြောင့်လည်းကောင်း၊ အကြားအမြင်ကြောင့်လည်းကောင်း ကျွန်တော်တို့ အန္တရာယ်ကျရောက်မှာကို မြင်နိုင်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ သူငယ်ချင်း ငါးယောက်လုံးက ဆရာတော်ကြီးကယ်မ,လို့ အသက်အန္တရာယ်ကျရောက်မယ့်ဘေးက လွတ်ကင်းခဲ့သည်ဟု ယနေ့တိုင် ယုံကြည်ပါတယ်။

အချင်းဖြစ်နေ့က ယာဉ်မတော်တဆဖြစ်သည့်နေရာ အနီးတွင် တွေ့ရသော ကျေးရွာလူကြီးနဲ့ ဒေသခံအချို့ကို မတော်တဆဖြစ်ပွားသော ယာဉ်များပေါ်က လူ(ခရီးသည်)များ အခြေအနေကို မေးကြည့်ရာ ကားလေးပေါ်ကလူတွေ အထိနာကြောင်း၊ အချင်းဖြစ်နေရာတွင် လေးယောက်ခန့် သေကြောင်း နောက်ထပ် ဒဏ်ရာရသူတွေထဲမှ သေနိုင်ကြသေးတယ်လို့ ပြောကြပါတယ်။ ယာဉ်မတော်တဆ ဖြစ်တဲ့နေရာက ရွှေကြက်ယက်ဘုရားနဲ့ စစ်ကိုင်းကြားတစ်နေရာဖြစ်ပြီး ကားလေးနဲ့တိုက်တဲ့ ကားကတော့ (K.M 300) ကားစိမ်းကြီး ဖြစ်ပါတယ်။

ကျွန်တော် အထက်ပါအကြောင်း ရေးတာက အခြား ရည်ရွယ်ချက် မရှိပါဘူး။ မနောစွမ်းအင်အကြားအမြင်ဆိုတာတွေဟာ စနစ်တကျ စည်းကမ်းတကျ ကျင့်ကြံအားထုတ်ကြမယ်ဆိုတာကယ်ရနိုင်တယ်လို့ ပြောချင်လို့ပါ။

နောက်တစ်ခု ကျွန်တော်ပြောချင်တာက ရှေးမြန်မာမင်းများလက်ထက် တတိယ အင်္ဂလိပ်မြန်မာ စစ်ပွဲကာလက မြန်မာအတွင်းဝန်တစ်ဦး ခွေးရူးကိုက်သေဆုံးခဲ့ရတဲ့ အကြောင်းပါ။ အခြားလူတွေလို လမ်းပေါ်သွားရင်းလာရင်း အမှတ်မဲ့ အကိုက်ခံရတာ မဟုတ်ပါဘူး။ အန္တရာယ်ကြိုသိထားလို့ ကိုယ့်ကိုယ်ကို ကာကွယ်နေတဲ့ကြားက ခွေးရူးကိုက်ခံရလို့ ခွေးရူးပြန်ပြီး သေဆုံးရတာ ဖြစ်ပါတယ်။

အဖြစ်က ဒီလိုပါ။ အတွင်းဝန်မင်းဆိုတာ တခြားသူ မဟုတ်ပါ။ တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲကာလက မျက်နှာဖြူ အင်္ဂလိပ်တွေကို ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခဲ့တဲ့ ဝန်မင်းတစ်ဦးပဲ။ သူ့အမည်က လေ့သင်းအတွင်းဝန် ဦးရွှေမောင်တဲ့။

သူ့ခေတ်သူ့ကာလက အလွန်ထင်ရှားနေသူဖြစ်ပါတယ်။ ကိုယ့်မြေကိုယ့်ရေပေါ် လာရောက်ကျူးကျော်သူ မျက်နှာဖြူအင်္ဂလိပ်တွေကို မြန်မာနိုင်ငံသားတွေက ဘုရားထူးနေရတဲ့ အသံကိုလည်း မကြားလိုဘူး။ မမြင်လိုဘူး။ ဒါကြောင့် သီပေါမင်း ပါတော်မူသွားတာနဲ့ တစ်ပြိုင်တည်း သူလည်း မင်းနေပြည်ကခွာပြီး ဇာတိမြေဖြစ်တဲ့ စစ်ကိုင်းတောင်အရှေ့ဖျားက ဝါးချက်ရွာသွား၍ နေထိုင်ခဲ့ပါတယ်။

ဇာတိမြေမှာ နေထိုင်ရင်း စစ်ကိုင်းတောင်ပေါ်ရှိ ဆွမ်းဦးပုညရှင်ဘုရားကြီးကို သွားပြီး ဆွမ်းကပ်တရားထိုင် ပုတီးစိပ်တဲ့အခါစိပ်၊ ဥမင်သုံးဆယ်ဘုရားသွားပြီး ဥပုသ်တီတင်းစောင့်တဲ့အခါ စောင့်တတ်ပါတယ်။ ကျန်တဲ့အချိန်တွေမှာတော့ သူငယ်စဉ်က ကိုယ်ရင်ဝတ်စာသင်ခဲ့တဲ့ ဝါးချက်ရွာက မင်းကျောင်းကို မကြာမကြာ သွားရောက်တတ်ပါတယ်။

မင်းကျောင်းဆရာတော်ဟာ စာတတ်ပေတတ်ကျမ်းပြု ဆရာတော်တစ်ပါးဖြစ်တဲ့အပြင်၊ နက္ခတ်ဗေဒအရာမှာလည်း ဆရာတစ်ဆူ ဖြစ်ပါတယ်။ စစ်ကိုင်းနယ်တစ်ကြောနဲ့ နေပြည်တော်မန္တလေး ဆရာတစ်ဆူ ဖြစ်ပါတယ်။ စစ်ကိုင်းနယ်တစ်ကြောနဲ့ နေပြည်တော်မန္တလေး ရွှေမြို့တော်အထိ "အကြားအမြင်" ရတဲ့ ဆရာတော်ဟု ကျော်ဇော်တဲ့ဆရာတော် ဖြစ်ပါတယ်။

လေ့သင်းအတွင်းဝန်မင်းဟာ ရွှေမန်ကင်းအစစ်က ထင်းဖြစ်ခဲ့ရတဲ့ အရှင်သခင်သီပေါမင်းနန်းစံခဲ့တဲ့ ရွှေနန်းတော်ကြီးနဲ့ ပါတော်မူ သီပေါမင်းမိသားစုတွေကို မကြာမကြာ မြင်ရောင်ကာရင်တွင်းက မချိအောင် ခံစားနေမိတယ်။ ဒါပေမယ့် သူ့ဘာမှ မတတ်နိုင်ပါ။ သူတတ်နိုင်တာကတော့ နယ်ချဲ့အင်္ဂလိပ်ကို သခင်ဟု မခေါ်နိုင်သလို ဘုရားလည်း မထူးနိုင်ပါ။ ဒါကြောင့် မန္တလေးနေပြည်တော်မှ ဇာတိမြေ စစ်ကိုင်းတိုင်းအရှေ့ဖျား ဝါးချက်ရွာကို ပြောင်းနေခဲ့ပါတယ်။

ဇာတိမြေ ဝါးချက်ရွာရောက်တော့လည်း ငယ်ဆရာဖြစ်တဲ့ မင်းကျောင်းဆရာတော်ထံ မကြာမကြာသွားရောက်ပြီး တိုင်းရေးပြည်ရေး အခြေအနေများဆွေးနွေးလေ့ရှိတယ်။ အဲသလိုနေထိုင်ရင်း တစ်နေ့ မင်းကျောင်းဆရာတော်က ဒကာကြီး တိုင်းရေးပြည်ရေး အခြေအနေတွေ သိပ်မကောင်းဘူး။ ဒကာကြီး

www.burmeseclassic.com

အတွက် ဗေဒင်တွက်ကြည့်ပေးမယ်။ ဇာတာယူပြီး နက်ဖြန် ဆွမ်းစားပြီးချိန် ကျောင်းလာခဲ့ဟု မိန့်ကြားပါတယ်။

ဆရာတော်သည် တွေ့သမျှမြင်သမျှ လူတိုင်းကို ဗေဒင်ဟောပြောပေးနေရှိသော ပုဂ္ဂိုလ်မျိုးမဟုတ်။ ယခုမူ လေသင်းအတွင်းဝန်မင်းတွင် တစ်ခုခု ထူးခြားချက်ကို မြင်သဖြင့် ဇာတာနှင့် တိုက်ဆိုင်စစ်ဆေးဟောပြောရန် လိုအပ်၍ ဇာတာယူပြီး ကျောင်းသို့လာရန် မှာကြားလိုက်ခြင်း ဖြစ်နိုင်ကြောင်း လေသင်းအတွင်းဝန်မင်း အကဲခတ်မိ၍ ဝန်မင်းလည်း ဆရာတော်မှာကြားတဲ့အတိုင်း မင်းကျောင်းသို့ အချိန်မှန် ရောက်လာခဲ့သည်။

အတွင်းဝန်မင်း ရောက်ရောက်ချင်း မင်းကျောင်းဆရာတော်သည် ဇာတာကို စေ့စပ်သေချာစွာ စစ်ဆေးတွက်ချက်လိုက်သည်။

အဟောထွက်တာကတော့ -

“၁၅ ရက်အတွင်း ခွေးရူးကိုက်ခံရပြီး ခွေးရူးပျံသေမည်” . . . တဲ့။

“ဆရာတော်ဘုရား ရှောင်လွှဲလို့ မရဘူးလား။ ဥပမာ ယတြာချေတာတို့ ဘာတို့ပေါ့ ဘုရား”

“ဒါတော့ ဒကာကြီးရဲ့ ကံဉာဏ်ဝီရိယနဲ့ ဆိုင်ပါတယ်။ ဖြစ်မယ့်ဘေးသိနေရင် မဖြစ်အောင် ရှောင်ရမှာက ဒကာကြီးရဲ့ တာဝန်ပဲ”

ဆရာတော်က လေသင်းအတွင်းဝန်မင်းကို ဇာတာယူပြီး ကျောင်းကိုလာခဲ့ဖို့ ခေါ်ကတည်းက အတွင်းဝန်မင်းဟာ အဆိပ်ရှိတဲ့သတ္တဝါ တစ်ကောင်ကောင် ကိုက်တာခံရပြီး သေရတော့မှာကို ဆရာတော် ကြိုသိနေပုံရပါတယ်။ ဒါကြောင့် မင်းကျောင်းဆရာတော်ကို တပည့် ဒကာ၊ ဒါယိကာမတွေက အကြားအမြင်ရတယ်ဟု ပြောနေဆိုနေကြခြင်း ဖြစ်နိုင်ပါတယ်။

ဆရာတော် အဟောက ခွေးရူးကိုက် ခွေးရူးပျံသေမည်ဟု အဟောထွက်တော့ ဒိန်းခနဲ ခေါင်းနားပန်းကြီးသွားတယ်။ ဒါပေမဲ့ အတွင်းဝန်မင်းဟာ ယခင်က မင်းခယောက်ျားလုပ်ခဲ့တဲ့သူ တစ်ယောက်ဆိုတော့ ကိုယ့်စိတ်ကိုယ် ထိန်းနိုင်ပါတယ်။ ဆရာတော်ပြောသလိုပဲ ဖြစ်လာမယ့်အန္တရာယ် လွတ်ကင်းအောင် ကံဉာဏ်ဝီရိယနဲ့ ဆောင်ရွက်နေထိုင်မယ်လို့ ဆုံးဖြတ်ပြီး ဝါးချက်ရွာကနေ မနီးမဝေးမှာရှိတဲ့ အတွင်းဝန်မင်းပိုင် ဥယျာဉ်ခြံလေးထဲမှာရှိတဲ့ ခြေတံရှည်အိမ်လေးဆီ ချက်ချင်းပြောင်းနေလိုက်ကြပါတယ်။

အဲဒီဥယျာဉ်ခြံလေးက စစ်ကိုင်းတောင်ရိုးကို ကွေ့ဝိုက်စီးတဲ့ ဧရာဝတီမြစ်နဲ့လည်း နီးတယ်။ အရင်ကတည်းက ဥယျာဉ်ခြံထဲမှာ သီးပင်စားပင်တွေစိုက်ဖို့ ရေရအောင် ဒီရေတိုးပေါက်ကတစ်ဆင့် ဥယျာဉ်ခြံထဲအထိ ရေသွင်းထားတော့ ကျုံးပတ်လည်ဝိုင်းထားတဲ့ အိမ်လေးသဖွယ်မို့ အိမ်သူအိမ်သားတွေတောင် အိမ်ရောက်အောင် ရေပြင်လှေနဲ့ ဖြတ်ဝင်မှ ဥယျာဉ်ခြံထဲက အိမ်ဆီ ရောက်နိုင်ကြပါတယ်။

အတွင်းဝန်မင်းက ခွေးရူးဆိုတာ ရေကြောက်တယ်လို့ သိထားတယ်လေ။ ဒါကြောင့် ဥယျာဉ်ခြံထဲက ရေပတ်လည်ဝိုင်းနေတဲ့ ခြေတံရှည်အိမ်လေးဆီ ပြောင်းနေမယ်ဆို ခွေးရူးအန္တရာယ်ဘေးက လွတ်နိုင်မယ်လို့ ယူဆပြီး ရေပတ်လည် ဝိုင်းနေတဲ့ ဥယျာဉ်ခြံထဲက အိမ်လေးဆီ ပြောင်းခဲ့တာပါ။

ဒါပေမဲ့ လေသင်းအတွင်းဝန်မင်း မှန်းချက်နဲ့ နမ်းထွက် မကိုက်ဘူးလို့ ပြောရမလားပဲ။ တစ်နေ့ နံနက်စောစော အိပ်ရာထပြီး အိမ်ပေါ်ကဆင်းအလာ လှေကားပေါ်တွင် ဘယ်အချိန် ဘယ်ကာလက ဘယ်လိုရောက်နေမှန်းမသိတဲ့ ခွေးနက်ကြီးတစ်ကောင်ဟာ အတွင်းဝန်မင်းရဲ့ ခြေသလုံးကို မိမိရရကိုက်တာ ခံလိုက်ရတယ်။ ခွေးရူးကိုက်ခံရမှ ခွေးရူးပျံတာ မဟုတ်။ ခွေးရူးသွားရည်ထိရုံမျှနဲ့ ခွေးရူးပျံတယ်လို့ အဆိုရှိပါတယ်။

တိုတိုပြောရရင်တော့ လေသင်းအတွင်းဝန်မင်းလည်း မင်းကျောင်းဆရာတော် ကြိုတင်သိမြင်ဟောထားသလိုပဲ ခွေးရူးကိုက်ခံရပြီး ခွေးရူးပျံသေဆုံးသွားရပါတယ်။


ကျွန်တော့်အနေနဲ့ လေသင်းအတွင်းဝန်မင်း ခွေးရူးကိုက်သေဆုံးရတာ ရေးပြနေတာ မဟုတ်ပါဘူး။ အဲဒီခေတ်ကတည်းက အကြားအမြင်ရှိတယ်ဆိုတာ အထောက်အထားနဲ့ တင်ပြရုံသက်သက်ပါ။ မင်းကျောင်းဆရာတော်က လေသင်းအတွင်းဝန်မင်းကို ရက်အပိုင်းအခြား အတိအကျဖော်ပြပြီး ခွေးရူးကိုက်သေဆုံးမယ်လို့ ကြိုတင်ဟောထားတဲ့ ရက်ပိုင်းအတွင်းမှာ ခွေးရူးကိုက်ခံရတယ်။ ပြီးတော့ သမားတော်ကောင်းများနှင့် ချက်ချင်း ဆေးဝါးကုသော်လည်း ခွေးရူးပျံပြီး သေဆုံးရတယ်လေ။

ဝင်းသောင်(ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com



# ပိဋကတ်ထဲမှ ဂမ္ဘီရ (၃)

■ သကျဝံသ

### သုမ္မောနတ်သဘင်

လဲပြည့်လကွယ် ဥပုသ်နေ့များတွင် စတုမဟာရာဇ် နတ်ပြည်မှ နတ်တို့ လူ့ပြည်သို့ ဆင်းလာပြီး ကောင်းမှုရှင်စာရင်း၊ မကောင်းမှုပြုလုပ်သူတို့၏စာရင်း ကောက်ယူ၍ သုမ္မောနတ်သဘင် အစည်းအဝေး၌ ဖတ်ပြသည့်အကြောင်းကို ဗုဒ္ဓဘာသာဝင်မှန်သမျှ ကြားဖူးကြ၏။ သို့သော် သုမ္မောနတ်သဘင်အကြောင်း အသေးစိတ်သိသူကား နည်းမည်ဟု ထင်ပါ၏။ ထို့ကြောင့် ယခု "ပိဋကတ်ထဲမှာ ဂမ္ဘီရ(၃)"တွင် သုမ္မောနတ်သဘင်အကြောင်း သိကောင်းစရာတို့ကို ပထမဦးဆုံး တင်ပြလိုက်ရပါသည်။

သုမ္မောနတ်သဘင်သည် နတ်ပြည်တိုင်း ဗြဟ္မာပြည်တိုင်းတွင် ရှိသည်ဟု ဆို၏။ သို့သော် ရုပ်တစ်ခုတည်းသာရှိသည့် အသညသတ်ဗြဟ္မာဘုံနှင့် နာမ်တရားသက်သက်သာရှိသည့် အရူပဗြဟ္မာဘုံတို့တွင် သုမ္မောနတ်သဘင် မရှိဟု မိန့်ဆိုတော်မူကြသည်။

တာဝတိံသာနတ်ပြည်တွင်ရှိသည့် သုမ္မော နတ်သဘင်သည်ကား သိကြားမင်း မဃလုလင် ဖြစ်စဉ်အခါ ဇရပ်ဆောက်လုပ်လှူဒါန်းရာတွင် အထွတ်ထုပိကာ ပြုလုပ်ရန် သစ်သားလိုနေသဖြင့် မဃလုလင်၏ မယားဖြစ်သူ ဒေါ်သုမ္မောသည် တစ်တောင်ရှိသည့် သစ်သားကို လှူခဲ့သောကြောင့်

www.burmeseclassic.com

ရေပ်ပြီးသွားခဲ့သည်။

ထိုအတွက် ထုပိကာပေါ်တွင် ဒေါ်သုဓမ္မာကောင်းမှု ဟူသည့် အလှူရှင်အမည် ထင်ရှားပေါ်လွင်နေသည်။ သုဓမ္မာ ရေပ်ဟု ထိုစဉ်က အများသိခဲ့ကြ၏။ ထိုကောင်းမှုကုသိုလ် ကံကြောင့်ပင် တာဝတိံသာနတ်ပြည်၌ နတ်တို့ စည်းဝေးရာ ရေပ်ပြာသာဒ်ကြီးကိုလည်း "သုဓမ္မာသဘာ" သုဓမ္မာသဘင်ဟု ခေါ်တွင်ခဲ့သည်။ ဤကား သုဓမ္မာနတ်သဘင်ဟု အမည်တွင် လာပုံအကြောင်းဖြစ်သည်။ တာဝတိံသာနတ်ပြည်မှတစ်ပါး အခြားနတ်ပြည်တို့၌ရှိသော သုဓမ္မာသဘင်ကို အဘယ် ကြောင့် ဤအမည် ခေါ်တွင်ရသည်ကိုကား ကျမ်းဂန်တို့၌ ပြဆိုမထားချေ။ ကောင်းမြတ်တင့်တယ်သည့် တရားတော်တို့ ကို ဟောကြားဆွေးနွေးရာ ဖြစ်သောကြောင့် သုဓမ္မာဟု ခေါ်သည်ဟု ဆိုလျှင် သင့်မြတ်လှ၏ဟု ကျမ်းဂန်တတ်သိ ပညာရှိတို့ မိန့်ဆိုတော်မူခဲ့ကြသည်။

ထိုသုဓမ္မာနတ်သဘင် ရတနာရေပ်ပြာသာဒ်ကြီးသည် အလျား ယူဇနာသုံးရာ၊ အနံယူဇနာသုံးရာ၊ အဝန်း ယူဇနာ ကိုးရာ၊ အမြင့်ယူဇနာငါးရာ ရှိသည်။

၁။ သုဓမ္မာရေပ်သည် သလင်းကျောက်ဖလ်မြေပေါ် ၌ တည်ရှိ၏။
၂။ သံမှိုကား ပတ္တမြားဖြင့်ပြီးကုန်၏။
၃။ တိုင်လုံးတို့သည် ရွှေတိုင်သာဖြစ်၏။
၄။ တိုင်တွင်ရှိသော ကြာအိုးတို့ကား ငွေဖြင့်ပြီး ကုန်၏။
၅။ ထုတ်လျှောက်တို့သည်လည်း ငွေသားစင်စစ်ဖြစ် ကြ၏။
၆။ အခြင်္ခေါင်အုပ်၊ ခြင်ပိတ်တို့သည် ရတနာ ကျောက်မျက်မျိုးစုံတို့ဖြင့် ပြီးကုန်၏။ (ဒီ ၂ ဋ္ဌ၊ ၅၁-၂၄၀၊ မဟာဂေါဝိန္ဒသုတ္တန်)
၇။ နံမိုးကို နီလာအုတ်တို့ဖြင့် မိုးထား၏။
၈။ အတွင်းမျက်နှာကြက်သည် ရွှေဖြင့်ပြီး၏။ အဖွတ်ထုပိကာသည် ငွေဖြင့်ပြီးကုန်၏။ ဤ သည်မှာ သုဓမ္မာနတ်သဘင်အကြောင်း သိ ကောင်းစရာတို့ပင် ဖြစ်သည်။

## သိကြားမင်း၏ အာလမ္ဗရစည်တော်၊ ဝိဇယုတ္တရခရသင်း၊ ပဉ္စသိခနတ်သား၏ ဗေလုဝနတ်စောင်းတို့အကြောင်း

ပိဋကတ်ထိမှ ဂန္ထိရ ခေါင်းစည်းအောက်၌ ယခုဆက် ၍ တင်ပြမည့်အကြောင်းအရာသည်ကား (၁) သိကြားမင်း ၏ အာလမ္ဗရစည်တော်၊ (၂) ဝိဇယုတ္တရခရသင်း၊ (၃) ပဉ္စ သိခနတ်သား၏ ဗေလုဝနတ်စောင်း သိကောင်းစရာတို့ပင် ဖြစ်သည်။

(၁) သိကြားမင်း၏ အာလမ္ဗရစည်တော်ကြီးသည် ကား ပုဇွန်လက်မကြီးကို စည်ကြက်ထားသည့် မင်္ဂလာစည် တော်ကြီးဖြစ်၏။ ဟိမဝန္တာတောကြီးတွင် ဆင်တို့ကို ဖမ်းဆီး သတ်ဖြတ်စားသောက်နေသည့် ပုဇွန်ကြီးတစ်ကောင် ရှိခဲ့လေ သည်။ ထိုပုဇွန်ကြီးသည် ကင်္ဂရရေအိုင် (ပုစွန်ရေအိုင်)ကြီး တွင် နေထိုင်ကျက်စားခဲ့သည်။ ထိုပုဇွန်ကြီးသည် ကောက် စပါးနယ်သည့် တလင်းခန့်ရှိသောကြောင့် ရေမကြီးမားလှ ၏။ အကောင်ကြီးသလောက် ခွန်အားကောင်းလှသည့် အတွက် ဆင်ကို လက်မနှင့်ညှပ်၍ ဖမ်းသည့်အခါ ပန်းပဲဆရာ သည် သံချောင်းကို အားကောင်းသည့် သံညှပ်ဖြင့် ညှပ်ထား သကဲ့သို့ပင် ဆင်တို့သည် မလှုပ်နိုင်တော့ချေ။

ဘုရားအလောင်းတော် ဆင်မင်းကို ဖမ်းသည့်အခါ အလောင်းတော်ဆင်မင်း၏ ဇနီးမယားက တောင်းပန်စကား ပြောကြားခဲ့သည်။ မိန်းမအသံကို နားစိုက်မိသည့် ပုစွန်ကြီး သည် အနည်းငယ် မေ့လျော့သွားသည်။ ထိုအခါ အလောင်း တော်ဆင်မင်းသည် ခြေတစ်ချောင်းကို အားနှင့်ဆောင့်ဆွဲပြီး ပုဇွန်ကြီးကို ဆောင့်နင်းချလိုက်သောကြောင့် ပုစွန်ကြီး သေ ဆုံးသွားတော့သည်။ ကမ်းပေါ်သို့ရောက်အောင် ပုစွန်ကြီးကို ဆယ်တင်ပြီး ဆင်အများ ဝိုင်းဝန်းနင်းကြသဖြင့် ကြေမွသွား ကာ လက်မနှစ်ချောင်းသာ ကျန်ခဲ့သည်။

ထိုရေအိုင်သည် ဂင်္ဂါမြစ်နှင့် ဆက်နေသည့်အတွက် ရေကြီးရေထပတ်သို့ ရောက်လျှင် ပုစွန်လက်မကြီးနှစ်ခုသည် ဂင်္ဂါမြစ်ထဲသို့ မျောပါသွားသည်။ လက်မတစ်ချောင်းကို ဒသ ဘာတိကမင်းများ ဆယ်၍ စည်ကြက်ကာ မင်းသုံးစည်ကြီး ပြုလုပ်ခဲ့ကြသည်။ ကျန်လက်မတစ်ချောင်းသည် သမုဒ္ဒရာ ထဲသို့ မျောပါသွားရာ အသူရာနတ်ဆယ်ယူ၍ အာလမ္ဗရစည်



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးကို ပြုလုပ်စစ်တိုက်သည့် စည်တော်အဖြစ် အသုံးပြုကြသည်။

အသူရာနတ်တို့၏ တန်ခိုးကြောင့် အာလမ္ဗရစည်ကြီးသည် အာလမ္ဗရစည်ကြီးသည် အလွန်မြည်ဟိန်းလေသည်။ ထို့ကြောင့် လူတို့သည် မိုးခြိမ်းသည့်အခါ နတ်ပြည်က အာလမ္ဗရစည်ကြီး မြည်ဟိန်းသည်ဟု တင်စားဖွဲ့နွဲ့ပြောဆိုကြကုန်၏။ ထိုပုစွန်လက်မ အာလမ္ဗရစည်ကြီးကို အသူရာနတ်တို့သည် သိကြားမင်းနှင့် စစ်တိုက်သည့်အခါတိုင်း တီးကြလေသည်။ တစ်ချိန်တွင် အသူရာနတ်တို့ စစ်ရှုံး၍ ထွက်ပြေးသွားသည့်အခါ အာလမ္ဗရစည်ကြီး ကျန်ခဲ့ရာ သိကြားမင်းက သိမ်းယူပြီးလျှင် မင်္ဂလာစည်အဖြစ် ထားရှိလေသည်။ ဤသည်မှာ ပုစွန်လက်မ အာလမ္ဗရစည်တော်ကြီးအကြောင်းပင်ဖြစ်သည်။ (ဇာ၊ ဋ္ဌ၊ ၁၊ ကကနိပါတ်၊ ကတ္တဋကဇာတ် နှာ ၃၀၉-၃၁၁)

(၂) ဝိဇယုတ္တရ ခရုသင်းကား သိကြားမင်းမှုတ်သည့် ခရုသင်းဖြစ်၏။ သိကြားမင်းသည် နတ်သဘင်၌ စည်းဝေးရန် အမိန့်တော်ပြန်သည့် အနေဖြင့် ခရုသင်းကို မှုတ်ခြင်းဖြစ်သည်။ ခရုသင်းတစ်ခါမှုတ်လျှင် လူတို့၏ အချိန်ကာလအားဖြင့် လေးလကြာ၏။ ယူဇနာတစ်သောင်း ကျယ်ဝန်းသည်။ တာဝတိံသာနတ်ပြည်ရှိ နတ်အားလုံး ကြားရလေသည်။ ဘုရားရှင်ပွင့်တော်မူစဉ်အခါကလည်း သာယာသည့် ခရုသင်းသံဖြင့် ပူဇော်ကြောင်း ဇိနလင်္ကာရဋီကာ၌ မိန့်ဆိုထား၏။ ထိုခရုသင်းသည် သိကြားမင်း၏ ဘုန်းကံကြောင့် ပေါ်ပေါက်လာရသည့် ရတနာအတိပြီးသည့် သုဒဿနမြို့တော်၊ ဝေဇယန္တာပြာသာဒ်၊ ဝေဇယန္တာရထား၊ ဧရာဝဏ်ဆင်၊ ပင်လယ်ကသစ်ပင်၊ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၊ သုဓမ္မာဇရပ်တို့နှင့် အတူ ဖြစ်ပေါ်လာသည့် ရတနာခရုသင်း ဖြစ်၏။

ထိုခရုသင်းသည် အတောင် ၁၂၀ ရှိ၏။ ခရုသင်း သုံးမျိုးတွင် လက်ယာရစ်ခရုသင်းရည်ဖြစ်၏။ အောင်မြင်ခြင်း၏ အထိမ်းအမှတ် သင်္ကေတဖြစ်သောကြောင့် ဝိဇယုတ္တရ ခရုသင်းဟု အမည်ရသည်။ ဤကား သိကြားမင်းကိုယ်တိုင် မှုတ်သည့် ခရုသင်းအကြောင်းတည်း။ (သုတ္တ၊ ဋ္ဌ၊ ၁၊ ၁၂၀) (ပါ၊ ၃၄၄)

(၃) ဗေလုဝပဏ္ဍု နတ်စောင်းသည် မူလက မာရ်နတ်ကြီးပိုင်သည့် စောင်းဖြစ်သည်။ ဗေလုဝ-အုတ်ရှစ်သီးမှည့်၊ ပဏ္ဍု-အဝါနုရောင်၊ ဗေလုဝပဏ္ဍု-အုတ်ရှစ်သီးမှည့်ကဲ့သို့ အဝါနုရောင်အဆင်းရှိသောစောင်း။ ပဉ္စသိခနတ်သား ဗေလုဝ၏ နတ်စောင်းဟု အသိများကြ၏။ မာရ်နတ်ကြီး၏ အလိုကျ တပည့်နတ်သားတစ်ယောက်က အထူးဖန်ဆင်းပေးထားသည့် စောင်းဖြစ်သည်။

မာရ်နတ်ကြီးသည် ဘုရားအလောင်းတော် တောထွက်ပြီး ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်စဉ် အပြစ်ရှာသော်လည်း အပြစ်ကို မတွေ့ရချေ။ ဘုရားဖြစ်တော်မူပြီး ခြေကုန်လက်ပန်းကျကာ နတ်ပြည်သို့အပြန် ချုံကြားတွင်ပိုက်(ညှပ်)ထားသည့် ဗေလုဝပဏ္ဍုစောင်း ပျောက်ကျကျန်ခဲ့သည်ပိုင် သတိမထားမိတော့ပေ။ သိကြားမင်း ထိုစောင်းကိုယူဆောင်၍ ပဉ္စသိခနတ်သားအား ပေးခဲ့ခြင်းဖြစ်သည်။

ဗေလုဝနတ်စောင်းသည် စောင်းခွက်တစ်ဂါဝုတ်၊ စောင်းညှို့ဖွဲ့ရာ အရပ်သည် တစ်ဂါဝုတ်၊ စောင်းလက်ကိုင်၌ တပ်ထားသည့်အတွက် တစ်ဂါဝုတ်၊ ပေါင်း သုံးဂါဝုတ်ပမာဏရှိသည်။ စောင်းခွက်သည်ရွှေ၊ စောင်းလက်ရုံးသည်နီလာ၊ စောင်းညှို့သည် ငွေဖြင့် အတိပြီး၏။ စောင်းကြိုးတို့သည် သန္တာဖြင့် ပြီးစုံကုန်၏။

ထိုစောင်းဖြင့် တီးခတ်လျှင် စောင်းသံစဉ်ငါးဆယ်၊ သို့မဟုတ် စောင်းသီချင်းငါးဆယ် တီးခတ်နိုင်၏။ လူတို့၏ အချိန်ကာလ လေးလကြာမှသာလျှင် အသံစဲကြောင်း ကျမ်းဂန်တို့၌ မိန့်ဆိုထားလေသည်။ ဤသည်မှာ သိကြားမင်း၏ အာလမ္ဗရစည်တော်၊ ဝိဇယုတ္တရ ခရုသင်း၊ ပဉ္စသိခနတ်သား၏ ဗေလုဝနတ်စောင်းတို့အကြောင်း သိကောင်းစရာတို့ပင် ဖြစ်ကြသည်။

(သုတ၊ ဋ္ဌ၊ ၁၊ ၁၂၀) (ပါ-၃၄၃) (သုတ်မဟာဝါ ဋ္ဌ၊ သက္ကပဉှာသုတ်၊ နှာ- ၂၉၂)

*ဘာသာရေးဗဟုသုတ ကြွယ်ဝကြပါစေ...*

**သကျဒေသ**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ကြမ်းတမ်းစွာ နူးညံ့သော ချစ်ခြင်းများဖြင့်

■ ချစ်မုန်းငြိမ်း

အမှန်ကိုဆိုရပါမူ သည်လိုတိုက်ခန်းမျိုးလောက်နှင့်တော့ ကျွန်မကို ထားသင့်သည်ဟုထင်သည်။ ထားဖြစ်လိမ့်မည်ဟူ၍လည်း ယုံကြည်မိသည်။ ခုတော့ သည်တိုက်ခန်းကလေးကိုပင် ဖေဖေငှားထားပေး၍ လူနှင့်သူနှင့် တူအောင်နေရခြင်းဖြစ်သည်။ တစ်ခုတော့ ရှိသည်။ ဖေဖေက ပြတ်သားသည်။ သူ့ကားပေါ်တွင် ကျွန်မ အဝတ်အစားသေတ္တာတစ်လုံး၊ အိုးခွက်ပန်းကန်၊ မီးဖိုတစ်ခုစီ တင်လာ၍ နေရာချထားပေးသည်။ အိပ်ရာလိပ်တောင်မှ ကျွန်မလက်ရှိသုံးနေသော အဟောင်းကိုယူလာခဲ့သည်။

*****

ယခုချိန်ထိ ဖေဖေ့ပါးစပ်က စကားတစ်ခွန်းမျှမဟသေး။ ဖေဖေနှင့်အတူပါလာသော ကျွန်မ၏အဒေါ်ဝမ်းကွဲ အပျိုကြီးကသာ အကြောင်းမရှိ အကြောင်းရှာ စကားတွေပြောနေရ၏။ စကားတစ်ပြတ်ဆုံးချိန်တွင် ဖေဖေသည် သူ၏ရှာကင်အင်္ကျီ သားအိတ်ထဲမှ ပိုက်ဆံအိတ်ပျော့လေးတစ်လုံးကို ထုတ်ယူကာ ဇစ်ကိုဆွဲဖွင့်လိုက်သည်။ အထဲမှ ပစ္စည်းများကို ဖျာပေါ်သို့ အသာသွန်ချပြီး -

"အဲဒါအားလုံး သမီးမေမေပိုင်တဲ့ ပစ္စည်းတွေပဲ။ အားလုံး တစ်ဆယ်သားနီးပါးရှိတယ်"

ဟုပြောကာ အားလုံးပြန်ကောက်ထည့်လိုက်သည်။ ပြီးတော့ ကျွန်မဘက်သို့တိုးပေးကာ "ယူလိုက်တော့"ဟု ပြောလာသည်။ ကျွန်မ သူ့ကိုစောင်းငဲ့ကြည့်လိုက်သောအခါ သူ့မျက်လုံးအစုံမှာ တောက်ပနေသည်။ ဖေဖေက -

"ကဲ···စန်းစန်းရီ နင့်တူမ ခေါ်မေးကြည့်ပါဦး"

အဒေါ်စန်းစန်းရီမှာ ဆေးရုံတစ်ရုံမှ သူနာပြုအုပ်ကြီးဖြစ်သည်။ ကျွန်မကို "သမီး ခဏ"ဟုဆိုကာ နောက်ဖေးအိပ်ခန်းသို့ မျက်ရိပ်ပြခေါ်သည်။ အခန်းထဲရောက်သောအခါ ကျွန်မ၏ အမျိုးသမီးဓမ္မတာကိစ္စကိုမေးကာ ဆေးတစ်လုံးထိုးပေးပြီး နှစ်ယောက်အတူ ပြန်ထွက်လာခဲ့သည်။

ဤသည်ပင် သူနှင့်ကျွန်မ၏ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော မင်္ဂလာပွဲ၏ အဆုံးသတ်ဖြစ်သည်။ ကျွန်မတို့ အိမ်ရှေ့ခန်းပြန်ရောက်သောအခါ ဖေဖေပင် မတ်တတ်ရပ်နေပြီဖြစ်၏။

"ကဲ···ဖေဖေ့ကို အသိမပေးဘဲ အကြီးမားဆုံးအမှားကို ကျူးလွန်ခဲ့တဲ့ သမီးတစ်ယောက်အတွက် ဖေဖေ့ရဲ့ အတတ်နိုင်ဆုံး လိုက်လျောမှုပဲ။ ခုချိန်ကစပြီး ဖေဖေ့ရဲ့အိမ်ရိပ်ကို နင်းဖို့မကြိုးစားပါနဲ့။ လာ···စန်းစန်းရီ ပြန်ကြမယ်"

တိုက်ခန်းတံခါးပိတ်သွားသံ၊ လှေကားမှ တဖျပ်ဖျပ်ဆင်းသံ၊ ကားစက်နှိုးသံ၊ ဝူးခနဲ မောင်းထွက်သွားသံတို့သည် ကျွန်မအတွက် တစ်ခုမှ ပျော်စရာမကောင်းသလို ငိုပစ်လိုက်ဖို့ စိတ်ကူးထဲမရောက်ခဲ့သည်ကတော့ ထူးဆန်းသလိုဖြစ်နေသည်။ ထို့ထက် ပြတင်းပေါက်တွင် ငြိမ်သက်စွာရပ်နေသော ကျွန်မထံသို့ လာရောက်အားပေးစကားပြောဖော်မရသော သူ့အပြုအမူက ပို၍ပင် ထူးဆန်းနေသယောင်။ ပလတ်စတစ်ဖျာပေါ်တွင် ပက်လက်လှန်၍ စီးကရက်ဖွာနေသော သူ့ပုံစံကိုကြည့်၍ ကျွန်မကပင် သွား၍အားပေးစကားပြောရမလို။

*****

ကျွန်မ ဆယ်တန်းစာမေးပွဲကို တတိယအကြိမ်ဖြေဆိုပြီးချိန်မှာ သူနှင့်

www.burmeseclassic.com

စတွေ့ခဲ့၏။ ဖေဖေက "နင့်လို ထုံထုံ ထိုင်းထိုင်းပုံစံနဲ့ ဒီနှစ်လည်းအောင်မှာ မဟုတ်ပါဘူး"ဟု အားပေးစကားပြောသည်။ "အဲဒီတော့ ငါ့အလုပ်မှာ ကူဖို့ စဉ်းစားထား"ဟုဆိုကာ ရပ်ကွက်ထဲက ကွန်ပျူတာသင်တန်းတစ်ခုမှာ တက်စေသည်။ သည်မှာ သူနှင့်ကျွန်မ ဇာတ်လမ်းစခဲ့သည်။ သင်တန်းတက်ချိန်၊ ဆင်းချိန်တိုင်း သူရောက်လာတတ်သည်။ နောက် မိတ်ဖွဲ့စကားပြောသည်။ အဖျားအနား လူချမ်းသာစာရင်းဝင်ရုံရှိသော ကျွန်မတို့၏ပိုင်ဆိုင်မှုကို မကြာခဏ ချီးကျူးတတ်သည်။ ခုလို ခင်မင်ရသည့်အတွက် သူ့ကိုယ်သူ ဂုဏ်ယူမိကြောင်း ပြောလာလျှင် ကျွန်မ မနေတတ်တော့။

ကြွယ်ဝိုးကြွယ်ဝနေခဲ့ရသော်လည်း ဖေဖေ့၏စည်းစနစ်အောက်မှာ ကြီးပြင်းခဲ့ရသော ကျွန်မအဖို့ ယနေ့ခေတ် မိန်းကလေးတို့၏ နေထိုင်ပုံ၊ ဝတ်စားပုံတို့နှင့် ကွာခြားနေမည်မှာ အမှန်ပင်။ ရုပ်မချောတာလည်း ပါမှာပေါ့လေ။ ပိတ်စအကောင်းစားများကိုဝယ်ခွင့်ရပြီး ဖေဖေ့စိတ်တိုင်းကျချုပ်ဝတ်ခဲ့ရသော ကျွန်မအတွက် ဒီဇိုင်နာတစ်ယောက်ထံမှာ အောက်ကျနောက်ကျခံစရာ မလိုတာကိုဖြင့် ကျေနပ်နေမိသည်။ ငွေကြေးကို လိုအပ်သည်ထက် ပို၍သုံးစွဲခွင့်မပြုသော ဖေဖေ့၏စည်းစနစ်အောက်မှာ ကျွန်မ နေသားကျနေပြီမဟုတ်ပါလား။ အရာရာကို သတိထားစောင့်ကြည့်လေ့ရှိသော ဖေဖေသည် သူနှင့်ကျွန်မ ခင်မင်ရမှုတစ်ဆင့် ချစ်သူတွေဖြစ်သွားသည်အထိ မသိလိုက်ရခြင်းအတွက် ယုံ့ကျုံးမရဖြစ်နေမိမှာကို တွေးကြည့်စရာပင် လိုမည်မထင်ချေ။

အဲဒီနေ့ကိုဖြင့် ကျွန်မ မှတ်မိနေသည်။ ကျွန်မ သင်တန်းကဆင်းလာချိန်မှာ အဖြူရောင် လည်ကတုံးအင်္ကျီရယ်၊ အနက်ရောင်အခံမှာ ခရမ်းရောင် ရောင်ပြေးကလေးများပါသော ချည်ချောလုံချည် အကွက်စိပ်စိပ်ရယ်၊ လေးညှင်းရောင် အောက်ကတ္တီပါဖိနပ်အသစ်လေးရယ်ကို သူဝတ်ဆင်ထားသည်။ သူက အရင်ဆုံး ခေါ်ပြုံးပြုံးပြီး -

"ဒီနေ့ ညီမကို ပြောစရာရှိလို့"

ဘာပြောမည်ကို ရိပ်မိသော်လည်း မသိကျိုးကျွန်ပြုကာ လမ်းဆက်လျှောက်လာခဲ့သည်။ သူက ကျွန်မဘေးမှ ကပ်ပါလိုက်ရင်း -

"ညီမကို အစ်ကို လက်ထပ်ချင်တယ်။ ဖြေချင်မှဖြေပါနော်။ တစ်ခါတည်း ငြင်းလိုက်လို့လည်း ရပါတယ်။ အခြေအနေက ကွာခြားလွန်းလှတော့ ညီမအိမ်က ဘယ်လိုမှ သဘောတူမှာ မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်။ နက်ဖြန်မှာ အဖြေတစ်ခုခုကို ကိုယ်သိရရင် ကျေနပ်ပါပြီ။ မိတ်ဆွေဆိုတဲ့ အဆင့်လေးကိုပျက်စီးမသွားစေချင်ဘူး"

ကျွန်မအတွက် ယခုအသက်အရွယ်အထိ ပထမဆုံးအကြိမ် ရည်းစားစကား ပြောခံရခြင်းဖြစ်သည်ဆိုသည်ကို ကျွန်မကို တွေ့ဖူးသူတိုင်း ယုံကြည်ကြမည်ထင်ပါသည်။ ပြီးတော့ လာပြောသည့်သူက လူရည်သန့်ဆိုသည်ထက် လူချော၊ လူလှတစ်ဦးဟုပြောရလျှင် ပို၍ မှန်မည်ထင်သည်။ ရှင်းရှင်းပြောရလျှင် ကျွန်မနှင့် ဘယ်လိုမှ မလိုက်ဖက်။ သဘောတာတစ်ခုက အိမ်ပြန်ရောက်သည်အထိ ကျွန်မ၏ရင်ခုန်သံ မတိတ်သေးခြင်းပင်ဖြစ်သည်။ ဖေဖေက အရင်ပြန်ရောက်နှင့်နေသည်။

"သမီး သင်တန်းပြီးဖို့ ဘယ်လောက်လိုသေးလဲ"

"တစ်ပတ်လောက်ပဲ လိုတော့တယ်"

"သင်တန်းပြီးတာနဲ့ ဖေဖေ့အလုပ်မှာ တန်းဝင်ရမယ်"

ဖေဖေ့၏ တစ်ချက်လွှတ်အမိန့်ကို မည်သို့မျှ ငြင်းဆန်၍မရနိုင်။ "ငါပြောတဲ့အထဲမှာ ဘာတွေ မကောင်းတာပါလဲ။ ချုပ်ချယ်ထားတာပါသလား"ဟူသော မေးခွန်းဖြင့် ချောင်ပိတ်အနိုင်ကိုင်ခြင်းမှာ ဖေဖေ့၏ တစ်ခုတည်းသော ချုပ်ကွက်ဖြစ်သည်။ ကျွန်မသည်သာ ဖေဖေ့၏ အိမ်တွင်းစည်းကမ်းဘောင်မှ လုပ်ငန်းခွင်စည်းကမ်းဘောင်သို့ဝင်၍ ကျွန်မ၏ ကိုယ်ပိုင်ခံစားချက်များ၊ လွတ်လပ်ခွင့်များကို အဆုံးရှုံးခံရမည်ကို နှမြောနေမိသည်။

*****

နောက်တစ်နေ့ သင်တန်းဆင်းချိန်မှာ သူရောက်မလာခဲ့သည်ကို ဘဝင်မကျဖြစ်ရ၏။ တွေ့ချင်မြင်ချင်သူကိုမှ တမင်ရှောင်တိမ်းနေသလားမသိ။ ဒါဟာ အချစ်တစ်ခုတည်း မဟုတ်တာတော့ သေချာသည်။ သူ့ကို ပိုင်ဆိုင်ရယူလို စိတ်များ ကျွန်မခန္ဓာကိုယ်မှာ ပြည့်လျှံနေပြီ။ တစ်စုံတစ်ခုသောရသည် မွတ်သိပ်စွာငံ့လင့်နေမိခြင်းသည် ကျွန်မ အတွက် အပြစ်တစ်ခုဟုဆိုရလျှင် ထ

www.burmeseclassic.com

အပြစ်ဒဏ်ကို ကျွန်မ ရဲရဲရင်ဆိုင်လိုက်ပါသည်။ အိမ်အဝမှာ ခေတ္တရပ်၍ အထဲသို့လှမ်းကြည့်ကာ မရဲတရဲ လျှောက်လှမ်းခဲ့၏။ ဖေဖေနှင့် ဖေဖေ့၏ဦးလေး နှီးမောင်နံ့တို့ ထိုင်၍စကားပြောနေကြသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘနှစ်ပါးမရှိခဲ့သော ဖေဖေ့အတွက် သည်ဦးလေးလင်မယားသာ အားကိုးရာဖြစ်ခဲ့သည်။ ဒီဘဝ ဒီအခြေရောက်အောင် ပြုစုပျိုးထောင်ပေးခဲ့သော ကျေးဇူးရှင်များကို ဖေဖေကလည်း အိမ်ဦးခန်းမှာထား၍ ပြုစုလုပ်ကျွေး၏။

"တဏှာပေမဆိုတာက စွဲလမ်းမိရင် တယ်ကြောက်စရာကောင်းသကိုးကွဲ့။ ချစ်မိပြီဆိုရင် သူခိုးသော၊ ဓားပြသော မရွေးတော့ဘူး။ ရယူချင်စိတ်တစ်ခုပဲ ရှိတော့တယ်။ မြတ်စွာဘုရားရှင်လက်ထက်က ကုဏ္ဍလကေသာဆိုတဲ့ ရဟန္တာထေရီမကြီးရဲ့ ဘဝဇာတ်ကြောင်းကိုပဲ ကြည့်လေ။ သူ့သတ်ကုန်းကို သတ်ဖို့ခေါ်ဆောင်သွားတဲ့ သူခိုးကိုမှ စွဲလမ်းမိတဲ့ မိန်းကလေးပေါ့ကွယ်"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ် ဒေါ်ဒေါ်"

ကျွန်မ အိမ်ထဲဝင်လာတော့ ပြောလက်စ စကားများ ရပ်သွား၏။ မိမိကိုရည်ရွယ်ပြီး ပြောတာမဟုတ်တာတော့ သေချာသည်။ သူက စူခိုးဓားပြမှ မဟုတ်ပဲ။

*****

နောက်တစ်နေ့ သင်တန်းဆင်းချိန်မှာ သူ လမ်းထိပ်ကရပ်စောင့်နေသည်ကို တွေ့ရ၏။ ကျွန်မသည် တုန်ယင်လိုက်မောစွာဖြင့် သူ့ကိုငေးကြည့်ရင်း လျှောက်လှမ်းခဲ့သည်။ အနားရောက်ချိန်တွင် ကျွန်မ၏လက်ဖျားလေးကို လှမ်းကိုင်ဆုပ်ညှစ်လိုက်သည်။ ပိုင်စိုးပိုင်နင်း နိုင်လှချည်လားဟု ကျွန်မ မစဉ်းစားမိခဲ့။ နွေးထွေးလိုက်တာဟု သောအသိနှင့် သာယာနေမိသည်။

"ကိုယ်တောင်းထားတဲ့ အဖြေပေးဖို့ စဉ်းစားပြီးပလား။ ကိုယ့်ကို လက်ထပ်နိုင်မယ်ဆိုရင် နက်ဖြန်မှာ ညီမကို တစ်ခါတည်းခေါ်သွားမယ်"

ဘယ်ကိုခေါ်သွားမှာလဲ၊ ဘာလုပ်စားကြမှာလဲ၊ သူ့မိဘတွေက ဘယ်သူတွေလဲ၊ ဘယ်မှာနေကြလဲ စသည်ဖြင့် တစ်ခုခုကို ကျွန်မမေးခဲ့ဖို့ကောင်းသည်။ သည်လိုမေးဖို့ မစဉ်းစားမိသည်မှာ ကျွန်မအတွက် မိုက်မဲမှုတစ်ခု ဖြစ်နေပြီလား။ အို…မေးနေတော့ရော ဘာအကြောင်းထူးမှာလဲ။ သူလိမ်ပြောရင်လည်း ဖြစ်တာပဲလေ။ ဘာကြောင့်လဲဆိုတော့ သူ့နောက်ကိုလိုက်ဖို့ ကျွန်မ ရူးသွပ်စွာနှင့် ဆုံးဖြတ်ပြီးနေပြီမဟုတ်လား။

တဏှာပေမဆိုတာက
စွဲလမ်းမိရင်
တယ်ကြောက်စရာကောင်း
သကိုးကွဲ့။ ချစ်မိပြီဆိုရင်
သူခိုးသော၊ ဓားပြသော
မရွေးတော့ဘူး။
ရယူချင်စိတ်တစ်ခုပဲ
ရှိတော့တယ်။

*****

ရင်ဖိုခြင်းဟူသော စကား၏ အဓိပ္ပာယ်ကို ကိုယ်တွေ့ကြုံမှသိတော့သည်။ ကျွန်မ၏ ကျောပိုးအိတ်ထဲတွင် ဘာစာအုပ်မှပါမလာ။ အဝတ်အပိုတစ်စုံသာ ထည့်လာခဲ့သည်။ ငွေကြေးအားဖြင့် မုန့်ဖိုးလောက်သာ ပါခဲ့သော်လည်း ဖေဖေပေးထားသည့် ဆွဲကြိုးနှင့်လက်စွပ်ကို ဝတ်ဖြစ်အောင် ဝတ်လာခဲ့၏။ သင်တန်းသို့အလာမှာပင် သူ့ကိုတွေ့ရသည်။ အနားရောက်သည်နှင့် -

"လာ…မြန်မြန်လေးသွားကြစို့"

ဒီတစ်ခါလည်း ဘာအဖြေမှမပေးရသေးမီ ပြောလာသည့်စကားက အပိုင်တွက်လှချည့်လားဟု အပြစ်မြင်မည့်အစား သူ့လက်မောင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး သူခေါ်ဆောင်ရာနောက်သို့ အားကိုးကြီးစွာ လိုက်ပါခဲ့ပြီလေ။

*****

ကြိုတင်ငှားထားဟန် တူသော တည်းခိုခန်းတစ်ခုမှာ ကျွန်မ၏ အပျိုစင်ဘဝကို ရမ္မက်ဆားရည်တို့ဖြင့် လိမ်းကျံလိုက်၏။ "မင်္ဂလာဦးညရဲ့အရသာဟာ လွတ်လပ်ခြင်း"ဟူသော သူ့စကားမှာ သာယာမိခဲ့သည်။ ဖေဖေ စိတ်ပူနေမည်လားဟု တွေးပင်မတွေးမိ။ တစ်သက်လုံးက ကြောက်ခဲ့ရသော ဖေဖေ့ကိုမှ

www.burmeseclassic.com

ချိန်မှာ မကြောက်မိတာက ထူးဆန်းနေသည်။

နောက်တစ်နေ့တွင် "ကိုယ့်အိမ်မှာ ပြောင်းနေကြစို့"ဟု ပြောလာသော အခါ သူ့အပေါ် ယုံကြည်မှုခွန်အားများ ပြည့်လျှံလာခဲ့သည်။ ရပ်ကွက်တစ်ခု အတွင်းက ပျဉ်ထောင်အိမ်လေးတစ်လုံး သို့မဟုတ် တိုက်ခံအိမ်လေးတစ်လုံးကို မြင်ယောင်မိ၏။ "ဒါ ကိုယ်တို့နေတဲ့ ရပ်ကွက်လေ"ဟု သူလက်ညှိုးညွှန်ရာ ကြည့်မိချိန်မှာတော့ ကျွန်မ၏ စိတ်ကူးယဉ်ကမ္ဘာမှာ ပြိုလဲပျက်စီးသွားတော့သည်။ ပြင်မရသောအမှားကို ကျူးလွန်မိပါပကော။

ရပ်ကွက်တကာမှ လာရောက်စွန့်ပစ်ထားသော အမှိုက်များက တောင်တန်းသေးလေးသဖွယ် တည်နေသည်။ ထိုအမှိုက်တောင်တန်းလေးကို ကျောပေးဆောက်ထားသော အလုံး သုံးလေးဆယ်ခန့်ရှိ တဲကလေးများမှာ ပွတ်သိပ်ကျပ်ညပ်လျက်။ တချို့မှာ အကာမရှိ။ တချို့မှာ အခင်းမရှိ။ နွေကာလမို့ စောင်ပိုင်းနှင့် ပီနံအိတ်ခွဲမိုးထားသော တဲများပင်ရှိသည်။ စပ်စုဟန်ရှိသော မိန်းမတစ်စုက ကျွန်မတို့ကိုကြည့်၍ တီးတိုးပြောနေကြ၏။ သူကတော့ ခပ်တည်တည်ပင်။ ကျွန်မ၏ကျောပိုးအိတ်ကိုလွယ်လျက် သွပ်နန်းကြိုးဖြင့်ချည်နှောင်ထားသော သူ၏တဲတံခါးကိုဖွင့်၍ ရှေ့ကဝင်သွားသည်။ သူ့နောက်သို့ ခပ်သွက်သွက်လိုက်ခဲ့သော ကျွန်မ၏ခြေထောက်များမှာ တုံ့ဆိုင်းလျက်ရှိနေသည်။ ပထမဆုံးအကြိမ်အဖြစ် ဖေဖေ့ကို သတိရမိသည်။ "ငါ့ခွင့်မလွှတ်နိုင်တာကို လုပ်လို့ကတော့ သေတဲ့အထိ ခွင့်လွှတ်မသွားဘူး"ဟု ဖေဖေ မကြာခဏပြောတတ်တာကို ကြားယောင်နေသည်။ ခုတော့ ရန်ကုန်မြို့၏ အနိမ့်ဆုံး နေရာတစ်ခုမှာ မိမိရောက်ရှိနေပြီလေ။ ကျူးကျော်ရပ်ကွက်ချင်း ယှဉ်ပြိုင်လျှင်တောင် ကျွန်မမှာ အမှိုက်ပုံဘေးက ကျူးကျော်ရပ်ကွက်မှာ နေရတော့မည် မဟုတ်လား။

"ကိုယ့်မိဘတွေက နယ်မှာလေ။ တိုက်ခန်းလခတွေက ဈေးကြီးလွန်းတယ်မဟုတ်လား။ တစ်ကိုယ်ရေတစ်ကာယဆိုတော့ ကျောချလို့ရရင်ပြီးရော ဆိုပြီး ဒီနေရာလေးမှာ နေလိုက်တာ။ ခု ကိုယ်တို့နှစ်ယောက် ဖြစ်သွားပြီဆိုတော့ တိုက်ခန်းလေးတစ်ခန်း ငှားနေကြတာပေါ့ကွာ။ ခုတော့ ခဏသည်းခံ"

သူ့စကားတွေက ယုံစရာမကောင်းမှန်းသိသော [illegible] အချစ်၏ မျက်နှာကိုကြည့်ကာ လိုက်လျောသော ကျွန်မမှာ မျက်စိမှိတ်၍ ယုံကြည်ရပေဦးမည်။ ဖေဖေသာဆို "အဲဒါ အချစ် မဟုတ်ဘူး ရမ္မက်"ဟု ပြောပေလိမ့်မည်။ သူ့ထက်ပြင်းထန်သော စကားလုံးများလည်း ဖြစ်သွားနိုင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ၏ ဒုတိယမြောက်ညကို သူနှင့်အတူ ကျူးကျော်တဲလေးတစ်လုံးပေါ်မှာ လွန်မြောက်စေလိုက်သည်။

*****

ခနော်နီခနော်နဲ့ တဲကုလေးတစ်လုံးပေါ်မှာ တစ်ညလုံး ကျွန်မ အိပ်မပျော်ခဲ့။ သူသာ တရှူးရှူးနှင့် အိပ်မောကျနေသည်။ နံနက်အလင်းရောင်ရောက်သည်နှင့် မျက်နှာသစ်ရန် ထလာခဲ့၏။ အသင့်တွေ့ရသော ဆားထုပ်ထဲမှ ဆားအနည်းငယ်နှိုက်ယူ၍ တစ်ဝက်ခန့်ကျန်နေသော ရေသန့်ဘူးကို ဆွဲယူခဲ့သည်။ နှစ်ပေလောက်ရှိသော တံခါးပေါက်မှ ခါးကိုင်းပြီး ထွက်လိုက်ချိန်မှာတော့ ကျွန်မတစ်ကိုယ်လုံးမှာ ကြက်သီးမွေးညင်းထသည်အထိ ရက်ရွံ့သွားမိလေသည်။

တဲရှေ့တည့်တည့်တွင် မည်သည့်အချိန်က လာရပ်ထားမှန်းမသိသော ဖေဖေ၏ကားဖြူကလေးမှာ ရေငွေ့များ ပင်သီးနေသည်။ ကားရှေ့တွင်ထိုင်နေသော ဖေဖေသည် ကျွန်မကို သနားစိတ်တွေဝေနေသော အကြည့်နှင့် စိုက်ကြည့်လျက်ရှိ၏။ တဲသေးသေးလေးမှာ အိပ်မောကျနေတုန်းပင်ရှိသေးသည်။ ခုချိန်မှာ ဖေဖေက "လာလိုက်ခဲ့သမီး" ဟုခေါ်လျှင် ကျွန်မ ငြင်းဆန်လိမ့်မည်မဟုတ်မှန်း ဖေဖေ သိပါလေစ။ ကားနောက်ခန်းမှ မှန်က လျှောခနဲပွင့်လာသည်။ ဖေဖေ၏ ညီမဝမ်းကွဲ သူနာပြုအုပ် ဒေါ်စန်းစန်းရီဖြစ်သည်။ ကျွန်မကိုပြုံးပြကာ "တူမကြီးခွင်ပွန်းကို သွားနှိုးလိုက်ဦးလေ"ကျွန်မ သူ့ဆီသို့အပြေးသွားကာ "အိမ်ရှေ့မှာ ဖေဖေတို့ရောက်နေကြတယ်"ဟု နှိုးပြောပြောလိုက်သည်။ သူ့မျက်နှာမှာ စိုးရိမ်ဟန်မပြဘဲ မျက်လုံးများပင် ဝင်းလက်တောက်ပလာသည်ဟု ထင်ရ၏။ ကျွန်မကြည့်ခဲ့ဖူးသော ဗွီဒီယိုကားများထဲကအတိုင်း ဖေဖေသည် ကျွန်မကို ငွေကြေးနှင့် အလဲ အလှယ်ပြုလုပ်၍ ပြန်ခေါ်လိမ့်မည်ဟု ထင်ခဲ့သည်။ ကျွန်မကလည်း



www.burmeseclassic.com

**သူ့စကားတွေက မှုမမှန်။ အိမ်ထောင်ကျလို့မှ တစ်ပတ်မပြည့်သေး။ ဒီလိုစကားမျိုးပြောထွက်သည်မှာ ကျွန်မအပေါ် အလေးမထားမှုန်း သိသာလှသည်။ ကျွန်မဘက်မှာကလည်း အကြံကောင်းဉာဏ်ကောင်း ပေးမည့်သူမရှိ။**

ဖေဖေ၏ အဆုံးအဖြတ်ကို လိုက်နာရန် ဆုံးဖြတ်ပြီးဖြစ်သည်။

သို့သော်လည်း ဖေဖေ၏ "ကိုယ်တွေ့ခဲ့ရမှ နောင်တရမှာ"ဟူသော အဘိဓမ္မာအတိုင်း -

"မင်းတို့နှစ်ယောက်ကိုခွဲဖို့ ငါလာတာမဟုတ်ဘူး။ ဟောဒီမှာသော့။ ယုဇနဥယျာဉ်မှာ တိုက်ခန်းတစ်ခန်း ငှားပေးထားတယ်။ အဲဒီမှာ ပြောင်းနေကြပေါ့။ ကဲ. . .မင်းတို့ပစ္စည်းတွေယူခဲ့။ အဲဒီကျမှ အစီအစဉ်ဆွဲကြပေါ့"

*****

ဒေါက်. . .ဒေါက်

အခန်းတံခါးခေါက်သံက ကျွန်မ၏အတွေးများကို ဆွဲယူဖြတ်ပစ်လိုက်၏။ တံခါးဖွင့်ပေးလိုက်တဲ့အခါ မျက်နှာချင်းဆိုင်အခန်းမှ အမျိုးသမီးကြီးဖြစ်နေသည်။ ကျွန်မတို့ကဲ့သို့ပင် လင်ကိုယ်မယား နှစ်ယောက်တည်းနေကြသည်။ အသက်ခြောက်ဆယ်ကျော် အငြိမ်းစား ဝန်ထမ်းများဖြစ်ကြ၏။

"သမီး ကြီးကြီးဈေးသွားမလို့ ဘာမှာဦးမလဲ"

နေ့စဉ် ဝတ္တရားမပျက်မေးရှာသော အခန်းနီးချင်းကောင်းတစ်ယောက်၏မျက်နှာကိုကြည့်ရင်း ရှိသေစွာဖြင့် -

"မှာစရာမရှိသေးပါဘူး ကြီးကြီးရယ်"

မှာစရာတွေရှိသော်လည်း ကျွန်မလက်ထဲမှာ ငွေကနည်းနေပြီ။ လခအထုတ်ရသေးလို့ဟု အကြောင်းပြကာ သူ့ဆီက ငွေတစ်ပြားတစ်ချပ်မှ ထွက်မလာခဲ့။ နေ့စဉ် အလုပ်သွားရန် လမ်းစရိတ်ကိုပင် ကျွန်မအိတ်ထဲမှ စိုက်ထုတ်နေရသည်။ လကုန်ခါနီး သုံးရက်အလိုတွင် အလုပ်ရှင်နှင့် ရန်ဖြစ်ကာ အလုပ်ထွက်ခဲ့ပြီဟု ပြောလာသည်။ သူ့မျက်နှာကြည့်လိုက်တော့ ဘာခံစားမှုမှ မတွေ့ရ။ "အလုပ်တွေ ပေါပါတယ်ကွာ" ဟုပြောပြီး ပက်လက်လှန်ကာ စီးကရက်ကို ဖွာနေလိုက်သည်။ တစ်စုံတစ်ခုကို ပြင်းပြင်းထန်ထန်စဉ်းစားနေဟန် ပုံဖမ်းထားသည်။ သူနှင့်အတူနေသည်မှာ တစ်ပတ်မပြည့်သေးသော်လည်း ဘယ်ပုံနေလျှင် ဘာအချိုးချိုးနေသည်ကို စိတ်ထဲက အလိုလိုသိနေသည်။ ခုလည်း သူတစ်ခုခုပြောချင်နေမှန်းသိသည်။

"ညီမ အစ်ကို ဒီလခစားအလုပ်ကို လုပ်နေလို့ကတော့ တစ်သက်လုံး လူမွဲလူတောင် ပြောင်မှာမဟုတ်ဘူး။ ဒီတော့ အစ်ကို ကုန်ကူးမယ်ကွာ။ ခ ချိန်မှာ တရုတ်နယ်စပ်နဲ့ ကုန်ကူးနေတဲ့ သူတွေ အခြေအနေကောင်းတ‌ေ ဂွ"

သူ့စကားတွေက မှုမမှန်။ အိမ်ထောင်ကျလို့မှ တစ်ပတ်မပြည့်သေး။ ဒီလိုစကားမျိုးပြောထွက်သည်မှာ ကျွန်မအပေါ် အလေးမထားမှုန်း သိသာလှသည်။ ကျွန်မဘက်မှာကလည်း အကြံကောင်းဉာဏ်ကောင်း ပေးမည့်သူမရှိ။ တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိ။ ကိုယ့်ကိုယ်ကိုပင် အားကိုးအားထား ပြုရပေတော့မည်။ ထို့ကြောင့် သူ့စကားကိုပင်နှင်း၍ အသာလိုက်ထောက်ပေးလိုက်၏။

"ကုန်ကူးတာတော့ဟုတ်ပါပြီ ကိုရဲ့။ ဘယ်မှာလဲ အရင်းအနှီး"

"ညီမမှာ ပစ္စည်းတွေရှိတာပဲ။ အဲဒါ အရင်းအနှီးပေါ့။ ရွှေတိုးဆိုတာ ဘာရှိတာမှတ်လို့။ နှစ်ခေါက်သုံးခေါက်ဆို ပြန်ရွေးနိုင်မှာပါကွာ"

"ကိုရယ်. . .မေမေ့ပစ္စည်းတွေကိုတော့ မထိစေချင်ဘူး။ တကယ်လို့ ခြေချော်လက်ချော်ဖြစ်သွားရင် ဘယ်ကမှ ထပ်မရနိုင်ဘူး။ ဖေဖေက သူ့စကားတစ်ခွန်းကို ဘယ်တော့မှ ပြန်ပြင်တဲ့လူမျိုး မဟုတ်ဘူး။ သူသေရင်တောင် အမွေရဖို့ မျှော်လင့်ချက်မရှိတော့ဘူး"

သူ ဘာစကားမှ မဆက်တော့။

"ကိုယ်မြို့ထဲခဏသွားပြီး အလုပ်အကိုင်စုံစမ်းဦးမယ်။ စောစောပြန်လာခဲ့မယ်။ ညနေစာချက်မထားနဲ့။ ကိုယ်ဆွဲလာခဲ့မယ်သိလား"

သူဆင်းသွားသည်နှင့် ကျွန်မ၏ သံသေတ္တာထဲမှ အဝတ်သုံးစုံကို နေ့စဉ်ဝတ်ရန် အပြင်သို့ထုတ်ကာ သေတ္တာကို သော့ခတ်လိုက်သည်။ သော့ကိုလည်း

www.burmeseclassic.com

အလုံခြုံဆုံးတစ်နေရာမှာ ဝှက်ထားခဲ့သည်။ ကျွန်မကိုယ်ကျွန်မလည်း ဘွားဘွားပြောဖူးသော ခိုးသားဓားပြကို စွဲလမ်းမိသော ကုဏ္ဍလကေသာလိုမျိုး ဖြစ်နေပြီလားဟု တွေးမိ၏။ ဖေဖေ့သမီးပဲ။ အမှားတစ်ခုကို မိုက်မဲစွာ ဆက်လက်ထိန်းသိမ်းထားမည့်သူမျိုး မဟုတ်ပါဘူးနော်။

ညစာချက်မထားနှင့်ဟု ပြောသွားသူက ည ၁၀ နာရီလောက်မှ ပြန်ရောက်လာ၏။ ခေါက်ဆွဲတစ်ဘူးနှင့် အချိုရည်နှစ်လုံးတော့ ပါလာသေးသည်။ မိုးချုပ်စမှာ ပြုတ်သောက်ထားသော ရယ်ဒီမိတ် ခေါက်ဆွဲတစ်ထုပ်ကြောင့် ဆာလောင်မှု သိပ်မရှိလှ။ သူ၏ အပြောကောင်း အချော့ကောင်းများကြောင့် အားနာစွာနှင့် အနည်းအကျဉ်းစားလိုက်သည်။ ချောင်းဆိုးနေသည်ကိုအကြောင်းပြ၍ အချိုရည်ကိုမသောက်တော့ပေ။ သတိထားနေတာလည်း ပါ၏။ သူက အချိုရည်ကို ဗွတ်အတင်းမတိုက်၍ သူ့စေတနာကိုများ စော်ကားမိနေပြီလားဟု တွေးလိုက်မိသည်။ ကျွန်မတို့ အိပ်ရာဝင်ကြတော့ သန်းခေါင်ကျော်ရော့မည်။

*****

"သမီး . . သမီး . . . တံခါးဖွင့်စမ်း
ဒုန်း . . . ဒုန်း . . . ဒုန်း"

မျက်စိနှစ်လုံး ပွင့်လာသော်လည်း အိမ်မှာ ကျွန်မအိပ်ခန်းကို ဖေဖေလာထု၍ နှိုးသည်ဟု ထင်မိသည်။

"သမီး မြန်မြန်ထစမ်း တံခါးလာဖွင့်"

အို . . ဖေဖေ့အသံ စစ်စစ်ပါလား။ မိုးမှ မလင်းသေးဘဲ။ ဘာတွေဖြစ်ကုန်ပါလိမ့်။ တံခါးဆီသို့ ဒယီးဒယိုင်နှင့်လာကာ ဖွင့်လိုက်သည်။ ဖေဖေရယ်၊ ရှေ့ခန်းမှ ဘဘကြီးတို့လင်မယားရယ် ဝင်လာကြ၏။ ဖေဖေက -

"သမီးယောက်ျား ရှိသေးရဲ့လား သွားကြည့်ကြရအောင် . . . လာ"

ဟုပြောကာ ရှေ့ဆောင်၍ အခန်းဆီသို့သွားလေသည်။ အခန်းထဲတွင် သူမရှိတော့။ ထို့အတူ ကျွန်မ၏အဝတ်သေတ္တာလည်း မရှိတော့ပါချေ။ အဝတ်သေတ္တာနေရာတွင် စာရွက်ခေါက်လေးတစ်ရွက်သာ ချထားခဲ့သည်။ ဖေဖေက အရင်ကောက်ယူ၍ အသံထွက်ဖတ်ပြ၏။

"ညီမ ဇကိုယ့်ကို လိုက်မရှာပါနဲ့။ ခုလောက်ဆို အဝေးတစ်နေရာကို ရောက်နေပါပြီ။ ညီမဖေဖေကိုလည်း ပြောလိုက်ပါ။ ရဲစခန်းမှာ အမှုဖွင့်နိုင်တယ်လို့။ ဒီဘဝဒီမျှနဲ့ပဲ ကျေနပ်ပါတော့"

ဖေဖေက စာရွက်ကိုခေါက်၍ သိမ်းလိုက်၏။ ကျွန်မကို "ဘယ့်နှယ်ရှိစ"ဟု အကြည့်ဖြင့် လှမ်းကြည့်သည်။

"သမီးအမှားပါ ဖေဖေ။ ဒါတောင် ပစ္စည်းတွေပါမသွားအောင် ဂရုတစိုက် သော့ခတ်ထားတာပါ။ သော့ကို ရှာမတွေ့လို့ သေတ္တာကြီးပါ ယူသွားဟန်တူပါရဲ့"

ရှေ့ခန်းမှ ကြီးကြီးကလည်း -

"သူဆင်းသွားတာ တစ်နာရီလောက်ပဲ ရှိသေးတယ်။ ည ၁၀ နာရီလောက် သူပြန်လာကတည်းက အဘွားတို့ပြတင်းပေါက်က ကြည့်နေကြတာကွယ့်။ တက္ကစီသမားကို နံနက် နှစ်ချက်တီးလောက်လာဖို့ လက်ဟန်ခြေဟန်နဲ့ ချိန်းနေတာ တွေ့လိုက်ရတယ်။ သမီးဖေဖေက ထူးခြားမှုရှိရင် သူ့ဆီ ဖုန်းဆက်ဖို့ မှာထားတယ်လေ။ အဲဒါနဲ့ ဖုန်းဆက်ပြီး အကြောင်းကြားထားရတာပေါ့"

"ဟုတ်တယ်သမီး။ သမီးတို့ကို ဒီခေါ်မလာခင်ကတည်းက အစစအရာရာ ကြည့်ထားပေးဖို့ အကူအညီတောင်းထားတာကွ။ သမီး ဒီကောင့်နောက်လိုက်သွားကတည်းက ဒီကောင့်နောက်ကြောင်း ဖေဖေစုံစမ်းပြီးသား။ ဒီအချိန်မှာ သမီးက အချစ်ကို ကိုးကွယ်နေတာလေ။ သမီးကို ပြန်ခေါ်လာရင် သမီးက မပြတ်နိုင် ဖြစ်နေမှာပေါ့။ ဒါကြောင့် သမီးကို စန်းစန်းရီနဲ့တိုင်ပင်ပြီး ပဋိသန္ဓေတားဆေး ထိုးပေးခဲ့တာပေါ့"

ကုဏ္ဍလကေသာကို နောင်တများနှင့် ကိုယ့်ကိုယ်ကို လည်လှပြီထင်သော ကျွန်မသည် ဖေဖေ့၏ အကြံအစည်များကို လက်မြောက်အရှုံးပေးခဲ့ရလေပြီ။

*****

နောင်တများကို ရင်ဝယ်ပိုက်၍ တောင်းပန်နေသော သမီးဖြစ်သူကို ပြုံးပြုံးကြီးကြည့်နေသော ဦးကျော်မြင့်ထွန်းသည် သူပေးခဲ့သောရွှေများမှာ အတုဖြစ်ကြောင်းကို ဘယ်တော့မှ ဖွင့်ပြောမည် မဟုတ်ပါချေတကား။

ချစ်မှုန်းငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဘဝအမောစင်မယ့် လှတောတစ်ခွင်ဟာသများ

ဦးကောင်းထူး

## ဘယ်သူမှ ဖျက်လို့မရဘူး

လင်မယားသည် ကျိတ်ပြီး စကားများနေကြ၏။

အိမ်နီးချင်းများအနေနှင့် ဘာပြဿနာမှန်း ရေရေလည်လည် မသိကြပေ။

မယားက လင်ကို တကျိကျိနှင့် နားချနေသည်ကိုမူ ကြားလိုက်မကြားလိုက် ဖြစ်နေသည်။

"ရှင် ဒီလောက်ခေါင်းမာရအောင် ဘယ်ဆွေမျိုး အားကိုးရှိလို့လဲ"

"အားကိုးရှိမှ လုပ်ရဲတာ လူညံ့ပေါ့"

"ဟင်း . . . ဘဝင်မြင့်ပုံများ အမှတ်-၂၀ မြဟွာဘုံ တက်ပြီး ၁၈ ထပ်တိုက် ထိပ်ဆုံးရောက်နေသလားမှတ်ရ။ မြင့်ပါ့ ကြပ်ကြပ်မြင့်"

"ဟုတ်တယ်၊ မြင့်တယ်။ မင်းသာ ဘဝင်နိမ့်။ မင်း ဘဝကို အဝီစိရောက်နေတဲ့ ဒေဝဒတ်ဆီ ဆွေပြမျိုးပြ လွှတ်ထား"

မည်သို့မည်ပုံပြောပြော မရသည့်အခါ မယားလည်း တစ်ဖက်လှည့်နှင့် နားချပြန်ရလေ၏။

"သည်အတိုင်းဆို . . . ရှင်တော့ နာမည်ပျက်တော့မှာပဲ။ ရေပေါ်ရေးတဲ့အရုပ်ကမှ ရှင့်နာမည်ထက်စာရင် ခံသာဦးမယ်"

ထိုအခါ လင်လုပ်သူက -

"ဟာလိုလေး . . . နာမည်ပျက်မှာများ မပူလိုက်လေကွယ်။ ငါ့နာမည်ကို စကြဝဠာတံတိုင်းမှာ ဖောင်းကြွရွှေစာလုံးနဲ့ ကမ္ပည်းထိုးထားတာကွ။ ဘယ်သူမှ ဖျက်လို့မပျက်ဘူး။ နားလည်လား"

ဟူ၍ ပြောလိုက်လေသတည်း။

## မျောက်ဖင် နဲ့ဝက်မြီး

ထမင်းဆိုင်ရှင် အမျိုးသမီးကြီးတစ်ယောက်သည် အလုပ်ရှုပ်နေသည့်ကြား ဆိုင်ဘေးတွင် ကစားရင်း ငြင်းခုန်ဆူညံနေကြသည့် ကလေးများကြောင့် ဖုန်ထလေရာ ဒေါသပွနေလေ၏။

ကလေးများကလည်း ဒေါ်လိုက်ငေါက်လိုက်တုန်း ခဏသာလျှင် ပြေးရှောင်သွားသော်ငြား မကြာခင်မှာပင် ရောက်လာကြ၏။ ၎င်းတို့အထဲ ဘောင်းဘီတို၊ ကိုယ်ဗလာနှင့် ကောင်လေးတစ်ယောက်မှာ အဆိုးဆုံး။ ပေကတ်ကတ်နှင့် ဆဲလျှင်ပြောင်ပြ၊ ရေနဲ့ပက်လျှင် သိုင်းကွက်နင်းပြီး ရှောင်ပြ၊ လူကြီးများ မခံချင်အောင် ဆွတတ်သူဖြစ်၏။

ထမင်းဆိုင်ရှင်လည်း စိတ်ဆိုးလာသည့်အဆုံး -

"ဟေ့ကောင်လေး . . . ဒီအထဲမှာ နင့်မျက်နှာ အပြောင်ဆုံးပဲ။ နင့်မျက်နှာ ပြောင်လွန်းလို့ လမ်းဘေးရပ်ထားတဲ့ ကားသစ်လေးတောင် အရောင်မှိန်သွားပြီ။ တကာတဲ ကျောက်ကျောကို ဝက်ဆီသုတ်ထားသလား မှတ်ရတဲ့ကလေး။ မျောက်ဖင် ဝက်မြီးတပ်ထားသလား အောက်မေ့ရ"

## အိပ်နေကြပုံများ

မနက်မိုးလင်း ယာထဲ၊ လယ်ထဲ ဆင်းချိန်ဖြစ်သော တစ်ရွာလုံး ခြောက်ကပ်တိတ်ဆိတ်ပြီး ကလေးများနှင့် သက်

www.burmeseclassic.com

ကြီးရှယ်အိုတို့လောက်သာ ကျန်ခဲ့၏။

တစ်နေ့. . .ရပ်ဝေးဧည့်သည်တစ်ယောက် ရောက်လာရာက အိမ်ရှင်များကို မတွေ့သဖြင့် ခြံဝိုင်းထဲ ကစားနေသည့် ကလေးနှစ်ယောက်ကို မေးလေ၏။

“ဟိတ် . . . ဒီအိမ်က လူလည်းမရှိပါလား။ ဒီကလူတွေ ဘယ်သွားကြလဲကွဲ့”

ထိုအခါ ရှစ်နှစ်အရွယ် ကလေးမလေးက မျက်နှာပုပ်သိုးသိုးဖြင့် -

“ဦးကြီးက ဒီအိမ်မှာ လူလည်းမရှိပါလားဆိုတော့ ကျွန်မတို့က လူမဟုတ်လို့ နတ်တွေလား”

“ဩော် . . . ဩော် . . . အေး . . . အေး . . . ဦးကြီး စကားမှားသွားလို့ပါကွယ်။ ဦးက လူကြီးတွေကို မေးတာပါ”

“လူကြီးတွေက လယ်ထဲဆင်း။ ထမင်းစားပြန်လာပြီး တာနဲ့ အိပ်နေတာ ကာလနဂါးတွေ ဖြစ်ကုန်ပြီ။ ကျွန်မသွားနှိုးပေးပါ့မယ်”တဲ့။

## သံလိုက်လား။ ဓားသမားလား

ဘောလုံးပွဲ ဝါသနာအိုး လူတောသားများသည် ကွင်းပတ်ပတ်လည်၌ အားပေးကြည့်ရှုနေကြ၏။

ပွဲကလည်း ပွဲကြီးပွဲကောင်းဖြစ်ပြီး လူတောသားနှင့် နာမည်ကြီးပြိုင်ဘက် ရွာတို့ပွဲ။

လူတောရွာအသင်းက ခြေသာသကဲ့သို့ တစ်ဖက်အသင်း ဂိုးသမားကလည်း ကောင်းမှကောင်း။

“ကောင်းလိုက်တဲ့ ဂိုးသမားရယ်။ သံလိုက်ကပ်ထားသလား မှတ်ရ”

တစ်ယောက်က ချီးကျူးသလို နှိမ်သလို ပြောလိုက်စဉ် မထင်မှတ်ဘဲ ဂိုးဝင်သွားရာ နောက်တစ်ယောက်က -

“ဟလိုလေး . . . ဘောသမားရယ်၊ ဂိုးသွင်းလုပုံလေးက ဆက်ကပ်သမား ဓားပေါက်ပြနေသလားမှတ်ရ”တဲ့။

## ကောက်ရိုးစင်းနေသလို

ဆိုင်ကယ်တစ်စီးသည် ကံမကောင်းလှစွာဖြင့် လူတောရွာအနားတွင် ပျက်သွား၏။ ခုန်ဆွခုန်ဆွနှင့် စက်နှိုးနေစဉ် ဆွမ်းခံထွက်လာသော ဘုန်းကြီးကျောင်းသားနှင့် နွားကျောင်းသားကလေးများ အုံလာကြ၏။

ဆိုင်ကယ်သမားသည် ဆီပေါက်ဖွင့်လိုက်၊ ခုန်ခုန်ပြီးနင်းလိုက်၊ အသံမြည်လာသည့်အခါ တက်စီးလိုက်၊ စက်ရပ်သွားပါက ခုန်ဆွခုန်ဆွနင်းလိုက်နှင့် တစ်ဦးတည်း ဗျာများနေ၏။

လူတောသားကလေးများ၏ မျက်စိထဲတွင်မူ ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင်နှင့် ဆိုင်ကယ်သမားကို လူဟု၍ မမြင်ကြ။

ဤတွင် လူတောသားကလေးတစ်ယောက်က ပါးစပ်အငြိမ်မနေနိုင်ဘဲ ပြောချလိုက်တော့၏။

“ဟလိုလေး . . . ဆိုင်ကယ်သမားရဲ့ ဆိုင်ကယ်စက်နှိုးနေပုံက ဖားပြုပ်နှစ်ချိုကြီး မတ်တတ်ရပ်ပြီး ကောက်ရိုးစင်းနေသလိုပါသလား”

## ကျောက်တိုင်တွေ ဖြစ်ကုန်ပါပေါ့လား

လူတောသား ဘောလုံးအသင်းနှင့် ရွှေဘိုဘောလုံးအသင်းတို့ ကစားကြစဉ်က ဖြစ်၏။

လူတောနောက်တန်းနှစ်ယောက်မှာ အလွန်ပင် ညံ့လှ၏။

ဘောလုံးနောက်သို့လည်းမလိုက်၊ ဘောလုံးရောက်လာလျှင်လည်း ခါးထောက်ပြီး ရပ်ကြည့်နေကြ၏။ သည့်အတွက် လူတောပရိသတ်တစ်ယောက်က မနေနိုင်တော့ဘဲ-

“ဟကောင် ဘောလုံးသမားရဲ့ နောက်တန်းရယ်လို့ ထည့်ထားပါတယ်။ လူစင်စစ်က ဘယ့်နယ်ကြောင့် ကျောက်တိုင်တွေ ဖြစ်ကုန်ရတာလဲ”

ဟု၍ ထအော်လိုက်လေသတည်း။

## ဝါးကပ်တွေ ဆွေးနေရင်

လူတောသား ဘောလုံးအသင်းနဲ့ ချည်ပါဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည့်ပွဲ ဖြစ်၏။

လူတောအသင်း အရှုံးပေါ်သွားရာ လူတောသားများ မကျေမချမ်းနိုင်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ကြ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ပေါက် ပြောဆိုကြလေ၏။

ဤတွင် ကျည်းကန်သားတစ်ယောက်က ဝင်ပြီး-

"ချည်ပါအသင်းက မင်းတို့လှတောကိုသာ နိုင်တာပါကွာ။ တို့ရွာအသင်းနဲ့ဆိုရင် အလွန်ဆုံးရှိလှ သရေပဲ"

"သရေ ဟုတ်လား"

ထိုအခါ လှတောသားတစ်ယောက်က-

"အေး . . . မင်းတို့အသင်း သရေကျချင်ရင်တော့ ဂိုးပေါက်ကို ဝါးကပ်နဲ့ အသေပိတ်ထားပေတော့။ အဲ . . . ဝါးကပ်က အခွေးကြီးဆိုရင်တော့ မင်းတို့ ခွက်ခွက်လန်အောင်ကို ရှုံးမှာပဲ"

ဟူ၍ အငေါ်တူးလိုက်လေသတည်း။

## ကူးတို့ခကလေးတောင်မှ

ဝက်လက်ရွာသားတစ်စု လှတောရွာသို့ နွားဝယ်ရန် ရောက်လာကြ၏။

နွားရောင်းမည့်သူများ၏ အိမ်ကို စေ့နေအောင် လျှောက်သွားပြီး နွားများကို ကြည့်၏။ ဈေးမေး၏။ သို့ရာတွင် ဝယ်မည် မဝယ်မည် မပြော။

သို့ဖြင့် တစ်အိမ်ကတစ်အိမ် လျှောက်သွားလေရာ နွားအလွန်ရောင်းချင်သော လှတောသားက တီးခေါက်ကြည့်လေ၏။

"တကယ်လိုချင်ရင်တော့ အဆင်ပြေအောင် ပြောကြတာပေါ့ဗျာ။ အခု ခင်ဗျားတို့က ငွေဘယ်လောက်လိုက်မယ် စိတ်ကူးပြီး ဘယ်လောက်ယူလာကြလို့လဲ"

"ကောင်းရင် ကောင်းသလောက် လိုက်ဖို့ စိတ်ကူးထားပါတယ်။ ဒါပေမယ့် ငွေတော့ တစ်ပြားမှ ထည့်မလာဘူးဗျာ"

ဒီတော့ လှတောသားပါးစပ်က မနေနိုင်တော့။

"ဟာလိုလေး . . . မေးလိုက်မြန်းလိုက်တာဖြင့် သောင်းတန်၊ သိန်းတန်ချည်းပဲ။ အိတ်ထဲမတော့ ရတ်တရက် သေသွားရင် ထည့်ဖို့ရာ ကူးတို့ခလေးတောင် ပါမလာပါကလား"

## သိကြားမင်းဖင်ကိုတောင်

လှတောရွာသို့ ရောက်လာသည့် အခြားရွာက လူများသည် ယခုနှစ်တွင် မိမိတို့ရွာမှ စပါးပင်များ အလွန်ကောင်းမွန်ကြောင်း ပြောမဆုံး။

ဤတွင် နားကလောခြင်းကို မခံနိုင်သည့်အဆုံး လှတောသားလယ်သမားသည် ငြိမ်ခံမနေနိုင်တော့ဘဲ -

"အခု ခင်ဗျားပြောနေတာတွေက အတွက်တိုးတို့၊ အထူးအထွက်တိုးတို့နဲ့ အထွက်ကောင်းရာကျော်တွေ မဟုတ်လား။ ဆင်ဝင်သွားလို့ပျောက်တာ ဘာဆန်းလဲ။ ကျုပ်တို့လှတောလယ်က ရိုးရိုးစပါးတွေကမှ သိကြားဖင်ကိုတောင် သွားထောက်နေတာဗျ"

ဟု ပြောလိုက်ရာ အကြွားဆရာတို့၏ ပါးစပ်များလည်း ပတ်တောပိတ်သွားလေသတည်း။

## ရွာတောင် တည်နိုင်လောက်ပါရဲ့

လှတောရွာရှိ ဈေးတန်းတွင် မိန်းမတစ်စုသည် အတင်းပြန်ကြားရေးဌာန ဖွင့်ထား၏။

ထိုကာလဝယ် ကားပေါ်မှ ဆင်းသွားသည့် အသက် ၂၀ ကျော် ကောင်မလေးသည် ပစ်မှတ်ဖြစ်သွားပါချေ၏။

"ရုပ်ကလေးက လှတပတနဲ့ အကျင့်တန်ပုံများကတော့ တက်နင်းလည်းစူး၊ နမ်းလည်းရူးတဲ့ ဒူးရင်းသီးအခွံလား မှတ်ရ"

"အေးလေ . . . သူကွာခဲ့တဲ့ ယောကျ်ားတွေကို တင်းတောင်းနဲ့လိုက်ကောက်ပြီး စုလိုက်ရင် ငါးတင်းဝင်ပုတ် ဆုံမှာတောင်မဟုတ်ဘူး"

"ဒါတောင် ကလေးတွေ မပါသေးလို့၊ ကလေးတွေ ပါထည့်တွက်ရင် ရွာတောင်တည်နိုင်မယ် ထင်ပ"

## မြင်းတွေ အကျီဝတ်ပေးထားသလို

တစ်နေ့သ၌ ဗီဒီယိုရုံထဲသို့ ကလေးများ၊ မိန်းမများကြား အသက် ၆၀ ကျော် လှတောသားကြီးသည် ကန့်လန့်ကားရား ပါသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

ဗီဒီယိုမင်းသားက နှာမည်ကြီးလွန်းသည်မို့ မြင်ဖူးသည်ရှိအောင် လိုက်ကြည့်ခြင်းဖြစ်၏။ ကြည့်ပြီးလေသောအခါ -

"အကျိုးနည်း…တီးလိုက်တဲ့လက်ခုပ်၊ နိုးပတ်ပိုင်းထဲရောက်နေသလား မှတ်ရပေါ့။ လက်ခေါက်မှုတ်လိုက်ကြတာများ မြွေတွေ တွန့်တဲ့အတိုင်းပဲ"

ဤတွင် ဇာတ်ကားအပြီး၌ အတူပြန်လာသည့် ကလေးများက -

"အရမ်းမိုက်တာပဲနော် အဘ"

"မိုက်လိုက်လေကွာ၊ မိုက်သမှ အမြီးလေးတွေတ ငေါက်ငေါက် ဖြစ်ကုန်ကြတာပေါ့"

"ဖိုက်တင်ခန်းတွေ မကောင်းဘူးလား အဘရ"

"အေး…အေး ခြေထောက်တွေနဲ့ ကန်လိုက်ကြတာများ အပြင်မှာဆို သွေးအတောင့်လိုက်ထွက်မယ်။ အဟဲ ရုပ်ရှင်ထဲမှာတော့ ဆေးမန်းထုံးမန်းကောင်းသလို လူးလဲထပြီး ပြန်ထိုးကြ၊ ကန်ကြတာပဲ။ ကန်လိုက်ကြရှာလေကွယ်လို့။ ဟာလိုလေး…မြင်းတွေများ အကျီဝတ်ထားသလား မှတ်တယ်"

## အချိန်မှန်နာရီတွေ

လုတောသားတစ်ယောက်သည် မန္တလေးမှ လက်ပတ်နာရီများ ဝယ်လာခဲ့ပြီး ရွာဘုရားပွဲမှာ ချရောင်းလေ၏။ ရွှေပွဲလာများ ဝိုင်းလာအောင် အော်ပုံကလည်း ပညာပါလှ၏။

"နာရီတွေ…နာရီတွေ၊ အချိန်မှန်နာရီတွေနော်၊ မနက် ၉ နာရီကြည့်လည်း ဒီအချိန်ပဲ။ ည ၉ နာရီကြည့်လည်း ဒီအချိန်ပဲ။ အချိန်မှန်နာရီတွေ လူကြီးဆို မရောင်းဘူး။ ကလေးတွေမှ ရောင်းတာ။ အထူးဈေးနှုန်း…အထူးဈေးနှုန်း တစ်လုံးမှ သုံးကျပ်တည်း"

မှန်ပေစွ။ သူ့နာရီလေးတွေက ကလေးကစားစရာ ပလတ်စတစ်နာရီလေးတွေ ဖြစ်ကြ၏။

## လုံမှ လုံပါ့မလားပဲ

မိုးနည်းရသည့်အထဲ မိုးကုန်စောသည့်အတွက် စပါးတွေ သိပ်မအောင်ကြ။ အထွက်ကောင်းသည့် စပါးပင်ကို အဟုားရိတ်မည့်လူ မရှားသော်လည်း ပလူမွေး ပလူတောင်ကျတော့ အဟုားရခက်နေ၏။

ဤတွင် လယ်ပိုင်ရှင်သမီးတွေလည်း တစ်စုရရ၊ တစ်ပြည်ရရခိုကာ လယ်ထဲဆင်းရိတ်ကြ၏။ ကျောင်းပိတ်ရက်လည်း ဖြစ်နေသည်။

လယ်ပိုင်ရှင်သမီးငယ်က ကွဲချိုတပ် ရောမတံစဉ်ကြီးနှင့် ရိတ်ရင်းက-

"အစ်မရေ…တစ်ခါရိတ်မှ သုံးလေးပင်ပဲ ပါတယ်။ တံစဉ်တောင် အားနာဖို့ကောင်းနေပြီ"

"ညီမရယ် ကိုယ့်ပစ္စည်းမို့ နမြောလို့သာ ရိတ်နေရ၊ တကယ်က ပေါက်ပြားနဲ့ရှင်းမှ သဘာဝကျမှာ"

"ကျွန်မကတော့ ကျကျနန ဝမ်းလျားထိုးပြီး ဇာဂနာနဲ့သာ နုတ်လိုက်ချင်ရဲ့၊ အဲလိုလေး…လူစဉ်မမီလိုက်တဲ့ စပါးပင်။ ပုရွက်ဆိတ်အရိပ်ခိုလို့တောင် လုံမှလုံပါ့မလားပဲ"

## ခိုင်ခံ့ပုံများ ပြောပါတယ်

လုတောသားရောင်းသည့် သက်ငယ်ဆိုင်သို့ လုတောသားတစ်ဦး သက်ငယ်လာဝယ်သည်။

"ဈေးလျှော့ဦးဗျာ…သုံးလေးရက်တုန်းက ဝယ်သွားတဲ့ ခင်ဗျားသက်ငယ်တွေ ညှံ့ချက်ကတော့ လဲမို့လွင့်တာတောင် ပေါက်ထွက်တယ်"

လုတောသားအချင်းချင်း အကြောမခံ၊

ထိုအခါ သက်ငယ်ပိုင်ရှင် လုတောသားက လုံးကြီးတင်ဆန်ခတ်လိုက်၏။

"ဟာလိုလေး…မတော်တာတွေ လာမပြောပါနဲ့ ငါ့လူ။ ငါ့သက်ငယ်မိုးထားတဲ့ အိမ်မိုးတွေ ခိုင်ခံ့ပုံများ စကိုင်းလက် ကြိုးပြတ်တုစခန်းတောင် တည်လို့ရသကွ"

ဦးကောင်းထူး



www.burmeseclassic.com

www.burmeseclassic.com



ကချင်ဆေး ဆရာမကြီး ဒေါ်ကော့၏ သမီး

# ကချင်ဆေးဆရာမကြီး

# ဒေါ်နန်းထု

## မှ

**လေမဖြတ်၊ အကြောရောဂါကြိုတင်ကာကွယ်လိမ်းဆေး**

ယာယီတိုင်းရင်းဆေးမှတ်ပုံတင်အမှတ် - ၀၁၀၁ / ၁၀၇၄

လေဖြတ်၊ လေဖြန်း၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ အာရုံကြောအားနည်းခြင်းများ၊ ဇက်ကြောနောက်ကြောတက်ခြင်း၊ ခါးကြောတစ်လျှောက် အမြောင်းထပြီးတက်ခြင်း၊ အကြောကပ်၊ အကြောလွဲ၊ အကြောရောင်ရမ်းကာ ကိုက်ခဲခြင်း နှင့် အကြောရောဂါအမျိုးမျိုး၊

လူကြီးလူငယ်မရွေး အကြောရောဂါအမျိုးမျိုးနှင့်၊ လေဖြတ်ခြင်းမခံရအောင် ကြိုတင်ကာကွယ်လိုသူများ ဆရာမနှင့် တိုင်ပင်ဆွေးနွေးနိုင်ပါသည်။

**အစွမ်းထက်သော ကချင်ရိုးရာနည်းစနစ်အတိုင်း ကုသပေးသည်။**


## ဆရာမနှင့်တွေ့ချိန်

✵ မြစ်နွာဆေးတိုက် ✵ အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၇၀၉၇
(နံနက် ၁၂ နာရီ မှ ညနေ ၄ နာရီထိ) "တနင်္ဂနွေနေ့တိုင်းပိတ်သည်"

✵ နေအိမ်ဆေးခန်း ✵ အမှတ်(၃၁၆)၊ စိမ်းကိုင်း (၁)လမ်း၊ သခင်ပိုးလှကြီးလမ်း၊ တောင်ဥက္ကလာပမြို့။
(နံနက် ၇ နာရီ မှ ၁၁ နာရီထိ) တဆင့်/ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅, ၀၉-၇၉၉၅၉၃၃၉၈,

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဆောဘာဖုန်ပယ်စ်လျှိုင်

■ မြမြလှိုင်

ရှေ့တွင်ထိုင်နေသည့် မိန်းကလေးကို ခေါင်းကစ၊ ခြေဖျားအဆုံး ဒေါ်မမကြီး သေသေချာချာကို ကြည့်သည်။ အသက်ဆယ့်ရှစ်နှစ်ရှိပြီဆိုသော်လည်း ခန္ဓာကိုယ်အနေနှင့် အနည်းငယ်ညှက်သည်ဟု ဆိုရမည်။ မသိတဲ့သူဆိုလျှင် ဆယ့်လေးငါးနှစ်အရွယ်လို့သာ ထင်ကြမည်။ ဆံပင်ကုပ်ဝဲကို ခပ်ညစ်ညစ် ခေါင်းစည်းကြိုးနှင့် စည်းထားသည်။ ဆီမလူး၍ နီတာလား၊ ယခုခေတ်လို ဆေးဆိုး၍ နီတာလားတော့ မသိပေ။ ဆံပင်က နီကြောင်ကြောင်ဖြစ်သည်။ ရုပ်ရည်ကတော့ ရွက်ကြမ်းရည်ကျိုလောက်သာ ရှိသည်။ ခပ်ဟောင်းဟောင်း ဘလောက်(စ်)အင်္ကျီနှင့် ထဘီအညိုရောင် ဝတ်ထားသည်။

"သူက ဘယ်မှာမှ မလုပ်ဖူးဘူးလား"

"ဘယ်အိမ်မှ မလုပ်ဖူးပါဘူး။ အခု မမကြီးတို့ဆီကို အရင်ခေါ်လာတာ။ သင်ပေးရင် လုပ်တတ်ပါတယ်"

"အလုပ်လုပ်တာထက် ပျင်းပျင်းရိရိ မနေတတ်ဖို့က အရေးကြီးတယ် မခင်နွဲ့ရဲ့"

မခင်နွဲ့ဆိုသူမှာ အသက်လေးဆယ်ကျော်ဝန်းကျင် ရုပ်ရည်ခပ်ကြမ်းကြမ်း၊ အရပ်ပုပုပျပ်ပျပ် ဖြစ်သည်။ စကားတော့ ချိုနေအောင် ပြောတတ်သည်။ အိမ်တွေတွင် လိုအပ်သော အလုပ်သမား မိန်းကလေးတွေကို သူက ရွာတွေဘက်ဆီက ခေါ်လာတတ်သည်။ အတွေ့အကြုံကလည်းများပြီး၊ အလုပ်သမားတစ်ယောက်ကို ခေါ်လေလျှင် သူ့အတွက် တစ်လစာ ပွဲခရသည်။ သုံးလေးယောက်လောက် ရှာပေးနိုင်လျှင် မြိုးမြိုးမြက်မြက်လေး သူ့အတွက် ကျန်သည်။

ယခုလည်း ဒေါ်မမကြီးက အဖော်အလုပ်သမား မိန်းကလေးတစ်ယောက် လိုချင်တယ်ဆိုလျှင် သူ့မိတ်ဆွေနှင့် မခင်နွဲ့ကို ဆက်သွယ်ပြီး မှာလိုက်ခြင်းဖြစ်သည်။ ဒေါ်မမကြီးတို့တွင် မိသားစု သုံးယောက်သာရှိသည်။ ဒေါ်မမကြီးနှင့် ခင်ပွန်းဖြစ်သူ ဦးကောင်းစံမှာ အသက်ငါးဆယ်ကျော်ဝန်းကျင် ဖြစ်သည်။ သမီးဖြစ်သူက ဘွဲ့ရပြီး မိဘလုပ်ငန်းဖြစ်သော ရွှေဆိုင်တွင် ဝင်၍ လုပ်ငန်းကို ဝိုင်းကူရန်လူက လိုလာပြီဖြစ်၍ အလုပ်လုပ်ရန် လူခေါ်ရတော့သည်။

"သူ့နဲ့ပတ်သက်ပြီး မခင်နွဲ့ အာမခံသလား"

"စမ်းပြီးလုပ်ခိုင်းပေါ့ အစ်မကြီးရယ်။ သူတို့မှာက မိသားစုသုံးယောက်ပဲရှိတာ။ အမေအိုကြီးရယ်၊ သူ့ညီမလေး တစ်ယောက်ရယ်။ ရွာမှာက ကြုံရာကျပန်းအလုပ်ပဲ လုပ်ကြရတာ။ မြို့ပေါ်တက်ပြီး ဘယ်သူမှ အလုပ်မလုပ်ဖူးဘူး။ ဒါ ပထမဆုံးပဲဆိုတော့ သုံးလေးလလောက် စမ်းကြည့်ပါ"

"အေးလေ၊ ဒီလိုဆိုတော့လည်း စမ်းပြီးသုံးကြည့်ရမှာပေါ့။ အိမ်မှာက ဘာမှအလုပ်က မည်မည်ရရ မရှိပါဘူး။ သမီးနဲ့ဈေးလိုက် ဝိုင်းကူချက်ပြုတ်ဖို့ပဲ။ အဝတ်တွေ ဘာတွေက မီးလာရင် စက်နဲ့လျှော်တာဆိုတော့ မပင်ပန်းလှပါဘူး။ ကဲ…ကဲ၊ ဒီတော့ လစာကို ဘယ်လို ရှင်းပေးရမှာလဲ"

"ကျွန်မအတွက် ပွဲခတစ်လစာရယ် သူ့မိခင်အိုကြီးအတွက်တော့ နှစ်လစာလောက် ကြိုပေးပါ။ အဲဒါဆို သုံးလစာ ကြိုယူရမယ်။ နောက်တော့ မမကြီးတို့ဆီမှာပဲ သူ့လစာကို စုထားပေးပေါ့။ သုံးလေးလလောက်ကြာမှ ကျွန်မ ကြုံရင် လာယူပေးမယ်"

"ကလေးမလေးရဲ့ နာမည်က ဘယ်လိုခေါ်သလဲ"

"မစိမ်းခက်လို့ ခေါ်ပါတယ် ကြီးကြီး"

မခင်နွဲ့မဖြေခင် ခေါ်လာသည့် မိန်းကလေးက ပြောလိုက်သည်။ ဒေါ်မမကြီးက မစိမ်းခက်ကို ရင်းနှီးစွာပြုံးပြလိုက်သည်။ သွက်လက်ချက်ချာမှု ရှိမည်ထင်သည်။ ထုံထုံအအ ဆိုလျှင် မဖြစ်။ ခိုင်းလိုက်လျှင် တောင်မှုန်း



www.burmeseclassic.com

www.burmeseclassic.com

ပြောက်မှန်းမသိ ရှိဦးမည်။

"ကဲ . . . ဒါဆိုလည်း ထားခဲ့။ ပြောတဲ့လစာအတိုင်း ရှင်းပေးလိုက်မယ်"

ဒေါ်မမကြီး ဗီရိုထဲမှ ပိုက်ဆံယူရန် အိပ်ခန်းထဲသို့ ဝင်လာခဲ့သည်။

"စိမ်းခက် . . . ခိုင်းတာတွေကို မှတ်ထားပြီး သေသေချာ ချာလုပ်နော် ကြားလား။ ဘာမှ ပြဿနာမဖြစ်ရအောင်လုပ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့၊ စိတ်ချပါ မန္တလေးကြီးကလည်း။ ဒီအိမ်က လူလည်း သိပ်ရှိတာမှမဟုတ်တာ လုပ်ရကိုင်ရတာ အဆင်ပြေမှာပါ"

အိပ်ခန်းထဲမှ ဒေါ်မမကြီးထွက်လာလျှင် နှစ်ယောက်သား စကားပြောရပ်သွားသည်။ လက်ထဲတွင် ကိုင်ယူလာသော ငွေစက္ကူတစ်ထောင်တန် အထပ်လိုက်ကို မန္တလေး၏ လက်ထဲသို့ ဒေါ်မမကြီး ပေးလိုက်သည်။

"ပိုက်ဆံကို ထပ်ပြီး ရေချင်ရေလိုက်ဦးလေ"

"မရေတော့ပါဘူး အစ်မကြီးရယ်၊ ယုံပါတယ်။ မစိမ်းခက်တစ်ယောက် စိတ်နှလုံးကောင်းတဲ့အိမ်ရှင်တွေနဲ့ တွေ့ရတာကိုပဲ ဝမ်းသာပါတယ်။ ကဲ . . . ဒါဆို ကျွန်မ ပြန်လိုက်ဦးမယ်။ မစိမ်းခက် . . . အခေါ်ပြန်မယ်။ လိမ်လိမ်မာမာ နေနော်၊ ခိုင်းတာကို သေသေချာချာ မှတ်ထားပြီးလုပ် ကြားလား"

မခင်နွဲ့ ပြန်သွားပြီးနောက် ဒေါ်မမကြီးလည်း မစိမ်းခက်အား အိမ်တွင် လုပ်ရမည့် နေ့စဉ်လုပ်ငန်းတို့ကို အိမ်အတွင်းလိုက်ပြရင်းက ပြောပြသွန်သင်ရလေသည်။

"စိတ်ချပါ ကြီးကြီး။ ကျွန်မ သေသေချာချာလုပ်ပါ့မယ်"

မစိမ်းခက်က ဉာဏ်ကောင်းသည်။ ဒေါ်မမကြီးသင်ပြသည့်အတိုင်း စိတ်တိုင်းကျအောင် ကြိုးစားလုပ်သည်။ မစိမ်းခက်သည် ဒေါ်မမကြီးကိုကြည့်ပြီး သနားလည်း သနားသည်။ အံ့လည်း အံ့ဩသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်မမကြီးသည် ခန္ဓာကိုယ် အပြည့် အဝကောင်းသောသူ မဟုတ်။ တကယ်တော့ အောက်ပိုင်းသေနေသော ဒုက္ခိတ တစ်ဦးဖြစ်သည်။ သူသည် ဘီးတပ်ကုလားထိုင်ပေါ်တွင် တစ်နေကုန်နေရသည်။ ဘီးတပ်ကုလားထိုင်မှာ ခလုတ်နှိပ်ပြီး သွားချင်ရာ၊ ရွှေ့ချင်ရာသို့ သွားနိုင်သဖြင့် သူ့အတွက်သွားလျှင် သူ့ဘာသာသူသွားပြီး တစ်ယောက်ယောက် ဝိုင်းကူပေးရသည့်အလုပ်သာ ပြောစရာရှိသည်။ ရေချိုး ရေပတ်တိုက်လည်း တစ်ယောက်ယောက်က ပြုလုပ်ပေးရသည်။ ထမင်းဟင်းချက်လျှင် မီးဖိုချောင်တွင်ဝင်ပြီး စီမံပေးသည်။ ဈေးသို့သွားရန်မလို။ သမီးက ညနေပိုင်းအိမ်ပြန်လာလျှင် နှစ်ရက်စာ ဟင်းလျာကို ဝယ်လာသည်။ ရေခဲသေတ္တာထဲသို့ ထည့်ထားပြီး မနက်ကို စောစောထကာ ထမင်းဟင်းတို့ကို ညမနက်စာ အပြီးချက်သည်။ ထို့နောက် ညစာနှင့် မနက်စာကို ခွဲထားလိုက်ပြီး ဒေါ်မမကြီးစားရန်၊ မစိမ်းခက်စားရန်တို့ကိုလည်း ပြင်ဆင်ပြီးမှ သားအဖနှစ်ယောက် ဆိုင်ထွက်ဖို့ လုပ်ရသည်။

မစိမ်းခက်အတွက် ဒေါ်မမကြီး၏ ဝေယျာဝစ္စနှင့် အိမ်သန့်ရှင်းရေးသာလုပ်ရသည်။

"မေမေက ဖျားပြီးနောက် ထမင်းမစားနိုင်ဘဲ အားနည်းသွားတာကနေ ခုလို အောက်ပိုင်းသေသွားတာ"

"မမလေးတို့က ဆရာဝန်နဲ့ မပြဘူးလား"

"ပြတာပေါ့။ မြန်မာဆရာကော၊ အထူးကုဆရာဝန်တွေနဲ့ကော ပြတာ။ မှတ်တတ်ရပ်လိုက်တာနဲ့ ခွေကျတာပဲ။ လူက နေကောင်းနေမတော့ အားဆေးနဲ့ အာရုံကြောဆေးပဲ တိုက်ခိုင်းပြီး အခုလို ဘီးတပ်ကုလားထိုင်နဲ့ သွားလာနေလိုက်တာပဲ"

မစိမ်းခက်အား ဒေါ်မမကြီးက အကျိုးအကြောင်း ရှင်းပြသည်။

"ဘယ်လောက်ကြာပြီလဲဟင်"

"လေး၊ငါး၊ခြောက်နှစ်လောက်တော့ ရှိပြီ။ ဖေဖေလား။ သူ့ဘာသာသူ အိပ်ခန်းနဲ့ ခွဲအိပ်တယ်။ မေမေက သပ်သပ်ပေါ့။ အလုပ်သမားတွေခေါ်လည်း သုံးလေးလပဲ ခံတယ်။ ထွက်ပြေးကြရော။ အိမ်မှာ မေမေတစ်ယောက်တည်းရှိနေတုန်း မေမေ့ကိုထားခဲ့ပြီး ထွက်သွားကြတာ"

"မမလေးတို့က လိုက်မခေါ်ဘူးလား"

"ခေါ်လို့မရအောင် ခြေရာဖျောက်ပြီးတော့ကို ထွက်ပြေးသွားကြတာ။ အဲဒါနဲ့ တစ်ယောက်ပြီးတစ်ယောက် ပြောင်းခေါ်ရတော့တာပဲ"

ဒေါ်မမကြီး၏အကြောင်း ကြားရလျှင် မစိမ်းခက် စိတ်မကောင်းဖြစ်မိသည်။ ဒေါ်မမကြီးသည် ငယ်စဉ်က



www.burmeseclassic.com

www.burmeseclassic.com

တော်တော်လေးချောမည့်သူဖြစ်မည်။ ယခု အသက်ငါးဆယ်ကျော် ရှိနေပြီ၊ ခုံခုံချောချော၊ အသားအရေဖြူဝင်းပြီး အရွယ်က နုပျိုမှုကျန်သေးသည်။

မစိမ်းခက် ဒေါ်မကြီးတို့အိမ်ကို ရောက်လာခဲ့သည်မှာ နှစ်လရှိပြီ…။ မိသားစုအနေအထားကို တဖြည်းဖြည်း သိရသည်၊ ဒေါ်မကြီးနှင့် သူ့ခင်ပွန်းသည်တို့ တစ်ယောက်နှင့်တစ်ယောက် စကားသိပ်ပြောတာ မတွေ့ရ၊ သမီးဖြစ်သူ မမလေးကလည်း ခပ်အေးအေးပင်။ ဆိုင်မထွက်သည့်ရက် အိမ်မှာရှိလျှင် သူလုပ်သင့်သည့် အိမ်၏အလုပ်ကို လုပ်ပြီး အပြင်ထွက်သွားလေ့ရှိသည်။ ဒေါ်မကြီး၏ ခင်ပွန်းကလည်း ဂေါက်ရိုက်ကစားထွက်သည်မှာ ညနေစောင်းမှ ပြန်လာသည်။ ဒေါ်မကြီးအတွက်တော့ မဆန်းတော့ပေ။ မစိမ်းခက်လည်း ပြင်ပဝန်းကျင်နှင့် အဆက်အစပ်မရှိ၊ ဈေးသွားစရာမလိုအောင် ဒေါ်မကြီး၏သမီးက ဝယ်ထားပေးသည်။

"ဒီအိမ်ကြီးက ကျယ်လည်းကျယ်တယ်။ အဆောက်အဦပုံသဏ္ဌာန်က ရှေးဆန်သလိုပဲနော်"

"အဲဒါ မေမေ့ရဲ့ ဘိုးဘေးတွေ အစဉ်အဆက်က ဒီရွာမှာလာပြီး… ဆောက်ထားတဲ့အိမ်ပဲ။ အစဉ်အဆက် မပျက်စီးအောင် ပြုပြင်လာခဲ့ကြတာ မေမေ့ရဲ့လက်ထက်အထိပေါ့"

အိမ်မှာ ကျယ်ဝန်းသည်။ ကျွန်းသစ်တို့နှင့်ပွဲကာ ဆောက်ထားပြီး အခန်းကြီးအခန်းငယ် အသွယ်သွယ်နှင့် ရှေးဆန်ဆန် ပရိဘောဂတွေကို ပြန်လည်မွမ်းမံထားသည်။ အပြင်ကကြည့်လျှင် ရေနံချေးရောင် မည်းပြောင်နေသော နှစ်ထပ်ပျဉ်ထောင်အိမ်ခန်းကြီးအဖြစ် တွေ့ရမည်ဖြစ်သည်၊ ခြံဝင်းကကျယ်သည်။ သီးပင်စားပင်တို့ အပင်အမျိုးမျိုးတို့သည် သဘာဝအလျောက်ကျပေါက်ကြသလို ပြုပြင်မည့်သူမရှိ။

"ခြံထဲက ရှုပ်နေတဲ့အပင်တွေ ရှင်းလိုက်ရင် မကောင်းဘူးလား"

"အမလေး…လေး။ သွားမရှင်းနဲ့။ မေမေက ဒီအတိုင်း ထားတာကို ကြိုက်တာ"

လက်ကာပြီး မစိမ်းခက်အမေးကို ဖြေလိုက်စဉ် သားအမိသုံးယောက် ထဲရှိသော်လည်း တသီးတခြားစီဖြစ်နေသည်၊ အထူးသဖြင့် ဒေါ်မကြီး၏ ဆက်ဆံရေးက လင်သားဖြစ်သူနှင့် သမီးအပေါ်တွင် ပိုပြီးသွေးအေးသည်။ သမီးဖြစ်သူက ဒေါ်မကြီးအပေါ် တာဝန်ကျေပါသည်။ တစ်လတစ်ခါ အနှိပ်ဆရာခေါ်နှိပ်ပေးသည်၊ လိုအပ်သမျှ ဆေးဝါးအစုံကို ဝယ်ပေးသည်။ မစိမ်းခက်လည်း အိမ်တွင် နေသားကျလာပြီ၊ သူလုပ်ရမည့် တာဝန်တွေပြီးလျှင် သူ့အတွက်ပေးထားသည့် အခန်းတွင်သူ နားနားနေနေဖြင့် အနားယူသည်။ လိုအပ်လျှင် ဒေါ်မကြီးက လျှပ်စစ်ခလုတ်ကိုနှိပ်ကာ ခေါ်လိုက်သည်။

မနက်ထမင်းစားချိန် ရောက်ပြီဖြစ်လျှင် လျှပ်စစ်ခလုတ်နှိပ်ပြီး မခေါ်သော်လည်း ဒေါ်မကြီး၏အခန်းရှိရာသို့ မစိမ်းခက်တက်လာခဲ့သည်။ အခန်းတံခါးကို ခေါက်ပြန်ဖြုလိုက်သည်။ အခန်းထဲတွင် စကားသံတို့ကို ကြားရသည်။

"ဆိုင်ထဲမှာ ပစ္စည်းတွေ နည်းနေပြီ"

"ပစ္စည်းတွေနည်းနေရင် ညည်းအဖေကို ပြောပေါ့။ ငါ့ကို ဘာဖြစ်လို့လာပြောရတာလဲ။ ငါက ဘာတစ်ခုမှ လုပ်နိုင်တာမှ မဟုတ်တာ"

"မေမေ တတ်နိုင်ပါတယ်။ မေမေ့ဆီမှာ တောင်းရတာ သိပ်ခက်ခဲလိုက်တာ။ ဆိုင်အတွက်ပစ္စည်းတွေကို ကျွန်မဘာသာ ဖြေရှင်းခဲ့ရတယ်"

"ညည်း ဘာတွေလုပ်သလဲဆိုတာ ငါမသိချင်ဘူး။ ညည်းကျေးသမျှ ငါစားတယ်။ ဒုက္ခိတဖြစ်နေတဲ့ ငါက ဘာများ လုပ်ပေးနိုင်တာရှိလို့လဲ"

"ပတ္တမြားနဲ့ စိန်တွေကို ထုခွဲလိုက်ရင် ဆိုင်အတွက် အရင်းအနှီးရတာပေါ့"

"ဘာ…ပြောရဲလိုက်တာ။ အဲဒါ ငါ့အဘိုးအဘွား အစဉ်အဆက် သိမ်းဆည်းလာခဲ့တဲ့ အမွေတွေပဲ။ ငါ့ခန္ဓာကိုယ်ပေါ်က ပစ္စည်းတွေကို ငါသေမှ ချွတ်ယူလို့ရမယ်မှတ်"

မမလေး ဟင်းချက်ပြီး ဈေးသို့ အလုပ်ကိစ္စအတွက် မသွားသေးဘဲ မေမေကြီးအခန်းထဲမှာ ရှိနေသည်။

"မစိမ်းခက်ရေ…မစိမ်းခက်"

"ရှင်…မမလေး လာပြီ"

အောက်ထပ်သို့ ပြန်ဆင်းလာခဲ့ပြီး အပေါ်မှ လှမ်းကာခေါ်လိုက်မှပင် ထမင်းပွဲပြင်ထားသော လေးထောင့်စားပွဲငယ်ကိုယူလာပြီး အပေါ်သို့ တက်လာခဲ့သည်။

"မစိမ်းခက်…မေမေ့ကို ဒီနေ့ ရေနွေးနဲ့ ရေပတ်တိုက်ပေးနော်။ [illegible]သိ

www.burmeseclassic.com

ဥတုကနည်းနည်းအေးချင်တယ်။ ကြက်ရင်အုပ်သားလေးကို မှန်လာဥနီနဲ့ နှပ်အောင်ပေါင်းထားတယ်။ ဘူးသီးဟင်းခါးလေးနဲ့ဆို မေမေ ထမင်းစားဝင်မှာပါ"

"ဟုတ်ကဲ့။ မမလေးပြောတဲ့အတိုင်း လုပ်ပေးလိုက်ပါ့မယ်။ မမလေး ဈေးထွက်ဖို့ပြင်ရင် ပြင်တော့လေ"

"ရပါတယ်။ အရောင်းအဝယ်က နည်းနည်းပါးနေတော့ အေးအေးဆေးဆေးပဲ သွားတော့မယ်။ ကျွန်မရှိတော့ မစိမ်းခက်လည်း နားနားနေနေလုပ်ပေါ့။ ရေမိုးချိုးပြီး အနားယူလို့လည်းရတယ်"

မစိမ်းခက်ကိုကျော်ကာ ဒေါ်မြမကြီးက သမီးဖြစ်သူကို လှမ်းကြည့်လိုက်သည်။ ဒေါ်မြမကြီး၏ မျက်လုံးအစုံက အကြည့်က အဓိပ္ပာယ်တစ်ခုခုကို ဖော်ဆောင်နေသည်။ မမလေးက မသိသလို အနေအထားနှင့် အနားက ထသွားသည်။

"မစိမ်းခက်"

"ရှင်···ကြီးကြီး"

"ဒါတွေအားလုံး ထားခဲ့၊ ကြီးကြီး အေးအေးဆေးဆေးမှ စားမယ်။ မစိမ်းခက်က ထမင်းသွားစား"

"ရေပတ် တိုက်ပေးရဦးမယ်လေ"

"မလိုဘူးရတယ်။ နောက်မှတိုက်လည်း ဖြစ်ပါတယ်"

မစိမ်းခက်က ဒေါ်မြမကြီးအတွက် ဘာများလိုအပ်သလဲဆိုသည်ကို လှော့လာလိုက်သည်။ ဘီးတပ်ကုလားထိုင် ခြေရင်းခုံတွင် တင်ထားသော ဒေါ်မြမကြီး၏ အသားကပ်ဖိနပ်စီးထားသည့် ခြေဖဝါးနှစ်ဖက်တွင် အမှိုက်စလေးများ ကပ်နေ၍ ကြမ်းတိုက်အဝတ်နှင့် သုတ်ပေးလိုက်ရသည်။

"လာလာ···မစိမ်းခက်၊ ထမင်းစားကြရအောင်"

"မမလေးရယ် စားနှင့်ရောပေါ့"

"တစ်ခါတလေ တစ်ယောက်နဲ့တစ်ယောက် စကားလေးဘာလေးပြောပြီးစားရတာ အပျင်းလည်းပြေတာပေါ့။ မေမေကော စားပြီးပြီလား"

"မစားရသေးဘူး မမလေး"

"ဪ···မစိမ်းခက်ရယ် ကျွေးလိုက်ရောပေါ့။ မေမေက မစွမ်းမသန်နဲ့ဆိုတော့ စားရသောက်ရတာ မလွယ်ဘူး။ သွား···သွား ပြန်ကျွေးလိုက်"

မမလေးက ခိုင်းလျှင် မစိမ်းခက် အပေါ်သို့ ပြန်တက်လာခဲ့ရပြန်သည်။ ဒေါ်မြမကြီး၏ အခန်းတံခါးကို အသာလေးဖွင့်လိုက်သည်။ စားပွဲလေးပေါ်တွင်ရှိ ထမင်းဟင်းတချို့က ကုန်နေပြီ။ စားပြီးသွားသလိုပင်။ မစိမ်းခက် ထမင်းပွဲကို သိမ်းရန် အခန်းထဲဝင်လိုက်စဉ် ဘီးတပ်ကုလားထိုင်ကို ခုတင်နားရွှေ့ပြီး ခုတင်ပေါ်တွင် တစောင်းလှဲအိပ်နေ၍ ခြေထောက်နှစ်ချောင်းကိုမကာ ခုတင်ပေါ်တင်ပေးပြီး စောင်ပါးလေးဆွဲခြုံပေးကာ ထမင်းစားပွဲကိုသိမ်းလာပြီး အခန်းတံခါးကို အသာလေးပိတ်လိုက်သည်။

"ကဲ···လာ မစိမ်းခက်၊ ထမင်းစားရအောင်။ မေမေ ထမင်းကို တော်တော်လေးစားရဲ့လား"

"စားတယ် မမလေး။ အိပ်ပျော်နေလို့ ကျွန်မတောင် စောင်ခြုံပေးခဲ့ပြီး ခြေထောက်တွဲလောင်းကျနေတာကို ခုတင်ပေါ်တင်ပေးလိုက်ရတယ်"

"ကိုယ်အောက်ပိုင်း သေတဲ့သူဆိုတာ ဒီလိုပဲ။ အိပ်တာကလည်း မြန်လိုက်တာ"

"ဟုတ်တယ်···ခါတိုင်းဆို တစ်အောင့်တစ်နားနေပြီးမှ အိပ်တာ။ ခုနစ်နစ်ခြိုက်ခြိုက်ကို အိပ်နေတာ"

"ကဲ···စား···စား။ မစိမ်းခက်လည်း မေမေအိပ်တဲ့အချိန်မှ အနားရတာ"

နှစ်ယောက်သား ထမင်းစားကြစဉ် စကားတပြောပြောနှင့် စားရင်းအနားတွင် မမလေး အသင့်ဖျော်ထားသည့် အအေးဖန်ခွက်တစ်ခွက်စီကို သောက်ရင်း ထမင်းဘယ်လောက်စားမိမှန်းပင် မသိတော့။

ထမင်းစားပြီး လက်ဆေးကာ ဒေါ်မြမကြီး၏အခန်းရှိရာသို့ အေးသီတာ တက်လာခဲ့သည်။ ဒေါ်မြမကြီး၏ အခြေအနေကို ကြည့်ရန်ဖြစ်သည်။ မစိမ်းခက်ကတော့ ထမင်းစားခန်းထဲတွင် ကျန်ရစ်ခဲ့သည်။ အိပ်ခန်းတံခါးမှာ သော့မချထား၍ အလွယ်တကူဖွင့်နိုင်သည်။

"ဪ···မေမေ၊ မေမေ။ နှစ်နှစ်ခြိုက်ခြိုက် အိပ်နေပါလား"

အနားသို့ တိုးကပ်သွားသည်။ ခုတင်ပေါ်တွင် ညာဘက်သို့စောင်းလျက် အနေအထားနှင့် အိပ်နေသော ဒေါ်မြမကြီးအား ပက်လက်အနေအထားသို့ ပြောင်းလိုက်ပြီး မျက်နှာ၊ နဖူးတို့ကို သပ်ပေးပြီး လက်နှစ်ဖက်ကို ဝမ်းဗိုက်ပေါ် ဖွဖွလေးတင်လိုက်သည်။ နာရီဝက်ကြာလျှင် အေးသီတာဆင်းလာခဲ့သည်။ ထမင်းစားခန်းကို ရှင်းရဦးမည်။

"မစိမ်းခက်၊ မစိမ်းခက်ရေ အင်း·· အိပ်နေလိုက်တာ ဘယ်လိုနေလို့မရဘူး"



www.burmeseclassic.com

www.burmeseclassic.com

အေးသီတာသည် မီးဖိုချောင်ဘက်မှကွေ့ကာလျှောက်လာပြီး ပစ္စည်းအဟောင်းတွေထားသည့် စတိုခန်းအဟောင်းကို သော့ဖွင့်လိုက်သည်။

"အမလေး . . .လေးလိုက်တာ ဘက်တောင်အောင့်တယ်၊ မနည်းသယ်ရတာ"

သူ့ဘာသာသူပြောပြီး ယူလာခဲ့သည့်အရာကို တရွတ်တိုက်ဆွဲကာ စတိုခန်းအတွင်းရှိ အံဖုံးတံခါးကို ဖွင့်လိုက်သည်။ အနံ့ဆိုးဆိုး၊ အညှီနံ့တို့ ပျံ့ကာထွက်လာသည်။ မသုံးတာ မဖွင့်တာကြာပြီ။ ယခုမှ ပြန်ဖွင့်ခြင်းဖြစ်သည်။ အားလုံး အဆင်ပြေ၍ အေးသီတာစိတ်ထဲ ကျိတ်ပြီးဝမ်းသာနေသည်။ မနည်းသယ်မလာခဲ့သည့် ဝန်ထုပ်ကြီးအား အံဖုံးတံခါးမှ တွန်းချလိုက်ရန် ပြင်လိုက်သည်။

"အေးသီတာ"

တစ်လုံးချင်းခေါ်လိုက်သော မာန်ပါသည့် အသံတစ်သံ။

"ဟင် . . .မေမေ"

"ဟို . .မေမေ လမ်းလျှောက်နိုင်ပြီတဲ့လား။ ဝမ်းသာလိုက်တာ မေမေရယ်"

အေးသီတာက ပြောပြောဆိုဆိုင် ဒေါ်မမကြီး၏ အနားသို့ တိုးကပ်လာသည်။

"ညည်း ငါ့အနားကို မကပ်နဲ့။ ယုတ်မာလှချည်လားအေ၊ ယုတ်မာလှချည်လား"

"ဘာယုတ်မာတာလဲ။ ရှင် . . . လူလိမ်မကြီး၊ လူလိမ်မကြီး။ လမ်းမလျှောက်နိုင်သလို အောက်ပိုင်းသေသလိုနဲ့ ဟန်ဆောင်နေတာ"

အေးသီတာ၏ ဟန်အမူအရာမှာ ဆောက်တည်ရာမရ အရှုးမီးဝိုင်းသလိုဖြစ်နေသည်။ ဒေါ်မမကြီး၏နောက်တွင် ဒုရဲအုပ်စောမျိုးနိုင်ပါလာသည်။ မစိမ်းခက်ကိုလည်း တုပ်နှောင်ထားသော ကြိုးများကို ဖြေပေးလိုက်သည်။

"ဒေါ်ဒေါ်တို့လင်မယားမှာ သားသမီးမရှိတော့ သူ့ကို ရွာလေးတစ်ရွာကနေ မွေးစားဖို့ ခေါ်လာခဲ့တယ်။ ပညာသင်ပေးတယ်။ သားသမီးအရင်းနဲ့မခြားပြုစုစောင့်ရှောက်ခဲ့တာ ဒီအရွယ်အထိပေါ့။ ဒေါ်ဒေါ်တို့လင်မယားဟာ နဂိုကတည်းက စိန်ရွှေရတနာ အရောင်းအဝယ်ဖွင့်ခဲ့တာ။ အိမ်မှာ အဖော်ရအောင်ဆိုပြီး အိမ်ဖော်လေးတွေ၊ ဆွေမရှိ မျိုးမရှိတွေကို ခေါ်ခဲ့တာ သုံးယောက်လောက်ရှိပြီ။ လက်ဝတ်လက်စားတွေယူပြီး အိမ်ကနေ ထွက်ထွက်သွားတာ လမ်းစကိုပျောက်သွားတာပဲ။ ဒေါ်ဒေါ့်အမျိုးသားက ကြာလာတော့ မသင်္ကာဖြစ်ပြီး မောင်ဇော်မျိုးနိုင်ကိုလာပြီး အကူအညီတောင်းရတော့တယ်။ မောင်ဇော်မျိုးနိုင်လည်း ကူညီပြီး မစိမ်းခက်ကို လွှတ်လိုက်တယ်။ လောဘများ တယ်ကြောက်စရာကောင်းတာပဲ။ အိမ်ဖော်ကောင်မလေးတွေ အပေါ် အပြစ်ရောက်အောင် ဒေါ်ဒေါ့်ကိုပါ ဉာဏ်ဆင်တယ်။ ဒေါ်ဒေါ်ကလည်း သူ့အကြံကိုသိချင်လို့ ခုလို ဒုက္ခိတဟန်ဆောင်ပြီး နေလိုက်တာ။ သူက ဒေါ်ဒေါ်စားမယ့်အစာထဲ အိပ်ဆေးခတ်ပြီး ဒေါ်ဒေါ်အမြဲဝတ်တတ်တဲ့ အဖိုးတန်ရတနာကို ဖြုတ်ယူ၊ အိမ်ဖော်မလေးတွေ အိပ်ဆေးခတ်ပြီး အခုလို မြေတိုက်ခန်းထဲ လာချထားတော့ ဘယ်သူမှ မရိပ်မိဘူး။ ပတ်ဝန်းကျင်မှာတော့ သူတို့မရှိတုန်း ဒေါ်ဒေါ့်ကိုယ်ပေါ်က လက်ဝတ်လက်စားတွေ ချွတ်ယူပြီး အိမ်ဖော်လေးတွေ ထွက်ပြေးကြတယ်လို့ ထင်ကြတာပေါ့။ ဒီအိမ်ကြီးမှာ မြေတိုက်ခန်းရှိတယ်ဆိုတာ ဒေါ်ဒေါ်သိပါတယ်။ ဘာမှလည်း အသုံးပြုစရာမရှိတော့ အမှတ်တမဲ့နေလိုက်တာ။ ဒါကို သူက အခွင့်ကောင်းယူပြီး ယုတ်မာမှုကိုလုပ်တာ"

"ဒီကိစ္စကို ဒေါ်ဒေါ် ဘယ်လို မသင်္ကာဖြစ်မိတာလဲဟင်"

"ဒီလို, မောင်ဇော်မျိုးရဲ့။ ဆိုင်ကလည်း အရောင်းအဝယ် သိပ်မရှိဘူး။ ဆိုင်ရဲ့ပစ္စည်းနဲ့ စာရင်းဇယားကို မင်းဦးလေးက ကိုင်တာ။ မမျှော်လင့်ဘဲ တစ်နေ့မှာ အေးသီတာရဲ့ ငွေစုဘဏ်စာအုပ်ကို တွေ့လိုက်ရတယ်။ သူ့နာမည်နဲ့ သိန်းပေါင်းများစွာ ငွေသွင်းထားတာ တွေ့ရတော့ သူ့မှာက တခြားလုပ်ငန်းမှ မရှိတာ။ စဉ်းစားစရာ ဖြစ်လာတာပေါ့ကွယ်"

"တရားဝင်မွေးစားတာ မဟုတ်တော့ သူ့အတွက်ရအောင် သူယူတာ။ မသမာတဲ့နည်းသုံးတာပေါ့။ နာမည်က အေးပေမယ့် လောဘက မအေးတဲ့သူပါလား"


ဇော်မျိုးနောင်က မစိမ်းခက်၏ အနားတွင် စိတ်ချောက်ချားစွာ ထိုင်နေသော အေးသီတာအား ကြည့်လိုက်သည်။

မြမြသိုင်



www.burmeseclassic.com

www.burmeseclassic.com



# အင်ဒီယာနား ပါဂျူးတက္ကသိုလ်

မောင်ကောင်းမြင့်

"ဖို့(တ်)ဝိန်းကိုရောက်ရင် ပါဂျူးတက္ကသိုလ်ကို ရောက်အောင် သွားကြည့်စေချင်တယ်ဗျာ"ဟူသော စကားဖြင့် ဆရာမောင်စွမ်းရည်က မှာပါသည်။ ကျောင်းဆရာဘဝကလာသော ကာဗျာဆရာက ဆရာဘဝမှလာသော သတင်း စာသမားအား မှာခြင်းဖြစ်သည်။ ပညာရေးသံယောဇဉ် ရှိကြစမြဲဖြစ်သည်။ အထူးသဖြင့် နိုင်ငံခြားရောက်ခိုက် တက္ကသိုလ်ကြီးများကို ကြည့်မြင်ရခြင်းသည် စိတ်ချမ်းသာမှုဖြစ်ရသည်။ ထိုတက္ကသိုလ်ကြီးများအကြောင်း ဖတ်ရ၊ သိရလျှင် အားကျစိတ် ဖြစ်ရသည်။ မိမိတိုင်းပြည် မည်သည့်နေရာမှာ ရှိနေသည်ကို နှိုင်းယှဉ်သိရသည်။ မိမိနှင့် ထပ်တူမျှဝေ သိရှိခံစား စေချင်မိသည်။ (၂၀၁၄ ခုနှစ်တွင် ယေးလ်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှုခဲ့သည်ကို "ယေးလ်တက္ကသိုလ်ခရီးသည်" အမည်ဖြင့် စံတော်ချိန်၌ ရေးခဲ့ဖူးပါသည်။)

ယခုအကြိမ်တွင် ဖို့(တ်)ဝိန်းမြို့သို့ ရောက်ရှိနေရ ဖို့(တ်)ဝိန်းမြို့တွင် ထင်ရှားသော "ပါဂျူးတက္ကသိုလ်"သို့ သွား ရောက်ကြည့်ရှုလေ့လာခဲ့သည်။ ပါဂျူးတက္ကသိုလ်ဟု အတိုခေါ် သော်လည်း အမည်အပြည့်အစုံမှာ Indiana University Purdue University Fort Wayne (IPFW)ဟု ခေါ်

www.burmeseclassic.com

သည်။ အင်ဒီယားနားပြည်နယ် မြောက်ပိုင်းမြို့များတွင် ဤတက္ကသိုလ်သည် အကြီးဆုံးဖြစ်ပါသည်။ ပြည်နယ်ကြီးတစ်ခုလုံးတွင် ဒုတိယ အကြီးဆုံးဖြစ်သည်။

ကျွန်တော်တို့ သွားသောနေ့မှာ ညနေစောင်းပြီဖြစ်၍လည်းကောင်း၊ ပိတ်ရက်ဖြစ်သောကြောင့်လည်းကောင်း ကျောင်းတွင် လူနည်းမည်ဟု ထင်ရသော်လည်း စာဖတ်ခန်းများနှင့် အားကစားခန်းမများ၌ ကျောင်းသား၊ ကျောင်းသူများကို တွေ့ရလေသည်။ အမှတ်တရကို အရင်ပြောပါမည်။

Helmke Library ခန်းမကြီးမှာ ကြီးမား၍ ကွန်ပျူတာများဖြင့် အသင့်ပြင်ဆင်ထားပေးသည်။ (၁၉၇၇ တွင် ဒေါ်လာ ၄၂ သန်း အကုန်အကျခံ၍ တည်ဆောက်ထားခဲ့ခြင်းဖြစ်၏။) စာလာဖတ်နေသော ကိုရီးယားကျောင်းသူကလေးနှင့် စကားအတန်ငယ် ပြောဖြစ်သည်။ စီးပွားရေးဘာသာရပ် တက်ရောက်နေသူဖြစ်သည်။ ဤစာကြည့်တိုက်ကို နွေရာသီ စာသင်နှစ်ဝက်အတွက် ဖွင့်ပေးထားရာ နေ့စဉ်နံနက် ၈ နာရီမှ ည ၇ နာရီအထိ လာရောက်ကြည့်ရှုလေ့လာနိုင်သည်ဟု ဆိုသည်။ (Summer Semester မှာ မေ ၁၇ ရက်မှ ဩဂုတ် ၇ ရက်အထိ ဖြစ်ပါသည်။)

မြို့ထဲမှ ကားဖြင့် လာခဲ့ကြရာ ကျောင်းသို့ဝင်ခါနီးတွင် E. Coliseum Blvd လမ်းမကြီး၏ ဝဲဘက်တွင် တက္ကသိုလ်ကြီးရှိပြီး ယာဘက်တွင် Waterfeld ဟု အမည်ပေးထားသော ကျောင်းဆောင်များ ရှိလေသည်။

ထို့ကြောင့် လမ်းမကြီး (အဝေးပြေးလမ်းဖြစ်ရာ ကားရှိန်နှုန်းမြင့်လှ၍)ကိုဖြတ်ပြီး ကျောင်းနှင့် အဆောင်ဆက်သွယ်ထားသော The Wills Family Bridge မှာ ခေတ်မီလှပသော ဒီဇိုင်းဖြင့် တည်ဆောက်ထား၏။ လမ်းမကြီးမှ ကွေ့လိုက်လျှင် ကျောင်းအဝင်မြက်ခင်းပြင်၌ ကျောင်းအမည်ကမ္ပည်းအုတ်နံရံပေါ်တွင် ဖို့(တ်)ဝိန်း၏ အထိမ်းအမှတ် မြစ်သုံးသွယ် (စိန့်မေရီ၊ စိန့်ဂျိုးဇက်နှင့် မော်မီးမြစ်)တို့ကို ခေတ်မီသင်္ကေတ Logo ဖြင့်တွဲကာ IPFW အမည်ရေးထိုးထားပေသည်။

ကျွန်တော်တို့ဝင်သော အဝင်ဟောလ်ခန်းမကြီးသည် အနုပညာဟန်နှင့် ကြံ့ခိုင်သောဟန်ကို ပေါင်းစပ်တည်ဆောက်ထားသည်။ အတွင်းသို့ အဝင်လှုသွားလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် Hall of Fame အမည်ရှိ ပြခန်း၌ တက္ကသိုလ်စတင်ခဲ့သည့် မှတ်တမ်းများ၊ ဂုဏ်ထူးဆောင်ခဲ့သူတို့၏ ရုပ်ပုံမှတ်တမ်းများကို ခမ်းခမ်းနားနား ပြသထားသည်။ ထိုပြခန်းတွင်ရှိ၌ ပန်းနုရောင် စွယ်စုံဆင်ကြီးတစ်ကောင် ရုပ်တုနှင့် Cele brity IPFW ဟူသော ဓာတ်ပုံများကို ချိတ်ဆွဲ ပြသထားရာ တက္ကသိုလ်သို့ဝင်လာသော မောင်သစ်လွင်၊ မယ်သစ်လွင်တို့ကို အားကျစိတ် နိုးဆွပေးနေသည်။ အားကျစိတ်မွေးစေသည်။

ထိုခန်းမဆောင်တွင် ပွဲကြီးလမ်းကြီးများ ကျင်းပနိုင်ရန် စီစဉ်ပေးသည်။ ပွဲခန်းမဆောင်ကြီး နှစ်ခုရှိလေသည်။ ထိုခန်းမမှ အခြားဘက်သို့ ထွက်လိုက်သော် Walb Student Union အဆောက်အအုံရှိသည်။ ကျောင်းသားများသမဂ္ဂဟု ဆိုရမည်။ ကျောင်းသားတို့၏ အဖွဲ့အစည်းဖြစ်သည်။ တက္ကသိုလ်တိုင်းသည် လွတ်လပ်သော စီမံခန့်ခွဲမှုရသည့် တက္ကသိုလ်များ Co-educational Public University များ ဖြစ်သည်။ ကျောင်းသားများ၏ အရေးအတွက် ကျောင်းသားသမဂ္ဂများ ပါရှိကြသည်။

ကျွန်တော်တို့သည် ဤမျှ ကျယ်ဝန်းသော နယ်မြေကြီးကို နှံ့အောင်မကြည့်နိုင်ပါ။ အတော်အသင့် အဆောက်အအုံများကိုသာ လျှောက်ကြည့်ကြသည်။ ၆၈၈ ဧက ကျယ်ဝန်းသော ကျောင်းမြေပေါ်တွင် အဆောက်အအုံများစွာကို လမ်းများ၊ ပန်းခြံများ၊ နားနေရန် နေရာများစွာဖြင့် တည်ဆောက်ထားသည်။ ငွန်လသည် နွေရာသီဖြစ်သည်။ သစ်ပင်ပန်းပင်တို့ စိမ်းစိမ်းစိုစို ရှိကြသည်။ ဆောင်းရာသီတွင် သစ်ပင်တို့ ရိုးတံကျဲကျဲဖြင့် နှင်းဖုံးနေကြသည်။ တစ်နေရာတွင် ရှေးခေတ်ဆင် (mam-moth) ကြီးတစ်ကောင်ကို တွေ့ရလေသည်။ အမွေးအမှင် ထူထပ်စွာနှင့် အစွယ်ရှည်ကြီးကို မြှောက်ထောင်၍ အော်ဟစ်နေဟန်ဖြစ်ရာ မာန်ပါလှသည်။

ဤတက္ကသိုလ်၏ အဆောင်လက်ဖွဲ့ အထိမ်းအမှတ်မှာ "ဆင်"ဖြစ်သည်။ အားကစားပွဲတွင် ဆင်ဦးခေါင်းပုံနှင့် IPFW စာလုံးကို အပြာနှင့်အဖြူ ဝတ်စုံပေါ်တွင် ရိုက်နှိပ်အသုံးပြုသည်။ (အမေရိကန်တက္ကသိုလ်များ၏ အထိမ်းအမှတ်အရုပ်တို့မှာ စုံလှသည်။ ယေးလ်တက္ကသိုလ်၏ တံဆိပ်မှာ ခွေးဘီလူး Bulldog ဖြစ်သည်။)

www.burmeseclassic.com

အင်ဒီယားနားတက္ကသိုလ်နှင့် ပါဂျူးတက္ကသိုလ်ကြီး၏ အနောက်ဘက်တွင် စိန့်ဂျိုးဇက်မြစ်ရှိသည်။ မြစ်တစ်ဖက်သို့ တက္ကသိုလ်မှ ဖြတ်ကူးတည်ဆောက်ထားသော ကြိုးတံတား The Ron Venderly Family Bridge မှာ လှပလှသည်။ ဤတက္ကသိုလ်သည် ဖို့(တ်)ဝိန်း မြို့အတွက် ဂုဏ်ထူးဆောင်ခဲ့သည်။ နှစ်တိုတိုဖြင့် အောင်မြင်ခဲ့ခြင်းဖြစ်သည်။

ဤတက္ကသိုလ် IPFW အဖြစ်ကို ၁၉၆၄ စက်တင်ဘာလတွင် ဤနေရာ၌ စတင်ဖွင့်လှစ်ခဲ့၏။ ပထမဦးဆုံးအစမှာ ၁၉၁၇ ခုနှစ်က ကျောင်းသား ၁၄၂ ယောက်ဖြင့် မြို့ထဲ၌ စတင်ခဲ့သည်။ ၁၉၄၁ တွင် Purdue University ဟု ခေါ်တွင်ခဲ့၏။ ၁၉၅၈ တွင် Allen County ၏ တက္ကသိုလ်အဖြစ် Indiana University နှင့် ပေါင်းကာ ဖွင့်လှစ်ခဲ့တော့သည်။ ယခုလက်ရှိ မြေနေရာမှာ ဧက ၆၈၈ ဧကကျယ်ဝန်း၍ ၁၉၆၄ က စတင်တည်ထောင်ခဲ့ခြင်းပင်တည်း။

ယခုအခါ ဘွဲ့ကြိုကျောင်းသား ၁၂၉၀၀ ကျော်၊ ဘွဲ့လွန်ကျောင်းသား ၅၀၀ ကျော်၊ ဆရာ(သင်ကြားပို့ချရေးဌာနဝန်ထမ်း) ၃၄၀ ကျော်၊ အခြားဝန်ထမ်း ၁၂၀၀ ကျော်ရှိပေသည်။ ဘာသာရပ်အစုံ ပို့ချပေးလျက်ရှိသည်။ IU ဆေးကျောင်းမှာ ထင်ရှားသောကျောင်းတစ်ကျောင်းဖြစ်၏။ အင်ဒီယားနားတက္ကသိုလ်နှင့် ပါဂျူးတက္ကသိုလ်လည်း အားကစားဘက်တွင် နာမည်ကျော်သည်။

ဘော်လီဘော၊ ဘော့စ်ဘော၊ ဘောလုံး၊ ပြေးခုန်ပစ်အပါအဝင် အားကစားနည်းများစွာအတွက် လေ့ကျင့်ပေးလျက်ရှိသည်။ ဆိုခဲ့သော "ရှေးဆင်ကြိုးတံဆိပ်"ဖြင့် အားကစားသမားများစွာ မွေးထုတ်ပေးခဲ့သည်။ (တက္ကသိုလ်တွင် အာရှသား ၂ ဒသမ ၅ ရာခိုင်နှုန်း တက်ရောက်သင်ကြားလျက်ရှိသည်ဟု ဆိုသည်။ အများအားဖြင့် လူဖြူများဖြစ်၍ ရာခိုင်နှုန်း ၇၀ ကျော်ရှိ၏။ အခြားနိုင်ငံခြားများမှ ကျောင်းသားများစွာပါ ရောနှောပညာသင်ကြားလျက်ရှိသည်။)

ဤ IPFW တက္ကသိုလ်ကို ကြည့်ရှုရင်း မိမိတို့၏ ရန်ကုန်တက္ကသိုလ်ကြီးက အခဆိုပါ ပါဂျူးတက္ကသိုလ်ထက် ရှေးဦးကျသော ဖြစ်စဉ်ကိုလည်းကောင်း၊ အရှေ့တောင်အာရှတွင် ထင်ရှားဝင့်ကြွားခဲ့သော တက္ကသိုလ်ကြီးဖြစ်ခဲ့သည်ကိုလည်းကောင်း တွေးမိပါသည်။

ယနေ့ "ရန်ကုန်တက္ကသိုလ်"သည် Rangon University သည် ၁၈၇၈ ခုနှစ် အင်္ဂလိပ်ခေတ်ကာပင် ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ Rangon College ရန်ကုန်ကောလိပ်အဖြစ် စတင်ခဲ့သည်ဟု ဆိုပါသည်။ ၁၉၀၄ တွင် Government University အဖြစ် ရောက်ရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ်တွင် University College အဖြစ် အမည်ပြောင်းရောက်ရှိခဲ့သည်။ ထို့နောက် Rangon University ဖြစ်လာခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် Yangon Arts and Sciences University အဖြစ် အမည်ပြောင်းလဲခဲ့၏။ ယခုတော့ Yan-gon University ဖြစ်နေပြန်ပေပြီ။ သံသရာပေတကား။

ကျွန်တော်တို့သည် "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော . နိုင်ငံတော်တည်ဆောက်အံ့"ဟူ၍ "ကြွေးကြော်"ခဲ့သော်လည်း ပညာရေး၌ ရင်းနှီးမြှုပ်နှံမှု အနည်းဆုံးနှင့် စီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့သဖြင့် အာရှ၌ တစ်ချိန်က ဝင့်ကြွားထင်ရှားခဲ့သောအမည်မှာ အခြားအာရှနိုင်ငံတို့၏ တက္ကသိုလ်ဂုဏ်သတင်းများက ကျော်၍သွားခဲ့လေပြီ။ ကျွန်တော်တို့အဘယ်အဆင့်တွင် ကျန်ခဲ့ပြီနည်း။ မည်မျှကြိုးစားမှ ရင်းစားရမည်နည်း။ အမည်ကောင်း ပြန်လည်ရရှိမည်နည်း။ နိုင်ငံတည်ဆောက်ရေးတွင် ပညာရှင်တို့ အခန်းကဏ္ဍကို မည်သို့အလေးထား၍ မွေးထုတ်မည်နည်း။ တွေးနေမိသည်။

ကျွန်တော် "ကျန်"ခဲ့ပါပြီ။

ပြင်ရပါမည်။ ကြိုးစားရပါမည်။

ပညာရေးသည် နိုင်ငံရေး၏ လက်အောက်ခံဖြစ်သည်။ စီးပွားရေး၏ အသီးအပွင့်ဖြစ်သည်။ ရေသောက်ဖြစ်နှစ်သွယ်ဖြစ်သော နိုင်ငံရေးနှင့် စီးပွားရေး ပြောင်းလဲလာပါမှ အသီးအပွင့် ဝေဆာမည်ဖြစ်သည်ကို တွေးတောရင်း အင်ဒီယာနားတက္ကသိုလ်၊ ပါဂျူးတက္ကသိုလ်ထဲမှ ပြန်ထွက်ခဲ့မိတော့သည်။

အပြင်တွင် နေရောင်ရှိနေသော်လည်း・・・

အချိန်ကား မစောတော့။

**မောင်ကျောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

# ပြည်တွင်းပြည်ပ
# ဝိညာဉ်လောက ယုံကြည်ချက်များ

လှတိုး(စိတ်ပညာ)

**စိတ်စွမ်းအင် ပညာရှင်**

အိန္ဒိယနိုင်ငံရှိ ဟိန္ဒူလူမျိုး သူတော်စင် ဖကီးများအကြောင်းကိုသော်လည်းကောင်း၊ သမ္မာကျမ်းစာလာ ခရစ်ယာန်ဘာသာဝင် သူတော်စင်များအကြောင်းကိုသော်လည်းကောင်း၊ ရှာန်ပုံသည်ဟူသော ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုကိုလည်းကောင်း စာဖတ်သူတို့ သိပြီးဖြစ်သည်။ ဘာသာရေးဆိုင်ရာ သမိုင်းတွင်လည်း ထူးဆန်းသည့် တန်ခိုးများကို ပိုင်ဆိုင်ကြသော သူတော်စင် ထရီဇာ စိတ်တန်ခိုး ဂမ္ဘီရပညာရှင် Joseph of Cupertino တို့အကြောင်းများ ဖော်ပြထားပြီးဖြစ်သည်။ ထူးဆန်းသော တန်ခိုးမဟုတ်လျှင် လှည့်စားမှုတစ်ခုပါဟု မှတ်ချက်ချလိုကလည်း ချနိုင်သည်။ ကမ္ဘာကျော်မျက်လှည့်ပညာရှင် ဒေးဗစ်ကော်ပါဖီး၊ ဒေးဗစ်ဘလိမ်းတို့လို ပညာရှင်များကလည်း အလွန်ထူးဆန်းသော ကိစ္စရပ်များစွာကိုလည်း ပြခဲ့ပြီးဖြစ်သည်။

ပူးတွဲဖော်ပြထားသော ဓာတ်ပုံမှာ ဓာတ်လုံးပညာရှင် Colin Evans ရိုက်ကူးထားသော ပုံဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ The Conway ခန်းမကြီးထဲတွင် ၁၉၃၇/ ၃၈ တစ်ဝိုက်က ဖြစ်ခဲ့သော ဖြစ်ရပ်ကို မှတ်တမ်းတင်ထားသော ပုံဖြစ်သည်။ ဤဓာတ်ပုံတွင် မမြင်နိုင်သောကြိုးများ လျှို့ဝှက်စက်သီးများ၊ သို့မဟုတ် တခြားပစ္စည်းကရိယာတန်ဆာပလာများသုံး၍ ဖန်တီးထားသော မြင်ကွင်းတစ်ခုဟု ဆိုလိုကဆိုနိုင်ပါသည်။ သို့သော် Colin Evans ၏ပုံကို သေချာစွာကြည့်ပါက ဘေးပရိသတ်သည် မြေမှ ၁၅ ပေခန့်အထိ မြင့်တက်သွားသော လူတစ်ယောက်ကို အထူးအဆန်းအဖြစ်ဝိုင်းကြည့်မနေကြပါ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြပုံ ဖြစ်နေပါသည်။ ဓာတ်ပုံဆရာကသာ ထူးဆန်းသောဖြစ်ရပ်ကို မှတ်တမ်းတင်လိုက်ခြင်း ဖြစ်ပါသည်။ လှည့်စားမှုတစ်ခုပေလော၊ သို့မဟုတ် ဓာတ်ပုံပညာရှင် Colin Evans သည် Mass hypnotism ခေါ် အုပ်စုလိုက် အိပ်မွေ့ချပညာသုံး၍ ဤဓာတ်ပုံကို ရိုက်ယူလိုက်သလော။ သင် မည်သို့ထင်ပါသနည်း။ ဓာတ်ပုံဆရာကတော့ စိတ်စွမ်းအင်ပညာရှင်တစ်ဦး စိတ်တန်ခိုးပြနေစဉ် အစွမ်းပြရိုက်ကူးခဲ့သည်ဟု ဂုဏ်ယူဝံ့ကြွားစွာ ပြောပေလိမ့်မည်။

**အံ့ဖွယ်စိတ်စွမ်းအင်ပညာရှင်**

၁၉ ရာစုနှစ်အတွင်း အကြီးကျယ်ဆုံး စိတ်စွမ်းအင်ပညာရှင်မှာ "ဒင်းနီယယ်ဟုမ်း"ပင်ဖြစ်သည်။ ဟုမ်းသည် သူ့အရပ်အမောင်းကို နဂိုမူလအရွယ်မှ ၁၁ လက်မ မြင့်တက်လာအောင် ပြုလုပ်ပြနိုင်သည်။ ရဲရဲနီနေသော ကျောက်မီးသွေးတုံးများဖြင့်လည်း မျက်နှာကို ဆပ်ပြာတိုက်သလို ပွတ်တိုက်ပြနိုင်၏။ သို့မဟုတ် ကျောက်မီးသွေး မီးကျီခဲများအကြားသို့ မျက်နှာတစ်ခုလုံး နှစ်မြှုပ်ထားနိုင်စွမ်းသည်။ တူရိယာပစ္စည်းများကိုလည်း သူ့လက်ဖြင့် မထိမတို့ရဘဲနှင့် တီးခတ်ပြနိုင်၏။ ထို့ထက် အံ့သြဖွယ်အကောင်းဆုံး အစွမ်းပြချက်မှာ ရူပါမင်းကဲ့သို့ လေထဲသို့ ဝဲပျံနိုင်ခြင်း ဖြစ်သည်။

ဤအချက်များကို သုတေသနပြု ဖော်ထုတ်လိုက်သူမှာ ဗြိတိသျှသမိုင်းပညာရှင် အယ်လီဇာဘတ်ဂျန်ကင်စ် ဖြစ်သည်။ စိတ်စွမ်းအင်ပညာရှင် ဒင်းနီယယ်ဟုမ်းကိုယ်စား ပြော



www.burmeseclassic.com

www.burmeseclassic.com



ချက်ဟူသော အမည်ဖြင့် အယ်လီဇဘက်ဂျန်ကင်စ်က စာအုပ်တစ်အုပ် ပြုစုထုတ်ဝေခဲ့သည်။ ဟုမ်းသည် စကော့တလန်နယ်တွင် ၁၈၃၃ ခုနှစ်က မွေးဖွားခဲ့ပြီး သိပ္ပံပညာရှင်ကြီး ဆာဝီလျံခရွတ်စ်ကိုယ်တိုင် သူ့စိတ်စွမ်းအင်များကို လက်တွေ့စမ်းသပ်ကြည့်ခဲ့လေသည်။

သူ့အားစမ်းသပ်ရာတွင် တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော အကော်ဒီယံ(လက်ဆွဲဘာဂျာ)အသစ်စက်စက်တစ်လက်ကို သော့ခတ်ထားသော သံမဏိလှောင်အိမ်အတွင်း ထည့်ပြီး စားပွဲအောက်၌ ချထားစေသည်။ ဟုမ်းအား စားပွဲသို့ခေါ်လာပြီး ထိုင်ခိုင်း၏။ ထိုအခါ ဟုမ်းက သူ့လက်တစ်ဖက်ကို စားပွဲအောက်သို့သွင်းပြီး သံလှောင်အိမ်အမိုးအား ထိထားသည်။ သံလှောင်အိမ်အတွင်းမှ အကော်ဒီယံအား လုံးဝ မထိမတို့မိပေ။ ကျန်လက်တစ်ဖက်က စားပွဲမျက်နှာပြင်ပေါ်မှာပင် တင်ထား၏။ ရုတ်တရက်ဆိုသလို အကော်ဒီယံကြီးသည် လူတစ်ယောက်လက်နဲ့ ကိုင်တွယ်ပြီး ဆွဲနေသလို ပိန်ချည်ဖောင်းချည်ဖြစ်လာတာ တွေ့ရပါသည်။ လှောင်အိမ်ထဲ၌ အကော်ဒီယံသည် အထက်အောက်လည်း ရွှေ့လျားနေသည်။ ဘေးမှ ပရိသတ်က ကြည့်နေနိုက်မှာပင် သာယာချိုအေးသော တေးသံမြည်လာတာ ကြားရပါသည်ဟု အယ်လီဇဘက်ဂျန်ကင်စ်က ထုတ်ဖော်ရေးသားထားသည်။

လော့ဒ်အဒ်ယားအမည်ရှိ ဗြိတိသျှ မှူးမတ်နွယ်တစ်ဦးကလည်း ဟုမ်း၏ အစွမ်းပြကွက် ဆယ်မျိုးခန့်ကို မှတ်တမ်းတင်ထားခဲ့သည်။ အထူးသဖြင့် ဟုမ်းသည် သူ့အရပ်အမောင်းကို နဂိုကထက် ၁၁ လက်မအထိ ရှည်ထွက်လာအောင် ပြုလုပ်နိုင်၏။ မှူးမတ်ကြီး၏အိမ်တွင် ညှိခန်းမီးလင်းဖိုရှိ မီးသွေးတုံးရဲရဲနီများကို လက်ဖြင့် ကိုင်တွယ်ပြခြင်းမှာလည်း အံ့ဖွယ်သရဲဖြစ်၏။ ထို့ပြင် ဟုမ်းသည် မီးလင်းဖိုရှေ့၌ ဒူးထောက်ထိုင်ချလိုက်ကာ အလျှံငြီးငြီး တောက်လောင်နေသော ကျောက်မီးသွေးခဲများအကြားသို့ မျက်နှာကို ထိုးအပ်ပြလိုက်သေးသည်။ သူ့လုပ်ဆောင်ချက်ကို ဘေးလူများက စိုးရိမ်စွာ ကြည့်နေသော်လည်း ဟုမ်း၏ မျက်နှာနှင့် လက်တို့တွင် မည်သည့် အပူလောင် အဖုအပိမ့်မျှ မတွေ့ရပေ။

ဆာဝီလျံခရွက်စ်သည် ဟုမ်းအား မိုးပျံစုပါမင်းအဖြစ် အကြိမ် ၁၀၀ ကျော်မျှ တွေ့မြင်ခဲ့ရသည်ဆို၏။ တစ်ကြိမ်တွင် ဆရာဝန်၊ ရှေ့နေနှင့် သိပ္ပံပညာရှင်တစ်စု၏ ရှေ့မှောက်တွင် ဟုမ်းက မြေပြင်မှ အထက် လေးပေကျော် အမြင့်သို့ ခုန်ပျံပြခဲ့သည်။ ညှိခံပွဲတစ်ခုတွင်လည်း သူသည် မြက်ခင်းပြင်ပေါ်၌ ပေ ၁၀၀ အလျား ခုန်ပြခဲ့သည်။ ယင်းသို့ အလျားခုန်ရာ၌ ရှေ့ဘက်နှင့် နောက်ဘက်သို့ ခေါက်တုံ့ခေါက်ပြန် ခုန်နိုင်ခြင်းဖြစ်သည်။

လူအများအား ပရိသတ်ဗိုလ်ပုံအလယ်တွင် အံ့ဖွယ်သရဲ အစွမ်းသတ္တိအမျိုးမျိုး လုပ်ပြနိုင်ခဲ့သော်လည်း ဟုမ်းသည် မရဏာရှင်သေမင်းကိုကား မလှည့်စားနိုင်ခဲ့ရှာပေ။ ၁၈၈၈ ခုနှစ်တွင် အဆုတ်ရောဂါဖြင့် ကွယ်လွန်သွားရှာသည်။ သူ့လို စိတ်စွမ်းအင်ပညာရှင် လူထူးလူဆန်းမျိုး ယနေ့ထိ နောက်ထပ် မပေါ်ထွက်ခဲ့သေးပေ။

သို့သော် မျက်လှည့်၊ လက်လှည့်ကဲ့သို့သော ပုဂ္ဂိုလ်များ ထွက်ပေါ်ခဲ့ပါသည်။

**လှတိုး(စီးပွားပညာ)**

**စာညွှန်း ။ ။ The Earliest Images**

www.burmeseclassic.com



# နိဗ္ဗာန်လမ်းပြ ဝိပဿနာ တရားတော်(၇)

## (ရုပ်ခေတ်ရှစ်ပါး)

■ မဟာထွန်း

**ခေတ်ခေတ်**

ယခုအခါ သာသနာတော်ကြီးသည် သဲကမ်းပါး ပြိုသကဲ့သို့ ပြိုဆင်းလာသည်ကို စာဖတ်သူများ သိချင်မှ သိကြပေလိမ့်မည်။ သတိပြုပြီး လေ့လာသုံးသပ် အကဲခတ်ကြည့်နေသည့် ပုဂ္ဂိုလ်များသာ သိနိုင်ကြပေသည်။ ကျောက်ကမ်းပါး၊ မြေကမ်းပါး၊ သဲကမ်းပါးဟု သုံးမျိုးရှိရာ၌ သဲကမ်းပါးသည် ရေတိုက်စားခြင်းကို မခံနိုင်ဆုံးဖြစ်သည်။

မည်မျှအထိပင် ကြီးမား၊ မြင့်မောက်၊ ထုထဲစေကာမူ သဲကမ်းပါးသည် ရေတိုက်စားသည့် ဒဏ်ကို မခံနိုင်ပေ။ တဝုန်းဝုန်း၊ တဗုန်းဗုန်းဖြင့် ပြိုဆင်းသည်သာ ဖြစ်သည်။ ကာလတိုအတွင်းမှာပင် ချောင်းနှင့် တစ်သားတည်းဖြစ်သွားနိုင်သည်။ ဤသည်မှာ သဲကမ်းပါးတို့၏ သဘောသဘာဝ အတိုင်းသာ ဖြစ်သည်။

ယခုအခါ ငါတို့၏ သာသနာတော်ကြီးသည်လည်း ထိုနည်းလည်းကောင်း ပြိုကျပျက်ဆင်းလာနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

သတိထားမိကြသောသူက အလွန်အမင်းနည်းပြီး မသိထား၊ နားမလည်၍ အမှတ်မဲ့နေကြသူများကသာ များနေလေသည်။

ထို့ကြောင့် သာသနာတော်ကြီး အရှိန်အဟုန်ဖြင့် ဆုတ်ယုတ်လာသောကြောင့် တကယ်တမ်း ပရိယတ်၊ ပဋိပတ် သာသနာတော်ကိုပြုနေကြသော ကျောင်းတော်ကြီးများ ရပ်တည်ရန် အလွန်အမင်း ခက်ခဲလာလေသည်။ ဆွမ်း၊ သင်္ကန်းမှ ပြည့်စုံရန်ပင် မလွယ်ကူတော့ပေ။ သံဃာလည်း သံဃာအလျောက် အသုံးစရိတ် များပြားလာနေသောကြောင့် သာ၍ခက်သည်။ မတတ်နိုင်။ သူ့ခေတ်နှင့်သူဟု ဆိုရမည်။

တချို့က တယ်လီဖုန်းကို ထိုးပြကြသည်။ တယ်လီဖုန်းအပြစ်ဟု ဆိုကြသည်။ ထိုသို့ တိတိကျကျ မဆိုသာပေ။ တယ်လီဖုန်းကို ထိုးပြကြသည်မှာ ညစ်ညမ်းကိစ္စကြောင့်ဟု ဆိုရမည်။ ဤအဆိုသည် တိတိကျကျ မမှန်ပေ။

ထိုထက် နှိမ့်၍ဆိုပါမူ အချို့သော ပုဂ္ဂိုလ်တို့သည် ဃရာဝါသအမှု ရှိခဲ့ပြီးမှ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်။ ဘုရားရှင်၏ ဝိနည်းစည်းကမ်းတော်အတိုင်း သာသနာ့ဝန်ကို ထမ်းရွက်ကြသည်။ ပရိယတ်၊ ပဋိပတ်ကို စွမ်းဆောင်နိုင်ကြသည်။

တချို့ စစ်ဗိုလ်၊ အင်ဂျင်နီယာ၊ ဆရာဝန် စသော လောကတွင် အဆင့်မြင့်နေကြသည့် ပုဂ္ဂိုလ်များလည်း ထိုနည်းလည်းကောင်း သာသနာတော်သို့ ဝင်ရောက်ကာ သာသနာ့တာဝန်များကို အသီးသီးထမ်းရွက် ပြုစွမ်းလျက်ရှိကြသည်။ စာသင်တိုက်ကြီးများကို ဝင်ရောက်လေ့လာကြည့်လျှင် သိနိုင်သည်။

ဤမျှဆိုလျှင်ပင် တယ်လီဖုန်းနှင့် တိတိကျကျ မသက်ဆိုင်ကြောင်းကို သိသာနိုင်သည်။ လျှော့သောသူများက လျှော့၍ မလျှော့သောသူများက မလျှော့ကြပေ။ ဤစာရေးသူလည်း တယ်လီဖုန်းသုံးသည်။ ကိုယ်တွဲ့နာမည်၊ ကိုယ့်ပုံနှင့် အကောင့်လုပ်ခိုင်းပြီး တင်ထားသည်။

အချိန်နှင့် လိုင်းတက်သည်။ အမေးရှိလျှင် ဖြေသည်၊ အမေးမရှိလျှင် ကြိုက်နှစ်သက်ရာ ဆောင်းပါးများကို ဖတ်သည်။ ကျောင်းနှင့်ပတ်သက်သော အလှူခံဆောင်းပါးများကိုလည်း တင်သည့်အခါ တင်သည်။

တယ်လီဖုန်းခေတ်မှာ တယ်လီဖုန်းသုံးသင့်သည်။ တယ်လီဖုန်းသည် ကမ္ဘာ့ကွန်ယက်ကြီး ဖြစ်သည်။ အကြောင်းအရာ အတော်များများကို ပြီးမြောက်အောင်မြင်နိုင်သည်။ သက်သာလွယ်ကူသော သဘောကို ဆောင်သည်။ ထိုသို့သဘောရှိ၍ တယ်လီဖုန်းကို အပြစ်ပြောလျှင် အလုံးစုံ မမှန်ဟု ဆိုရသည်။

သာသနာတော်ကြီး ဆုတ်ယုတ်လာသည်နှင့် ပတ်သက်၍ လက်တွေ့ကျကျ သုံးသပ်ကြည့်လျှင် ကိုးကွယ်သူ ဒကာ၊ ဒကာမတို့သည် ဒါနအရာ၌ သာသနာတော်အရေးထက် အနောက်တိုင်းဆန်ဆန် လူမှုရေးများမှာသာ အားသန်နေကြသည်ကို တွေ့နိုင်သည်။

စာသင်တိုက်၊ တရားတိုက် တစ်ခုခုကို ဦးတည်ပြီး တည်ထောင်သောကျောင်းနှင့် ပရဟိတ၊ ဘိုးဘွားရိပ်သာ တစ်ခုခုကို ဦးတည်ပြီး တည်ထောင်ထားသော ကျောင်း၊ ထိုကျောင်းများကို ယှဉ်ကြည့်ပါ။

စာသင်တိုက်၊ တရားတိုက် တစ်ခုခုကို ဦးတည် တည်ထောင်သော ကျောင်းသည် ဆယ်နှစ်ကြာ၍ပင် ကျောင်းကောင်းတစ်ဆောင် ပေါ်ပေါက်ရန် ခဲယဉ်းပြီး ပရဟိတ၊ ဘိုးဘွားရိပ်သာ တစ်ခုခုကို ဦးတည် တည်ထောင်သော ကျောင်းသည် နှစ်ချင်းပေါက် တိုးတက်အောင်မြင်သွားမည်မှာ မလွဲပေ။ နောက်ခံ ဒကာ၊ ဒကာမများသည်လည်း ပရဟိတ၊ ဘိုးဘွားရိပ်သာဘက်မှာသာ အားသန်နေကြလေသည်။

ဤသို့ဆိုခြင်းဖြင့် ပရဟိတ၊ ဘိုးဘွားရိပ်သာ စသော လူမှုရေးကိစ္စများကို မလိုလား၍ မစ္ဆရိယစိတ်ဖြင့် ပြောဆိုနေခြင်း မဟုတ်ပေ။ ဤစာရေးသူလည်း နာရေးအသင်းကြီး ပေါ်လာစက သင်္ဂြိုဟ်စရိတ် မလုံလောက်၍ လေးနှစ်ကျော်တိုင်အောင် အလှူဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်ပြီး လှူဒါန်းပေးခဲ့ဖူးသည်။

မမွေးနိုင်သော မိခင်များအတွက် သီးသန့် 'နှစ်သက်ကယ်'အမည်ဖြင့် တစ်ဦးတည်း စတင်ကာ ထူထောင်ပေးခဲ့ဖူးသည်။ ချို့တဲ့သူများအား ယနေ့တိုင်အောင်ပင် တတ်နိုင်သလောက် ထောက်ပံ့ပေးနေဆဲ ဖြစ်သည်။ (မနက်ဖြန် ၂၆. ၂. ၂၀၁၇ ရက်နေ့မှာပင် ရွှေပြည်သာ၊ လှော်ကားလမ်းဆုံးအနီး ဘုရားလေး (အရှေ့ပါအခမဲ့)



www.burmeseclassic.com

www.burmeseclassic.com

ဘူနာတင်ယာဉ်ဌာနကို ဝတ္တုငွေ ၅၀၀၀၀ သွားလှူရန်ရှိသေးသည်။) သို့သော်လည်း သာသနာတော်အရေးထက် ချည်သည့်ကိစ္စကိုမျှ ပိုမောက်ခြင်း မရှိသည်ကို ဝန်ခံသည်။

ပရိယတ်၊ ပဋိပတ်ရော ပရဟိတ၊ ဘိုးဘွားရိပ်သာစသည့် လူမှုရေးလုပ်ငန်းများပါ မဟာတပ်သော ကုသိုလ်လုပ်ငန်းကြီးများချည်းသာ ဖြစ်သည်။

သို့သော်လည်း မဟာကုသိုလ်များစွာတို့အထဲတွင် ပရိယတ်၊ ပဋိပတ် စသည့် မဟာကုသိုလ်ကြီးများမှာ မဟာသင်္ခတသုခ နိဗ္ဗာနဓာတ်ကြီး၏ မြစ်ဖျားခံရာ သောက်ရေမြစ်ကြီးသာ ဖြစ်သည်။

ထိုသို့သဘောရှိ၍ ဆိုခဲ့သည့်အတိုင်း ယခုအခါသည် သာသနာတော်ကြီး အောက်ခြေယိုင်လာနေသည်ကို သိနေ၊ မြင်နေလျက်နှင့် သည်အတိုင်းသာ ဆက်၍သွားနေကြပါမှ မဟာသင်္ခတသုခနိဗ္ဗာန ဓာတ်မြစ်ကြီးသည်လည်း ပြတ်တောက်ရန် အလွန်ပင် နီးကပ်နေပြီဟူ၍သာ ဆိုရပေတော့မည်။

လူပုဂ္ဂိုလ်များကို မဆိုထားဘိ၊ ဆရာတော်အချို့တို့သည်ပင် စွမ်းနိုင်ပါလျက် စာသင်တိုက်၊ တရားတိုက်တစ်ခုခု၊ တစ်ပါးပါးကို တည်ထောင်ကာ သာသနာတော်ကြီးကို အဖတ်ဆယ်ရန် မကြိုးစားလိုကြတော့ဘဲ တိုးတက်အောင်မြင်ခြင်း အားနည်းလာနေသော ဆင်းရဲဒုက္ခကို မခံစားလိုတော့ဟု အကြောင်းပြကာ နေမြဲအတိုင်း နေထိုင်ကြသလို တချို့သော ဆရာတော်များမှာ ဆိုခဲ့သည့် လူမှုရေးဘက်ကို ပြောင်းရွှေ့ကုန်ကြသည်ကိုလည်း အံ့မခန်းပင် တွေ့နေရသည်။

တချို့မှာ ဗုဒ္ဓဘာသာဖြစ်လျက်နှင့် မိမိတို့၏ လာဘ်လာဘကို ငဲ့ထောက်ကာ ဘာသာခြားများနှင့် ပေါင်းဖက်မိတ်ဖွဲ့ပြီး နှေးကွေးပြီး ချည့်နဲ့လာနေသော ဗုဒ္ဓဘာသာစာသင်တိုက်၊ တရားတိုက် စသော ကျောင်းမြေများကို အာဏာဂုဏ်၊ ရာထူးဂုဏ်များကို ပြသခြိမ်းခြောက်ကာ ဝင်လုမှုများပင် ကြောက်ခမန်းလိလိကြီး ရှိလာနေကြလေသည်။

သက်ဆိုင်ရာ ကျောင်းထိုင်ဆရာတော် စသော သံဃာတော်များအား သားအုပ်လေလွင့် ပြောဆိုခြင်း၊ သီလ၊ သိက္ခာများကို ထိပါးစော်ကားခြင်း ကိုးကွယ်ကြသည့် ဒကာ၊ ဒကာမများ ကျောင်းသို့ မလာရဲလောက်အောင် ခြိမ်းခြောက်ပြောဆိုခြင်း စသည်များမှလည်း ပြော၍မဆုံးလောက်အောင်ပင် ရှိကြလေသည်။

သံဃာတော်များဘက်က တတ်နိုင်မည်၊ စွမ်းနိုင်မည်ဟု ယူဆရသော ပုဂ္ဂိုလ်များကို အကူအညီတောင်းခံလျှင်ပင် ထိုထိုပုဂ္ဂိုလ်များသည် ဆိုခဲ့သည့် မိစ္ဆာအယူ ရှိနေသူများ၏ သိမ်းသွင်းခြင်းဘက်သို့ ပါသွားတတ်ကြပြန်လေသည်။

ထို့ကြောင့် ငါတို့ဘာသာ၊ ငါတို့သာသနာတော်ကို အဖတ်ဆယ်၍ပင် ရနိုင်တော့မည်ဟု မထင်တော့ပေ။ သည်အတိုင်းသာ ဆက်သွားနေကြမည်ဆိုပါက မြန်မာနိုင်ငံ သာသနာတော်သည် ဆယ်စုနှစ်လေးငါးစုအတွင်းမှာပင် မိစ္ဆာဘာသာ လွှမ်းသွားမည်မှာ မြေကြီးလက်ခတ်လွဲအံ့မထင်တော့ပေ။

(အိမ်နီးချင်း နိုင်ငံများလည်း ထိုနည်းလည်းကောင်း ဖြစ်နေကြ၊ ဖြစ်သွားကြသည်ကို အသိပင် ဖြစ်လေသည်။)

ဆိုခဲ့သည်မှာ ကိုယ်တိုင်ကြုံတွေ့ ဖြတ်လျှောက်နေရဆဲ အကြောင်းအရာများသာ ဖြစ်သည်။ ဤစာရေးသူကိုယ်တိုင် ပရိယတ်၊ ပဋိပတ် သာသနာတော်နှစ်ရပ်လုံးကို အထက်တန်းကျကျ ဆောင်ရွက်နေဆဲဖြစ်သောကြောင့်လည်း ဤကဲ့သို့ စေ့စေ့ငုငု တင်ပြနိုင်ခြင်း ဖြစ်သည်။

စွမ်းနိုင်သူ၊ သဒ္ဓါရှိသူများအား သင်္ခတသုခ နိဗ္ဗာနဓာတ်မြတ်ကြီး၏ လက်ရှိအခြေအနေများကို ခံစားကြည့်နိုင်ကြရန်လည်း ရည်ရွယ်သည်။ သင်္ခတသုခ နိဗ္ဗာနဓာတ်မှသာ မေတ္တာ၊ ကရုဏာများ ဖြာထွက်၍ လူမှုရေးလုပ်ငန်းကိစ္စများ ပေါ်ပေါက်ပြည့်ဝလာတတ်သည်ကိုလည်း အထူးဆိုဖွယ်ပင် မရှိတော့ပေ။

ဤသို့ အဘယ်ကြောင့် ဤဓမ္မစာပေနေရာတွင် ထိုထိုအရေးကိစ္စများကို ထည့်သွင်းရေးသားရသနည်း ဆိုပါမူ ပရမတ်နှင့် ဓမ္မလမ်းစဉ်ကို ဦးစားပေးကာ လိုက်စားကြမှ ဤတွင် မြင်သာသော ပုဂ္ဂိုလ်များ ရှိတတ်သောကြောင့်ဟု ဆိုရမည်။ ကရုဏာဓာတ်နှင့် မြင်နိုင်သော ဉာဏ်ဘဏ္ဍာသည်လည်း ဤဓမ္မရသပုဂ္ဂိုလ်များ၌သာ တည်သည်ဟု ဆိုနိုင်၍ဖြစ်သည်။

ဤစာရေးသူအနေမှာမူ သာသနာတော်ကြီး သဲ



www.burmeseclassic.com

www.burmeseclassic.com

ကမ်းပါးပမာ ပြိုဆင်းလာနေသည်ကို တွေးရင်း ရေးရင်း ရင်လေးရုံသာမက ပူလောင်၍ပင်လာနေမိသည်ကိုမူ ဝန်ခံသည်။ တတ်စွမ်းသမျှလည်း အလုပ်နှင့် ဘဝကို နှစ်၍ထားသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင် သူတော်ကောင်း အပေါင်းတို့ ... ငါတို့သာသနာတော်ကြီးသည် သဲကမ်းပါးကဲ့သို့ အရှိန်အဟုန်ဖြင့် ပြိုဆင်းလာနေသည်ကို အဘယ်သို့ အဖတ်ဆယ်ကြမည်နည်း။ အဖတ်ဆယ်ကြပါတော့ဟူ၍သာ တိုက်တွန်းလိုက်ရပေသည်။

❑

တေဇောဓာတ်၌ ဥဏှတေဇော၊ သီတတေဇောဟူ၍ အကျဉ်းအားဖြင့် နှစ်မျိုးဟားသည်။ အပူဓာတ်နှင့် အအေးဓာတ်ဟု ဆိုရသည်။ သတ္တဝါတို့၏ ခန္ဓာကိုယ်၌ တေဇောဓာတ်နှင့်ကြည့်လျှင် အပူနှင့်အအေး တေဇောဓာတ်နှစ်မျိုး ရှိသည်။ တစ်မျိုးသည် အပူဖြစ်ပြီး နောက်တစ်မျိုးသည် အအေးဖြစ်သည်။

ထိုနှစ်မျိုးကို တစ်ပေါင်းတည်း ပြုကြည့်လျှင် အပူတစ်မျိုးတည်းသာ ရှိသည်ကို တွေ့ရမည်။ အအေးလွန်ကဲလျှင်လည်း အပူဓာတ်ဘက်သို့ ကူးစပ်သွားသည်ဟု ဆိုရသည်။ ရှင်းအောင်လင်းလျှင် အေးခဲနေသော ရေခဲထဲသို့ ကြက်ဥ စသည်ကို ထည့်ပြုတ်ထားလျှင်ပင် ကျက်သွားတတ်သည်ကို မြင်ရုံဖြင့် သိနိုင်သည်။

ထိုတေဇောကို ဓာတ်နှင့်ကြည့်လျှင် 'သဘော'ဟု ဆိုရသည်။ ပူသဘော၊ အေးသဘော ဟူ၍ ဖြစ်သည်။ သဘောဆိုက်လျှင် ဓာတ်ကိုက်သည်ဟု ဆိုရသည်။ သဘောမဆိုက်သေးသမျှ ကာလပတ်လုံး ဓာတ်မကိုက်သေးပေ။

ဓာတ်ကိုက်၊ ဓာတ်ဆိုက်လျှင် ပရမတ်ကို မြင်သည်။ ပရမတ်ကိုမြင်သော ယောဂီပုဂ္ဂိုလ်သည် အောက်ထစ်ဆုံးအားဖြင့် အနုလောမဉာဏ်ကို ရောက်သည်။ အနုလောမဉာဏ်သည် မဂ်ထဲမှာ ရှိသည်။

(အနုလုံ၊ ပရိကံ၊ ဥပစာ၊ ဂွကြဘူ၊ မဂ်ဇော)

အထက်ပါ ဇောလေးလုံးသည် မဂ်ထဲမှာ ရှိသောကြောင့် အနုလောမဉာဏ်ကို ရရှိသော ယောဂီပုဂ္ဂိုလ်တို့အား မဂ်ကိုရသည်၍ပင် ဆိုရသည်။ တဗ္ဗဒါဠ်က၊ သုပ္ပဗုဒ္ဓလူနူကြီး စသော ပုဂ္ဂိုလ်တို့သည် တရားတော်ကို နာကြားပြီးနောက် ကာလအနည်းငယ်အတွင်းမှာပင် သေဆုံး၍ သောတာပန်နတ်သား ဖြစ်သွားကြောင်းကို ဟောတော်မူသောကြောင့် သိနိုင်သည်။

ဓမ္မအစဉ်ကို ကြည့်လျှင် ထိုထိုပုဂ္ဂိုလ်တို့သည် အပြီးတိုင် သောတာပတ္တိမဂ်ကို မရ၊ မရောက်သေးဘဲ အနုလောမဉာဏ်မှာသာ ရှိနေသေးကြောင်းကို တွေ့နိုင်လေသည်။ ထို့ကြောင့် အနုလောမဉာဏ်၏ အစွမ်း/အဆင့်ကိုလည်း သိနိုင်လေသည်။

အနုလောမဉာဏ်ကို ရရှိသော ယောဂီပုဂ္ဂိုလ်တို့သည် မဂ်ဖိုလ်ကို မရသေးသည့်တိုင်အောင် မဂ္ဂပဋိရူ = မဂ်၌ပြည့်စုံသော ပုဂ္ဂိုလ်ဖြစ်နေသောကြောင့် မဂ်ထဲမှာသာ ရှိနေသဖြင့် နောက်သို့တစ်ဖန် ပြန်၍လည်း မဆုတ်ကောင်းတော့ပေ။

လက်ရှိဘဝကို စွန့်လွှတ်ပြီးနောက် သုဂတိဘုံတစ်ခုခုသို့ ရောက်/ဖြစ်ပြီး ဆက်ကာ ဆက်ကာ မဂ်ဖိုလ်အဆင့်ဆင့်ကို ရရှိပိုင်ဆိုင်ပြီးနောက် နိဗ္ဗာန်ကို မျက်မှောက်ပြုရန်သာ ရှိတော့သည်။ အနုလောမဉာဏ်သည် သာသနာတော် ပဋိပတ်လုပ်ငန်းစဉ်၌ ထိုမျှအထိတိုင်အောင်ပင် အင်အားကြီးမားလှသည်။

ဤ၌ ''သဘောဆိုက်သည်''ဟူသော အဆိုကို ရှင်းဦးမည်။ သဘောဟူသည်ကား ကိုင်ပြ၊ ယူပြ၊ တစ်စုံတစ်ခု ထောက်ပြ၍ မရနိုင်သည်ကို ဆိုရသည်။ ပြစရာမကျန်မရှိဟု နားလည်နိုင်သည်။

အပူနှင့်အအေး နှစ်မျိုးရှိရာတွင် မိမိတို့ ခန္ဓာကိုယ်၌ အပူကိုရှာကြည့်ပါ။ တစ်ကိုယ်လုံးကို မဆိုထားဘဲ။ လက်၊ ခြေထောက် တစ်ခုခု အပူဓာတ်၊ အနွေးဓာတ် ရှိနေသည်ကိုပင် ရှာကြည့်၊ ကိုင်ကြည့်၊ စမ်းကြည့်၊ ဖျစ်ကြည့်၊ ညှစ်ကြည့်။

မည်သို့ပင် ကိုင်စမ်းဖျစ်ညှစ်ကြည့်၍မျှ ရနိုင်ဖွယ်မရှိပေ။ ဖွေရှာကြည့်၍လည်း မရနိုင်သော အရာသာဖြစ်သည်။ ဓာတ်သည် ထိုသို့သဘောကို ဆောင်သည့်ကိုင်၍၊ ယူ၍ မရနိုင်သလို ကြည့်၍ မြင်နိုင်သည်၍လည်း မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုင်ကြည့်၊ စမ်းကြည့်လျှင် အပူအနွေးဓာတ်ကို တွေ့သည်။ ဉာဏ်၌လည်း သိသည်။ ဤမျှသာ။

အတုံး၊ အလုံး၊ အကောင်သဏ္ဌာန်၊ အဖြူ၊ အမည်း၊ အဝါ၊ အပြာ၊ အစိမ်း စသည်ဖြင့် ပြ၍မရ၊ ပြော၍ မရ၊ ပုံစံသဏ္ဌာန်၊ အတ္တ၊ ပညတ် အလုံးစုံကင်းဆိတ်သည်။

ထို့ကြောင့် ဤသည်သာလျှင် အရှိတရား၊ ဓာတ်၊ ပရမတ်ဟု ဆိုရသည်။ အမှန်ကိုမြင်၍ အမှန်ကို သိသည်ဟုလည်း ဆိုရသည်။

တေဇောဓာတ်၏ ဤအသိသည် မှန်သောကြောင့် ပရမတ်ဉာဏ်၊

တေဇောဓာတ်၏ ဤအမြင်သည် မှန်သောကြောင့် သမ္မာဒိဋ္ဌိဉာဏ်၊

တေဇောဓာတ်၏ အရှိကို အရှိအတိုင်း သိသော ဤအသိသည် ဟုတ်မှန်သောကြောင့် ယထာဘူတဉာဏ်၊

တေဇောဓာတ်၏ ဤအသိသည် မှန်,မမှန်၊ ဟုတ်,မဟုတ် သို့လော သို့လော ဖြစ်နေတတ်သည့် ဝိစိကိစ္ဆာ စသည့် ယုံမှားဖွယ်များကို လွန်မြောက်သောကြောင့် ကင်္ခါဝိတရဏဉာဏ် စသည်ဖြင့် သာသနာတော်၌ ရသင့်ရအပ်၊ အသိမြတ်၊ ဉာဏ်မြတ်ကြီးများဟုလည်း နားလည်နိုင်လေသည်။

ဤအသိ ဤအမြင် ဉာဏ်မျိုးသည် ဘုရားရှင်၏ သာသနာအပ၌ မရှိ၊ မသိ၊ မမြင်ကောင်း၊ မရကောင်းပေ။ သာသနာတော်၏ အတွင်း၌သာ ရအပ်သော ဉာဏ်ထူး ဉာဏ်မြတ်ကြီး ဖြစ်ပေသည်။

ထို့နောက် အအေးဓာတ်ကို ဆက်ဦးမည်။ မှတ်သားရန် လွယ်ကူစေခြင်းငှာ အပူအနွေး စသော တေဇောဓာတ်တစ်ပါးတည်းကိုသာ ပြခဲ့ပြီး အအေးဓာတ်ကို ဖဲ့ထုတ်ထားခဲ့သည်။

အပူဓာတ်ကိုသိလျှင် အအေးဓာတ်သည်လည်း ခက်တော့ပေ။ အပူဓာတ်ကို သိထားသည့်အတိုင်း နည်းမှီ၍ နှလုံးသွင်းပြီး ယှဉ်ကပ်ကြည့်ခြင်းဖြင့်ပင် အအေးဓာတ်ကို သိနိုင်ပေလိမ့်မည်။ သို့သော်လည်း စိတ်ဉာဏ်၌ သာ၍ ရှင်းလင်းလွယ်ကူစေရန်အတွက် လက်တွေ့ကျကျ သုံးသပ်ကြည့်ကြဦးစို့။

ငါတို့၏ ခန္ဓာကိုယ်ကို တေဇော အအေးဓာတ်ဖြင့် ကွက်ကြည့်လျှင် အအေးဓာတ်တစ်ခုတည်းကိုသာ မြင်ရပေလိမ့်မည်။ ထိုအအေးဓာတ်ကိုလည်း ရှာ၍မရပေ။ ကြည့်၍လည်း မမြင်။ အဖြူ၊ အနီ၊ အကြောင်အကျား ဟူ၍လည်း ပြော၍မရ၊ အဝိုင်း၊ လေးထောင့်သဏ္ဌာန်လည်း မဟုတ်။

တို့ကိုင် စမ်းကြည့်လျှင် အအေးဓာတ်ရှိသည်ဟူ၍သာ ဉာဏ်၌သိရသည်။ လက်တွေ့ကျကျ ကိုင်ပြ၍ အအေးဓာတ်ကို မရနိုင်ပေ။ သတ္တဝါတို့၏ ကိုယ်၊ လက်၊ ခန္ဓာသည် ပညတ်ဖြစ်ပြီး အပူဓာတ်နှင့် အအေးဓာတ်သည်သာ ပရမတ်ဟု သိနိုင်သည်။

ထို့နောက် ရုပ်ဝတ္ထုများကို ဆက်ကြည့်ဦးမည်။ သစ်ပင်မှာလည်း အပူဓာတ်၊ အအေးဓာတ် ရှိသည်။ ကျောက်ခဲ၊ မြေခဲများမှာလည်း အပူဓာတ်၊ အအေးဓာတ် ရှိသည်။ သစ်ပင်၊ ကျောက်ခဲ၊ မြေခဲများသည် ပညတ်ဖြစ်ပြီး အပူဓာတ်နှင့် အအေးဓာတ်များသည် ပရမတ်သား၊ ဓာတ်သားဟု သိနိုင်သည်။

ဤနည်းတူ သက်ရှိသတ္တဝါများ၏ အပူဓာတ်နှင့် အအေးဓာတ်များကို သိနိုင်သလို သစ်ပင်၊ ကျောက်ခဲ၊ မြေခဲများ၏ အပူဓာတ်နှင့် အအေးဓာတ်ကိုလည်း သိနိုင်လေသည်။

အခြားသော အရာဝတ္ထုများကိုလည်း ဤအတိုင်းပင် နည်းယူ၍ ဉာဏ်ဖြင့် ယှဉ်ကပ်ကြည့်လျှင် သိနိုင်လေသည်။ ခက်လိမ့်မည် မဟုတ်တော့ပေ။ နောက်နောက်သော ဓာတ်၊ သဘာဝများကိုလည်း သည်အတိုင်းပင် ဆက်ကာ ရေးသားဦးမည်ဖြစ်၍ ပိုရှင်းလာပေလိမ့်မည်။

(ဤလတွင် ဤမျှဖြင့် ရပ်ပြီး နောက်လတွင် ဝါယောဓာတ်ကို ဆက်မည်။)

**မဟာထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# အနှံ့ချီးမွမ်းရာ သီဟိုဠ်သာသနာ

## ကိုမောင်သန်းဝင်း

သီဟိုဠ်ကျွန်းသည်ကား လောကထွဋ်ထား မြတ်ဘုရား၏ သုံးပါးသော သာသနာ၏ တည်ရာအစစ် ကေန်ဖြစ်သောကြောင့် စေတီကြီး၊ ဘုရားပုထိုးကြီးနှင့်တူကြောင်းကို ရှေးသူဟောင်းတို့ မိန့်ဆိုကြကုန်၏။

(သီဟိုဠ်ကျွန်းသည် လင်္ကာဒီပ၊ တမ္ဗပဏ္ဏိဒီပ၊ သီဟဒီပ၊ နာဂဒီပဟူ၍ အမည်ရ၏။ ယခု သီရိလင်္ကာတည်း)

ဗုဒ္ဓဘုရားရှင်သည် သက်တော်ထင်ရှား ရှိတော်မူစဉ်က သီဟိုဠ်ကျွန်းသို့ သုံးကြိမ်၊ သုံးခေါက် ကြွရောက်တော်မူလေ၏။

ပထမအကြိမ်တွင် ဘီလူးတို့ကိုဆုံးမခြင်းငှာ အဖော်မပါ ကိုယ်တော်တစ်ပါးတည်းသာ ကြွရောက်တော်မူ၍ ဘီလူးတို့ကို ဆုံးမပြီးလျှင် "ငါဘုရား ပရိနိဗ္ဗာန်ဝင်စံပြီးသောအခါ သီဟိုဠ်ကျွန်းတွင် ငါ၏သာသနာသည် ကောင်းစွာမသေွတည်ပေလိမ့်မည်"ဟု သိမြင်တော်မူသဖြင့် နောင်သောအခါသေးရန်ကင်းပျောက် အစောင့်အရှောက်ဖြစ်အောင် ပရိတ်အရံအတားပြုတော်မူလျက် သီဟိုဠ်ကျွန်းကို ပတ်ပတ်လည်ဝိုင်းမိအောင် သုံးကြိမ်တိုင် လှည့်လည်သွား၍ စည်းတားခြင်းအမှုကို ပြုတော်မူခဲ့လေ၏။

ဒုတိယအကြိမ်တွင် စူဠောဒရ၊ မဟာဒရ တူဦးရီးနဂါးမင်းတို့အား ဆုံးမခြင်းအကျိုးငှာ ကိုယ်တော်တစ်ပါးတည်းသာ ကြွတော်မူ၍ တူဦးရီးနဂါးမင်းတို့အား တရားသွင်း၍ နှလုံးဟာဒယအေးအောင် အဆုံးအမပေးကာ ပြန်ကြွတော်မူ၏။

တတိယအကြိမ်တွင် ရဟန္တာ ၅၀၀ ခြံရံကာ ကြွရောက်တော်မူ၍ မဟာစေတီ၊ ထူပါရုံစေတီ၊ သဃ်မိတ္တာဗောဓိပင်၊ မဟိယင်္ဂဏစေတီ၊ မုဒိင်္ဂဏစေတီ၊ ဒီဃဝါပီစေတီ၊ ကလျာဏီစေတီတည်ရာ ဌာနများတွင် အနာဂတ်ကာလအခါတွင် သာသနာမြတ်တည်မည်ကို မျှော်လတ်၍ နိရောဓသမာပတ်ဝင်စားလျက် ထင်ရှားစွာ နေတော်မူခဲ့လေ၏။

ထိုစဉ်ကာလက သီဟိုဠ်ကျွန်းတွင် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ မတည်သေးချေ။ နောက်ခါကာလကျမှသာ ဆရာအစဉ်အဆက် ဆင်းသက်လာခဲ့သော အရှင်မောဂ္ဂလိပုတ္တတိဿ ကိုယ်တော်ကြီးက စေလွှတ်တော်မူသဖြင့် အရှင်မဟိန္ဒထေရ်သည် သာသနာနှစ် ၂၃၅ နှစ်၊ တန်ဆောင်မုန်းလတွင် အရှင်ဣဋ္ဋိယ၊ အရှင်ဥတ္တိယ၊ အရှင်သမ္ဗလ၊ အရှင်ဘဒ္ဒသာလ ဤမထေရ် လေးပါးတို့နှင့်တကွ သာသနာပြုကြွသွားတော်မူခဲ့လေ၏။

အရှင်သောဏ၊ အရှင်ဥတ္တရ စသော မထေရ်မြတ်တို့သည်လည်း သာသနာနှစ် ၂၃၅ ခု၊ တန်ဆောင်မုန်းလဆွပင် သာသနာတည်စေခြင်းငှာ မိမိတို့စေလွှတ်ရာ သထုံတိုင်း စသော ထိုထိုတိုင်းတို့သို့ သာသနာပြု ကြွတော်မူကြလေကုန်၏။

အရှင်မဟာမဟိန္ဒ မထေရ်မြတ်မူကား သာသနာနှစ် ၂၃၆ ခု၊ နယုန်လပြည့်နေ့တွင် သီဟိုဠ်ကျွန်း၌ သာသနာတည်စေခြင်းငှာ သာသနာပြု ကြွတော်မူလေ၏။

### အရှင်မဟိန္ဒမှ တပည့်အဆက်ဆက် ဆင်းသက်ပုံ

သီဟိုဠ်သာသနာပြု အရှင်မဟာမဟိန္ဒမှ ဆင်းသက်လာကုန်သော တပည့်အဆက်ဆက်တို့မှာ ရေတွက်၍မရနိုင်အောင် များပြားလှလေ၏။ အဲ့ဘယ်ပုံ ဆင်းသက်လာသနည်းဟူမူ -

အရှင်မဟာမဟိန္ဒ၏ တပည့် အရိဋ္ဌ၊ ထိုအရှင်၏ တပည့် တိဿဒတ္တ ဤအတိုင်း ဆင်းသက်လာပုံမှာ အရှင်

www.burmeseclassic.com

ဘဒ္ဒသုမန၊ အရှင်ဓိယ၊ အရှင်ဓိယသုမန၊ အရှင်ကာဠသုမန၊ အရှင်နာဂ၊ အရှင်ဗုဒ္ဓနာဂ၊ အရှင်မွေပါလိတ၊ အရှင်ခေမ၊ အရှင်ဥပတိဿ၊ အရှင်ဖုဿဒေဝ၊ အရှင်သုမန၊ အရှင် ဿာပုစ်မ၊ အရှင်မဟာသီဝ၊ အရှင်ဥပါလိ၊ အရှင်မဟာနာဂ၊ အရှင်အဘယ၊ အရှင်တိဿ၊ အရှင်သုမန၊ အရှင်ဗုဒ္ဓဘယ၊ အရှင်တိဿ၊ အရှင်ဗုဒ္ဓဒေဝ၊ အရှင်သီဝတို့ပါတည်း။

ဤအစဉ်အဆက်ကား စတုတ္ထသင်္ဂါယနာတင်အထိ ဆင်းသက်လာသော ထေရပရမ္ပရာဖြစ်လေ၏။

## ဝိနည်းဓိုရ် ဆရာတော်၏ လက္ခဏာ သုံးပါး

သာသနာတော်မြတ်၌ ဝိနည်းဓိုရ်ဆရာတို့သည်ကား လက္ခဏာ သုံးဖြာနှင့် ကောင်းစွာပြည့်စေရာ၏။ လက္ခဏာ သုံးပါးသည်ကား -

(၁) ဝိနည်းပါဠိတော် စကားများကို ပါဠိအတိုင်း နှုတ်တာရွရွ ကောင်းစွာရခြင်း။ (အဆုံးအဖြတ် အာစရိယဝါဒနှုတ်တက်စေရမည်။)

(၂) ဝိနည်းအကျင့်တရားတို့၌ မဖောက်မပြား ကောင်းစွာတည်ရှိနေခြင်း။

(၃) ဆရာအစဉ်အဆက်ကို ကောင်းစွာမှတ်မိရခြင်း။

ဤနေရာတွင် ဆရာစဉ်ဆက်ကို မှတ်သားရမည်ဆိုရာ၌ အကျွန်ုပ်၏ ဆရာသည် အဘယ်ဆရာထံ၌ သင်ကြားခဲ့သည်၊ ထိုဆရာသည် အဘယ်ဆရာထံမှာ စသည်ဖြင့် ဆရာစဉ်ဆက် အလုံးစုံကို ထေရဝါဒပါ ယူဆောင်၍ အရှင်ဥပါလိထေရ် အရှင်သည် ဘုရားရှင်တော်မြတ်ထံမှာ သင်ကြားသည်ဟု အဆုံးတိုင် မှတ်သားနိုင်ရမည်။

တဖန် အရှင်ဥပါလိထေရ် အရှင်သည် ဘုရားရှင်ထံမှာ သင်ကြားသည်။ ဒါသကထေရ်သည် သူ၏ ဥပဇ္ဈာယ် အရှင်ဥပါလိထံ၌လည်းကောင်း၊ သောဏကထေရ်သည် သူ၏ ဥပဇ္ဈာယ်ဒါသက အရှင်ထံ၌လည်းကောင်း။ သောဏကထေရ်သည် သူ၏ ဥပဇ္ဈာယ်သိဂ္ဂဝထံ၌လည်းကောင်း။ အရှင်သိဂ္ဂဝသည် သူ၏ ဥပဇ္ဈာယ်သောဏကထံ၌လည်းကောင်း၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် သူ၏ ဥပဇ္ဈာယ်အရှင် သိဂ္ဂဝစန္ဒဝဇ္ဇီတို့ထံ သင်ကြားသည်။ ဤသို့စသည်ဖြင့် အာစရိယပရမ္ပရ ဆရာစဉ်ဆက်ကို ထေရဝါဒပါ ယူဆောင်၍ မိမိ၏ ဆရာရင်းကျအောင် ရောက်စေရမည်။

ဤသို့ အပြန်ပြန်အလှန်လှန် မှတ်သားနိုင်မှ ဆရာစဉ်ဆက်ကို ကောင်းစွာမှတ်မိသော တတိယအင်္ဂါလက္ခဏာနှင့် ပြည့်စုံနိုင်ပေ၏။ အကယ်၍ မတတ်နိုင်ပါမူ ဆရာအစဉ်အဆက် နှစ်ဆက်၊ သုံးဆက်ကို ဖြစ်စေ အောက်မေ့သော အခါ စိတ်ထဲတွင် မီးတောက်မီးလျှံထင်သကဲ့သို့ ထင်ထင်ကြီး မှတ်သားထားရမည်ဟု ဆိုလိုပါသတည်း။

## ရှေးဆရာမြတ်တို့ သာသနာတော်ကို ခက်ခဲစွာဖြင့် စောင့်ရှောက်ကြပုံ

ပြခဲ့ပြီးသော ဆရာတော်ထေရ်ကြီးဝါကြီး အစဉ်အဆက်တို့သည် ဗုဒ္ဓရှင်တော်မြတ် သက်တော်ထင်ရှားရှိသည်မှစ၍ စတုတ္ထသင်္ဂါယနာတင်သည့် နှစ်အထိတိုင်အောင် ပိဋကတ်တော်ကို နှုတ်တက်ရွရွ ထမ်းဆောင်ကြကုန်၏။ ပေစာတို့တွင်ကား ပြည့်စုံစွာရေး၍ မထားကြပါကုန်။

ဤသို့ ပေစာတွင်မထားဘဲ နှုတ်များတွင်သာ ခဲယဉ်းစွာသော ဆောင်ရွက်မှုကိုပြု၍ သာသနာတော်ကို ချီးမြှောက်တော်မူကြကုန်သော ရှေးအဆက်ဆက် မဟာထေရ်မြတ်ကြီးတို့သည်ကား အံ့ဖွယ်မဆုံး ကြည်ညိုမဝဖြစ်ပါပေ၏။

သီဟိုဠ်ကျွန်းတွင် စဏ္ဍာလတိဿဘေးကြောင့် ထွက်ပြေးတိမ်းရှောင်တုန်လှုပ်ချောက်ချား၍ နေကြစဉ် မိုးကလည်း မရွာသဖြင့် ငတ်မွတ်သော ဒုဗ္ဘိက္ခန္တရကပ်ကြီးဘေးသည် ရုတ်ခြည်းပေါ်လာလေ၏။

သို့ဖြင့် အချို့လည်း ဇမ္ဗူဒီပါကျွန်းကြီးသို့ ကြွရောက်ကြလေ၏။ ၆၀ မျှသော ထေရ်ကြီးတို့သည် သီဟိုဠ်ကျွန်း၌ ပင် နေတော်မူပြီး ပိဋကတ်တော်ကို ဆောင်ကြကုန်အံ့ဟု အကြံပြု၍ နေတော်မူပြီး သီဟိုဠ်ကျွန်း အစိတ်အပိုင်းအသီးသီးသို့ ကြွရောက်လျက် ရသမျှသော အမြစ်၊ အသီး၊ သစ်သီးခွမ်းတို့ကိုသာ မျှတရုံဘုန်းပေးတော်မူကြကာ ပိဋကတ်စာပေတို့ကိုပြန်အံ့ သရဇ္ဈာယ်၍ နေကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com

အလွန်ပင် မနေနိုင်လောက်အောင် မွတ်သိပ်ဆာလောင်လှသည့်အခါ ရွတ်ဖတ်သရဇ္ဈာယ်ဖို့ရာပင် မစွမ်းနိုင်သည့်အခါများတွင် သဲအစုအပုံပေါ်၌ ရင်ပတ်တွင်ထား၍ ဦးခေါင်းချင်းဆိုင်ပြီး နှုတ်က မရွတ်မမြွက်နိုင်ကြဘဲ စိတ်သက်သက်ဖြင့် သရဇ္ဈာယ်ခြင်းအမှု ပြုတော်မူကြလေကုန်၏။ ဤနည်းအတိုင်း ၁၂ နှစ်တိုင်တိုင် အဋ္ဌကထာနှင့်တကွသော ပိဋကတ်တော်ကို သရဇ္ဈာယ်စောင့်ရှောက်ကြ၍ သာသနာတော်ကို ချီးမြှောက်တော်မူကြလေကုန်၏။

၁၂ နှစ် လွန်မြောက်သောအခါ စဏ္ဍာလတိဿဘေးသည် အေးချမ်းငြိမ်သက်ခြင်းသို့ ရောက်သဖြင့် ဇမ္ဗူဒိပ်သို့ ကြွသွားကုန်သော ရဟန်း ၇၀၀ တို့သည် ပြန်လည်ကြွရောက်ခဲ့ကြပြီး သီဟိုဠ်ကျွန်း ရာမဇနပုဒ်မဏ္ဍလရာမကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူကြလေကုန်၏။

သီဟိုဠ်တွင် ကျန်ရစ်ခဲ့သော ရဟန်း ၆၀ တို့သည်လည်း ထိုမဏ္ဍလာရာမကျောင်းသို့ ကြွရောက်တော်မူကြပြီးလျှင် အချင်းချင်း တိုင်ပင်နှီးနှော၍ ပိဋကတ်တော်ကို သရဇ္ဈာယ်ကြပြန်လေကုန်၏။

ထိုအခါ သီဟိုဠ်ရဟန်း ဇမ္ဗူဒိပ်ရဟန်းတို့၏ ပိဋကတ်စာများသည် အချင်းချင်း ညီညွတ်ကြကုန်၏။ ဆန့်ကျင်နှောင့်ယှက် သဘောမတူသော အချက်ဟူ၍ တစ်လုံးတစ်ပါဒမျှ မတွေ့ကြပါကုန်။ ဂင်္ဂါရေနှင့် ယမုနာရေ နှစ်ထွေနှစ်စား တစ်သားတည်းကျဘိသကဲ့သို့ ဖြစ်တည်လေ၏။

ဤသို့ဤပုံ ခဲယဉ်းလှစွာသော ရွတ်ဖတ်သရဇ္ဈာယ်မှုကို နှုတ်တက်ရှုရှုပြုကြလေ၏။ ရှေးမဟာထေရ်တို့၏ ခဲယဉ်းစွာ သာသနာပြုကြမှုပေတည်း။

## စွယ်တော် သီဟိုဠ်သို့ရောက်ခြင်း

သီဟိုဠ်ကျွန်း ကိတ္တိသီရိမေဃမင်း နန်းစံ ကိုးနှစ် သီဟိုဠ်မင်း ၆၂ ဆက်မြောက်၊ သာသနာနှစ် ၈၃၀ စေ့ရောက်သောအခါ ဇမ္ဗူဒိပ်ကာလိင်္ဂရာဇ်တိုင်းပြည်မှ ဂုဟာသီဝမင်း၏သမီးနှင့် သမက်ဖြစ်သော ဒန္တကုမ္မာမင်းသားသည် ဟေမမာလာမင်းသမီးကိုယူ၍ စွယ်တော်ကို ခိုးယူပြီး သီဟိုဠ်သို့ သင်္ဘောဖြင့် သွားကြလေ၏။

သာသနာနှစ် ၈၃၀၊ မဟာနာမမင်း လက်ထက်တွင် အရှင်မဟာဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ကြွ၍ သီဟိုဠ်ဘာသာဖြင့် ရေးသားထားကုန်သော အဋ္ဌကထာကျမ်းတို့ကို မဂဓေါ် ပါဠိဘာသာသို့ ပြန်ဆိုရေးကူးလေ၏။

## သီဟိုဠ်ကျွန်းတွင် အရိယာမရှိသော နေရာမရှိ

ဤသို့လျှင် သီဟိုဠ်ဘာသာဖြင့် တည်ထားသော ပရိယတ္တိကျမ်းစာများကို မဂဓဘာသာပြန်ဆိုပြီးသည့်နောက် အခါတွင် သီဟိုဠ်ကျွန်း၌ ဆရာအစဉ်အဆက် တပည့်အစဉ်အဆက် ဆင်းသက်လာသည်၏ အစွမ်းအားဖြင့် ဘုရားသာသနာတော်သည် ရောင်ခြည်တစ်ထောင် ထွန်းပြောင်ထိန်ဝင်းမွန်းတည့်နေမင်းကဲ့သို့ အလွန်လျှင် ထွန်းလင်းတောက်ပနေလေတော့၏။

ကုဋေပေါင်းများစွာသော သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့ဖြင့် သီဟိုဠ်ကျွန်းသည် အလွန်အမင်း ထွန်းလင်းတင့်တယ်နေလေ၏။ တင့်တယ်ပုံမှာ ပင်လုံးကျွတ်ပွင့်သော တာဝတိံသာပင်လယ်ကသစ်ပင်ကြီးကဲ့သို့လည်းကောင်း၊ အထပ်တစ်ရာ ရွှေကြာပဒုမ္မာ ကြာမျိုးငါးပါး ဖုံးလွှမ်းသော ရေကန်ကြီးကဲ့သို့လည်းကောင်း ခိုင်ပြီး ပွင့်လင်းစွာ ဖြစ်တည်နေလေ၏။

ထင်ထင်ရှားရှား သွားလာပေါက်ရောက်ရာဖြစ်သော ထိုထိုသို့သော ဈေးဝ၊ ဈေးတံခါး၊ အိမ်ရှေ့တံခါး၊ ရေဆိပ်၊ ကမ်းနား၊ တောတောင်အထပ်ထပ် စသည်တို့၌ တစ်ခုသော အရပ်မျှလည်း မဂ်ဖိုလ်မရဘူး အရိယာမဖြစ်ဖူးသောနေရာ မည်သည် မရှိ။ အတန်ငယ်ငံ့လင့်၍ ဆွမ်းရပ်သောနေရာ၌လည်း မဂ်ဖိုလ်ကိုရသော အရိယာပုဂ္ဂိုလ်များစွာ ဖြစ်ကုန်သတည်း။

မဂ်ဖိုလ်ရသော အရိယာပုဂ္ဂိုလ်တွေ များလွန်းလှသောကြောင့် တစ်ခါတစ်ရံ ပုထုဇဉ်ကို ပြလိုမြင်စေလိုလျှင် ဤသည်ကား ပုထုဇဉ်ပုဂ္ဂိုလ် ထိုသူကား ပုထုဇဉ်ပုဂ္ဂိုလ်ဟု ပြုရမြင်ရစေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရံသောအခါက သီဟိုဠ်ကျွန်းတွင် ပုထုဇဉ်ရဟန်း အရှင်ဟူ၍ တစ်ပါးမျှ မရှိချေ။ အရိယာချည်းဖြစ်လေ၏။ သို့ကြောင့် ဝိဘင်းအဋ္ဌကထာ၌ ကေဝါရံ ပုထုဇ္ဇန ဘိက္ခုနာမ နတ္ထိဟု မိန့်ဆိုခဲ့လေ၏။

ဈာန်အဘိညာဉ်ရ တန်ခိုးရှင် ဖြစ်ကြကုန်သော ရဟန်းမွန်၊ ရဟန်းမြတ်တို့ လူ့လောခေါက်ပြန် ကောင်းကင်တွင် အသွားအပြန်များလုသောကြောင့် အစဉ်တစိုက် နေရောင်ရှိန်မရ၍ စပါးထောင်းမိန်းမတို့သည် စပါးလှန်း၍ မခြောက်သွေ့ခဲ့ရကား စပါးထောင်းရန် အခွင့်မရကြကုန်။ ဤရွေ့ဤမျှ သာသနာတော် ထွန်းကားခဲ့ပါသတည်း။

## သီဟိုဠ်ကျွန်းမြတ် ဘွဲ့ထူးမှတ်ပုံ

သုမဏာ သာမဏေသည် ဘုရားရှင်၏ လက်ယာညှပ်ရိုးတော်ကို တာဝတိံသာနတ်ပြည်မှ သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်၍ ရောက်ရှိသောအခါ တန်ခိုးပြာဋိဟာပြ၍ ထွက်လာသော ရေပေါက်ယှဉ်နှာသုံးရာရှိ သီဟိုဠ်ကျွန်းတစ်ကျွန်းလုံးနှံ့လေ၍ ဗုဒ္ဓရှင်တော်မြတ် သီတင်းသုံးရာ စေတီပြင်ကဲ့သို့ ဖြစ်လေရကား သဘော်၊ လှေ ခရီးသည်တို့သည် သမုဒ္ဒရာရေပြင်က အုန်းသီးလုံးခန့် မြင်လျှင်ပင် တစ်ကျွန်းလုံးကို ပူဇော်ကြမြဲ ဖြစ်ကုန်၏။

အရှင့်မဟာမဟိန္ဒထေရ်၏ အထံ၌ အရှင်အရိဋ္ဌနှင့်တကွ စာသင်တပည့် ၅၀၀ တို့ ဝိနည်းပိဋကတ်ကို သင်ကြားရာဌာနကြီး ဖြစ်ကုန်၏။ ဤသို့သော အကြောင်းတို့ဖြင့် သီဟိုဠ်ကျွန်းသည် ဘုရားသာသနာ၏တည်ရာဖြစ်သောကြောင့် (ဓမ္မဒီပ)ကျွန်းထူးမြတ်ဟု မော်ကွန်းအမည် ဘွဲ့ထူးတည်လေသတည်း။

## သီဟိုဠ်ကျွန်းတွင် ကျမ်းပြုတော်မူကြပုံ

ထိုကျွန်းမြတ်သီဟိုဠ်တွင် အဋ္ဌကထာများကို အရှင်မဟာဗုဒ္ဓဃောသ မဂဓဘာသာပြန်၍ ရေးသားပြုစုစီရင်ပြီးနောက်တွင် များသောအားဖြင့် ထိုကျွန်း၌ပင် အဋ္ဌကထာဋီကာ အနုမဓုလက်သန်း၊ ဂဏ္ဌိကန္တနှင့်ရကျမ်းများကို ရေးသားပြုစုတော်မူကြကုန်သဖြင့် သာသနာတော်သည် ကောင်းကင်နေမင်းကဲ့သို့ ထွန်းလင်းထင်ရှားပြန်လေ၏။

ထိုကျွန်းတွင် ဗုဒ္ဓဝင်အဋ္ဌကထာကို အရှင်ဗုဒ္ဓဒတ်ပြုစုသည်။ ဣတိဝုတ်၊ ဥဒါန်း၊ စရိယာပိဋကတ်၊ ထေရာ၊ ထေရီ၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ နေတ္တိ၊ အဋ္ဌကထာများတို့ကို ဆရာတော်အရှင်ဓမ္မပါလ ရေးသားစီရင်သည်။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာကို မဟာနာမထေရ် ပြုစုစီရင်သည်။ မဟာနိဒ္ဒေသအဋ္ဌကထာကို အရှင်ဥပသေနပြုစုစီရင်သည်။ အဘိဓမ္မာဋီကာကို အရှင်အာနန္ဒာထေရ်ပြုစုသည်။ ထိုဋီကာသည် အလုံးစုံသော ဋီကာကျမ်းများစွာတို့၏ လက်ဦးအစပထမ အရင်းအမြစ်ဖြစ်သောကြောင့် မူလဋီကာဟု ထင်ရှားလေ၏။

ဝိသုဒ္ဓိမဂ်မဟာဋီကာ ဒီဃနိကာယ် အဋ္ဌကထာ၏ဋီကာ၊ မဇ္ဈိမနိကာယ် အဋ္ဌကထာ၏ဋီကာ၊ သံယုတ္တနိကာယ် အဋ္ဌကထာ၏ ဋီကာများကို ဆရာတော် အရှင်ဓမ္မပါလပြုစုစီရင်သည်။ ဝိနည်း ငါးကျမ်းအဖွင့် သာရတ္ထဒီပနီဋီကာအင်္ဂုတ္တရနိကာယ်ဋီကာ ဤဋီကာများကို အရှင်သာရိပုတ္တရာထေရ် ပြုစုစီရင်သည်။ ဝိမတိဝိနောဒနီမည်သော ဝိနည်းဋီကာကို ဒမိလတိုင်းနေ အရှင်ကဿပပြုစုစီရင်သည်။

အနုဋီကာကို ဆရာတော်အရှင်ဓမ္မပါလ ပြုစုစီရင်သည်။ ထိုကျမ်းသည် မူလဋီကာတွင် မထင်လွယ်သော ပုဒ်တို့ကို ထင်လွယ်အောင် အနုစိတ်၍ ဖွင့်သောကြောင့် အနုဋီကာဟု ခေါ်တွင်လေ၏။

ဝိသုဒ္ဓိမဂ်စူဠဋီကာနှင့် မဓုဒီပနီကျမ်းကို အမည်မထင်ရှားသော (အမည်မဖော်ပြခဲ့သော)ဆရာတို့ ပြုစုစီရင်ကုန်၏။ ထိုကျမ်းသည် မူလဋီကာရင်းဖြင့် အနက်အဓိပ္ပာယ်မကုန်ကြွင်းကျန်သည်ကိုလည်းကောင်း၊ မသိမသာ မထင်ရှားသည်ကိုလည်းကောင်း ကုန်စင်သိသာအောင် မူလဋီကာရင်းနှင့် ပေါင်း၍ ပြသောကျမ်းဖြစ်သည်ကြောင့် သိသာလွယ်ကူ ချိုမြိန်ကောင်းမြတ်လှသည့်အတွက် မဓုဒီပနီဟု ခေါ်ဝေါ်တွင်ခဲ့ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

## လက်သန်းအဋ္ဌကထာများ

မောဟ ဝိစ္ဆေဒနီ လက်သန်းအဋ္ဌကထာကို သီဟိုဠ်အရှင်ကဿပ ပြုစုစီရင်သည်။ အဘိဓမ္မာဝတာရရူပါရူပဝိဘာဂ၊ ဝိနယဝိနိစ္ဆယကျမ်းတို့ကို အရှင်သာရိပုတ္တရထေရ်၊ ခုဒ္ဒသိက္ခာအဋ္ဌကထာများကို အရှင်အနုရုဒ္ဓါထေရ်၊ သစ္စသင်္ခေပကို အရှင်ဓမ္မပါလထေရ်၊ ခေမအဋ္ဌကထာကို ခေမထေရ်တို့ အသီးသီး ပြုစုစီရင်ကြသည်။

ထိုကျမ်းတို့သည် လက်မ။ လက်သန်းကဲ့သို့ အကျဉ်းသင်္ခေပ အမြွက်မျှဖွင့်ဆိုသဖြင့် ချမ်းသာလွယ်ကူ သင်ယူမှတ်နိုင်သောကြောင့် (လက္ခဏာကျမ်း)လက်သန်းကျမ်းဟူ၍ ခေါ်ဝေါ်ကြကုန်၏။

ထိုလက်သန်းအဖွင့်ကျမ်းတို့တွင် အဘိဓမ္မတ္ထသင်္ဂြိုဟ်၏ အဖွင့်ဋီကာဟောင်းကို နဝဝိမလဗုဒ္ဓိထေရ်၊ သစ္စသင်္ခေပ နာမရူပ ပရိစ္ဆေဒ၊ ခေမအဘိဓမ္မာဝတာရ လက်သန်းကျမ်းတို့၏ ဋီကာဟောင်းကို မဟာဗောဓိထေရ်၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ဋီကာသစ်၊ အဘိဓမ္မာဝတာရဋီကာသစ်တို့ကို အရှင်သုမင်္ဂလသာမိထေရ်၊ သစ္စသင်္ခေပဋီကာသစ်ကို မဟာသာမိထေရ်၊ နာမရူပပရိစ္ဆေဒဋီကာသစ်ကို မဟာသာမိထေရ်၊ ပရမတ္ထဝိနိ စ္ဆယဋီကာသစ်ကို အညတ္တရထေရ်၊ ဝိနယဝိနိစ္ဆယဋီကာသစ်ကို ရေဝတထေရ်၊ ခုဒ္ဒသိက္ခာဋီကာဟောင်းကို မဟာယသထေရ်၊ ၎င်းဋီကာသစ်ကို သံဃရက္ခိတထေရ် အရှင်တို့ စီရင်တော်မူကြကုန်၏။

ဝဇီရဗုဒ္ဓိမည်သော ဝိနည်းဂဏ္ဌိပုဒ်ကို ဝဇီရမုဒ္ဓိထေရ် စူဠဂဏ္ဌိ၊ မဇ္ဈိမဂဏ္ဌိ၊ မဟာဂဏ္ဌိ သုံးကျမ်းကို သီဟိုဠ်ဆရာတို့ ပြုစုစီရင်ကြသည်။ ထိုကျမ်းများသည်ကား ဋီကာကျမ်းများကဲ့သို့ ပုဒ်စဉ်ပါဠိလျှောက်မဖွင့်ဘဲ မထင်ကွယ်ဝှက်ခဲခက်သော အဆစ်အဖုကိုသာဖွင့်၍ ဉာဏ်အထူး၏ တည်ရာဖြစ်သောကြောင့် ဂဏ္ဌိဟူ၍ တွင်လေ၏။

## ဂန္ထန္တရကျမ်းများ

အဘိဓာနပ္ပဒီပိကာကျမ်းကို ရှင်မောဂ္ဂလာန်ထေရ် အတ္တဗျာချာန်ကျမ်းကို စူဠဗုဒ္ဓဒတ်ထေရ်၊ ဝုတ္တောဒယဆန်းကျမ်း၊ သမ္ဗန္ဓစိန္တာကျမ်း။ သုဗောဓာလင်္ကာရ အလင်္ကာကျမ်းတို့ကို အရှင်သံဃရက္ခိတထေရ်၊ ဗျာကရုဏ်းကျမ်းကို ရှင်မောဂ္ဂလာန်ထေရ် ပြုစုတော်မူသည်။

မဟာဝင်၊ စူဠဝင်၊ ဒီပဝင်၊ ထူပဝင်၊ ဗောဓိဝင်၊ ဓာတုဝင်ကျမ်းတို့ကို သီဟိုဠ်ထေရ်မြတ်တို့ ပြုစုစီရင်ကြသည်။ ဒါဌာဓာတုဝင်ကျမ်းကို ဓမ္မကိတ္တိထေရ်ပြုစုစီရင်သည်။ ဤသို့ စသော ကျမ်းထူးကျမ်းပြားများသည် ပါဠိတော် အဋ္ဌကထာ စသည်တို့မှ အလွတ်အထူးအခြားဖြစ်၍ ဂန္ထန္တရဟူ၍ ခေါ်တွင်သည်။

ဤသို့လျှင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ အနုဋီကာ၊ လက်သန်း၊ ဂဏ္ဌိ၊ ဂန္ထန္တရဟူ၍ ကျမ်းမျိုး ခုနစ်ပါး။ ထိုထိုဒေသ အားလျော်စွာ အနက်ပြန်ဆိုသော ယောဇနကျမ်းနှင့် ပေါင်းသော် ရှစ်ပါး။ ဤအလုံးစုံသော ကျမ်းတို့ကို သီဟိုဠ်ကျွန်း၌သာ လက်မွန်မဆွ ပထမရေးဦး ရေးကူးစီရင်တော်မူကြကုန်၏။

အရှင်ဗုဒ္ဓဃောသ စသော မဟာထေရ်မြတ်ကျမ်းတတ် အကျော်အမော် ဆရာတော်ဘုရားကြီးတို့သည် မိမိတို့အစွမ်းသတ္တိရှိသည့်အလျောက် ပရိယတ္တိသာသနာတော်ကို ပင့်ထောက်၍ များစွာ အမြစ်၊ များစွာသောအခက်၊ များစွာသော အခွတို့ဖြင့် အဆင့်ဆင့် ထောက်ပံ့ပြန်ပြော၊ အုံ့ဩမပြီး၊ ပြည်ညောင်ပင်ကြီးကဲ့သို့ တည်တန့်၍ ကြာမြင့်စွာ သာသနာတော်တည်စေလေသတည်း။

**ကိုမောင်သန်းဝင်း**

ကျမ်းကိုး

သာသနာ့အလင်း စာစောင်(၁၀)၊ ၁၃၃၃ ခုနှစ်။



www.burmeseclassic.com

www.burmeseclassic.com


**ဆေးရေးဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ထံမှ နှစ်ပေါင်း(၂၀)နီးပါးက စာတစ်စောင်**

ဆရာဦးအောင်မိုးဇော်(အထက်တန်း နက္ခတ္တဗေဒ၊ လက္ခဏာပညာရှင်)အား
၁၉၇၃ ခုနှစ်တွင် တွေ့ခဲ့၍ ဘဝရေးရာများကို
မေးမြန်းခဲ့ရာ ကျွန်တော့်အား ၁၉၈၄ ခု၊ ဩဂုတ်လအတွင်း
မြန်မာပြည် အရှေ့မြောက်ဒေသ တိုင်းပြည်သို့
ပညာတော်သင်ခရီး သွားရောက်ရမြဲဟု ဟောကြားခဲ့ပါသည်။
ယခုအခါတွင် ဆရာ၏ ဟောကြားချက်များအတိုင်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ (၁၅-၈-၁၉၈၄)နေ့တွင်
ပညာတော်သင်အဖြစ် သွားရောက်ခဲ့ရပါသဖြင့်
ဤမျှမှန်ကန်စွာ ဟောကြားခဲ့သော ဆရာ၏ပညာရပ်များကို
အံ့ဩချီးကျူး ဂုဏ်ပြုလိုက်ပါသည်။

စိန်ဝင်း
B.E (Mech.)
စက်ပစ္စည်းစက်ရုံ အမှတ်(၁)

၂၁ ဂုဏ

# ဆရာဦးအောင်မိုးဇော်

(Ex. စာပေဗိမာန်)

အထက်တန်းလက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

အလုပ်ခန်းနေရာ
အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အလုပ်ချိန် - နံနက်(၈:၃၀)မှ ညနေ(၆:၀၀)နာရီထိ

# လိပ်ခေါင်းရောဂါရှင်များ ဝမ်းမြောက်ဖွယ်

## လိပ်ခေါင်းရောဂါမှန်သမျှ ဒိဋ္ဌပျောက်ကင်းရမည်။

- ဆရာ၏ဆေးခန်းတွင် လိပ်ခေါင်းရောဂါရှင်များအား မပူ၊ မစပ်၊ မနာ၊ မကျင်၊ မလှီးမဖြတ်၊ မြန်မာနည်း၊ မြန်မာ့ဟန်သက်သက်ဖြင့် အမြစ်ပါမကျန် လုံးဝပျောက်ကင်းအောင် ကုသပေးလျက်ရှိပါသည်။
- ကုသ၍ပျောက်ကင်းသွားသော ရောဂါရှင်ပေါင်းများ၏ ဓာတ်ပုံနှင့် ထောက်ခံစာပေါင်းများစွာတို့ကို လက်တွေ့ လာရောက်လေ့လာနိုင်ပါသည်။(နိုင်ငံခြားမှ ခွဲစိတ်ကုသဖူးသူများ အပါအဝင်)
- ရောဂါအဖုအကျိတ် ပျောက်ကင်းအောင် တာဝန်ယူသည်။
- လိပ်ခေါင်းရောဂါသည် အနားယူမှသာ အမြစ်ပြတ် ပျောက်ကင်းနိုင်ပါသည်။

**မှတ်ချက်** ။ ။ လိပ်ခေါင်းရောဂါသည် စားဆေးသက်သက်ဖြင့် လုံးဝမပျောက်ကင်းပါ။

နိုင်ငံကျော် မန္တလေးမြို့ အဘိဓမ္မာတောင်သာဆရာကြီးဦးလှမောင်၊ ဆရာမကြီးဒေါ်သန်းဟန်(လိပ်ခေါင်းအထူးကုဝိဇ္ဇာ)

**ရန်ကုန်ဆေးခန်းဌာနခွဲ**
အမှတ်(၅၀)၊ (၅)လွှာ၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၀၀၉၃၉၁၊ ၀၉-၂၅၀၃၁၃၄၂၇၊ ၀၉-၇၇၉၃၂၂၄၆၇
၃၃-၃၄လမ်းကြား၊ ၈၀-၈၁လမ်းကြား၊ အကွက်-၅၄၊ ပြည်လုံးချမ်းသာ၊ မန္တလေး။ ဖုန်း-၀၂-၇၅၂၈၀၊ ၀၉-၉၁၀၄၄၀၂၅၊ ၀၉-၉၁၀၀၅၃၅


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မာယာဒေဝီ နှင့်

# ကျောက်စိမ်းရုပ် အရုပ်တော်ပုံ (၁၀)

မောင်ယဉ်မှုန်(မောင်နေခြည်)

(ယ ခင် လ မှ အ ဆက်)

ကြည်လင်အေးမြသော ဧရာဝတီမြစ်နဒီ၏ အနောက်ဘက်ကမ်းတွင် ဆင်းရဲသားလူတန်းစားများ နေထိုင်လျက်ရှိသော ပဉ္စာလရွာငယ်လေးရှိသည်။ ပဉ္စာလရွာသို့ လာရောက်နေထိုင်ကြသောသူများတွင် တကောင်းဘုရင်. ဘိန္နကမင်း ရွှေလက်ထက်တော်က အမှုတော်မြတ်ကို ဦးလည်မသုန် ထမ်းရွက်ခဲ့ကြသော နန်းတွင်းသူ နန်းတွင်းသားလည်း ပါဝင်သည်။

တစ်ချိန်က ရွှေထီးဆောင်းခဲ့ကြသော်လည်း တိုင်းပြည်တစ်ဝက် နယ်ချဲ့လက်အောက် ကျရောက်ချိန်မှစ၍ နှံ့နစ်ကြာလို အနေစုတ်ချာခဲ့ရတော့၏။ ယခင့် ယခင်ကာ့လများကတော့ ပဉ္စာလ့လို ရွာငယ်ဖနပုဒ်မျိုးမှာ လာရောက်နေထိုင်ရမည်ဟု အိပ်မက်ပင် မက်ခဲ့ဘူးကြပေ။

မည်သို့ဆိုစေ သူတို့တွေ တကောင်းလို နေပြည်တော်မြို့ကြီးမှာ နေလိုကြပါ၏။ သို့သော် တကောင်းနေပြည်တော်ကြီးမှာ စိန့်တိုင်းသားတို့လက်အောက် ကျရောက်ခဲ့ရပြီမို့ သူတို့တွေ မည်သို့ နေထိုင်၍ရနိုင်တော့မည်နည်း။ တိုင်းတစ်ပါးကျွန်ဖြစ်လိုက ဖြစ်စေတော့, တကောင်းရွှေမြို့တော်မှာ ဆက်လက်နေပါရစေဆိုဦးတော့ စိန့်တိုင်းသားများက နေထိုင်ခွင့်မပြုပေ။ ယခုတော့ ဧည့်သည်တွေက အိမ်ရှင်ဖြစ်လျက် အိမ်ရှင်တို့က ဧည့်သည်ပမာ ဖြစ်ကြရရှာသည်။

ပဉ္စာလရွာသည် တကောင်းဆိပ်ကမ်းနှင့် မဝေးပါ။ ဧရာဝတီမြစ်နဒီ၏ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းမျှသာ ဖြစ်သည်။ သို့သော် အစစအရာရာ ကွာခြားလှပေ၏။ ဧရာဝတီ၏ အရှေ့ဘက်ရှိ တကောင်းဆိပ်ကမ်းတွင် လှေကြီး သင်္ဘောကြီးများ ကျပ်ညပ်နေသည့်တိုင် အနောက်ဘက်ဆိပ်ကမ်းမှာတော့ သစ်ဖောင်၊ ဝါးဖောင်များလောက်သာလျှင် ဆိုက်ကပ်ရပ်နားကြသည်။

တကောင်းဆိပ်ကမ်းအနီးရှိ ဈေးကြီးရှိသော်လည်း ပဉ္စာလဆိပ်ကမ်းမှာတော့ ခနော်ခနဲ့ ဈေးဆိုင်ငယ်လေးအချို့သာ ရှိသည်။ တကောင်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သင်္ဘောများသည် ဒေသစုံ၊ အရပ်စုံဟု ဆိုနိုင်ပေ၏။ မဇ္ဈိမဒေသမှ သင်္ဘောကြီးများဆိုပါလျှင် အလာတွင် ရောင်စုံကတ္တီပါကော်ဇောကြီးများ တင်ဆောင်၍လာကြသည်။ အပြန်တွင် စိန့်တိုင်းဖြစ် ပိုး၊ ဖဲ စသော အထည်အလိပ်များ တင်ဆောင်၍သွားကြသည်။

ဥက္ကလာပသင်္ဘောများမှာလည်း အလာတွင် ဆား၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည် စသော ပင်လယ်ထွက်ကုန်ပစ္စည်းများ တင်ဆောင်လာကြသည်။ အပြန်ခရီးတွင် စိန့်တိုင်းဖြစ် အထည်အလိပ်များ တင်ဆောင်၍ပြန်ကြသည်။

တိဘက်တောင်ပေါ်သားများက



www.burmeseclassic.com

www.burmeseclassic.com

တော့ ရေလမ်းမပေါက်၍ ဆင်များ၊ မြင်းများ၊ လားများဖြင့် ကုန်ရောင်း ကုန်ဝယ် ပြုလုပ်ကြပေသည်။

မာယာဒေဝီကတော့ သူမ၏ လှေကြီးအား ပဥ္စာလဆိပ်ကမ်းမှာ ကပ်လျက် ကျော်စွာကိုပင် အဖော်ပြု ကာ တကောင်းဘက်သို့ ကူးလာခဲ့ သည်။ တကောင်းဆိပ်ကမ်း တက် လိုက်သည်နှင့် တကောင်းပြည်သား လူညို့ထွားကြီးများကို မမြင်ရ လောက်အောင် ရှားပါးသွားတော့၏။ အသားနီနီ မျက်ပေါက်ကျဉ်းကျဉ်း၊ နှာခေါင်းတိုတို၊ နားရွက်သေးသေးနှင့် စိန့်တိုင်းသားများကိုသာ အတွေ့များ ၏။ သူတို့၏ ဝတ်စားဆင်ယင်မှုက လည်း တကောင်းပြည်သားများနှင့် မတူပေ။ အရောင်က တောက်တောက် ပြောင်ပြောင်နိုင်လှသည်။ ဆိပ်ကမ်း အနီးတွင် မြင်းဝင်ကြေး ပေးကြရသည်။

"ဘယ်နှရက်နေမှာလဲ"

ဟု မေးသည်။

"နေ့ချင်းပြန်"

ဟုပင် မာယာဒေဝီက ပြန်ပြော လိုက်သည်။

"နှစ်ယောက် ငွေတစ်စ"

ဟု ဆိုသဖြင့် ငွေစလေး ပေး လိုက်ရသည်။

"မမမာယာ ဘယ်သွားဦးမှာ လဲ"

ဟု ကျော်စွာက နောက်မှ လိုက် ပါလာရင်း မေးသည်။

"တကောင်းမြို့ကို သွားကြည့် ကြမယ်လေ"

ဟု ဆိုကာ ဆက်လာခဲ့ကြသည်။

"မမလေး တကောင်းသွားမှာ လား၊ မြင်းလှည်းရှိတယ်"

ဟု ချာတိတ်တစ်ယောက်က ပြေးလိုက်လာရင်း မေးသည်။

"ဘယ်မှာလဲ၊ မင်းမြင်းလှည်း"

ဟု မေးလိုက်ရာ...

"ဦးကြီး ဒီမှာ နှစ်ယောက် လာပြီဗျို့"

ဟု မြင်းလှည်းသမားကြီး ကြား အောင် အော်ဟစ်ပြောလိုက်သည်။

"တက်ပါ မမလေး၊ ကျုပ် တကောင်းမြို့အနှံ့ ပို့ပေးပါမယ်၊ ငွေ တစ်စတော့ မစတော်မူပါ"

ဟု ဆိုကာ လူကြီးက ဆီးကြို သည်။

တကောင်းမြို့နှင့် ဆိပ်ကမ်းဈေး မှာ အတော်လေးဝေးသည်။ လမ်းတွင် လယ်ကွင်းများ၊ ယာခင်းများ တွေ့ရ သည်။ လမ်းဘေးတစ်လျှောက်မှာ တော့ လက်ပံပင်၊ ညောင်ပင်၊ ကုက္ကို ပင်၊ မန်ကျည်းပင်ကြီးများနှင့် ဝေဝေ ဆာဆာ ရှိသည်။ လမ်းသည် မြေနီ နှင့် သဲကျောက်များ ရောနှောခင်း ထားသဖြင့် ကျင်းချိုင့်များ မရှိပေ။

"သမီး...တကောင်းမြို့ကို အရင်က ရောက်ဖူးသလား"

ဟု မြင်းလှည်းသမားကြီးက မေးသည်။

ထိုမေးခွန်းကို အမှန်အတိုင်း ပြောသင့် မပြောသင့် မြင်းလှည်း သမားကြီးအား ပြန်၍စြည့်လိုက် သည်။ မြင်းလှည်းသမားကြီးမှာ အသက် ၅၀ ခန့် ရှိပေမည်။ လူပုံက ထွားထွား၊ အသားကညိုညို၊ မျက်လုံး ကတောက်တောက်၊ ထူထဲသော မျက်ခုံးမွေးများက ဟိုဘက် ဒီဘက် ဆက်နေသလား ထင်မှတ်ရသည်။ ဆီမရှိသော ဖွာဆန်ကြဲ ဆံကေသာ သျှောင်ကြီးဖွေကို နွမ်းနယ်နေသော ပဝါလေးဖြင့် စည်းနှောင်ထားသည် ကို တွေ့ရ၏။

"ဦးကြီးက တကောင်းသား လား"

ဟုပင် မာယာဒေဝီက ပြန်၍ မေးလိုက်သည်။

"တကောင်းပြည်သားတော့ မှန်ပါတယ်၊ တကောင်းမြို့သားတော့ မဟုတ်ဘူးပေါ့၊ အမှန်တော့ ဦးကြီး က ဟန်လင်းသားပါ၊ တို့အရှင်လက် ထက်တော်က စစ်သည်တော်ကြီးပေါ့ ကွယ်၊ တို့အရှင် မလည်ယာယီနန်းမှာ နုတ်ရှာလားမှ တကောင်းမြို့ ပြန်လာ ပြီး မြင်းလှည်းမောင်းတယ် ဆိုပါ တော့"

ဟု ဆိုရှာသည်။

"မိဖုရားအပါးမှာ သစ္စာတော်ခံ အဖြစ်နဲ့ မခစားဘူးလား"

ဟု ဆက်၍မေးလိုက်သည်။

"ကျုပ်တို့ စစ်သည်တော်တွေ ဟာ မင်းတရား ရှိစဉ်ကတည်းက ကြားနှစ်ကြားမညပ်အောင် ရှောင်နေ ရတာပါ၊ ကြားနှစ်ကြား ဆိုတာက



www.burmeseclassic.com

www.burmeseclassic.com

တော့ အိမ်ရှေ့ဥပရာဇာနဲ့ မဟာဒေဝီ ဆိုပါတော့၊ သူတို့နှစ်ဦးက အမြဲအားပြိုင်လေ၊ ကျုပ်တို့တွေက သတိဝီရိယထားရလေပေါ့"

ဟု ဆိုနေပေသည်။

"အိမ်ရှေ့စံနဲ့ မဟာဒေဝီက ဘာကြောင့်မတည့်တာလဲ"

ဟု ဆက်၍မေးကြည့်ရသည်။

"အိမ်ရှေ့စံက မရှိအေးအေး၊ ရှိအေးအေး နေချင်တယ်၊ တိုင်းပြည်အတွင်းမှာ တိုင်းတစ်ပါးသားတွေ ဝင်လိုက် ထွက်လိုက် လုပ်နေတာကို သဘောမတွေ့ဘူး၊ မဟာဒေဝီကတော့ အိမ်ရှေ့စံနဲ့ ဆန့်ကျင်ဘက်လို့ ဆိုရမယ်၊ တိုင်းတစ်ပါးသားတွေလာမှ တိုင်းတစ်ပါးဖြစ် အထည်တွေ ဝတ်ရလို့ပျော်တယ်၊ တိုင်းတစ်ပါးက ဆက်သတဲ့ အစားအစာတွေ စားရလို့ ပျော်တယ်၊ တိုင်းတစ်ပါးသားတွေ လာလို့ ဆိပ်ကမ်းခွန်တွေ များများဝင်လို့ ပျော်တယ်ဆိုပါတော့"

"ဒါဆို ခု အိမ်ရှေ့မင်းသားက ဘယ်မှာလဲ"

ဟု မာယာဒေဝီက ဆက်၍မေးသည်။

"အိမ်ရှေ့ဥပရာဇာက အရှေ့ကုန်းမြင့်မှာ ရွာကြီး ၁၉ ရွာကို စည်းရုံးပြီး မောရိယနိုင်ငံတော် ထူထောင်လိုက်တယ်"

"အိမ်ရှေ့မင်းသားက တကောင်းကို စိတ်နာသွားတာလား"

ဟု ဆက်မေးသည်တွင်...

"အိမ်ရှေ့စံက စိတ်နာလို့ မဟုတ်ပါဘူးဗျာ၊ စိတ်ပျက်သွားတာပါ"

ဟု ဆိုသည်။

ထိုအချိန်က မြင်းလှည်းမှာ တကောင်းမြို့ဝင်တံခါးသို့ ရောက်လာခဲ့သည်။ တကောင်းမြို့ဝင်တံခါးတွင် မြင့်မားလှသော မဟာရံတံတိုင်းနှင့် ကြီးမားလှသော နဂါးရုပ်နှစ်ခုက ဆီးကြိုနေပေသည်။ တံခါးစောင့်များက နီနီရဲရဲ အဝတ်များ ဝတ်ဆင်လျက် မြင်းလှည်းပေါ်မှ ပစ္စည်းများကို စစ်ဆေးသည်။ ပြီးမှ...

"ဘယ်အထိသွားမှာလဲ"

ဟု စကားသံဝဲတဲတဲဖြင့် မေးသည်။

"မြို့တွင်းလမ်းမအတိုင်း ပတ်ပြီး ပြန်လှည့်ခဲ့မှာပါ"

ဟု မြင်းလှည်းဆရာက ဆိုသည်။

"သွား"

ဟု ဆို၍ တံခါးဖွင့်ပေးသည်။

မြို့တွင်းဝင်လိုက်သည်နှင့် ဝင်းကျယ်၊ ခြံကျယ်ကြီးများ တွေ့ရသည်။ ထိုဝင်းများကို အုတ်တံတိုင်းပမာ ကျောက်တုံးများ စီထားသည်ကို တွေ့ရ၏။ အိမ်ဝင်းများအဝင်ဝတွင် ခြင်္သေ့ရုပ်တုနှစ်ခုနှင့် အဝင်တံခါးကြီးများ တွေ့ရ၏။ တံခါးကြီးများမှာ အသားပြားများ မိုးထားသဖြင့် မာယာဒေဝီ၏ မျက်စိတွင် အထူးအဆန်းပင် ဖြစ်ရပေ၏။ ကြီးမားသော ဝင်းတံခါးများမှာ ကျွန်းသားဖြင့် တည်ဆောက်ထားသည်ကိုလည်း သတိပြုမိသည်။

"ဒီတစ်မြို့လုံး ကျုပ်တို့ တကောင်းပြည်သား ဗရမ္မာများ တစ်ယောက်မှ မနေရဘူး၊ ခဏလာ ခဏပြန်နေကြရတယ်၊ ညအိပ်နေခွင့်မပြုဘူး"

ဟု မြင်းလှည်းသမားကြီးက ရှင်းပြသည်။

"တကောင်းသား ဗရမ္မာတွေ ဘာကြောင့်မနေရတာလဲ"

ဟု မေးကြည့်တော့...

"သူတို့မြို့ကို မီးတိုက်မှာစိုးလို့ပေါ့"

ဟု ဆိုပြန်သည်။ မာယာဒေဝီ စဉ်းစားကြည့်သည်။ တကောင်းမြို့အား မီးတိုက်ရန်မှာ မလွယ်ကူပေ။ အိမ်တွေက ပြွတ်သိပ်မနေပေ။ ခြံဝင်းကြီးများအတွင်းတွေမှာတော့ အိမ်မကြီးအပြင် မြင်းတဲ၊ နွားတဲ၊ စပါးကျီ၊ ဆန်ကျီနှင့် ပစ္စည်းသိုလှောင်ရုံကြီးများတွင် တွေ့ရသည်။

"ရှေ့မှာ မြင်တွေ့နေရတာကတော့ - တို့အရှင်လက်ထက်တော်က ရွှေနန်းတော်နေရာပေါ့၊ စိန့်တိုင်းသားတွေ ဝင်ရောက်သိမ်းပိုက်တဲ့ညက မီးလောင်ပြာကျဖြစ်ခဲ့ရတာ၊ ခုတော့ စိန့်တိုင်းသားတွေက စိန့်တိုင်းပုံစံအတိုင်း နန်းတော်ကို ပြန်ဆောက်ထားကြတာ၊ တို့အရှင်သခင်များ ခေတ်ကလို ဗဟိုစည်တော်စင်တွေ မပါတော့သလို ဗ ဗဟိုစည်သံလည်း မကြားရတော့ပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူးကွယ်''

ဟု မြင်းလှည်းသမားကြီးက လွမ်းလွမ်းဆွေးဆွေး ဆိုနေပြန်သည်။

ဟုတ်ပါ၏။ ယခင်က ဘုံအဆင့်ဆင့်နှင့် ရွှေနန်းတော်ကြီးနေရာတွင် ဘုံတစ်ဆင့်မှ မပါ။ မစ္ဆိမပုံ ရွှေနန်းဆောင်အစား ဂန္ဓာလရာဇ်ပုံတူ ကူးချထားခြင်းကိုသာ တွေ့ရသည်။ ရွှေဖပိုစည်စင်နေရာကြီးလည်း မရှိတော့ပေ။ ရှေးက ထွက်စည်၊ ဝင်စည် ဆော်ရွမ်းသံတို့ မြိုင်ဆိုင်ခဲ့သော မြို့တော်တကောင်းမှာ ယခုတော့ တိုင်းတစ်ပါးလက်အောက် ကျရောက်ခဲ့ရပြီမို့ ထီးမူနန်းဟာန်တို့ပါ ကွယ်ပျောက်ရတော့၏။

''သမီး…ဘယ်တွေ ပို့ပေးရဦးမှာလဲ''

ဟု မြင်းလှည်းသမားကြီးက မေးသည်။ မာယာဒေဝီ ဆက်၍ပင် လည်ချင် ကြည့်ချင်စိတ်များ ကုန်ခမ်းသွားတော့ပြီမို့…

''ပြန်လှည့်ကြတာပေါ့ ဦးရယ်''

ဟုပင် ပြောလိုက်ရသည်။

အပြန်လမ်းတွင်လည်း လမ်းပေါ်မှာ လူက ရှင်းလို့ပင်နေသည်မို့ တကောင်းမြို့ကြီးက ခြောက်ကပ်ကပ်နိုင်လှပေ၏။ လမ်း၏ ညာဘက်ခြမ်းတစ်နေရာမှာတော့ ကြီးကျယ်ခမ်းနားသော ခြံကြီးတစ်ခြံကို တွေ့ရသည်။

''အဲဒါ တကောင်းသူဌေးကြီးအိမ်ပေါ့ကွယ်''

ဟု မြင်းလှည်းသမားကြီးက ဆိုသည်။

''တကောင်းသူဌေးကြီးဆိုတာ တကောင်းဇာတိဗရမ္မာလား''

ဟု မေးကြည့်မိသည်။

''မဟုတ်ရပါလားကွယ်၊ တကောင်းသူဌေးကြီးက ဘိန္နကမင်းလက်ထက်တော်ကတည်းက မြို့ဝန်မင်း ယက္ခနှင့်ပေါင်းပြီး ကြီးပွားခဲ့သူပါ။ အမှန်တော့ သူဟာ မူလက စိန္ဓုတိုင်းသား လားမောင်းသမားတစ်ဦးသာ ဖြစ်ပါတယ်။ ခုတော့ လှေတွေ၊ သင်္ဘောတွေ ကိုယ်ပိုင်ဝယ်ပြီး ဥတ္တလာပတိုင်း၊ သုနာပရန္တတိုင်း၊ မဇ္ဈိမပြည် စသည်ဖြင့် ကုန်သွယ်ကူးသန်းသွားလာနေသူပေါ့။ စိန္ဓုတိုင်းကဝင်တဲ့ ကုန်ပစ္စည်းတွေကိုလည်း သူက အကုန်သိမ်းပြီးမှ ပြန်ဖြန့်ရောင်းတာဆိုတော့ ကုန်သည်မှန်ရင် သူနဲ့ မကင်းကြပါဘူး''

''ဘကြီး…မြို့ဝန်မင်း ဦးယက္ခကို သိလား''

ဟု မေးကြည့်တော့…

''သိတာပေါ့ သမီးရယ်၊ ဦးယက္ခရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေက ယက္ခဂါမလို့ခေါ်တဲ့ ရွာကြီးပေါ့၊ ရွာမှာ ယနေ့အထိ သူ့ဇနီးနဲ့ သူ့သမီးလေး ရှိနေသေးတယ်၊ ဇနီးနာမည်က ဒေါ်သူဇာတဲ့၊ သမီးကတော့ သီတာလို့ ခေါ်တယ်၊ သူတို့သားအမိမျာ ယက္ခဂါမရွာအဝင် ညောင်ပင်ကြီးအောက်မှာ အကြော်ရောင်းပြီး ဘဝကို ရပ်တည်နေကြရရှာတာကွဲ့''

ဟု မြင်းလှည်းသမားကြီးက ရှင်းပြသည်။

မာယာဒေဝီ ဘာမှပြန်မပြောဖြစ်ပေ။ ဒေါ်သူဇာနှင့် သီတာ ဆိုသော မိန်းကလေး၏ အကြောင်းများကိုသာပင် စဉ်းစားနေမိတော့၏။ ယခုအခါတွင် သီတာသည် သုဇိလနှင့် လက်ထပ်ပြီးဖြစ်သည်။ ဒေါ်သူဇာကတော့ ရွာမှာနေ၍ အကြော်ရောင်းချလျက်ပင်ဖြစ်သည်။

ထိုသို့ဆိုပါမှ တော်လှန်ရေးကာလတွင် သီတာကိုပင် အသုံးချရပေတော့မည်ဟု မာယာဒေဝီ စိတ်ကူးကြည့်မိသည်။ သီတာဆိုသူသည် သွက်လက်ထက်မြက်သူ ဖြစ်ပါစေဟုလည်း ဆုတောင်းရပေတော့မည်။

□

''သုဇိလ…ငါ မောရတောင်သွားသင့်ပြီ၊ မင်းပေးလိုက်မယ်ဆိုတဲ့ ရွှေက ဘယ်မှာလဲ''

ဟု နန္ဒိသေနက မေးလိုက်သည်။

''မပူပါနဲ့၊ မင်းပြန်တဲ့နေ့ ရရင်ပြီးပြီမို့လား''

ဟု သုဇိလက အေးအေးဆေးဆေးပင် ဆိုလိုက်၏။

''ဒါနဲ့ မာယာဒေဝီသတင်းလည်း ဘာမှမရသေးဘူးမို့လား၊ တကယ်လို့ ဓရောဇာ မေးလာရင် ငါ ဘယ်လိုပြောရမှာလဲ သုဇိလ''

ဟု မေးနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အေး…ဟုတ်တော့ ဟုတ်တယ်၊ ငါလည်း စုံစမ်းနေတာ အစအနကို မတွေ့ရပါဘူးကွာ"

ဟု သုဇိလက ညည်းညည်းညူညူပင် ဆိုလိုက်သည်။

"အေးကွာ ဘာတတ်နိုင်မှာလဲ၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ သဘောထားရမှာပေါ့"

"ဒါနဲ့ မင်း မောရတောင်ကို ဘယ်နေ့သွားမှာလဲ"

"ဖြစ်နိုင်ရင် လပြည့်နေ့လောက် သွားချင်တယ်၊ ဒီကလူတွေအတွက်လည်း အဝတ်အထည်တွေ ဝယ်ပေးချင်တယ်ကွာ၊ ကြာလာတော့ ကလေးတွေမှာ လူရိုင်းတွေလို တုံးမွဲဖြစ်ကုန်တော့မယ်"

ဟု နန္ဒိသေနက ဆိုလိုက်သည်။ မှန်ပါသည်။ သူတို့လေးများမှာ ကပိလမှ ပါလာသော အဝတ်များကိုပင် ဖြစ်သလို ဖာထေး၍ ဝတ်ဆင်နေကြရရှာပေသည်။ မိခင်၊ ဖခင်များ သက်ရှင်ထင်ရှားရှိ၍ ပြန်လည်တွေ့လျှင်ပင် မှတ်မိမည်မထင်ပေ။

"စိတ်ချပါ သူငယ်ချင်း၊ အဝတ်အစားတွေဝယ်ဖို့ သင့်သပ်ရွှေတစ်ပိဿာ ပေးလိုက်ပါမယ်"

ဟု သုဇိလက ဆိုလိုက်လေသည်။

ထိုနေ့မှစ၍ သုဇိလသည် ဘိုးသက္ကနှင့် တိုင်ပင်ကာ ရွှေများကို အရည်ကျိုလျက် ပုံစံခွက်ဖြင့်လောင်းသည်။ ဘိုးသက္က ထွင်းပေးသော ပုံစံခွက်မှာ ရှည်မျောမျောသဘော်ပုံလိုလို ထင်မှားလောက်ပေသည်။ ဘိုးသက္က၏ ပုံစံခွက်မှာ တစ်ခွက်လျှင် ရွှေချိန် တစ်ပိဿာ ရှိသည်။ သုဇိလနှင့် သီတာတို့ ယူလာသော ရွှေများမှာ တစ်ဆယ့်ငါးခွက် ရသဖြင့် အချိန် ၁၅ ပိဿာ ရှိသည်။ ထို ၁၅ ပိဿာမှ ဓရောဇာလက် အပ်နှံရန် ၁၀ ခွက်၊ ဒူးလေးဝယ်ရန် တစ်ခွက်၊ ကလေးများ အဝတ်အစားဝယ်ရန် တစ်ခွက်နှင့် သီတာ၏မိခင် ဒေါ်သုဇာအတွက် တစ်ခွက်ဟု သုဇိလ တွက်ကြည့်သည်။

"အဘိုး…ဒီပိုတဲ့နှစ်ခွက် သိမ်းထားပေးပါ၊ နောက် လိုလိုမည်မည် ရတာပေါ့"

ဟု ဆိုကာ ဘိုးသက္ကလက်မှာပင် အပ်နှံလိုက်တော့၏။

"သီတာလည်း ရွာပြန်လိုက်ချင်တယ် မောင်ကြီးရယ်၊ နောက်ကလေး ရလာရင် သွားရေးလာရေး ခက်နေမှာ"

ဟု သီတာကလည်း ဆိုသည်။

"လိုက်ခဲ့တာပေါ့ သီတာရယ်၊ ကြာမှာမှ မဟုတ်တာ"

ဟုပင် ပြောလိုက်ရသည်။

ထိုသို့ဖြင့် နန္ဒိသေန၊ သုဇိလနှင့် သီတာတို့ လပြည့်နေ့တွင် ခရီးထွက်ဖြစ်ခဲ့ကြသည်။

"သုဇိလ မင်း ဒီရွှေတွေ ဘယ်အချိန်က ရထားတာလဲ"

ဟု နန္ဒိသေနာက စပ်စုသည်။ သို့သော် သုဇိလပြော၍ မဖြစ်ပါ။ အတိုးပြောသလို လူဆိုသည်မှာ လောဘသားတွေမို့ မသိလေ ကောင်းလေပင် ဖြစ်သည်။

ယက္ခဂါမရောက်တော့ သုဇိလနှင့် နန္ဒိသေနတို့က ရွာအတွင်း မဝင်ပါ။ သီတာတစ်ယောက်တည်းသာ အိမ်ပြန်လာခဲ့သည်။ သီတာ ပြန်လာသည်ကို မြင်ရသဖြင့် မိခင်ကြီး ဒေါ်သုဇာမှာ ဝမ်းသာမျက်ရည်များပင် ကျလျက်…

"သမီးရယ် အမေဖြင့် ညည်းကို သေလားရှင်လား မသိရလို့ စိတ်ပူလိုက်ရတာ"

ဟု ဆီး၍ဆိုရှာသည်။

"အမေရယ် နိမိတ်မရှိတဲ့ စကားမပြောပါနဲ့"

ဟု သီတာက ဆိုလိုက်လေရာ-

"ပြောရမယ် မိသီတာ၊ ဘယ်မှာလဲ အမေချုပ်ပေးလိုက်တဲ့ ခမောက်"

ဟု ဆိုလိုက်သည်။

ဒီတော့မှ သီတာ သူမ၏ ခမောက်ကို ပြန်၍သတိရတော့၏။ ထိုခမောက်လေးသည် ကသိဏ်းတောင်ဂူမှာထားရင်း ပျောက်ချင်းမလှ ပျောက်သွားသည်။ ဒါကိုပင် အမေက နှမြောတသစွာ မေးနေပါတော့၏။

"အမေရယ် ခမောက်တစ်ချပ်က ဘယ်လောက်တန်လို့ ဒီလောက်တောင် နှမြောတသ ဖြစ်နေတာလဲ"

ဟု အမေကိုပင် ခံ၍ပြောနေမိသည်။

www.burmeseclassic.com

"သီတာ···အမိုက်မ၊ အမေ အဲဒီခမောက်ကို နမြောလို့ ပြောနေတယ်လို့ ညည်းက ထင်နေတယ်ပေါ့၊ အဲဒီခမောက်ကတော့ ဟောဒီအမေ လက်နဲ့ ချုပ်ထားတဲ့ အမေ့လက်ရာပါ အေ့၊ ဘယ်နေရာမှာတွေ့တွေ့ အမေ မှတ်မိတယ်၊ အမေ မေးတာက အဲဒီ ခမောက်ဆောင်းလာတဲ့ မိန်းကလေး များ သမီးလေးကို သတ်ပြီးယူခဲ့လေ သလားလို့ အမေ ရင်ပူလို့ မေးရတာ ပါ မိသီတာရယ်"

ဟု ဆိုကာ မိခင်ကြီးက သမီး သီတာကို ဖက်ငိုချလိုက်တော့၏။

"အမေ··အမေ ဘာပြောလိုက်တယ်၊ သမီးရဲ့ခမောက်ကို မိန်းကလေး တစ်ယောက် ဆောင်းလာတယ် ဟုတ်လား အမေ"

ဟု သီတာက အူယားဖားယား မေးလိုက်သည်။

"ဟုတ်တယ် သမီး၊ လွန်ခဲ့တဲ့ တစ်လလောက်က အမေ့ဆိုင်ကို မိန်းကလေးတစ်ယောက်ရယ် လူငယ်လေး နှစ်ဦးရယ် ရောက်လာကြတယ်။ တကောင်းမြို့ သွားချင်လို့တဲ့၊ လမ်းညွှန်ပေးပါဆိုလို့ အမေ လမ်းညွှန်ပေးလိုက်ရတယ်၊ အဲဒီမိန်းကလေး ဆောင်းလာတဲ့ ခမောက်ဟာ သမီးကို အမေ ချုပ်ပေးလိုက်တဲ့ ခမောက်ပါပဲ ကွယ်"

ဟု မိခင်ကြီး ဒေါ်သူဇာက ရှင်းပြသည်။

"အမေ···အဲဒီမိန်းမရဲ့ ညာဘက်ပါးမှာ အမာရွတ်ကြီးပါသလား"

ဟု သီတာက မေးပြန်သည်။

ညာဘက်ပါးမှာ အမာရွတ်ကြီး ပါမပါတော့ သတိမထားမိပါဘူးကွယ်၊ တစ်ခု သတိထားမိတာကတော့ သူ့ရဲ့ ညာဘက်ပါးကို ဆံပင်တွေနဲ့ အမြဲဖုံး ထားတာ တွေ့ရတယ်"

ဟု ဆိုလိုက်တော့၏။

"ဟုတ်ပြီ အမေ၊ အဲဒါ မောင်ကြီးတို့ ရှာနေကြတဲ့ မာယာဒေဝီ မင်းသမီးပေါ့ အမေရယ်"

ဟု ဆိုကာ သီတာက ရှုပ်ထွေးလှသော သူမတို့၏ ဘဝဇာတ်စုံကို မိခင်ကြီးအား ခင်း၍ပြရတော့၏။

"ဒါဆို သမီးက လင်ယူလိုက်ပြီပေါ့"

ဟု မိခင်ကြီးက မေးလာသည်။

"ဟုတ်"

ဟုသာလျှင် တစ်လုံးတည်း ဖြေလိုက်ရသည်။

"လွယ်လိုက်ကြတာ၊ ဒီအမေမှာတော့ ကိုယ့်သမီးကို ကလေးလေး ထင်နေတာ၊ ခုတော့ ညည်းက ယောက်မမြင်းစီးပြနေပါပေါ့လား၊ နေပါဦး၊ ညည်းယူတဲ့သူနဲ့ ညည်းက ဘယ်မှာ စတွေ့ကြတာလဲ"

ဟု မေးလိုက်ပြန်သည်။

"အမေ့အကြော်တဲ"

ဟု ဖြေရ၏။

"အလိုတော် ကျုပ်အကြော်တဲ ပါ အဆစ်ထည့်နေပြန်ပြီ၊ မှန်မှန်ပြော"

ဟု မျက်နှာတည်၍ မေးလာသည်။

"အဟုတ်ပြောတာ အမေရဲ့၊ သူ့နာမည်က သုဇိလတဲ့၊ တစ်ခါက အမေ့အကြော်တဲမှာ အကြော်ဝင်စားတော့ ဟိုတိဘက်ကြီးတွေက သူ့ကို သတ်မယ်ဆိုပြီး စောင့်နေတယ်လေ၊ ဒီတော့ သူနဲ့ သမီး မြင်းကြီးစီးပြီး အဘိုးနေတဲ့ ကသိုဏ်းတောင် ထွက်ပြေးကြရတာ မှတ်မိလား"

ဟု ပြောလိုက်သည်။

"လိမ္မာလိုက်တဲ့ သမီး၊ ငါးဖယ်ပြန်က ပြောင်းပြန်ဆိုသလို ညည်းက ညည်းအဘိုးဆီ လင်ခိုးပြေးတယ်ပေါ့၊ အဘိုးက ညည်းကို သတ်မလွှတ်တာ ကံကောင်းလို့မှတ်"

ဟု ဆူပူနေပြန်သည်။

"မသတ်ပါဘူး အမေရယ်၊ သုဇိလမင်းသားလာရင် သူ့ဆီ အရောက်ခေါ်ခဲ့ပါလို့ အဘိုးမှာလို့ သမီးက သွားပို့ပေးရတဲ့ဟာ"

ဟု ဆိုလိုက်ပြန်သည်။

"တော်တော့ သီတာ၊ ညည်း စကားတွေ နားထောင်ရတာ ငါတောင် ရူးချင်လာပြီ၊ သွား ထမင်းဟင်းတွေ အသင့်ရှိတယ် စားတော့၊ ဒါနဲ့ ညည်း ရဲ့ လင်တော်မောင်ဘုရားကို ဘယ်မှာ ထားခဲ့ပြန်တာလဲ"

ဟု ဆက်၍ မေးလိုက်သည်။

"ဘာမှမပူပါနဲ့ အမေရယ်၊ အမေ့ရဲ့ ချွေးသမက်၊ ငွေသမက်၊ ပတ္တမြားထွက်တဲ့ သားသမက်ကလေး မကြာမီ ဒီကိုရောက်လာမှာပါ၊ ရော့···ရော့


www.burmeseclassic.com

www.burmeseclassic.com

အမေ့အတွက် ရွှေသမက်က ပေးလိုက်တဲ့ရွှေ၊ အမေသုံးလိုတာ သုံးပေါ့"

ဟု ဆိုကာ မိခင်ဒေါ်သူဇာအား ရွှေစင်တစ်ပိသာတုံးကို ပေးအပ်လိုက်လေတော့၏။

"ဟဲ…ဟဲ…ဟဲ…ဒီလိုတော့လည်း ငါ့သမက်က အတော်သား"

ဟု ဆိုကာ ရွှေတုံးကိုယူ၍ အိမ်ခန်းတွင်း ဝင်သွားလေတော့သည်။

□

"နန္ဒိသေန…ရှေ့ကတဲမှာ ငါတို့ နားမယ်"

ဟု သုဇိလက ဆိုလိုက်သည်။

"မင်းက တဲရှင်နဲ့ သိလို့လား"

ဟု နန္ဒိသေနက မေးလိုက်ပြန်သည်။

"မပူပါနဲ့၊ ဟိုရောက်ရင် သိရမှာပေါ့"

ဟု ဆိုကာ တဲအနီးသို့တိုင် လာခဲ့ကြသည်။

တဲမှာ ယခင်ကလို တဲအသေးစားလေး မဟုတ်တော့ပေ။ တဲအတွင်းမှာလည်း တူရိုက်သံ၊ လွှဆွဲသံတို့ဖြင့် ဆူညံလို့ပင်နေသည်။ သုဇိလတို့ တဲဝရောက်တော့ လူနှစ်ဆယ်လောက် တွေ့လိုက်ရသည်။

"သခင်လေး ကြွလာပြီ"

ဟု ဆိုကာ သုညကစ၍ ဒူးထောက်လိုက်သည်နှင့် အားလုံးပင် ဒူးထောက်လိုက်ကြတော့၏။

"သုည…ဒူးလေးတစ်ရာ ပြည့်ပြီလားဟေ့"

ဟု သုဇိလက မေးလိုက်သည်။

"ဒူးလေးတစ်ရာမကပါဘူး၊ တစ်ရာ့ငါးဆယ်တောင် ကျော်နေပါပြီ၊ ခုလည်း ဆက်လက်လုပ်နေကြဆဲပါ သခင်လေး"

ဟု ဆိုလိုက်သည်။

နန္ဒိသေနမှာ သုဇိလကို ကြည့်၍ အံ့သြယူရသည်။ အမှန်တော့ သုဇိလမှာ နန္ဒိသေနထက် နှစ်နှစ်ငယ်သည်။ သို့သော် အစစအရာရာ သုဇိလမှာ နန္ဒိသေနထက် သာနေကြောင်းကိုလည်း သဘောပေါက်လာရတော့၏။ ယခုလည်း ထိုသူများကို မည်သို့စည်းရုံးလိုက်သည်ဟု မဆိုနိုင်၊ တလေးတစားပင် ဆက်ဆံကြသည်ကို တွေ့ရ၏။

"ကောင်းတယ် သုည၊ ဒါဟာ မင်းတို့တွေ တကောင်းနိုင်ငံတော်အတွက် လုပ်ဆောင်နေခြင်းဖြစ်တယ်၊ ဒီတော့ ငါက ဆုချရမှာပေါ့ကွာ"

ဟု ဆိုကာ သုဇိလက ရွှေစင်တစ်ပိသာတုံးကြီး ပေးအပ်လိုက်လေသည်။

"တကောင်းမြို့ ပြန်လည်သိမ်းပိုက်ရေးမှာ ကျုပ်တို့ ပါဝင်ခွင့်ပြုပါ"

ဟု သုညက တောင်းဆိုလာသည်။

"ဘာလဲ၊ မင်းက အမျိုးသမီး ရဲမက်စုဆောင်းချင်လို့လား"

ဟု သုဇိလ မေးလိုက်ရာ အားလုံး ဟားတိုက်ရယ်မောလိုက်ကြတော့သည်။

"သုဇိလ၊ ဘာလဲကွ အမျိုးသမီး ရဲမက်ဆိုတာ"

ဟု နန္ဒိသေနက မေးနေပြန်၍ ပထမအခေါက်က သုဇိလနှင့် သုညတို့ စတင်တွေ့ကြပုံကို ပြန်၍ပြောရပြန်တော့သည်။

"သုဇိလရယ်၊ နင်ကတော့ ဖြစ်လိုက်ရင် အံ့သြကုန်နိုင်ဖွယ်ချည်းပါလား"

ဟု ဆိုကာ နန္ဒိသေနကလည်း ရယ်နေပေတော့၏။

"သုည…မင်းတို့ရွာမှာ ဆင်ငှားလို့ ရမလား၊ ခု မင်းတို့လုပ်ပြီးသား ဒူးလေးတွေအားလုံး မောရတောင်ကို ပို့ရမယ်"

ဟု သုဇိလက ဆိုလိုက်သဖြင့် သုည တွေဝေမနေပါ။ သူ့လူနှစ်ယောက်ကို ရွာပြန်၍ ဆင်မောင်းခဲ့ရန် စေခိုင်းလိုက်လေသည်။

□

ရောဝတီအရှေ့ဘက်ကမ်းရှိ တကောင်းရွှေမြို့တော်တွင် ညနေဆည်းဆာအချိန်ရောက်သည်နှင့် စားသောက်ဆိုင်ကြီးများမှာ တိုး၍မပေါက်အောင် စည်ကားလို့နေတော့၏။

ထိုအချိန်တွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်းမှ မဠာလရွာကြီးအနီးတွင် တကောင်းသားတို့ စားရေလေ့ကျင့်နေလျက် ရှိပေ၏။ ပဉ္စလ



www.burmeseclassic.com

www.burmeseclassic.com

ရွာတွင် နေကြကုန်သော တကောင်းသားများမှာ တစ်နေ့ တကောင်းမြို့ကို ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်ရေးအတွက် မြင်းစီး၊ လှံထိုး၊ မြားပစ်၊ ဓားခုတ်၊ တုတ်ရိုက် စသော လေ့ကျင့်ခန်းများ ပြုလုပ်နေကြကုန်၏။

သူတို့၏ခေါင်းဆောင်မှာ တစ်ချိန်က အိမ်ရှေ့ဥပရာဇာထံတွင် ခစားခဲ့သော တပ်မှူးလေးဝဏ္ဏပင် ဖြစ်သည်။ တပ်မှူးလေးဝဏ္ဏမှာ အိမ်ရှေ့စံဘုရား ရှမ်းကုန်းမြင့်သို့ ထွက်ခွာတော်မူစဉ်က တကောင်းမှာနေ၍ ထူးခြားဖြစ်စဉ်များ သိရှိရန်အတွက် ထားခဲ့ခြင်း ဖြစ်သည်။

တပ်မှူးလေးဝဏ္ဏလက်အောက်တွင် တစ်ရာကျော်မကသော စစ်သည်ရဲမက်များ ရှိနေပေသေး၏။ ထိုရဲမက်များသည် အလုပ်မျိုးစုံ လုပ်ကိုင်လျက် သတင်းစုံကို အရယူကြရသည်။ အချို့ဆိပ်ကမ်းလုပ်သား၊ အချို့ မြင်းလှည်းသမား၊ အချို့က ပြောင်းဖူးပြုတ်၊ ကန်စွန်းဥပြုတ် စသော ရာသီစာသီးနှံများ ရောင်းချလျက် သတင်းစုံ အရယူကြရသည်။

ယနေ့လည်း မြင်းလှည်းသမား အမည်ခံ ဗိုလ်အာယုက သတင်းတစ်ပုဒ်ယူလာခဲ့သည်။ သူ၏ သတင်းမှာ မသင်္ကာဖွယ် အမျိုးသမီးတစ်ဦးနှင့် ချာတိတ်တစ်ယောက်အား သူ့မြင်းလှည်းနှင့်ပင် တကောင်းမြို့တွင်း တစ်ပတ်ပို့ပေးရကြောင်း ဖြစ်သည်။

ထိုအမျိုးသမီးသည် ဧရာဝတီမြစ်နဒီအတိုင်း ရွက်လှေကြီးဖြင့် တကောင်းသို့ ရောက်လာခြင်းဖြစ်ပြီး သူမ၏ လှေကြီးမှာ တကောင်းဆိပ်တွင်မကပ် ပဉ္စာလဆိပ်တွင် ရပ်နားထားကြောင်း၊ လှေကြီးပေါ်တွင် လှေထိုးသားတစ်ဦးနှင့် ချာတိတ်တစ်ယောက် ရှိနေကြောင်း သိရသည်။

"အာယု..သူမဟာ သုနာပရန္တသူလား"

ဟု ဝဏ္ဏက မေးလိုက်တော့...

"သူမရုပ်ရည်ဟာ ပျူ ကမ်းယံ၊ သက်လူမျိုးတို့ရုပ် မဟုတ်ပါဘူး၊ ပျူ ကမ်းယံ သက်တို့က မျက်နှာဝိုင်းစက်နေပါတယ်၊ အသားအရောင်က နီညိုပါ၊ ဒီနေ့တွေ့တဲ့ အမျိုးသမီးကတော့ မျက်နှာသွယ်သွယ် အသားရောင်က ဝင်းဝါနေပါတယ်၊ ဒါကြောင့် သုနာပရန္တက ပျူ ကမ်းယံ၊ သက် လုံးဝ မဖြစ်နိုင်ပါဘူး"

ဟု ရဲရဲကြီးဆိုနေပြန်ပေသည်။

"ဒါဆို ဥတ္တရာလာပတိုင်းသူများလား"

ဟု မေးကြည့်တော့လည်း...

"ဥတ္တရာလာပတိုင်းသူတွေဟာ ခြေတံလက်တံ တုတ်ပါတယ်၊ ဒီနေ့တွေ့တဲ့ အမျိုးသမီးရဲ့ ခြေတံလက်တံများဟာ ဖော့ဖယောင်းကဲ့သို့ သွဲ့ပြောင်းညီညာနေပါတယ်"

ဟု ဆိုလာပြန်သည်။

"ဒါဆို တိဘက်များလား"

ဟု ဆက်မေးကြည့်တော့လည်း

"လုံးဝမဆိုင်ပါဘူး၊ တိဘက်တွေက အရပ်ပုပါတယ်၊ ဒီနေ့တွေ့ရတဲ့ အမျိုးသမီးရဲ့ အရပ်က ငါးပေခွဲ ခြောက်ပေခန့်အထိ ရှည်တယ်၊ သွားပုံလာပုံကလည်း ရာဇဣန္ဒြေနှင့် ပြည့်စုံပါတယ်"

ဟု ဆိုနေပြန်သဖြင့် ဝဏ္ဏဆက်၍ မမေးတော့ပေ။ တစ်နေ့ အဖြေမှန်ပေါ်ရမည်ဟုသာ တွေးနေမိတော့၏။

အဖြေက ကြာကြာမစောင့်လိုက်ရပေ။ တစ်နေ့သော ညနေခင်း မြားပစ်ကွင်းသို့ မာယာဒေဝီ ရောက်လာသည်။ မာယာသည် အနက်ရောင်ဝတ်ရုံကြီးအား နောက်ကျောမှ လွှမ်းခြုံလျက် ဆံပင်ဖားလျား ချထားသဖြင့် မြင်သူတို့၏ မျက်စိတွင် အဆန်းပမာပင် ဖြစ်ရပြန်သည်။

ပဉ္စာလမြားပစ်ကွင်းတွင် ယခုလို ညနေခင်းဘက်မှာ အထူးပင် စည်ကားလှပေ၏။ မြားပစ်သူအားလုံးလိုပင် သက်လတ်ပိုင်းလူငယ်လူရွယ်များဖြစ်သည်။ ပစ်စင်မှ ပစ်မှတ်သည် ပေတစ်ရာခန့် ဝေးကွာသည်။ ပစ်မှတ်နေရာတွင် နဂါးဦးခေါင်းကြီးက မီးညွှန့်မီးလျှံများ မှုတ်ထုတ်နေပုံ ပန်းချီကားကို ယမနေပျဉ်ပြားမှ ရေးဆွဲထားခြင်းဖြစ်၏။

မာယာဒေဝီ ရပ်ကြည့်နေစဉ် တကောင်းပြည်သား ဗရမ္မာများက တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပစ်မှတ်၏ အဓိကအချက်မှာ မျက်လုံးနှင့် အာခံ

www.burmeseclassic.com

တွင်းပင်ဖြစ်သည်။ ရဲရဲတောက်နေသော မျက်လုံးကိုမှန်လျှင် ပထမ၊ အာခံတွင်းသို့ ဝင်အောင်ပစ်နိုင်ပါက ဒုတိယဖြစ်သည်။

ပြိုင်ဆိုင်နေသူများမှာ အများအားဖြင့် အာခံတွင်းကို မှန်အောင်ပစ်နိုင်ကြပါ၏။ ဒေါသအမျက်ချောင်းချောင်းထွက်လျက် ရဲရဲတောက်နေသော မျက်လုံးကိုဖြင့် လုံးဝမှန်အောင် မပစ်နိုင်ကြပေ။

"မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်လို့ရပါသလား"

ဟု ဒိုင်လူကြီးအနီးသွား၍ မာယာဒေဝီက မေးလိုက်သည်။ ဒိုင်လူကြီးများမှာ ဘာပြန်ပြောရမည်မသိ ဖြစ်နေရတော့၏။ အကြောင်းမှာ ယခုမြားပစ်ပြိုင်ပွဲသည် သူတို့လို တကောင်းပြည်သား လူငယ် လူလတ်တန်းစားများပင် မျက်လုံးပစ်မှတ်ကို မည်သူတစ်ဦးတစ်ယောက်မှ မှန်အောင် မပစ်နိုင်သေးပေ။ ယခု လာရောက်မေးနေသူမှာ ယောက်ျားသားမဟုတ် တောင့်တင်းခိုင်မာသော မိန်းမပျိုတစ်ဦးပင်ဖြစ်နေပေ၏။

"ဝင်ရောက်ယှဉ်ပြိုင်ကြည့်ချင်လို့လား၊ ရပါတယ် ဝင်ပြိုင်ပေါ့"

ဟု ဒိုင်လူကြီးများ အဖြေမပေးမီ တပ်မှူးလေးဝဏ္ဏက ဝင်၍အဖြေပေးလိုက်သည်။

"အမည်စာရင်းလေး ပေးခဲ့ပါဦး၊ ဒါမှ အလှည့်ကျရင် ခေါ်လို့ရမှာပေါ့"

ဟု ဒိုင်တစ်ဦးက ဆိုလိုက်သည်။ တပ်မှူးလေးဝဏ္ဏမှာလည်း ထိုအမျိုးသမီး၏ အမည်ကို သိလို၍ နားစွင့်နေလိုက်ရ၏။

"ယခုယှဉ်ပြိုင်မည့်သူကတော့ အမျိုးသားတစ်ဦး မဟုတ်ပါဘူး၊ အားနွဲ့တဲ့ အမျိုးသမီးတစ်ဦး ဖြစ်ပါတယ်၊ သူမဟာ အမျိုးသားများကို အားကျ၍ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမျှသာ ဖြစ်ပါတယ်၊ ပစ်မှတ်ကို လွဲချော်ခဲ့ပါက မလှောင်ကြပါနဲ့၊ ဒါဟာ ဝါသနာကို အရင်းခံတဲ့ ယှဉ်ပြိုင်မှုပါ"

ဟု ဒိုင်လူကြီးက မာယာဒေဝီ အရှက်ရမည်စိုး၍ ကြိုကြိုတင်တင် မေတ္တာရပ်ခံနေပါသည်။ ပြီးမှ…

"မာယာ ယှဉ်ပြိုင်ရန် ကြွပါ"

ဟု ဖိတ်ခေါ်လိုက်တော့၏။

မာယာဒေဝီ နေရာယူလိုက်သည်။ ပရိသတ်ကြီးက တုတ်တုတ်မျှမလှုပ်၊ ဖြစ်ပါ့မလားဟူသော အတွေးများဖြင့် မာယာဒေဝီ၏ လှုပ်ရှားမှုများနောက်သို့သာ တကောက်ကောက်လိုက်၍ ကြည့်နေကြသည်။

ဦးစွာပထမ မာယာဒေဝီသည် သူမ ယှဉ်ပြိုင်ရမည့်လေးကို လက်နှင့်ဆ၍ကြည့်သည်။

ထို့နောက် မြားတံတစ်ခုကို ကောက်ယူလျက် ဖြောင့်စင်းခြင်း ရှိမရှိ သူမ၏ ဘယ်ဘက်မျက်လုံးနှင့် ကြည့်သည်။ သူမ၏ ညာဘက်မျက်လုံးကတော့ ဆံပင်များ ဖုံးအုပ်ထားသဖြင့် ပိုလို့ပင် ဖွေးနေ၍နေပေ၏။

မာယာဒေဝီ၏ အသားရောင်မှာ တကောင်းပြည်သား လူညိုထွားကြီးများအလယ်မှာ လှချင်တိုင်း လှလျက်ရှိပေ၏။ တကောင်းသားကြီးများ၏ စိတ်မှာတော့ ဒီလိုဖြူဖြူဖွေးဖွေး မိန်းကလေးက ဒီလေးပြိုင်ပွဲနှင့် လုံးဝမလိုက်ဖက်ဟုပင် ထင်နေကြကုန်၏။

မာယာဒေဝီသည် မြားကို အလိုက်သင့်ပြင်ပြီး လေးညို့ကို ဆွဲလိုက်သည်။ ကြည့်ရှုနေကြကုန်သော ပရိသတ်များမှာတော့ အသက်ပင်ရှူဖို့ သတိမပြုနိုင်ကြပေ။ မာယာဒေဝီ ပစ်မှတ်ကို ချိန်သည်။ ပြီးမှ…

"ညာဘက်မျက်လုံး"

ဟု ဆိုကာ မြားကို လွှတ်လိုက်လေသည်။

"ဟာ…"

ဟု အားလုံး သံပြိုင်ထွက်ပေါ်လာတော့၏။ အဘယ့်ကြောင့်ဆိုပါမူ မာယာဒေဝီ လွှတ်လိုက်သော မြားတံသည် တကယ်ပင် နဂါးကြီး၏ ညာဘက်မျက်လုံး အလယ်ဗဟိုတည့်တည့်တွင် စိုက်ဝင်၍နေပေသည်။

"ဖြောင်း…ဖြောင်း…ဖြောင်း"

ဟူသော လက်ခုပ်သံများက မြားပစ်ကွင်းကြီးတစ်ခုလုံး လွှမ်းဖုံး၍သွားတော့၏။

"ဆက်ပစ်ပါဦးဗျို့"

ဟု ပရိသတ်က တောင်းဆိုလာသည်။

မာယာဒေဝီ မငြင်းပါ။ လေးကို အသာဆရင်း မြားတစ်စင်း ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ထို့နောက် မြားတံကို ဖြောင့်စင်းမှု ရှိမရှိ စစ်ဆေးသည်။ ပြီးသည်နှင့် မြားကို အသင့်ထားပြီး လေးညှို့ကို ဆွဲတင်ကာ ပစ်မှတ်ကို ချိန်ရွယ်လျက်…

"ဘယ်ဘက်မျက်လုံး"

ဟု ဆိုကာ ပစ်ထည့်လိုက်တော့၏။

"ဖြောင်း…ဖြောင်း…ဖြောင်း"

လက်ခုပ်သံများ ထွက်ပေါ်လျက် 'တော်တယ်၊ တော်တယ်' ဟု နှုတ်မှ ထုတ်၍ ချီးကျူးကြ၏။

မြားပစ်ပြိုင်ပွဲကြီးအပြီးတွင် မာယာဒေဝီအား ပထမဆုအဖြစ် သူမ ပစ်သော လေးကိုပင် ဆုချသည်။

"မင်း အချိန်ရရင် တို့နဲ့ လိုက်ခဲ့ပါ"

ဟု ပြိုင်ပွဲအပြီးတွင် တပ်မှူးလေးဝဏ္ဏက ဖိတ်ခေါ်သည်။ မာယာဒေဝီ မငြင်းပါ။ ဝဏ္ဏနောက် လိုက်ပါခဲ့သည်။

"ကျုပ်နာမည် ဝဏ္ဏလို့ ခေါ်ပါတယ်"

ဟု လမ်းသွားရင်းပင် ဝဏ္ဏက သူ့ကိုယ်သူ မိတ်ဆက်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုဝဏ္ဏ"

ဟု မာယာဒေဝီက အလိုက်သင့် ဆိုလိုက်၏။

မကြာမီ သူတို့ တဲကြီးတစ်လုံးတွင်းသို့ ဝင်လိုက်ကြသည်။ တဲအတွင်း ဧည့်ခန်းတွင် ဝါးထိုင်ခုံနှင့် ဝါးစားပွဲများ တွေ့ရ၏။

"ထိုင်ပါ မာယာ၊ ကိုယ့်အိမ် ကိုယ့်ယာလို သဘောထားပြီး လွတ်လွတ်လပ်လပ် နေပါ"

ဟုလည်း ဝဏ္ဏက ဆိုလိုက်ပြန်၏။

ထိုတဲကြီးအတွင်းမှာ သမင်ဦးခေါင်း၊ ဒရယ်ဦးခေါင်း၊ ကျားဦးခေါင်း စသည်ဖြင့် ဦးခေါင်းမျိုးစုံ နံရံမှာ ချိတ်ဆွဲထားသည်ကို တွေ့ရသည်။ တဲ၏ အရှေ့တည့်တည့်မှာလည်း အခန်းငယ်လေးဖွဲ့လျက် ပျားဖယောင်းတိုင်ကြီး ပူဇော်ထားသည်ကို တွေ့ရ၏။ မြေအိုးကင်းတစ်ခုနှင့်လည်း အမွှေးနံ့သာတုံးများထည့်၍ ပူဇော်ထားသည်ကို တွေ့ရသည်။

ထိုသို့ ပူဇော်ထားသောအရာမှာ ကျွဲဦးခေါင်းကြီးပင် ဖြစ်သည်။ ထိုမြင်ကွင်းကို ကြည့်ခြင်းအားဖြင့် ကိုဝဏ္ဏတို့မှာ ဘုရား၊ တရား၊ သံဃာ ဟု ကြားပင်ကြားဖူးကြဟန် မတူပေ။

"မာယာ ဘာတွေစိတ်ဝင်စားနေတာလဲ"

ဟု ကိုဝဏ္ဏက မေးလိုက်သည်။

"ဟိုကျွဲဦးခေါင်းကြီးကို အမွှေးနံ့သာတွေ ပူဇော်ထားတာတွေ့လို့ ကြည့်နေတာပါ"

ဟု မာယာဒေဝီက ပြန်ဖြေလိုက်သည်။

"ကျွဲဦးခေါင်းကြီးကို ပူဇော်ထားတာတွေ့တော့ ရယ်ချင်စရာ ဖြစ်များနေမည်လား မဆိုနိုင်ဘူး၊ အမှန်တော့ ဒီကျွဲကြီးဟာ အပါယ်တိရစ္ဆာန်တစ်ကောင် ဖြစ်ပါတယ်၊ ဘာကြောင့် ခုလို ကိုးကွယ်ထားရတာလဲ ဆိုရင်တော့ ကျွန်တော်တို့ သားအဖနှစ်ဦးရဲ့ ကျေးဇူးရှင်ဖြစ်နေလို့ပါ မာယာ"

ဟု ဆိုကာ စကားကို ခေတ္တရပ်၍ မာယာဒေဝီ၏ မျက်နှာကို တစ်ချက်ကြည့်သည်။ ပြီးမှ…

"ထိုစဉ်က ကျုပ်အသက်က ငယ်သေးတယ်၊ အဖေကတော့ လယ်လုပ်တယ်၊ ယာခုတ်တယ်၊ ကျုပ်က အဖေနဲ့အတူလိုက်ပြီး ကျွဲကျောင်းရတာပေါ့၊ တစ်နေ့ ကျုပ် ကျွဲကျောင်းနေခိုက် ကျားကြီးတစ်ကောင်နှင့် ရင်ဆိုင်တိုးတယ်၊ ကံအားလျော်စွာ အဖေရောက်လာပြီး 'သား…ပြေး…ပြေး' လို့ အော်လိုက်တယ်။

ကျုပ်ကို ခုန်အုပ်ဖို့လုပ်နေတဲ့ ကျားကြီးက အဖေ့အသံကြားတာနဲ့ နောက်ပြန်လှည့်ကြည့်ပြီး အဖေ့ကို ရန်မူတော့တာပေါ့၊ အဖေကလည်း သားဖေနဲ့ဆိုတော့ ကျားကြီးကိုတောင် မမှုနိုင်ရှာဘူး၊ 'သား…ပြေး…ပြေးတော့' ဆိုပြီး အော်တယ်။

ကျားကြီးက အဖေ့ကို ခုန်အုပ်ဖို့ ပြေးအသွား ကျွဲကြီးက ညောင်ပင်နောက်ကနေ ပေါ်လာပြီး ကျားကြီးကို ဝင်ခတ်တော့တာပေါ့၊ ကျားကလည်း ဘယ်ခံမှာပဲ၊ ကျွဲကြီးကို ပြန်ပြီးတိုက်ခိုက်တယ်၊ ကျားက ခုန်အုပ်လိုက်၊ ကျွဲကြီးက ခတ်လှည့်လိုက်နဲ့ နောက်ဆုံးမှာတော့ ကျားရော ကျွဲကြီး

www.burmeseclassic.com

ဒါ သေပွဲဝင်သွားကြရတယ်။

အဲဒီနေ့ကစပြီး ဒီကျွဲကြီးကို အသက်သခင်ကျေးဇူးရှင်ဆိုပြီး ကိုးကွယ်လာခဲ့တာ ယနေ့ထိ ဆိုပါတော့"

"ရတနာသုံးပါးကော မကိုးကွယ်ဘူးလား"

ဟု မာယာဒေဝီက မေးလိုက်သည်။

"ရတနာသုံးပါးဆိုတာ ဘာလဲ"

ဟု ဝဏ္ဏက ပြန်၍မေးလာသည်။

"ဘုရား၊ တရား၊ သံဃာ"

ဟုပင် ဖြေလိုက်သည်။

"ဘုရားဆိုတာ ဘာကိုပြောတာလဲ"

ဟု ဆက်၍မေးနေပြန်ရာ မာယာဒေဝီ စိတ်ပျက်လာ၍...

"နောက်မှ အေးအေးဆေးဆေး ပြောပြမယ်"

ဟုသာ ဆိုလိုက်ရတော့၏။

"မာယာ၊ ရိုင်းတယ်လို့တော့ မထင်လိုက်ပါနဲ့နော်၊ မမေးမဖြစ်လို့ မေးပါရစေ၊ မာယာက ဘယ်တိုင်းပြည်ကလဲ"

ဟု ဝဏ္ဏ ကောက်ကာငင်ကာ မေးလိုက်သည်။

မာယာဒေဝီ ဝဏ္ဏကိုကြည့်၍ စဉ်းစားရသည်။ ဝဏ္ဏသည် ခေါင်းဆောင်တစ်ယောက် မဖြစ်နိုင်။ နောက်လိုက်ကောင်းတစ်ဦးသာလျှင် ဖြစ်ရမည်ဟု တွေးလျက်...

"ကိုဝဏ္ဏ..မာယာ့ကို ဘယ်လိုမှတော့ မထင်လိုက်ပါနဲ့၊ ခု ကိုဝဏ္ဏရဲ့ မေးခွန်းကို ကိုဝဏ္ဏရဲ့ အရှင်သခင်နဲ့ တိုက်ရိုက်တွေ့မှ ဖြေပါရစေ"

ဟု ဆိုလိုက်သည်။

မာယာဒေဝီ၏ စကားသည် ဝဏ္ဏကိုပင် ငိုင်သွားစေပါ၏။ အမှန်တော့ ဝဏ္ဏသည် အိမ်ရှေ့တော်ဘုရား၏ တပ်မှူးတစ်ယောက်ပင် ဖြစ်၏။ အိမ်ရှေ့ဥပရာဇာ အရှေ့ရှမ်းကုန်းမြင့်သို့ ထွက်ခွာတော်မူသွားသောအခါ ဝဏ္ဏကလည်း အရေးကြီးသတင်း၊ ထူးခြားသတင်းမှန်သမျှ အိမ်ရှေ့ဥပရာဇာထံသို့ ပို့ပေးရသည်။ ထိုသို့ ပြုလုပ်နေသည်ကို မိဖုရားယောင်း နာဂဆိန်သိလျှင် လုံးဝခွင့်ပြုမည် မဟုတ်ပေ။ ထို့ကြောင့် အစစအရာရာ သတိကြီးစွာ လုပ်ဆောင်နေရသည့်ကြား မာယာဒေဝီက အရှင်သခင်နှင့် တိုက်ရိုက်တွေ့မှဟူသော စကားသုံးလာသဖြင့် ဝဏ္ဏ ဘာဆက်လုပ်ရမည်မသိ ဖြစ်ရတော့၏။

"ကိုဝဏ္ဏတို့က ဘုရင့်တပ်မတော်ကလား"

ဟု မာယာဒေဝီက မေးလာသည်။

"ဒီအချိန်မှာ ဘိန္နကရာဇာမင်း နတ်ရွာစံပြီးပြီမို့ တိုင်းပြည်မှာ ဘုရင်မရှိပါဘူး၊ မိဖုရားနာဂဆိန်ကတော့ မလည်အရပ်မှာ ရှိနေပါတယ်"

"မောရတောင်ကကော မဆက်သွယ်ဘူးလား"

"ပဥ္စာလဟာ တကောင်းမြို့နဲ့ နီးလွန်းတော့ မောရတောင်က တပ်တွေကြာကြာမနေပါဘူး၊ ခဏလာ ခဏပြန်ဆိုတာမျိုးတော့ ရှိပါတယ်"

"ဒီပဥ္စာလရွာကြီးကို ဘယ်သူ စတည်ပေးတာလဲ၊ ကြည့်ရတာတော့ မကြာသေးသလို တွေ့ရတယ်"

ဟု ဆက်မေးလာသည်။

မှန်ပါ၏။ နယ်ချဲ့လက်အောက် ကျရောက်နေသော တကောင်းမြို့နှင့် အနီးဆုံး မြစ်တစ်ဖက်ကမ်းမှာ ရွာကြီး တည်ရန် အိမ်ရှေ့မင်းကပင် ခိုင်းစေ၍ ဝဏ္ဏတို့ တည်ခဲ့ကြရသည်။ အိမ်ရှေ့ဥပရာဇာသည် အမြော်အမြင် ကြီးမားလှသော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ စိန့်တိုင်းသားတို့သည် ဧရာဝတီ၏ အရှေ့ဘက်ကမ်းကို သိမ်းပိုက်ထားစဉ် ဧရာဝတီ၏ အနောက်ဘက်ကမ်းတွင် ဗရမ္မာတို့၏ ဆိပ်ကမ်းရှိနေသင့်သည်ဟု တွက်ဆလျက် ပဥ္စာလ တကောင်းဆိပ်ကမ်းအနေဖြင့် ဖွင့်လှစ်စေခဲ့သည်။

ယခု ပဥ္စာလဆိပ်ကမ်းမှာ ဖွင့်လှစ်စမို့ ဝင်ထွက်သွားလာမှု နည်းနေသော်လည်း တစ်နေ့ စည်ကားလာမည်ဟု အိမ်ရှေ့ဥပရာဇာ တွက်ခဲ့ပေသည်။

"သြော်...မာယာ...ကျုပ်မှာ ဘာဆိုဘာမှ ပြောရေးဆိုခွင့် မရှိပါဘူး၊ အကယ်၍ မာယာအနေဖြင့် ကျုပ်တို့ခေါင်းဆောင်နဲ့ တွေ့လိုပါက တွေ့ပေးနိုင်ရန် စီစဉ်ပေးပါမယ်"

ဟုသာ အဖြေပေးလိုက်ရပါတော့၏။

ရှေ့လဆက်ရန်

**မောင်ယဉ်မွန်(မောစ်ကျော်ညြည်)**



www.burmeseclassic.com

www.burmeseclassic.com



# အောက်လမ်းပညာ တုံ့ပြန်ချိန်

ရှစ်ခွင်ကျော်–ဟောင်ဝေါ်သီ

ဘုရားဒကာ၊ ကျောင်းဒကာ၊ ဇရပ်ဒကာ၊ ရဟန်းဒကာ ဘွဲ့တွေ တစ်သီကြီးခံယူထားတဲ့ ကျွန်တော့်သူငယ်ချင်း ဗွာနဆိုင်ရာအရာရှိဟာ အလှူပေး သူဌေးမဖြစ်ဘဲ ပင်စင်ယူပြီးနောက်ပိုင်း အကြွေးတွေပတ်လည်ဝိုင်း တစ်လ အခတိုးခြောက်သိန်းတောင် ဆင်ခရာမရှိ ထမင်းတောင် နပ်မှန်အောင် ရှန်းကန်နေရလောက်အောင် ဆင်းရဲမွဲတေပြီး ဆင်းရဲခြင်းဒဏ် လူးလိမ့်ခံစားနေပါတယ်ဆိုတာ ပြောရင်ယုံနိုင်စရာမရှိအောင်ပါ။

သနားစရာကောင်းသလို သင်ခန်းစာယူစရာတွေ သံဝေဂတွေလည်း ဖြစ်ရပါတယ်။

သူငယ်ချင်း ဘာကြောင့် ဒီလိုအခြေအနေအထိ ဖြစ်သွားရလဲဆိုတာတော့ ကျွန်တော့်အပါအဝင် ဆရာ့သူငယ်ချင်းမိသားစု သူငယ်ချင်း ဆရာလက်အောက် အရင်းနှီးဆုံးဝန်ထမ်းတွေလောက်ပဲ သိကြပါတယ်။ အပြန်အလှန် သို့ကွာထိန်းရင်း နှုတ်ပိတ်ထားကြပေမယ့် ဆင်သေကို ဆိတ်သားရေနဲ့ဖုံးသလိုပါပဲ။ ဟုတ်လို့ကျော် ပုပ်လို့ပေါ်ကုန်တာပါ။

သူငယ်ချင်းဆရာဟာ သူ့သမီးအိမ်ထောင်ရေးကိစ္စ တစ်ဆင့်မြင့် ရာထူးရရေးကိစ္စ၊ နေရာကောင်း လက်မလွှတ်ရရေးကိစ္စ၊ သန္ဓေအရာရှိတွေ-ပခုံးမယှဉ်နိုင်ရေး တော့်မကျက်နိုင်ရေးကိစ္စတွေမှာ ကိုယ့်ကိုယ်စွမ်း ဉာဏ်စွမ်း ကိုယ့်လုပ်ငန်းကျွမ်းကျင်မှု၊ အုပ်ချုပ်မှု၊ ရိုးသားခြင်း၊ ကြိုးစားခြင်းနဲ့ မဟုတ်တဲ့ အောက်လမ်းဆရာဆီမှာ တပည့်ခံ ဆရာ့လမ်းညွှန်မှုတွေ

www.burmeseclassic.com

နဲ့ မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်လို့ပါ။

အောက်လမ်းပညာဆိုတာ လက်တစ်လော ကိုယ်ရည်ရွေးသူကို ထိရောက်ပေမယ့် ကိုယ်ကံနိမ့်တဲ့အခါ ကိုယ့်ဘက် တန်ပြန်လာတတ်ပါတယ်။ တစ်ဖက်သား အကျိုးပျက်ရသလို ကိုယ့်အကျိုးလည်း ပျက်ရမှာပါပဲ။ ကိုယ်ပြုသည့်ကံ ကိုယ့်ထံ ပြန်ဆိုတဲ့ သဘောအတိုင်းပါ။

× × ×

ကျွန်တော်နဲ့ ကျွန်တော့်ဆရာအရာရှိ သူငယ်ချင်းဟာ စစ်မှုထမ်းဟောင်းတွေပါ။ ၁၉၇၀ ပြည့်နှစ်ကျော်ကာလတွေက ကျွန်တော်က စိဂနယ်ဆာဂျင်၊ ကျွန်တော့်သူငယ်ချင်းက ဆေးမှူးဖြစ်တာကြောင့် စစ်ဆင်ရေးထွက်တိုင်း ကျွန်တော်တို့နှစ်ယောက်ဟာ စစ်ကြောင်းရုံးမှာချည်းပဲ တာဝန်ထမ်းဆောင်ခဲ့ကြရတာကြောင့် ညီကိုရင်းထက်တောင် သံယောဇဉ်ပိုတယ်လို့ ဆိုနိုင်ပါတယ်။

ကျွန်တော်ဟာ စိဂနယ်ဆာဂျင်အဖြစ် စစ်ကြောင်းစစ်သည်နဲ့ အထမ်းသမား ရိက္ခာတာဝန်ခံအဖြစ်ပါ ထမ်းဆောင်ရသည်မှာ ရိက္ခာစိုပြတ်တဲ့အခါ ဝက်ဝယ်ပေါ် တပ်ခွဲတွေ ဝေငှရပါတယ်။ ကျွန်တော့်သူငယ်ချင်းဟာ ရဲဘော်တွေပြောနေကျ "ဝက်သားကြိုက်တာတော့ ပြောမနေနဲ့။ အကောင်သေးရင် ပါးစပ်ထဲ မောင်းသွင်းမဲ့ကောင်"ဆိုသလိုပါ။ ကျွန်တော် ဝက်ပေါ်ပြီဆို ရေနွေးအိုး ဆီဒယ်အိုးနားက မခွာဘဲ သူစားချင်တာ လိုးဖြတ်ပြုတ်၊ မီးဖုတ်၊ ဆီနဲ့ကြော်ပြီး ထမင်းလွတ်စားတော့တာပါပဲ။

ကျွန်တော် တပ်ပြောင်း တပ်ကထွက် ဆယ်နှစ်ကျော်ကြာ ကွဲကွာပြီး ပြန်ဆုံဖြစ်တော့ ကျွန်တော့်သူငယ်ချင်းဟာ သူ့ဆရာ သူကောင်းပြုမှုနဲ့ အစိုးရဌာနတစ်ခုကို ပန်းပြောင်းတာဝန်နဲ့ရောက်။ ကျွန်တော်က ထောက်ကြန့်က အာတီစီမှာ ဝန်ထမ်းဘဝနဲ့ ပြန်ဆုံတဲ့အခါ ကျွန်တော့်အခြေအနေဟာ ယိမ်းယိုင်နေချိန်ဖြစ်လို့ သူငယ်ချင်းက. သူ့ဌာနကိုခေါ် သူ့ရဲ့ ကိုယ်ရေးအရာရှိ ခန့်အပ်ပါတယ်။

ကျွန်တော်တို့ချင်း ပြန်တွေ့စဉ်မှာ တစ်ချိန်က ဝက်ဆိုရင် ပါးစပ်ထဲ အကောင်လိုက် မောင်းသွင်းခဲ့တဲ့က, သူငယ်ချင်းဟာ ဝက်ကို မစားတော့တဲ့အပြင် ဝက်သားဟင်းပန်းကန်ကြည့်တဲ့အကြည့်ဟာ မစင်ကဲ့သို့ စက်ဆုပ်ရွံ့ရှာတဲ့ အဆင့်ထိ ရောက်နေတော့တာပါပဲ။

အသေးအမွှားကိစ္စ ဆိုပေမယ့် ကျွန်တော့်အတွက် အဆန်းတကြယ် ဖြစ်နေလို့ ခြေရာကောက် အစဆွဲကြည့်တဲ့အခါ ကျွန်တော့်သူငယ်ချင်းရဲ့ ပီအေမလုပ်ချင်တော့ပါဘူး။ ဆက်ပြီး လက်တွဲချင်စိတ် မရှိတော့ပါဘူး။ ဒါပေမယ့် ကျွန်တော့်အခြေအနေကလည်း အလုပ်ဌာနပြောင်းဖို့ဟာ ဘယ်လိုမှ အဆင်မပြေမှာ မဟုတ်လို့ မှတ်ကြိတ်တောင့်ခံရင်း လေးငါးနှစ်ကြာကာလ (ဆရာအငြိမ်းစားယူတဲ့အထိ) ဖြတ်သန်းခဲ့ရပါတယ်။

ဆရာ့လုပ်ရပ်တွေကြောင့်ပါ။ တပ်ထဲမှာ သွေးစည်းခဲ့ကြပေမယ့် အပြင်လောကရောက်တဲ့အခါ သွေးမစည်းတော့ပါဘူး။ သူငယ်ချင်းက အရာရှိကြီး။ ကျွန်တော်က သူ့ပီအေ အရာရှိငယ်။ ကျွန်တော်မကြိုက်တာ ဖွင့်ပြော၊ သူတစ်ပါးအကျိုးယုတ်တဲ့အလုပ် မလုပ်ဖို့တားမြစ်တာ လက်မခံတော့ပါဘူး။

ဒေဝဒတ်ကို ဆရာတင်မိတဲ့ အဇာတသတ်ဟာ ဖအေကိုသတ် နန်းတက်သလို ဦးစောနဲ့ပေါင်းမှ ရန်ကြီးအောင် နိုင်ငံ့ခေါင်းဆောင်တွေကို ရက်ရက်စက်စက် လုပ်ကြံမိသလိုပဲ တင်စားပြောဆိုချင်ပါတယ်။

ကျွန်တော့်ဆရာ သူငယ်ချင်းဟာ ဘာသာကွဲ လူမျိုးကွဲ အောက်လမ်းပညာသည် လူယုတ်မာကို ဆရာတင်၊ ဆရာ့ကိုပေးတဲ့ကတိကို ရဲ့စွာ လက်ခံပြီး ဝက်သားမစားတော့ဘဲ တစ်ဖက်သား အကျိုးစီးပွား ပျက်စီးစေတဲ့ အောက်လမ်းပညာနဲ့ အတိုက်အခိုက်တွေ လုပ်တော့တာပါပဲ။

× × ×

ကျွန်တော့်ဆရာ သူငယ်ချင်းဟာ သူ့သမီး အလတ်မနဲ့ စက်သုံးဆီ ကန်ထရိုက်တာ သူဌေးလူပျိုကြီးနဲ့ ပေးစားဖို့ စေ့စပ်ထားပါတယ်။ သို့ပေမဲ့ ဆရာ့သမီးဟာ ခြေမငြိမ်ပါဘူး။ စေ့စပ်ထားဆဲကာလအတွင်းမှာပဲ သူ့ရည်းစားနဲ့ချိန်းတွေ့ ရုပ်ရှင်ရုံ၊ ပန်းခြံ အတူသွား တည်းခိုခန်းမှာ အတူတည်းတာ တွေ အရှိန်မသတ်ပါဘူး။ မိဘတွေ ဘယ်လိုမှ ဆုံးမနာခံလို့လည်း လိုက်နာခြင်းမရှိပါဘူး။

www.burmeseclassic.com

အခြေအနေအရပ်ရပ်ကိုလည်း စက်သုံးဆီကန်ထရိုက် လူပျိုကြီးနားအထိ ပေါက်သွားလို့ စေ့စပ်ပွဲဖျက်သိမ်းဖို့ တောင်းဆိုတဲ့အထိ ဖြစ်လာပါတယ်။ ဆရာတို့ သူဌေးယောက္ခမ ရာထူးလက်လွှတ်ခဲ့လို့ မဖြစ်တာကြောင့် သမီးနဲ့ ငြိစွန်းနေတဲ့ ကောင်လေးကိုရော ကောင်လေးအဖေကိုရော ခေါ်တွေ့ပါတယ်။

ကောင်လေးရဲ့အဖေဟာ ကျွန်တော့်ဆရာသူငယ်ချင်းရဲ့ဌာနက လုံခြုံရေးဝန်ထမ်းပါ။ ကောင်လေးကို နောက်ဆုတ်ခိုင်းပါတယ်။ ကောင်လေးအဖေကို အလုပ်ဖြုတ်ပစ်ဖို့ ခြိမ်းခြောက်ပါတယ်။ မရပါဘူး။ ကောင်လေးဘက်က ဖအေကို ငဲ့ပြီး နောက်ဆုတ်ပေးပေမယ့် ဆရာ့သမီးက ရှေ့တိုးပါတယ်။ ယုန်ကမတိုး ပိုက်ကတိုးတာပါ။

သမီးကို ဘယ်လိုမှ ထိန်းမရတဲ့အခုံး ကြံမိကြံရာ ကြံမိရာက အောက်လမ်းဆရာ လူယုတ်မာနဲ့ ဆက်သွယ်မိပြီး ပေးလိုက်တဲ့အတိုင်း အခိုက်အစီအရင်ကို ကောင်လေးအိမ်အောက် သွားပစ်ပါတယ်။ တစ်ပတ်တောင်မကြာတဲ့ ကာလတိုလေးမှာပဲ ကောင်လေးအဖေ အစာအိမ်သွေးကြောပေါက် သေဆုံးသွားပါတယ်။ တိုက်ဆိုင်မှုလို့ ပြောလို့မရပါဘူး။ ထိရောက်မှုပါ။

လင်ယောက်ျားသေပြီဆိုတော့ ခိုကိုးရာမဲ့တဲ့ ဇနီးသည်ဟာ သူ့ဆွေမျိုးများရှိရာ အပြီးပြောင်းရွှေ့သွားတာကြောင့် ကောင်လေးလည်း လိုက်ပါသွားလို့ ဆရာ့သမီးနဲ့ဇာတ်လမ်းနိဂုံးတဲ့သွားပါတယ်။

× × ×

ကျွန်တော်တို့ဌာနကို ကျွန်တော့်ဆရာ သူငယ်ချင်းနဲ့ အဆင့်တူ ပုဂ္ဂိုလ်တစ်ယောက် ပခုံးပြောင်းတာဝန်နဲ့ ပြောင်းရွှေ့ရောက်ရှိလာပါတယ်။ နာမည်က ဦးသန်းအောင်ပါ။

သဘောကောင်း၊ မနောကောင်း စိတ်ထားဖြူစင်ပြီး အထက်အောက် အလိုက်အထိုက် ပေါင်းသင်းတတ်လို့ ကာလတိုအတွင်းမှာပဲ ဝန်ထမ်းတွေနဲ့ မိသားစုလို ရင်းနှီးကျွမ်းဝင်သွားပါတယ်။ ဆရာ့နောက်ကွယ်မှာလည်း ဝင်ဒါမီယာလို ခြံဝင်းကျယ်အိမ်ကြီးနဲ့နေတဲ့ ဝန်ကြီးအဆင့် ပုဂ္ဂိုလ်ကြီးရှိပါတယ်။ တပ်မှာရှိစဉ်က ဆရာရင်း၊ တပည့်ရင်း သံယောဇဉ်နဲ့ ကျွန်တော်တို့ဌာနကို ခေါ်ယူလိုက်တာပါ။ ဝန်ကြီးအိမ်တံခါးမရှိ ဓားမရှိ ဝင်ထွက်ခွင့်ပြုထားတာကြောင့် ကျွန်တော့်ဆရာအတွက် စိုးရိမ်ပူပန်စရာတွေ ဖြစ်လာပါတယ်။

တစ်ခုရှိတာက နောက်ရောက်တဲ့ ဦးသန်းအောင်ဟာ အရက်သောက်တတ်ပါတယ်။ စီးပွားရေးချို့တဲ့မှန်းသိတဲ့ အောက်ခြေဝန်ထမ်းတွေက အလှည့်ကျနဲ့တိုက်လို့ သောက်တာပါ။ တာဝန်ပျက်တာမျိုးတော့ မရှိပါဘူး။ ဝန်ထမ်းတွေနဲ့ ဖက်လဲတကင်းဆိုတော့ အရက်မူး ကျွဲခိုးပေါ်ခိုစကားအတိုင်း အကာယ်ရှုံများ ငါ့အကြောင်းတွေရှိသော် အတွေးကြောင့်လည်း စိတ်ညစ်ရပါတယ်။

ပြောရရင် ကျွန်တော့်ဆရာသူငယ်ချင်းလည်း အရက်သောက်တတ်တာပါပဲ။ သူက တတ်နိုင်တဲ့သူဆိုတော့ အာမီရမ် ဒါဇင်လိုက်ဝယ်ပြီး အိမ်မှာသောက်လို့ မသိကြတာပါ။

အရက်သမားချင်းအတူတူ ငါ့မကောင်းသတင်းတွေ သူ့ဆရာဝန်ကြီးကို သတင်းပို့ရင် ကိုယ့်လိပ်ပြာ ကိုယ်မလုံတဲ့ အတွေးတွေနဲ့ လက်ဦးမှု ယူလိုက်ပါတယ်။ ဦးသန်းအောင် အားနည်းချက်တွေကို အမှန်အကန်ရော အကြံအဖန်ရော အတွင်းရေး အစီရင်ခံတော့တာပါပဲ။

ဆရာတင်တဲ့ ဦးသန်းအောင်အပေါ် စွပ်စွဲချက်တွေ လုပ်ကြံဖန်တီးချက်တွေပါရှိတဲ့ အတွင်းရေးအစီရင်ခံစာ ညွှန်ချုပ်ဖတ်ပြီး ပြုံးပါတယ်။ ကျွန်တော့်ဆရာအကြောင်း၊ ကျွန်တော့်ဆရာအကျင့်ကို သိထားသလို ဝန်ကြီးကလည်း သူ့လက်ရင်းတပည့် ဦးသန်းအောင်ရဲ့ ကိုယ်ရေးအချက်အလက်တွေ ပြောပြထားတာကြောင့်ပါ။

ကျွန်တော့်ဆရာ အတွင်းရေးအစီရင်ခံစာ မထိရောက်ပါဘူး။ မထိရောက်လို့ လက်ပိုက်ကြည့်နေလို့လည်း မဖြစ်ပါဘူး။ ဝန်ကြီးတပည့်ဆိုတော့ တစ်နေ့တစ်ချိန် ကုလားထိုင်အလုခံရတော့မှာပဲ စိုးရိမ်စိတ်နဲ့ အားကိုးရာ ရှာပါတယ်။

ထုံးစံအတိုင်း လူမျိုးကွဲ အောက်လမ်းဆရာလူယုတ်မာဆီပြေး ရင်ဖွင့်ပြီး ဦးသန်းအောင် မော်ကြည့်လို့မရအောင် လုပ်ပေးလိုက်တဲ့ အစီအရင်ပါ။ ကျွန်တော်ကလွဲလို့ ဘယ်သူမှ မသိလိုက်ပေမယ့် တစ်ရက်မှာတော့ ဘယ်လိုမှ ဖုံးဖိလို့မရအောင် ဘူးပေါ်သလို ပေါ်သွားတာကြောင့် ကျွန်တော့်ဆရာကို ဝန်ထမ်းတွေက မျက်နှာတောင် မကြည့်ချင်လောက်အောင်

www.burmeseclassic.com

ခွဲမှန်ပြီး အော့နှလုံးနာကုန်ကြပါတယ်။

အဖြစ်ကတော့ ဒီလိုပါ။

တိုက်ခိုင်မှုမဟုတ်တဲ့ သေစေလောက်အောင် ပြင်းထန်တဲ့ အောက်လမ်းပညာ အစီအရင်ချပြီး တစ်ပတ်အကြာမှာ ဦးသန်းအောင် ဦးနှောက်သွေးကြောပေါက်ပြီး ရုတ်တရက် သေဆုံးသွားပါတယ်။

သေပြီဆိုတော့ ထုံးစံအတိုင်း သေသူထိုင်တဲ့ စားပွဲထိုင်ခုံနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်တဲ့အခါ ငါးဆင့်ရှိတဲ့ အံဆွဲအောက်ဆုံးအဆင့်ရဲ့ အခင်းသတင်းစာအောက်မှာ ဦးသန်းအောင် လိုင်စင်ဓာတ်ပုံရဲ့ နောက်ကျောမှာ အင်းကွက်တွေ့ရှိတာကြောင့် ကျွန်တော့်ဆရာလက်ချက်ဆိုတာ တပ်အပ်ပြောနိုင်ပြီး အမုန်းတရားတွေ သက်ရောက်ကုန်ပါတယ်။

× × ×

ကျွန်တော့်ဆရာ တတိယအကြိမ် အောက်လမ်းပညာနဲ့ လက်စွမ်းပြလိုက်တာကတော့ ဆရာ့သူငယ်ချင်းနဲ့ အဆင့်တူ ဦးထွန်းသိန်းဆိုတဲ့ ပုဂ္ဂိုလ်ပါ။ သူလည်း စစ်တပ်ကနေ ပုံးပြောင်းတာဝန်နဲ့ ကျွန်တော်တို့ဌာနကိုရောက်ရှိလာတာပါ။

ဦးထွန်းသိန်းဟာ မြို့နယ်တစ်ခုရဲ့ တာဝန်ခံအဆင့် မြို့နယ်မှူးအဆင့်ကနေ ပြောင်းလာခြင်းဖြစ်ပါတယ်။ ကောင်းသောအပြောင်းအရွှေ့တော့ မဟုတ်ပါဘူး။ ငွေကြေးကွာဟမှုကြောင့် ဗီအေ ဒီအီးစစ်ဆေး လုမှုရေးနဲ့ သူ့နောက်ခံ ဘက်ဂရောင်းကို ထောက်ထားပြီး ကွာဟငွေ အလျော်ပေး၊ အဆင့်တိုးမြှင့်ခြင်း ရာသက်ပန်ရပ်ဆိုင်း ပြစ်ဒဏ်ခံယူပြီး ရောက်ရှိလာခြင်းပါ။

အမောက်ထိုး၊ အစွယ်ကျိုး၊ အတက်မပါနဲ့ သူ့ကိုယ်သူ သိပြီး မာန်ချထားပေမယ့် ဒုဝန်ကြီးရဲ့ဆရာရင်း တပည့်ရင်း ဘက်ဂရောင်းအခံရှိထားလို့ ကျွန်တော့်ဆရာ ခေါင်းမီးတောက်အောင် စိုးရိမ်ပူပန်ရတဲ့အဆင့်ကို ရောက်ရှိခဲ့ပါတယ်။

ဦးထွန်းသိန်းကို စိုးရိမ်ပုံက နေရာဖယ်ရမှာ၊ ကုလားထိုင်လုမှာ ကျောက်တက်မှာမဟုတ်မှန်း သိပေမယ့် ကျွန်တော့်ဆရာရဲ့ မသမာမှုတွေကို ဒုဝန်ကြီးနားပေါက်အောင် သံတော်ဦးတင်ခဲ့သည်ရှိသော်ဆိုတဲ့ ကိုယ့်လိပ်ပြာကိုယ်မလုံတဲ့ စိုးရိမ်မှုတွေပါ။ ဆရာ့အတွက် ကြိုတင်ကာကွယ်ဖို့ လိုအပ်တဲ့အတွက် ထုံးစံအတိုင်း အောက်လမ်းဆရာ လူယုတ်မာဆီ ပြေးတော့တာပါပဲ။

ဒီတစ်ကြိမ်တော့ ဘာအဆောင်အစီအရင်မှမပေးဘဲ လုပ်ဆောင်ရမယ့် အကြံဉာဏ်ပဲ ပေးလိုက်ပါတယ်။ ဦးထွန်းသိန်း ဘယ်လိုပြစ်ချက်တွေနဲ့ ပြောင်းရွှေ့ရောက်ရှိလာကြောင်း ကြိုပြောထားလို့ပါ။

"ခင်ဗျား တရုတ်အမဲ စားဖြစ်သွားသလား"

"ကြုံကြုံဖန်ဖန် ဆရာရယ်။ ဆရာ့ကိုပေးတဲ့ကတိ အပျက်ခံလို့ ဘယ်ဖြစ်ပါ့မလဲ။ ကျွန်တော့်တစ်အိမ်လုံး ရှောင်ထားတာပါ"

"သိပါဘူးဗျာ။ ခင်ဗျားကို အတိုက်အခိုက်တွေ မကြာမကြာ ကြုံနေရလို့ မေးတာပါ"

"ဟုတ်ပါ့ ဆရာရယ်"

"အခုအတိုက်အခိုက်က အသေးအမွှားပါ။ ဘာအဆောင်မှ ပေးစရာမလိုပါဘူး။ အဲဒီလူကို တာဝန်တစ်ခု ပေးလိုက်"

"မဖြစ်ဘူးထင်တယ် ဆရာ"

"ကျုပ်စကား မဆုံးသေးပါဘူး။ တာဝန်တစ်ခု ပေးဖြစ်အောင် ပေးလိုက်စမ်းပါ။ သူ့အတွက် လုပ်ငန်းအတွက် လိုအပ်တဲ့ငွေ ဆိုပါတော့ဗျာ။ တစ်ထောင်ပေးရမှာ တစ်သောင်းပေး။ တစ်သောင်းပေးရမှာ တစ်သိန်းပေး။ လက်မှတ်တော့ ထိုးခိုင်းနော်။ ဒါ ခင်ဗျားလုပ်နေကျပါ။ ငွေမက်တဲ့လူ ငွေနဲ့ တိုက်ရင် ပြိုလဲသွားမှာပါ"

ကျွန်တော့်ဆရာ သူငယ်ချင်းဟာ သူ့အောက်လမ်းဆရာ လူယုတ်မာကို ဘုရားလို ကိုးကွယ်သူဆိုတော့ သူ့ဆရာမှာတဲ့အတိုင်း ဦးစီးဌာန သက်သာချောင်ချိရေးအတွက် မအူပင်ခရိုင်ထဲက ငါးမွေးမြူရေးကန်တွေကို စစ်ဆေးရေးတာဝန်ခံအရာရှိ ခန့်အပ်ပြီး စစ်ဆေးခိုင်းပါတယ်။

ဦးထွန်းသိန်းဆိုတဲ့လူကလည်း ဗေထိခို ကွဲပြီဆိုသလို ပါပဲ။ ပထမတစ်ခေါက်မှာတင် အသုံးစရိတ် လေးငါးထောင် ပုံမှန်ကုန်ရမှာကို နှစ်သောင်းကျော် စာရင်းတက်လာပါတယ်။ ရေခဲတုံး ဘီယာဝယ်သောက်၊ ဟင်းစားမရှိ ကြက်ဝယ်ချက်၊ တစ်ကောင်တစ်သောင်း-မှတ်ချက် တိုက်ကြက်၊ ဆန်တစ်ပြည် တစ်ထောင်၊ ဆိုက်ကားက ငါးထောင် အထွေ



www.burmeseclassic.com

www.burmeseclassic.com

ထွေသုံး တစ်သောင်း၊ စာရင်းလိမ်တွေ ဘောက်ချာအတုတွေ ချည်း ဖြစ်နေပါတယ်။ မအူပင် ငါးကန်စစ်ဆေးရေး သုံး ခေါက်မှာ တစ်သိန်းကျော်ဟာ လိမ်ညာတင်ပြတဲ့စာရင်းတွေ ချည်း ဖြစ်နေပါတယ်။ ကံဆိုးချင်တော့ အော့ဒစ်(စာရင်းစစ်) ဝင်စစ်နဲ့ ကြုံပြီး လိမ်ဆင်တွေပေါ်ကုန်လို့ အလုပ်က ထွက် ခိုင်းလိုက်ရပါတယ်။

ဦးထွန်းသိန်း အလုပ်ထွက်ရချိန်မှာ မြေတစ်ကွက်မှ မရှိပါဘူး။ အိမ်တစ်လုံး အဆင်သင့်မရှိပါဘူး။ စုဆောင်းငွေ တစ်ပြားမှ မရှိပါဘူး။ အိမ်ခြံ စီးပွားရေးလုပ်ငန်းအားလုံး တစ်က ပြန်စရမှာပါ။ လုပ်သက်ဆုကြေးနဲ့ ဘယ်လိုမှ အဆင် မပြေနိုင်ပါဘူး။

ဒေဝဒတ်ဆရာတင်တဲ့ ကျွန်တော့်ဆရာလုပ်ရပ်ဟာ သိပ်ပြီး ကောက်ကျစ်စဉ်းလဲလှပါတယ်။

သူ့ဘက် ကိုယ့်ဘက် နှစ်ဖက်အကျိုးရှိတဲ့အလုပ်၊
သူ့ဘက်ကိုယ့်ဘက် နှစ်ဖက်လုံး အကျိုးမဲ့တဲ့အလုပ်၊
သူ့အကျိုးရှိ၊ ကိုယ့်အကျိုးမဲ့တဲ့အလုပ်
သူ့အကျိုးမဲ့၊ ကိုယ့်အကျိုးရှိတဲ့အလုပ်

ကျွန်တော့်ဆရာ ဘယ်အမှတ်စဉ် ဘယ်လုပ်ရပ်မှာ အကျုံးဝင်တယ်ဆိုတာတော့ အချိန်ကာလတစ်ခုမှ အဖြေပေါ် သွားမှာပါ။

× × ×

ကျွန်တော့်ဆရာသူငယ်ချင်း သက်ပြည့်ပင်စင်ယူတဲ့ အချိန်မှာ ရွှေပြည်သာရှိ ကိုယ်ပိုင်မြေခွက်ပေါ်က ကိုယ်ပိုင် ဆောက်ထားတဲ့ တစ်ထပ်တိုက်ကျယ် ခြံကျယ်မှာ အသင့် တက်နေလိုက်ပါတယ်။

ကျွန်တော့်ဆရာသူငယ်ချင်း အအေးခန်းကား နှစ်စီး ပိုင်ဆိုင်ပြီး လားရှိုး၊ ကျောက်မဲ၊ သီပေါနဲ့ မြဝတီဘက်တွေ ရေချိုရေငန်ငါးတွေတင်ပို့အပြန် ဒေသထွက်ကုန်တင် ပွဲရုံ သွင်း တစ်လဝင်ငွေ သိန်းခြောက်ဆယ်လောက် အသားတင် ကျန်ပါတယ်။

ကျွန်တော့်ဆရာသူငယ်ချင်း သူ့တစ်သက် ဆင်းရဲဒုက္ခ ကြုံတွေ့နိုင်ပါဦးမလား။

ကျွန်တော့်ဆရာ အလုပ်က အငြိမ်းစားယူပြီး သုံးနှစ် ကျော်အကြာမှာ ကျွန်တော့်ကို ခေါ်တွေ့ပြီး လက်ရှိကြုံတွေ့ နေရတဲ့ ဒုက္ခတွေကို အရင်းနှီးဆုံး မိတ်ဆွေအနေနဲ့ ရင်ဖွင့် ပြောပြစဉ်မှာ ကျွန်တော် မျက်လုံးပြူး ပါးစပ်ကြီးဟောင်း လောင်း ဖြစ်နေပါတယ်။ မယုံကြည်လောက်အောင် အံ့ဩ လို့ပါ။

ကျွန်တော့်ဆရာ စီးပွားရေး ချွတ်ချုံကျပြီး ဘဝပျက် နေပါပြီ။ အအေးခန်းကားနှစ်စီးလည်း မရှိတော့ပါ။ အကြွေး လည်းပင်းမြုပ်နေပါပြီ။ အသေးစား ရေသန့်စက်တစ်လုံး လေး ငါးခြောက်သိန်း အမြတ်ငွေ ဆရာတို့မိသားစု မစားရပါ။ လစဉ် အတိုးခြောက်သိန်း ပေးဆပ်နေရလို့ပဲ ဖြစ်ပါတယ်။

ဆယ်လအတွက် အတိုးသိန်းခြောက်ဆယ် မသွင်း နိုင်တော့လို့ အိမ်ရောင်းဆပ်ရတော့မှာပါ။ ဝယ်သူတော့ လာပါ ရဲ့ နောက်ထပ် ဆယ်လကြာ အဝယ်မလိုက်လို့ သိန်းတစ်ရာ နှစ်ဆယ် အတိုးနဲ့အရင်းပေါင်း သိန်းခြောက်ရာကျော် အိမ် ဝယ်ရောင်းစာချုပ် လက်မှတ်ရေးထိုးပေးရတော့မှာပါ။

နေ့စဉ် အာမီရမ်တစ်ပိုင်းချနေတဲ့ ဆရာ့လည်ပင်းမှာ ပုတီးကြီးနဲ့ပါ။ ဆရာ့စိတ်အစဉ်မှာ ပြုခဲ့ဖူးတဲ့ ဘုရားတည်၊ ကျောင်းဆောက်၊ ရဟန်းခံ ကောင်းမှုကုသိုလ်တွေ တမ်းတ မှန်းဆဆုတောင်းနေပါတယ်။ ဘယ်ကုသိုလ်ကောင်းမှုကမှ တုံ့ပြန်ခြင်းမရှိသေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အဖြေက တော့ -

ဆရာတည်တဲ့ ဘုရားဟာ သူကြီးဘုရား ရွာသား ကောင်းမှု။ ဆရာဆောက်ခဲ့တဲ့ ကျောင်းဟာ ဆရာ့အမည်ခံ စပွန်ဆာပါ။ ဆရာ သာသနာ့ဒါယကာ ရဟန်းခံရှင်ပြုအလှူ ဟာ ခုနစ်ရက်သားသမီးနဲ့ လက်အောက်ဝန်ထမ်းတွေ ရစက် ချက်တောင် ကိုင်ခွင့်မရတဲ့ အလှူပါ။

အရာအားလုံးဟာ ဦးဆောင်မှုပေးတဲ့ ကုသိုလ်တောင် ခံစားခွင့်မရတာကတော့ နံပါတ်နှစ်အမျိုးအစားဖြစ်တဲ့ သူ့ ဘက် ကိုယ့်ဘက် နှစ်ဖက်စလုံး အကျိုးစီးပွားပျက်စေတဲ့ လုပ်ဆောင်ချက်အရ ဆရာ့ရဲ့ အောက်လမ်းနည်းတွေဟာ ဆရာ့ကို တန်ပြန်သက်ရောက်ချိန် အလှည့်ကျလို့ပဲ ဖြစ်ပါ တယ်။

ရစ်ခွင်ကျော်-ဖော်င်တော်သီ



www.burmeseclassic.com

www.burmeseclassic.com


# ဆရာကြီး အရဟံ ဆရာအောင်

(အကြားအမြင် ဂမ္ဘီရပညာပါရမီရှင်) (ဝါတွင်းဝါပ တနင်္လာနေ့တိုင်းပိတ်သည်)

မော်လမြိုင်(ခေါင်းဆေးကျွန်း)၊ ပဲခူး(ဒေးစွန်းပါ)၊ သန်လျင်(ကျောက်တန်း) ဘုရားတည်၊ စာမေးပွဲ၊ ကျန်းမာရေး၊ အချစ်ရေး၊ ထူးချွန်ထက်မြက်မည့် ကလေးနာမည်ပေးခြင်း၊ ဆိုင်၊ ကုမ္ပဏီနှင့် လုပ်ငန်းအမည်ရွေးချယ်ခြင်း၊ ထူးခြားအောင်မြင်သော စီးပွားရေးလုပ်ငန်းများ နိုင်ငံခြားကိစ္စ၊ သင်္ဘောသားများ လိုင်းကောင်း၊ လစာကောင်းပြီး အမြန်ထွက်ခွာရန်၊ အမှုအခင်းများ၊ အိမ်၊ ခြံ၊ မြေ၊ ကားရောင်း၊ သားသမီးများ လိမ္မာယဉ်ကျေးပြီး မိဘစိတ်တိုင်းကျဖြစ်စေရန် ကူညီခြင်း၊ အိမ်ထောင်ရေးကိစ္စ အထူးဆောင်ရွက်သည်(မူလအိမ်ထောင်ရှင်ဘက်မှသာ)၊ ထီနှင့် ကံစမ်းလုပ်ငန်းများအတွက် လမ်းညွှန်သည်။ ဓာတ်ရိုက်၊ ဓာတ်ဆင် အာမခံဖြင့် ဆောင်ရွက်သည်။

ဆိုင်အမှတ်(၈)၊ ဆူးလေဘုရားအဝိုင်း၊ ရန်ကုန်မြို့။ ဖုန်း/၀၉-၅၁-၁၂၁၄၆၊ ၀၉-၇၃၁-၅၃၁၈၈
နံနက် (၈း၃၀) နာရီ မှ နေ့လည် (၁၂း၃၀) နာရီ။
အိမ်အမှတ်(၁၇)၊ အောင်နီလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း/၀၅၆-၂၁၆၀၉(အိမ်)
ညနေ (၄း၀၀) နာရီ နောက်ပိုင်း



လိုင်စင်အမှတ် - ၁/၂၀၁၅ တဆထလ(၂၄၆)

# အောင်ဝိဇ္ဇာမိုရ်ဆေးတိုက်

- ကျားအားနည်း၊ သေ/ညှိုး၊ တစ်ခဏပြီးသွားခြင်း၊ အားမထိန်းနိုင်၊ ပန်းလှန်းပြီး ရုတ်တရက် ညှိုးနွမ်းခြင်း၊ အကြောများ ရှန်းကန်မှုနည်း၊ ရာနှုန်းပြည့် မစွမ်းဆောင်နိုင်ခြင်းများအတွက် အောင်ဝိဇ္ဇာမိုရ်မှ ကုသရင်း ထုတ်လုပ်ထားသည့် အကြောအားဖြည့် စားဆေး၊ လိမ်းဆေး၊ ဆေးမျိုးစုံ (TMR 011176), (1114), (TMR 011177), (1114)
- လိပ်ခေါင်းတွင်း/ပြင်၊ စအိုဝဖုသီးထွက်၊ ဝမ်းသွားအားမရ သွေးပါ၊ စအိုဝယောင်ရမ်းနာကျင်ခြင်း၊ လိပ်ခေါင်းအဖု တဖြည်းဖြည်းကြီးလာခြင်း၊ အရိအခြွဲကျခြင်းတို့ကို အထူးကုသ ဆေးများဖြင့် အမြစ်ပြတ် ကုသပေးနေပါပြီ။ (1208 y 7427942)
- ခရုသင်း၊ သမုန်ဖြူ၊ နှင်းခူစို/ခြောက်၊ ကာလသားရောဂါများ ကုသပေးနေပါပြီ။ အထူးကုဆေးများလည်း ရရှိနိုင်ပါသည်။ (0813 y 10568) သွေးသန့်ဆေး၊ သွေးညှိဆေး၊ မီးယပ်၊ ထိမ်ငုပ်၊ ယားယံ/ဖုပိမ့်ထခြင်း၊ အပူငြိမ်းဆေး၊ အဆီကျဝမ်းပျော့၊ သွေးသန့်ဆေးများလည်း ရရှိသည်။

❖ ဆေးခန်း - အမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း၊ KBZ ဘဏ်ဘေး၊ (၀၁-၃၈၇၀၉၇)၊ (၀၉-၃၁၉၂၁၁၃၅)
❖ ပင်ရင်းဖြန့်ချိရေး - အမှတ်(၈၆)၊ (၉၄)လမ်း၊ မင်္ဂလာတောင်ညွန့်၊ (၀၉-၅၀၁၆၃၇၂၊ ၀၉-၅၀၃၃၈၃၉)
❖ ပင်မဖြန့်ချိရေး - ကိုဝင်းမြင့်+မဘောဘိ(ကမ်းနားလမ်း)၊ (၁၅)လမ်းထောင့်၊ ကိုလှစိုး(သိမ်ကြီးဈေး)၊ လှုထုမေတ္တာ(သိမ်ကြီးဈေး)၊ သီဟ(သန်လျင်မြို့မဈေးအနီး)၊ အောင်ရတနာ(၂၈×၈၃)လမ်းထိပ်၊ ကောင်းသန့်(၂၆၄/၂၈)၊ (၈၂×၈၃ လမ်းထိပ်)၊ မတူး-မစူး(၂၀×၂၂) မြန်မာ့ဂုဏ်ရည်(၂၆)၊ (၈၈×၈၉)၊ ဝန္နလ(ဈေးချို)၊ အာရောဂျံ(သိမ်ကြီးဈေး)၊ အာရောဂျံ နံ့(၄)၊ နေပြည်တော်မြို့မဈေး ပွဲကတော်မင်္ဂလာရပ်(ပျဉ်းမနား)၊ ကိုတူးတူး(ပကြွေးတိုင်းဆေးရုံကြီးနောက်ဘက်)တို့တွင် ရရှိနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ဖြောင့်ဖြောင့်မတ်မတ် ကောက်ကောက်ကွေ့ကွေ့

## ကျော်မြသန်း

(ယခင်လမှ အဆက်)

(တစ်ဆယ်)

"ကျွန်မကို မမသီနဲ့ ရုပ်ရှင်တို့၊ မိုလ်ချုပ်ဈေးတို့ သွားဖို့ ကိုဝင်းကပဲ ခွင့်ပြုခဲ့တာပါ။ မမသီကိုလည်း ခေါ်ပြု သွားဖို့၊ မမသီနဲ့ဆိုရင် စိတ်ချတဲ့ အကြောင်း ကိုဝင်းကိုယ်တိုင်ပဲ ပြောခဲ့ပါတယ်"

သည့်နောက်ပိုင်း မမသီ သွားလာလှုပ်ရှားရာသို့ အရိပ်ပမာ တွဲတွဲ စပ်စပ် ပါနေသူမှာ ခင်လေးနွယ်။

လမ်းထွက်များလာတော့ အိမ်မှာမနေချင်။

နှစ်ယောက်စလုံး မိန်းမချော၊ မိန်းမလှတွေ။ သွားလေရာ ရောက်လေရာမှာ အာရုံစိုက်ခံရသည်။

အမျိုးသားတွေက ပိုမို အရေးတယူ အလေးမူ၍ အရေးပေးကြသည်။ !

ဒီအပေါ်မှာ ခင်လေးနွယ် သာယာလာသည်။ မိန်းမောလာသည်။ ကြည်သာလာသည်။ အလှမာနတက်လာသည်။

အလျင်ကလို အရှိအလှကို ပေါ်လွင်မှု ရိုးရိုးကလေး ပြင်ဆင်ခြယ်မှုန်းထားတတ်သည့် ခင်လေးနွယ်၏ အပြင်အဆင် အခြယ်အသမှာ ဆန်းထွေလာသည်။

လှတာကို ကြွအောင်ပြင်လိုက်တော့ အာရုံစူးစိုက်မှု ပို၍ခံရသည်။

တစ်ဆင့်တက်တော့ ဘဝင်မြင့်လာသည်။ ဘဝင်ခိုက်လာသည်။

ဘယ်သူမဆို ဘဝင်မြင့်၊ ဘဝင်ခိုက်လာပြီဆိုရင် အောက်ခြေလွတ်စမြဲ။

အောက်ခြေလွတ်လွန်းရင် မှောက်လျက်သော်လည်းကောင်း၊ ပက်လက်သော်လည်းကောင်း၊ ဘေးစောင်းသော်လည်းကောင်း လဲရမည်မှာ မမွတ်။ လဲသည့်အခါ အကျမတော်ခဲ့ရင် ...။

***

မန္တလေးသား ဇော်မောင်မောင်နှင့် ခင်လေးနွယ်ကို မိတ်ဆက်ပေးခဲ့သူမှာ မမသီ။

ကရဝိက်စားသောက်ခန်းမှာ။

အိမ်ကထွက်တုန်းက ဦးတည်ရာလမ်းကြောင်းမှာ ဗိုလ်ချုပ်ဈေးကို။ ရောက်သွားတော့ ကရဝိက်။

"နွယ်ရေ ... မမမြင့်ကြီးတို့ဆိုင်မှာ အဆင်ဆန်းတွေ ရောက်နေလို့တဲ့"

"သွားလေ မမသီ၊ နွယ်လည်း လိုက်မှာပေါ့"

ဗိုလ်ချုပ်ဈေးကိုအဝင် အလယ်ပေါက်ထိပ်မှာ သက်လတ်အရွယ်လူငယ်နှစ်ယောက်နှင့် ဆုံမိကြသည်။

"ဟော ... မမသီပါလား"

"မောင်မောင်ပါလား။ ဆိုစမ်း၊ မင်းဘယ်တုန်းက ရောက်တာလဲ"

"ကျွန်တော် မနေ့က ညရထားနဲ့လိုက်လာတာ မမသီ။ အိပ်ရေးပျက်လာတာနဲ့ ခဏနုပ်ပြီး ခုပဲ ထွက်လာတာပဲ"

"ရောက်ရောက်ချင်း ဗိုလ်ချုပ်ဈေးမှာ မွှေ့မယ်ဆိုပါတော့"

"မဟုတ်ရပါဘူး မမသီရာ ..။ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ"

"တော်စမ်းပါ မောင်မောင်ရယ်။ မသိရင်ခက်မယ်"

"ဟဲဟဲဟဲ ... မမသီကလည်း။ ဪ ... မမသီနဲ့ မိတ်ဆက်ပေးရဦးမယ်။ ဒါ .. ကျွန်တော့်သူငယ်ချင်း တင်ဝင်းဦး။ မေမြို့က ကျွန်တော့်လုပ်ငန်းကို လေ့လာဖို့ လိုက်လာတာ။ ဒါက သိပ်ခင်စရာကောင်းတဲ့ မမသီ။ မမသီအကြောင်း အပြည့်အစုံတော့



www.burmeseclassic.com

www.burmeseclassic.com

နောက်မှ ပြောမယ်ကွာ''

''မောင်တင်ဝင်းဦးနဲ့ တွေ့ရတာ ဝမ်းသာပါတယ်ကွာ။ တို့ကိုလည်း မှတ်ထားပေါ့။ ကဲ ... မောင်မောင် မမသီကလည်း ပြန်မိတ်ဆက်ပေးရဦးမယ်။ ဒါက မမသီရဲ့ ညီမဝမ်းကွဲ နွယ်၊ နာမည်အပြည့်အစုံက ခင်လေးနွယ်။ သူကတော့ မန္တလေးက ဖော်မောင်မောင်ပေါ့''

လှလှပပလေး ပြုံးလိုက်ရသည်။ သူတို့နှစ်ယောက်ကလည်း စူးစူးမြမြ အကြည့်နှင့် ပြုံးပြကြသည်။

မိတ်ဆက်ခြင်းမှ ရင်းနှီးခြင်းသို့။

''မမသီတို့ အရေးတကြီးကိစ္စရှိလို့လား''

''မရှိပါဘူးကွယ်။ အဆင်ဆံန်းလေးတွေ ရောက်လာတယ်ဆိုလို့''

''ဒါဖြင့်လည်း ကြိုတင်ချိန်းဆိုချက်မရှိတဲ့ မိတ်ဆက်ပွဲလေး လုပ်ပါရစေလား မမသီ''

''အခုလား''

''အခုပေါ့''

''ကျွန်မ်နဲ့ မမသီတို့ အတူသွား အတူလာ ရှိနေကြပေမယ့် ဒါမျိုးပွဲနဲ့တော့ တစ်ခါမှ မဆုံရသေးပါဘူး။ ဒါဟာ ပထမအကြိမ်ပါပဲ။ အိမ်တွေမှာ စားကြသောက်ကြတာတော့ ရှိဖူးပါတယ်။ ခု မမသီက ဘာမှမပြောတော့ ဘဲ-ကဲ ... သွားရအောင်ဆိုပြီး ကျွန်မလက်ကိုဆွဲခေါ်သွားတာနဲ့ ကျွန်မလည်း ပါသွားရပါတယ်။ ကျွန်မ မလိုက်ချင်ဘူးလို့ ငြင်းလိုက်ရင် မမသီ မျက်နှာပျက်မယ်လေ။ သူ့ကို အမှီပြုနေရတဲ့ ကျွန်မက မမသီငြိုငြင်အောင် ဘယ်လုပ်လို့ ဖြစ်ပါ့မလဲ။ ပြီး ခုဟာက ရိုးရိုးသားသား ဖိတ်တာမို့''

နံပါတ်အနက် ဖယ်မလီယာကားနီလေး၏ ရှေ့ဘက် မောင်းသူဘေးမှာ တင်ဝင်းဦး။ နောက်ဘက်မှာ သူတို့သုံးယောက်။ မမသီက ဘေးဘက်မှာ၊ ခင်လေးနွယ်က အလယ်မှာ ဖော်မောင်မောင်က တစ်ဖက်ဘေးစွန်မှာ။

ဖယ်မလီယာကားနောက်မှာ သုံးယောက်ဆိုတော့ ချောင်ချောင်ဝေးဝေး ထိုင်လို့မဖြစ်။ ပူးပူးကပ်ကပ် ထိုင်ရသည်။ နေရာအနေအထားအရ ဖော်မောင်မောင်နှင့် မပူးကပ်လို့ကလည်း မဖြစ်။

ကိုယ်လုံးကလေးကို မမသီဘက် ယိမ်းထားပေမယ့် ထိစပ်မှုကိုတော့ မရှောင်သာ။ တစ်လမ်းလုံး အသက်ရှူကျပ်လာလိုက်တာ ကရဝိက်ရောက်လို့ ကားပေါ်မှဆင်းတော့မှပဲ အသက်ရှူချောင်သွားသည်။ ရင်ထဲမှာတော့ ရှိန်းတိန်းတိန်း ဖိန်းတိန်းတိန်း။

''မှာထားတဲ့စားစရာတွေ ရောက်မလာခင် ပြောကြတဲ့ စကားဝိုင်းမှာ ကျွန်မနဲ့ ကိုတင်ဝင်းဦးက နားထောင်သမားပါ။ မမသီနဲ့ ကိုဖော်မောင်မောင်တို့ နှစ်ယောက်ကတော့ စကားစဉ်စကားဆက် မပြတ်ကြဘူး။ အများဆုံး ဦးတည်ပြောနေတဲ့အကြောင်းကတော့ ရုပ်ရှင်အကြောင်းပါ။ ရုပ်ရှင်အကြောင်းက ရုပ်ရှင်ဇာတ်ကားအကြောင်း မဟုတ်ပါဘူး။ ရုပ်ရှင်ကုမ္ပဏီတွေနဲ့ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေရဲ့ အတွင်းရေးအကြောင်းတွေ အစုံပါတော့ ပိုပြီး စိတ်ဝင်စားရပါတယ်။ ကျွန်မ တစ်ခါဖူးမျှ မကြားဖူးတဲ့ အကြောင်းတွေပါ။ ဖော်မောင်မောင်က စကားပြောသွက်သလို စကားကိုလည်း သိုင်းသိုင်းဝိုင်းဝိုင်းနဲ့ နားထောင်သူ စိတ်ဝင်စားအောင် ပြောနိုင်ပါတယ်။ ရုပ်ရှင်အတွင်းရေးတွေကို သူဘာလို့ ဒီလောက်တောင် နက်နက်နှိုင်းနှိုင်း သိနိုင်၊ ပြောနိုင်တာပါလိမ့်လို့ ကျွန်မ အတွေးစဉ်ထဲမှာ လှုပ်ခတ်နေပါတယ်။ အဲဒီအချိန်အထိ ဖော်မောင်မောင် ဘာလုပ်ငန်း လုပ်တယ်ဆိုတာကို ကျွန်မ မသိရသေးပါဘူး''

တင်ဝင်းဦးရော ဖော်မောင်မောင်ပါ ခင်လေးနွယ်အပေါ် စိတ်ဝင်စားကြောင်း မျက်လုံးစကား အလွန်အကျွံ ပြောနေကြသည်။

တင်ဝင်းဦး အကြည့်က အရိုင်းကြည့်၊ ဖော်မောင်မောင်အကြည့်က အယဉ်ကြည့်။ အရိုင်းကြည့်က စူးစူးထင်ထင်၊ အယဉ်ကြည့်က မသိမသာ တိတ်တ ခိုးအကြည့်။ သိသာသည်။

တင်ဝင်းဦးက မိန်းကလေးများနှင့် ကျွမ်းဝင်မှု အားနည်းဟန်ရှိသည်။ ဖော်မောင်မောင်က အတွေ့အကြုံများသူ၊ အရင့်သမား။

တင်ဝင်းဦးကငွေထုတ်ပြီး တကာခံဖို့ ကြိုးစားသည်။ ဖော်မောင်မောင်ကခွင့်မပြု။ သူကိုင်လာသည့် အိတ်ချိုကေ့စ်ထဲက ငွေစက္ကူအထပ်လိုက် ထုတ်၍ ရှင်းပေးလိုက်သည်။

ခင်လေးနွယ်တို့နှစ်ယောက်ကို ဗိုလ်ချုပ်ဈေးသို့ ပြန်ပို့ပေးပြီး လူချင်းခွဲလိုက်ကြသည်။ နှစ်လိုဖွယ်ရာ အပြုံးကိုယ်စီနှင့်။

နောက်ထပ် တွေ့ဆုံဖို့ အသံမပါဘဲ အကြည့်နှင့် ချိန်းဆိုသွားသူမှာ ဖော်မောင်မောင်။

တင်ဝင်းဦးနှင့် ဖော်မောင်မောင်တို့နှစ်ယောက်ကို ယှဉ်ကြည့်လိုက်သောအခါ တင်ဝင်းဦးက မချောဘက်သို့ ပို၍ အလေးသာသည်လို့ ဆို



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ သို့တစေ ဆွဲဆောင်မှုအား မပြည့်ထင်။

ဇော်မောင်မောင်ရုပ်က တင်ဝင်းဦးလို မပြေပြစ်သော်လည်း ယောကျ်ားပီသရိုင်း လွှမ်းထင်နေရုံမက ဆွဲဆောင်မှုအား ရာနှုန်းပြည့်ရှိသည်။

မိန်းကလေးတို့ အလွယ်တကူ ကျလောက်သည့် ရုပ်လက္ခဏာ ထင်းထင်းလင်းလင်းရှိဘိ၏ဟု ဆိုရမည်။

တင်ဝင်းဦးက အရုပ်အနေတော်၊ အသားအရေမှာ ဝင်းစိုဖြူစင်သည်။ နှာပြည့်ပြည့်၊ နှာတံစင်းစင်း၊ မျက်ခုံးကောင်းကောင်း။ ပါးလွှာသည့်နှုတ်ခမ်းမှာ စိုစို့ရွှမ်းရွှမ်း၊ မျက်လုံးကြည်လင်သော်လည်း အရည်မလည်။ မျက်လုံးသေသည်။ ငြိမ်သည်။

လှချောဟု ဆိုနိုင်သော်လည်း ယောကျ်ားချော ချောသည်ဟု မဆိုသာ။ မလျှာစိတ်ပေါက်သည့် လှချောအရိပ်အဆင် ထင်သည်။ ပါးမို့မို့လေးက မိန်းမပါးမို့ပုံလို။

ဇော်မောင်မောင်က အသားညို ပေမယ့် ပြာပြာခြောက်ခြောက် မညို။ အလင်းရောင်သန်းသည့် အညိုမျိုး ညိုသည်။ မိန်းမဆို ဖြူမှ၊ ယောကျ်ားဆို ညိုမှ။

မိန်းမအသားဖြူလျှင် ရုပ်ဆောင်သည် ဆိုသော်လည်း ယောကျ်ားဆို အသားညိုမှ ယောကျ်ားပီသသည့် ရုပ်သွင် ပို၍ပေါ်သည်။ အရပ်မြင့်မြင့်၊ ကိုယ်လုံးဖွံ့ဖွံ့၊ ဖြောင့်ဖြောင့်စောင့်တောင့် ကိုယ်လုံးမျိုး။

နှုတ်ခမ်းအနေအထားမှာ ထူထဲပြည့်ဝန်းသည်။ မျက်လုံးအနေအထားနှင့် မျက်လုံးအကြည့်မှာ အားပါလွန်းသည်။ ဆွဲဆောင်ရိပ်ပြည့်ထင်သည်။

အပြုံးလှသည်။ သူ့အပြုံးက နှစ်လိုဖွယ်ရာအပြုံး။

နှစ်လိုဖွယ်ရာရှိအောင် ဖန်တီးယူထားသည့် အပြုံးမျိုးမဟုတ်။ နဂိုအရှိ အပြုံးကိုက နှစ်လိုဖွယ်ရာအပြုံး။

"အိမ်ထောင်ရှိပြီး သားသမီးတွေ တစ်ပုံတစ်မနဲ့ ယောကျ်ားတွေတောင် စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးကိုတွေ့လိုက်ရင် ကိုယ့်ဘာကိုယ်မေ့ပြီး ပတ်ဝန်းကျင်ကို ဂရုမပြုမိတော့ဘဲ အလှရိပ်နောက်ကို မျက်လုံးတန်းတန်းစွဲလိုက်သလို ကျွန်မတို့မိန်းမသားတွေဟာလည်း စိတ်ဝင်စားစရာကောင်းတဲ့ နှစ်လိုဖွယ်ရာရှိတဲ့ ယောကျ်ားနဲ့ တွေ့တဲ့ အခါ ရင်ထဲမှာ တစ်မျိုးသော ဝေဒနာလှိုင်းဂယက် ခတ်သွားစမြဲ ရှိပါတယ်။ ကိုယ်ကြိုက်တဲ့ ဇာတ်မင်းသား၊ တို့ ရုပ်ရှင်မင်းသားတို့ စတီရီယိုအဆိုတော်တို့နဲ့တွေ့ရင် ကလေ့ခြေတို့၊ သိက္ခာတို့၊ မျိုးဂုဏ် ဆွေဂုဏ်တို့ မထိန်းနိုင်ကြဘူးလေ။ ဒါတောင် တစ်ယောက်ချင်း တွေ့တာမဟုတ်ဘူးနော်။ လူအများကြားထဲမှာကို ဆတ်ဆတ်ကဲကဲ ထွန့်ထွန့်လူးလူး ဖြစ်ကြတာ။ ကျွန်မတို့လို ငယ်ရွယ်သူတွေကိုထားတော့၊ ရွယ်လွန်ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော်တွေလည်း ဆယ်ကျော်သက်တွေနဲ့ နင်လား ငါလားပါပဲ။ ကျွန်မ ဇော်မောင်မောင်ကို စိတ်ဝင်စားခဲ့တာက လူကို စိတ်ဝင်စားတာထက် သူပြောတဲ့ ရုပ်ရှင်လောက အကြောင်းကိုပါ။ ဒါ . . . ကျွန်မ ကိုယ့်ကိုယ်ကို ကာကွယ်ပြီးပြောတာမဟုတ်ပါဘူး။ သူ့အပေါ် စိတ်ဝင်စားတာလည်း ပါပါတယ်"

ထောင်မှူးလေး ဦးတင့်လွင်က ခင်လေးနွယ် ပြောတာကို သ ာကျလွန်းလို့ ခေါင်းတညိတ်ညိတ် ဖြစ်နေသည်။

သူကိုယ်တိုင်ပင်လျှင် ချစ်ရလွန်းသည့် ဇနီးချောကို ဘေးမှာထားပြီး မျက်လုံးကစား၍ တစ်ပါးသော မိန်းကလေးများအပေါ် စိတ်ဝင်စားမိသည့် အကြိမ်ပေါင်း မနည်းတော့ပြီ။ မရေတွက်နိုင်အောင်ရှိခဲ့ပြီ။ ချစ်ဇနီးအေးလည်း ထို့အတူ ရှိကောင်း ရှိပါလိမ့်မည်။

အိမ်အပြန် ချစ်ဇနီးအေးကို ပြောပြတော့ အေးလည်း တွေတွေဝေဝေ ငေးငေးမောမော ရှိသွားသည်။

ဓမ္မတာနှင့် သဘာဝသဘောကို လွန်ဆန်ခြင်းငှာ မတတ်သာ။ ဒါမျိုး မဖြစ်ဖူးပါ၊ မခံစားဖူးပါဟု ငြင်းဆိုခဲ့လျှင် မုသာဝါဒကံကို ကျူးလွန်ခြင်းမှ တစ်ပါး အခြားမရှိနိုင်ဟု ဆိုရပါမည်။

ကိုယ့်ကိုယ်ကို မလိမ်တတ်သူတိုင်း ဝန်ခံရပါလိမ့်မည်။

သို့ကလို စိတ်မျိုးဖြစ်ပေါ်ဖူးသော်လည်း စိတ်နောက်ကိုယ်ပါ မလုပ်မိအောင် ထိန်းနိုင်ခြင်းနှင့် အသိတရားနှင့် စိတ်ပိုင်းကို ထိန်းကွပ်နိုင်လို့သာ ကမောက်ကမ မဖြစ်ကြသည်ပါ။

ကမောက်ကမ ဖြစ်ကုန်ကြသူများမှာ စိတ်ပိုင်းကို မထိန်းနိုင်ကြလို့။

* * *

ဇော်မောင်မောင်တို့နှင့် ကရဝိက်မှအပြန် လှူချင်းခွဲပြီးကတည်းက ဇော်မောင်မောင်အကြောင်း သိချင်သည့်စိတ်ကို မနည်းကြီးအောင့်အည်းမျိုသိပ်ထားရသည်။

ဇော်မောင်မောင် အကြောင်းဆို



www.burmeseclassic.com

www.burmeseclassic.com

တာက ဖော်မောင်မောင်နှင့် ရုပ်ရှင်လောက ဘယ်လိုများ ဆက်နွယ်ပတ်သက်နေပါလိမ့်ဟု သိချင်သည့်ဆန္ဒ လှုပ်လှုပ်ခတ်ခတ် ဖြစ်နေရခြင်းပါ။

မမသီကိုမေးချင်သည်မှာ ပါးစပ်တယားယား၊ လျှာတရွရွ ရှိနေသော်လည်း မမသီ တစ်မျိုးတစ်မည် ထင်သွားမည်ကို စိုးရွံ့ပြီး မေးချင်လျက် မမေးရဲဘဲ မမသီ စကားအစကို စိတ်ကသိကအောက်နှင့် စောင့်နေရသည်။ သို့တစေ မမသီက စကားမစ။

ဝယ်ခြမ်းပြီးလို့ အိမ်ပြန်ရောက်လာသည်အထိ မမသီပြောသမျှစကားထဲမှာ ဖော်ဖော်မောင်တို့အကြောင်း မပါ။

မမသီအပေါ် အခြောက်တိုက်ဒေါပွနေမိသည်။ မကျေမနပ်ဖြစ်နေမိသည်။ မေးမိလုလုဖြစ်ရသည်မှာ အခါခါ။ ဒါပေမယ့် မမေးဖြစ်။ စိတ်ထဲမှာတော့ ခိုးလိုးခုလု။

ပြောလိမ့်မည်လို့ မထင်သည့် အချိန်ကျမှ ပြောလာသည်။

စိတ်လိုလက်ရရှိသည့် နေ့များတွင် မမသီက ကလေးသုံးယောက်နှင့်အတူ သူ့ကိုပါခေါ်ပြီး ပန်းခြံထဲ သွားထိုင်တတ်သည်။

ရုံးပိတ်ရက်နှင့် ဆုံသည့်အခါ ဦးအေးမြင့်လည်း ပါလာတတ်သည်။

အဲဒီနေ့ကတော့ ရုံးပိတ်ရက် မဟုတ်ဘဲ ဦးအေးမြင့်ပါ ပါလာသည်။

ဦးအေးမြင့် ပါလာသည့်အခါ သူတို့နှစ်ယောက် အေးအေးဆေးဆေး ဂနာငြိမ်ငြိမ် စကားပြောရသည်။

ဦးအေးမြင့်မပါရင် ကလေးသုံးယောက်ကို ကြည့်ရ၊ ထိန်းရသည်က တစ်ဖက်မို့ ထိုင်သည့်နေရာကို ကျောက်ချထားလို့မရ၊ အေးအေးလူလူ စကားမပြောရ။

ခု ... ကလေးသုံးယောက်နှင့် ဦးအေးမြင့်က တစ်နေရာ၊ သူတို့နှစ်ယောက်က တစ်နေရာ။

သူတို့နှစ်ယောက် ပြောဆိုနေသည့် စကားဆက်ထဲသို့ ဖော်မောင်မောင်တို့အကြောင်း ပါလာသည်မှာ ကရဝိက်ရေခဲမုန့်ကို အကြောင်းပြု၍။

ကရဝိက်ဖွင့်စက ရေခဲမုန့်အလွန်ကောင်းသည့်အကြောင်း၊ မနက်ပိုင်းက စားခဲ့ရသည့် ရေခဲမုန့်မှာ ဖွင့်စရေခဲမုန့်လောက် အဆင့်မမီသည့်အကြောင်း ပြောရင်းက ဖော်မောင်မောင်တို့အကြောင်း ပါလာသည်။

"နွယ့်ကို မောင်မောင့်အကြောင်းတောင် မပြောရသေးဘူး"

သည်သို့ စကားစလိုက်သည်နှင့် ခင်လေးနွယ်ရင်ထဲမှာ လှုပ်ခတ်သွားသည်။

သို့တစေ မျက်နှာအမူအရာကတော့ စိတ်ဝင်စားဟန်မပြ။ ပြောလို့သာ နားထောင်လိုက်ရသည့် ပုံစံမျိုး။ ရင်ထဲက တစ်မျိုး၊ မျက်နှာအမူအရာက တစ်မျိုး။

ဒါက မိန်းမသားတို့၏ အထာသဘော။ မိန်းမသားတို့ မွေးရာပါ အတတ်ပညာ။

* * *

**(တစ်ဆယ့်တစ်)**

ဖော်မောင်မောင် မိဘတွေက ချမ်းသာသည်။ မိဘတွေက ဘိုးဘွားလက်ငုတ်လုပ်ငန်း ဆက်ခံလုပ်ကိုင်ကြသော်လည်း ဖော်မောင်မောင်က မိဘများလုပ်ကိုင်နေသည့် ဆီစက်နှင့် ဆီအရောင်းအဝယ်လုပ်ငန်းကို စိတ်မဝင်စား။

ဆီစက်နှင့် ဆီအရောင်းအဝယ်လုပ်ငန်းမှာ လေ့ကြီးထိုးရိုးရိုး လုပ်ငန်းဖြစ်သည့်အပြင် ဆက်ဆံမှု အသိုင်းအဝိုင်း နယ်ပယ်တန်း မမြင့်၊ ကျဉ်းမြောင်းသည်ဟု အထင်ရောက်သည်။

ဖော်မောင်မောင်တို့လို ခေတ်လူငယ်များက မြေပဲနှင့် နှမ်းစိုက်တောင်သူများအပေါ် အထင်မကြီးသလို ဆီအရောင်းအဝယ်လုပ်ငန်းနှင့် သက်မွေးဝမ်းကျောင်း ပြုနေသူကိုလည်း သမားရိုးကျရှေးသည်လိုပဲ မြင်ကြသည်။

အဆင့်အတန်း နိမ့်ကျသည်ဟူသော အမြင်မှာ သူတို့၏ ဦးနှောက်အသိတွင် စွဲထင်နေသည်။ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ အညာသား ဆီသည်ဆိုသည့်နာမည်ကို အခေါ်ကို မခံချင်။

ဘိုးဘွားမိဘစဉ်ဆက် အရောင်းအဝယ်လုပ်ငန်းနှင့် ချမ်းသာလာပြီး သူတို့ဆီကြောင့် လူတစ်လုံး သူတစ်လုံး အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်သည်ကို မေ့ပစ်ဖျောက်ပစ်ချင်ကြသည်။

သူတို့မှာ မောင်နှမသုံးယောက်ရှိသည်။ သူက အကြီးဆုံး ယောက်ျားလေး။ မိဘတွေက လက်ငုတ်လက်ရင်းလုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်စေလိုကြသည်။ ဆီအရောင်းအဝယ် လုပ်ငန်း၏ အမြတ်အစွန်းကို တွက်ပြကြသည်။ ဆီမပါရင် ဟင်းမဖြစ်။ ဆီကို ရေချိုး၊ ဆေးရိုးမီးလှုံဆိုသော ပမာစကား ရှိသည်။

မြန်မာလူမျိုးတို့ ကြိုက်နှစ်သက်သည့် မုန့်ပဲသရေစာကအစ ဆီနှင့် မတွဲစပ်လို့မရ။

ဘယ်တော့မှ မတိမ်ကောနိုင်

www.burmeseclassic.com

သည့် လုပ်ငန်း၊ ကျိန်းသေပေါက် အမြတ်အစွန်းကျန်သည့် လုပ်ငန်းကိုသာ အကြီးဆုံးက ဆက်ခံလုပ်ကိုင်စေချင်ကြသည်။

ဇော်မောင်မောင်က လုံးဝ စိတ်မဝင်စား။ ဘယ်လိုမှ နားချလို့မရ။

နောက်ဆုံး မိဘများက သူလုပ်ချင်သည့် လုပ်ငန်းအတွက် ရင်းနှီးငွေ ထုတ်ပေးလိုက်ရသည်။

ဇော်မောင်မောင်က ပညာမချွန်။ အပေါင်းအသင်းပဲ ချွန်သည်။ ဒါကြောင့်လည်း ဆယ်တန်းမအောင်။ တစ်ခုတော့ရှိသည်။ သူက အပေါင်းအသင်းများနှင့် ကြုံရင် ကြုံသလို အနည်းအပါး သောက်တတ်စားတတ်သည်ကလွဲလို့ သူ့မှာ လေလွင့်ပျက်စီး လူငယ်စရိုက်မျိုး မရှိ။

ပေါ့ပေါ့နေ၊ ပေါ့ပေါ့သုံးဖြုန်းပြီး အပျော်အပါးနှင့် သာယာယှဉ်တွဲဆက်စပ်နေလိုသည့် စိတ်ထားမျိုးမရှိ။

ချမ်းသာသော မျိုးနွယ်ဆက် လူငယ်တို့ လျှောက်မှားလေ့ရှိသည့် လမ်းကြောင်းအမှားကြီးပေါ်သို့ ခြေမချမိအောင် ထိန်းသိမ်းနိုင်စွမ်းရှိသည်။

သူလုပ်ချင်သည်က လူအထင်ကြီးပြီး အထက်တန်းလွှာလောကနှင့် ဝင်ဆံ့၍ လူငယ်ဘာဝ ပျော်ပျော်ပါးပါး လှုပ်ရှားရသည့် အလုပ်မျိုး။

မည်သို့ပင်ရှိစေ။ အလုပ်လုပ်ချင်သည့် စိတ်ဓာတ်၊ မိဘငွေကို ဒိုင်ခံသုံးဖြုန်းနေမည့်အစား ငွေပွားခတ်အောင် လုပ်ချင်သည့် စိတ်ဓာတ်မျိုး ရှိသည်မှာတော့ ချီးကျူးစရာ။

ဇော်မောင်မောင် လုပ်ချင်သည့် အလုပ်က ရင်ရှုပ်ရသည့် ရုပ်ရှင်လုပ်ငန်း။ အဖေနှင့်အမေက လုံးဝသဘောမတူ။ သားဖြစ်သူက ငယ်သေးသည်။

ရှုပ်ပွေမှုပေါင်းစုရာ လောကမှာ ရုပ်ရှင်လောက။ ပျက်စီးစရာလမ်းကြောင်းတွေ အမြွာမြွာအစိတ်စိတ် ဖွာလျာကြနေသည်မှာ ရုပ်ရှင်လောက။ သည်လောကထဲသို့ သူတို့သားကို မဝင်စေချင်။ ဇော်မောင်မောင်ကလည်း ဒါဆိုမှဒါ။

မိဘနှင့်သားသမီးကြားမှာ လိပ်ခဲတည်းလည်း ဖြစ်ပြီးသည့်နောက် ဇော်မောင်မောင် ရန်ကုန်ကို ထွက်လာခဲ့သည်။

မခင်သီ ပြောလာသမျှကို နားထောင်ရသည့် ခင်လေးနွယ်မှာ တအံ့တသြဖြစ်နေသည်။

ဒီလောက် အသေးစိတ် သိနေရအောင် မမသီနှင့် ဇော်မောင်မောင်တို့ ဘယ်လိုဆက်နွယ်ပြီး ဘယ်လောက်ရင်းနှီးလို့ သည်လိုသိနေပါလိမ့်ဟု။

"မမသီက ဇော်မောင်မောင် အကြောင်း တော်တော်ကို အသေးစိတ်သိတာပဲနော်"

ရှေ့ဆက်ရမည့် စကားပိုတွေကို ဆက်ရမှာ မကောင်းတတ်သမို့ သည်နော်မျှနှင့် ရပ်လိုက်သည်ပါ။

"နွယ်က အံ့သြသွားတယ်ထင်တယ်"

မခင်သီကလည်း မိန်းမပါပဲပဲဟာ။ ပါးစပ်ဟာရုံနဲ့ အူခွေတွေကို လှမ်းမြင်လိုက်သပေါ့။

"မောင်မောင်တို့အဒေါ် ဆွေဆွေလှဲ့နဲ့ မမသီတို့ သိပ်ခင်ကြတာ။ ကြီးပေါင်းဖြစ်ပေမယ့်လို့ ငယ်ပေါင်းလိုပဲ ခင်ကြတယ်လေ။ မောင်မောင် မန္တလေးကထွက်လာတော့ လှဲ့တို့အိမ်မှာပဲနေတာ။ နောက်တော့ မောင်မောင်နဲ့ပါ ရင်းနှီးပြီး မောင်မောင့်အကြောင်းတွေကို လှဲ့ကပဲ ပြောပြတာ"

သည်တော့မှ ဩော် …ဒါကြောင့်ကိုးလို့ တိတ်တခိုး မှတ်ချက်ချလိုက်ရသည်။

ဇော်မောင်မောင် ရန်ကုန်ကို ထွက်လာခဲ့သည်မှာ ဘာရယ်မဟုတ်။ မိဘကို နွဲ့ဆိုးဆိုးပြီး ဆန္ဒပြသည့်သဘော။

ဇော်မောင်မောင် ရန်ကုန်ကို ထွက်လာပြီး ဆယ်ရက်ပင် မကြာ။ ဇော်မောင်မောင်တို့ အမေ ရန်ကုန်ကို ဆင်းလိုက်လာရသည်။

ဇော်မောင်မောင်က ဘွားအေ အချစ်ဆုံးမြေး။ သက်ရှိထင်ရှား အတူနေ ဘွားအေက ဇော်မောင်မောင် အဖေရဲ့ အမေ။ ဇော်မောင်မောင် အိမ်မှာရှိမရှိကို ဘွားအေဖြစ်သူက ချက်ချင်းသိသည်။

သူက အဘွားကို မနက်အိပ်ရာထ တစ်ကြိမ်၊ ညအိပ်ရာဝင်တစ်ကြိမ် နေ့စဉ်ကန်တော့ရိုးအစဉ်အလာရှိသည်။ သုံးရက်မြောက်နေ့တွင် ဘွားအေဖြစ်သူက သူ့မြေး ဘယ်သွားနေသည်ကို အမေးရှိလာသည်။ အဖေက ကိစ္စတစ်ခုရှိ၍ ရန်ကုန်ကို လွှတ်လိုက်ကြောင်း ပြောသည်ကို ဘွားအေက လက်မခံ။

ရှေးလူကြီးပေမယ့် ချက်ဆို နားခွက်က မီးတောက်ပြီးသား။ တစ်အိမ်သားလုံး မျက်နှာမကောင်း ဖြစ်နေသည်ကို အကဲဖမ်းပြီး လေကြောရှည်ပါလေတော့သည်။

မြေးအတွက် သားကိုရော ချွေးမကိုပါ ရန်လုပ်လာသည်။ သူ့မြေး ရန်ကုန်သွားသည်မှာ အလုပ်ကိစ္စနှင့် ရိုးရိုးသွားခြင်းမဖြစ်နိုင်ဟု စွဲချက်တင်



www.burmeseclassic.com

www.burmeseclassic.com

လာသည်။

သားဖြစ်သူထက် ချွေးမဖြစ်သူကို အဖြစ်မှန် ပြောရမည်ဟု အကျပ်ကိုင်လာသည်။

လင်မယားနှစ်ယောက် ခေါင်းချင်းရိုက်ရပြီ။ အိမ်မှာ ဘွားအေဩဇာထက်မြက်တုန်း။ ဖော်မောင်မောင်အဖေကိုယ်တိုင်က အမေ့ကို မလွန်ဆန်ရဲ။ အမေပြောသမျှ ခေါင်းညိတ်ရသူ။ အမေက အသက်ခုနစ်ဆယ်ကျော်။ ဖော်မောင်မောင်တို့အဖေက ငါးဆယ်ကျော်။ ဒါပေမယ့် အမေ့ရှေ့ရောက်ရင် ကလေးငယ်တစ်ယောက်ပမာသို့ ပြောဆိုနေရသည်။

ဆီစက်ကိစ္စ၊ ဆီအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်သမျှကို ခုထက်ထိတိုင်ပင်ရတုန်း။ အကြံဉာဏ်ယူရတုန်းရှိနေဆဲ။ နှစ်ပေါင်းငါးဆယ်နီးပါးအတွေ့အကြုံကို ပယ်လို့မရစကောင်း။

နောက်ဆုံးတွင် ဖော်မောင်မောင်ရန်ကုန်ထွက်သွားသည့်အကြောင်း ဖြစ်ရပ်အမှန်ကို အဘွားကြီးအား ဖွင့်ပြောလိုက်ရ၏။

ဒေါသူပုန်ထပြီး သားနှင့်ချွေးမကို ဆူလိုက်ပူလိုက်သည်မှာ ရစရာမရှိ။ သူ့မြေးကို ချက်ချင်းပြန်ခေါ်ရမည်။ သူ့ပိုင် စိန်တွေရောင်းပြီး မြေးဖြစ်သူ လုပ်ချင်တာ လုပ်ပစေဟု တစ်ချက်လွှတ်အမိန့် ချလိုက်သည်။

"အဲဒီကစပြီး မောင်မောင်ဟာ အထက်မြန်မာပြည် ရုပ်ရှင်ဖြန့်ချိရေး အလုပ်ကို စလုပ်ခဲ့တာပဲ နွယ်ရဲ့။ မောင်မောင် ကြိုးစားတာလည်းပါတယ်။ ကံလိုက်တာလည်း ပါမယ်ပေါ့ကွယ်။ မောင်မောင်တို့ထက် လုပ်ငန်းစောလုပ်တဲ့ လူတွေထက်တောင် အောင်မြင်ခဲ့တယ်လေ။ ခုတော့ ဇာတ်ကား တော်တော်များများဟာ မောင်မောင်မလိုချင်မှ တခြားလူတွေရတဲ့ အခြေအနေထိအောင် ရောက်နေပြီ။ ဒါကြောင့်လည်း မောင်မောင်က ရုပ်ရှင်လောကအကြောင်းကို အပ်ကျတာကအစ သိနေတာပေါ့။ ဝင်ငွေစံချိန်တင်တဲ့ မြန်မာဇာတ်ကားတွေဆို မောင်မောင်လက်ထဲမှာချည်းပဲ"

"ဖော်မောင်မောင်က အိမ်ထောင်နဲ့လား မမသီ"

"မိုးကုတ်က သူဌေးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးတယ်။ ဒါပေမယ့် အဆင်မပြေကြလို့ အတည့်အလင်းကြေညာပြီး ကွာရှင်းပြတ်စဲလိုက်ကြတယ်။ ခုတော့ လူလွတ်ပေါ့ကွယ်"

* * *

"မမသီ အဲဒီလိုပြောပြတော့ ကျွန်မလည်း ဖော်မောင်မောင်ကို စိတ်ဝင်စားသွားပါတယ်။ ကျွန်မ စိတ်ဝင်စားတယ်ဆိုတာက ဟိုလို သည်လို စိတ်မျိုးနဲ့ စိတ်ဝင်စားတာ မဟုတ်ပါဘူး။ ကျွန်မက ရုပ်ရှင်ကိုကြည့်ဖို့တောင် ဝါသနာပါတာမဟုတ်ပါဘူး။ ပိတ်ကားပေါ်မှာ ကိုယ့်ရုပ်ကို ပြန်မြင်ချင်တာမျိုး ဝါသနာပါတာပါ။ မမသီပြောတဲ့အတိုင်းဆိုရင်တော့ ကျွန်မ အကြိမ်ကြိမ်အခါခါ စိတ်ကူးယဉ်ခဲ့ရတဲ့ ဆန္ဒဟာ ဖော်မောင်မောင်နဲ့ ဆက်နွယ်လိုက်ရင် ပြည့်ဝသွားလိမ့်မယ်လို့ မျှော်လင့်ယုံကြည်လိုက်မိပါတယ်။ ဒါပေမယ့် သည်အကြောင်း မမသီကိုမပြောခဲ့ပါဘူး။ ကိုဝင်းနဲ့ ကျွန်မတို့ရဲ့ အိမ်ထောင်ရေး ဖရိုဖရဲဖြစ်ဖို့စခဲ့တာဟာ အဲဒီတုန်းကလို့ ဆိုရမှာပါပဲ"

တစ်နေ့။

"ကျွန်မတို့ ကရဝိက်မှာ တွေ့ကြပြီးတဲ့ သုံးရက်မြောက်နေ့ပေါ့။ ဖော်မောင်မောင် မမသီတို့အိမ်ကို ရောက်လာပါတယ်။ သူ့အဖော် မပါပါဘူး။ သူတစ်ယောက်တည်းပါ။ ကျွန်မကလည်း မမသီတို့အခန်းမှာပဲ ရှိနေပါတယ်။ သူက သူ့ရဲ့နှစ်လိုဖွယ်ရာ ရွှင်မြူးတဲ့အပြုံးနဲ့ တရင်းတနှီးကြီး နှုတ်ဆက်ပါတယ်။ သူရောက်လာတုန်းက ညှိုခန်းမှာ ကျွန်မနဲ့ ကလေးသုံးယောက်ပဲရှိပါတယ်။ မမသီက အခန်းတွင်းမှာ ရေချိုးဖြီးလိမ်းနေတုန်းပါ။ ကျွန်မကပဲ ဧည့်ထောက်ခံပြီး စကားပြောနေရတာပေါ့။ ဆယ်မိနစ်လောက်ကြာမှ မမသီ ထွက်လာပါတယ်။

"မမသီက မောင်မောင်ပြန်သွားပြီတောင် မှတ်နေတာ။ ခုတလော လုံ့တို့အိမ်တောင် မရောက်ဘူးလေ။ လုံ့ကော နေကောင်းရဲ့လား"

"ကောင်းပါတယ် မမသီ၊ အန်တီလုံ့လဲ ခုတလော အိမ်မြဲနေတယ်"

"အလုပ်ဖြစ်နေပြီထင်တယ်။ ဒါကြောင့် လုံ့ အိမ်မြဲနေတာ ဖြစ်မှာပေါ့"

"မဖြစ်ဘူး မမသီရဲ၊ သားတွေ၊ သမီးတွေရဲ့ ကျူရှင်ဗိုင်းက အိမ်မှာလေ။ သူတို့အတွက် အိမ်မြဲနေရတာ အန်တီလုံ့ကလည်း မမသီပြောသလို ပြောတာပဲ"

"ဆိုစမ်းပါဦး"

"သီသီတစ်ယောက်လည်း မလာဘူးတဲ့။ အိမ်မှာပဲ အလုပ်ဖြစ်နေလို့လား မသိဘူးတဲ့"

"ဘယ်မှာမှ အလုပ်မဖြစ်ဘူး မောင်မောင်ရေ။ ခုတလော စီမံချက်နဲ့

www.burmeseclassic.com

အဖမ်းအဆီးတွေ များနေလို့ ငြိမ်နေရတယ်။ မောင်မောင်ရော ဘယ်တော့ ပြန်မလဲ"

"ကျွန်တော် တစ်ပတ်လောက် ကြာဦးမယ် မမသီ။ ကျွန်တော်ဝယ်ထားတဲ့ ကားတစ်ကား သန်ဘက်ခါ ထရှိုင်ရှိုးပြမယ်။ ကားက တော်တော်လေး ကောင်းတယ်။ မင်းသမီး၊ မင်းသားအားလည်း အပြည့်ပဲ။ အကယ်ဒမီ သုံးယောက်ပါတယ်။ ပြီးတော့ ဒီကားရဲ့ သုံးပုံနှစ်ပုံကို ကျွန်တော်ကိုယ်တိုင်ရိုက်တာ။ မန္တလေးနဲ့ မေမြို့ ရိုက်ကွင်းတွေအတွက် အထက်ကို တက်လာတုန်း ဒါရိုက်တာ တိုက်ဖျိုက်ဖြစ်တာနဲ့ သူနဲ့ကျွန်တော်နဲ့ တိုင်ပင်ညှိနှိုင်းပြီး ရိုက်လိုက်ရတာ။ ထရှိုင်ရှိုးပြတဲ့နေ့ကျရင် အန်တီလှဲ့နဲ့ မမသီတို့ လာကြည့်ပြီး ကျွန်တော့်လက်ရာကို ဝေဖန်မှတ်ချက်ပေးဖို့ လာဖိတ်တာပါ။ သည်က မနွယ်လည်း လိုက်ခဲ့ပေါ့။ ကျွန်တော်ကားလွှတ်လိုက်မယ်"

"အလဲ့ ... တို့မောင်က ဘယ်ဆိုးလို့တုန်း။ ဒါရိုက်တာတောင်ဖြစ်နေပြီပဲ။ နောက်ပိုင်းကျရင် ကုမ္ပဏီရှာပြီး ကိုယ်တိုင်ကားရိုက်တော့မယ်ပေါ့။ တို့မောင်ရိုက်တဲ့ ကားကျမှပဲ မမသီတို့လည်း ရုပ်ရှင်ထဲ ပါရလိမ့်မယ်ထင်တယ်"

"မမတို့နှစ်ယောက်စလုံးပေါ့။ တကယ်ပါမယ်ဆိုရင် ကျွန်တော့်က တကယ်ထည့်ရိုက်မှာနော်"

"အမလေး ... မလုပ်လိုက်ပါနဲ့ တို့မောင်ရယ်။ အုတ်ခဲတွေ ပုံလာလို့ တိုက်တွေဘာတွေ ဆောက်နေရပါဦးမယ်"

"မမသီ ရုပ်ရှင်ရိုက်ရင် မြင့်မြင့်ဒွေးကြီးလို နာမည်ကြီးလာမှာ သေချာပါတယ် မမသီရာ"

ဘေးနား ထိုင်နားထောင်နေသည့် ခင်လေးနွယ် ရင်ထဲမှာတော့ ကျလိကျလိ။ မုန့်ဆီကြော်နှင့် နှုတ်ခမ်းနာ ဆိုသလို။

ဒါပေသိ ခင်လေးနွယ်က မမသီရဲ့ ဖော်မောင်မောင်တို့ ပြောဆိုနေကြသည်ကို ဂရုထစိုက် နားထောင်ဟန်မပြဘဲ ကလေးငယ်နှင့် ကစားရင်း နားစွင့်ပြီး နားထောင်နေခဲ့သည်။

ဟန်ကိုယ့်ဖို့ ဆိုစကားရှိသား မဟုတ်လား။

မမသီတို့ နှစ်ယောက်စလုံးပေါ့ လို့ ဆိုလိုက်သည့် စကားက သူ့ရင်ကို သဲ့သဲ့ကလေး လှုပ်ခတ်သွားစေပါသည်။

အဲဒီနေ့ညက စိတ်ကူးယဉ်အိပ်မက်တွေ တစ်ထွေးတစ်ပိုက်ကြီးနှင့်။

* * *

ထရှိုင်ရှိုးခေါ် အစမ်းပြသည့်နေ့ည။

ရုပ်မိုင်စတူဒီယိုခြံတစ်ခြံထဲမှာ။ လူမများ။ အားလုံးပေါင်းမှ အယောက်နှစ်ဆယ်လောက်ပဲရှိမည်။ ဇာတ်ကားထဲတွင်ပါသည့် အကယ်ဒမီ မင်းသား၊ မင်းသမီးတွေ လာလိမ့်မည်ထင်သော်လည်း မလာ။

ကုမ္ပဏီပိုင်ရှင် အသိုင်းအဝိုင်း၊ ဒါရိုက်တာမိသားစုနှင့် မြို့ပါတီ ကန်ထရိုက်နှင့် သူတို့ပဲ ရှိကြသည်။

"ပထမ နေရာယူကြတုန်းက ကျွန်မတို့သုံးယောက်ဘေးမှာ ဘယ်သူမှမရှိပါဘူး။ ဖော်မောင်မောင်က ကျွန်မတို့ကုလားထိုင်တန်း ရှေ့က ကုလားထိုင်တန်းမှာ ဒါရိုက်တာ ဦး---နဲ့ အတူထိုင်နေပါတယ်။ မမသီနဲ့ ဒေါ်ဆွေဆွေလှဲ့တို့နှစ်ယောက်က ဘေးချင်းယှဉ် ထိုင်နေကြတာမို့ ကျွန်မက မမသီဘေးမှာ ထိုင်ရပါတယ်။ ကျွန်မတို့ထိုင်ရတဲ့ ကုလားထိုင်က လက်တန်းပါတဲ့ ကုလားထိုင်ပါ"

ရုပ်ရှင်ကို စိတ်ဝင်စားနေသောကြောင့် ခင်လေးနွယ်မှာ ဖော်မောင်မောင် သူ့ဘေးသို့ ဘယ်အချိန်ရောက်လာသည်ကိုပင် မသိလိုက်။

"ကျွန်မသတိထားမိတော့ လက်တန်းပေါ်တင်ထားတဲ့ ကျွန်မလက်ပေါ်ကို ဖော်မောင်မောင်ရဲ့ ညာလက်အုပ်မိုးပြီး ခပ်ဖွဖွလေး ကိုင်ထားတယ်လေ။ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး ကျွန်မလက်ကို ရုပ်သိမ်းဖို့ လှုပ်ရှားလိုက်တော့မှ သူက ဆောရီးမနွယ်လို့ တိုးတိုးကလေးပြောပြီး သူ့လက်ကို ရုပ်သိမ်းလိုက်ပါတယ်။ ကျွန်မတို့အကြည့်ချင်း ဆုံသွားပေမယ့်လို့ ကျွန်မတို့ရဲ့ အကြည့်က ဘယ်လိုအဓိပ္ပာယ်ဆောင်တယ်ဆိုတာကို ပြောလို့မရပါဘူး။ ရုပ်ရှင်ပြနေတုန်းဆိုတော့ အလင်းရောင်က အားနည်းနေတာကိုး။ ဒီလိုနဲ့ပဲ စိတ်ဝင်စားစရာကောင်းတဲ့ ရုပ်ရှင်လည်း ပြီးသွားပါတယ်။ ရုပ်ရှင်ပြီးသွားအချိန်က အစောကြီးပါ။ ရုပ်ရှင်ဇာတ်ကားနဲ့ပတ်သက်လို့ ကျွန်မတို့ သုံးယောက်စလုံးရဲ့ သဘောထင်မြင်ချက်ကို မေးပါတယ်။ ကျွန်မက ကောင်းပါတယ်ဆိုတာလောက်ကလွဲလို့ မပြောတတ်ပါဘူး။ မမသီကတော့ ထုံးစံအတိုင်း ထင်မြင်ချက်နဲ့ ဝေဖန်ချက်ကို တအားကြီးပြောပြီး ဖော်မောင်မောင်ကို အားပါးတရ ချီးကျူးလိုက်ပါတယ်"

အဲဒီပွဲက အပြန် ဖော်မောင်မောင်နှင့် ခင်လေးနွယ်တို့ တစ်ယောက်

www.burmeseclassic.com

နှင့်တစ်ယောက် ဝှံ့ဝှံ့ရဲရဲ ပြောရဲဆိုရဲ ကြည့်ရဲသည်အထိ ရင်းနှီးခဲ့ကြသည်။

သူတို့နှစ်ယောက်အကြားမှာ တိတ်တခိုး အကြည့်တွေ၊ ပဟေဠိ အပြုံးတွေ၊ သွယ်သွယ်ဝိုက်ဝိုက်အပြော တွေ၊ ဟိုနှယ်သည်နှယ် ဟန်ဆောင်မှု တွေ မရှိတော့ပြီ။

မခင်သီနှင့် ဖော်မောင်မောင်တို့၏ ရင်းနှီးမှု အတိုင်းအတာလောက် အထိဟု မဆိုနိုင်သော်လည်း နီးပါး လောက်ဟု ဆိုနိုင်ရာသို့ ရှိခဲ့ပါချေ၏။

ထိုရင်းနှီးမှုအကြောင်းကို အခြေခံ၍ ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် အကောင်းဘက်သို့ မျက်နှာမူလေမည်လား။ အဆိုးဘက်သို့ မျက်နှာမူလေမည်လား ဆိုသည်ကိုမူ ...။

* * *

ခင်လေးနွယ် ပြောပြနေသည့် ဇာတ်လမ်းမှာ မဆုံးသေး။ ခုမှ ဇာတ်လမ်းအလယ်ပဲ ရှိသေးသည်။

ဇာတ်ရှိန်မှာ တက်စပြုလာပြီ။

ဆက်ပြောမည့် ဇာတ်ကြောင်းမှာမှ စိတ်ဝင်စားစရာ ဇာတ်လမ်းဆက်ပါလာလိမ့်မည်။

သို့တစေ ... ထောင်မှူးလေး ဦးတင့်လွင်မှာ နားမထောင်အား၊ ခုတလော အရမ်းအလုပ်ရှုပ်နေသည်။

သည့်ရက်ပိုင်းအတွင်း အချုပ်သစ်တွေ အဆက်မပြတ် ရောက်လာသလို၊ မိန်းမအကျဉ်းသူများထဲမှ ရဲဘက်စခန်းပို့ရမည့် အကျဉ်းသူရွေးချယ်ရေးကိစ္စကိုလည်း သတ်မှတ်ရက်အတွင်း ပြီးအောင်လုပ်နေရသည်။

မိန်းမအချုပ်ဆောင်နှင့် မိန်းမထောင်ကျဆောင်မှာ ဝင်းတစ်ဝင်းတည်းမဟုတ်။ တခြားစီ။ ဟိုဘက်ကူးလိုက်၊ သည်ဘက်ကူးလိုက် ထောင်မှူးကြီးရုံးခွန်းပြေးလိုက်နှင့် မောကြောဆိုက်နေသည်။

မိန်းမအချုပ်သမများ ထားသည့် အချုပ်ထောင်မှာ ဝင်းတစ်ဝင်း။

နှစ်ထပ်အဆောက်အအုံတစ်ခုနှင့် တစ်ထပ်အဆောက်အအုံ တစ်ခု ရှိသည်။ နှစ်ထပ်တိုက် အဆောက်အအုံမှာ ရောက်လာသမျှသော မိန်းမအချုပ်သမများကိုထားသည့်အဆောင်။ အဆောင်စဉ်အလိုက် တပ်ထားသည့် နံပါတ်စဉ်အရ အဆောင်(ဂ)ဟု အခေါ်အဝေါ်ပြုသည်။ နှစ်ထပ်အဆောင်နှင့် သရက်ပင်ကြီးများ ခြားလျက်ရှိနေသည့် အဆောင်မှာ သွပ်မိုး၊ ပျဉ်ကာ အဆောင်။ အထူးအဆောင်ဟု သတ်မှတ်အခေါ်အဝေါ်ပြုသည်။

အက်(ဖ)အာစီ အမှုသမားများ အချုပ်သမားပေါင်းစုံနှင့် ရောနှော မထားရန်သတ်မှတ်ထားသည့် အချုပ်သမများ၊ သီးသန့်ထားရမည့် အမှုသည်များကို ထားသည့်အဆောင်။

အထူးအဆောင်တွင် အချုပ်သမ နည်းသည့်ပြင် နေထိုင်သူများ ကိုယ်တိုင် အဆင့်အတန်း ရှိသည့် အလျောက် သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ရှိသည်။

အချုပ်ဆောင်ကြီးမှာမူ ထိုသို့မဟုတ်။ ရောက်လာသူတွေက လူပေါင်းစုံ။ အပြင်မှာ ကိုယ့်အဆင့်အတန်းနှင့်ကိုယ် သပ်သပ်ရပ်ရပ် သန့်သန့်ပြန့်ပြန့်နေခဲ့သူတွေ ပါသလို ပြီးကပစ် နေထိုင်ကျင့်ရှိသူများလည်း ပါကြသည်။

မိန်းမနှင့် မတူအောင် အနေအထိုင်ပက်စက်သူများလည်း ရှိကြရာ အဆောင်တစ်ခုလုံးခြုံကြည့်လျှင် သန့်ရှင်းသပ်ရပ်သည်ဟု မဆိုနိုင်။ အနံ့အသက်ကအစ သီးသန့်ဆောင်နှင့် မတူ။ အနေအထိုင်ပက်စက်သူများ မှာ ညဘက်ဆို ပိုတောင်ဆိုးသေးသည်။

မိန်းမတို့ကြွေ ရွှေပေးမရဆိုသည်မှာ အပြင်စကား။ ထောင်ထဲမှာ ထိုပမာစကား၏ အဓိပ္ပာယ်ကို ဘယ်သို့မှ ဖော်ဆောင်လို့မရ။

အနေအထိုင် သိပ်သည်းကျစ်လျစ်မှ မိန်းမပီသသည်ဟု ဆိုလျှင် ထောင်ထဲမှာ မိန်းမပီသသူဦးရေကို လက်ချိုးရေတွက်ရပေလိမ့်မည်။

ထောင်မှူးလေးဦးတင့်လွင် မိန်းမဆောင်ကိုင်တော့မှ ပစ်စလက်ခတ် အနေအထိုင်များကို အမျိုးသမီးထောင်ကြပ်ဒေါ်စောတင်မှ တစ်ဆင့် ကြပ်ကြပ်မတ်မတ် ကိုင်တွယ်ရသည်။

အမျိုးသမီးထောင်မှူးတွေ ကိုင်တွယ်တုန်းက စည်းကမ်းစနစ်မကျလို့လား၊ မရှိလို့လားဟု မေးခဲ့သော် မဟုတ်ပါဟု ဖြေရပါမည်။

သို့တစေ ... မိန်းမသားချင်းဆိုတော့ အနေအထိုင် အမြင်မတော်ရာကိုများ ရေးကြီးခွင်ကျယ် မလုပ်။ မျက်စိမလွှဲသော်မှ ကြည့်လို့ဖြစ်သည်မို့ တော်ရုံတန်ရုံလောက်ကို မျက်နှာလွှဲထားကြသည်ပါ။

ဦးတင့်လွင်က အချုပ်ဆောင်ကြီးတွင် မထိုင်။ မနက်ပိုင်း အဆောင်သန့်ရှင်းရေးကို ကြည့်ရှုစစ်ဆေးဖို့အတွက် တစ်ကြိမ်ပဲ မှန်မှန်ရောက်သည်။

ရုံးထွက်နှင့် တခြားကိစ္စရှိရင် ခဏတစ်ဖြုတ်ဆိုသလို ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အခြားအချိန်များတွင် သွားလာဝင်ထွက်လေ့ မရှိ။ သူရုံးထိုင်သည်က အထူးဆောင်မှာ။ အထူးဆောင်တွင် သူ့အတွက် စားပွဲကုလားထိုင်နှင့် သီးသန့်နေရာ ရှိသည်။

မိန်းမထောင် အချုပ်ဆောင်ကို လူသစ်ရောက်လာတိုင်း ထိုလူသစ် အချုပ်သမမှာ နောက်တစ်နေ့မနက်တွင် ရေကန်ထဲသို့ ရေ ၁၄ ထမ်း ဖြည့်ထည့်ရသည်။ မည်သူမဆို ရောက်ရောက်ချင်း မလုပ်မနေရသည့်အလုပ်။ ထောင်အကြောင်းနှင့် ထောင်အထာသဘောကို ပြစမ်းလိုက်ခြင်းဟု ဆိုရပါမည်။

နောက်မှ ဘောက်ဆင်းအလုပ်ချသည်။ ဘောက်ဆင်းဆိုသည့်စကားအသုံးအနှုန်းမှာ မည်သည့်စကားကို အခြေခံပြီး မည်သို့မည်ပုံ အဓိပ္ပာယ်ဖော်ဆောင်၍သုံးနှုန်းသည်ကို အရင်းအမြစ်ဖော်မရသေး။

အထွေထွေ အလုပ်လုပ်ရခြင်းကို ဘောက်ဆင်းဟူသော စကားရပ်ဖြင့် ပြောင်းလဲအသုံးပြုခြင်း ဖြစ်ပါလိမ့်မည်။ အဆောင်တွင်း သန့်ရှင်းရေး၊ ရေကန်မိလ္လာသန့်ရှင်းရေး၊ သောက်ရေအိုး ဆေးကြောရေဖြည့်၊ အဆောင်ဝန်းကျင်သန့်ရှင်းရေး စသည့် လုပ်ငန်းများကို ဘောက်ဆင်းအမည်တပ်၍ လုပ်ကိုင်ကြရသည်။

တန်းစီးနှင့် အမျိုးသမီးထောင်ကြပ်တို့က အလုပ်ချထားပေးသည်ကို ဗျူဟာတရှိအောင် ထောင်မှူးလေးက ကြီးကြပ်၍ စီမံခန့်ခွဲပေးရသည်။

အလုပ်ချထားရေးကိစ္စနှင့် ပတ်သက်၍ လျှာတိုသလောက် စကားကြွယ်ပိုးသည့် အမျိုးသမီးအုပ်စုကြားတွင် မကြာခဏ ပြဿနာပေါ်တက်သည်မို့ ထောင်မှူးကလေးကိုယ်တိုင်ဝင်ရသည်ပါ။

ထောင်မှူးလေး ဦးတင့်လွင်မှာ အချုပ်ဆောင်ကိစ္စပြီးလျှင် ထောင်ကျဆောင်ဘက်သို့ ကူးရပြန်သည်။

အမျိုးသမီးအချုပ်ဆောင်နှင့် ထောင်ကျဆောင်မှာ အလယ်ကြောလမ်း၏ တစ်ဖက်တစ်ချက်တွင် သီးခြားဝင်း၊ သီးခြားအဆောင်ဖြင့် တစ်ကန့်စီ တည်ရှိသည်။

အမျိုးသမီး ထောင်ကျဆောင်ကို အဆောင်(၆)ဟု သတ်မှတ်ခေါ်တွင်စေသည်။ အဆောင် (၁) (၂)မှာ ယောကျ်ားအချုပ်ဆောင်။ အဆောင် (၃)မှာ အထူးဆောင် (သီးသန့်ခွဲခြားချုပ်နှောင်ရမည့် အချုပ်သမများကိုထားသည့်အဆောင်)။ အဆောင် (၄) (၅)မှာ ထောင်ကျဆောင်၊ အဆောင် (၆)မှာ မိန်းမထောင်ကျဆောင်။

ထောင်တိုင်းတွင် အချုပ်နှင့် ထောင်ကျကို အတူတူ တစ်ဆောင်တည်း ပူးတွဲထားလေ့ မရှိ။ မိန်းမဆောင်တွင်လည်း ထို့အတူ။

ယောကျ်ားထောင်တွင် ထောင်ထဲရောက်ပြီးနောက် ထောင်စည်းကမ်းဥပဒေကို ချိုးဖောက်သည့် အကျဉ်းသား အချုပ်သားများ၊ ဆိုးသွမ်းသူများ၊ အကျဉ်းသားအချင်းချင်း ကိုယ်ထိလက်ရောက် ကျူးလွန်သူများကို သီးခြားခွဲထားသည့် တိုက်တန်းများနှင့် ကြိုးတိုက်ရှိသလို မိန်းမထောင်မှာလည်း တိုက်ရှိသည်။

ကြိုးတိုက်ဟူ၍တော့ သီးခြားမရှိပါ။ အမျိုးသမီး ကြိုးကျတရားခံ ရှိခဲ့သည်။ စည်းကမ်းဖောက်ဖျက်သူအကျဉ်းသူနှင့် အချုပ်သမ‌များကို ထားဖို့ သီးခြားတိုက်သဘော ဆောက်ထားခြင်း ဖြစ်သည်။ အမျိုးသမီးကြိုးတရားခံရှိသည့်အခါတွင်လည်း ထိုတိုက်တွင်ပင်ထားသည်။

မိန်းမထောင် ထောင်ကျဆောင်ဝင်းထဲမှာ အတွင်းတောင်ယာရှိသည်။

အပြစ်ကျပြီး အကျဉ်းသူများထဲမှ တောင်ယာဘုတ်တွင် အလုပ်ကျသည့် အကျဉ်းသူများမှာ အတွင်းတောင်ယာဘုတ်တွင် အလုပ်လုပ်ရသည်။ အလုပ်ကြီးဘက်သို့ အလုပ်ဆင်းရသည်။ အချုပ်သမဘဝတွင် ဘောက်ဆင်း အလုပ်လုပ်ရသော်လည်း ပင်ပင်ပန်းပန်း လုပ်ရသည်ဟု မဆိုသာ။

အကျဉ်းသူဘဝ ရောက်ပြီဆိုလျှင်တော့ အလုပ်ကို အလုပ်နှင့်တူအောင် လုပ်ရသည်။ ထိုမှတစ်ဆင့် ရဲဘက်စခန်း ရောက်ပြီဆိုလျှင်တော့ မသက်သာ။

ကြမ်းကြမ်းတမ်းတမ်း ဒုက္ခပေနာပေ နေခဲ့သူများပင် တော်ပါတော့ နောက်တစ်ခါဟု မြည်တမ်းရလောက်အောင်ပင်ပန်းသည်။ ကျောက်တောင်ကြီးကို မြင်လိုက်တိုင်း စိတ်ဓာတ်တဖွားဖွားကျရစမြဲ။

ယောကျ်ားရင့်မာကြီးများတောင် အမယ်လေး တရသည့် ကျောက်ထုအလုပ်ကို ယောကျ်ားများနှင့် တန်းတူလုပ်ရပြီဆိုတော့လည်း ...။

အမျိုးသမီး ထောင်ကျဆောင်မှာ ရဲဘက်စခန်းအတွက် လူရွေးပြီဆိုလျှင် အရွေးခံစာရင်းထဲ ပါသူတိုင်း မျက်ရည်လည်ရွဲ ငိုပွဲဆင်ရစမြဲရှိချေ၏။

အရွေးခံရသူများ မျက်ရည်လည်



www.burmeseclassic.com

www.burmeseclassic.com

ရွဲ ငိုပွဲဆင်ရသလို ရွေးချယ်ရသူများမှာလည်း ရင်နင့်အောင် စိတ်မကောင်းကြီး ဖြစ်ရသည်။ အဲဒီလိုနေ့မျိုးတွင် ချစ်ဇနီးက ချစ်လင်အကြိုက် ဟင်းလျာများကို ဖွယ်ဖွယ်ရာရာ စားချင်စဖွယ်ရှိအောင် ထမင်းပွဲကို ပြင်ဆင်ပေးစေကာမူ လျှာအရသာမတွေ့၊ စားလို့မမြိန် ဖြစ်ရစမြဲရှိ၏။

ထောင်မှူးလေး ဦးတင့်လွင်တို့မှာ ထောင်မှူးဆိုသည့် နာမဝိသေသန အမည်ကို ခံယူထားရပေမယ့် ရှေးခေတ် ပါးကွက်အာဏာသားကြီးများလို စိတ်ကြမ်းကိုယ်ကြမ်းရှိသည့် လူသွမ်းလူရမ်းကြီးများမဟုတ်။

ရက်စက်ရာတွင် ကမ်းကုန်အောင် လက်လွတ်စပယ် ရက်စက်တတ်သူများလည်း မဟုတ်။ ဘယ်သူသေသေ ငတေမာပြီးရော သဘောထားမျိုး သူတို့ရင်မှာ မကိန်းအောင်း။ ခက်ထန်မာကျောသည့် နှလုံးသားပိုင်ရှင် မဟုတ်။ မွေးဖွားနှလုံးသား နူးပျော့သူ လူသားအများစုထဲက လူသားများသာ ဖြစ်ကြ၏။

ထောင်ထဲတွင် သူတို့နေ့စဉ် ထိတွေ့ဆက်ဆံနေရသည့် မတစ်ရာသားအများစုမှာ အကျင့်မကောင်းသည့်အလျောက် အနေအထိုင် စည်းကမ်းကလနားမရှိ။ အပြောအဆို ရိုင်းစိုင်းကြမ်းတမ်းသူများဖြစ်ကြ၏။

သူတို့ကို အုပ်ချုပ်ရသည်မှာ သွဲ့ပျောင်းနွဲ့နှောင်းလို့ မရ။ လူမှုရေးရှုထောင့်ကိုချည်း တစ်ဖက်သတ်ကြည့်လို့ မရ။ စည်းကမ်းကို ဖောင်းပေးရသည့်အလျောက် အကြိမ်းအမောင်း၊ အအော်အငေါက် ပါလာရပြီ။ တစ်ခါတစ်ရံ အဆဲအဆို၊ အထုအထောင်းများလည်း လုပ်ရသည်။

တာဝန်ပိုင်းအရလုပ်ရပေမယ့် စိတ်မကောင်း။ တာဝန်ပိုင်းအရ တာဝန်ကျေပွန်အောင်မလုပ်ရင် ပြဿနာက ကိုယ့်ပေါ် ရစ်ထွေးပတ်ချည်လာလိမ့်မည်။

အမှုထမ်းကောင်းတစ်ယောက်၏ အရည်အချင်းမပြည့်ဝဟု သတ်မှတ်ခံရငချင် ဘဝရှေ့ရေးတက်လမ်းကို ထိခိုက်လာလိမ့်မည်။ သည်လိုတော့ အဖြစ်မခံနိုင်။

ထောင်မှူးဖြစ်လာပြီး ခြောက်လလောက်အထိ အသားမကျသေး။ လူမှုရေးရှုထောင့်နှင့် တာဝန်ပိုင်းကို ပြတ်ပြတ်သားသား မခွဲခြားနိုင်သေး။

ထို့နောက်ပိုင်းကျမှပဲ အသားကျလာသည်။ တာဝန်ပိုင်းနှင့် လူမှုရေးရှုထောင့်ကို ပိုင်းပိုင်းပြတ်ပြတ် စည်းခြားလာနိုင်သည်။ ထောင်တံခါးကြီးအတွင်းကို ဖြတ်ကျော်ဝင်လိုက်သည်နှင့် မိမိ၏နှုဂိုစရိုက်ကို မေ့ပျောက်ပစ်လိုက်ရသည်။

ရဲဘက်စခန်းသို့ လိုက်ပါရမည့် စာရင်းဝင်သူများက ခြေထောက်ဖက်လုမတတ် မျက်ရည်စက်လက်နှင့် အသနားခံသည်များကို ရင်နင့်စွာ မျက်နှာလွှဲလိုက်ရသည်။ ဒါတင်လားဆိုတော့ မဟုတ်သေး။

နည်းလမ်းအသွယ်သွယ်နှင့် ချဉ်းကပ်လာသည့် နားလည်မှုအပေးအယူကိစ္စများကိုလည်း ရှောင်ရတိမ်းရသေးသည်။ သာမန်ကြည့်ပေးရှုပေးပါ ဆိုပြီး အဝတ်အထည်အစ၊ စားစရာအစ အပေးအကမ်းရှိလာသည်မှာအကြောင်းမဟုတ်။ ဘာလုပ်ပေးရင် ဘာပေးပါမည်ဟု အပေးအယူ စကားဆိုလာသည်မျိုးကျတော့ ပြတ်ပြတ်သားသား ပြောဆိုရ၊ ခေါင်းခါရသည်။

အပေးအယူကိစ္စကို ခေါင်းညိတ်လွယ်ရင် ကိုယ်ကိုယ်တိုင်လည်း ထောင်ထဲ ဝင်ရမည်။

ဘဝပျက်ဝက်ဘာမှာ ထွက်လမ်းမရှိ။ ပိတ်မိလိမ့်မည်။ ထောင်မှူးအလုပ်ဆိုတာက ထောင်အုတ်ရိုးပေါ် လျှမ်းလျှောက်နေရသည်သို့နှယ် ...။ အကျ မတော်ရင် အတွင်းဘက်ကို ရောက်သွားလိမ့်မည်။

ဦးတင့်လွင်မှာ ပုထုဇဉ်လူသား။ ရသည်ကို လိုချင်ပါသည်။ မလိုချင်သောစိတ်မရှိပါဟု စကားအရာဖြင့် အကြွားပိုတတ်သူ မဟုတ်ပါ။

သို့တစေ တစ်ခဏစားရမည့် လျှာမြက်ထမင်းလုတ်နှင့် ထာဝရစားရမည့် စားရိုးစားစဉ် ထမင်းလုတ်ကို ပိုင်ပိုင်နိုင်နိုင် စည်းခြားပြီး ငါးစာနှင့်အတူ ခိုင်ခိုင်မြဲမြဲ တွဲစပ်စမြဲရှိသည့် ငါးများချိတ်ကို ပြတ်ပြတ်ထင်ထင် မြင်ပြီးသား။ အစားမတော် တစ်လုတ်ဆိုသည့် ပမာစကားကို မျက်ကွယ်မပြုသာ။

ရဲဘက်စခန်းလိုက်ရမည့် အကျဉ်းသူများကိုစွတွင် အစားမတော်တစ်လုတ်နှင့် ခလုတ်မတိုက်မိအောင် ရှောင်ရတိမ်းရသည်မှာ မလွယ်။

သည်ကိစ္စကြီး ပြီးသွားတော့မှပဲ ခေါင်းအေးအေးဖြင့်, ပုံမှန်အလုပ်ပြန်လုပ်နိုင်ပြီမို့ ခင်လေးနွယ်၏ဇာတ်လမ်းကို ပြန်ဆက်ဖို့ မီးစိမ်းပြလိုက်ပေတော့၏။


(ရှေ့လဆက်ရန်)

**ကျော်မြသန်း**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရေနတ်မင်း၏ သမီးတော်

## (၄)

မနသသကျော်ဝင်း
(အမျိုးသားစာပေဆုရ)

(ယခင်လမှအဆက်)

ကျွန်တော်သည် မာရီယာကို ခပ်တင်းတင်း ဖက်ထားမိ၏။ ထူးခြားသည်ကား သူမကလည်း ကျွန်တော့်ကို ခပ်တင်းတင်း ပြန်၍ဖက်ထားခြင်းပင် ဖြစ်၏။ သူမ၏ အသက်ရှူသံက ပြင်းထန်သည်။ ကျွန်တော်ကတော့ ရင်ခုန်နေ၏။ မိနစ်ပိုင်းအတွင်းမှာပင် သူမသည် ကျွန်တော့်ကိုတွန်းဖယ်ကာ ရုန်းထွက်ပြီး မလှမ်းမကမ်းတွင် သွားရပ်နေ၏။ ထိုအချိန်၌ လူသံများကို ကြားလိုက်ရသည်။ ရှုံ့နှံ့အိုင်တွင် ရေချိုးပြီး ကျန်ရစ်ခဲ့သူတို့က ကျွန်တော်တို့နောက်သို့ လိုက်လာခဲ့ကြခြင်း ဖြစ်ပေမည်။ မကြာမီ ရှေ့ဆုံးမှ ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်လာသူ အွန်ဝဲ့(စ်)ကို တွေ့မြင်ရသည်။ သူ့နောက်မှ မိုက်တီးနှင့် ရွာသားအချို့ လိုက်ပါလာကြ၏။ အွန်ဝဲ့(စ်)က ကျွန်တော့်ကို ပြုံးပြရင်း ဟာဒ်ဗီန်းဘာသာဖြင့် တစ်စုံတစ်ရာ ပြောလိုက်၏။

"ကိုကို ဒီမှာရေချိုးရတာ အဆင်ပြေသလားလို့ ဘကြီးက မေးတာပါ"

မာရီယာက ဘာသာပြန်ပေးခြင်းဖြစ်၏။

"ရေခဲတွင်းသာ ဒီဒေသမှာရှိရင်တော့ သိပ်ကောင်းမှာပဲ။ အဲဒီရေခဲတွင်းထဲ ဝင်ချိုးရရင် ပိုပြီးဇိမ်ကျလိမ့်မယ်ထင်တယ်"

ကျွန်တော်ပြောသည့်စကားကို မာရီယာက ဟာဒ်ဗီန်းဘာသာဖြင့် ပြန်ဆိုပြောကြားလိုက်ရာ သူတို့အားလုံး ဟက်ဟက်ပက်ပက် ရယ်မောကြလေ၏။

ဟာဒ်ဇာတို့၏ ထူးခြားသောဓလေ့တစ်ခုသည်ကား လင်ယောကျ်ားများသည် သူတို့၏ ဇနီးမယားတွေ ရေမချိုးလေ အကြိုက်တွေ့လေဖြစ်ကြခြင်းပင်။ ဘာ့ကြောင့်ဆိုသည်ကိုတော့ သူတို့က ကျွန်တော့်ကို ရှင်းမပြခဲ့ကြချေ။

### လကွယ်နေ့ည ထိုအခါ

လကွယ်နေ့ညမျိုးတွင် ဟာဒ်ဇာတို့သည် ကပွဲကျင်းပလေ့ရှိကြ၏။ မိန်းမအုပ်စုနှင့် ယောကျ်ားအုပ်စု ဟူ၍ ခွဲလိုက်သည်။ မိန်းမတွေက သီချင်းဆိုပေးသည်။ အဓိပ္ပာယ်နားမလည်သော်လည်း နားထောင်၍တော့ အကောင်းသားဟု ကျွန်တော်အကဲဖြတ်မိ၏။ ယောကျ်ားတွေက ငှက်မွေးငှက်တောင်တို့ဖြင့် အလှဆင်ထားသော ဦးထုပ်ကိုဆောင်းပြီး ခြေထောက်တွင် ခြူကလေးများတပ်ဆင်၍ တစ်ဦးချင်းစီ ထွက်ကကြရသည်။ မိန်းမတွေ သီချင်းတစ်ပိုဒ်ဆိုနေစဉ် ကမည့်ယောကျ်ားက သူ့ခြေထောက်တစ်ဖက်ကို မြှောက်ထားရပြီး သီချင်းဆုံးလျှင် ထိုခြေထောက်ကို ဆောင့်၍ချရ၏။ သူ့အလှည့်ပြီးဆုံးလျှင် ထိုသူ အိပ်ရာဝင်နိုင်ပြီဖြစ်၏။ နောက်ထပ် ယောကျ်ားတစ်ယောက် ဆက်၍ကက၏။

မာရီယာသည် ကျွန်တော်နှင့် ယှဉ်တွဲ၍ထိုင်ကာ ကပွဲကို ရှုစားရင်း ရှင်းပြသင့်သည်များကို ရှင်းပြလျက်ရှိ၏။ ကျွန်တော်သည် ဟာဒ်ဇာတို့၏ ကပွဲကို စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် စိတ်လှုပ်ရှားစရာမြင်ကွင်းတစ်ခုကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။ "မာတိုင်ယို" ဆိုသူ ယောကျ်ားကလေးတစ်ယောက်နှင့် မိန်းကလေးတစ်ယောက် ချုံပုတ်တစ်ခုထဲသို့ တိတ်တခိုး တိုးဝင်ပျောက်ကွယ်သွားကြခြင်းပင် ဖြစ်သည်။ ထိုမြင်ကွင်းကို မျက်စိတစ်ဆုံး လှမ်း၍ကြည့်နေမိစဉ် -

"လကွယ်နေ့ညဟာ ဟာဒ်ဇာလူမျိုးတွေအဖို့ ကပွဲကျင်းပဖို့သာမက ဆယ်ကျော်သက်တွေအတွက်လည်း

www.burmeseclassic.com

တိတ်တခိုး ချစ်တင်းနှောကြဖို့ အခွင့်သာတဲ့ညမျိုးလည်း ဖြစ်တယ်"

မာရီယာက တိုးညင်းသော လေသံဖြင့် ကျွန်တော့်ကို ရှင်းပြနေခြင်းဖြစ်၏။ ကျွန်တော်သည် ရုတ်တရက် စိတ်ရိုင်းဝင်လာကာ သူမ၏ ညာဘက်လက်ဖဝါးလေးကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်မိ၏။ မာရီယာက ကျွန်တော့်လက်ကို တံတောင်ဖြင့် မသိမသာ လှမ်းတွက်လိုက်ပြီး သူ့လက်ဝါးလေးကို ရုန်းကန်ဖယ်ရှားလိုက်၏။ ကျွန်တော်က တုန်ယင်သော လေသံဖြင့် -

"မာရီယာရယ်…ဒီလိုအခွင့်သာတဲ့ လကွယ်ညမျိုးမှာ ကိုကိုဟာ ညီမလေးနဲ့ လွတ်လွတ်လပ်လပ် တွေ့ချင်လိုက်တာကွယ်။ တွေ့ခွင့်ရနိုင်မလားကွယ်"

တိုးတိုးလေး မေးလိုက်မိ၏။ သူမက ကျွန်တော့်ကို ခပ်စိမ်းစိမ်းပြန်၍ကြည့်ရင်း -

"ကိုကို ညီမလေးကို လူ့လောကကြီးထဲကနေ မြန်မြန်ထွက်ခွာသွားစေချင်လို့ပြီထင်တယ်။ ညီမလေးရဲ့ ဘဝဖြစ်စဉ်အမှန်ကို အရင်းခံအတိုင်း ကိုကို့ကို ပြောပြခဲ့ပြီးပြီ။ ညီမလေး ကိုယ့်ကိုယ်ကို မပိုင်ဘူး။ ခမည်းတော် နေနတ်မင်းကြီးကပဲ ပိုင်ဆိုင်တယ်။ ဒီကနေ့လူသားတစ်ယောက်နဲ့ ချစ်ကြိုးသွယ်မိတယ်ဆိုရင် - ဒီကနေ့တစ်ရက်တာမကုန်ဆုံးခင်မှာပဲ ဘဝနိဂုံးချုပ်ရတော့မှာ။ ကိုကိုဟာ ညီမလေးအတွက် ဘဝမှာ စိတ်ဝင်စားစရာ အကောင်းဆုံးယောက်ျားတစ်ယောက်ပါ။ ကိုကိုနဲ့စတွေ့တဲ့အချိန်ကစပြီး ညီမလေး ရင်ခုန်မိခဲ့ရပါတယ်။ အမှန်အတိုင်း ဝန်ခံတာပါ။ ညီမလေးလည်း အခုဘဝမှာ လူသားတစ်ယောက်အဖြစ် အသက်ရှင်နေရပါတယ်။ ချစ်တတ်၊ မုန်းတတ်တဲ့ အသည်းနှလုံးလည်း ညီမလေးရဲ့ရင်ထဲမှာ ရှိနေပါတယ်။ ဒါပေမဲ့ ရင်ထဲမှာခံစားနေရတဲ့ ချစ်စိတ်နဲ့ နှလုံးသားဝေဒနာကို နှုတ်ကနေ ထုတ်ဟပြီး ပြောခွင့်မရတဲ့ဘဝမျိုးပါ ကိုကို"

"နေ့လယ်တုန်းက ရေချိုးတဲ့ ရေကြည်ကန်နားမှာ အမှတ်မထင် ကိုကို့ရဲ့ရင်ခွင်ထဲကို ရောက်သွားခဲ့ရတုန်းက အသိလက်လွတ် ဖြစ်သွားရတော့မလို့ပဲ။ ဝင်လာတဲ့ စိတ်ဆင်ရိုင်းကို အချိန်မီ မောင်းထုတ်လိုက်နိုင်လို့သာ တော်သေးတာပေါ့ ကိုကိုရယ်။ နို့မို့ရင် အခုအချိန်အထိတောင် အသက်ရှင်ခွင့် ရချင်မှ ရနိုင်တော့မှာ"

"ဒီလောက်တောင်လည်း အယူသီးပြီး အစွဲအလမ်းမကြီးပါနဲ့လား မာရီယာရယ်။ ကိုကိုတို့သင်ယူတတ်မြောက်လာခဲ့တဲ့ မနုဿဗေဒ သိပ္ပံပညာသဘောအရဆိုရင်တော့ ဒီကိစ္စတွေဟာ ယုံကြည်စွဲလမ်းမှုသက်သက်ပဲ ဖြစ်တယ်လို့ ဆိုရမှာပါ။ နေဆိုတာ အလွန်ပူပြင်းလှတဲ့ သတ္တုအစိုင်အခဲကြီးသက်သက်ပဲ ဖြစ်တယ်။ အဲဒီအစိုင်အခဲကြီးပေါ်မှာ ဘယ်လို သက်ရှိသတ္တဝါမျိုးမှ မရှိဘူး။ သက်ရှိသတ္တဝါတွေ ပေါက်ဖွားအသက်ရှင်နိုင်ဖို့လည်း လုံးဝဖြစ်နိုင်တဲ့ နေရာမျိုးမဟုတ်ဘူး။ ဒါကြောင့် နေနတ်မင်းကြီးဆိုတာ လုံးဝမရှိနိုင်သလို ညီမလေးဟာလည်း နေနတ်မင်းကြီးရဲ့ သမီးတော်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီတော့ ညီမလေး ဘာကိုမှမကြောက်နဲ့၊ မစိုးရိမ်နဲ့။ ကိုကို့ကို ရဲရဲဝံ့ဝံ့သာချစ်ပါ။ ကိုကိုနဲ့အတူ အမေရိကကို လိုက်ခဲ့ပါ။ ဟိုမှာ… မင်္ဂလာဆောင်ပြီး ကိုကိုနဲ့ ညီမလေးတို့ အကြင်လင်မယားအဖြစ်နဲ့ ရာသက်ပန် ပျော်ပျော်ရွှင်ရွှင်နေထိုင်သွားကြမယ်။ တကယ်လို့ အမေရိကမှာ ညီမလေး နေထိုင်ရတာမပျော်ပိုက်ဘူးဆိုရင် ကိုကို့ရဲ့ မွေးရပ်မြေဖြစ်တဲ့ မြန်မာပြည်ကို ပြန်ပြီးပြောင်းရွှေ့နေထိုင်ကြမယ်လေ"

ကျွန်တော်သည် မာရီယာကို စကားကုန် ပြောလိုက်မိပြီဖြစ်၏…။ တကယ်တော့ မနုဿဗေဒပညာရှင်တစ်ဦးအနေဖြင့် မိမိစောင့်ထိန်းရမည့် ကျင့်ဝတ်တစ်ခုကို ဖောက်ဖျက်လိုက်မိခြင်းပင်ဖြစ်၏။ မနုဿဗေဒပညာရှင်ဟူသည် လူ့အဖွဲ့အစည်းနှင့် လူ့ယဉ်ကျေးမှုအကြောင်းကို လေ့လာသုတေသနပြုရာ၌ မှတ်တမ်းတင်ခြင်းအလုပ်ကိုသာ ပြုလုပ်ရမည်ဖြစ်၏။ ဝေဖန်ခြင်း၊ ကဲ့ရဲ့ပြစ်တင်ခြင်း၊ ချီးမွမ်းခြင်း စသည်တို့ကို မပြုလုပ်ကြရပေ။ လူမျိုးတစ်မျိုး၏ ယုံကြည်ကိုးကွယ်မှု၊ စွဲလမ်းမှု၊ အယူသီးမှုတို့နှင့် ပတ်သက်၍လည်း ဝေဖန်ပြောဆိုခြင်း အလျဉ်းကင်းစေရမည်ဖြစ်သည်။ မိမိ မယုံကြည်ပါကလည်း စိတ်ထဲ၌သာ ထားရှိရမည်ဖြစ်၏။ မယုံကြည်ကြောင်း နှုတ်မှထုတ်ဟပြောဆိုခြင်း၊ သို့မဟုတ် စာဖြင့်ရေးသားခြင်းများ လုံးဝ မပြုအပ်ချေ။



www.burmeseclassic.com

www.burmeseclassic.com

ယခုတော့ ကျွန်တော်သည် ထို ဒဏ်ချက်တို့ဖြင့် ဗီလာပြုခဲ့မိလေပြီ။ မာရီယာက သူမသည် နေနတ်မင်းကြီး၏ သမီးဖြစ်ကြောင်း၊ လူ့ဘဝသို့ အကန့်အသတ် အချုပ်အချယ်များဖြင့် သာရောက်ရခြင်းဖြစ်ကြောင်း၊ အရေးအကြီးဆုံးသော ကန့်သတ်ချက်မှာ မည်သည့်လူသား ယောကျ်ားတစ်ဦးတစ်ယောက်နှင့်မျှ မချစ်ကြိုက်ရဟူသော ကန့်သတ်ချက်ပင်ဖြစ်၏။ ထိုကန့်သတ်ချက်ကို ဖောက်ဖျက်မိပါက ခံစားရမည့် ပြစ်ဒဏ်သည် သေဒဏ်ပင်ဖြစ်ကြောင်း သူမက ပြောပြခဲ့သည်။ ဤယုံကြည်ချက်တို့ ဖြစ်ပေါ်ခဲ့ရသည်မှာလည်း အိပ်မက်အပါအဝင် အတိတ်နိမိတ်များကြောင့်ဟု မာရီယာက ခိုင်ခိုင်မာမာ ပြောပြသည်။ သူမကိုယ်တိုင်ကလည်း လေးလေးနက်နက်ယုံကြည်ထားသည်။ ကျွန်တော်ကမူ သူမကို စွဲစွဲလမ်းလမ်း နှစ်နှစ်ကာကာ ချစ်နေမိရုံသာမက လက်ထပ်ထိမ်းမြားရန်အထိ ရည်ရွယ်ထားပြီးဖြစ်၍ ထိုစွဲလမ်းယုံကြည်မှုနှင့် အယူသည်းမှုမှန်သမျှတို့ကို အစွမ်းကုန် တိုက်ဖျက်နေခြင်း ဖြစ်၏။

“ဒီကနေ့ သိပ္ပံခေတ်ရဲ့ လူသားတွေဟာ နေလုံးကြီးပေါ်ကိုသာမရောက်ဖူးသေးတာ။ လပေါ်ကိုတော့ အကြိမ်ကြိမ် ရောက်ဖူးခဲ့ကြပြီ။ လပေါ်မှာ ဘယ်လိုသက်ရှိသတ္တဝါမျိုးမှ မရှိတဲ့အကြောင်း ရောက်ဖူးသူတွေဟာ ကမ္ဘာကို အသိပေးကြေညာခဲ့ကြပြီးပြီ။ အေးမြတဲ့ လပေါ်မှာတောင် သက်ရှိသတ္တဝါတွေ လုံးဝမရှိဘူးဆိုရင် ပူပြင်းလှတဲ့ နေလုံးကြီးပေါ်မှာတော့ ဘယ်လိုသက်ရှိသတ္တဝါမျိုးမှ မရှိမှာ သေချာပါတယ်။ ဒီတော့ ညီမလေးအနေနဲ့ ဘာကိုမှ စွဲလမ်းပြီး ကြောက်လန့်မနေပါနဲ့။ ကိုကို့ကို ယုံယုံကြည်ကြည်နဲ့ အားကိုးပါ။ ချစ်ပါ”

ကျွန်တော့်စကားတို့သည် အပ်ကြောင်းထပ်ကောင်း ထပ်နေမည်ဖြစ်သည်။ သို့ရာတွင် ကျွန်တော်ကတော့ မာရီယာတစ်ယောက် သဘောမပေါက်မချင်း ပြောပြနေမည်သာ ဖြစ်သည်။

“ညီမလေး ငယ်ငယ်ကတည်းက စွဲလမ်းယုံကြည်ခဲ့တဲ့ ကိစ္စတစ်ရပ်ကို ချက်ချင်း ဖျောက်ဖျက်ပစ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး ကိုကိုရယ်။ ပြီးတော့ အဲဒီ စွဲလမ်းယုံကြည်မှုနဲ့ ကြောက်လန့်စိုးရိမ်မှုက ညီမလေးရဲ့ အနားမှာ အရိပ်တစ်ခုလို လိုက်နေတယ်လေ။ ဒါကြောင့် ကိုကိုကသာ ညီမလေးကို နားလည်မှုရှိပြီး နောက်ဆုတ်ပေးပါရှင်”

မာရီယာ၏ အသံများက တုန်နေသည်။ သူ့မျက်လုံးအိမ်မှလည်း မျက်ရည်တွေ စီးကျနေသည်။ ကျွန်တော် သူ့ကို ထပ်ပြီး စိတ်မဆင်းရဲစေချင်တော့ပါ။ ထို့ကြောင့် ကပွဲမပြီးမီ အိပ်ချင်သည်ဆိုပြီး ပွဲခင်းထဲမှ ထလာခဲ့သည်။ မအိပ်ချင်သေးသော်လည်း အကြောင်းကြောင်းကြောင့် အိပ်ရာဝင်ရပေတော့မည်။

ဟာဒ်ဇာလူမျိုးတို့၏ အိပ်ရာဝင်ကြပုံကား ဤသို့တည်း။ အမှိုက်သရိုက်များ ရှင်းလင်းထားသော မြေတလင်းပေါ်တွင် မီးပုံကိုးပုံကို တစ်နေရာစီတွင် ခွဲ၍ပုံထားပြီး ထိုမီးပုံများကို မိသားစု အိမ်ထောင်စုအလိုက် ဝိုင်းပတ်ရံ၍ အိပ်ကြ၏။

ကျွန်တော်နှင့်အတူ အွန်ဝဲ(စ်)၏ သားကြီး ဒေါ်လာနှင့် သူ့သူငယ်ချင်း မဒူးရှတို့ လာ၍အိပ်စက်ကြ၏။ မီးပုံတစ်ပုံကို ဝိုင်းပတ်ပြီး တစ်ဦးနှင့်တစ်ဦး ခြေချင်းခေါင်းချင်းဆိုင်၍ အိပ်စက်ကြခြင်းဖြစ်သည်။ သို့ရာတွင် အလုံးအရင်းနှင့် လာရောက်ကိုက်ခဲကြသော ခြင်ကောင်များ၏ဒဏ်ကို မခံနိုင်၍ ကျွန်တော်သည် မိမိ၏ မိုးကာတဲထဲသို့ ဝင်ပြေးပြီး အိပ်စက်ခဲ့ရလေသည်။ ခြောက်သွေ့ရာသီကာလတွင် သူတို့သည် မည်သည့်တဲအိမ်မျိုးကိုမျှ မဆောက်လုပ်ကြ။ မိုးရာသီတွင်မှ မြက်ရှည်အခြောက်များဖြင့် ရက်လုပ်သော တဲမျိုးကို ဆောက်၍ မိုးခိုကြ၏။ ထိုတဲအိမ်တို့၏ ပုံသဏ္ဌာန်မှာ ငှက်သိုက်ကို ပြောင်းပြန်လှန်ထားသည့် ပုံစံမျိုးဖြစ်ပြီး တဲတစ်လုံးကို ဆောက်လုပ်ရန်အတွက် လေးနာရီမျှပင် မကြာချေ။

**ယောကျ်ား၊ မိန်းမ သူတို့ဘဝ**

ဟာဒ်ဇာတို့သည် တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးကြ၏။ စိတ်သဘောထားချင်း မတိုက်ဆိုင်လျှင် အချိန်မရွေး ကွာရှင်းနိုင်ကြ၏။ ကွာရှင်းပြီးသည့် လင်ရော မယားပါ နောက်အိမ်ထောင် ထူနိုင်ကြ၏။ အွန်ဝဲ(စ်)၏စခန်း၌ ကျွန်တော် လေ့လာအကဲခတ်မိသည်မှာ ဟာဒ်ဇာအမျိုးသမီးများသည် အမျိုးသားတွေထက် ပို၍စကားများ၏။

www.burmeseclassic.com

အာလည်းကျယ်၏။ လင်သားတွေအပေါ်တွင်လည်း ဩဇာညောင်းကြ၏။

ကိုယ်ဝန်ဆောင် အမျိုးသမီးတို့သည် ချုပ်တဲထဲတွင် ဆောင့်ကြောင့်ထိုင်ပြီး မီးဖွားလေ့ရှိကြ၏။ သူတို့မွေးဖွားသော ကလေးငယ်တို့၏ ငါးပုံတစ်ပုံခန့်သည် တစ်နှစ်အတွင်း သေဆုံးကုန်ကြ၏။ မွေးဖွားသည့် ကလေးငယ်အရေအတွက်၏ ထက်ဝက်ခန့်သည် အသက် ၁၅ နှစ်မတိုင်မီ သေဆုံးကုန်ကြ၏။ ဤအရပ်ဒေသ၌ အပူလွန်ကဲမှုကြောင့် ခန္ဓာကိုယ်အတွင်း ရေဓာတ်ခန်းခြောက်မှု ဝေဒနာနှင့် ငှက်ဖျားရောဂါဖြစ်ပွားစေသော ခြင်ပေါ်များလှသဖြင့် ငှက်ဖျားရောဂါဝေဒနာ ခံစားကြရသူတွေ များပြားလှ၏။ ကျွန်တော်သည် သူတို့ကို ကျန်းမာရေးအသိပညာပေးဟောပြောမှုများ ပြုလုပ်လို၏။ သို့ရာတွင်-သူတို့က ယင်းကိစ္စနှင့် ပတ်သက်၍ စိတ်ဝင်စားဟန် မပြကြ။ နောက်တစ်ကြောင်းကလည်း ကျွန်တော်ကိုယ်တိုင် ဆရာဝန်တစ်ဦးမဟုတ်သဖြင့် ကျန်းမာရေးပညာပေးမှုများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည် မဟုတ်ဟု ကိုယ့်ဟာကိုယ် အားငယ်မိခြင်းပင်ဖြစ်၏။

ဟာဒ်ဇာလူမျိုးတို့၏ ဘဝကို ကျွန်တော် အားကျမိသည်ကတော့ အမှန်ပင်။ ကိုယ်ပိုင်ပစ္စည်းဟူ၍ မရှိသလောက် နည်းပါးသဖြင့် ကြောင့်ကြမှုကင်းကြ၏။ လူမှုရေးဆိုင်ရာ၊ ဘာသာရေးယုံကြည်မှုဆိုင်ရာ ဝတ္တရားတွေကင်းရှင်းသဖြင့် လွတ်လပ်ကြ၏။ မည်သူကိုမျှ အခွန်အတုတ် ပေးဆောင်ရန်မလို။ ကြွေးမြီပေးဆောင်စရာ မည်သည့်ငွေတောင်းခံလွှာမျိုးမှ သူတို့ထံရောက်မလာ။ ရယူလိုသော ပစ္စည်းများအတွက် အခြားလူမျိုးများထံ သွားရောက်ပြီး ပျားရည်ဖြင့် လဲလှယ်ရရှိနိုင်ကြ၏။ ဟာဒ်ဇာတို့သည် သောကကင်းဝေးစွာဖြင့် အသက်ရှင်ရပ်တည်နေနိုင်ကြ၏။

ကျွန်တော် သူတို့နှင့် ရက်သတ္တနှစ်ပတ်ကျော်ခန့် အတူနေထိုင်ခဲ့ရာ ဒုက္ခဆင်းရဲမှုဒဏ် ခံနိုင်မှုစွမ်းရည် မြင့်မားလာ၏။ ရဲရင့်တက်ကြွမှု အနည်းငယ်ရှိလာ၏။ ရောင့်ရဲတင်းတိမ်မှု ရှိလာ၏။ ပူလောင်ခတ်မှု ကင်းဝေးပြီး တည်တည်ငြိမ်ငြိမ်ရှိလာ၏။ သူတို့နှင့် ရင်းရင်းနှီးနှီး ရောနှောနေထိုင်ခဲ့ရသည့် အချိန်ကာလများသည် ကျွန်တော့်အတွက် ပျော်စရာကောင်းလှပါ၏။ သို့ရာတွင် ကျွန်တော် သူတို့လို တစ်သက်လုံး မနေနိုင်ပါ။ သူတို့အကြောင်း သုတေသနပြုရန် ခေတ္တလာရောက် နေထိုင်ရခြင်းသည်ပင် လေ့ကျင့်ရေးစခန်းတစ်ခု၌ စခန်းဝင်ရသကဲ့သို့ ဖြစ်နေ၏။ ရောဂါတစ်စုံတစ်ခုဖြစ်လျှင်ပင် ဆေးဝါးကုသပေးနိုင်မည့် နေရာမျိုးနှင့် အလှမ်းကွာဝေးလွန်းလှ၏။ သစ်ပင်တွေပေါ်မှ အဆိပ်ပြင်းသည့် မြွေမျိုး အချိန်မရွေး ခန္ဓာကိုယ်ပေါ် ပြုတ်ကျလာပြီး မြွေအကိုက်ခံရကာ သေဆုံးနိုင်၏။ သွားရင်းလာရင်း ခြသေ့်၏ နေ့လယ်စာလည်း ဖြစ်သွားနိုင်၏။ ချုံတောတိုးရင်း ခုံးထိုးမိပြီး မျက်စိကန်းသွားနိုင်၏။ နေ့ခင်းတွင် တစ်ခါတစ်ရံ ယင်ကောင်အုပ်ကြီးများ၏ဒဏ်ကို အလူးအလဲ ခံရတတ်သလို ညဘက်တွင်လည်း အလုံးအရင်းနှင့် လာ၍ကိုက်ကြသည့် ခြင်အန္တရာယ်တို့မှာ ကြောက်မက်ဖွယ်ရာ လိလိ။

ဤဒေသ၌ နှစ်ပတ်ကျော်ခန့် နေထိုင်ပြီးချိန်၌ ပြန်လည်ထွက်ခွာသင့်ပြီဖြစ်ကြောင်း ကျွန်တော်၏ ရုပ်ခန္ဓာက သတိပေးလာသည်။ မှက်၊ ခြင်၊ ယင်နှင့် အခြားပိုးမွှားတို့၏ ကိုက်ခဲမှုဒဏ်ကြောင့် ခန္ဓာကိုယ်အနှံ့ အနာများ၊ ဒဏ်ရာဒဏ်ချက်များ ပေါ်ထွက်လာ၏။ နေလောင်သည့်ဒဏ်ကြောင့် ခန္ဓာကိုယ်အရေပြားတွေ မြင်မကောင်းလောက်အောင် အခြေအနေဆိုးလာသည်။ စားနေကျ အစားအစာများကို စားသောက်ရခြင်းမဟုတ်၍ ဝမ်းဗိုက်အောင့်လာသည်။ မောပန်းနွမ်းနယ်လာသည်။ ရောဂါဝေဒနာတစ်မျိုးမျိုး ဝင်လာတော့မည်မှာ သေချာနေပြီ။ ယခု ကျွန်တော်ဆောင်ရွက်နေသည့် လုပ်ငန်းလည်း ပြီးပြတ်သလောက်ရှိနေပြီ။ မြန်မြန်လက်စသတ်ပြီး၍ ဤနေရာဒေသမှ ထွက်ခွာသင့်ပြီဖြစ်၏။ သို့ရာတွင် ကျွန်တော်တစ်ယောက်တည်းတော့ မပြန်ချင်။ အသည်းနှင့်အောင် ချစ်နေသူ မာရီယာကိုပါ အမေရိကသို့ ခေါ်သွားချင်သည်။ တကယ်တော့ ဤကိစ္စက မလွယ်။ သူမတွင် စွဲကပ်နေသော အယူသီးစွဲလမ်းမှုကြီးက အပြင်းအထန် ခုခံလျက်ရှိနေသည်။ ကျွန်တော်က ကျိုးကြောင်းခိုင်ခိုင်လုံလုံဖြင့် ရှင်းပြခဲ့သော်



www.burmeseclassic.com

www.burmeseclassic.com

ထည်း သူမက လက်မခံ။ သူမကို လက်ထပ်ထိမ်းမြားနိုင်ဖို့ မပြောနှင့် ကျွန်တော်၏ ချစ်ရေးဆိုမှုကိုပင် လက်ခံခဲ့သည် မဟုတ်။ အသို့ပြုရပါအံ့နည်း။ တော်ဝင်ပန်းတစ်ပွင့်လို အဖိုးထိုက်တန်သည့် သူမ၏ဘဝကို သည်လိုအရပ်ဒေသမျိုး၌ ဖတ်မြုပ်သွားရမည့် အခြေအနေမျိုးကို ကျွန်တော် လုံးဝမလိုလား။ မာရီယာကို ကျွန်တော် ဆက်လက်ဖျောင်းဖျလျှင် အောင်မြင်မှု ရနိုင်ပါမည်လား။ သည်ကြားထဲတွင် ကျွန်တော် သတိထားရမည့် လူတစ်ယောက်ကို အမှတ်မထင် တွေ့မြင်လာရသည်။ ထိုသူကား မိုက်တီးပင် ဖြစ်၏။

မိုက်တီးသည် မာရီယာကိုနောက်ပိုးနေသူတစ်ယောက် ဖြစ်၏။ မာရီယာကိုယ်တိုင်ကလည်း သည်အကြောင်းကို ပြောပြဖူး၏။ သို့ရာတွင် ထူးဆန်းသည်က မာရီယာသည် ကျွန်တော့်ကို ပြောပြခဲ့သည့် သူမ၏ စွဲလမ်းယုံကြည်မှုအကြောင်း မိုက်တီးကို လုံးဝ ပြောမပြခဲ့ခြင်းပင်။ ထိုအချက်ကို ကျွန်တော်က မာရီယာထံမှ သိရှိခဲ့ရခြင်းဖြစ်၏။ သည်လိုဆိုလျှင် မိုက်တီးတစ်ယောက် မာရီယာထံမှ အချစ်ကို မျှော်လင့်နေမည်မှာ သေချာ၏။ ဒါကဲ့ ကိစ္စမရှိ။ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စသာ ဖြစ်၏။ အရေးကြီးသည်က ကျွန်တော့်ကို သူ၏ ပြိုင်ဘက်အဖြစ် သတ်မှတ်မည့်ကိစ္စပင် ဖြစ်၏။ ထိုသို့ သတ်မှတ်လိုက်လျှင် ကျွန်တော့်တွင် အန္တရာယ်ရှိလာနိုင်၏။ ရိုးရိုးအန္တရာယ်မျိုးမဟုတ်။ အသက်အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေဆိုးမျိုး ဖြစ်၏။

မိုက်တီးနှင့် ကျွန်တော်သည် ဤစခန်း၌ သုံးလေးကြိမ်မက မျက်နှာချင်းဆိုင်ခဲ့ရဖူး၏။ သို့ရာတွင် မိုက်တီးသည် ကျွန်တော့်ကို စေ့စေ့ပင်မကြည့်ခဲ့။ မျက်နှာလွှဲပစ်လိုက်သည်ချည်း ဖြစ်၏။ မလွှဲမရှောင်သာ၍ မျက်လုံးချင်းဆုံမိကြလျှင်လည်း သူ၏မျက်လုံးအစုံတို့က ရုတ်တရက် ပြူးကျယ်သွားတတ်သည်။ ဒေါသ၏ အခိုးအငွေ့တွေကို သူ့မျက်လုံးထဲ၌ တွေ့မြင်ရတတ်၏။ ဤစခန်းသို့ ကျွန်တော်ရောက်ရှိပြီး ရက်ပိုင်းအတွင်း ဘာဘွန်းမျောက်ဝံကို အမဲလိုက်ကြစဉ် ကြုံခဲ့ရသည့် အန္တရာယ်ဖြစ်ရပ်တစ်ခုကို ကျွန်တော် ယနေ့ထက်တိုင် မမေ့နိုင်။ တောလမ်းခရီးတွင် ဆူးပင်ကိုင်းကြီးတစ်ခုက အရှိန်ဖြင့် ကျွန်တော့်မျက်နှာကို လာရောက်ရိုက်ခတ်ခဲ့ခြင်းပင်ဖြစ်၏။ သို့ရာတွင် ကျွန်တော်က ရုတ်တရက် အောက်သို့ငုံ့ပြီး ဖိနပ်ကြိုးချည်လိုက်သဖြင့် ထိုဆူးပင်အကိုင်းကြီးက ကျွန်တော့်မျက်နှာနှင့် လွဲသွားခဲ့ရ၏။ သို့မဟုတ်ပါက ကျွန်တော်၏မျက်လုံးတွေ စုံကန်းသွားခဲ့မည်မှာ သေချာလှ၏။ ထိုစဉ်က ကျွန်တော်၏ရှေ့မှ သွားနေသူမှာ မိုက်တီးဖြစ်၏။ မတော်တဆ ဖြစ်ခဲ့ရခြင်းဟူ၍သာ ကျွန်တော် မှတ်ယူကာ မိုက်တီးကို မည်သို့မျှ ပြဿနာမရှာခဲ့မိပါ။

ယခုတစ်လော ကျွန်တော် သတိထားမိသည်မှာ မာရီယာနှင့်ကျွန်တော် အတူသွားလာကြသည့် လမ်းကြောင်းခရီးများ၌ မိုက်တီးက မယောင်မလည်နှင့် နောက်ယောင်ခံ၍ လိုက်ပါလာတတ်သည်ကို တွေ့ရှိရခြင်းပင်ဖြစ်၏။ ဘယ်လိုသဘော ဘာရည်ရွယ်ချက်ဖြင့် ဤသို့ပြုမူရခြင်းပေနည်း။ မာရီယာကတော့ သူ့ကို ဘာမျှဂရုစိုက်စရာမလိုဟု ဆို၏။ ကျွန်တော်ကမူ မိမိအတွက် ကျရောက်လာနိုင်မည့် အန္တရာယ်တစ်ရပ်အဖြစ် သတ်မှတ်လိုက်၏။ မိုက်တီးကို ပို၍သတိထားရတော့မည့်အချိန် ရောက်လာပြီဟု နားလည်သဘောပေါက်မိ၏။ ထို့ကြောင့် ကျွန်တော်သည် ခါတိုင်းထက်ပို၍ သတိရှိရှိ သွားလာနေထိုင်၏။

## ကျောက်ခေတ်မှာပဲ ပျော်နေမယ်

တန်ဇန်းနီးယားအစိုးရက ဟာဒ်ဇာလူမျိုးတို့ကို ခေတ်နောက်ပြန်ဆွဲနေသူများအဖြစ် မြင်၏။ မိမိတို့အစိုးရအဖွဲ့က ချမှတ်ဆောင်ရွက်လျက်ရှိသော စီးပွားရေးစီမံကိန်းလုပ်ငန်းများနှင့် ဖီလာဖြစ်နေသူများဟု ယူဆ၏။ ထို့ကြောင့် ဟာဒ်ဇာတို့ အမြင်ကျယ်လာစေရန် သူတို့၏ ကလေးငယ်များကို ခေါ်ယူပြီး မြို့ကျောင်းများတွင် ပညာသင်ယူစေ၏။ မာရီယာသည် ထိုသို့ ခေါ်ယူခြင်းခံရသူများအနက် ပထမဦးဆုံးအသုတ်တွင် ပါဝင်ခဲ့၏။ အထက်တန်းအဆင့် ရောက်သည်အထိ ပညာသင်ယူခဲ့သူဖြစ်၏။ ထို့ကြောင့်လည်း အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် . . . ဟာဒ်ဇာကလေးငယ်အတော်များများတို့ကမူ မြို့ကျောင်း၌ စာသင်နေရခြင်းသည် အချိန်ဖြုန်းတီး



www.burmeseclassic.com

www.burmeseclassic.com

မှုသက်သက်ဟုခံယူပြီး စိတ်မဝင်စားကြ။ မိမိတို့စခန်းတွင် နေထိုင်ပြီး လူကြီးတွေထံမှ အမဲလိုက်ခြင်းအတတ်ကို သင်ယူရခြင်းက ပို၍အကျိုးရှိမည်ဟု ယူဆကြ၏။ ထိုကလေးငယ်တို့၏ မိဘတွေကိုယ်တိုင်ကလည်း "ကျောင်းနေပြီး စာတတ်လာတော့ သူတို့ဘာဖြစ်လာကြမှာလဲ။ ယောကျ်ားလေးတွေက မြို့ပေါ်မှာ သူတစ်ပါးရဲ့ အလုပ်ကြမ်းသမားတွေ ဖြစ်လာကြမယ်။ မိန်းကလေးတွေကတော့ အိမ်ဖော်တွေ၊ အစေခံတွေ ဖြစ်လာကြမယ်။ ဟောဒီ ချုံတောတွေထဲမှာ ရှာဖွေစားသောက်နေထိုင်ရတာလောက် မလွတ်လပ်ဘူး။ စိတ်ချမ်းသာမှု မရရှိနိုင်ပါဘူး"

ဟု သူတို့၏ သဘောထားကို ပြောပြကြ၏။

သို့ရာတွင် တကယ့်အခြေအနေမှန်ကို သူတို့ မရိပ်စားမိကြပါ။ လွန်ခဲ့သည့် ဆယ်နှစ်ခန့်အထိ သူတို့ကျင်လည်ကျက်စားရာ နယ်မြေဒေသသည် အနှောင့်အယှက်ကင်းခဲ့၏။ နေထိုင်ရန် လုံးဝ မသင့်လျော် မကောင်းမွန်သဖြင့် ဘယ်သူကမှ မျက်စိမကျခဲ့ကြချေ…။ ပစ္စန္တရာဇ်အရပ်ကဲ့သို့ သဘောထားပြီး ရှောင်ရှားခဲ့ကြ၏။ သို့တစေ လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်မှစ၍ တန်ဇေးနီးယားအစိုးရ၏ စီးပွားရေးစီမံကိန်းလုပ်ငန်းများနှင့် အခြားပုဂ္ဂလိက စီးပွားရေးသမားလုပ်ငန်းရှင်များက လုပ်ငန်းများ ချဲ့ထွင်လာကြသဖြင့် ဟာဒ်ဇာတို့ လှည့်လည်ကျက်စားရာ နယ်မြေတစ်ခွင်၌ ချုံတောများကိုရှင်းပြီး လမ်းတွေဖောက်လုပ်လာ၏။ ပျားသတ္တဝါတို့ ကြိုက်နှစ်သက်သော အသီးအပွင့်၊ အပင်များ ခုတ်ထွင်ရှင်းလင်းခံရသဖြင့် ပျားတို့ မနေကြတော့။ သို့ဖြင့် ထိုနယ်မြေတွင် ပျားရည်ရှား ပါးလာရလေပြီ။ တောရိုင်းတိရစ္ဆာန် အကောင်များများကိုလည်း မျိုးမသုဉ်းစေရေးအတွက် သက်ဆိုင်ရာတို့က ဖမ်းဆီးပြီး သဘာဝ သစ်တောဥယျာဉ်များဆီသို့ ပို့လိုက်ကြလေပြီ။ အချို့နေရာများကိုလည်း အစိုးရက သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ပြီး အခွန်အခ ပေးဆောင်နိုင်သူများကိုသာ အမဲလိုက်ခွင့်ပြုထား၏။ သို့ဖြင့် ဟာဒ်ဇာတို့အဖို့ အမဲလိုက်ရန် ဖုန်နယ်မြေ ကျဉ်းမြောင်းလာရသလို သားကောင်တွေလည်း ရှားပါးလာရလေပြီ။ ရှင်းနေပါ၏။ ဟာဒ်ဇာတို့၏ အနာဂတ်သည် ဘာမျှ အာမခံချက်မရှိ။ အလွန်ပင် မရေမရာနိုင်လှ၏။ အကျဉ်းတန်လှသော ပတ်ဝန်းကျင်နှင့် မရေရာလှသည့် အနာဂတ်ပိုင်ရှင်များ၏ လက်ထဲတွင် ကျွန်တော်ချစ်ရသူ မာရီယာကို ချန်မထားရစ်ခဲ့လိုသည်ကတော့ ကျွန်တော်၏ ဆန္ဒ။ မေတ္တာစေတနာ၊ အချစ်နှင့် သံယောဇဉ်။ မာရီယာကို ကျွန်တော်နှင့်အတူ မရမက အပါခေါ်သွားတော့မည်ဟု ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါပြီ။

မနသဿကျော်ဝင်း(အမျိုးသားစာပေဆုရ)


## ပဌာန်းရွှေကျမ်းရတနာဒီပံ
## ရွှေအလင်းတိုင်

ပဋ္ဌာန်းဆက် အားကောင်း၍ လူ့ဘုံလောကတွင် ကျင်လည်နေထိုင်လျက်ရှိကြသော ပါရမီရှင်များအတွက် အားထားစရာ ပဋ္ဌာန်းရွှေကျမ်း ရတနာဒီပံ ရွှေအလင်းတိုင် ပေါ်ထွက်လာပါပြီ။

ဤသို့ ပေါ်ထွက်ရအောင်လည်း ပဋ္ဌာန်းရွှေကျမ်းကျင့်စဉ်ကို အဓိဋ္ဌာန်တင် သမထစွမ်းအင်ဖြင့် စီမံ၍ထားသဖြင့် ပါရမီရှင်များ လိုအပ်သော ကိစ္စအဝဝကို ဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

အထူးသဖြင့် လျှို့ဝှက်စီမံထားသော ဂမ္ဘီရပစ္စည်းတစ်မျိုးနှင့် တွဲဖက်၍ စီမံထားပါသည်။ အသေးစိတ်သိလိုသူများ လူကိုယ်တိုင်ကြွရောက်၍ မှာယူနိုင်ပါသည်။

—— ဆက်သွယ်ရန် ——

ရှောင်ပြန်မဂ္ဂဇင်းတိုက်

အမှတ်(၂၇)၊ ၅၂-လမ်း(အော[illegible])၊
ဗိုလ်တထောင်မြို့နယ်၊ ရန်[illegible]မြို့။
ဖုန်း- ၀၉-၂၅၁၀[illegible]




www.burmeseclassic.com

www.burmeseclassic.com

## ကျွန်တော်ကြိုက်သော ဝတ္ထုရှည်များ


အသက် ၅ နှစ် ၆ နှစ် မူလတန်းကျောင်းသားဘဝကတည်းက ဝတ္ထုဖတ်ခဲ့သော ကျွန်တော်သည် စုံထောက်ဝတ္ထု၊ သိုက်သမိုင်း၊ အချစ်၊ ဘဝသရုပ်ဖော် စာအုပ်များစွာကို ဖတ်ဖူးခဲ့သည်။

ထိုသို့ဖတ်ခဲ့သော စာအုပ်များတွင် ကျွန်တော်အနေနှင့် စွဲလန်းနှစ်သက်ခဲ့ပါက စာအုပ်များကို ဝယ်ယူသိမ်းထားခဲ့ပါသည်။ တခါတရံတွင် ထိုဝတ္ထုများကို သတိရသည်ရှိသောအခါ ပြန်လည် ဖတ်ရှုခဲ့သည်။

ယခုအခါ ထိုဝတ္ထုတို့ကို စာဖတ်ပရိသတ်ကို ဖတ်စေလိုသော စေတနာဖြင့် ပြန်လည်ဖော်ပြပေးပါသည်။

အကြိုက်ချင်းမတူပါက မဖတ်ဘဲ ကျော်သွားနိုင်ပါသည်။

မောင်မောင်မြင့်အေး




ဘရင်ဂျီကျွန်းကို မော်တော် ဘုတ်ပေါ်မှ မြင်လျှင် မြင်ခြင်း သူနှစ်သက်သည်။ ဘရင်ဂျီကျွန်းပေါ်သို့ ရောက်သောအခါ ပို၍ ကြိုက်သွားခဲ့သည်။ ဘရင်ဂျီကျွန်းကို စွန့်ခွာ၍ ပြန်ရလျှင် သူနေ့စဉ် ရင်ဆိုင်ရမြဲ စိတ်မချမ်းသာမှုများ ပြန်တွေ့ရမည်ကို ကြောက်ရွံ့ စိုးရိမ်နေမိသည်။

တနည်းအားဖြင့် ဗိုလ်မှူးစံကင်းမောင်သည် ဤ ဘရင်ဂျီကျွန်းပေါ်တွင် နေနိုင်သမျှနေလိုသည်။ ဖြစ်နိုင်လျှင် တသက်လုံးမပြန်ဘဲ နေချင်စိတ်များ ပေါ်ပေါက်လာတော့သည်။

* * *

၁၇

မကြည်ပွင့်။

သူမသည်လည်း အိပ်မပျော်သေးဘဲ မျက်လုံးများကြောင်နေသည်။

ဂျက်ကီကာလေတင်ကာလေး သည် သူ၏ မျက်စိထဲမှမထွက်ပေ။ ဂျက်ကီကာလေတင်၏ အဖေတော်မီ ကာလေတင်၏

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာသည်လည်း သူမ၏ မျက်စိ ထဲမှ မထွက်နိုင်အောင် ဖြစ်နေသည်။

တော်မီကလေးတင်နှင့် သူ၏ ဇနီးတို့သည် တခန်းစီအိပ်ကြသည်။ အိပ်ခန်းအသီးသီးသို့ဝင်ရန် ကိုယ့်တံခါး နှင့်ကိုယ် ဝင်ထွက်နိုင်သည်။ ဆက် လျက်ရှိသော အခန်းနှစ်ခန်းသို့ တခန်း နှင့်တစ်ခန်း ကူးနိုင်ရန်အတွက် တံခါး လည်းရှိသည်။

မကြည်ပွင့်၏ အိပ်ခန်းမှာ ဂျက်ကီနှင့် ကပ်လျက်အခန်းဖြစ်သည်။

တစ်ည လေပဟုန်ပြင်း၍ လျှပ် စီးများလက်ကာ မိုးထစ်ချုန်းနေသည်။ ဂျက်ကီကလေးသည် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ မိုးထစ်ချုန်းသဖြင့် ကြောက်လန့်တုန် လှုပ်ခဲ့သည်။ သူ့အမေအခန်းထဲသို့ ပြေးရကောင်းမလားဟု စဉ်းစားသည်။

သူ့အမေ မစ္စစ်ကလေးတင်မှာ သံရုံးမှ မိတ်ဆွေများနှင့်အတူ မန္တလေး သို့ အလည်အပတ်သွား၍ အိမ်တွင် မရှိကြောင်း သတိရမိသည်။

အားကိုးစရာဆို၍ မကြည်ပွင့် သာရှိတော့သည်။ ညစဉ် ညတိုင်း မကြည်ပွင့်သည် သူ့ကိုပွေ့ဘက်၍ သိပ်ခဲ့သည်။

မကြည်ပွင့်ကို သူ့အဖေနှင့် အမေတို့က ကြည် ဟုခေါ်သလို သူ ကလည်း ကြည်ဟုပင်ခေါ်သည်။

"ကြည်···ကျွန်တော်ကြောက် တယ်"

ဂျက်ကီသည် သူ၏ကုတင်ပေါ် မှဆင်းကာ တံခါးကိုတွန်းပြီး မကြည် ပွင့်အခန်းထဲသို့ ဝင်လာသည်။ မကြည် ပွင့်၏အခန်းမှာ မှောင်မဲနေသည်။ ဂျက် ကီကား ဝင်ပေါက်ဘေးမှ မီးခလုတ် ကိုဖွင့်လိုက်သည်။ အခန်းထဲမှာ အလင်းရောင် လွှမ်းသွားသည်။

မကြည်ပွင့်သည် ထမီရင်လျား နှင့် အိပ်ရာထဲမှ အရေးတကြီးထလာ ကာ ဂျက်ကီကိုဖက်ပြီး တဘက်ခန်း ဆီသို့ ခေါ်သွားသည်။

"လာလာ···ဂျက်ကီ၊ အိပ်ရာ ထဲသွားရအောင်၊ ဂျက်ကီလန့်နိုးတယ် ထင်ပါရဲ့"

"ကြောက်တယ် ကြည်··· ကျွန်တော်ကြောက်တယ်"

"ဘယ် မင်းက ယောက်ျားဘဲ ဘာလို့ကြောက်ရမှာလဲ လာ···လာ"

မကြည်ပွင့်က ချော့မော့ကာ ပြောပြီး ကုတင်ပေါ်သို့ ပွေ့တင်သည်။

"ကြည်က မကောင်းဘူး··· ကျွန်တော်တော့ ခေါ်မအိပ်ဘဲ ဒက်ဒီ တော့ ခေါ်အိပ်တယ်"

ဂျက်ကီက မနာလိုဟန်ဖြင့် ပြောသည်။

"အို···ဘာတွေ လျှောက် ပြောနေတာလဲ ဂျက်ကီရယ်၊ မဟုတ် တာတွေပြောနေပြန်ပြီ"

"အမယ် မလုပ်ပါနဲ့ ကျွန်တော် မီးဖွင့်လိုက်တော့ ဒက်ဒီကိုအိပ်ရာထဲ မြင်လိုက်ပါတယ်၊ ဒက်ဒီက ဟိုဘက် လှည့်နေတယ်···အင်္ကျီတောင်မှမပါ ဘူး"

"ဟယ်မဟုတ်တာ ဂျက်ကီ ရယ်···ဘာတွေလျှောက်ပြောနေတာ လဲ၊ မင်းမာမီ ကြားသွားရင် ဒုက္ခဘဲ"

"ကြည် မလိမ်ပါနဲ့···ကျွန် တော့မျက်စိနဲ့ ကိုယ်တိုင် မြင်လိုက် တာပါ"

ဤပြဿနာကို ချက်ချင်း မရှင်း နိုင်လျှင် နောင်ရေးအတွက် ခက်မည် ကို တွေးမိသော မကြည်ပွင့်က-

"ဂျက်ကီ···မင်းဒီလို မပြော နဲ့ကွာ၊ လာခဲ့ လာခဲ့ လိုက်ကြည့်၊ မင်းဒက်ဒီက ငါနဲ့ ဘာဆိုင်လို့ ငါနဲ့ အိပ်ရမှာလဲ၊ လာကွာ···လိုက် ကြည့်"

ကုတင်ပေါ်ရောက်နေသော ဂျက်ကီကို လက်ဆွဲပြီး ပြန်ခေါ်လျက် အိပ်ခန်းထဲသို့ ပြန်ဝင်သည်။

"ကဲ ကြည့်···ဘယ်မှာလဲ မင်းဒက်ဒီ"

ဂျက်ကီကို ကုတင်အနီးသို့ ခေါ်သွား၍ ပြသည်။

ဂျက်ကီပြောသော သူ့ဒက်ဒီ ကုတင်ပေါ်တွင် မရှိပေ။

"ကဲ···ကျေနပ်ပြီလား"

"ဒက်ဒီ ပြန်သွားလို့ပါ၊ ဟောဒီ မှာကြည့် သူ့ဘိနပ်"

ဂျက်ကီက ကုတင်အောက်မှ သူ့အဖေစီးသည့် အိမ်တွင်းစီး ရှေ့ထိုး ဘိနပ်ကို ခြေဖြင့်ကန်ပြသည်။

www.burmeseclassic.com

"ဟင်···မဟုတ်ဘူး ကြည် ဘိနှပ်မရှိလို့ ယူစီးလာတာပါ"

မကြည်ပွင့်က ဇွတ်မိုတ်ပြော ပြီး ဂျက်ကီကို အိမ်ခန်းထဲသို့ ပြန်ခေါ် သွားသည်။

ဂျက်ကီ အိပ်ပျော်တော့မှ မကြည်ပွင့်သည် တော်မီ၏အခန်းဆီ သို့သွားသည်။ တော်မီမှာလည်း မအိပ် သေးဘဲ ကုတင်ပေါ်တွင်ထိုင်ကာ စီး ကရက်သောက်နေသည်။ သူ၏မျက် နှာမှာ စိုးရိမ်ပူပင်သည့် အမူအရာကို ပြနေသည်။

ဂျက်ကီပြောသော စကားများ ကို မကြည်ပွင့်က ပြန်ပြောပြသည်။

"ခက်တာဘဲ"

"ဒါကြောင့် ပြောသားဘဲ၊ မြန် မြန်ပြန်ပါဆိုတာ အိပ်ရာထဲ ဇိမ်ဆွဲ အိပ်တာကိုး"

မကြည်ပွင့်က မျက်စောင်းထိုး ၍ မခို့တယို့နှင့် ပြောလိုက်သည်။

တော်မီက မကြည်ပွင့်လက်ကို ဆွဲ၍ ကုတင်ပေါ်တွင် သူ့ဘေးမှ ထိုင် စေလိုက်သည်။

"အော်···ပူမနေနဲ့ သူ့အမေ နက်ဖန်ညနေ ပြန်ရောက်လာတော့ ငါကြည့်ပြောလိုက်ပါမယ်၊ ကောင်က လေး မိုးသံလေသံကြားလို့ လန့်ပြီး ပြောချင်တာတွေ လျှောက်ပြောနေ တယ်လို့ ပြောလိုက်ရုံဘဲ"

ဂျက်ကီက အတန်ကြာစဉ်းစား ပြီးမှဖြေသည်။ နောက်တစ်နေ့ မနက် ဘက် အင်းယားကန်ဘက်သို့ လမ်း လျှောက်သွားကြသည်။

"ကြည်···ကျွန်တော် ရေကူး ချင်တယ်"

"အို···အအေးမိလိမ့်မယ်"

"ဟင့်အင်း···ဟင့်အင်း··· ရေကူးမှာဘဲ"

ဇွတ်ပြောနေသော ဂျက်ကီ၏ မျက်နှာကို မြင်ရောင်လာပြီး မကြည် ပွင့် သက်ပြင်းချလိုက်သည်။

ရန်အောင်သိန်းသည့်အကြောင်း မဲ့သက်သက် အဘယ်ကြောင့် ကိုယ့် ကိုယ်ကို လုပ်ကြံရပါလိမ့်မလဲ ဟု မကြည်ပွင့်က ဆက်လက်တွေးပြန် သည်။

ရန်အောင်သိန်းမှာ ရွှင်ရွှင်ပျပျ နှင့်ရှိနေပါလျက် သေချင်စိတ်ရှိနေသူ ဟူ၍ အကဲခပ်၍ မရခဲ့၊ နောက်ဆုံး အချိန် အရက်ဖန်ခွက်ကို ကောက် ကိုင်၍ မော့ချလိုက်သည့် အချိန်ထိ ပြုံးပြုံးရွှင်ရွှင်နှင့်တွေ့ရသည်။ မကြည် ပွင့်အား တပ်မက်မောသော အမူ အရာနှင့် တညနေလုံး ကြည့်လာ ခဲ့သည်ကို မျက်စိထဲမှ မထွက်နိုင် အောင် မြင်ရောင်နေမိသည်။

* * *

၁၈

ဒေါက်တာလူဇော်မင်းသည် အိပ်မက်ဂယောင်ဂတန်းများ မက်နေ သည်။ အိပ်ရာမှ လန့်နိုးသောအခါ သူတညလုံးမက်ခဲ့သော အိပ်မက်အား လုံးကို မေ့သွားသည်။ သို့သော် ရင်ထဲ ၌ ဖိုလှိုက်ဖိုလှိုက်နှင့်ဖြစ်နေသည်။

မျက်လုံး ဖွင့်ကြည့်သောအခါ နေရောင်သည် ပြူတင်းပေါက်မှန်မှ အခန်းထဲသို့ ဝင်နေပြီကိုတွေ့ရသည်။ ခေါင်းရင်းစားပွဲပေါ်မှ လက်ပတ်နာရီကို ယူကြည့်လိုက်ရာ အချိန်မှာ ခြောက် နာရီခွဲရှိပြီဖြစ်ကြောင်း သိရသည်။

ဒေါက် ဒေါက် ဒေါက်နှင့် တံခါးခေါက်သံကို ကြားသည်။ သူအိပ် ရာမှ နိုးရသည်မှာ တစုံတစ်ယောက် က တံခါးခေါက်၍နိုးကြောင်း ယခုမှ သိသည်။

အိပ်ရာထဲမှထ၍ တံခါးဖွင့်ပြီး ခေါက်သူကိုကြည့်သည်။

"ဘာလဲ မောင်ချစ်ပိုင်"

"ကျွန်တော့···ကျွန်တော့·· မိန်း···မခင်ဦး ခင်ဗျာ၊ ကောင်း ကောင်းအိပ်ပါစေဆိုလို့ မနိုးခဲ့ဘဲ ကျွန်တော်တစ်ယောက်ထဲထပြီးကော်ဖီ လက်ဖက်ရည်ဖျော်ဘို့ ရေနွေးအိုး တည်ပါတယ်၊ ကော်ဖီနဲ့ လက်ဖက် ရည်ဖျော် ပေါင်မုန့်လှီးပြီး သူ့နိုးဘို့ အချိန်ကျပြီဆိုပြီး သူ့ကိုပြန်နှိုးတော့ နိုးမရဘူးဆရာ"

ချစ်ပိုင်က ပြောရင်းပြောရင်း အသံတွေတုန်လာသည်။

"ဟင်···ဘယ်လိုဖြစ်တာလဲ"

ဒေါက်တာ လူဇော်မင်းက ပြောပြောဆိုဆိုနှင့် ကုတင်ခြေရင်းချ ထားသော ဆေးအိတ်ကို ဆွဲယူပြီး



www.burmeseclassic.com

www.burmeseclassic.com

ချစ်ပိုင်နောက်သို့ လိုက်သွားသည်။ မခင်ဦးကို ကုတင်ပေါ်တွင် ပက်လက် တွေ့ရသည်။ ခေါင်းပေါ်တွင် ဂွမ်းစောင် ကလေးတထည် ခြုံထားသည်။ လှဇော်မင်းက စောင်ကိုလှပ်ပြီး လက်မှ သွေးစမ်းကြည့်သည်။ မျက်ခုံး တဘက်ကို ဆွဲကြည့်ပြီး ကုတင် တဘက်စားပွဲပေါ်မှ ရေတဝက်ပါသော ဖန်ခွက်ကို ကြည့်ပြန်သည်။ မခင်ဦး၏ ပါးစပ်ကို ဖြဲကြည့်သည်။ ထို့နောက် ကိုယ်ကိုမတ်လိုက်ခါ ချစ်ပိုင်ဘက်သို့ ကြည့်သည်။

"သူ...သူ...သူ..."

ချစ်ပိုင်မေးရန် စကားလုံးရှာမတွေ့ဟန်တူသည်။

"ဟုတ်တယ်...မရှိတော့ဘူး သွားပြီ"

လှဇော်မင်းက ပြောလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ဆရာ"

လှဇော်မင်းက ချက်ခြင်းမဖြေသေးဘဲ ဂွမ်းစောင်ကို မခင်ဦးခေါင်းပေါ်ထိ ခြုံလွှားလိုက်သည်။

"ဘယ်လိုဖြစ်ရမှာလဲ အဆိပ်သောက်တာဘဲဗျာ၊ ညက ရန်အောင်သိန်းသောက်တဲ့ အဆိပ်မျိုးဘဲ၊ ဆေးကို အဲဒီဖန်ခွက်ထဲကရေနဲ့ မော့ချလိုက်တယ် ထင်ပါရဲ့"

လှဇော်မင်းက ဖန်ခွက်ဆီသို့ မေးငေါ့ပြလိုက်သည်။

"ဒီဖန်ခွက် ကျွန်တော်အိပ်ရာက ထသွားတုန်းက မရှိပါဘူးဗျာ"

"သူထပြီး ရေခပ်လာတာဖြစ်မှာဘဲ၊ အင်း ဝမ်းနည်းပါတယ်ဗျာ တို့တွေတော့ ဒုက္ခဘဲ၊ ဒီမနက်မှာ ဒီကျွန်းပေါ်က အားလုံးခွာထွက်နိုင်အောင် ဖန်တီးမှုဖြစ်မယ်၊ နို့မဟုတ်ရင်တော့ တစ်ယောက်ပြီးတစ်ယောက် သေကုန်ကြတော့မှာ သေချာနေပြီ"

လှဇော်မင်းကပြောရင်း ဆေးအိတ်ကိုဆွဲခါ အခန်းထဲမှ ထွက်သွားသည်။ အပေါ်ထပ်သို့ လှေကား တထစ်ပြီးတထစ် နင်း၍ ခပ်လေးလေး တက်သွားသည်။

"ဒီအကြောင်းအားလုံး မနက်စာစားပြီးမှ ပြောပြလိုက်ပါကွာ၊ ဖြစ်နိုင်ရင် ခပ်စောစောကျွေးလိုက်ပါ"

လှေကားရင်းတွင်ရပ်နေခဲ့သော ချစ်ပိုင်ဘက်ဆီသို့ လှည့်ပြောသည်။

"ပေါင်မုန့်ကင်၊ ကြက်ဥကြော်ပြီးရင် အဆင်သင့်ပါဘဲ ခင်ဗျာ၊ ခုနစ်နာရီခွဲအစား ခုနစ်နာရီမှာ ကျွေးလိုက်ပါမယ်"

လှဇော်မင်းက ခေါင်းညိတ်ပြခဲ့သည်။

ခြောက်နာရီ လေးဆယ့် ငါးမိနစ်တွင် အောက်ထပ်မှ ငွေမောင်းကလေး သုံးလေးချက် တီးသံကို အပေါ်ထပ်မှ ရန်အောင်သိန်းမှလွဲ၍ အားလုံး ကြားကြရသည်။

မျက်နှာသစ် အဝတ်လဲပြီး သူတို့ဆင်းနှင့်ကြပြီး ဧည့်ထမင်းစားခန်းထဲသို့ ဝင်ကြသည်။ ခုနစ်နာရီထိုးရန် ဆယ်မိနစ်တွင် ငွေမောင်းသံ တီးသောအခါ လူစုံကြသည်။

"ဒီနေ့ မော်တော်ဘုတ် လာမှာလား"

ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်စွာ ပေါင်မုန့်နှင့် ကြက်ဥကြော်များ စားနေကြစဉ် ဒေါ်နှင်းဦးက ဖိုးသာအေးဘက်သို့ကြည့်ကာမေးသည်။

"အခုထိတော့ ဘာမှမသိရသေးပါဘူး"

ဖိုးသာအေးက ပြန်ပြောသည်။

ထမင်းစားခန်းထဲမှ မီးဖိုဘက်သို့ ထွက်သွားသော ချစ်ပိုင်ကို ဒေါ်နှင်းဦးက ကြည့်ပြီး...

"သူ့ကြည့်ရတာ နေလို့မကောင်းဘူးထင်တယ်၊ မျက်နှာတွေ မသာမယာ ဖြစ်နေတယ်"

လှဇော်မင်းကိုပြောသည်။

"ကော်ဖီ လက်ဖက်ရည်သောက်၊ မုန့်နဲ့ကြက်ဥစားပြီးကြတဲ့အခါ ခင်ဗျားတို့နဲ့ ဆွေးနွေးတိုင်ပင်စရာတွေ အများကြီးရှိတယ်..."

လှဇော်မင်းက သူနှင့်မျက်စိတန်းမိသူများကို ကြည့်ပြီးပြောသည်။

"ပြောစရာရှိတာတွေ နောက်မှပြော၊ စားစရာရှိတာ မြန်မြန်စားဟု လှဇော်မင်းကသွယ်ဝိုက်၍ပြောကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်မိကြပြန်တော့သည်။ မည်သူမှ စကားမပြောကြတော့ပေ။ စားသောက်ပြီး၍ ပန်းကန်များကို ချစ်ပိုင်က သယ်ယူသွားပြီးသောအခါ လူဇော်မင်းက သူထိုင်နေသော ကုလားထိုင်ကို နောက်သို့ တွန်းလိုက်သည်။ ချောင်းတချက်ဟန့်ပြီး လက်သုတ်ပုဝါဖြင့် ပါးစပ်သုတ်သည်။

"ခင်ဗျားတို့ကို ဝမ်းနည်းစရာ သတင်းတစ်ခု ပြောရပါ့မယ်။ ချစ်ပိုင်မိန်းမ မခင်ဦးတစ်ယောက် ဒီမနက်မှာ ဆုံးသွားရှာပါပြီ"

လူဇော်မင်းက လေသံအေးကလေးနှင့် ပြောလိုက်သည်။

"ဟင်…ကျွန်မတို့ရောက်တာ ဘာကြာသေးလို့လဲ၊ နှစ်ယောက်သေရပြီလား"

မကြည်ပွင့်က ပြောသည်။

"ဘယ်လိုကြောင့် သေတာလဲ"

နေအောင်ထွန်းက လူဇော်မင်းကို မေးသည်။

"အဆိပ်ဘဲ၊ ရန်အောင်သိန်းသေတဲ့ အဆိပ်မျိုးဘဲ"

လူဇော်မင်းက ပြန်ပြောသည်။

"စိတ်မလုံရှာဘူး ထင်ပါရဲ့"

စကားနည်းသော ဒေါ်နှင်းဦးက ပြောလိုက်၍ အသံလာရာဘက်သို့ မျက်နှာများ လှည့်လိုက်ကြသည်။

"ဘာကို ဆိုလိုတာလဲ"

လူဇော်မင်းက မေးသည်။

"မနေ့ညက အစွတ်စွဲခံရတာတွေ ရှင်တို့အကြားသားဘဲ မဟုတ်လား…"

"ဒီတော့ ဘာဖြစ်လဲ"

နေအောင်ထွန်းက မေးသည်။

"ဘာဖြစ်မှာလဲရှင့်၊ စွတ်စွဲချက်ဟာ ဟုတ်လို့နေမှာပေါ့၊ စွတ်စွဲချက်ကြားပြီး အဲဒီမိန်းမဟာ လန့်ဖျပ်ပြီး လဲကျသွားတာဘဲ မဟုတ်လား"

လူဇော်မင်းက သူ့ကို ချစ်ပိုင်လာခေါ်၍ အလောင်းကိုလိုက်ကြည့်ခဲ့ရပုံကို ပြောပြသည်။

"ဘယ်ယောက်ျားမှ မယားကို အဆိပ်ကျွေးသတ်မယ် မထင်ပါဘူးဗျာ"

စံကင်းမောင်က ပြောသည်။

"ချစ်ပိုင် သတ်တယ်လို့ ဘယ်သူကပြောသေးလို့လဲ ဗိုလ်မှူး"

ဖိုးသာအေးက မေးသည်။

စံကင်းမောင် အဖြေမပေးမီ ချစ်ပိုင်အခန်းထဲသို့ ပြန်ရောက်လာသဖြင့် ချစ်ပိုင်ဘက်သို့ ကြည့်ကြပြန်သည်။

"မော်တော်ဘုတ်က ဘယ်အချိန်လာတတ်သလဲ"

နေအောင်ထွန်းက မေးသည်။

"သူလာတဲ့နေ့ဆိုရင်တော့ မနက်ရှစ်နာရီဆိုရင် ရောက်လာတာပါဘဲ"

"အင်း…မင်းမိန်းမ မခင်ဦး အကြောင်း ကြားရတာ စိတ်မကောင်းပါဘူးကွာ၊ အခုဘဲ ဒေါက်တာက ပြောပြလို့ သိရတယ်…"

"ဟုတ်ကဲ့ ခင်ဗျာ…ကျွန်တော်လဲ အလုပ်သာ လုပ်နေရပါတယ်…စိတ်တွေကတော့ ကယောင်ကတန်းပါဘဲ"

ချစ်ပိုင်က မပွင့်တပွင့် လေသံနှင့်ပြန်ပြောသည်။

* * *

၁၉

"အဲဒီ မော်တော်ဘုတ်ပြဿနာကတော့ကော"

ညှော်ခန်းကြီးအပြင် ဝရန်တာသို့ ထွက်ရပ်နေသော ဗိုလ်ကြီးက သူ့ဘေးတွင်လာရပ်လိုက်သော ဖိုးသာအေးဘက်သို့ လှည့်၍စကားစလိုက်လျှင်…

"မော်တော်ဘုတ် ဒီရက်မှာ မလာဘဲ နောက်တစ်ရက်နှစ်ရက်မှ လာမယ်ဆိုတဲ့ သဘော မစဉ်းစားမိသေးဘူးလား"

ဖိုးသာအေးက စကားဖြတ်မေးသည်။

"ဒီမနက်တော့ အိမ်ပိုင်ရှင် ရောက်မယ် မဟုတ်လားဗျ"

"ဟုတ်ပါတယ်၊ ရောက်မယ်လို့ ဘယ်သူကပြောတာလဲ၊ သူတို့ကို တခါမှမမြင်ဘူးကြတဲ့ ချစ်ပိုင်တို့ လင်မယားပြောတာဘဲ၊ မော်တော်ဘုတ် ပိုင်ရှင် ဘသော်ကလဲ ပြောလိုက်သလား မသိဘူးဗျာ၊ ဘသော်ကဲဘဲ

www.burmeseclassic.com

သူမော်တော်ဘုတ်ငှားတဲ့လှုပ်ဟာ ဘယ်သူလဲဆိုတာ မမြင်ဘူးဘူးလို့ ကျုပ်က လောင်းဝံ့တယ်ဗျာ"

"ခင်ဗျားဘာတွေ ပြောနေတာလဲ"

ကုသက မေးသည်။

"ရှင်းပါတယ် ဗိုလ်ကြီးရယ်၊ ကျွန်တော်တို့ စွဲချက်တင်ခံရတဲ့ လူတွေကို ဒီမှာစုခေါ်ပြီး သေဒဏ်အပြစ်ပေးထားတဲ့အတိုင်းတစ်ယောက်ပြီးတစ်ယောက် သတ်မှာဘဲဗျာ၊ ကျွန်တော်တို့ ညေ့်သည် ဆယ်ယောက်ထဲက တစ်ယောက်ယောက်ဟာ လူသတ်သမားဘဲဖြစ်ရမယ်"

"ဒီလိုဆိုရင်လွယ်ပါတယ်၊ တစ်ယောက်နဲ့ ကိုးယောက်ဘဲ ဘယ်သူလဲဆိုတာ အကဲခပ်နိုင်ရမယ်"

"ကိုးယောက်ထဲက နှစ်ယောက်က ပြုတ်သွားပြီလေ"

ဖိုးသာအေးက ခနဲ့သံနှင့်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဖိုးသာအေးပြောတာ ကျုပ်လက်ခံတယ်၊ ကျုပ်တို့ထဲကတော့ လူသတ်သမားကလွဲပြီး ဘယ်သူမှ ဒီကျွန်းပေါ်က အသက်နဲ့ကိုယ်နဲ့ ပြန်ရမယ် မထင်ဘူးဗျ"

တံခါးပေါက်နား ရောက်နေသော ဗိုလ်မှူးစံကင်းမောင် က တဖြည်းဖြည်းလျှောက်လာရင်း ပြောလိုက်သည်။

"လူသတ်သမားဟာ ဒီလူတွေထဲကမဟုတ်ဘဲ ဒီကျွန်းပေါ်မှာကြိုတင်ရောက်ပြီး စောင့်နေတဲ့လူကော မဖြစ်နိုင်ဘူးလား"

ကုသက မေးသည်။

"ဟုတ်ပါတယ်···ဘယ်သူမှ ပြန်ရမှာမဟုတ်ပါဘူး။ ကောင်းပါတယ်လေ၊ ဒါမှလဲ ငြိမ်းချမ်းသာယာမှုကို ရမှာပါ။ တကယ့်ငြိမ်းချမ်းရေးဘဲ"

စံကင်းမောင်က မော်လမြိုင်ဘီလူးကျွန်းဘက်ကို ကြည့်ရင်း တစ်ယောက်တည်း ရေရွတ်နေပြီး ချာကနဲ လှည့်ကာ ထွက်သွားသည်။ ထို့နောက် အိမ်ရှေ့ပေါက်မှ ထွက်ကာ ကမ်းစပ်ဆီသို့ ရင်ကော့၍လျှောက်သွားသည်။

"ဗိုလ်မှူးတော့ ဦးနှောက်ပျက်သွားပြီထင်တယ်၊ အားလုံး ဒီလိုဘဲဖြစ်ကြရမှာဘဲ"

ကုသက လမ်းလျှောက်သွားသော စံကင်းမောင်ကိုကြည့်ရင်း ပြောလိုက်သည်။

"အမယ် ဘယ်သူဦးနှောက်ပျက်ပျက်၊ ကျွန်တော်ကတော့ ပျက်ဘို့မလွယ်ပါဘူး။ ကျွန်တော်ကတော့ အသဲမာတယ်၊ ဗိုလ်ကြီးကော စိတ်ခိုင်ရဲ့လား"

ဖိုးသာအေးက စပ်ဖြဲဖြဲအမူအရာနှင့် မေးသည်။

"စိတ်ချ··အခုအချိန်မှာတော့ ဘာမှ သတိမလစ်သေးဘူး"

သူကလည်း စပ်ဖြဲဖြဲလုပ်၍ ပြန်ဖြေလိုက်သည်။

* * *

ဒေါက်တာလှဇော်မင်း ဝရန်တာသို့ ရောက်လာချိန်တွင် ဖိုးသာအေးနှင့် ကုသတို့တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ စီးကရက်သောက်ရင်း ဘီလူးကျွန်းဖြင့် ကွယ်နေသော မော်လမြိုင်ဆီသို့ ငေးမောနေကြသည်။

ဝရန်တာ၏ တစ်နေရာတွင် စက်ရှင်မင်းကြီးဟောင်း နေအောင်ထွန်းသည် လက်နောက်ပစ်၍ရပ်ရင်း မြောက်အရပ်ဘက်သို့ ငေးလျက်ကြည့်နေသည်။

လှဇော်မင်းသည် ဝရန်တာတန်းပေါ်တွင် လက်ထောက်ကာ သူ့မျက်စိထဲမြင်ရာကို ကြည့်နေသည်။

ဖိုးသာအေးနှင့် ကုသတို့က နေအောင်ထွန်းကို တစေ့တစောင်း အကဲခတ်နေခဲ့ရာမှ ယခုရောက်လာသော ဒေါက်တာလှဇော်မင်းကို အကဲခတ်ကြည့်နေကြသည်။

သူတို့၏ ခေါင်းပေါ်မှ အပေါ်ထပ်ဝရန်တာပေါ်တွင် မကြည်ပွင့်နှင့် ဒေါ်နှင်းဦးတို့ ကုလားထိုင်တစ်လုံးစီဖြင့် ထိုင်လျက် အောက်ထပ်မှ လူများကဲ့သို့ ငေးမိငေးရာ ငေးနေကြသည်။

"မော်တော်ဘုတ် တက်စီးလာရင် ကောင်းမှာဘဲနော်၊ တမျှော်တခေါ်

www.burmeseclassic.com

www.burmeseclassic.com

ကြီး မြင်နေရပေတဲ့၊ မော်တော်ဘုတ် ဖယ်ထား တံငါလှေကလေး တစီးတလေမှ မမြင်ရဘူး။ ဒီကျွန်းပေါ်က မြန်မြန်ပြန်နိုင်ရင် မြန်မြန် စိတ်ချမ်းသာမှာဘဲ"

မကြည်ပွင့်က ညီးညီးညူညူ ပြောနေသည်။

"ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူးကွယ်၊ ကိုယ့်အပြစ်နဲ့ကိုယ် အလိုလိုလာခဲ့ကြတာဘဲ၊ တကယ် စဉ်းစားကြည့်လေလေ ဒီကြည်ကြည်ညွန့်ဆိုတဲ့ မမလေးကို ဘယ်လိုမှ သတိမရလေလေဘဲ၊ ဒါပေမဲ့စာရေးကတော့ မတွေးမိပါဘူး။ ကိုယ့်ကိုယ်ကိုတောင်မှ အထင်ကြီးမိပါသေးတယ်"

ဒေါ်နှင်းဦးက မဲ့ကာ ရွဲ့ကာ ပြောလိုက်သည်။

"ဟုတ်ပါတယ် အန်တီ・・・ကော်ဖီသောက်တုန်းက အန်တီပြောလိုက်ပုံက မခင်ဦးမှာ တကယ်အပြစ်ရှိလေဟန်ဘဲ"

"ဟုတ်တယ်လေ・・・ရီကော်ဒါထဲက အသံကြားပြီး သူဘာကြောင့်မေ့လဲသွားရမှာလဲလို့၊ သူမှာ တကယ်ကျူးလွန်ခဲ့လို့သာ ကြောက်လန့်ပြီး မေ့တာဘဲဖြစ်ရမယ်၊ မိန်းမက ဒီလောက်ဘဲ အိနြွေမဲ့အောင် ဖြစ်လာတော့လဲ၊ သူယောက်ျားအိပ်ရာကနိုးပြီး အဆိပ်ကျွေးသတ်လိုက်တာ ဖြစ်လိမ့်မယ်"

ဒေါ်နှင်းဦးက ထင်မြင်ချက်ကို ပြောသည်။

"ဆယ်နာရီ အချိန်လောက်အတွင်းမှာ အဆိပ်နဲ့သေရတဲ့ နှစ်ယောက်ဖြစ်ပျက်တာတော့ အံ့ဩစရာပါဘဲ"

"အို・・・ဒါကတော့ တိုက်ဆိုင်မှုပါ။ ဟိုကောင်ကလဲ သူဟာသူ မလုံလို့ အရက်ထဲအဆိပ်ခတ်ပြီး သေသွားတာဘဲ"

"မဟုတ်ဘူး အန်တီ တစ်ယောက်ယောက်က ခတ်တာ မဖြစ်နိုင်ဘူးလား"

"တစ်ယောက်ယောက်က ခတ်တာဖြစ်ရင်တော့ အဲဒီစားပွဲနားမှာ ညည်းတို့အားလုံး မတ်တတ်ရပ်နေကြတာဘဲ၊ ငါတစ်ယောက်ဘဲ ထိုင်ရာမထခဲ့ပါဘူး။ ညည်းတို့ထဲက တစ်ယောက်ယောက် ဖြစ်နိုင်တယ်"

"အဲဒီ တစ်ယောက်ယောက်ထဲမှာ ကျမ မပါပါဘူးအန်တီ"

"ညည်းမပါရင်လဲ မပါဘူးပေါ့လေ"

စွတ်စွဲချက်တွေကကော အန်တီ ဘယ်လို သဘောရပါသလဲ"

"အလကား စွတ်စွဲတာပါအေ စွတ်စွဲချက် မှန်ရင်တော့ သေသွားတဲ့ကောင်ကဟုတ်ချင်ဟုတ်မယ်၊သူကလဲ ကလေးနှစ်ယောက်ကိုကားနဲ့ တိုက်မိတယ်လို့ ပြောတယ်မဟုတ်လား"

"စွတ်စွဲချက်တွေကိုတော့ တစ်ယောက်စီဖြေကြသွားဘဲ၊အန်တီ တစ်ယောက်ဘဲ ဘာမှမဖြေဘဲနေခဲ့တယ်"

"ဟုတ်တယ်・・・ယောက်ျားတွေရှေ့မှာ ပြောသင့်တဲ့ စကားမဟုတ်လို့ မပြောခဲ့ဘူး"

"ရှင်・・・"

"မခင်မွှေးဆိုတဲ့ မိန်းကလေးဟာ တော်တော်ဘဲ ရုပ်ချောတယ်၊ ရုပ်ချောသလိုဘဲ သိမ်မွေ့ပါတယ်၊ ဒါပေမဲ့အကျင့်မကောင်းဘူး။အသွားအလာအနေအထိုင် မလိမ္မာတာကြောင့် ကိုယ်ဝန်ရှိလာခဲ့တယ်၊ သူ့ မိဘတွေ ခများမှာ ရင်ကွဲရှာတာဘဲ၊ လူထဲမှာ မျက်နှာမဖော်ဝံ့အောင်ဖြစ်ခဲ့ရှာတယ်၊ မခင်မွှေးဟာ သူ့ကိုယ်ဝန်ပိုင်ရှင် ဘယ်သူလဲဆိုတာ မပြောနိုင်ခဲ့ဘူး။ သုံးယောက်ထဲက တစ်ယောက်ယောက်ဖြစ်မှာဘဲလို့သာ အဖြေပေးနိုင်ခဲ့တယ်"

"ဒီတော့ ဘယ်လိုဖြစ်သလဲ"

"သူ့ကိုယ်သူ သတ်သေသွားတယ်"

"ဟင်・・・"

"ရေထဲခုန်ချ သေသွားတယ်"

"ဟယ်・・・ဖြစ်မှဖြစ်ရလေ"

မကြည်ပွင့်က စုတ်တသတ်သတ်နှင့် ပြောလိုက်သည်။

"အို သနားစရာမလိုပါဘူး။ ဒီလိုအကျင့်မကောင်းတဲ့ ကောင်မမျိုး ဒီလိုသေတာဘဲ ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နှင်းဦးမျက်နှာမှာ ထက်သန်နေသည်။

"ဖြစ်ပြီးတဲ့ အလုပ်တစ်ခုကို ဟိုလိုဖြစ်ရင် အကောင်းသားလို့ ပြောနေလို့ အပိုဘဲ၊ ပြီးတာပြီးပြီ၊ မိန်းမ ဈေးဖျက်တဲ့ ကောင်မမျိုးတော့ မရှိတာဘဲကောင်းတယ်"

အသနား အညှာအတာ ကင်းမဲ့စွာဖြင့် ပြောလိုက်သည်။

* * *

၂၀

ဒေါက်တာလှဇော်မင်းသည် အတန်ကြာ တွေဝေနေပြီးမှ ဖိုးသာ အေးဘက်သို့ ကြည့်သည်။ ကုသနှင့် အကြည့်ဆုံလိုက်သောအခါ သူ့နောက် လိုက်ခဲ့ရန် မေးကိုဆတ်ကနဲ အပြင်သို့ငေါ့ပြခဲ့ပြီး ထွက်သွားသည်။

ကုသက သူ့နောက်မှ လိုက်သွားသည်။ လှဇော်မင်းက အိမ်မှ ထွက်၍ လျှောက်သွားသည့်နောက်သို့ လိုက်သွားသည်။ အိမ်နှင့်ကိုက်တရာ ခန့်ဝေးသောနေရာ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရပ်စောင့်နေသည်။

"မင်းနဲ့ တိုင်ပင်ချင်လို့ပါ"

သူ့ ရှေ့တွင် မျက်နှာချင်းဆိုင်တွင် ရပ်လာသော ဖိုးသာအေးကို ပြောလိုက်သည်။

"ဟုတ်ကဲ့"

ကုသက လှဇော်မင်းအား အကဲခတ်ကြည့်နေသည်။

"မခင်ဦးကိစ္စ ဘယ်လိုစဉ်းစားမိသလဲ"

"ကျွန်တော် ဘယ်လိုစဉ်းစားရမှန်း မသိဘူးခင်ဗျာ၊ ဒါပေမဲ့ ရာဇဝတ်မှုကျူးလွန်ကြတာမှာ တရားဥပဒေအရ လွတ်သွားပေမဲ့ တကယ်ကျူးလွန်တာမျိုး ရှိကြတယ်ဗျ၊ ဥပမာဆိုရင် မခင်ဦးတို့ လင်မယားဟာ ရုံးရောက်ခဲ့ပြီး လွတ်လာခဲ့တယ် မဟုတ်လား…နောက် ဥပမာတစ်ခု ပြရရင်တော့ စက်ရှင်မင်းကြီးရဲ့ ကုလားထိုင်ပေါ်မှာထိုင်ပြီး ဥပဒေဘောင်တွင်းက ရောင်ရောင်နဲ့ ကြိုးမိန့်မတရားပေးလိုက်တဲ့ ဦးနေအောင်ထွန်းကြည့်၊ သူကိုယ်တိုင် လက်နဲ့သတ်တာမဟုတ်ပေမဲ့ သူ့လက်နဲ့ ဒါးရှူးကိုကိုင်ပြီး မောင်ဆက်ရဲ့ နှလုံးသားထဲကို ထိုးလိုက်တာနဲ့ အတူတူဘဲ"

"မင်း တကယ်ယုံသလား"

"ယုံပါတယ်…ဒါပေမဲ့ နေအောင်ထွန်းကို ဘယ်သူကမှ လူသတ်မှု ကျူးလွန်တယ်လို့ မြင်မယ် မထင်ဘူး"

ကုသက လှဇော်မင်းကို မျက်တောင်မခတ်စိုက်ကြည့်ရင်းပြောသည်။

"ဆေးရဲ့ ဆေးပေးခန်းမှ လူသတ်မှု၊ ခွဲစိတ် စားပွဲပေါ်မှလူသတ်မှု"

ထိုလူသတ်မှုနှစ်မျိုးသည် လှဇော်မင်း၏ စိတ်ထဲတွင် ပေါ်ပေါက်လာသည်။

ကုသသည် တစ်ခုတရာ ပြောနေသည်။ လှဇော်မင်း မကြားလိုက်မိပေ။

"…ဆရာ အဲဒါ ဘယ်လိုပြောချင်သလဲ"

အစွန်ဆုံးမှ စကားကိုကြားလိုက်သည်။

"အင်း…"

"ကျွန်တော် ဆိုလိုတာက မခင်ဦး အဆိပ်သောက်တယ်ဆိုတာ ဆရာယုံသလား"

"အဲဒါ စဉ်းစားနေတာဘဲ"

"မခင်ဦးက အဆိပ်သောက်တယ် ထားပါအုံး၊ ရန်အောင်သိန်းကကောဗျာ၊ တညထဲ အဆိပ်သောက်သေနိုင်အောင် လူနှစ်ယောက်ကိုတော့ ဆိုက်ကိုမသုံးနိုင်ပါဘူးခင်ဗျာ၊ သူတို့ကို စိတ်ညှို့ပြီး အဆိပ်သောက်ခိုင်းတယ်လို့ ပြောရအောင်ကလဲ ရန်အောင်သိန်းကိစ္စမှာ ကျွန်တော်တို့ တတွေ ရှိနေတာဘဲ"

"ဟုတ်တယ် ဟုတ်တယ် ရန်အောင်သိန်း။ အင်း…ရန်အောင်သိန်း သူ့ဟာသူ ထည့်မသောက်လို့ ဘယ်သူထည့်သလဲ"

"စဉ်းစားကြည့်ရင်တော့ ဆိုပါ ပေါ်ကထိုင်ရာမထတဲ့ အဖွားကြီးကလွဲလို့ ကျန်တဲ့လူတွေအားလုံး ကုသ တော်အပါအဝင်က အဆိပ်ထည့်နိုင်တာဘဲ၊ ရန်အောင်သိန်းက သောက်

www.burmeseclassic.com

လိုက်၊ ဖန်ခွက်ပြန်ချလိုက် စကားပြော
လိုက်နဲ့ဆိုတော့ သူ့ဖန်ခွက်ထဲ ဘယ်
သူကဘဲ အဆိပ်ထည့်ထည့်ရတယ်"

"ရန်အောင်သိန်း သူ့ဟာသူ
သတ်တယ်ဆိုတာ မင်းမယုံဘူးလား"

"မယုံဘူးဗျာ၊ မခင်ဦး သူ့ဟာ
သူ သတ်တယ်ဆိုတာလဲ မယုံဘူး။
ဒီထဲမှာ လူသတ်သမား သေသေချာ
ချာရှိတယ်၊ ရန်အောင်သိန်းနဲ့ မခင်ဦး
ဟာ အသတ်ခံရတာ သေချာပါတယ်"

"အင်း..."

"ကိုယ့်ကိုယ်ကို သတ်သေဘို့
အတွက် အဆိပ်ကို ဘယ်သူက
ဆောင်ထားမလဲ၊ တကယ်ဘဲဆောင်
တယ်ထားပါ၊ မခင်ဦးကလဲ ဆောင်
တာများလား။ ဘယ်နည်းနဲ့မှ မဖြစ်
နိုင်ဘူး"

ကုသက မဲ့ရွဲ့ပြောလိုက်သည်။
သူ၏အရုပ်ဆိုးသော မျက်နှာမှာ
ကြောက်စရာကြီးအသွင်ဖြစ်သွားသည်။

"အင်း..."

"ဟောဒီကျွန်းပေါ်မှာ လူသတ်
သမားရှိတယ်၊ ကျွန်တော်တို့လူစုထဲမှာ
လူသတ်သမားမရှိတာသေချာရင်တော့
ဒီကျွန်းပေါ်က တနေရာရာမှာ ပုန်းနေ
ရမယ်၊ ကျွန်တော်တို့ ရှာကြည့်ဘို့
ကောင်းတယ်၊ ဒီကျွန်းဟာ ဘယ်
လောက်မှ ကြီးတာလဲမဟုတ်ပါဘူး။
အလွန်ဆုံးရှိလှရင် မိုင်ဝက်ကျော်ကျော်
လောက်ဘဲရှိမယ်၊ သစ်ပင်ကြီးကြီး
ဆိုလို့ ဒီနေရာမှာဘဲရှိတယ်၊ ကျန်တဲ့
နေရာတော့ ကျောက်တုံးကျောက်စွန်း
နဲ့ ဟို ဆိပ်ကမ်းဘက်က ဆိုရင်
ကျောက်ကမ်းပါးကြီးတစ်ခုဘဲရှိတယ်၊
လူသတ်သမားပုန်းရင် အဲဒီနေရာမှာ
ဘဲရှိနိုင်မယ်"

ကုသက မော်တော်ဘုတ်
ဆိုက်ကပ်သည့် အနီးတဝိုက်မှ
ကျောက်တုံးများဘက်သို့ လက်ညှိုးထိုး
ပြသည်။

"အေး...အဲဒါကောင်းတယ်၊
တို့နှစ်ယောက်ထဲ ရှာကြမှာလား"

"ဟိုလူကိုပါ ခေါ်နိုင်ရင်ကောင်း
မယ်၊ ဖိုးသာအေးဆိုတဲ့ လူကိုပြော
တာပါ။ ကျွန်တော့်ဆီမှာတော့ ခြောက်
လုံးပြူးရှိတယ်၊ ကြောက်စရာမလိုဘူး"

ကုသက သူ့ခါးကိုပုတ်ပြသည်။

* * *

၂၁

ဖိုးသာအေးကို လွယ်ကူစွာဖြင့်
ဆွယ်၍ရကြသည်။

သစ်ပင်ကြီးများကြားမှ ဖြတ်၍
သွားရသည့် အတူတူ သုံးယောက်
သား သစ်ပင်ကြီးများပေါ်သို့ ကြည့်၍
သွားကြသည်။ သစ်ပင်ပေါ်တွင်လည်း
လူသတ်သမားများ ပုန်းအောင်းနေနိုင်
သည့်နေရာဖြစ်သည်။

ဆိပ်ကမ်းအနီး ကျောက်တုံး
များကြားပါမကျန် လှမ်းကြည့်ကြ
သည်။

တနေရာတွင် ကျောက်ရိပ်ကို
ခိုပြီး ကျောက်တုံးကြီးကိုမှီ၍ ခြေဆင်း
ထိုင်လျက် အဝေးတွင်မြင်ရသော
ညို့ညို့မှိုင်းမှိုင်း တောတန်းကြီးကို
ကြည့်နေသော ဗိုလ်မှူးစံကင်းမောင်
ကို မြင်ကြသည်။ စံကင်းမောင်သည်
သူ့နောက်မှ ခြေသံကြားသည်ကို
လှည့်မကြည့်၊ အတွေးနယ်ထဲတွင်
နစ်မျောနေ၍ ခြေသံကိုပင် ကြားဟန်
မတူပေ။

သူ့ဘေးမှရပ်လိုက်သော လူ
ဇော်မင်းကိုလည်း သူမော်၍မကြည့်၊
မျက်တောင်မခတ် မျက်လုံးအိမ်မရွေ့
ဘဲ ငေးလျက်ပင်ရှိသည်။ လူဇော်မင်း
က ချောင်းတချက်ဟန့်လိုက်မှ မျက်
လွှာအနည်းငယ်ပင့်၍ ကြည့်လိုက်
သည်။

"ဒီနေရာကတော့ တော်တော်
တိတ်ဆိတ်တဲ့ နေရာဘဲနော်"

လူဇော်မင်းက စကားစလိုက်
သည်။

"အင်း...အချိန်မရှိတော့ဘူး။
အချိန်ကလဲ နည်းနည်းဘဲရှိတော့
တယ်၊ ကျွန်တော့်ကို ဘယ်သူမှ
မနှောင့်ယှက်ကြဘို့ တောင်းပန်ချင်
တယ်ဗျာ"

စံကင်းမောင်ကပြောလိုက်၍
သုံးယောက်သား အံ့အားသင့်သွားကြ
သည်။

ဆက်ပါဦးမည်....

ရဲစိုး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စနေမောင်မောင်

နှင့်

# မေရီကောလင်းမီသားစု

မင်းသိခ်

ကျွန်ုပ်သည် နှစ်ပေါင်းများစွာ စနေမောင်မောင်ဆိုသော လူထူးလူဆန်းကြီးနှင့် ကွဲကွာခဲ့ပြီးနောက် ရန်ကုန်မြို့တွင် ပြန်လည်၍ ဆုံတွေ့ခွင့်ရပြန်လေ၏။ စနေမောင်မောင်သည် ယခင်နေထိုင်ခဲ့သော ကျိုက္ကဆံလမ်းရှိ နှစ်ထပ်အိမ်မည်းကြီး၌ နေထိုင်လေ၏။ ကျွန်ုပ်သည် ၎င်းနှင့်အတူ သွားရောက်နေထိုင်၍ ၎င်းခိုင်းစေသမျှကို ကျိုးနွံစွာ လုပ်ကိုင်ပေးခဲ့လေ၏။ ကျွန်ုပ်က စနေမောင်မောင်အား -

"ဘယ်လိုလဲ ဆရာကြီး။ ဘယ်နေရာက ရတနာသိုက်ကို တူးဖို့ရှိသေးသလဲ"

ဟုမေးရာ ၎င်းက -

"အင်္ဂလိပ်အစိုးရက မျက်စိဒေါက်ထောက် ကြည့်နေတယ်ဗျ။ အဲဒီအလုပ်တွေ ရပ်ထားဦးမှ၊ အဲဒါတွေကို ရပ်ထားပြီး ဘာမှမလုပ်ဘဲ ထိုင်ပြီး သုံးဖြုန်းနေရင်လည်း သက်ာမကင်း ဖြစ်နေဦးမှာ။ အဲဒါကြောင့် ကျုပ်ဖြင့် ကြေးကောင်းကောင်းယူပြီး လက္ခဏာဖတ်တဲ့အလုပ်ကို လုပ်ပြနေမလားလို့ စိတ်ကူးမိတာပဲ"

ဟု စနေမောင်မောင်က ပြန်၍ပြောလေ၏။ ထိုအခါ ကျွန်ုပ်က -


"ကြေးကောင်းကောင်း ပေးပြီး လက္ခဏာကြည့်တဲ့လူက ရှားလိမ့်မယ် ဆရာကြီး"

ဟု ကျွန်ုပ်က စောဒကတက်မိလေ၏။ ထိုအခါ စနေမောင်မောင်က

"ခင်ဗျားပြောသလို ဟုတ်ရိုးလားဗျာ။ ကြေးကောင်း ကောင်းပေးပြီး ကြည့်နိုင်တဲ့ မျက်နှာဖြူတွေ ရှိတယ်ဗျ။ ပြီးတော့ ကျုပ်တို့ ဗမာတွေထဲက ကျကျနနသာ မှန်စမ်းပါစေဗျာ၊ ကြေးကောင်းကောင်းပေးဖို့ ဝန်မလေးကြပါဘူး။ ဥပမာဗျာ…သိန်းနဲ့ချီပြီးတန်တဲ့ ကိစ္စတစ်ခုကို စွန့်စားပြီးလုပ်မယ့် ကုန်သည်တစ်ယောက်ဟာ ကျိန်းသေကာမှ ဖြစ်မယ်၊ မဖြစ်ဘူးလို့ ပြောနိုင်တဲ့ ဆရာဆီမှာမေးဖို့ ငွေတစ်ထောင်ပေးဖို့ နှမြောမယ်များထင်နေသလား"

ဟု ပြန်၍မေးလေ၏။

ထို့နောက် စနေမောင်မောင်သည် ကြွေရည်သုတ်သံ ပြားကြီးတစ်ချပ်ကို ကာလကတ္တားမှ မှာယူလိုက်လေ၏။ ထိုသံပြားကြီးပေါ်၌လည်း ဆယ့်နှစ်ရာသီခွင်ပုံကြီးတစ်ခု ရိုက်နှိပ်လျက် ပါလာလေ၏။ ထိုပုံကြီးကို ၎င်း၏အလုပ်ခန်းနံရံ၌ တပ်ဆင်လိုက်လေ၏။ ၎င်းဆယ့်နှစ်ရာသီဂြိုဟ်ခွင်ကြီးကို ကျွန်ုပ် ကောင်းစွာ မမှတ်မိတော့ပါ။ မှတ်မိသရွေ့ ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်ပေလိမ့်မည်။



ထို့နောက် လွန်စွာရှုပ်ထွေးသော လူပုံတစ်ပုံပါဝင်သည့် ကားချပ်ကြီးတစ်ခုကိုလည်း ချိတ်ဆွဲပြန်လေ၏။ ထိုပုံ ကြီးကိုလည်း ကျွန်ုပ်အနေနှင့် မှတ်မိသရွေ့ ဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်ပေလိမ့်မည်။

"အဲဒီပုံကြီးက ဘာပုံကြီးလဲဗျ"

ဟု ကျွန်ုပ်က မေးရာ စနေမောင်မောင်က…


"ကာဗလာအတတ်၌ လာရှိသော



www.burmeseclassic.com

www.burmeseclassic.com

ဘဝဖြစ်စဉ် လူ့တစ်ပင်" (The Kabalistic Tree of Life) ဟူ၍ ဆရာကြီး စနေမောင်မောင်က ကဗျာဆန်ဆန် ပြန်၍ပြောလေ၏။




ထိုအခါ ကျွန်ုပ်က...

"ဆရာကြီးပြောတဲ့ (Kabala) ကဗလာဆိုတာကို ကျွန်တော် နားမလည်တာ"

ဟု ပြောလိုက်ရာ စနေမောင်မောင်က...

"အဲဒီကဗလာဆိုတာက ဟီးဘရူး စကားဗျ။ သူ့ရဲ့ အဓိပ္ပာယ်ကို တော်တော်များများ ကျမ်းစာအုပ်တွေမှာ ဒီလို ဖွင့်ဆိုတယ်။ (Dectrines Received From Tradition) ရှေးလူကြီးသူများ၏ အဆိုအမိန့်များလို့ အဓိပ္ပာယ်ရတယ် ကိုအောင်ထွန်း။ နောက်ပြီးတော့ ရှေးဟောင်း ဟီးဘရူးတွေရဲ့ အတွင်းစည်းပညာဆိုတာ ရှိသေးတယ်ဗျ။ ပညာကို သူတို့က နှစ်မျိုးခွဲပြီး နားလည်တယ်။ အပြင်စည်းပညာ၊ အတွင်းစည်းပညာလို့ ရှိတယ်ဗျ။ အဲဒါကို သူတို့က စက်ဝိုင်းနှစ်ခုနဲ့ ပြတယ်ဗျ။ အဲဒီမှာ ကြည့်..."

ဟု ဆိုကာ စက်ဝိုင်းကြီးနှစ်ခုကို ဆွဲပြလေ၏။ ထိုစက်ဝိုင်းနှစ်ခုအတွင်း၌လည်း စာများရေးထည့်လိုက်လေ၏။





ထိုစာတို့၏အဓိပ္ပာယ်မှာ အတွင်းစည်းနှင့် အပြင်စည်း ပညာရပ်ဟု အဓိပ္ပာယ်ရလေ၏။

ထိုအခါ စနေမောင်မောင်က..

"ဟီးဘရူးတွေက ပညာရပ်ကို အဲဒီလို နှစ်မျိုးခွဲပြီးထားကြောင်း သူတို့ရဲ့ ရှေးဟောင်းလောကီကျမ်းတွေမှာ ဖော်ပြလေ့ရှိတယ်။ ဒါကြောင့် သူတို့ လောကီပညာမှာ တန်ခိုးဆိုတဲ့ အမှတ်အသားကို အဲဒီစက်ဝိုင်းနှစ်ခုနဲ့ ဖော်ပြလေ့ရှိတယ်။ အလွယ်ရေးလိုက်တော့ အင်္ဂလိပ်(ရှ်)ဂဏန်းကို တုံးလုံးလှဲပြီး ရေးထားတဲ့ ပုံစံမျိုး ဖြစ်သွားတာပေါ့ဗျာ။ ဟောဒီမှာကြည့်"

ဟုဆိုကာ အောက်ပါပုံကို ရေးဆွဲပြလေတော့၏။

စနေမောင်မောင်သည် အခန်းကို စိတ်ကြိုက်ပြင်ဆင်ပြီးနောက် စာရွက်တစ်ရွက်ကိုယူကာ ကလောင်တံဖြင့် အောက်ပါအင်္ဂလိပ်စာများကို သွက်လက်စွာ ရေးလေတော့၏။



**EXTENSIVE ASTROLOGICAL READING**

Prepared according to my specialsystem based on solar signs. This reading gives simple thorough and direct delineations and advice on all special influences affecting your whole life such as HEALTH; FRIENDS; PROFESSION; FORTUNE MARRIAGE; THE FAVOURABLE AND UNFAVOURABLE PERIODS OF LIFE; detailed advice on times and seasons appropriate to certain works and the most effective means of prevention any ill-luck overtaking you. The reading also describes the mystic gems to be worn by you for general good-luck, describes your lucky day and colour. Your lucky number also is described and its significance on your lifes is explained.

SATURN MAUNG MAUNG
BURMA

အထက်ပါစာကို ရေးပြီးနောက် ဆရာကြီးစနေမောင် မောင်သည် ကျွန်ုပ်အား...

"အင်္ဂလိပ်သတင်းစာ တစ်စော မှာ သွားပြီးထည့်ဗျာ"

ဟု ဆိုသဖြင့် ကျွန်ုပ်လည်း သတင်းစာတိုက်သို့ သွားရလေ၏။ လမ်း



www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုစာကိုဖတ်ကြည့်ရာ အောက်ပါအတိုင်း အဓိပ္ပာယ်ရလေ၏။

"အံ့မခန်း ဟောစာတမ်းကြီး"

သူရိယနေမင်းပေါ်တွင် အခြေခံ၍ တွက်ချက်သော ကျွန်ုပ်၏ အထူးဟောစာတမ်းကြီးသည် သင့်အား ရိုးရှင်းခြင်း၊ အသေးစိတ်ကျခြင်းနှင့်တကွ သင်၏ဘဝတွင် အထူးတလည် အကျိုးအပြစ်ပြုစေမည့် ကျန်းမာရေး၊ ပေါင်းသင်းဆက်ဆံရေး၊ အလုပ်အကိုင်၊ ကံကြမ္မာ၊ အိမ်ထောင်ရေးတို့အပြင် သင့်ဘဝ၏ ကံဇာတာမြင့်တက်သောကာလ၊ ကံဇာတာ နိမ့်ပါးညှိုးနွမ်းသော ကာလတို့ကို အချိန်ရာသီနှင့်တကွ ဖော်ပြထားသည်ဖြစ်ရာ ကံဆိုးခြင်းအတွက်လည်း သင့်အဖို့ ထိရောက်စွာ ကာကွယ်နိုင်ပေလိမ့်မည်။ ထို့အပြင် ဤဟောတမ်းကြီး၌ မည်သည့်ကျောက်မျက်ရတနာကို ဆင်မြန်းထားခြင်းဖြင့် ဘေးဘယာဝေးကွာ၍ကျက်သရေတိုးစေမည့် အဆောင်ကောင်း၊ ကျောက်ကောင်းတို့ကိုလည်း ဖော်ပြထား ပါသည်။ ထို့အပြင် သင့်အဖို့ ကံကောင်းစေသော နေ့ ရက်၊ အရောင်အဆင်းတို့ကိုလည်း ဖော်ပြထားပေသည်။ သင့်ဘဝတစ်လျှောက်လုံး သုံးစွဲရမည့် ကံကောင်းသော သင်္ချာဂဏန်းကိုလည်း ရှင်းလင်းလမ်းညွှန်ပြထားမည် ဖြစ်ပေသည်။

စနေမောင်မောင်

မြန်မာပြည်

ဆရာကြီး စနေမောင်မောင်၏ ကြော်ငြာသည် အင်္ဂလိပ်သတင်းစာကြီးတစ်စောင်၌ ပါ၍လာလေ၏။ ထိုကြော်ငြာပါ၍လာပြီး နောက်တစ်နေ့ ၁၀ နာရီခန့်တွင် ကျွန်ုပ်တို့ အိမ်ကြီးရှေ့သို့ ရထားလုံးတစ်စီး ဆိုက်ရောက်လာလေ၏။ ထိုရထားလုံးပေါ်မှ အသက် ၃၀ ကျော်အရွယ် မျက်နှာဖြူ အမျိုးသမီးတစ်ဦးနှင့် အသက် ၅၀ ကျော်အရွယ် မျက်နှာဖြူ အမျိုးသမီးကြီးတစ်ဦး၊ ရှစ်နှစ်အရွယ် ယောက်ျားလေးတစ်ဦး ဆင်း၍လာလေတော့၏။ ထိုအခါ ကျွန်ုပ်က သွား ရောက်ကြိုဆိုကာ···

"ဘာကိစ္စ ရှိပါသလဲခင်ဗျာ"

ဟု အဓိပ္ပာယ်ရသော အင်္ဂလိပ်စကားဖြင့် မေးမြန်းလိုက်ရာ အသက် ၃၀ ကျော်အရွယ် မျက်နှာဖြူအမျိုးသမီးက···

"စနေမောင်မောင်ရဲ့ ကြော်ငြာကို တွေ့ရလို့ပါ။ သူ့ဆီမှာ ကျွန်မတို့ရဲ့ ကံကြမ္မာကို မေးမြန်းကြည့်ချင်လို့ပါ"

ဟု ပြန်၍ပြောသဖြင့် ကျွန်ုပ်လည်း ဆရာကြီးစနေ မောင်မောင်၏ အလုပ်ခန်းသို့ ထိုသုံးဦးအား ခေါ်၍ သွားရလေ၏။

၎င်းတို့သုံးဦးသည် စနေမောင်မောင်၏ အခန်းတွင်းသို့ ဝင်သွား၏။ လူကြီးနှစ်ဦးမှာမူ ကုလားထိုင်၌ ဝင်၍ထိုင်လေ၏။ ကလေးငယ်မှာမူ ကုလားထိုင်၌ ဝင်၍ထိုင်ခြင်းမပြုဘဲ အဝင်ပေါက်တံခါးကိုမှီကာ ခြေထောက်တစ်ဖက်ကိုကွေး၍ မတ်တတ်ရပ်နေလေ၏။ ထိုအခါ စနေမောင်မောင်သည် မျက်နှာဖြူမိန်းမအား အမည်နာမကို မေးလိုက်လေ၏။ ထိုအခါ မျက်နှာဖြူမိန်းမက "မေရီကောလင်း"ဟု ခေါ်ကြောင်း ပြောလိုက်လေ၏။ စနေမောင်မောင်သည် စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိရှိုက်ဖွာရင်း မေရီကောလင်းအား··

"ဟိုကလေးက မင်းရဲ့ကလေး မှတ်တယ်"

ဟု ပြောလိုက်ရာ မေရီကောလင်းက···

"မှန်ပါတယ်ရှင်၊ ကျွန်မကလေး ပါပဲ"

ဟု ပြောလေ၏။ ထိုအခါ စနေမောင်မောင်က -

"ကလေးအဖေ မရှိရှာတော့ဘူးကိုး"

ဟု ပြောလိုက်ရာ မေရီကောလင်းက···

"မှန်ပါတယ်ရှင် မရှိရှာတော့ပါဘူး။ အထူးသဖြင့်ကတော့ ကလေးအဖေရဲ့ ကံကြမ္မာကို ပိုပြီးသိချင်ပါတယ်။ ကျွန်မတို့နဲ့ ပြန်ပြီးဆုံဖို့ရှိမရှိ သိလိုပါတယ်"

ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်သည် မေရီကောလင်း၏လက်ကို ပေါင်ဒါမှုန့်ဖြူး၍ လမ်းကြောင်းများကို စစ်ဆေးကြည့်ရှုပြီးနောက်···

"ဒီမှာ မေရီ၊ မင်းတို့အဖြစ်ဟာ နည်းနည်းကလေး ဆန်းနေတယ်။ စိတ်ဝင်စားဖို့လည်း အတော်ကောင်းတယ်။ ဒါပေမယ့် မင်းရဲ့လက္ခဏာကိုကြည့်ပြီး မင်းယောက်ျားရဲ့ အဖြစ်အပျက်ကို စဉ်းစားရတာဆိုတော့ ကျုပ်အဖို့ အခက်အခဲကလေး နည်းနည်းတွေ့နေတယ်။ ကျုပ်ကို မေးခွန်းကလေး နည်းနည်း မေးခွင့်ပြုရင် ကျုပ်အနေနဲ့ ထူးခြားတဲ့ အဖြေမျိုး ပေးနိုင်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလိုက်ရာ မေရီကော လင်းက・・

"ကျွန်မအနေနဲ့ စနေမောင်မောင်ရဲ့ အကြံဉာဏ်တွေကို အများကြီးယူဖို့ လာတာ။ ဘာဖြစ်လို့ စနေမောင်မောင် မေးတဲ့ မေးခွန်းတွေမဖြေဘဲနေရမှာလဲ"

ဟု ပြောလိုက်လေ၏။ ထိုအခါ ကျွန်ုပ်က・・・

"မေရီဟာ မေရီယောက်ျားနဲ့ ပြန်လည်ဆုံစည်းဖို့ ရှိမရှိ သိချင်တာလား"

ဟု မေးလိုက်လေ၏။

"အဲဒါကတော့ ပထမအချက်ပါပဲ။ ဒါပေမယ့်လည်းပဲ ကျွန်မစိတ်မှာ ကိုက ပြန်ပြီးဆုံရလိမ့်မယ်လို့ မထင်တော့ပါဘူး"

ဟု မေရီက ပြောလိုက်လေ၏။

"ဒီမှာမေရီ မင်းပြောပုံအရဆိုရင် သေသွားတာမဟုတ်ဘူး။ ပျောက်ဆုံးသွားတာလို့ အဓိပ္ပာယ်ရနေတယ်"

ဟု စနေမောင်မောင်က ပြောလိုက်ရာ မေရီက

"မှန်ပါတယ် ပျောက်ဆုံးသွားတာပါ"

ဟု စိတ်မကောင်းသော မျက်နှာနှင့် ပြန်၍ဖြေလိုက်လေ၏။

စနေမောင်မောင်သည် သောက်လက်စ စီးကရက်အတိုကို ပြာခွက်အတွင်း ထိုး၍ချေလိုက်ပြီး မေရီကော့လင်းအား -

"ကဲ・・・ပြောစမ်းပါဦး ဘယ်ပုံဘယ်နည်း ပျောက်သွားတာလဲ"

ဟု မေးလိုက်လေ၏။

ထိုအခါ မေရီကောလင်းက・・・

"ကျွန်မယောက်ျားက ဗြိတိသျှ အစိုးရခန့်ထားတဲ့ ဆိပ်ကမ်းအရာရှိတစ်ဦးပါပဲ။ အိန္ဒိယပြည်မှာလည်း အလုပ်တာဝန် ကျေပွန်ပါတယ်။ တရုတ်ပြည်မှာလည်း တာဝန်ကျေပွန်ပါတယ်။ ကျွန်မယောက်ျားဟာ ခါတိုင်းကတော့ ပုံမှန်ပါပဲ။ တရုတ်ပြည်ရောက်ပြီး တစ်နှစ်လောက်ကြာတဲ့အခါမှာ အပြောင်းအလဲကလေး နည်းနည်းဖြစ်လာတယ်။ အဲဒါကတော့ တရုတ်တစ်ယောက်ရဲ့ မိတ်ဆွေဖြစ်ရာက စတယ်ဆိုပါတော့။ အဲဒီတရုတ်က ကာစတန်ကပစ္စည်းတွေကို ထုတ်ပေးတဲ့အလုပ်ကို လုပ်ပါတယ်။ တရုတ်လူမျိုးများဟာ ရုံးပြင်ကနားကို သွားရမှာ စိတ်ဝင်စားလေ့မရှိပါဘူး။ သူကတော့ တရုတ်ထဲမှာ ရုံးပြင်ကနားကို စိတ်ဝင်စားတဲ့ တရုတ်တစ်မျိုးပဲ။ ကာစတန်ရုံးကိုလာတယ်။ လိုအပ်တဲ့ စာရွက်စာတမ်း အထောက်အထားတွေ တင်ပြတယ်။ ပေးစရာရှိတာတွေကို ပေးတယ်။ ပြီးတော့ ကုန်ရုံကို သွားပြီး ပစ္စည်းထုတ်တယ်။ အဲဒီလို ဆောင်ရွက်ပေးတဲ့ ဆောင်ရွက်ခအဖြစ် သူက ပိုက်ဆံယူတယ်။ ဒီလူဟာ အသိမိတ်ဆွေလည်း အလွန်အင်မတန် ပေါပါတယ်။ ကျွန်မအထင်ပြောရရင် သန်းပေါင်းများစွာသော တရုတ်လူမျိုးအားလုံး သူနဲ့သိနေတယ်ထင်ပါရဲ့။ သူ့ရဲ့ နာမည်က ဂျောက်ကာဖိုက်လို့ ခေါ်ပါတယ်။ အဲဒီလူဟာ အတော့်ကို ထူးခြားတယ်။ သူ့မှာ ဆိတ်သတ္တဝါနဲ့တူတဲ့ မုတ်ဆိတ်မွေး ရှည်ရှည်ကော့ကော့ကလေးလည်းရှိတယ်။ ပြီးတော့ သူ့ရဲ့ မျက်ခုံးမွေးနှစ်ဖက်ဟာလည်း လေးဆယ့်ငါးဒီဂရီလောက် အပေါ်ကိုတက်နေတယ်။ ဗဟုသုတ စုံလိုက်တာကလည်း ပြောမနေပါနဲ့တော့။ နှံ့စပ်တဲ့ နေရာမှာလည်း ပြောမနေနဲ့တော့။ ကမ္ဘာမှာ တစ်ပြားတန်တံဆိပ်ခေါင်းကလေး ပျောက်သွားတဲ့အမှုကနေစပြီးတော့ ကမ္ဘာတစ်ခြမ်းဖဲ့ပြီး ဝယ်လို့ရတဲ့ ကိစ္စအထိ သူကသိနေတယ်။ အထူးသဖြင့် သူကျွမ်းကျင်တာကတော့ အဆိပ်အမျိုး

ဒီကမ္ဘာကြီးမှာ အဆိပ်ဖော်တဲ့နည်းတွေ အောင်မြင်လို့ လူတွေအတွက် ဘာများအကျိုးရှိမှာလဲ။ ဒါလင်ရဲ့အလုပ်ကို ရပ်တန်းကရပ်ရင် ကောင်းမယ်လို့ပြောလိုက်တယ်။ အဲဒီအခါ ကျွန်မယောက်ျားက ပြုံးလိုက်တယ်ရှင်။ သူပြုံးလိုက်ပုံကို ကျွန်မ တစ်သက်မမေ့တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

မျိုး ဖော်စပ်ခြင်းအတတ်ဖြစ်ပါတယ်။ ကျွန်မယောက်ျားဟာ သူနဲ့ပေါင်းမိတဲ့ နေ့ကစပြီး အဆိပ်အကြောင်း လေ့လာတော့တာပဲ။ သွားတိုက်ဆေးနဲ့ ဇဝက်သာ နှစ်ခုပေါင်းရင် အလွန်အင်မတန် ပြင်းထန်တဲ့ အဆိပ်တစ်မျိုး ဖြစ်တယ်ဆိုတာ ဘယ်သူမှမသိဘူး။ ဂျော်ကာဖိုက်ကတော့ သိတယ်"

ဟု ပြောလိုက်လေ၏။

မှတ်ချက် ။ ။ လျက်ဆားထဲတွင် ဇဝက်သာ အများစုပါပါသည်။ လျက်ဆားပုလင်းကို သွားပွတ်တံအမြီးဖြင့် နှိုက်စားကာ စင်ကြယ်အောင် မဆေးမိတဲ့ သွားတိုက်သူများ မကြာခဏ ဆေးရုံကိုရောက်ကြောင်း တွေ့ရပါသည်။ ကျွန်တော့် အိမ်၌နေသော တပည့်ကလေးတစ်ဦးပင် ယမန်နှစ်က ထိုအဆိပ်မျိုး ထိသွားသဖြင့် အတော်ကလေး ကုသယူရပါသည်။ ထို့ကြောင့် ချစ်စွာသော စာဖတ်သူများ လျက်ဆားနှင့် သွားတိုက်ဆေး မတည့်ပါ။ စိတ်ချလက်ချ ယုံကြည်ကြပါဟု သတိပေးအပ်ပါသည်။

(စာရေးသူ)

စနေမောင်မောင်သည် စီးကရက်အသစ်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိရှိုက်ဖွာရင်း မေရီကောလင်း၏စကားကို ဆက်လက်နားထောင်နေလေ၏။ ထိုအခါ မေရီကောလင်းလည်း ဆက်၍ ပြောလေ၏။

"အဲဒီလို ကျွန်မယောက်ျားဟာ တရုတ်လူမျိုး လူထူးလူဆန်း ဂျောက်ကာဖိုက်နဲ့ ရင်းရင်းနှီးနှီး ပေါင်းသင်းရင်း အဆိပ်ဖော်တဲ့ အတတ်ပညာကို စူးစူးစိုက်စိုက် လေ့လာလိုက်တာ ကျွန်မမွေးထားတဲ့ ကြောင်ကလေးတွေရော၊ ခွေးကလေးတွေရော ကုန်တော့တာပဲရှင်။ သူ့အဆိပ်တွေကို စမ်းသပ်တာလေ။ အဲဒါနဲ့ တိုတိုပြောရရင် ကျွန်မယောက်ျားဟာ အလုပ်တာဝန်နဲ့ ရှင်တို့မြန်မာပြည်ကို ပြောင်းရွှေ့လာခဲ့ရရော ဆိုပါတော့။ ကျွန်မတို့ ဘာဂျော်ဂျီကုန်းဘက်မှာနေတယ်။ ကျွန်မယောက်ျားဟာ သူ့ရဲ့အဆိပ်တွေကို စမ်းသပ်ဖို့ မှော်ဘီဘက်မှာ ခြံတစ်ခြံဝယ်ပြီး သိုးတွေ၊ ဆိတ်တွေ၊ ယုန်တွေ မွေးတော့တာပဲ။ အချိန်တော်တော်များများကို မှော်ဘီခြံမှာပဲ ဖြုန်းပစ်တယ်။ ဟောဒီသားကလေး ဂျော်နီကောလင်း ကိုယ်ဝန် ဓနုစေ့လစေ့ အချိန်လောက်မှာပဲ ကျွန်မကို ထူးဆန်းတဲ့ စကားတစ်ခွန်းပြောတယ်။ မေရီရေတဲ့၊ ဒါလင် နှစ်ပေါင်းများ စွာစမ်းသပ်ခဲ့တဲ့ ကိစ္စကတော့ အောင်မြင်ပါပြီတဲ့။ အဲဒီလိုလည်း ပြောရော ကျွန်မဟာ စိတ်ဆိုးလိုက်တာ မပြောပါနဲ့တော့ရှင်။ ဒီကမ္ဘာကြီးမှာ အဆိပ်ဖော်တဲ့နည်းတွေ အောင်မြင်လို့ လူတွေအတွက် ဘာများအကျိုးရှိမှာလဲ။ ဒါလင်ရဲ့အလုပ်ကို ရပ်တန်းကရပ်ရင် ကောင်းမယ်လို့ပြောလိုက်တယ်။ အဲဒီအခါ ကျွန်မယောက်ျားက ပြုံးလိုက်တယ်ရှင့်။ သူပြုံးလိုက်ပုံကို ကျွန်မတစ်သက် မမေ့တော့ဘူး။

သူ့ရဲ့အပြုံးဟာ ကျွန်မစကားကို ထောက်ခံနေတာလား၊ ကန့်ကွက်နေတာလား၊ ချီးမွမ်းနေတာလား၊ ပြစ်တင်ရှုတ်ချနေတာလားဆိုတာတော့ ကျွန်မအတတ်မပြောနိုင်ပါဘူး။ ဒါပေမယ့် အဲဒီအပြုံးဟာ ကျွန်မတစ်သက်မှာ မမေ့နိုင်တော့တဲ့ အပြုံးပါပဲ။

အဲဒီနောက်မှာ သူက ဘာပြောသလဲဆိုတော့ ဒါလင် ဒီည ခရီးထွက်မယ်တဲ့။ ဘာမှလည်း စိတ်မပူနဲ့တဲ့။ အဲဒီလိုမှာပြီး သူဟာ ခရီးထွက်သွားတာပဲ။ အဲဒီည ၈ နာရီမှာပဲ ဂျော်နီလေးကိုမွေးတယ်။ ဩဂုတ်လ ၈ ရက်နေ့ည ၈ နာရီပေါ့ရှင်"

မေရီသည် အထက်ပါအတိုင်း ပြောပြီးနောက် သူ၏ သားကလေးကို လက်တစ်ဖက်ဖြင့် သိုင်းဖက်ပြီးနောက် ဆံပင်ကို လက်တစ်ဖက်ဖြင့် သပ်ပေးနေလေ၏။ ထို့နောက် မေရီက အောက်ပါအတိုင်း ဆက်လက်၍ ပြောပြန်လေ၏။

"ကလေးရှစ်ရက်သားမှာ ဒါလင့်ဆီက စာတစ်စောင်လာတယ်။ အဲဒီစာက မဒရပ်စ်ကနေ ထည့်လိုက်တဲ့စာ။ ယောက်ျားလေးလား၊ မိန်းကလေးလားတဲ့။ သူလည်းကျန်းမာကြောင်း။ အိမ်ကို သတိရကြောင်း။ သူ့အနေနဲ့ လေ့လာစမ်းသပ်နေတဲ့ကိစ္စကြီး အောင်မြင်ပါပြီတဲ့။ သူ့ဆီကိုလည်း စာပြန်ပါတဲ့။ အဲဒါနဲ့ ကျွန်မလည်း သူ့စာမှာဖော်ပြတဲ့ မဒရပ်စ်ကလိပ်စာအတိုင်း ယောက်ျားလေးမွေးကြောင်း ဂျော်နီဟု နာမည်ပေးထားကြောင်း စာပြန်ထည့်လိုက်တယ်"

ထိုအခါ၌ စနေမောင်မောင်သည် မေရီကောလင်းအား...

"ဒီမှာ မေရီ၊ လက်ရေးဟာ သူ့လက်ရေးပဲလား"

ဟု မေးလိုက်ရာ မေရီကောလင်းက...



www.burmeseclassic.com

www.burmeseclassic.com

"သေချာတာပေါ့ရှင် ဒါလင့်လက်ရေးမှ အစစ်ပါပဲ"

ဟု ပြန်၍ဖြေလေ၏။

"နောက်ကော • • •စာလာသေးသလား"

ဟု စနေမောင်မောင်က မေးပြန်လေ၏။

"ကလေး ရက်ရှစ်ဆယ်ပြည့်တဲ့နေ့မှာ စာတစ်စောင်ထပ်ပြီးလာတယ်။ စာထဲမှာတော့ ကျွန်မတို့သားအမိ ဘာမှမပူပါနဲ့။ ကျွန်မရဲ့ မိခင်ကြီးလည်း သတိရကြောင်း (ထိုသို့ပြောလိုက်သည့်အခါ၌ မေရီနှင့်အတူပါလာသော မျက်နှာဖြူ အဘွားကြီးက ခေါင်းညိတ်ပြလေ၏။) သားကလေးရရှိတဲ့အတွက် မေရီအတွက် အားကိုးအားထားရမယ့်အကြောင်းလည်း စာထဲမှာ ပါတယ်"

ဟု မေရီက ပြောလေ၏။

စနေမောင်မောင်သည် မီးခိုးများကို မှုတ်ထုတ်ရင်း -

"မေရီရေ နောက်ထပ်ရော စာလာသေးလားကွယ်"

ဟု မေးလိုက်ရာ မေရီ၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝိုင်းလာလေတော့၏။ ထို့နောက်မှ မေရီက

"လာပါတယ်ရှင်။ အဲဒီစာဟာ နောက်ဆုံးစာပါပဲ။ ဂျော်နီလေး ရှစ်လတင်းတင်းပြည့်တဲ့ ဧပြီလ ၈ ရက်နေ့မှာ ရောက်လာတဲ့စာ ဆိုပါတော့။ အဲဒီစာမှာတော့ ဒါလင့်ကို မမျှော်လင့်နဲ့တော့။ အစိုးရဆီက ရသင့်ရထိုက်တဲ့ ငွေကလေးထုတ်ပြီး မော်ဘီက ဒါလင့်ခြံထဲကိုပြောင်းတော့။ အိမ်ကိုလည်း မပြင်နဲ့တဲ့။ အိမ်က နှစ်ထပ်အိမ်ဆိုတော့ ဒါလင်တို့သားအမိရော၊ အမေကြီးရော နေလောက်ပါတယ်တဲ့။ ဒါလင်အဆိပ်တွေစမ်းသပ်တဲ့ မြေတိုက်ခန်းတံခါးကိုတော့ လုံးဝမဖွင့်ပါနဲ့တဲ့။ ဒါလင်လည်း ခရီးမထွက်ခင်ကတည်းက မြေတိုက်ခန်းတံခါးကို သော့ခတ်ရုံနဲ့ အားမရလို့ ပျဉ်ပြားကြီးတစ်ခုနဲ့ တံခါးကိုအသေရိုက်ပိတ်လိုက်ဖို့ ဒရဝမ်အဘိုးကြီးကို မှာထားတယ်။ ဒါပေမယ့် တစ်ခုတော့မှာချင်တယ်။ ဒါလင့်သားလေး ရှစ်နှစ်တိတိပြည့်တဲ့နေ့မှာ အဲဒီတံခါးမကြီးကို ဖွင့်ပါ။ သော့ကိုဖွင့်ပါ။ မြေတိုက်ထဲကိုဝင်ပါ။ အဲဒီမှာ မေရီတို့သားအမိ ဒီတစ်သက်စားမကုန်တဲ့ အမွေတွေ ထားခဲ့ပါတယ်။ ဝင်ပြီးယူပါ။ ရှစ်နှစ်မပြည့်မချင်း မဖွင့်ဖို့တော့ ဒါလင့်အပေါ်မှာ သစ္စာရှိပါလို့ စာထဲမှာ ပါတယ်ရှင့်"

ဟု ပြောလိုက်လေ၏။

ထိုအခါ စနေမောင်မောင်က မေရီ၏ယောက်ျား မွေးသက္ကရာဇ်ကို မေးလိုက်လေ၏။ မေရီကလည်း ပြောပြလိုက်လေ၏။ ကျွန်ုပ်ကလည်း အနီး၌ရှိသော်လည်း မမှတ်မိတော့ပါ။ ထိုသူမှာ ကြာသပတေးသား ဖြစ်ကြောင်းသာ ကောင်းစွာ သိပါသည်။

ဂျော်နီကလေးမှာ စနေသားဖြစ်ကြောင်း စနေမောင်မောင်ပြောသော စကားကြောင့် မှတ်မိပါသည်။ စနေမောင်မောင်သည် ဂျော်နီကလေး၏ မျက်နှာကို ကရုဏာသက်စွာ ကြည့်လိုက်လေ၏။

"ဒီနေ့ ဇူလိုင်လ ၃၁ ရက်ဆိုတော့ ဂျော်နီကလေးရဲ့ ရှစ်နှစ်ပြည့်ဖို့ မွေးနေ့ဟာ ရှစ်ရက်လိုသေးတာပေါ့။ ဒီမှာ မေရီ စိတ်မကောင်းမဖြစ်ပါနဲ့။ မင်းယောက်ျားသေတာ ရှစ်နှစ်ရှိပြီ။ ဂျော်နီလေး အမွေရမယ်ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကျုပ်ပြောတာ မှန်မမှန် ရှစ်ရက်လောက် စောင့်ကြည့်ပါဦး။ ပြီးတော့မှ ကျန်တဲ့ကိစ္စကို ကျုပ်ဟောတာမှန်ခဲ့ရင် ဆက်ပြီးတိုင်ပင်ကြတာပေါ့။ ကျုပ်ဟောတာ မမှန်ဘူးဆိုရင်တော့ စာတိုက်ကနေ စာထည့်လိုက်ပါ။ မင်းပေးသွားတဲ့ လက္ခဏာကြည့်ခငွေကို ပြန်ပို့လိုက်ပါ့မယ် မေရီ"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

မေရီတို့လည်း စနေမောင်မောင်အား လက္ခဏာစစ်ဆေးခ ငွေတစ်ရာ ပေး၍ သွားလေ၏။ ထို့နောက် ရထားလုံးကြီးနှင့် ပြန်သွားကြလေ၏။ ထိုအခါ၌ ကျွန်ုပ်သည် စနေမောင်မောင်အနီး ရှိခုံတွင် ဝင်၍ထိုင်ကာ -

"ဆရာကြီး ရောက်ရောက်ချင်း မေရီရဲ့ကလေးကို အဖေမရှိတော့ပါလားလို့ပြောတာ အံ့သြဖို့ကောင်းလိုက်တာ အဲဒါဆရာကြီး နိုင်ငံရပ်ခြားတွေ သွားတုန်းက လေ့လာခဲ့တဲ့ ပညာဖြစ်မှာပဲ"

ဟု ပြောလိုက်ရာ စနေမောင်မောင်က • • •

"ဦးပုညတို့ အချုပ်တန်းဆရာဖေတို့ခေတ်တုန်းက စာတိုစာစကလေး တစ်ပုဒ်တစ်လေရလို့ ဆိုကြပြောကြတဲ့အခါမှာ တစ်စုံတစ်ယောက်က အဲဒီစာလေးကောင်းလိုက်တာ ဘယ်သူ့ရေးတာလဲ လို့မေးရင် 'ဘယ်သူ့ရေးတာတုံး။ ဦးပုညရေးတာပေါ့'လို့ ခပ်လွယ်လွယ်ပြောလေ့ရှိကြတယ်။ အချုပ်

www.burmeseclassic.com

တန်းဆရာဖေရဲ့ စာတွေကိုလည်း မသိတဲ့လူတွေက စလေဦးပုညရေးတာလို့ သိမ်းကျုံးပြီး စလေဦးပုညထဲ ထည့်လိုက်ကြတော့တာပဲ။ အဲဒီတော့ အချုပ်တန်းဆရာဖေက ဒေါ်ပွပြီး 'စာကောင်းရင် စလေရေးတယ်လို့ မအေပေးတွေက ဆိုကြတယ်'ဆိုပြီး စာချိုးဖူးတယ်ဗျ။ အခုလည်း ခင်ဗျားဥစ္စာက ဒက်ခနဲမှန်တာနဲ့ နိုင်ငံခြားပညာလို့ ပြောမလို့လား။ ဒီလိုဆိုရင် ကျုပ်ကလည်း စာချိုးရလိမ့်မယ်"

ဟု ပြောလိုက်ရာ ကျွန်ုပ်က လက်ကာ၍...

"မလုပ်ပါနဲ့ ဆရာကြီးရယ်"

ဟု ကပျာကယာ ပြောလိုက်ရလေ၏။ ထိုအခါ စနေမောင်မောင်က

"ဒီလိုဗျ။ အဲဒါ ဘာမှခက်တာမဟုတ်ဘူး။ သူ့အမေ ဗေဒင်မေးတဲ့အခါမှာ သူ့သားလေးဟာ တံခါးကိုမှီပြီး ညာဘက်ခြေထောက်ကိုကွေးပြီး ရပ်နေတယ်မဟုတ်လား။ အဲဒီလိုရပ်နေတဲ့နိမိတ်ဟာ အဖေမရှိတော့ဘူးလို့ ရဲရဲတင်းတင်းကို ဟောရမယ့်လို့ ကျုပ်တို့မြန်မာဗေဒင်မှာ ရှိတယ်ဗျ"

ဟု ပြောလိုက်လေ၏။

"ဒီလိုတော့လည်း ဆရာကြီးဥစ္စာက အလွယ်ကလေးပဲ"

ဟု ကျွန်ုပ်က ပြောလိုက်ရာ..

"ခင်ဗျားအပါအဝင် လူတော်တော်များများဟာ လွယ်တာလေးတစ်ချက်တည်းနဲ့ ပညာရပ်ကို အထင်သေးတယ်။ အဲဒါကြောင့် လူတော်တော်များများဟာ မြစ်ကို အလျားလိုက်ကူးနေကြတယ်။ ချောင်းကိုပစ်ပြီး မြစ်ကိုရှာတဲ့လူတွေလည်း အများကြီးပဲ။ ရေသာများပြီး ငါးမတွေ့ရှာကြဘူး"

ဟု စနေမောင်မောင်က ပြောလိုက်လေ၏။

ထို့နောက် ကျွန်ုပ်က...

"ကျိန်းသေပေါက် မြေတိုက်ခန်းထဲမှာ ကလေးအတွက် ထားခဲ့တဲ့ အမွေတွေကို မရပါဘူးလို့ ဆရာကြီး ဘာကြောင့် ဟောလိုက်တာလဲ"

ဟု မေးလိုက်ရာ စနေမောင်မောင်က...

"အဲဒါလည်း လွယ်လွယ်ကလေးဗျ။ ကျုပ်အတွေ့အကြုံအရ ပြောရရင် လွဲကိုမလွဲသေးဘူး။ အမွေရမရ မေးတဲ့လူရဲ့ နေ့နံဟာ အမွေပေးမယ့်လူရဲ့ နေ့နံနဲ့ အတွင်းမိတ်သော်လည်းကောင်း။ ဓာတ်မိတ်သော်လည်းကောင်း မကျရင် အမွေရဖို့ မလွယ်ဘူးဗျ။ ကလေးက စနေသား၊ ဖခင်က ကြာသပတေးသား။ အမွေမရနိုင်ဘူး။ ရတယ်ပဲထားဦး ချက်ချင်းဆုံးရှုံးသွားတတ်တယ်"

ဟု ပြောလိုက်လေ၏။

"ကလေးအဖေ လွန်ခဲ့တဲ့ရှစ်နှစ်က သေပြီလို့ ဆရာကြီးပြောလိုက်တာ ဘာနည်းလဲဗျ"

ဟု ကျွန်ုပ်က မေးလိုက်ရာ စနေမောင်မောင်က -

"ခင်ဗျားလည်း တော်တော်ထူတဲ့လူပဲ။ စောစောက ကလေးခြေထောက်တစ်ဖက်ကွေးပြီး မတ်တတ်ရပ်တဲ့နိမိတ်လည်း တွေ့တယ်လေဗျာ။ ပြီးတော့ ကလေးရှစ်လသားမှာ စာတစ်စောင်လာပြီး နောက်လည်း စာထပ်မလာတော့ဘူးလေဗျာ။ အဲဒီပြီးခဲ့တဲ့ ရှစ်နှစ်ကာလဆိုတာကလည်း မေရီရဲ့ယောက်ျား ကံဆိုးမိုးမှောင်ကျတဲ့ကာလပဲဗျ။ အဲဒါကတော့ တွက်ဂဏန်းတစ်ခုနဲ့ အကျုံးဝင်နေတယ်။ လွယ်တော့ အလွန်လွယ်တယ်။ သူ့ရဲ့ အခြေခံကလေးကို နောက်တော့ ရှင်းပြမယ်။ ကဲ...မနက်စာကလေး ဘာရာမင်ဆိုင်ကောင်းကောင်းမှာ သွားပြီးစားလိုက်ကြဦးစို့"

ဟု ပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး ကိုးရက် မြောက်သောနေ့၌ မေရီကောလင်း တစ်ယောက်တည်း ကျွန်ုပ်ထံသို့ ရောက်လာလေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ကျွန်ုပ်ဆရာကြီး စနေမောင်မောင်နှင့် တွေ့ခွင့်ပေးလိုက်လေ၏။ စနေမောင်မောင်သည် မေရီကောလင်းအား ကရုဏာသက်သော မျက်လုံးဖြင့် ကြည့်လိုက်လေ၏။ သူ၏အကြည့်သည် "ဘယ်လိုလဲ မေရီ၊ ကျုပ်ဟောတဲ့အတိုင်း ဖြစ်နေပြီမဟုတ်လား"ဟု မေးနေသကဲ့သို့ ရှိနေလေတော့၏။ ထိုအခါ မေရီက သူ၏ပိုက်ဆံအိတ်အတွင်းမှ စာရွက်ကလေးတစ်ရွက်ကိုထုတ်၍ စနေမောင်မောင်အား ပြလိုက်လေ၏။ ကျွန်ုပ်လည်း ထိုစာကို လှမ်းမျှော်ကြည့်ရှုလိုက်လေ၏။

ကလောင်တံဖြင့် ရေးထားသော အင်္ဂလိပ်လက်ရေး စောင်းစောင်းကြီးကို တွေ့ရလေ၏။ ထိုစာ၏ အဓိပ္ပာယ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပေသည်။

**ချစ်သောမေရီ**

မင်းပြောခဲ့တဲ့ စကားလေးကို မှတ်



www.burmeseclassic.com

www.burmeseclassic.com

မိဦးမှာပေါ့။ ဒီကမ္ဘာကြီးမှာ အဆိပ်ဖော်တဲ့နည်းတွေ အောင်မြင်လို့ လူတွေအတွက် ဘာများအကျိုးရှိမှာလဲဆိုတာလေ။ အဆိပ်ဆိုတာ သေစေနိုင်တဲ့သဘောရှိတယ်။ အဆိပ်ရဲ့ အခြားသောမျက်နှာစာမှာ အသက်ကိုရှည်စေနိုင်တဲ့သဘောလည်းရှိနေပြန်တယ်။ ရှည်စေတဲ့မျက်နှာစာကို မတွေ့သေးတဲ့အချိန်ကာလအတွင်းမှာ အဆိပ်ဟာ သေခြင်းရဲ့ အမှတ်လက္ခဏာပဲ။

အဲဒီအဆိပ်ထဲမှာပဲ အသက်ရှည်စေတဲ့သဘောတစ်ခု ပါနေတယ်ဆိုတာတော့ နက်နက်ရှိုင်းရှိုင်း အဆိပ်အကြောင်းကို မလေ့လာဖူးတဲ့လူတွေကို ပြောရင် ယုံမှာမဟုတ်ဘူး။

အဆိပ်ဆိုတဲ့ အရာဟာ "သေခြင်းပဲ"၊ သူ့ရဲ့ ဆန့်ကျင်ဘက် ဖြစ်သွားရင် "အသက်ရှည်ခြင်းပဲ"။ ဆန့်ကျင်ဘက်ကို မရောက်ဘဲ ကြားအဆင့်တစ်ခုမှာ သေသူကို မပုပ်မသိုးစေခြင်းဆိုတဲ့ လက္ခဏာတစ်ခု ရှိနေတယ်။

အီဂျစ်ပြည်က ဖာရိုဘုရင်တွေရဲ့ နှစ်ပေါင်းသောင်းချီအောင် ထားလို့ရတယ်ဆိုတဲ့ မံမီရုပ်ကလာပ်တွေမှာ အဆိပ်တစ်မျိုးနဲ့ မပုပ်မသိုးအောင် လုပ်ထားတာကွယ့်။ အဲဒါကို ဒါလင်တွေ့ပြီ။ ဒါပေမယ့် ဒါလင်တွေ့တဲ့ပညာဟာ လောလောလတ်လတ် သေသွားတဲ့လူကို ပါးစပ်ထဲ အဆိပ်တစ်မျိုး လောင်းချပြီး မပုပ်မသိုးအောင် လုပ်ထားတဲ့ပညာပဲ။ အဲဒါကြောင့် သားကလေး ရှစ်ရက်မြောက်တဲ့နေ့လောက်မှာပဲ အဲဒါကို လက်ဆောင်ပေးချင်တယ်။ အဲဒါကြောင့် ဒါလင် ခရီးထွက်မယ်ဆိုပြီး မြေတိုက်ထဲကို ဝင်တယ်။ စက္ကန့်ပိုင်းအတွင်း အသက်ထွက်နိုင်တဲ့ ဒါလင်ကိုယ်တိုင် ဖော်စပ်ထားတဲ့အဆိပ်ကို သောက်လိုက်တယ်။ ပြီးတာနဲ့ ဒရဝမ်ကြီးက မပုပ်မသိုးစေနိုင်တဲ့ ဆေးတစ်မျိုးပဲ ဆိုပါတော့ကွယ်။ အဲဒါကို ဒါလင့်ပါးစပ်ထဲ လောင်းထည့်ပေးလိုက်တယ်။ အခု မေရီတွေ့ရတဲ့ ဒါလင်ရဲ့အလောင်းဟာ လတ်လတ်ဆတ်ဆတ်ကြီးဖြစ်နေတယ်မဟုတ်လား။ အဲဒီတော့ သက်ဆိုင်ရာအစိုးရကိုခေါ်၊ အစိုးရကနေတစ်ဆင့် ဒါလင်တွေ့ရှိထားတဲ့ဆေးကို ရေစစ္စလီပြုလုပ်လိုက်ပြီးတော့ အဲဒီဆေးနည်းကို အစိုးရမှတစ်ဆင့် ကမ္ဘာ့ဆေးဝါးကုမ္ပဏီတွေကို ရောင်းချလိုက်ပေတော့။ အဲဒီက ရမယ့်ငွေဟာ ဂျော်နီလေး သေတယ်သက်စားလို့မကုန်နိုင်ပါဘူး။

မဒရပ်စ်လီပ်စာနဲ့ စာတွေ ပို့နိုင်အောင်တော့ ဒရဝမ်ကြီးကတစ်ဆင့် ဒါလင့်ဆီပို့နိုင်အောင် အသေးစိတ်စီစဉ်ခဲ့တယ်။ ဒါလင် မဒရပ်စ်ကို မရောက်ခဲ့ဘူး။ မေရီကိုနှုတ်ဆက်ပြီး ခရီးထွက်မယ်ဆိုတဲ့နေ့ကနေ ရှစ်ရက်မြောက်တဲ့နေ့မှာ မြေတိုက်ခန်းထဲကိုဝင်ခဲ့ပြီး စီစဉ်စရာရှိတာတွေ စီစဉ်ခဲ့ပြီး ဂျော်နီ ရှစ်ရက်သားမှာ ဒါလင်ဟာ ဘဝတစ်ပါးကို ပြောင်းသွားခဲ့ပြီ မေရီ…။

ဟောဒီစာရွက်အောက်မှာရှိတဲ့ စာရွက်တွေဟာ အကောင်းဆုံး အဆိပ်ဖော်စပ်နည်းနဲ့ မပုပ်မသိုးအောင်လုပ်တဲ့ ဖော်မြူလာပဲ။ အဲဒါတွေဟာ ရွှေတွေပဲ မေရီ…။

ဝွတ်ဘိုင်

မေရီရဲ့ ဒါလင်

ထိုအခါ၌ စနေမောင်မောင်သည် မေရီအားလှမ်း ကြည့်၍…

"ဂျော်နီအတွက် ထားခဲ့တဲ့ အမွေတွေ ဆုံးရှုံးသွားပုံလေးပဲ ပြောပါတော့ မေရီရယ်"

ဟု မေးလိုက်ရာ မေရီက…

"ဘာများပြောစရာရှိလဲ စနေမောင်မောင်ရယ်။ မှော်ဘီကကြွက်တွေပေါ့။ ဒါလင့်အနေနဲ့ မပုပ်မသိုးဘူးဆိုတာ ဟုတ်ချင်ဟုတ်မယ်။ ကြွက်တွေကိုက်ထားလိုက်တာ အရိုးပဲ ကျန်တော့တယ်။ ဖော်မြူလာစာရွက်တွေဆိုတာ ဖတ်လို့မရနိုင်တော့ဘူး။ အကောင်းဆိုလို့ ဒီစာရွက်လေးတစ်ရွက်ပဲ ရှိတော့တယ်ရှင့်"

ဟု ဆိုကာ မေရီသည် ထိုစာရွက်ကလေးအား စနေမောင်မောင်အား လက်ဆောင်အဖြစ်ပေး၍ ပြန်သွားလေတော့၏။

ထိုအခါ၌ စနေမောင်မောင်သည် ကျွန်ုပ်ဘက်သို့လှည့်၍ ပြုံးပြလိုက်လေ၏။ ၎င်း၏အပြုံးမှာ "ပညာရပ်ကို လွယ်တယ်ဆိုတဲ့ အချက်တစ်ချက်တည်းနဲ့ အထင်မသေးလေနဲ့ ကိုအောင်ထွန်း"ဟု ပြောနေသည့်အလား ရှိပေတော့သည်တကား။

သဗ္ဗေသတ္တာ ကမ္မဿကာ

**မင်းသိခ်**



www.burmeseclassic.com

www.burmeseclassic.com

# တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုပုံ

**သမားတော်ကြီးဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)**

## ယောက်သွားခုံး

ယောက်သွားခုံးများသည် အခွံမာနှစ်ခြမ်းဖြင့် ကိုယ်ခန္ဓာကို ဖုံးအုပ်ထားသော အခွံမာ ရေသတ္တဝါဖြစ်သည်။ အခွံနှစ်ခြမ်းသည် ပတ္တာကဲ့သို့ ဖွင့်နိုင်ပိတ်နိုင်၏။ ယောက်သွားခုံး၏အခွံသည် အရင်းပိုင်းထူပြီး အဖျားပိုင်းပါးသွားသည်။ ထက်ခုပ်များနှင့် သဏ္ဍာန်တူသည်။ ယောက်သွားခုံးများတွင် အခွံသုံးထပ်ရှိပြီး အပေါ်ဆုံးထပ်သည် အဖုအထစ်များပါရှိပြီး ကြမ်းတမ်းကာ ညိုမောင်းသောအရောင် ရှိသည်။ အလယ်ထပ်တွင် ထုံးကျောက်ကဲ့သို့ ဖြူ၍ မာပြီး အောက်ဆုံးလွှာတွင် ကနုကမာရောင်များဖြစ်သည်။

ယောက်သွားခုံးဟူသော အမည်သည် မြန်မာဝေါဟာရဖြစ်ပြီး မာဂဓအဘိဓာန်၌ ယောက်သွားကို သိပ္ပံဟုလည်းကောင်း၊ သုတ္တိဟုလည်းကောင်း အဓိပ္ပာယ်နှစ်မျိုး ဖွင့်ဆိုထား၏။ အချို့အရပ်ဒေသများတွင် ယောက်သွားခုံးကို ခုံးကောင်းဟုခေါ်၏။ ယောက်သွားခုံးများသည် ရေနေသတ္တဝါဖြစ်သဖြင့် မြစ်ချောင်း၊ အင်းအိုင်များနှင့် ပင်လယ်ကမ်းရိုးတန်း ကမ်းစပ်များတွင် နေထိုင်ကျက်စားကြ၏။ ၎င်းတို့၏အစာမှာ ရေညှိမှော်များဖြစ်၏။ ယောက်သွားခုံးများသည် ဝမ်းဗိုက်အောက်ရှိ အရေပြားဖြင့် တွန်း၍ တွားသွားကြ၏။

ယောက်သွားခုံးအသားကို ကမ္ဘာ့နိုင်ငံ အသီးသီးရှိ လူမျိုးတိုင်း စားသုံးကြ၏။ မြန်မာ့တိုင်းရင်းသားများသည်လည်း ဟင်းလျာကောင်းတစ်ခွက်ဟု သတ်မှတ်စားသုံးကြ၏။ အချို့နိုင်ငံများတွင် စီးပွားဖြစ် အကြီးအကျယ်မွေးမြူကြသည်။

ရှေးခေတ်လူတို့သည် ယောက်သွားခုံးအခွံကို ထမင်းအိုးခူးခပ်ရာတွင် အသုံးပြုသော သစ်သားခွက်ကို ယောက်ချိုဟု ခေါ်ကြပြီး သစ်သားဖြင့် ပြုလုပ်ထားသော ယောက်မလည်းရှိသည်။ ၎င်းအခေါ်အဝေါ်များသည် ယောက်သွားမှဆင်းသက်လာသော ဝေါဟာရများဖြစ်သည်ဟု ယူဆရပေသည်။



ယောက်သွားခုံး

ယောက်သွားခုံး၏ အကျိုးသွားအာနိသင်များမှာ ချို၏။ ဆိမ့်၏။ အနည်းငယ်စပ်၏။ ဝမ်းမီးကိုတောက်စေ၏။ နှုတ်ကိုမြိန်စေ၏။ ကိုက်ခဲခြင်းဝေဒနာနှင့် ပန်းနာ၊ ရင်ကျပ်ရောဂါများကိုလည်း ပျောက်ကင်းစေ၏။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်ကိုလည်း နိုင်၏။ အကြောတင်း၊ အကြောတက်ခြင်းများ၊ အဖျားရောဂါအမျိုးမျိုး၊ ပန်းနာရင်ကျပ် ချောင်းဆိုးရောဂါများ၊ နှလုံးရောဂါနှင့် လေထိုးလေအောင့် ရောဂါများကို ပျောက်ကင်းချမ်းသာစေ၏။

### ယောက်သွားခုံးကို ရောဂါအလိုက်အသုံးပြုပုံ

(၁) ကာလဝမ်းရောဂါဖြစ်ပါက - ယောက်သွားခုံးမှုတ်ပြာ၊ ခိုသားထဲတွင် ဇာတိပ္ပိုလ်သီး ၄ ပဲသား၊ ပညာလက်ဘ

www.burmeseclassic.com

သို့ ပါပြန်မလာမချင်း စောင့်ရစ်ဟု ရာဇသံနှင့် အစောင့်ထားခဲ့သည်။

ဗညားကျန်းတော အမတ်သည် တစ်ကိုယ်တည်း လူပျိုကြီးအဖြစ်ဖြင့် တောင်မ၊ တောင်မဲ၊ ဟိုက်တမ်ရွာသူ ရွာသားတို့အား အုပ်ချုပ်၍ လွှယ်ဆိုင်ဘုရားကို စောင့်ရှောက်နေခဲ့ရာမှာ ပလောင်အမျိုးသားအကြီးအကဲ တာငွန်း၏သမီးနှင့် မေတ္တာမျှ အိမ်ထောင်ပြုခဲ့လေသည်။

နှစ်အတန်ကြာသော် ဗညားကျန်းတောအမတ်သည် မိမိ၏သားမယားကို ကျော်၍ ပြည်တော်ကို လွမ်းလေသည်။ ပလောင်ဘာသာစကားကိုလည်း ကျွမ်းကျင်နေပြီဖြစ်ရာ ဤဘုရားကို ငါတာဝန်ယူစောင့်ရှောက်ရသည်မှာ ခဏဟု အောက်မေ့၍ ယခုမူ နှစ်ကာလ ကြာညောင်းခဲ့လေပြီ။ ငါအစောင့်တာဝန်ယူခဲ့သည်မှာ မှားလေစွဟု ယူကျုံးမရဖြစ်ကာ ပလောင်ဘာသာစကားဖြင့်သာ “အော်တလွတ်ယော့”ဟု မြည်တမ်းလေ၏။

ပြည်တော်သို့ လွမ်းသည့်စိတ်ဖြင့် တာဝန်ထမ်းရင်း ခန္ဓာစုတေနတ်ပြည်သို့ ပြောင်းရွှေ့စံတော်မူရာ တပည့်အခြွေအရံတို့က မူလနေရာဖြစ်သော တောင်ကြား၊ ယခုတာကလုနတ်နန်းရှိရာ ဟော်နန်းနတ်ကွန်း၌ပင် နတ်ကွန်းတည်ဆောက်ပေးပြီး “အော်ကလွတ်ယော့”ဟု မြည်တမ်းခဲ့သည်ကို အစွဲပြု၍ မိမိ၏ဆရာသခင်ကို တာကလွတ်ဟု ခေါ်တွင်ကာ အလုပ်အကျွေး ဆက်လက်ပြုနေကြပေသည်။ (တလု–မှားခြင်း၊ တာ–အဘိုး၊ မှားသောအဘိုး)ဟု အဓိပ္ပာယ်ရ၏။

တာကလုနတ်နန်းမှ နတ်ထိန်းတာဝန်ရာထူးရရှိသော မိသားစုမှာ ယနေ့ထိတိုင် အစဉ်အဆက်ရရှိ ထိန်းသိမ်းခဲ့ပေသည်။ ယခုခေတ်ကာလတွင် နမ့်ဆန်မြို့နှင့် နမ့်ဆန်မြို့နယ်တွင်းရှိ ကျေးရွာများမှ မြို့သူမြို့သားများ၊ ရွာသူရွာသားတို့သည် ဘိုးဘိုးကြီးတာကလုနတ်မင်းထံ မိမိတို့ဘေးရန်ကင်းရေး၊ အောင်မြင်မှုရရှိရေးတို့အတွက် အလေးထား ပူဇော်ပသလျက်ရှိကြပေသည်။

**လွှယ်ဆိုင်ပတ္တမြားစေတီ၏ မျက်မြင်အံ့ဖွယ်နှင့် ထူးခြားမှုများ**

လွှယ်ဆိုင်ပတ္တမြားစေတီတော်ကြီး၏ အနောက်ဘက်တွင် နှစ်ပရိစ္ဆေဒကြာညောင်းလှပြီဖြစ်သော စကားဝါပင်ကြီး တစ်ပင်ရှိသည်။ ယင်းစကားဝါပင်ကြီးသည် သက်တမ်းမည်မျှကြာ၍ မည်သို့ပင် သန်မာထွားကျိုင်းစေကာမူ လွှယ်ဆိုင် ပတ္တမြားစေတီတော်ကြီး၏ ထီးတော်အမြင့်ထက် လုံးဝမကျော်လွန်နိုင်ကြောင်း ကိုယ်တွေ့မျက်မြင်လေ့လာသိရှိခဲ့ရပါသည်။

ဘုရားအလောင်းအလျာ ရွှေဒေါင်းမင်းနိုလှုံခဲ့သော ဂူ၏အပေါ်ဘက် တောင်ကမ်းပါးယံတွင် “ပေါ်တော်မူ” စေတီတစ်ဆူ တည်ထားပါသည်။ ယင်းစေတီတော်မှာ ယခုခေတ်ကာလအတွင်း သာသနာပြုသူများက အများလုပ်အားဖြင့် တည်ထားခြင်းဖြစ်ပါသည်။

ပေါ်တော်မူစေတီတည်ထားရခြင်း အကြောင်းရင်းကား ယင်းစေတီနားတစ်ဝိုက် ချုံနွယ်ပိတ်ပေါင်းများရှင်းခြင်း၊ မြေကြီးမှ ကျောက်သားများကို တူးခြင်းပြုလုပ်ရာတွင် ရွာသူရွာသားများက ရှေးဟောင်းဘုရားရုပ်တုများ တွေ့ရှိခြင်းကြောင့် ဆက်လက်တူးဖော်ကြရာတွင် ဖော်ပြပါဓာတ်ပုံထဲမှအတိုင်း ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ရှေးရွှေများပိန်းနေအောင် ချထားသော ဗုဒ္ဓရုပ်ပွားတော် အဆူ ၅၀၀ ကျော် တူးဖော်တွေ့ရှိခဲ့ရပါသည်။

ယင်းရုပ်ပွားတော်အဆူ ၅၀၀ ကျော်မှာ မည်သည့်သာသနာပြုပုဂ္ဂိုလ်က မည်သို့သော အဓိဋ္ဌာန်ဖြင့် မြုပ်နှံဌာပနာထားကြောင်း သမိုင်းကွင်းဆက်ပြတ်နေပါသည်။

ယင်းဗုဒ္ဓရုပ်ပွားတော်အဆူ ၅၀၀ ကျော်ကို လက်ရှိလွှယ်ဆိုင်သာသနာပြုကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကောဏ္ဍညအရှင်သူမြတ်က သီးခြားအခန်းတွင် စံပယ်စေကာ သံတံခါးနှစ်ထပ်ကာရံလျက် လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ထားပါသည်။ လွန်စွာမှ တန်ဖိုးမဖြတ်နိုင်သော ဗုဒ္ဓဘာသာအမွေအနှစ်အဖြစ် မှတ်ထိုင်ထူနေမည်ဖြစ်ပါသည်။

အနီးကပ်ဖူးမြော်ကြည်ညိုခွင့်ရခဲ့သော စာရေးသူတို့အဖွဲ့မှာ ဖူး၍ပင် မဝနိုင်အောင်၊ ရွှေရောင်များ တဖိတ်ဖိတ်တောက်ပလျက်ရှိပါသည်။

ယင်းသို့ ရုပ်ပွားတော်များ ပေါ်လာခြင်းအတွက် ယင်းပေါ်လာသော မြေနေရာတွင် “ပေါ်တော်မူ” ဘုရားစေတီတည်ထားခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၄ ပဲသား။ ချင်းခြောက် ၄ ပဲသား။ စွယ်တော်နဖာ ၄ ပဲသား။ ကရဝေးသီး ၄ ပဲသား။ ကရဝေးရွက် ၄ ပဲသား။ သိန္ဓော ၄ ပဲသား။ လေညှင်း ၄ ပဲသား။ ဆေးပုလဲ ၄ ပဲသား။ ပတဲကော ၄ ပဲသား။ စမြိတ်စေ့ ၄ ပဲသား။ တကြသခ်ေျ ၄ ပဲသား ၎င်းဆေးစုအမှုန့်များကို စရနယ်ပြီး ရေနွေးဖြင့် ဖျော်ပြီး ကြွေခွက်ဖြင့် တစ်နေ့နှစ်ကြိမ်တိုက်က ပျောက်ကင်းစေပါသည်။ ရင်ပြည့်ရင်ကယ်နှင့် အော့နှာဝမ်းကျရောဂါများပါ ပျောက်ကင်းသည်ဟု ရှေးဟောင်းဆေးကျမ်းများ အလိုအရ သိရှိရပါသည်။

(၂) ချိုင်းကြားတွင်ပေါက်သော အနာပျောက်ဆေး - ယောက်သွား ၁၀ သား။ ထောက်ရပ်ရွက် ၁၀ သား။ ထုံး ၁၀ သား ဆတူကြိတ်ပြီး အနာပေါ် အုံပေးပါက နလျှင်ပိန်ပြီး ရင့်လျှင် ပြည်ပေါက်၍ ပျောက်၏။

(၃) သကျည်းနာ ဆီးအောင့်လိမ်းဆေးသောက်ဆေး - ယောက်သွားပြာအမှုန့် ၁၀ ကျပ်သား။ ကြွေစေ့ပြာ ၁၀ ကျပ်သား။ ငရုံ့ပတူမြစ်မှုန့် ၁၀ ကျပ်သား

အထက်ပါဆေးစု ၄၀ သားကို အရက် ၁၅ ကျပ်သားဖြင့် ရော၍ ရှစ်ပဲသားခန့် တစ်နေ့နှစ်ကြိမ်သောက်၊ သကျည်းကြောနှင့် ဆီးခုံကို လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

(၄) အမျိုးသား ယောနိအိုင်းနာပျောက်ဆေး- ယောက်သွားခုံး အသားချက်ပြီး ၂၀ သားကို မန်ကျည်းသီးမှည့်အနှစ် ၂၀ သားဖြင့် လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

ယောက်သွားခုံးနှင့်ပတ်သက်သော ဆေးနည်းများထဲမှ အမြွက်မျှသာ ဖော်ပြလိုက်ပါသည်။

x

## မြင်း

ခြေလေးချောင်းသတ္တဝါများထဲတွင် မြင်းသည် အချိုးအစားကျ၍ ကိုယ်လုံးကိုယ်ထည် လှပသော သတ္တဝါဖြစ်သည်။ အရောင်မှာ အနီရောင်၊ နီညိုရောင်၊ အဖြူရောင်မြင်းကြီးများ ရှိကြသည်။ မြင်းကို ရှေးခေတ်ကတည်းက အမြတ်တနိုး မွေးမြူ၍ စီးတော်ယာဉ်အဖြစ် အသုံးပြုခဲ့သည်။ ရှေးဘုရင်များလက်ထက်တွင် မြင်းတပ်များဖွဲ့စည်း၍ စစ်တိုက်ခဲ့ကြသည်။ ယခုခေတ်တွင် မြင်းလှည်းများဖြင့် လူစီးခြင်း၊ ဝန်တင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ မြင်းသည် လူတို့ အသုံးအဆောင် ရတနာအဝင် ယာဉ်တစ်မျိုးလည်းဖြစ်သည်။ အရွယ်အမျိုးမျိုးရှိသော မြင်းများတွင် အချို့ခမည် ခြောက်ပေမှ ခုနစ်ပေထိရှိ၍ အချို့ မြင်းပုကလေးများလည်းရှိသည်။ မြင်းများသည် မြက်နှင့် ကောက်ပင်၊ ကောက်သီးများ။ ပဲများကို စားသောက်ကြသည်။ သွား ၁၆ ချောင်းမှ ၃၈ ချောင်းကျော်ထိ ရှိသည်။ အထက်အောက် သုံးချောင်းစီနှင့် အံသွားခြောက်ချောင်းစီ ရှိသည်။ မြင်းထီးများတွင် ၎င်းသွားများအပြင် ခွေးစွယ် လေးချောင်း အပိုပါသည်။ မြင်းများ၏ သက်တမ်းမှာ ၁၈ နှစ်မှ နှစ် ၂၀ ထိ ရှိကြသည်။ မြင်းကလေးများ မွေးသည့်အခါ မျက်စိပွင့်၍ အမွေးအမှင်များ ပါလာကြသည်။ မြင်းသည် ကုန်းနေသတ္တဝါဖြစ်ပြီး မြို့ရွာတို့၌ ကျက်စားကြ၏။ မြင်း။ မြည်း။ မြင်းကျား။ လားတို့သည် မျိုးတူသတ္တဝါများ ဖြစ်သော်လည်း ဓာတ်သဘောချင်းကား မတူကြချေ။

မြင်းရိုင်းများသည် အာရှတိုက်၊ ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်တို့တွင် တောနက်ကြီးများအတွင်း နေထိုင်ကျက်စားကြသည်။ ပင်လယ်နက်မြောက်ဘက်ရှိ မြက်ခင်းပြင်ကြီးများတွင် ကျက်စားနေထိုင်သော မြင်းရိုင်းများကိုဖမ်း၍ အာရိယန်လူမျိုးများသည် ယဉ်ပါးအောင် သင်ကြားပေးပြီး အသုံးပြုကြသည်ဟု သိရှိရ၏။ အာဖရိကတိုက် အီသီယိုးပီးယားနိုင်ငံ တောင်ဘက်ရှိ မြက်ခင်းပြင်ကြီးများတွင် မြင်းကျားများ ကျက်စားကြသည်။ ကိုယ်တွင် အစင်း



www.burmeseclassic.com

www.burmeseclassic.com

နားရှိသော မြင်းကြားများသည် မြင်း၊ မြင်းရိုင်းများနှင့် အဓတော်တူကြသည်။ အမြေးမြန်၍ သတိဝီရိယကောင်းသော သတ္တဝါများဖြစ်သည်။ အုပ်စုလိုက်ဖွဲ့၍ နေတတ်ကြသည်။

မြင်းသား၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်များမှာ ဝမ်းမီးကိုတောက်၏။ သလိပ်သည်းခြေကို ပျက်စေ၏။ လေကို နိုင်၏။ ဝဖြိုးစေတတ်၏။ အားကိုဖြစ်စေ၏။ ခုိမ့်သောအရသာလည်းရှိ၏။ ကြေကျက်လွယ်၏။ မျက်စိနှင့် သင့်၏။ ခွာတစ်လုံးသာရှိသော မြည်းနှင့် ခွာတစ်လုံးသာရှိသော လားတို့အသားသည်လည်း မြင်းသားနှင့် အကျိုးသွားအတူတူပင်ဖြစ်၏။

မြင်းတို့၏ အာနိသင်မှာ အဆီနည်း၏။ ပူ၏။ အားကိုဖြစ်စေ၏။ သုက်ခန်းသောရောဂါနှင့် လေနာတို့ကိုနိုင်၏။ ချို၏။ ကြေကျက်လွယ်၏။ အနည်းငယ် ငန်၏။ အစာကိုကြေစေ၍ ဆီးဝမ်းကိုလည်း မှန်စေ၏။

မြင်းကျင်ငယ်၏ အာနိသင်မှာ ပူ၏။ စပ်၏။ ထက်၏။ ဝမ်းမီးကို တောက်စေ၏။ လေနာရောဂါ သလိပ်ကပ်ရောဂါ၊ စိတ်ဖောက်ပြန်နာတို့ကို နိုင်၏။ ပိုးနာ၊ ပွေး၊ ဝဲ၊ ယားနာတို့ကို နိုင်၏။

မြင်းသွေးသည် အကြောများကိုက်သော အနာ၊ ဆီးအောင့်ရောဂါ၊ စမြင်းခံခြင်း၊ သွပ်ချာပါဒရောဂါတို့၌ အသုံးပြုကြ၏။ အကြောများ ကိုက်ခဲခြင်း၊ ဒူလာသရောနာ၊ ပိတ်ဝမ်းရောဂါများကိုလည်း ပျောက်ကင်းစေ၏။

မြင်းသွားနှင့် မြင်းစွယ်တို့သည် မီးယပ်သွေးတက်ရောဂါ၊ အသည်း၊ အဆုတ်၊ နှလုံးပူသော ဝေဒနာများကို ပျောက်ကင်းစေ၏။ အရိုး၊ အသား၌ စွဲသော ရောဂါများလည်း ပျောက်ကင်းစေ၏။ !

မြင်းနို့မှ ချက်ထားသော ထောပတ်သည် ကြေကျယ်လွယ်၏။ လေကို အနည်းငယ်ပြုတတ်၏။ သလိပ်ကို ငြိမ်းစေ၏။ အစာမကြေသောရောဂါနှင့် တွေဝေခြင်းများကိုလည်း ပျောက်ကင်းစေနိုင်၏။


မြင်းများမှ အကျိုးပြုပုံများကို အတတ်နိုင်ဆုံး အကျဉ်းချုံး၍ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

## မြွေ

မြွေဟူသော မြန်မာဝေါဟာရအရ မြွေအားလုံးနှင့် သက်ဆိုင်၏။ မြွေအမျိုးပေါင်း များစွာရှိသည့်အနက် မြွေပွေး၊ မြွေဟောက်၊ လင်းမြွေ၊ မျက်ရှော၊ စပါးကြီးမြွေ၊ စပါးအုံးမြွေ၊ မြွေစိမ်း၊ ငန်းတော်ကျား စသည်အားဖြင့် လူသိများသောမြွေများ ရှိကြ၏။ မြွေသည် မျိုးရိုးအလိုက် ကုန်းနေ၊ ရေနေ တိရစ္ဆာန်ဖြစ်သောကြောင့် အမျိုးကွဲပေါင်းလည်း များစွာရှိ၏။ အဆိပ်ရှိသောမြွေ၊ အဆိပ်မရှိသောမြွေဟူ၍လည်း ကွဲပြားသေး၏။ မြန်မာပြည်တွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း မြွေများရှိကြ၏။ မြွေများကို အိမ်တွင် အလှမွေးထား၍လည်းမရ၊ လိမ္မာအောင်သင်ကြားပေး၍လည်းရသော သတ္တဝါမဟုတ်သဖြင့် လူများကြောက်ရွံ့စက်ဆုတ်မုန်းတီးကြ၏။ မြွေကို သားသမီးကဲ့သို့ မွေးမိသော ရသေ့တစ်ပါးအား မြွေဟောက်ကိုက်၍ သေခဲ့ဖူးကြောင်း ဝေဠုကဇာတ်ဖြင့် မြတ်စွာဘုရားဟောကြားခဲ့ဖူး၏။ ၎င်းအပြင် ကောသလမင်းကြီးအား မြတ်စွာဘုရား ဟောကြားတော်မူသော လေးလေးစားစား ပြုကျင့်ရမည့်အရာ လေးမျိုးတွင် (၁) မြွေသည် ပထမဦးစွာ ပါဝင်၏။ (၂) သည် မီး။ (၃) သည် အခြံအရံများစွာရှိသော မင်းနှင့် (၄) ကား အကျင့်သီလရှိသော ရဟန်းဟု ဟောကြားခဲ့၏။

၎င်းလေးမျိုးသည် ပမာမခန့် မထီလေးစား ပြုမိပါက (၁) မြွေကိုက်၍ အသက်ဆုံးရှုံးနိုင်သည်။ (၂) မီးလောင်၍ မွဲပြာကျနိုင်သည်။ (၃) မင်းဒဏ်သင့်၍ ဒုက္ခရောက်နိုင်သည်။ (၄) က သံသရာတစ်လျှောက်လုံး နစ်နာဆုံးရှုံးနိုင်သည်။

ကမ္ဘာပေါ်တွင် လူမျိုးပေါင်းများစွာရှိသကဲ့သို့ မြွေမျိုးပေါင်းလည်း များစွာရှိ၏။ မြွေသည် ပဓာနမျိုးရင်း ကိုးမျိုးရှိသည်ဟု လေ့လာတွေ့ရှိရ၏။ ၎င်းကိုးမျိုးတွင် မျိုးရင်း ခုနစ်မျိုးသည် အဆိပ်မရှိကြပေ။ ကျန်နှစ်မျိုးမှ မြွေပွေးအမျိုး



www.burmeseclassic.com

အနွယ်ကို လေ့လာပါက အမျိုးငယ်ပေါင်း ၁၀၀ ရှိသည်ဟု သိရှိရ၏။ ၎င်းအမျိုးနွယ်အားလုံးသည် လူကို သေစေနိုင်၏။ ကုန်းပေါ်နေ မြွေများလည်း လူကို သေစေနိုင်၏။ ပင်လယ်မြွေ၊ ဂျပ်မြွေတို့သည်လည်း အဆိပ်ရှိကြ၏။ မြန်မာနိုင်ငံတွင် မြွေအမျိုးပေါင်း မည်မျှရှိသည်ကို ဖော်ပြထားခြင်းမရှိသော်လည်း အိန္ဒိယနိုင်ငံ၌ လူ့အသက်ကို သေစေနိုင်သော ပင်လယ်မြွေ (ဂျပ်မြွေ) ၂၉ မျိုးရှိသည်ဟု ဖော်ပြထား၏။ ၎င်းပြင် ကုန်း၌ကျက်စားသော မြွေအမျိုးပေါင်း ၄၀ ရှိသည်ဟုလည်း ဖော်ပြထား၏။ လူသားများအနေဖြင့် မြွေကို ငါးမျိုးငါးစား ခွဲခြားထားသည်ကို တွေ့ရှိရ၏။ ၎င်းတို့ကား (၁) မြေတွင်းအောင်းသောမြွေများ၊ (၂) သစ်ပင်ပေါ်နေသောမြွေများ၊ (၃) ပင်လယ်မြွေ(ဂျပ်မြွေ)များ၊ (၄) ရေမြွေများ၊ (၅) ကြည်းကုန်း၌နေသော မြွေများဟု ခွဲခြားထား၏။

မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံ ပတ်ဝန်းကျင်များတွင် တွေ့ရှိရသော အဆိပ်ရှိသည့် မြွေများမှာ (၁) မြွေဟောက်၊ (၂) မြွေပွေး၊ (၃) ငန်းတော်ကျားနှင့် ငန်းမြွေများ၊ (၄) ပင်လယ်မြွေ(ဂျပ်မြွေ)တို့သာ ဖြစ်ကြ၏။

ငန်းပုတ်မြွေကို တောကြီးမြွေဟောက်ဟုလည်းကောင်း၊ တောင်ကြီးမြွေဟောက်ဟုလည်းကောင်း ခေါ်ဆိုကြ၏။ အဆိပ်ရှိသော မြွေများတွင် အဆိပ်အပြင်းဆုံးနှင့် ဒေါသအကြီးဆုံး မြွေဖြစ်၏။ လူသူနှင့် မနီးသော တောကြီးတောင်ကြီးများတွင် နေ၏။ အကောင်ကြီး၍ ၈ ပေမှ ၁၅ ပေထိ ရှည်၏။ ပါးပျဉ်းထောင်၍ လူကိုလိုက်၏။ ငန်းပုပ်များ၏အရောင်ကား အဝါရောင်(သို့) အဖြူရောင်အစင်းကြီးများ ပါရှိ၏။ ငန်းပုပ်မြွေရှိသောအရပ်တွင် အခြားမြွေများ မနေကြဟုဆို၏။ အဘယ်ကြောင့်ဆိုသော် ငန်းပုပ်မြွေများသည် အခြားမြွေများကို စားသည်ဟု သိရှိရ၏။

ငန်းတော်ကျားမြွေများသည် အဆိပ်ပြင်းသော မြွေမျိုး ဖြစ်သော်လည်း လူကိုမကိုက်ဘဲ သဘောကောင်းသော မြွေမျိုးဖြစ်၏။ ကျိုင်းကောင်မခေါ် လင်းမြွေ၏ သားဖြစ်သည်ဟု ဆို၏။ လင်းမြွေသည် အဆိပ်မရှိ။ လူကိုလည်း မကိုက်တတ်ဘဲ သဘောကောင်းသော မြွေမျိုးဖြစ်၏။

နေမိမင်းကြီး တောထွက်ခါနီး ပြည်သူပြည်သားများအား ဩဝါဒပေးသော နေမိဘုံခန်းပျို့တွင် "ကျိုင်းကောင်မသား၊ ငန်းတော်ကျားသို့၊ မူထားဆိုးပစ်၊ စိတ်မညစ်နှင့်"ဟု ပါရှိ၏။ ကျိုင်းကောင်မခေါ် လင်းမြွေ၏သား ငန်းတော်ကျားသည် လူကို မကိုက်တတ်။ မြွေသူတော်ကောင်းခေါ်၏။ အချို့က နတ်မြွေဟုပင် ခေါ်ဆိုကြသေး၏။ အဓိပ္ပာယ်မှာ "သင်တို့သည် ငန်းတော်ကျားမြွေကဲ့သို့ ဖြစ်ပါစေ အမူအရာဆိုးညစ်ခြင်း မရှိကြစေနှင့်"ဟု ဆိုလိုပေသည်။ ငန်းတော်ကျားမြွေများသည် အဖြူစင်း၊ အဝါစင်းအကြားများပါရှိ၏။ ငန်းတော်ကျားအစ်မသည် တစ်ခါဥလျှင် ခြောက်လုံးမှ ၁၀ လုံးထိ ဥတတ်၏။ ဥသည် အဖြူရောင်ဖြစ်ပြီး ခို‌ဥနှင့်တူ၏။

မြွေများ၏ ဂုဏ်သတ္တိနှင့် အကျိုးသွားအာနိသင်များကို ဖော်ပြရမည်ဆိုပါက မြွေသားသည် ဆိမ့်၏။ လေနာ၊ မြင်းသရိုက်နာခေါ် သွေးဝမ်းသွား၊ လိပ်ခေါင်းရောဂါတို့ကို နိုင်၏။ ပိုးတို့ကို ဖျက်ဆီးနိုင်၏။ အဆိပ်ကိုနိုင်၏။ မျက်စိနှင့် သင့်၏။ ဉာဏ်ပညာကို တိုးပွားစေ၏။ ဝမ်းမီးကို တောက်စေ၏။ အဆိပ်ရှိသော မြွေတို့၏ အသားသည် အစာကိုကြေစေ၏။ သွေးမသန့်သောအနာ၊ မျက်စိနာ၊ ထုံကျဉ်ကိုက်ခဲနာတို့ကိုလည်း ပျောက်ကင်းစေနိုင်၏။

အဆိပ်မရှိသော မြွေတို့၏ အသားသည် လေနာ၊ မြင်းသရိုက်နာ၊ ပိုးနာ၊ အဆိပ်နာတို့ကို နိုင်၏။ ဝမ်းမီးကို တောက်စေ၏။ ဉာဏ်ပညာကို တိုးပွားစေ၏။ မျက်စိနာနှင့် သင့်၏။ အစာကို ကြေကျက်စေတတ်၏။

မြွေသားများသည် ယုန်သားကဲ့သို့ အကျိုးသွားတူ၏။ အဆိပ်ရှိမြွေများကို မီးဖုတ်ပြီး အသားနွှင်၍ ချက်စားပါက အဆိပ်များ ပျက်ပြယ်သွားသဖြင့် ပို၍ကောင်း၏။ မြွေသားသည် ပထဝီဓာတ်ကြိုက်စာဖြစ်သဖြင့် သွေးတက်စေ၏။ သွေးတိုးရှိသူများ မတည့်ပါ။ သွေးအားနည်းသူ၊ သွေးကျသူများ စားသုံးသင့်၏။ မြွေအရေခွံသည် ကိုယ်တစ်ခြမ်းပူ၊ တစ်ခြမ်းအေးသောရောဂါ၊ အော့အန်နာ၊ ရေငတ်ကလေးသူငယ်နာ ရောဂါအမျိုးမျိုးနှင့် ကျောက်ကပ်သက်နာရောဂါများကို အကျိုးပြု၏။

မြွေပွေး၊ မြွေဟောက်၊ ငန်းမြွေတို့၏ သည်းခြေ နှင့်တစ်ကိုယ်လုံး နာကျင်ကိုက်ခဲသောအနာ၊ သလိပ်အကြီးသောအနာတို့ ပျောက်ကင်းစေနိုင်၏။

မြွေဆီ၏ အသုံးသည် အင်္ဂရိတ်ဓာတ်ဆရာများသာ



www.burmeseclassic.com

www.burmeseclassic.com

ချင် အသုံးပြုကြသဖြင့် အကျယ်တဝင့် မဖော်ပြတော့ပါ။

မြွေနှင့်ပတ်သက်၍ ရောဂါအလိုက် အသုံးပြုပုံများကို ဖော်ပြရသည်ရှိသော် -

(၁) **မီးဖွားလွယ်သောဆေး** - မြွေရေခွံပြာချပြီး ဖျားရည်ဖြင့် မျက်စိကွင်းပေးက ချက်ချင်းဖွား၏။

(၂) **အဆိပ်ကျဆေး** - ငန်းတော်ကျား၏ သည်းခြေသည် အဆိပ်ရှိသတ္တဝါ ကိုက်သည်ဖြစ်စေ၊ အနာတွင်သိပ်ပေးက ချက်ချင်း အဆိပ်ပျက်ပြယ်ပြီး လျင်မြန်စွာ ပျောက်ကင်းစေပါသည်။

(၃) **ခရုသင်းပျောက်ဆေး** - မြွေပွေးရေ၊ ကျားရေ၊ ဆင်ရေ၊ မိကျောင်းရေ လေးမျိုးကို ပြာချပြီးလျှင် ရေနံချေး (သို့) နှမ်းဆီဖြင့် ဖျော်လိမ်းက ပျောက်၏။

(၄) **ခူနာအမျိုးမျိုးကို**- မြွေရေခွံနှင့် ဘူးရွက်ကြိတ်ပြီး အုံပေးခြင်းဖြင့် ပျောက်ကင်း၏။

(၅) **နူနာရောဂါပျောက်ဆေး**- မြွေပွေးတစ်ကောင်လုံး ခေါင်းဖြတ် အရေခွံခွာပြီး ထမင်းလျက် ၅၀ သားနှင့် ဖြတ်ပြီး မြေတွင် ခုနစ်ရက်မြှုပ်ပြီး တစ်နေ့ကြေးငွေနှံးတစ်ငွေနှံး နေ့စဉ်သောက်က ပျောက်၏။

(၆) **သူငယ်နာဝမ်းပျက်ပျောက်ဆေး** - ကြောင်ပန်းရွက်၊ စမုံနက်၊ နနွင်းစိမ်း၊ လင်းနေ ဆတူနှင့် မြွေရေခွံရောပြီး အမှုန့်ပြုပြီး ရေကျက်အေးဖြင့် တိုက်ပေးက ပျောက်၏။

(၇) **မျက်စိနာပျောက်ဆေး** - မြွေပွေးပြာကို နှမ်းဆီဖြင့် ကွင်းပေးပါက ပျောက်ကင်းစေပါသည်။

မြွေနှင့်ပတ်သက်၍ ဆေးနည်းပေါင်းများစွာ ရှိသော်လည်း လိုအပ်သလို သုံးစွဲနိုင်ရန် အမြွက်မျှ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ !

r

## မြွေပါ

မြွေပါများသည် ခွေးတူ၊ ဝက်တူ၊ ဖျံတို့နှင့် အမျိုးအနွယ်တူ၍ မြွေပါသည် ကိုယ်ခုံးရှည်၏။ ၁၇ လက်မမှ လက်မ ၃၀ ခန့်ထိ ရှည်၏။ အရောင်မှာ ဖြူမှိုင်းမှိုင်းဖြစ်ပြီး အမွေးရှည်၏။ ရှဉ့်နှင့်လည်းတူ၏။ မြွေပါကို လေးမျိုး ခွဲခြားထားသည်ကို တွေ့ရှိရ၏။ (၁) မြွေပါကြီး၊ (၂) မြွေပါဖြူ၊ (၃) မြွေပါမြီးတိုနှင့် (၄) မြွေပါမွေးရှည်ဟူ၍ ရှိ၏။ မြန်မာ



မြွေပါ

ပြည်တွင် တောင်ငူနယ်နှင့် တနင်္သာရီနယ်တစ်လျှောက်များစွာပေါက်ဖွားသည်ကို တွေ့ရှိရ၏။ မြွေပါများ၏ ထူးသောသတ္တိမှာ မြွေဟူသမျှကို သတ်ပုတ်၍ အနိုင်ယူစားသောက်တတ်ကြ၏။ မြွေပါများသည် မြွေများထက် သာလွန်ဖျတ်လတ်ပြီး အမွေးများပွထားသဖြင့် မြွေများ အလွယ်တကူ ကိုက်ခဲ၍ မရခြင်းပင်ဖြစ်သည်။ မြွေပါများသည် ငါးကောင်မှ ရှစ်ကောင်ထိ အုပ်စုဖွဲ့၍ နေတတ်ကြပြီး အနံ့ခံကောင်းသဖြင့် သားကောင်တို့ကို လျင်မြန်စွာ ဖမ်းဆီးနိုင်၏။ မျက်စိလည်းလျင်၏။ ကြွက်များနှင့် ပျံနေသောငှက်များကိုပင် ဖမ်းနိုင်၏။ မြွေပါဖြူများကို ကမ္ဘာမြောက်ပိုင်းဒေသ အလွန်အေးသောနေရာများတွင် တွေ့ရ၏။ မြွေပါမွေးရှည်များသည် ချောင်း၊ မြောင်း၊ အင်း၊ အိုင်၊ ကမ်းစပ်များတွင် နေထိုင်ကြ၏။ မြွေပါ မွေးရှည်အမသည် အထီးလောက် မကြီးသော်လည်း ရန်သူ တွေ့လျှင် ဒေါသတကြီး တိုက်ခိုက်တတ်၏။ ၎င်းကိုယ်မှ အနံ့ဆိုးများလည်း ထုတ်လွှတ်ပေးတတ်၏။ တစ်နှစ်တစ်ကြိမ် တန်ခူးလတွင် သားပေါက်ကြ၏။

မြွေပါများကို မြွေပွေးပေါသော မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့တွင် ယဉ်ပါးအောင် မွေးမြူထားတတ်ကြ၏။ မြွေပါများသည် အိမ်၌မွေးထားသော ကြက်များ၊ ဘဲများကိုလည်း စားသောက်တတ်သဖြင့် အချို့နိုင်ငံများတွင် မြွေပါမွေးမြူခြင်းမပြုရန် တားမြစ်ထားသည်ဟု သိရှိရ၏။ မြွေပါသားရေကို လက်ကိုင်အိတ်၊ အင်္ကျီများပြုလုပ်၍လည်း သုံးကြ၏။ မြွေပါ၏ အကျိုးသွားအာနိသင်သည် ခွေးများ၊ ဖျံများကဲ့သို့ အသုံးဝင်၏။ အသားသည် အားကိုဖြစ်စေ၏။ ကာမကို အားပေး၏။ ပန်းသေပန်းညှိုးရောဂါများတွင် ဖျံသိုက်ကဲ့သို့ သုံးကြ၏။ အရိုးကိုလည်း ဆေးဘက်တွင် ဖော်စပ်အသုံးပြုကြ၏။

www.burmeseclassic.com

www.burmeseclassic.com

## မြည်း

မြည်းများ၏ ပုံသဏ္ဍာန်သည် မြင်းကျားများနှင့်တူ၏။ အမွေးအရောင်မှာ ညိုမွဲသောအရောင်ရှိ၏။ ကိုယ်လုံးမှာ မြင်းထက်သေး၏။ နားရွက်နှစ်ဖက်သည် ရှည်၏။ လည်ဆံမွေးများလည်း မြင်းထက်တို၏။ မြည်းဟူသောအမည်သည် မြန်မာဝေါဟာရဖြစ်ပြီး ပါဠိဘာသာအားဖြင့် ဂဒြဘနှင့် ခရဟူ၍ နှစ်ပုဒ်ရှိ၏။ မြည်းများသည် ကုန်းနေသတ္တဝါဖြစ်ပြီး အမျိုးကွဲမရှိချေ။ မြည်းများ၏ မူလဒေသကို အတိအကျမပြောနိုင်သော်လည်း ခရစ်မပေါ်မီ နှစ်ပေါင်းများစွာက အီဂျစ်လူမျိုးများသည် မြည်းများကို ယဉ်ပါးစေ၍ အသုံးပြုခဲ့ကြောင်း ရှေးဟောင်းအီဂျစ်ဂူများမှ မြည်းရုပ်များကို လေ့လာခြင်းဖြင့် သိရှိရ၏။ ထိုသာဓကများကို ထောက်ရှုပြီး မြည်းများသည် မြင်းထက် လူတို့၏ မိတ်ဆွေဖြစ်ခဲ့ကြောင်း ထင်ရှား၏။ လူတို့ ယဉ်ပါးအောင်ပြုလုပ်၍ ခိုင်းစေလျက်ရှိသော မြည်းများမှာ အာဖရိကတိုက် အဘီးဆီးနီးယား နိုင်ငံတွင်းရှိ မြည်းမျိုးမှ ဆင်းသက်လာသည်ဟု လေ့လာသိရှိရ၏။ အကောင်းဆုံးသော မြည်းမျိုးများကို ဆီးရီးယားနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့တွင် အများဆုံး တွေ့ရှိရသည်ဟု သိရ၏။ ဥရောပတိုက် တောင်ပိုင်းတွင်လည်း မြည်းများကို ဂရုတစိုက်မွေးမြူကြသဖြင့် မြည်းကောင်းများရှိသည်ဟု လေ့လာသိရှိရ၏။

အင်္ဂလန်နိုင်ငံတွင် ၁၆ ရာစုနှစ်မှစပြီး မြည်းများရောက်ရှိလာပြီး ဝန်တင် ဝန်ဆွဲရန်အတွက်ကိုလည်း အာဟာရအဖြစ် သောက်သုံးလျက်ရှိကြောင်း သိရှိရ၏။

ရှေးခေတ်ကစပြီး လူတို့သည် မြည်းများသည် ထုံသည်၊ ထုံထိုင်းသည်ဟု ယူဆကြပြီး ထုံထိုင်းသော လူတစ်ယောက်အား "မင်းကတော့ မြည်းပဲ"ဟု ပုံနိုင်းပြောဆိုကြသည်ဟု ဆို၏။

အီဂျစ်လူမျိုးတို့သည် အသိဉာဏ်ကင်းမဲ့သော လူတစ်ယောက်ပုံကို ရေးဆွဲသည့်အခါ ထိုသူ၏ပုံတွင် မြည်းခေါင်းပုံတပ်၍ ဆွဲထားသည်ကို တွေ့ရှိရ၏။

အီဂျစ်နိုင်ငံ နိုင်းမြစ်ကမ်းအရှေ့ဘက်ရှိ နူဘီယန်သဲကန္တာရနှင့် အာရတိုက် အလယ်ပိုင်း ပူပြင်းခြောက်သွေ့သော နေရာများတွင် ယနေ့တိုင် တွေ့ရှိနေရသော မြင်းရိုင်းများသည် လျင်မြန်ဖျတ်လတ်ပြီး ရဲရင့်ကြသည်ကိုလည်း တွေ့ရှိကြရ၏။ ၎င်းပြင် မြည်းများသည် မြင်းများထက် မိုးရာသီဒဏ်နှင့် အပူဒဏ်များ ပို၍ခံနိုင်ပြီး အစာကိုလည်း ဂရုတစိုက်ကျွေးရန် မလိုဘဲ မြက်ရိုင်းများ၊ သစ်ရွက်များပါ စားသုံးလေ့ရှိကြ၏။ အကြမ်းပတမ်းလည်း ခံနိုင်ရည်ရှိပြီး ဝန်တင်ရာတွင်လည်း များစွာအသုံးဝင်၏။ ထို့ကြောင့် မြည်းရိုင်းများကို ယဉ်ပါးအောင် မွေးမြူပြီး ယနေ့တိုင် လူသားများ အသုံးပြုလျက်ရှိကြသော လူသားအကျိုးပြု သတ္တဝါများဖြစ်၏။

မြည်းနှင့် မြည်းသားများ၏ အကျိုးသွားအာနိသင်များကို ဖော်ပြရမည်ဆိုပါက လေထိုး၊ လေအောင့်၊ လေပူနာများကို နိုင်၏။ အရူးရောဂါတို့ကိုလည်း ပျောက်ကင်းစေ၏။ ထိခိုက်ဒဏ်ရာများ သက်သာပျောက်ကင်းစေ၏။ ကိုယ်ဖော၊ ကိုယ်သွေး ဝေဒနာနှင့် ပွေးရောဂါများလည်း ပျောက်၏။ သွေးလေမှန်ကန်စေပြီး စိတ်နှလုံးကို ကြည်လင်စေ၏။

ဂန္ဓာလရာဇ်ဆေးကျမ်းအလိုအားဖြင့် တင်ပြရသော် ထိခိုက်ဒဏ်ရာရရှိပါက မြည်းသားကို ပြစ်အောင်ကျိုချက်သောက်က ပျောက်၏။ ကိုယ်ဖော၊ ကိုယ်ရောင်ရောဂါနှင့် ပွေးရောဂါများဖြစ်ပါက မြည်း၏အဆီကို ချက်ပြီး လိမ်းပေးက ပျောက်၏။ သွပ်ချာပါဒခေါ် လေဖြတ်ရောဂါနှင့် ကိုယ်တစ်ခြမ်းသေရောဂါဖြစ်ပါက မြည်းဆီ ၂၀ ရှစ်ပဲသားကိုတော့ အရက် ၅၀ ကျပ်သားဖြင့် ရော၍ သောက်လည်းသောက်၊ လိမ်းလည်းလိမ်းက ပျောက်၏။ အရူးရောဂါပါ ပျောက်ပြီး အနာဟူသမျှနှင့် ပွေးရောဂါအတွက် မြင်းဆီကိုကျိုပြီး ကြွေဘူးတွင် အခိုးမထွက်အောင် အလုံပိတ်ထားပါ။ ၎င်းနောက် လိမ်းပေးပါက ပျောက်ကင်းစေပါသည်။

မြည်းသတ္တဝါနှင့် ပတ်သက်၍ လူသားများအတွက် အကျိုးပြုပုံများကို အတတ်နိုင်ဆုံး ချုံ၍ ဖော်ပြလိုက်ပါသည်။

မှတ်ချက် ။ ။ မြည်းသားကို အမျိုးသမီးများ မတည့်ပါ။ မစားရပါ။

သမားတော်ကြီးဒေါက်တာသက်ဆွေ (ရွှေဆောင်တင်ဆွေ)

ကိုးကား

တိရစ္ဆာန်များမှ လူသားများကို အကျိုးပြုဆေးကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

# လူကိုအကျိုးပြုသော

# အပွင့်လှလှ ဆေးဖက်ဝင်ဗေဒါ

■ ကျော်ဖော်ဟိန်း(နံ့သာ)

ဝါဆို၊ ဝါခေါင် ရေဖောင်ဖောင်တွင် အရှေ့တောင် မုတ်သုံလေ တသုန်သုန်တိုက်ခတ်၍ မုတ်သုံမိုး တဖြိုင်ဖြိုင် ရွာသွန်းလာလေလျှင် မြစ်ရေ၊ ချောင်းရေ၊ တောင်ကျရေ များကြောင့် အင်း၊ အိုင်၊ လယ်ယာမြေများတွင် ရေများ ပြည့်လျှံလာတတ်ပါသည်။ ရေဝလာ ငွေရောင်ဖွေးဖွေးတွင် ရေနန်းပျော်ဗေဒါပင်တို့သည်လည်း ဟိုမှာ၊ ဒီမှာမျောပါလျက် ရှိကြပါသည်။

ဗေဒါပင်သည် နှစ်လွှန်ခံသော (ရေပေါ်နေ) ဆေးဖက်ဝင်အပင်တစ်မျိုး ဖြစ်ပါသည်။ အမျှင်ထူ၍ အမြစ်များစွာ ရှိပြီး အမြစ်များသည် ရေတွင် ပေါလောမျောနေတတ်သလို ရေအောက်ညွန်ထဲတွင်လည်း အမြစ်တွယ်နေနိုင်ပါသည်။ အရွက်တံများ၏အောက်ဖက်တွင် ဖောင်းကြွနေသောဥများ၊ ဖော့များကြောင့် ဗေဒါအပင်အုံကြီးတစ်ခုလုံးသည် ရေပေါ်တွင် ခပ်မြင့်မြင့်၊ ခပ်ကြွကြွရှိနေနိုင်ပါသည်။

မသန့်ရှင်းသောရေ၊ အင်းအိုင်၊ ချောင်းမြောင်းအတွင်း ဗေဒါပင်များကို မွေးပေးလိုက်ခြင်းအားဖြင့် ရေထဲက အညစ်အကြေးတချို့ကို ဗေဒါအမြစ်အမွှာတွေက ရစ်ပတ်စုပ်ယူနိုင်သဖြင့် မသန့်ရှင်းသောရေသည် အတန်အသင့် သန့်ရှင်းသည့် ရေတွေဖြစ်သွားပါသည်။ ဗေဒါ၏ ပဋ္ဌင်းပါးကို မြေဩဇာအဖြစ် အသုံးပြု၍ သဘာဝဓာတ်မြေဩဇာအဖြစ် အသုံးပြုနိုင်သလို၊ အခြားအပင်နှင့် အသီးအရွက်တွေကိုလည်း သန်မာကြီးထွားစေနိုင်ပါသည်။

ဗေဒါပင်များသည် ပေါက်ရောက်ရာဒေသရှိ ရေထဲမှ အချဉ်၊ အငန်ဓာတ်များကိုလည်း ပြောင်းလဲပေးနိုင်သည်သာမက သတ္တုဓာတ်များ၊ ကြေးနီသားများ၊ ကတ်ဒမီယာမ်သာသွပ် ဓာတ်များကိုလည်း ဖြေဖျောက်ပေးနိုင်ပါသည်။ ထုံးဓာတ်သည် ဗေဒါပင်၏ လုပ်ငန်းအများအပြားကိုလည်း များစွာ အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ဗေဒါပင်ကို စက်ရုံ၊ အလုပ်ရုံများတည်ရှိရာ ဒေသများ၌ မွေးမြူစိုက်ပျိုးထားလေ့ရှိပါသည်။

မြန်မာနိုင်ငံ ကျေးလက်ဒေသ ချောင်း၊ မြောင်း၊ အင်း၊ အိုင်များသာရှိသော ဒေသအများစုတွင် ဗေဒါပင်များကို အများအပြားတွေ့နိုင်ပါသည်။ ဤသို့အမြင်အတွေ့များသော ဗေဒါပင်ကို လူတို့ကအသုံးမဝင်၊ တန်ဖိုးမရှိဟု ထင်မြင်ယူဆကြလေသည်။

ဗေဒါပင်သည် ဆေးဖက်၌ အသုံးဝင်သည်သာမက လူသားများအတွက် အထည်အဝတ်ကို ဖန်တီးပေးနိုင်ပါသည်။

## ကျောက်တည်ရောဂါဖြစ်လျှင်

ရေကန်၊ ရေကြည်များတွင် ပေါက်လေ့ရှိသော (မနမရင့်) ဗေဒါတစ်ပင်ကို သန့်ရှင်းစင်ကြယ်စွာဆေးကြော၍ အမြစ်များကို ဖယ်ရှားပြီး ကျန်သည့်အစိတ်အပိုင်းများအား



www.burmeseclassic.com

www.burmeseclassic.com

လုံးကို သမအောင်ရောနယ်ကာ သမားရိုးကျ ဟင်းချက်သကဲ့သို့ ချက်ပြုတ်စားသောက်လျှင် လူများတွင်ဖြစ်တတ်သော အသည်းကျောက်တည်ရောဂါကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

**ဆီးချိုရောဂါပျောက်သည့်ဗေဒါ**

ရေကြည်၊ ရေချို၊ ရေကန်များတွင် ပေါက်လေ့ရှိသော ဗေဒါပင်၏အပွင့်ကို ခပ်များများခူး၍ အခြောက်လှမ်းထားပါ။ ၎င်းဗေဒါပွင့်အခြောက်ကို ရေနွေးကြမ်းတွင်ထည့်၍ ရေနွေးသောက်သကဲ့သို့ သောက်ပေးပါက ဆီးချိုရောဂါသက်သာပျောက်ကင်းစေနိုင်ပါသည်။ ဗေဒါအပွင့်ကို အခြောက်လှန်းရန် အချိန်မရရှိပါက ဗေဒါအစိုပွင့်ကို သန့်ရှင်းသောအိုးတွင် ရေနှင့်အတူ သုံးခွက်တစ်ခွက်တင်ကျန်အောင် ကျိုသောက်ပါက သက်သာစေပါသည်။ ထို့အပြင် ဗေဒါသည် စာရေးသူတို့မသိနိုင်သေးသော အခြားအကြောင်းအရာများစွာတို့တွင်လည်း လူသားတို့အတွက် အသုံးတည့်နိုင်ပါသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဗေဒါပြဿနာကိုဖြေရှင်းရန် စီမံချက်များ ရေးဆွဲနေကြကြောင်း သိရှိရပါသည်။ အလားတူ မြန်မာနိုင်ငံ သိပ္ပံနည်းပညာနှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကမကထပြုသော ဆွေးနွေးပွဲတစ်ရပ်တွင်လည်း ဗေဒါပင်ကုန်ကြမ်းမှ အထည်အလိပ်ထုတ်လုပ်ရန်စီမံချက်များ ရေးဆွဲနေကြောင်း လေ့လာသိရှိရပါသည်။

ရေနန်းပျော် ဗေဒါပင်တို့သည် သစ်ခွပွင့်ကဲ့သို့ အပွင့်များအစုလိုက်၊ အပြုံလိုက်ပွင့်တတ်ကြပါသည်။ ဗေဒါပွင့်ချပ်ကလေးများမှာ နူးညံ့ပြီး အပြာနု၊ အပြာရင့် စသည့် အသွေးအရောင်များရှိသည်။ ရေတွင်ကြီးထွားရှင်သန်နေသောအပင်တို့သည် ကုန်းတွင်ပေါက်သော အပင်များထက် အပွားမြန်လာပါသည်။

ဗေဒါပင်၏ ပေါက်ရောက်ရှင်သန်ကြီးထွားမှုသည် ကွပ်ကဲထိန်းချုပ် ရန်ခက်ခဲသောကြောင့် ဗေဒါပင်သည် နာမည်ဆိုးများ ရရှိလာပါသည်။ ရုက္ခဗေဒပညာရှင်တို့က ဗေဒါပင်ကို "အီခွန်နီယာကာရာစီပစ်"ဟု ခေါ်ကြသည်။ နေ့စဉ် ဗေဒါပင်နှင့် ထိတွေ့ရင်ဆိုင်နေ ကြသူတို့ကမူ ဗေဒါပင်ကို ဂျပန်၊ ဒုက္ခ၊ ဖလော်ရီဒါသရဲ၊ ဘင်္ဂလားအန္တရာယ်၊ အိန္ဒိယသရဲပြာစသည့် အမည်ဆိုးများ ပေးထားကြသည်။ အမည်ဆိုးများဖြင့် ရှုံ့မုန်းခြင်းခံရသော ဗေဒါပင်ကို အိန္ဒိယ၌ စက္ကူနှင့် ဂျပ်ထူကတ်ပြားများပြုလုပ်ရာတွင် အသုံးပြုကြသည်။ အမေရိကန်ပြည်ထောင်စုတွင် ဗေဒါပင်မှစွမ်းအင်ထုတ်ယူရန် သိပ္ပံပညာရှင်များက ကြံဆနေကြသည်။ ဗေဒါတွင် မီသိမ်းဓာတ်ကြွယ်ဝသဖြင့် ဇီဝဓာတ်ငွေ့ထုတ်ယူနိုင်သည်။ မီးစုန်းအက်ဆစ်နှင့် ထုံးဓာတ်ကြွယ်ဝသည်။ ဗေဒါနှင့်ပြုလုပ်သော ပရိဘောဂလုပ်ငန်းများသည်လည်း တစ်စတစ်စ ရှင်သန်လာနေသဖြင့် မကြာမီဗေဒါကုန်ကြမ်းလျော့ပါးလာပြီး ဗေဒါမျိုးပြုန်းသွားမည်ကိုလည်း စိုးရိမ်စရာမရှိပါ။

ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဗေဒါကုန်ကြမ်းဖြင့် ပြုလုပ်သောပရိဘောဂပစ္စည်းများ အရောင်းရတွင်ကျယ်နေသောကြောင့် အမေရိကန်ဈေးကွက်တွင်းသို့ပင် တိုးဝင်လာကြသည်။ ဗေဒါပင်ကို ဒိုက်ပင်၊ ပေါင်းပင်အဖြစ် ရှုံ့မုန်းလှသော ဖလော်ရီဒါပြည်နယ်မှာပင် ဗေဒါပရိဘောဂဆိုင် ဖွင့်လှစ်နေပြီ ဖြစ်ပါသည်။ ဂျပန်နိုင်ငံမှ ဆူပန်ဘူရီရှိ တောင်းပလုံးရက်သမားများသည် ဗေဒါကုန်ကြမ်းဖြင့် "ကြောင်ခြင်း" များ ရက်လုပ်ပြီးဈေးကွက်သို့ တင်ပို့ကြသည်။ ကြောင်ကိုချစ်တတ်သော ဂျပန်လူမျိုးတို့သည် ချောမွတ်ပြီး ကြာရှည်ခံသော ဗေဒါ"ခြင်း"ကို ကြောင်များအတွက် နှစ်သက်စွာ အသုံးပြုနေကြသည်။

ဗေဒါပင်ပေါက်သော နိုင်ငံများတွင် မြစ်၊ ချောင်း၊ အင်းအိုင်၊ ရေကြောင်း၊ တူးမြောင်းများ ပိတ်ဆို့ကာ ငါးဖမ်းပိုက်များကိုပင် ပျက်စီးစေတတ်သည်ဆိုသော ဗေဒါပင်များကို မုန်းတီးကျိန်ဆဲမည့်အစား လူသားအကျိုးပြု ဗေဒါပင်များအဖြစ် ပြုပြင်ထိန်းသိမ်းရင်း သဘာဝကုန်ကြမ်းအဖြစ် ထုတ်ယူသုံးစွဲနိုင်ကြမည်ဆိုလျှင် လူသားတို့အတွက် အမှန်မုချ အကျိုးများမည်ဖြစ်ပါသည်။

**ကျော်ဇောဟိန်း(နံ့သာ)**

**ကိုးကား**

၁၉၉၄၊ ဇန်နဝါရီလ၊ သုတပဒေသာ စာစောင်မှ ဒေါက်တာခင်မောင်ညွန့်၏ "ဗေဒါတွေ ငွေရှာပေးနေပြီ" ဆောင်းပါး။



www.burmeseclassic.com

www.burmeseclassic.com

# အစာအိမ်ရောဂါအတွက် မြန်မာဆေး

## သမုတိမျိုးမြင့်(မင်းလှ)

ကျွန်ုပ်သည် အခုတလော တူတော်မောင်တစ်ယောက် သောက်စားတာ များလွန်းသဖြင့် ကျန်းမာရေး ချို့တဲ့သည့်အပြင် အစာအိမ်ရောဂါရရှိပြီး သိပ်မကြာမီ အစာအိမ်သွေးကြောပေါက်၍ ပါးစပ်မှ သွေးများ လက်ဖက်ရည်ပန်းကန်လုံး နှစ်လုံးစာလောက် ထွက်ရှိသဖြင့် မြို့နယ်ပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ငါးထပ်ဆောင် မြေညီထပ်ရှိ အစာအိမ် အူလမ်းကြောင်းဌာနတွင် အစာအိမ်အတွက် လိုအပ်သော ဆေးဝါးများကိုယူ၍ ဆေးတစ်ပတ်စာ သောက်သုံးသော်လည်း သွေးအနည်းငယ်ပြန်ထွက်နေသဖြင့် ရက်ချိန်းပြည့်သောနေ့တွင် ရန်ကုန်ဆေးရုံသို့ သွားရောက်ပြသရာ ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အရ သွေးစစ်၊ ဓာတ်မှန်ရိုက်၊ အစာအိမ် အူလမ်းကြောင်းမှန်ပြောင်းကြည့်ပြီးသော် ဆရာဝန်ကြီး၏ စစ်ဆေးတွေ့ရှိချက်အရ အစာအိမ်ပေါက်နေသဖြင့် နောက်တစ်ပတ်ခွဲစိတ်ရန် ပြောကြားသဖြင့် တူတော်မောင် မြို့မှာ ပြန်လည်အနားယူ အားမွေးရလေသည်။

တစ်နေ့ ကျွန်ုပ်သည် တူတော်မောင်ကျန်းမာရေးအတွက် အလုပ်ရှုပ်နေသဖြင့် မိုးညှိမြို့ မရောက်တာကြာသွားသဖြင့် မိုးညှိသို့ သွားရောက်ရန် ဆိုင်ကယ်ကယ်ရီကို ငှားဖြင့်ခေါ်ပြီး မိုးညှိမြို့မှ ဘရသေ့အတွက် ဝယ်ထားသော ပစ္စည်းများထုပ်ပိုးနေချိန် တူတော်မောင်မှ မိုးညှိမြို့ကို လိုက်ချင်သဖြင့် ကျွန်ုပ်ကယ်ရီနှင့်အတူ ဖြည်းညင်းစွာမောင်းနှင်ပြီး မိုးညှိမြို့သို့ ရောက်ရှိခဲ့ပေသည်။ ဘရသေ့ကျောင်းပေါ်သို့ ရောက်လျှင် တူတော်မောင်တစ်ယောက် လမ်းခရီးမှာ ဆိုင်ကယ်ဆောင့်သဖြင့် ပါးစပ်မှ သွေးအနည်းငယ် ထွက်ရှိသည်ကို ဘရသေ့က -

"ဘာဖြစ်တာလဲ"

"မှန်လှပါဘုရား ... တပည့်တော် တူတော်မောင် အစာ အိမ်ဖြစ်နေတာ အခု လမ်းခရီးက ကြမ်းတမ်းတော့ သွေးထွက်နေတာပါ"

"ဒါနဲ့ နေပါဦး၊ ဘာတွေလုပ်ထားသေးသလဲ"

"တပည့်တော်ကိုယ်တိုင် ရန်ကုန်ပြည်သူ့ဆေးရုံကို သွားရောက်ပြသခဲ့ပါတယ်"

"ဒီလိုဆို ဆရာဝန်က ဘာတွေ ပြောလိုက်သေးသလဲ"

"မှန်လှပါဘုရား၊ နောက်အပတ်မှာ ခွဲစိတ်ရမယ်လို့ပြောတယ်ဘုရား"

"ဒါဆိုရင် ခွဲစိတ်စရာ မလိုတော့ဘူး။ ဘရသေ့မှာ ဆေးနည်းရှိတယ်"

"အရှင်ဘုရား တပည့်တော်တူမောင်အတွက် ဆေးနည်းချီးမြှင့်တော်မူပါ"

"ဟော့ ... သူတော်၊ လာဦး။ ကျောင်းခြံဝန်းက စိုက်ထားတဲ့ ကုလားဟင်းနုနွယ်အပင်နဲ့ ဆင်နှာမောင်းအရွက်ပင်တွေနုတ်ခဲ့တော့"

"မှန်လှပါဘုရား"

သူတော်ထွက်ခွာသွားပြီး မကြာခင် သူတော်လက်ထဲတွင် အပင်နှစ်ပင် ပါလာသည်။

"ကဲ ... ဒါက ကုလားဟင်းနုနွယ်ပင်။ သူက ဆူးရှိတယ်။ ဒါက ဆင်နှာမောင်းရွက်အပင်။ အရွက်တွေကို ဆတူခူးပြီး ရေစင်အောင်ဆေးကြောပြီး သကြားအနည်း



www.burmeseclassic.com

www.burmeseclassic.com

*သတိမမူတော့ ဂူမမြင်ဘူးပေါ့။*
*သစ်ပင်သစ်ရွက်၊ သစ်ဥသစ်မြစ်တွေက*
*သူ့နေရာနဲ့သူ တန်ဖိုးရှိတယ်။*
*သစ်ပင်အားလုံးက ဆေးဖက်ဝင်တယ်။*
*ဒါကြောင့် မြန်မာတိုင်းရင်းဆေးတွေကို*
*သစ်ပင်က ပစ္စည်းအားလုံးနဲ့ ဖော်စပ်တယ်။*

ငယ်၊ ပုစွန်ခြောက်နဲ့ ကြော်ပြီး မနက်၊ ည ပုံမှန်စားပေးပါ။ ကုလားပဲပင်းနုနွယ်အရွက်နဲ့ ဆင်နှာမောင်းအရွက်က အမျှင်ဓာတ်ကများတော့ ပေါက်နေတဲ့အစာအိမ်ကို အမျှင်က ဖာထေးပေးတယ်။ အမြန်အပေါက်ပိတ်သွားနိုင်တယ်။ သုံးရက်စားပြီးရင် ရပ်ထားလိုက်တော့''

''မှန်လှပါဘုရား။ တပည့်တော်တို့ ဘရသေ့မိန့်တော်မူတဲ့အတိုင်း လုပ်ပါမယ်။ တပည့်တော် ဘရသေ့ကျောင်းကို ရောက်တာများနေပြီး ကျောင်းခြံဝင်းထဲက သစ်ပင်တွေကို သိပ်မသိခဲ့ပါဘူး အရှင်ဘုရား''

''အေးပေါ့ကွယ်၊ သတိမမူတော့ ဂူမမြင်ဘူးပေါ့။ သစ်ပင်သစ်ရွက်၊ သစ်ဥသစ်မြစ်တွေက သူ့နေရာနဲ့သူ တန်ဖိုးရှိတယ်။ သစ်ပင်အားလုံးက ဆေးဖက်ဝင်တယ်။ ဒါကြောင့် မြန်မာတိုင်းရင်းဆေးတွေကို သစ်ပင်က ပစ္စည်းအားလုံးနဲ့ ဖော်စပ်တယ်။ *အင်္ဂလိပ်ဆေးက သက်သာတာ*တော့ မှန်တယ်။ ဘေးထွက်ဆိုးကျိုးရှိတယ်။ မြန်မာတိုင်းရင်းဆေးက ရောဂါကို ပျောက်စေပြီး ဘေးထွက်ဆိုးကျိုး မရှိဘူး မှတ်ထား''

''မှန်လှပါဘုရား''

''မြို့ရောက်ရင် သေချာလုပ်ပြီး တူတော်မောင်ကို တိုက်ပေတော့''

ကျွန်ုပ်နှင့် တူတော်မောင်နှစ်ယောက် ဘရသေ့ကို ပစ္စည်းများ၊ ဝတ္ထု ငွေများနှင့် ကန်တော့၍ မြို့သို့ ပြန်ရောက်လျှင် ဘရသေ့မိန့်တော်မူသည့်အတိုင်း တူတော်မောင်ကို ဟင်းရွက်များ ကြော်၍ မနက်၊ ည ပုံမှန်ကျွေးကြည့်ရာ နှစ်ရက်မြောက်နေ့တွင် သွေးထွက်မှုမရှိသဖြင့် သုံးရက်လောက် ကြော်ကျွေးပြီးမှ ရပ်ထား၍ အခြေအနေကို စောင့်ကြည့်ခဲ့ရသည်။

နောက်ရက်ချိန်းပြည့်သောနေ့ ရန်ကုန်ဆေးရုံသို့ သွားရောက်ပြသပြီး ဆရာဝန်မှ သွေးစစ်၊ ဓာတ်မှန်ထပ်ရိုက်၊ အစာအိမ်အူလမ်းကြောင်း မှန်ပြောင်းကြည့်ပြီး ဆရာဝန်ကြီးမှ အဖြေထွက်ရှိလာခဲ့သည်။ ဓာတ်မှန်နှင့် အစာအိမ်အူလမ်းကြောင်းမှန်ပြောင်းက အစာအိမ်အပေါက် ပြန်ပိတ်သွားသဖြင့် ခွဲစိတ်ရန်မလိုဘဲ သောက်ဆေး ၂၁ ရက်စာ ပေး၍ ပြန်လွှတ်သည်။

ကျွန်ုပ်နှင့် တူတော်မောင်နှစ်ယောက် အထုပ်အပိုးများနှင့် ပြန်လည်ရောက်ရှိလာပြီး ကျန်းမာရေးကို စောင့်ကြည့်ကြရာ အားလုံးကောင်းမွန်သွားသဖြင့် ရက်ချိန်းပြည့်သောနေ့တွင် ရန်ကုန်ဆေးရုံသို့ သွားရောက်မပြသတော့ဘဲ မိုးညှိသို့ ကျွန်ုပ်နှင့် တူတော်မောင်ကားငှား၍ ဆန်အိတ်၊ ပဲ၊ ဆီ အပြည့်အစုံတင်၍ ဘရသေ့ကျောင်းသို့ ရောက်ရှိလာခဲ့ပေသည်။ ဘရသေ့မှ –

''ဘယ့်နှယ်လဲ၊ တူတော်မောင် အခြေအနေ ကောင်းသွားပြီလား''

''မှန်လှပါဘုရား။ ခွဲစိတ်ရန်မလိုတော့ဘဲ အားလုံးကောင်းသွားပါပြီ။ ဘရသေ့ပေးလိုက်တဲ့ ဆေးနည်းက အစွမ်းထက်လို့ လုံးဝ ပျောက်ကင်းသွားပါပြီ''

ဘရသေ့အား ဆန်၊ ဆီ၊ ပဲ၊ ဝတ္ထုငွေ များကပ်လှူ၍ ကျွန်ုပ်နှင့် တူတော်မောင်နှစ်ယောက် ပြုံးရွှင်စွာ ပြန်ခဲ့ကြပေသည်။ *ဒါကြောင့် မြန်မာတိုင်းရင်းဆေးများက* **ဆေးကောင်းတော့ တစ်ခွက်** ဆိုတာ မှန်နေပါလား။ ကျွန်ုပ်တူတော်မောင်ကဲ့သို့ အစာအိမ်ရောဂါသည်များ အမြန်ကုသပျောက်ကင်းရန် မြန်မာဆေးမြီးတိုကလေးကို ခုနစ်ရက်သားသမီးများအတွက် တင်ပြပေးလိုက်ပါသည် ဓမ္မမိတ်ဆွေအပေါင်းတို့ ...။

**ရောဂါနှင့်ဆေး တွေ့ကြပါစေ ...**

**သမုတိမျိုးမြင့်(ခင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် သစ်ပင်သီးနှံများ

■ သုတေသီဆရာငြိမ်း

## ဂျင်း(ချင်း)ပင်

ဂျင်း(ချင်း)ပင်သည် ပင်နု ပင်ပျော့မျိုးဖြစ်ကာ အမြင့် သုံးပေမှ လေးပေထိ ရှိတတ်၏။ အရွက်မှာ အစိမ်းရောင်ရှိပြီး ဝါးရွက်အသေးစားနှင့် တူပေသည်။ အရွက်တစ်ရွက်လျှင် ခြောက်လက်မမှ ရှစ်လက်မခန့်ထိ ရှည်၏။ အပွင့်ပွင့်ပြီဆိုလျှင် စိမ်းဝါရောင် ပန်းပွင့်စုကလေးများဖြစ်ကာ မိုးရာသီ၌ ပွင့်လေ့ရှိကြပေသည်။

ဂျင်း(ချင်း)ပင်၌ အသုံးများလေ့ရှိသော အပိုင်းသည် ဥအတက်ပိုင်းဖြစ်၏။ ချင်းပင်စိုက်မည်ဆိုပါက ဥအတက်ကို မြေအောက်သဲမြေမျိုး၌ စိုက်ပျိုးနိုင်ပေသည်။ ချင်းအတက်တွင် အဆစ်များရှိ၍ အဆစ်နေရာတွင် အဖတ်၊ အတက်ကလေးများ ရှိတတ်ပေသည်။ တပို့တွဲ၊ တပေါင်းလများတွင် အရွက်ကြွေပြီဖြစ်၍ ဥများ(ချင်းတက်များ)ကို တူးဖော်နိုင်ကြသည်။ ချင်းကို တန်ခူးလ၊ ကဆုန်လများတွင် စတင်စိုက်ပျိုးလေ့ရှိကြသည်။ မြေအခက်အခဲရှိသူများအနေဖြင့် ချင်းကို ခြင်းထဲထည့်ကာ စိုက်ပျိုးလေ့ရှိကြပါသည်။

ချင်းပင်သည် လောင်းရိပ်အောက်ရှိ သဲမြေများ၌ စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းနိုင်ပေသည်။ ချင်းစိမ်းသည် ချို၏။ ပူ၏။ ခါး၏။ နှုတ်ကိုမြိန်စေ၏။ ဝမ်းမီးကို တောက်စေ၏။ လေသလိပ် သည်းခြေတို့ကို နိုင်နင်း၏။ အစာကို ကြေကျက်လွယ်စေ၏။ ဆီးဝမ်းကို ရှင်စေ၏။ သွေးသားကို သန့်စင်စေ၏။ အဆိပ်ကို ပြေစေနိုင်၏။

အသံနာခြင်း၊ လေနာခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ရင်ခေါင်းနာခြင်းတို့ကို နိုင်နင်း၏။ အဆီဓာတ်ကို လျော့နည်းစေ၏။ ပြင်းထန်သော အနာများနှင့် သွေးကြောတောင့်တင်းခြင်းများ ရောင်ရမ်းခြင်းများ စသည့် ဝေဒနာတို့ကို သက်သာပျောက်ကင်းစေပါသည်။ ချင်းနှင့်ပတ်သက်၍ အသုံးပြုသည့် အစိတ်အပိုင်းမှာ ဥအတက်ပင်ဖြစ်၏။ အစားအသောက်တွင်လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးဝါးများတွင်လည်းကောင်း ထည့်သွင်းအသုံးပြုကြသည်။

### ၁။ အမျိုးသမီး မီးဖွားပြီးသည့်နောက် သားအိမ်မကျက်ဘဲ ဖြစ်နေလျှင်၊ ဖျားနာနေလျှင်

ချင်းတစ်ကျပ်သားအား ပါးပါးလှီး၍ ထန်းလျက် နှစ်ကျပ်သားနှင့်အတူ ရေတစ်ပိဿာတွင်ထည့်ကာ ထက်ဝက်ခန့်ရအောင် ကျိုချက်ပါ။ ပြီးလျှင် တစ်ခါသောက်လျှင် နှစ်အောင်စနှုန်းဖြင့် သောက်ပေးပါက အမျိုးသမီးများ မီးဖွားပြီးသည့်နောက် သားအိမ်မကျက်ဘဲ ဖျားနာခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၂။ သက်ရှည်တေဆေး ဖော်မလား

ချင်း၊ ဖန်ခါးသီးနှင့် ထောပတ်တို့ကို ရောချက်ခြင်းဖြင့် တေဆေးတစ်ဖုံ ရပါလိမ့်မည်။ ၎င်းတေဆေးကို ပုံမှန်သုံးဆောင်ပေးသွားခြင်းဖြင့် အသက်ရှည်ခြင်းအကျိုးကို ခံစားရပါလိမ့်မည်။

### ၃။ သွေးကြောပိတ်၍ ခြေထိပ်နာများ၊ ခြေဖျားအေးခြင်းများ ဖြစ်လျှင်

ချင်းစိမ်း နှစ်ကျပ်ခွဲသားအား သေးသေးကလေးများဖြစ်အောင် လှီးပြီးနောက် အရက်တစ်ပုလင်းတွင် ထည့်စိမ်ပါ။ ထို့နောက် နံနက်တစ်ငွန်း၊ ညနေတစ်ငွန်းကျ သောက်ပေးပါ။ အနာပေါ်သို့လည်း လိမ်းကျံခွတ်ဖျန်းပေးပါ။ ဤသို့



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သွေးကြောကျဉ်းခြင်းများ၊ ဗိုက်ခြင်းများ ကျယ်၍ပွင့်လာကာ ခြေထိပ်နာဖြစ်ခြင်းများ၊ ခြေဖျားအေးခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၄။ ဘယ်နေရာတွေမှာ အသုံးပြုနိုင်သလဲ

ချင်းတက်များကို ဟင်းလျာများ၌လည်းကောင်း၊ ဟင်းမွှေးမဆလာအဖြစ်လည်းကောင်း၊ သားစိမ်းငါးစိမ်း၊ အညှီနံ့များကို နှိမ်နင်းသော အထောက်အကူပြုပစ္စည်းအဖြစ်လည်းကောင်း၊ အဆာပလာများနှင့်ရော၍ အသုပ်အဖြစ်လည်းကောင်း၊ ဂျော်သီးအစားထိုးပစ္စည်းအဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

### ၅။ မခံမရပ်နိုင်အောင် သွားကိုက်လျှင်

ချင်းကို ပါးပါးလှီး၍ ကိုက်သောနေရာ၌ အုံပေးခြင်းအားဖြင့် မခံမရပ်နိုင်လောက်သော သွားကိုက်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၆။ အသံဝင်၊ အသံပျက်၊ အသံတွေနာနေလျှင်

ချင်းပါး ခုနစ်လွှာခန့် ခပ်ပါးပါးလွှာ၍ ထန်းလျက်သုံးလုံးနှင့်အတူ ရေသုံးခွက်တစ်ခွက်တင် ကျိုလျက် သောက်သုံးပေးခြင်းအားဖြင့် အသံဝင်ခြင်း၊ အသံပျက်ခြင်း၊ အသံနာခြင်းစသော အသံပိုင်းဆိုင်ရာ ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၇။ နားကိုက်ဝေဒနာ ခံစားနေရလျှင်

ချင်းစိမ်းကို သတ္တုရည်ရအောင်ညှစ်၍ မီးအပူပေးပါ။ ခပ်နွေးနွေးအနေအထားသို့ ရောက်ပါက နားအတွင်းခတ်ပေးခြင်းဖြင့် နားကိုက်ဝေဒနာ ခံစားရခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၈။ ဇက်ကြောတွေ တက်နေလျှင်

ချင်းကို ပါးပါးလှီးပြီး မီးအနည်းငယ်ပြပါ။ ပြီးလျှင် ဇက်ကြောတက်သည့်နေရာကို ကပ်ပေးထားပါက ဇက်ကြောတက်ဝေဒနာ သက်သာပျောက်ကင်းပါလိမ့်မည်။

### ၉။ တုပ်ကွေးဖျားနေလျှင်၊ ချမ်းစိမ့်စိမ့်ဖျားလျှင်၊ လည်ချောင်းနာလျှင်၊ ချောင်းဆိုးလျှင်

ချင်းကို ခုနစ်လွှာခန့် ပါးပါးလှီး၍ ထန်းလျက်သုံးလုံးနှင့်အတူ ရေသုံးခွက်တစ်ခွက်တင် ရအောင်ကျိုပါ။

ထို့နောက် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်သုံးပေးခြင်း၊ ဟင်းလျာများတွင် ယခင်ကထက် အနည်းငယ်ပိုမိုထည့်၍ ချက်ပြုတ်စားသောက်ပေးခြင်းအားဖြင့် တုပ်ကွေးများ၊ ချမ်းစိမ့်စိမ့်အဖျား၊ လည်ချောင်းနာမှုများ၊ ချောင်းဆိုးနေမှုများ အမြန်ခုံးသက်သာပျောက်ကင်းပါလိမ့်မည်။ အနောက်တိုင်းမှ သုတေသနပြုလုပ်ရာတွင် ချင်းကိုစားသုံးပေးခြင်းအားဖြင့် ဗိုင်းရပ်စ်များကြောင့် ဖြစ်ပွားတတ်သည့် အချို့သောရောဂါအတော်များများ သက်သာပျောက်ကင်းကြောင်း ဖော်ထုတ်တင်ပြထားပေသည်။

### ၁၀။ သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါတို့ ခံစားနေရလျှင်

သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ အသည်းအဆီဖုံးရောဂါတို့ ဆိုသည်မှာ သွေးထဲ၌ ကိုလက်စထရော များနေမှုကြောင့် ဖြစ်ပွားရခြင်း ဖြစ်ပါသည်။ သည့်အတွက် ချင်းကိုစားသုံးပေးခြင်းအားဖြင့် ကိုလက်စထရောများ လျော့နည်းသွားနိုင်ပြီး အဆိုပါရောဂါများ သက်သာပျောက်ကင်းစေနိုင်ပါသည်။

အချိုမကြောက်သူများအတွက် ချင်းကို ခုနစ်လွှာခန့် ခပ်ပါးပါးလှီးပြီး ထန်းလျက် သုံးခဲနှင့် အထက်ပါအတိုင်း ကျို၍သောက်သုံးပေးသင့်ပါသည်။ အချိုမကြိုက်သူများအဖို့ရာမှု ချင်းအား ခပ်သေးသေး တုံးတစ်လုံးဖြတ်ကာ (ကြက်သွန်နီတစ်လုံးနီးပါးစာ)နှမ်းဆီဖြင့် ညစဉ်သုပ်စားပေးသင့်ပါသည်။ တစ်လခန့် ပုံမှန်စားသုံးပေးပါက သွေးထဲ၌ ကိုလက်စထရောပါဝင်မှုလျော့နည်းသွားကြောင်း အံ့သြဖွယ်တွေ့မြင်ရပါမည်။

□

## မိဿလင်ပင်

ဆေးဖက်ဝင်အစွမ်းထက်လှစွာသော မိဿလင်ရွက်၊ မိဿလင်ဥအကြောင်းတို့ကို တင်ပြလိုပါသည်။ မိဿလင်၏ အစွမ်းထက်မှုကား အံ့သြဖွယ်ကောင်းလှပါတိသည်။ ရှေးလူကြီးသူမများသည် ထိခိုက်ရှနာသော်လည်းကောင်း၊ ဒဏ်ရာတစ်ခုခုသော်လည်းကောင်း ဖြစ်လာပါက မိဿလင်ရွက်ကို အုံပေးခြင်း၊ မိဿလင်ဥကို ထုထောင်းကာ အုံပေးခြင်းတို့ဖြင့် ဒဏ်ကြေခြင်း၊ အရိုးအက်၊ အရိုးကျိုးရာတို့၌ ပြန်ဆက်နိုင်ခြင်း၊ တချို့ကျောက်ပတ်တီးစည်းပြီး ဖြေသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com

အနာရှိနှမပြယ်သေးပါက မိဿလင်ရွက် (သို့မဟုတ်) မိဿလင်ဥကို အုံ၍ စည်းပေးထားခြင်းတို့ဖြင့်လည်း သက်သာနိုင်ကြောင်း။ မိဿလင်အရွက်မှာ မိန်းမသားများ၏ ကျန်းမာရေးနှင့် ကိုက်ညီခြင်း။ ရာသီမမှန်မှုများ။ အသက် ၄၀ ကျော်အရွယ် ခံစားရသော သွေးဆုံးလေနာရောဂါအတွက် မိဿလင်ရွက်ကို ကြော်စားခြင်း။ မိဿလင်ဥကို သွေး၍လိမ်းပေးခြင်းတို့ဖြင့် ရောဂါများ သက်သာပျောက်ကင်းစေပါသည်။

အမျိုးသမီးများ သွေးဆုံးလေနာ မဖြစ်ခင် မိဿလင်ရွက်ကို ပုံမှန်ကြော်စားပေးခြင်းအားဖြင့် အလိုလိုပင် ရောဂါကို ကျော်လွှားပြီးသား ဖြစ်သွားပါလိမ့်မည်။ အချို့မှာ ထိုအချက်ကို မသိသဖြင့် နိုင်ငံခြားဖြစ် ဆေးဝါးများကို ဈေးကြီးပေးဝယ်ယူ၍ သောက်သုံးနေကြ၊ ကုသနေကြပါသည်။

စင်စစ် မြန်မာ့တိုင်းရင်းဆေးဝါးများမှာ လွန်စွာမှ အစွမ်းထက်လှပါသည်။ ငွေကုန်ကြေးကျလည်း မများပါ။ ပြင်းထန်များပြားသော ဒဏ်ရာများရလာပါက မိဿလင် ဆေးကြပ်ထုပ်ထိုးပေးပါက သိသာစွာ ပျောက်ကင်းပါလိမ့်မည်။

### ၁။ မီးယပ်သွေးပုပ်၊ လေပုပ်ချလိုလျှင်

ကြိတ်မှန်ရွက်ခြောက်၊ စမုန်နက်မီးသင်း။ ကြောင်ပန်းရွက်ခြောက်၊ ကြက်သွန်ဖြူမီးသင်း။ ဥသျှစ်ရွက်ခြောက်၊ မိဿလင်ဥ၊ ပျောက်ဆိပ်ရွက်ခြောက်၊ ဆားလှော်၊ မန်ကျည်းသီးတို့ကို အညီအမျှစီရကာ အမှုန့်ပြုလုပ်လျက် တေပြီးစားသုံးပေးခြင်းအားဖြင့် မီးယပ်သွေးပုပ်၊ လေပုပ်များ ကျသွားပါလိမ့်မည်။

### ၂။ ခါးနာ၊ ခါးကိုက် ပျောက်ကင်းလိုလျှင်

နနွင်းတက်၊ တစ်ကျပ်သား။ မိဿလင်ဥ တစ်ကျပ်သား။ ပရုတ် ငါးမူးသား။ ရေတ်ကောင်း ခုနစ်စေ့၊ ငရုတ်လေးမျိုးကို အမှုန့်ကြိတ်ပြီး ဆီနှင့်ဖျော်၍ လိမ်းပေးပါက ခါးနာခြင်း။ ခါးကိုက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

❐

## ငုဝါပင်

ငုဝါပင်သည် မြန်မာနိုင်ငံ နေရာဒေသ အနှံ့အပြား၌ ပေါက်လေ့ရှိသော အပင်ဖြစ်၏။ ပူပြင်းခြောက်သွေ့၍ စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်လေ့ရှိ၏။ ပေ ၄၀၀၀ အမြင့်ရှိ ဒေသများ၌ ပေါက်ရောက်နိုင်ပြီး ငုရွှေဝါပင်၊ ငုရွှေပင်ဟူ၍လည်း ခေါ်ကြ၏။

ငုပင်သည် ပဥ္စင်းပါးစလုံး ဆေးဖက်ဝင်သော အပင်အမျိုးအစားဖြစ်၏။ ငုပင်၏ အသီးသည် ချိုသက်သက်ဖြစ်၏။ ဝမ်းမီးကို စင်ကြယ်စေ၏။ အရွက်သည် နူးညံ့၏။ ဝမ်းကိုသက်စေ၏။ အပွင့်သည် အေး၏။ ခါး၏။ ဖန်၏။ အနှစ်သည် ချို၏။ ဝမ်းမီးကိုပွားစေပြီး ဝမ်းကိုသက်စေ၏။

ငုပင်၏ ဂုဏ်နှင့်စွမ်းရည်ကို တင်ပြရလျှင် အစာကို ကြေကျက်ခဲ၏။ နှုတ်ကိုမြိန်စေ၏။ ဒူးနာကို ပယ်သတ်နိုင်၏။ သလိပ်ကိုနိုင်၏။ အဖျားကိုပယ်သတ်နိုင်၏။ အရွက်သည် သလိပ်နှင့်အဆီကို ခြောက်စေ၏။ အနာပေါက်၌ အသားနုကို တက်စေ၏။ အဆစ်ရောင်ရောဂါ၌လည်း ဆေးဖက်ဝင်၏။ အမြစ်သည် အရေပြား။ နူနာ၊ အခုတ်နာ၊ လိင်နှင့်ပတ်သက်သော ရောဂါတို့ကို ပျောက်ကင်းစေနိုင်၏။

### ၁။ အရေပြားရောဂါဖြစ်လျှင်

ငုပင်၏ ပဥ္စင်းပါးစလုံးကို သွေး၍လိမ်းပေးပါက ယွေးနာ၊ ဝဲခြောက်၊ သွေးဆိုးခြင်းကြောင့် ဖြစ်သော အရေပြားရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ၂။ ရေယုန်နာပေါက်လျှင်

ငုပင်အရွက်၏ သတ္တုရည်ကို ရေယုန်နာများပေါ်၌ လိမ်းကျံပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၃။ အဆစ်တွေရောင်နေလျှင်

ငုပင်၏ အရွက်ကို အပူပေး၍ ကြပ်ထုပ်ထိုးပေးပါက အဆစ်ရောင်ရောဂါ ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

### ၄။ ကိုယ်ရေပြားရောဂါဖြစ်လျှင်

ငုပင်၏အရွက်ကို ရာလကာရည်နှင့် ကျောက်ပျဉ်တွင် ကြိတ်ပါ။ ရလာသောအရည်ကို အရေပြားပေါ်၌ လိမ်းကျံပေးပါက ကိုယ်ရေပြားရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

**၅။ ဝမ်းချုပ်လျှင်**

ငုပင်မှ အရွက်နုများကို ပှင်းချိုချက်၍ သောက်ပေးပါက ဝမ်းချုပ်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၆။ ဆီးအောင့်၊ ဆီးချုပ်၊ ဆီးသွားရာ၌ သွေးစများပါလျှင်**

ငုဝါသီး၏ အနှစ်ကိုသွေး၍ ချက်ကိုလိမ်းကျံပေးပါ။ (နေ့ဘက်တွင် လိမ်းရပါမည်။) ထိုသို့ လိမ်းကျံပေးခြင်းဖြင့် ဆီးအောင့်ခြင်း၊ ဆီးချုပ်ခြင်း၊ ဆီး၌ သွေးစများပါခြင်းတို့ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၇။ ဝမ်းကောင်းစွာသက်စေလိုလျှင်**

ငုအနှစ်နှင့် မန်ကျည်းတို့ကို အမျှစီစုပါ။ ညဦးတွင် ရေစိမ်ပြီး ညအိပ်ရာဝင်သည့်အခါ ပိတ်စိမ်းပါးနှင့်စစ်၍ သောက်ပေးပါ။ နံနက်ပိုင်းသို့ရောက်လျှင် ဝမ်းကောင်းစွာသက်ပြီး ဝမ်းချုပ်ခြင်းဝေဒနာ သက်သာသွားပါလိမ့်မည်။

**၈။ နားဝေဒနာ ခံစားနေရလျှင်**

ငုနှစ်ပြုတ်ရည် နားအတွင်း၌ ခတ်ပေးပါက နားနှင့် ပတ်သက်သော ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၉။ ဝမ်းဖောရောင်၊ လေထိုးလေအောင့်ဖြစ်နေလျှင်**

ကလေးများ ဝမ်းဖောဝမ်းရောင်ဖြစ်နေလျှင် လေထိုးလေအောင့်ဖြစ်နေလျှင် ငုနှစ်ကိုသွေး၍ ချက်ပတ်ပတ်လည်၌ လိမ်းပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၀။ လေရောဂါဖြစ်လျှင်**

ငုပင်၏အမြစ်ကို နွားနို့နှင့်ပြုတ်ကာ သောက်ပေးပါက လေနှင့်ပတ်သက်သော ရောဂါဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**၁၁။ အသားဝါရောဂါဖြစ်လျှင်**

ငုပင်၌ (၁) ငုကြီး(ဖွားဘက်)(အမပင်)၊ (၂) ငုရွှေ (ငုစပ်) (အဖိုပင်)၊ (၃) ငုသိန်မှာ၍ သုံးမျိုးရှိသည်။

၎င်းတို့အနက် ငုကြီး(ဖွားဘက်)၏ အမြစ်ကိုတူး၍ ရေစင်အောင်ဆေးပါ။ ထို့နောက် ဓားဖြင့်နုတ်နုတ်စင်းပြီး သုံးခွက်တစ်ခွက်တင် ကျန်အောင် ကျိုပါ။ လူကြီး အကြမ်းပန်းကန်တစ်လုံး၊ ကလေး ဟင်းစားဇွန်းတစ်ဇွန်း တစ်နေ့သုံးကြိမ်သောက်ပေးပါ။ အသည်းရောင်၊ အသားဝါရောဂါ မှချ သက်သာပျောက်ကင်းသွားစေပါသည်။

**၁၂။ သွေးတိုးနေလျှင်**

ဆင်တုံးမနွယ်၊ အုန်းနဲ့မြစ်၊ ငုနှစ်(ငုသီးထဲကအနှစ်) တစ်ကျပ်သားစီ၊ နနွင်းမှုန့်စစ်စစ် ၉ ကျပ်သား။ ၎င်းနှစ်မျိုးကို ပျားရည်နှင့်ဖော်ပြီး ညအိပ်ရာဝင်ချိန်တွင် လက်ဖက်စားဇွန်းတစ်ဇွန်းမျှ ပုံမှန်စားပေးပါက သွေးတိုးဝေဒနာ အရှင်းပင် ပျောက်ကင်းသွားပါသည်။

**၁၃။ နှင်းခူနာ ပျောက်ကင်းလိုလျှင်**

ငုစပ်(ဖွားဘက်)ပင်အရွက်ကို ဆန်ပုန်းရည်နှင့် လိမ်းပေးပါ။ ၎င်းနှင်းခူများ အဖတ်လိုက် ကွာကျသွားပါလိမ့်မည်။

**၁၄။ ဆင်ခူလည်ပြုတ်နာ ဖြစ်လျှင်**

ငုစပ်မြစ်ကို ဆန်ဆေးရည်နှင့်သွေး၍ နာခေါင်းထဲသို့ဝင်အောင် ရှုပေးပါက ဆင်ခူလည်ပြုတ်နာ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။

**၁၅။ ကျပ်တီးနာဖြစ်လျှင်**

ငုကြီး(ငုရွှေဝါ)အမြစ်ကိုသွေး၍ ရှုပေးပါ။ လိမ်းပေးပါ။ ကျပ်တီးနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(ဤ၌ ငုနှင့်မဟာလေ့ကားမှာ သဒ္ဒါနည်းအရ တူညီသည်ဟု ပြဆိုသော်လည်း မဟာလေ့ကားပင်နှင့် ငုပင်တို့မှာ မတူညီကြပါ။ အပင်ပုံသဏ္ဌာန်နှင့် ဆေးဖက်အသုံးပြုပုံခြင်း မတူညီကြပါ။ ဖွားဖက်ပင်မှာ ငုပင်မျိုးနွယ်ဖြစ်သော်လည်း အရွက်သေး၏။ အပွင့်မှာ ပန်းရောင်သမ်း၏။ အသီးမှာ ငုသီးကဲ့သို့ မရှည်ဘဲ တစ်ထွာလက်ဆုပ်မျှသာရှိ၏။ သို့သော် ဆေးကိစ္စဖြစ်သော ဂုဏ်နှင့်စွမ်းရည်အကျိုးသွားတို့မှာမူ ငုသီးနှင့် အတူတူပင်ဖြစ်ကြောင်း မှတ်သားရပါသည်။)

**၁၆။ ကလေးများ ဝမ်းချုပ်နေလျှင်**

ငုသီးအတွင်းသား (အစေ့မပာတ်၊ မတ်စေ့ခန့်ရှိသော ဝိုင်းဝိုင်းဝန်းဝန်း အနုက်ပြား)ကို ယူပြီးလျှင် အမိနို့ရည် (သို့မဟုတ်) နွားနို့နှင့်ရောစပ်၍ တိုက်ပေးပါက ကလေးများ၏ ဝမ်းချုပ်ခြင်းကို ပျောက်ကင်းစေပါသည်။

သုဓေယျသိဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

# အဘကျော်အောင် နှင့် ဟဌယောဂကျင့်စဉ် အကျိုးတရားများ

■ အောင်မြင့်မြတ်(ပြည်ရွှေဘို)

ကျွန်ုပ်သည် အဘကျော်အောင်နှင့် တွေ့ဆုံပြီးနောက် ပိုင်း၌ လမ်းလျှောက်သော အလေ့အကျင့်ကို လုပ်ဆောင်ခဲ့ရာ တစ်လကျော် နှစ်လခန့်ကြာသောအခါ ကျွန်ုပ်၏ကျန်းမာရေး သည် သိသိသာသာ ထင်ရှားကောင်းမွန်၍ လာလေတော့၏။

ကျွန်ုပ်၏ လက်စွဲတော်ဆရာဝန်ကြီး ဒေါက်တာဉာဏ် မြင့်က ကျွန်ုပ်အား ရောဂါစမ်းသပ်၍ -

"တယ်ဟုတ်ပါလား။ နှလုံးခုန်လည်း မှန်တယ်။ သွေး ပေါင်ချိန်လည်း မှန်တယ်။ အခြေအနေ အရမ်းကောင်းတယ်"ဟု ပြောလေ၏။

အမှန်အတိုင်းပြောရလျှင် ကျွန်ုပ်၏ ကျန်းမာရေးနှင့် ကျန်းမာလာခြင်းသည် အဘကျော်အောင်၏ ကျေးဇူးကြောင့် ဟု ဝန်ခံရမည်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည် အဘကျော် အောင်အား တွေ့ချင်သောဆန္ဒများ ဖြစ်ပေါ်လာသဖြင့် တောင် ဥက္ကလာပစေတီသို့ ထွက်လာခဲ့လေ၏။

ကျွန်ုပ် စေတီတော်သို့ ရောက်သောအခါ အဘ ပုတီးစိပ် နေသည်ကိုတွေ့၍ ထိုင်၍စောင့်နေရလေ၏။ အဘသည် ပုတီး စိပ်၍ပြီးသောအခါ ကျွန်ုပ်ဘက်သို့လှည့်၍ "မင်း လမ်းလျှောက် တာလည်း မမြင်ပါလား။ ဘယ်နားသွားပြီး လျှောက်နေတာလဲ" ဟု မေးလေ၏။

"ကျွန်တော်၊ လှူရှင်းတဲ့ ,ဝေဇယန္တာလမ်းမှာ လျှောက် တာ တစ်လတောင်ကျော်သွားပြီ။ ကျွန်တော် အဘကို အရမ်း ကျေးဇူးတင်တယ်။ ကျွန်တော့်ကျန်းမာရေးတွေ အရမ်းကို တိုး တက်လာတယ်"ဟု ကျွန်ုပ်က ပြောလိုက်ရာ အဘသည် ပြုံး၍ ခေါင်းညိတ်လေ၏။

"ဒီအတိုင်းပဲ ဖြစ်ရမယ်လေ။ လက်စသတ်တော့ မင်းက ဝေဇယန္တာဘက်မှာ လမ်းလျှောက်လို့ ငါနဲ့ မဆုံတာကိုး။ ကောင်း တယ်။ ဘယ်မှာလျှောက်လျှောက် လမ်းလျှောက်ဖို့သာ အဓိက ဒါ" ဟု အဘက ပြောလေ၏။

ထို့နောက် အဘနှင့် ကျွန်ုပ်တို့သည် ထုံးစံအတိုင်း လပြည့် လက်ဖက်ရည်ဆိုင်သို့ သွားရောက်၍ လက်ဖက်ရည် နှင့် မုန့်တို့ကို မှာယူစားသောက်ကြလေ၏။

"ဒီကနေ့အတွက် အာဟာရကုသိုလ် ကျွန်တော် တာဝန် ယူတယ်"

"ငါ့လူက ပြေလည်တယ်နဲ့တူတယ်။ ပြေလည်ရမှာ ပေါ့ဗျာ။ ကျန်းမာရေးကောင်းလာရင် အလုပ်အကိုင်ပါ ကောင်း လာတတ်တယ်ကွ။ အဲ . . . အလုပ်အကိုင်ကောင်းလာပြီဆို ရင်လည်း ငွေရေးကြေးရေးက နောက်က လိုက်လာတတ်တယ် ကွ။ ငွေရေးကြေးရေးလိုက်လာပြန်ရင်လည်း အလှူအတန်းလုပ် ဖို့ မမေ့ရဘူးကွ၊ အရေးကြီးတယ်။ သဘောပေါက်တယ်နော်"

"ပေါက်ပါတယ်အဘ။ အလှူလုပ်ဖို့လည်း စဉ်းစား ထားပါတယ်"

"စဉ်းစားတာက လက်တွေ့မကျဘူးကွ။ လက်တွေ့ကျ တာမှ အဟုတ်ဖြစ်တာ။ အဟုတ်ဖြစ်ရင် အလုပ်လည်းဖြစ် တယ်။ သဘောပါတယ်နော်"

"ပါပါတယ် အဘ"

"အေးပေါ့၊ ပါရမှာပေါ့ကွ။ တချို့လူတွေ လှူဖို့တန်းဖို့ စဉ်းစားရင်း သေသွားကြတာမျိုးရှိတယ်။ လှူတယ်ဆိုတာ နည်း နည်း၊ များများ အလှူပဲကွ။ အဓိကတော့ စိတ်ပါလက်ပါဖို့ပဲ မောင်ရ"

"မှန်ပါတယ် အဘ"

"မင်းက မှန်တာချည်း ထောက်ခံနေတယ်။ မှားတာ လည်း ရှိတယ်ကွ။ လှူတန်းပြီးမှ သွားပြီ၊ ငါ့အိမ်ကမိသားစုတွေ စားဖို့မကျန်တော့ဘူး။ လှူလိုက်တာ များသွားတယ်ဆိုပြီး ပူပန် မှုတွေဖြစ်လာတာ မထားသင့်တဲ့ နောင်တတွေ ထားလိုက်တာ မျိုးက မမှန်ဘူး၊ မှားတယ်။ မလုပ်သင့်ဘူးကွ။ လှူမယ်ဆိုရင် လှူလိုက်။ မလှူချင် မလှူနဲ့။ ပြတ်ပြတ်သားသားရှိမယ်။

www.burmeseclassic.com

နောက်ဆံတင်းရမယ့်အလုပ်မျိုးဆိုရင် ဘာအလုပ်မှ မကောင်းဘူးကွ။ လူ့တယ်ဆိုတာ ပြတ်ရတယ်။ နောက်ဆံတင်းမှုကင်းရတယ်။ ဒါမှ အရာရောက်တာကွ။ သဘောပေါက်လားမသိဘူး"

"ပေါက်ပါတယ် အဘ"

"ပေါက်ရင်သောက်" ဟုပြောပြီး အဘကျော်အောင်က လက်ဖက်ရည်ကို စသောက်လေ၏။ ကျွန်ုပ်က အဘကို တစ်စုံတစ်ခု မေးမြန်းရန် စဉ်းစား၍နေလေ၏။

"သောက်လေ ဘာတွေစဉ်းစားနေတာလဲ"

"အဘကို ကျွန်တော် တစ်ခုလောက် မေးလို့ရမလား မသိဘူး"

"တစ်ခုမဟုတ်ဘူး အများကြီးမေးလို့ရတယ်။ မေး・・ ဘာမေးချင်လို့လဲ"

"ကျွန်တော်မေးချင်တာက အဘက ဘယ်မှာနေတာလဲ"

"အိမ်မှာနေတာပေါ့ကွ"

"အိမ်မှာနေတာတော့ ကျွန်တော်သိတာပေါ့ အဘရယ်။ အဘနေတဲ့ နေရပ်လိပ်စာကို မေးတာ"

"တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ အိမ်အမှတ်မရှိ။ ကွမ်းယာလုညး်မှာအိပ်တယ်။ မနက်မှာ ဘုရားလာတယ်။ လမ်းလျှောက်တယ်"

"အဘက အိမ်မှာနေတယ်ဆို၊ ခုတော့ ကွမ်းယာဆိုင် ဖြစ်နေပါလား အဘ"

"ကွမ်းယာဆိုင်လည်း ငါ့အတွက်ကတော့ အိမ်ပဲကွ။ အိမ်ဆိုတာ အိပ်လို့ရရင် ပြီးတာပဲ"

"အဘ မိသားစုက"

"သွားကုန်ကြပြီ"

"ဘယ်ကိုသွားတာလဲ အဘ"

"ယမနိုင်ငံတော်ကို သွားတာ"

ကျွန်ုပ် ပြုံးလိုက်မိလေ၏။

"ဩော် ・ ・ ・မိသားစုတွေ ဆုံးကုန်ကြပြီကိုး။ ဒါဆို အဘတစ်ယောက်တည်းပေါ့"

"အင်းပေါ့・・・အမေးတွေ ခဏရပ်လိုက်ကွာ။ ကျင့်စဉ်တွေ ပြောပြမယ်လို့ စကားခံထားတာရှိတယ်။ ကြုံတုန်း ပြောပြခဲ့မယ်။ ပြီးရင်တော့ ကိုယ့်လမ်းကိုယ် ပြန်ကြတာပေါ့ကွာ"

ဟု ပြော၍ အဘကျော်အောင်သည် ယောဂကျင့်စဉ်နှင့်ပတ်သက်သော ကျင့်စဉ်ကျင့်ရပ်များကို ပြောပြလေတော့၏။

"လူတွေရဲ့ ကိုယ်ခန္ဓာအတွင်းပိုင်းမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတွေ ရှိတယ်။ အဲဒီအစိတ်အပိုင်းတွေ ကျန်းမာဖို့အတွက် ဟဌယောဂ၊ အာသနကျင့်စဉ်တွေကို လေ့လာသင်ကြားပြီး လေ့ကျင့်ရတယ်။ အဲဒီလေ့ကျင့်ခန်းက ကျင့်စဉ်ပုံစံကျဖို့လည်း လိုတယ်။ ခန္ဓာကိုယ်ကို ပင်ပန်းအောင် မလုပ်ရဘူး။ မကျင့်ရဘူး။ ကိုယ်ပိုင်စဉ်းစားဆင်ခြင်တတ်ပြီး ဉာဏ်ကိုလည်း သုံးရတယ် မောင်အောင်ကျော်ရဲ့။ မိမိကိုယ်နဲ့ မသင့်တော်တဲ့ ရုတ်တရက် လုပ်လို့မရဘဲ အခက်အခဲဖြစ်နေရင် မလုပ်မိဖို့ အရေးကြီးတယ်" ဟု ပြောပြီး အဘကျော်အောင်သည် ရေနွေးတစ်ခွက်ကို ငှဲ့၍သောက်လေ၏။ ကျွန်ုပ်ကမူ လက်ကျန်လက်ဖက်ရည်ကို မော့၍သောက်လိုက်လေ၏။

ထို့နောက် အဘက ဆက်၍ပြောလေ၏။

"သွေးတိုးရောဂါ၊ နှလုံးရောဂါ စွဲကပ်နေရင် 'ဆာရှဆန'လို့ခေါ်တဲ့ အုန်းပင်စိုက်တဲ့ ကျင့်စဉ်မျိုးကို မလုပ်မိဖို့ အထူးဆောင်ရတယ်။ အမျိုးသမီးတွေ ဓမ္မတာပေါ်တဲ့အချိန် ရက်ပိုင်းတွေမှာ ဟဌယောဂကျင့်စဉ်ကို ခဏရပ်ထားရမယ်။ ကိုယ်ခန္ဓာမှာ ကြီးကျယ်တဲ့ နာတာရှည်ရောဂါမျိုး မစွဲကပ်ဘဲ အခြေခံကျန်းမာရေးကောင်းမယ်၊ တက်ကြွလန်းဆွင်နေမယ်ဆိုရင်တော့ ဟဌကျင့်စဉ်ကို ကျင့်လို့ရတယ်။ အေး・・・တစ်ခုတော့ သတိထားဖို့လိုတယ်။ အဲဒါက ဘာလဲဆိုတော့ ကိုယ်နိုင်တဲ့ဝန်ကို ထမ်းဖို့ပဲ။ မနိုင်တဲ့ဝန်ကို ထမ်းရင်တော့ ခန္ဓာကိုယ်က ခံနိုင်ရည်မရှိတဲ့အတွက် ရောဂါရနိုင်တယ်။ ဖြည်းဖြည်းချင်း လေ့ကျင့်ရမယ်။ နင်းကန် အားနဲ့မာန်နဲ့ မနိုင်ဝန်ထမ်းရင်တော့ ဝန်ပိပြီး ကျန်းမာရေးထိခိုက်တတ်တယ် မောင်အောင်ကျော်ရဲ့"

"ဟုတ်ကဲ့ မှန်တာပေါ့ အဘ"

"မင်းလည်း ကြားဖူးမှာပေါ့။ တန်ဆေး လွန်ဘေးဆိုတဲ့ စကား"

"ကြားဖူးပါတယ် အဘ"

"စားကောင်းတိုင်းစားလို့ ဘေးဖြစ်ပြီး သေသွားတဲ့ ဇွဋကာပုဏ္ဏားအကြောင်း ကြားဖူးတယ်မို့လား"

"ဟုတ်ကဲ့ ကြားဖူးပါတယ်အဘ"

"အေး・・・တန်ရာတန်ရာပဲ ကောင်းတယ် မောင်အောင်ကျော်ရေ။ မတန်မရာတော့ ရှောင်ကွ။ အဲ・・・ဟဌကျင့်စဉ်ကို ကျင့်မယ်ဆိုရင် ရှောင်အပ်တဲ့ အရာတွေရှိတယ်။ အဲဒါက ဘာလဲလို့ဆိုတော့ မြေပြင်ပေါ်တို့ ကြမ်းပြင်ပေါ်တို့အပေါ်မှာ အခင်းမရှိဘဲ မထိုင်ရဘူး။ မကျင့်ရဘူး။ သင်ဖြူးဖျာ ဖြစ်ဖြစ်၊ မြက်ဖျာဖြစ်ဖြစ် အခင်းတစ်ခုခုပေါ်မှာ ထိုင်ရ၊ ကျင့်ရတယ်။ အခင်းက လူ့ရဲ့ကိုယ်တစ်ရပ်သာသာရှိရင် ပိုပြီးကောင်းတယ်။ လေ့ကျင့်နေစဉ်မှာလည်း ခြေထောက်တို့၊ လက်တို့ကို မြေကြီးတို့၊ ကြမ်း



www.burmeseclassic.com

www.burmeseclassic.com

တို့နဲ့ မထိစေရဘူး။ ထိမိရင် ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ စုဆောင်းထားတဲ့ ညှိဓာတ်အင်အားတွေ ယိုစီးယုတ်လျော့သွားတတ်တယ်"

"စည်းကမ်းရှိတယ်နော်၊ စနစ်လည်းကြီးတယ်နော် အဘ"

"ဒါပေါ့ . . . အခင်းဆိုလို့ မွေ့ရာလိုပျော့ပြီး ထူထဲတဲ့ အခင်းမျိုးလည်း ရှောင်ရတယ် မသုံးသင့်ဘူး။ အောက်ခံအခင်းက ကျောမနာရုံ၊ ကြမ်းပြင်နဲ့ မထိရုံသာ လိုအပ်တာ။ ညသန်းခေါင်ကျော် အရုဏ်ဦးနေထွက်ချိန်ကစပြီး နေမွန်းတည့်ချိန်အထိ အရှေ့အရပ်ကို မျက်နှာမူပြီး လေ့ကျင့်ရမယ်။ နေမွန်းတည့်အချိန်ကနေ ညသန်းခေါင်အချိန်ထိ မြောက်အရပ်ကို မျက်နှာမူပြီး လေ့ကျင့်ရတယ်။ စားသောက်ချိန်နဲ့ လေ့ကျင့်ချိန်ကိုလည်း ဂရုစိုက်ရတယ်ကွ။ ထမင်းစားပြီးစ သုံးနာရီအတွင်း လေ့ကျင့်မှု လုံးဝမပြုရဘူး။ အနည်းအကျဉ်း အဆာပြေစားတဲ့ အစားအစာဆိုရင်လည်း စားပြီး တစ်နာရီခွဲကျော်မှသာ လေ့ကျင့်ရတယ်။ အစာအိမ်ထဲမှာ အစာလုံးဝမရှိတဲ့ အချိန်မှာလည်း လေ့ကျင့်ခန်းမလုပ်ရဘူး။ နံနက်အိပ်ရာထချိန်နဲ့ ညစာမစားမီ ညနေစောင်းအချိန်ဟာ အကောင်းဆုံးအချိန်ပဲ။ အစာအိမ်ထဲမှာ အစာတွေပြည့်ကျပ်နေရင် လေ့ကျင့်ခန်းမလုပ်သင့်ဘူး။ ရှောင်သင့်တယ်။ ဝိပါရိတက ရာနီမုဒ္ဒရ Vipari Taka Rani Mudar ကျင့်စဉ်ကို ကျင့်တဲ့အခါမှာ အခင်းပေါ်မှာ ကျောခင်းပြီးအိပ်၊ အသက်ကို ဖြည်းညင်းစွာရှူသွင်းပြီး ခြေထောက်နှစ်ချောင်းကို တဖြည်းဖြည်း အပေါ်ကို ထောင်ရမယ်။ တင်ပါးနှစ်ဖက်ကို လက်နှစ်ဖက်နဲ့ထောက်ပြီး ခန္ဓာကိုယ်အလေးချိန်ကို လက်မောင်းအိုးပေါ်မှာ အားပြုထားရတယ်။ ခြောက်ထောက်နှစ်ချောင်းကိုစုပြီး အထက်ကို ဆန့်တန်းနိုင်သမျှ ဆန့်တန်းထားရမယ်။ ခြေဖျားတွေကိုလည်း အထက်ကိုထောင်ပြီး ဆန့်ထုတ်ထားရမယ်။ ဒူးကို မကွေးစေရဘူး။ အဲဒီလို အနေအထားမှာ ကွက်သက်၊ ဝင်သက်လေကို ပြင်းပြင်းနဲ့မှန်မှန် ရှူသွင်းရှူထုပ် လုပ်ရမယ်။ စလုပ်ခါစမှာ ခန္ဓာကိုယ်ကို မိနစ်ဝက်လောက် ထိန်းထားနိုင်တယ်။ အကျင့်ရလာတဲ့အခါကျမှ တစ်မိနစ်ကနေ သုံးမိနစ်အထိထောင်ပြီး နေရမယ်။ အချိန်စေ့တော့ ခြေထောက်နှစ်ချောင်းကို ခေါင်းပေါ်က ကျော်ပြီး ကြမ်းပေါ်ရောက်အောင် ကွေးချရမယ်။ အဲဒီမှာ ဒူးကို နည်းနည်းလေးကွေးပြီး ချလို့ရတယ်။ ဖြစ်နိုင်ရင်တော့ မကွေးဘဲချနိုင်ရင် ပိုကောင်းတယ်။ ပက်လက်အနေအထားမှာ လက်မောင်းနှစ်ဖက်ကို ကြမ်းပေါ်မှာ ဆန့်ထားပြီး အကြောအခြင်တွေကို လျှော့နိုင်သမျှ လျှော့ထားရမယ်။ ပြီးမှ အသက်မှန်မှန်ရှူပြီး အနားယူရတယ်"

"ဟာ . . . အဘကျင့်စဉ်က လွယ်တော့မလွယ်ဘူး ထင်တယ်"

"လွယ်ပါတယ်။ လွယ်လို့ လေ့ကျင့်နိုင်တာပဲ။ မလွယ်ရင် ဘယ်သူမှ လေ့ကျင့်မှာတောင် မဟုတ်ဘူး"

"အဲဒီလိုကျင့်ရင် ဘာကျေးဇူးတွေရတတ်သလဲ အဘ"

"ကျေးဇူးတွေ အများကြီးရတာပေါ့ကွာ။ အဲဒီကျေးဇူးတွေကို ငါပြောပြမယ်"ဟု အဘကျော်အောင်က ဆို၍ အောက်ပါကျေးဇူးတရားများကို ပြောပြလေတော့၏။

(၁) ခန္ဓာကိုယ်က ပြောင်းပြန်ဖြစ်သွားလို့ ခေါင်းနဲ့ အသက်ရှူအင်္ဂါအစိတ်အပိုင်းတွေဆီ သွေးတွေရောက်သွားတဲ့အတွက် အအေးမိခြင်း၊ အသက်ရှူကျပ်ခြင်း၊ အာသီးရောင်ခြင်းရောဂါများကို ကာကွယ်တယ်။

(၂) မျက်နှာနဲ့ခေါင်းဆီကို သွေးပိုမိုရောက်ရှိတဲ့အတွက် ပါးရေတွန့်ခြင်း၊ မျက်စိမှုန်ခြင်း၊ မျက်နှာပေါ်မှာဖြစ်တတ်တဲ့ အရေပြားရောဂါတို့ကိုကာကွယ်ပြီး မှတ်ဉာဏ်ကိုကောင်းစေတယ်။

(၃) အင်ဒိုကရိုင်ဂလင်းတွေကို နှုပ်ဖျလန်းဆန်းစေတယ်။ ခန္ဓာကိုယ်အတွင်း အင်္ဂါအစိတ်အပိုင်းတွေကို ကျန်းမာသန်းစွမ်းအားအင်ပြည့်ဖြိုး ကောင်းမွန်စေတယ်။

(၄) အသားအရေကို စိုပြည်စေပြီး အသက်ကြီးရင့်မှုကြောင့် မျက်နှာမှာရှိတဲ့အသားအရေတွန့်ခြင်းက ကာကွယ်တယ်။

(၅) အမျိုးသမီးတွေ ဓမ္မတာသွေး မမှန်မကန်ဖြစ်ခြင်း၊ ကိုက်ခဲနာကျင်ခြင်း၊ သွေးဆုံးရောဂါတို့ကို ကာကွယ်ပေးတယ်။

(၆) အမျိုးသားများအတွက် လိင်အင်္ဂါအစိတ်အပိုင်းဆိုင်ရာ ဂလင်းများရဲ့ မှန်ကန်လုပ်ဆောင်ပေးတဲ့ ကျေးဇူးတွေရတာပေါ့ကွ"

"တော်တော်တန်ဖိုးရှိတဲ့ လေ့ကျင့်ခန်းပဲ အဘ။ ကျွန်တော် ကျင့်မယ်ဗျာ"ဟု ကျွန်ုပ်သည် တက်တက်ကြွကြွ ပြောလိုက်လေတော့၏။

"လေ့ကျင့်စေချင်လို့ မင်းကိုပြောပြနေတာပေါ့ကွ။ ငါ့လိုအသက်ရှည်ကျန်းမာချင်ရင် ဟဌလေ့ကျင့်ခန်းကို ကျင့်ပေတော့ ငါ့ကောင်ရေ"ဟု အဘကျော်အောင်က ထလိုက်ရာ ကျွန်ုပ်လည်း အဘနှင့်အတူ ထိုင်ရာမှ ထလိုက်လေတော့၏။ ထို့နောက် နှစ်ယောက်အတွက် လက်ဖက်ရည်ဖိုးကို ကျွန်တော်မှ စိုက်ထုတ်၍ပေးလိုက်ကာ ဆိုင်တွင်းမှ ထွက်ခဲ့ကြလေတော့သတည်း။

**အောင်မြင့်မြတ်(ပြည်ရွှေကို)**

www.burmeseclassic.com

# အံ့ဖွယ်ထူးဆန်း ဆေးဖွဝ်းကောင်းများ

## မျိုးသန်းထွန်းကို(ရေစကြို)

### သွားကိုက်၊ သွားနာဆေးနည်း

ထနောင်းခေါက်ကိုပြုတ်၍ ၎င်းအရည်ကို မပူမနွေး ငုံပေးပါ။

တစ်နည်း - ခရေပွင့်အစိုကိုကြိတ်၍ သိပ်ပေးပါ။

တစ်နည်း - ကုက္ကိုစေ့သုံးမတ်၊ ငရုတ်ကောင်းစေ့ သုံးမူး။ ၎င်းဆေး နှစ်ပါးကို ရောစပ်ကြိတ်၍ သိပ်ပေးပါ။

တစ်နည်း - ဝိတောက်ရွက်ကိုပြုတ်၍ ခပ်နွေးနွေး ငုံပေးပါ။

တစ်နည်း - ခရမ်းကဆော့ပင်မြစ်ကိုသွေး၍ သိပ်ပေးပါ။

တစ်နည်း - လင်းလော၊ ငရုတ်ကောင်း။ ချိုသီး အမှုန့်ကြိတ်၍ သိပ်ပေးပါ။

တစ်နည်း - သံပရာရွက်ကိုပြုတ်၍ ကိုက်သော နေရာကို သိပ်ပေးပါ။

တစ်နည်း - ကနစိုအဆံကိုကြိတ်၍ ကိုက်သော နေရာကို သိပ်ပေးပါ။

တစ်နည်း - စမုန်နက်နှင့် ယမ်းစိမ်းကို အမှုန့်ကြိတ် ၍ သိပ်ပေးပါ။ ရေနွေးဖြင့် ပလုတ်ကျင်းပါ။

### သွားကိုက်၊ သွားနာပျောက်ဆေးနည်း

ကွမ်းစားထုံးနှင့် အိမ်သုံးနနွင်းကို သမအောင်ရောစပ် ၍ ကိုက်သောသွားပေါက်ထဲသို့ သိပ်ထည့်ပေးပါ။

### သွားနာပျောက်ဆေး

ယမ်းစိမ်းနှင့် စမုံနက်လှော်သင်းကို ဆတူအမှုန့်ပြု၍ သွားနာသိပ်ပေးပါ။ သွားဖုံးပေါ်လိမ်းပေးပါ။

### ရေစီးကမ်းပြိုဆေး

(၁) ဇာသီး ၁ ကျပ်သား
(၂) လေးညှင်း ၈ ပဲသား
(၃) နွယ်ဘာပြာ ၁ ကျပ်

၎င်းသုံးမျိုး ရောစပ်ကြိတ်၍ သွားဖုံးပေါ် အသာအယာ ပွတ်လိမ်းပေးပါ။

### သွားနာပျောက်ဆေး

ငှခေါက် သုံးဆ၊ ဆား တစ်ဆ အမှုန့်ပြု၍ သွားခြေ ပွတ်လိမ်းပေးပါ။

### သွားနိုင်ဆေး

(၁) ပင်လယ်ရေမြှုပ် ၂၅ ကျပ်သား
(၂) ပရုတ် ၅ ကျပ်သား
(၃) ကျောက်ချဉ် ၁ ကျပ်သား

အမှုန့်ပြု၍ နံနက် ည သွားတိုက်ပေးပါ။

### သွားကိုက်ပျောက်ဆေး

သစ်ဆိမ့်သီးခွံ အမှုန့်ပြု ကိုက်သောသွားဖုံးကို လိမ်း ပေးပါ။

### သွားကိုက်၊ သွားနာပျောက်ဆေး

စားခော်ဒါနှင့် အိမ်သုံးဆား ဆတူရောစပ် သွား တိုက်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

### သွားကိုက်၊ သွားနာ၊ ရေစီးကမ်းပြို ပျောက်ဆေး

တမာရွက်ခြောက်မှုန့် ၂ ကျပ်၊ လင်းနေမှုန့် ၁ ကျပ်၊ လေးညှင်းပွင့်မှုန့် ၈ ပဲသား၊ အိမ်သုံးဆား ၂ ကျပ်သား။

သမအောင်ရောစပ်၍ သွားခြေ သွားရင်း သိပ်ပေးပါ။ သွားအခေါင်းရှိက သိပ်ပေးပါ။

ရေစီးကမ်းပြို သွားအတွင်းအပြင် တိုက်ပြီး ငုံပေးပါ။ ခေတ္တကြာလျှင် ပလုတ်ကျင်းပစ်ပါ။

### သွားကိုက်၊ သွားနာပျောက်ဆေး

ကွက္ကရာ ၁ ကျပ်သား၊ ပရုတ် ၁ ကျပ်သား ရောစပ်၍ သိပ်ပေးပါ။

### သွားခိုင်ဆေး

ကျောက်ချဉ်၊ ယမ်း၊ ဇဝက်သာ၊ လေးညှင်း ၄ ပဲစီ၊ ဆား ၁ ကျပ်သား၊ မရိုးမီးသွေး ၂ ကျပ်သား၊ ၎င်းတို့ကို ညက်စွာထောင်း၍ နံနက်၊ ည သွားတိုက်ပါ။

### သွားဖုံးနှင့် ပတ်သက်သောရောဂါ

မဲဇလီ အပွင့်အရိုက်တို့ကို ရေဖြင့်သုံးခွက်တစ်ခွက် တင်ကျို ငုံပေးပါ။

### သွားဖုံးရောင်၊ သွားနဲ့၊ သွားမှ သွေးထွက်ခြင်း

သဖန်ပန်းဥ၊ အမှုန့် တြိဖလ (ချင်း၊ ငရုတ်ကောင်း၊ ပိတ်ချင်း) အမှုန့်ရောစပ်၍ တိုက်ပေးပါ။

### သွားပိုးစားရောဂါ

ကြက်သွန်နီစေ့ကို ကြိတ်၍လည်းကောင်း၊ ကြက်သွန်နီသတ္တုရည်ကို ထည့်ပေးပါ။

### သွားနာ၊ သွားကိုက်

သဘော်စေးကို သိပ်ပေးပါ။

### လျှာကွဲ၊ အာပေါက်၊ ရေစီးကမ်းပြိုဖြစ်လျှင်

ဆီးဖြူအရွက် ရေနှင့် သုံးခွက်တစ်ခွက်တင် ကျိုပါ။ ပလုတ်ကျင်းပေးပါ။

### သွားလှုပ်၊ သွားမခိုင်ခြင်း

ဖန်ခါးငယ်(ကြံစုသီး) တစ်ဆ၊ ရှားစေးတစ်ဆရော၍ ရေတစ်ဆယ့်ငါးကျပ်သားနှင့်ပြုတ်ပါ။ တစ်ဆယ်သားကျန်ပါက ငုံပေးပါ။

### သွားဖုံးရောင်ရောဂါ

ခရေပွင့်အစိုတစ်ဆ၊ ရေငါးဆနှင့်ပြုတ်၍ မကြာခဏ ငုံပေးပါ။

### သွားကိုက်၊ သွားနာရောဂါ

ချင်းစိမ်းကိုဝါး၍ ကိုက်သောသွားတွင် ငုံထားပါ။

### သွားဖုံးသွေးယိုခြင်း

ဆူးပုပ်ရွက်ကြီးကို တို့မြုပ်စားပါ။

### သွားဖုံးရောင်ရောဂါ

နှမ်းလုံးကြိုင်အခေါက် တစ်ကျပ်သား ထုထောင်း၍ ဆေးတစ်ဆယ်သားနှင့်ပြုတ်၊ တစ်ဝက်ကျန်ပါက ပလုတ်ကျင်း ငုံပေးပါ။

### သက်တန့်ကိန္နရာ မြန်မကြာပျောက်သည့်ဆေး

ဆေးနည်း -

(၁) ဇာတိပ္ပိုလ်
(၂) ရှိန်းခို
(၃) ပိတ်ချင်းသီး

ရေဖြင့်ကျောက်ပျဉ်မှာ ပျစ်ပျစ်သွေး တစ်နေ့နှစ်ကြိမ် သုံးကြိမ်လိမ်း။

### ခြေကွဲသက်သာပျောက်ကင်းဆေးနည်း

ကြက်ဆူအသီးအခြောက်ထဲမှ အစေ့အပြောင်လေးတွေကို ထုထောင်းပြီး ရေနံချောင်းစစ်စစ်နဲ့ အပူပေးပြီး လိမ်းပါ။

www.burmeseclassic.com

### ရှိးစားခွနှာ မကြောက်ရပါ

ကျိုးရွက်မနုမရင့် လေးငါးရွက်ထုထောင်းပြီး သတ္တုရည်ရအောင်လုပ်၊ အမျိုးသားဆို သမီးမိန်းကလေး နို့တိုက်တဲ့ သားသည်မိခင်၊ အမျိုးသမီးဆို သားယောကျ်ားလေး နို့တိုက်တဲ့ မိခင်နို့ရည်ယူ ကျိုးရွက်သတ္တုရည်နှင့် သမအောင်လုပ်ပြီး နှစ်ရက်၊ သုံးရက် လိမ်းပေးပါ။

### ကလေးများ တက်လေ့ရှိသည်ကို တားဆီးကာကွယ်ပေးနိုင်စွမ်းရှိသော လေ့လျော်တက်အကျိုး

လျော်တက်အကျိုး အလောတော်ပြုလုပ်၍ လည်ပင်းဆွဲပေးပါ။

### အာသီးရောင်

မြင်းခွာရွက်အစိမ်း သတ္တုရည်လုပ်ပြီး သောက်ပါ။

### ရေနွေးပူ၊ မီးပူလောင်

ကွမ်းစားထုံးသန့်သန့် ရေနှင့်ဖျော်ပါ။ ကြက်ဥသုံးလုံး အကာရေကြည်ဖြင့် သမအောင်ဖျော်၍ လိမ်းပါ။

### သွားအတွက် ယုဇနရွက်

ယုဇနရွက်အခြောက်လုန်း သွားဖုံး နာကျင် ကိုက်ခဲရောင်ရမ်း ရေစီးကမ်းပြို ရေနွေးဆူဆူထဲ ယုဇနအရွက်ခြောက် ထည့်ငုံပါ။

### သိမှတ်၊ ၁ ဆေးနည်းလင်္ကာများ

### အနာမီး အနာစက်ပျောက် ဆေးလင်္ကာ

"အနာမီး အနာစက် ဖြစ်သောခါ။ ယူကလစ်ရွက် ကြိတ်ချေကာ လိမ်းကာအုံပေးပါက ပျောက်ကင်းပါတယ်ဗျ"

အနာမီးအနာစက်များ ပျောက်လိုလျှင် ယူကလစ်ရွက်ကိုကြိတ်ပြီး လိမ်းပေး အုံပေးလိုက်ပါ။ သက်သာပျောက်ကင်းပါသည်။

### နာစေး ခေါင်းကိုက်၊ ချောင်းဆိုးပျောက်ဆေးလင်္ကာ

"ရေနွေးပွက်ပွက်ဆူသောအခါ ယူကလစ်ရွက်ထည့်လို့သာ၊ ချွေးအောင်းကာ ပေါင်းခံပေး နာစေး ခေါင်းကိုက်ပျောက်တယ်လေး"

နာစေး ခေါင်းကိုက်၊ ချောင်းဆိုးခြင်းဖြစ်လျှင် ပွက်ပွက်ဆူနေသော ရေနွေးတွင် ယူကလစ်ရွက်ကိုထည့်ပြီး ချွေးအောင်ပေါင်းခံပေးပါ။ သက်သာပျောက်ကင်းစေပါသည်။

### ပန်းနာရင်ကျပ်ပျောက် ဆေးလင်္ကာ

"ယူကလစ်ရွက် ပြုတ်ကျိုကာ၊ အခိုးငွေ့ကို ရှူရှိုက်ပါ။ ပန်းနာကြောင့် ရင်ကျပ်ခြင်း ပျောက်တတ်မှတ်ကြ ဆွေတစ်သင်း"

ယူကလစ်ရွက်ကိုပြုတ်၍ အခိုးအငွေ့ကို ရှူရှိုက်ပေးလျှင် ပန်းနာကြောင့်ဖြစ်သော ရင်ကျပ်ခြင်းအား သက်သာပျောက်ကင်းစေ၍ အသက်ရှူလည်း လွယ်လာမည်ဖြစ်ပါသည်။

### အဆစ်အမြစ်ကိုက်ပျောက် ဆေးလင်္ကာ

"အဆစ်အမြစ် ကိုက်ခြင်းဖြစ်လျှင် ယူကလစ်ဆီရှာလို့ပင်၊ သံလွင်ဆီနဲ့ ဆတူရော လိမ်းလို့ပေးပါနော"

အဆစ်အမြစ်ကိုက်ခြင်းဖြစ်လျှင် ယူကလစ်ဆီနှင့် သံလွင်ဆီကို ဆတူရောပြီး လိမ်းပေးပါ။ သက်သာပျောက်ကင်းပါသည်။

### အရေပြားနာပျောက် ဆေးလင်္ကာ

"အရေပြားက အနာတွေ ပျောက်လိုကြရင်လေ၊ အဆွေတို့ရေ မြန်မနေး ယူလစ်ဆီလိမ်းလို့ပေး"

အရေပြားပေါ်၌ ဖြစ်ပေါ်တတ်သော အနာရောဂါများ သက်သာပျောက်ကင်းလိုလျှင် ယူကလစ်ဆီကို လိမ်းပေးပါ။

### မျက်စိပူလောင်လျှင် ဆေးလင်္ကာ

"ပုန်းညက်ရွက်ကို ရေစိမ်ကာ၊ မျက်စဉ်းခတ်လိုက်ရင်ဖျာ၊ မျက်စိနာ ပူလောင်ခြင်း၊ ပျောက်တယ်ဆွေတို့သင်း"

မျက်စိပူလောင်ခြင်းဖြစ်လျှင် ပုန်းညက်ရွက်ကို မျက်



www.burmeseclassic.com

www.burmeseclassic.com

စဉ်းခတ်ပေးပါ။ သက်သာပျောက်ကင်းပါသည်။

### သွေးလွန်ပျောက်ဆေးလက်ာ

"သွေးသွန်ခြင်းဖြစ်သောအခါ ပုန်းညက်ခေါက်ကို ပြုတ်ကျိုကာ အရည်ကိုသာ သောက်လို့ပေး ပျောက်ကင်းပါတယ်လေး"

သွေးသွန်ခြင်းဖြစ်လျှင် ပုန်းညက်ခေါက်ကို ပြုတ်ကျို၍ အရည်ကိုသောက်ပေးပါ။ သက်သာပျောက်ကင်းပါသည်။

### ချောင်းဆိုး စသည်ပျောက် ဆေးလက်ာ

"ပင်စိမ်းမွှေးရွက် ကြိတ်လို့ရယ် အရည်ရအောင် ညှစ်ရမယ် ပြီးရင်ကွယ် သောက်လို့ပေး ချောင်းဆိုးစသည် ပျောက်တယ်လေး"

ပင်စိမ်းမွှေးရွက်ကို ကြိတ်ပြီး ညှစ်၍ရသောအရည်ကို သောက်ပေးလျှင် ချောင်းဆိုးရောဂါ အရေပြားရောဂါ၊ မစားချင်မသောက်ချင် ဖြစ်ခြင်းနှင့် အစာအိမ်ရောဂါ၊ ဗိုက်နာသော ဝေဒနာတို့ကို သက်သာပျောက်ကင်းစေပါသည်။

### ခေါင်းကိုက်ပျောက်ဆေးလက်ာ

"ပင်စိမ်းမွှေးရည်ရွက်ညှစ်ကာ နားထင်၊ နဖူး၊ သင့်မျက်နှာ လိမ်းလို့သာပေးပါက ခေါင်းကိုက်ပျောက်စေဗျ"

ပင်စိမ်းမွှေးရွက်ကိုကြိတ်၍ အရည်ညှစ်ပြီး နဖူး၊ နားထင် သင့်မျက်နှာ အထက်ပိုင်းကို လိမ်းပေးပါက ခေါင်းကိုက်ရောဂါ သက်သာပျောက်ကင်းပါသည်။

### လေငန်း၊ လေဖြတ်ရောဂါပျောက်ဆေးလက်ာ

"ပင်စိမ်းမွှေး ငါးပဉ္စာ ရေနွေးနှင့်ဖျော်လို့ဗျာ။ အငွေ့ကိုသာ ရှူလို့ပေး လေငန်း လေဖြတ်ပျောက်တယ်လေ"

ပင်စိမ်းမွှေး ပဉ္စငါးပါးကို ရေနွေးဖျော၍ အငွေ့ကိုရှူပေးပါက လေငန်း၊ လေဖြတ်ရောဂါနှင့် အဆစ်ရောင်ရောဂါ သက်သာပျောက်ကင်းပါသည်။

### ကလေး ကျောပူ ခေါင်းပူပျောက်ဆေးလက်ာ

"ကျပ်ခိုး၊ နနွင်းမှုန့် နည်းငယ်စီ၊ ပင်စိမ်း၊ ကွမ်းရွက် ရွက်နှစ်လီ ပေါင်းစုညီညီ ကြိတ်လို့လေး ကလေးငယ်ကို သုတ်လိမ်းပေး"

ပင်စိမ်းမွှေး၊ ကွမ်းရွက်၊ ကျပ်ခိုးအနည်းငယ်၊ နနွင်းမှုန့် အနည်းငယ်တို့ကို ရောကြိတ်ပြီး ကလေးကို လိမ်းပေးပါက ကလေးများတွင် ဖြစ်တတ်သော ကျောပူ၊ ခေါင်းပူရောဂါ သက်သာပျောက်စေပါသည်။

### အသည်းနာ စသည်ပျောက်ဆေးလက်ာ

"နှမ်းနှင့် ပင်စိမ်းစေ့နှစ်ဖြာ ထန်းလျက်နှင့် ဆတူစွာ ပျားရည်နဲ့သာ ရောပါလို့ တေထားကြပါဗျို။ အိပ်ရာထနှင့် အိပ်ရာဝင် ကွမ်းသီးလုံးခပ်ယူလို့ပင် စားကြပါလျှင် တကယ် ပေါ့ အသည်းနာ စသည်ပျောက်တယ်နော့"

နှမ်းစေ့၊ ပင်စိမ်းမွှေးစေ့၊ ထန်းလျက်တို့ကို ဆတူ ကြိတ်၍ ပျားရည်နှင့်တေပြီး ကွမ်းသီးလုံးခန့် နံနက်တစ်လုံး၊ ညအိပ်ရာဝင်တစ်လုံး စားသွားပါက အူ၊ အသည်း၊ နှလုံး၊ ကျောက်ကပ်တို့တွင် ဖြစ်တတ်သော ရောဂါများ၊ လေသလိပ်ထကြွသော ရောဂါများ၊ သွားကိုက်၊ သွားနာ၊ သွားဖုံးရောင်ရောဂါ၊ မြင်းသရိုက်ရောဂါ၊ ဆီးနည်းသောရောဂါ၊ ပွေး၊ ဝဲ၊ နင်းခူ စသော ရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

### ဇက်တက်၊ ဇက်ထိုးပျောက် ဆေးလက်ာ

"ဗိတ်ချင်းသီးကို သွေးလို့သာ မျက်စဉ်းချပ်လို့ပေးသောခါ ဇက်တက်တာနဲ့ ဇက်ထိုးခြင်း ပျောက်တယ်သူငယ်ချင်း"

ဗိတ်ချင်းသီးကို ရေသန့်သန့်နှင့်သွေးပြီး မျက်စဉ်းခတ်ပေးပါက ဇက်တက်၊ ဇက်ထိုးအပြင် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ ဦးခေါင်းမကြည်လင်ခြင်း စသည်တို့ကို သက်သာ ပျောက်ကင်းစေပါသည်။

### ရင်ဘတ်နာ၊ ရင်အောင့်ပျောက် ဆေးလက်ာ

"ဗိတ်ချင်းသီးမှုန့်ပြုကာ ရေနွေးနဲ့ဖျော်သောက်နိုင်ဗျာ



www.burmeseclassic.com

www.burmeseclassic.com

ရင်ဘတ်နာနှင့် ရင်အောင့်ခြင်း သက်သာမှန်ပျောက်ကင်း"

ဗိတ်ချင်းသီးကို အမှုန့်ပြု၍ ရေနွေးနှင့်ဖျော်သောက်ပါက ရင်ဘတ်နာခြင်းနှင့် ရင်အောင့်ခြင်းတို့ သက်သာပျောက်ကင်းစေသည့်အပြင် သန်ကိုပါကျစေပါသည်။

## ပန်းသေ၊ ပန်းနာပျောက် ဆေးလင်္ကာ

"မျောက်သားကို မီးကင်ကာ ပင်စိမ်းရွက်များများ ထည့်လို့ဗျာ ကြော်လို့သာစားသော်ရှိ ပန်းသေ၊ ပန်းနာပျောက်ပါဘိ"

မျောက်သားကို မီးကင်၍ ပင်စိမ်းရွက်နိုင်နိုင်နှင့် ကြော်ပြီးစားပါက ပန်းသေရောဂါ၊ ပန်းနာရောဂါနှင့် အဆုတ်ရောဂါ၊ မျက်စိနာရောဂါ၊ ချောင်းဆိုးရောဂါတို့ကို သက်သာပျောက်ကင်းစေပါသည်။

## အော့အန် စသည်ပျောက်ဆေးလင်္ကာ

"ငါးကျည်းခြောက်ရအောင်ရှာ ပင်စိမ်းရွက်နှင့်ကြော်စားပါ။ အော့အန်တာ စသည်များ ပျောက်စေပါတယ်ဗျား"

ငါးကျည်းခြောက်ကို ပင်စိမ်းရွက်နှင့်ကြော်စားပါက အော့အန်ခြင်းအပြင် အစားမှား၊ ဆေးမှားခြင်း၊ အမျိုးသမီးများ တကျည်းကိုက်ခြင်း၊ သားအိမ်လျှောခြင်း၊ နှီချောင်းပိတ်ခြင်း၊ ကိုယ်လက်ယားယံခြင်း၊ ဆီးအောင့်ခြင်းနှင့် မီးဖွားပြီး အပုပ်ဆန်တတ်သော ရောဂါများကိုပါ သက်သာပျောက်ကင်းစေပါသည်။

## အသည်းရောင်ပျောက်. ဆေးလင်္ကာ

"အဖျော်ယမကာတို့ထဲမှာ ပင်စိမ်းမွှေးစေ့ထည့်စိမ်ကာ သောက်လို့သာပေးပါက အသည်းရောင်ရောဂါ ပျောက်တယ်ဗျ"

ပင်စိမ်းမွှေးစေကို အဖျော်ယမကာများတွင် ထည့်စိမ်သောက်ပါက အသည်းရောင်ရောဂါပျောက်၍ အမောပြေပြီး ဆီးပါကောင်းစေပါသည်။

## ဝမ်းလျှောရောဂါပျောက်ဆေး

"ဆီး(ဒီး)ဖြူ မန်ကျည်း၊ တောရိုင်းဆီးပင်ကြီးအခေါက် ယူ၊ ဝမ်းလျှောဝေဒနာ သွေးတိုက်ပါ၊ ချမ်းသာဆေးတစ်မှု"

(တောရိုင်းဆီ ဆိုသည်မှာ အညာဒေသတွင် အလေ့ကျပေါက်သော ဆီးပင်ကိုဆိုသည်။ ထိုသုံးမျိုး၏ အခေါက်ကို ပျစ်ပျစ်သွေး၍ တိုက်သော် ဝမ်းပျက်၊ ဝမ်းလျှောဝေဒနာကို နိုင်၏။)

## သွေးအန်ရောဂါပျောက်ဆေး

သီးခေါက်ကော၊ တစ်တေလျှ သက္ကဒေဝိန်ဆေး။ သွေးအန်ဆိုးဖွ၊ ရောဂါရ၊ သောက်ထကင်းစင်ဝေ။

(သီးပင်သည် အညာဒေသတွင်ပေါ၏။ သီးသီးဟုလည်းခေါ်၏။ ထိုအပင်၏ အခေါက်တစ်ဌွန်း (ကော)၊ တေလ (ပျားရည်) တစ်ဌွန်း စပ်သောက်ပါ။ သွေးအန်ဝေဒနာ သက်သာစေ၏။

## သွက်ချာပါဒ၊ လေငန်းရောဂါ ပျောက်ဆေး

"ကြီးလေးကောင်ကြောင်ဖီ၊ ကြောင်ဆင်နဲ့နှင်း။ ဆင်ကင်ပွန်းတပ်ပါဘိ၊ တန်ချိုသွက်ချာပါဒ၊ ဒူလာပါဒ၊ လေဝေးရ၊ မှတ်ကြအဖြေညီ"

ကြီးလေးကောင် - (သက်ရင်းကြီး၊ လက်ထုတ်ကြီး၊ သန့်လျက်ကြီး၊ နဖြူကြီး)

ကြောင် - ကြောင်ပန်း၊ ဆင် - ဆင်တုံးမနွယ်၊ ကင်ပွန်း စသည့် အမြစ်တို့ကို အညီစုကြိတ်၊ ရောက်ရည်နှင့်နယ်။

ခနှာကိုယ်ကြည့်၊ ဉာဏ်ဖြင့်ညှိ၍စားက သွက်ချာပါဒ၊ လေငန်း၊ ဒူလာရောဂါတို့ သက်သာပျောက်ကင်း။

(ဆက်လက်ဖော်ပြပါမည်)

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com



# အမည်မှည့်လျှင် သတိပြုရန် သရဖောကကိန်းများ

**ညွန့်ဦးမာ (ကျောက်ဆည်)**

အမည်မှည့်လျှင် မြန်မာအမည်များတွင် ဗျည်းနှင့် သရ နှစ်မျိုးထည့်၍ မှည့်လေ့ရှိပါသည်။ သရတိုင်း သရတိုင်းသည် အမည်ရှင်ကို အကျိုးပြုသည်ရှိသကဲ့သို့ အကျိုးမပြုသည်လည်းရှိသည်။ ထို့ကြောင့် ကောင်းသည့်သရနှင့် ဆိုးသည့်သရများကို ခွဲခြားနားလည်ရန် လိုပါသည်။

**ကောင်းသရ၏ အဓိပ္ပာယ်ဟောကိန်း**

(၁) ဝစ္စပေါက် (–း) ထွန်းကားပေါက်ရောက်သည်။

(၂) သဝေထိုးရေးချရှေ့ထိုး (ေ–ာ်) ဘဝမှာ တက်လမ်းရှိသည်။

(၃) ယရစ် (ြ–ျ) လုံခြုံအေးချမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com

## သရ ကောင်း၊ သင့်၊ ဆိုး ဇယား

| ကောင်း | —း | ေ—ာ် | ြ— | —ျ | —ု | —ူ | —ူး | —ှူး |
|---|---|---|---|---|---|---|---|---|
| သင့် | ေ— | —င် | —န် | —မ် | —က် | —စ် | —ပ် | —တ် |
| ဆိုး | —ိ | —ီ | —ဲ | —ါ | —ံ | —ွ | —့ | —ှ |

(၄) ယပင့် (—ျ) ဘဝတွင် မြင့်မားရန် အခွင့်အလမ်းများသည်။

(၅) တစ်ချောင်းငင် (—ု) မနိမ့်ကျတတ်ပါ။

(၆) နှစ်ချောင်းငင် (—ူ) ရောက်သည့်ဘဝတွင် မြင့်မားသည်။

(၇) နှစ်ချောင်းငင် ဝစ္စပေါက် (—ူး) ကျော်ကြားထက်မြက်သည်။

(၈) ဟထိုးနှစ်ချောင်းငင်ဝစ္စပေါက် (—ှူး) အကောင်းနှင့်အဆိုးတွင် အကောင်းများ၏။

### သင့်သရ၏ အဓိပ္ပာယ်ဟောကိန်း

(၁) သဝေထိုး (ေ—) မရေရာသည့် လုပ်ငန်းများတွင် ပျော်တတ်သည်။

(၂) ငသတ် (—င်) ထိန်းသိမ်းတတ်လျှင် ကောင်းစားမည်။

(၃) နသတ် (—န်) စိတ်ကူးယဉ်မှု များတတ်သည်။

(၄) မသတ် (—မ်) အလွန်အကျွံ ကြိုးစားရမည်။

(၅) ကသတ် (—က်) အောင်မြင်ရန် ခက်ခဲမည်။

(၆) စသတ် (—စ်) တိုးတက်ရန် ခက်ခဲသည်။

(၇) ပသတ် (—ပ်) ထင်ရှားလုပ်တတ်သည်။

(၈) တသတ် (—တ်) ပင်ပန်းပြီးမှ အောင်မြင်မည်။

### ဆိုးသရ၏ အဓိပ္ပာယ်ဟောကိန်း

(၁) လုံးကြီးတင် (—ိ) အများက နှိမ်တတ်သည်။

(၂) လုံးကြီးတင်စံခတ် (—ီ) မိမိဘာသာမိမိ ရပ်တည်၍မရပါ။

(၃) နောက်ပစ် (—ဲ) ကျဆင်းခဲ့လျှင် နာလန်မထူတတ်ပါ။

(၄) ရေးချ (—ါ) အောက်ကို ဆွဲချတတ်သည်။

(၅) သေးသေးတင် (—ံ) ထိပ်ဆုံးရောက်ရန် သိပ်ခက်သည်။

(၆) ဝဆွဲ (—ွ) လုပ်ရသည့်အလုပ်များက ပင်ပန်းလွန်းသည်။

(၇) အောက်ကမြင့် (—့) ကံဆိုးတတ်သည်။

(၈) ဟထိုး (—ှ) မျက်နှာမရတတ်ပါ။ အရှက်ကွဲတတ်သည်။

အထက်ပါ သရများတွင် ကောင်း၊ သင့်၊ ညံ့ သရများကို ရွေးချယ်၍ အမည်မှည့်ရာတွင် အသုံးပြုနိုင်ပါသည်။

သတိပြုရမည့် အချက်မှာ ဗျည်းနှင့်သရ ပေါင်းစပ်သည့်အခါတွင် အဓိပ္ပာယ် တခြားပြောင်းသွားတတ်ပါသည်။ ကောင်းတာ ပိုကောင်းတတ်သကဲ့သို့ ဆိုးတာ ပိုကောင်းသွားသည်လည်း ရှိပါသည်။ ထို့အတူ ကောင်းတာလည်း ညံ့သွားသည်မျိုးလည်း ရှိပါ၏။ သတိပြုနိုင်ရန် တင်ပြအပ်ပါသည်။

ညွန့်ခိုင်မာ(ဂျော်ကျာက်ဆည်)

www.burmeseclassic.com

# အကြွေးတောင်းမရလျှင် ကွမ်းဝါးတောင်းသည့်ယတြာ

## ဝင်းဖော် (သုံးဆယ်)

သည်မြို့မှ ကျွန်တော့်မိတ်ဆွေ စာရေးဆရာက သူနေထိုင်သည့် ရွာမှ သူ၏အိမ်ရှေ့တွင် အိမ်ဆိုင်ကလေး ဖွင့်ထားသည်။ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ အာလူးမှ အစ စီးကရက်၊ ကွမ်းယာပါ ရောင်းသည်။ သူ့ဖောက်သည်နှင့်သူ ရောင်းရသည်ဟု ပြောသည်။ သူက ဝါသနာအလျောက်သာ မဂ္ဂဇင်း၊ ဂျာနယ်များတွင် စာရေးသည်။ ကျွန်တော်ကဲ့သို့ စာပေရေးသားခြင်းဖြင့် ဘဝကို ရပ်တည်ရဲပါဟု ဆိုသည်။ စာပေရေးသား၍ ဘဝရပ်တည်ရာတွင် ဝင်ငွေက ပုံမှန်တွက်ချက်၍ မရသဖြင့် ဘဝအဆင်မပြေမှုဖြင့် ကြုံတွေ့နေရသည်ကို ကျွန်တော့်မိတ်ဆွေက သိနေ၍ ဖြစ်သည်။

တစ်နှစ်ခန့်ကြာတော့ ရွာတွင် အိမ်ဆိုင်ကလေးဖွင့်ထားသည့် မိတ်ဆွေက ဆိုင်မှ အကြွေးယူထားသူများက အကြွေးမဆပ်ကြ၍ စိတ်ညစ်နေကြောင်း ပြောပြသည်။ ဘာမှမကြာ မိတ်ဆွေ၏ဇနီးက ကုန်အကြွေးယူထားသူကို အကြွေးတောင်းရာမှ စကားများရန်ဖြစ်ကြပြီး ရပ်ကွက်အုပ်ချုပ်ရေးရုံးသို့ သွားရောက်ဖြေရှင်းရသည်အထိ ပြဿနာတွေ တက်ကုန်သည်။

ထို့ကြောင့် ဈေးဆိုင်တိုင်းတွင် "ယနေ့အကြွေး မရောင်းပါ"၊ "ဒီနေ့ ရောင်းရငွေသည် မနက်ဖြန်အရင်းဖြစ်သည်"၊ "ယူတော့ပြုံးပြုံး၊ တောင်းလျှင်မုန်း၊ မဆုံးအကြွေး သံသရာ"၊ "အကြွေးဖြင့် အားပေးခြင်း သည်းခံပါ" စသဖြင့် ရေးသားထားသည်ကို လူတိုင်း တွေ့ဖူးကြပါလိမ့်မည်။

ပွဲရုံ ဖွင့်ထားသော မိတ်ဆွေတစ်ဦးကလည်း မတ်ပဲကြွေး မပေးပဲ ထွက်ပြေးသွားသဖြင့် ရဲစခန်းတွင် အမှုဖွင့်သည့် သတင်းကိုလည်း ကြားရသည်။ ဈေးဆိုင်တွင် အကြွေးကျ၍ ဆိုင်ပိတ်သွားရသည့်သူများ၊ ဆိုင်ပြုတ်သွားရသည့်သူများ၏ သတင်းကိုလည်း ကြားနေရသည်။ အကြွေးပေးမိ၍ ဘဝပျက်သွားသူများက ဒုနှင့်ဒေး။ "မရှိ၍ လုပ်စားပါသည် အကြွေးနှင့်တိုး" ဆိုသည့် ရှေးလူကြီးသူမတို့၏ စကားက သွေးထွက်အောင်ပင် မှန်နေသည်။

စားသောက်ကုန်ပစ္စည်းဆိုင် ဖွင့်၍ အကြွေးပေးမိရာမှ အကြွေးယူသူများကြောင့် သောကရောက်နေရသူများ၊ လူချင်း ခင်မင်၍ ငွေချေးရာမှ အကြွေးဆုံးပါးခဲ့ရသူများ၊ မော်တော်ဆိုင်ကယ်ရောင်းလိုက်ရာ အကြွေးကျန်ထားမိရာမှ ဆုံးပါးခဲ့ရသူများ၊ အိမ်ကြွေး၊ မြေကြွေး၊ ကားကြွေး စသည့် အကြွေးမရသူများစွာကို တွေ့ဖူးသည်။ အကြွေးပေးမိ၍ ဘဝပျက်သွားသူများကိုလည်း တွေ့ဖူးသည်။

အကြွေးတောင်းမရ၍ ယတြာကောင်းလေးများရှိလျှင် ပေးပါဆရာဟု တောင်းကြသည်။ တချို့ အကြွေးယူစား၊ အကြွေးယူထားသူများက အကြွေးကို ပြန်ဆပ်ချင်သော်လည်း ငွေအဆင်မပြေသေး၍ မပေးနိုင်ကြသူများ ရှိသည်။ အချို့က သူတစ်ပါး၏ငွေကို လုံးဝ ပြန်မပေးချင်သော စိတ်ထားများဖြင့် အကြွေးယူစား၊ အကြွေးယူထားကြသူများလည်း ရှိသည်။ အကြွေးရှင်တိုင်း၏ တူညီသောသဘောထားများကတော့ ကုန်ကြွေး၊ ငွေကြွေးကို ပေးထားသူထံမှ ပြန်လည်ရလိုခြင်း ဖြစ်ပါသည်။ ကျွန်တော်ငယ်စဉ်က ကျွန်တော်၏ ဖခင်သည် ဆင်းရဲသားများကို သနားမိ၍ (မဖြစ်စလောက် အတိုးနှုန်းထားဖြင့်) ငွေချေးရာမှ ငွေများဆုံးရှုံးကာ စီးပွားပျက်ခဲ့ရသည်။ အဖေကွယ်လွန်သောအခါ

www.burmeseclassic.com


အမေ့အတွက် ရင်းနှီးစားစရာ ငွေတစ်ပြားမှပင် မကျန်တော့။ ကျွန်တော့်အဝ နှင့်ယှဉ်၍ သိခဲ့ရသော အသိဖြစ်သည်။ ကျွန်တော်၏ မိတ်ဆွေများ ငွေချေးထားမိ၍ ဆုံးရှုံးသွားသည်ဟု သတင်းကြားလျှင် အဖေ့ကို သတိရမိသည်။ လောကတွင် အဖေ့လို လူစားတွေ အများကြီးပါလား။

အကြွေးတောင်းရာ အကြွေးငွေ မရ၍ စိတ်သောကရောက်နေသူများအတွက် အကြွေးငွေပြန်ရစေသော ယတြာကို ရေးသားတင်ပြပေးပါမည်။ ပထမဦးစွာ အနာအဆာ မရှိသော ကွမ်းရွက်ကြီးတစ်ရွက်ကိုရှာပါ။ ထုံးကို လက်ညှိုးနှင့်တို့၍ ၎င်းကွမ်းရွက်ပေါ်တွင် အောက်ပါအတိုင်း လက်ယာရစ် ရစ်၍ အစက်တစ်စက်စီချသွားရမည်။ အစက်တစ်စက်ချသည့်အခါတိုင်း –

၁ = ဘုရား
၂ = တရား
၃ = သံဃာ
၄ = မိဘ
၅ = ဆရာ
၆ = အ
၇ = ရိ
၈ = ယာ
၉ = သူတော်ကောင်းတရား ၇ ခုနစ်ပါး

(သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဆိုသည့် သူတော်ကောင်းတရား ခုနစ်ပါးကို နှုတ်မှရွတ်ပြီးမှ အမှတ် (၉)နေရာတွင် အစက်တစ်စက်ချရန် ဖြစ်သည်။)

၁၀ = ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
၁၁ = ဓမ္မံ သရဏံ ဂစ္ဆာမိ
၁၂ = သံဃာ သရဏံ ဂစ္ဆာမိ




တို့ကို ရွတ်ဆိုသောအခါ နံပါတ်အောက်၌ လိုင်းတားပေးရမည်။

၎င်းကွမ်းယာကို ထုပ်ပြီး ဂုဏ်တော် ကိုးပါးကို ကိုးခေါက်ရွတ်ဆို၍ သိဒ္ဓိတင်ပါ။ ထို့နောက် ၎င်းကွမ်းယာကို ဝါးပြီး မိမိထံမှ ကြွေးယူထားသူ၏ နာမည်ကိုခေါ်၍ "ငါ့အကြွေးငွေတွေ အမြန်ဆုံးပြန်ပေး" ဟုပြောရမည်။ ပြောပြီး ကွမ်းယာကို ဝါး၍စားရမည်။

ကိုးရက်တိတိ ဆောင်ရွက်ရပါမည်။ ရှင်းလင်းစွာ တင်ပြထားရာ မှားယွင်းပြီး ဆောင်ရွက်စရာ အကြောင်းမရှိပါ။ ၎င်းယတြာကို အမှုအခင်းရင်ဆိုင် နေရသည့်အခါတွင်လည်း ဆောင်ရွက်၍ ရပါသည်။

ဝင်းဖော်(ဒေးဆယ်)



www.burmeseclassic.com

www.burmeseclassic.com

# ငွေချေးထားပြီး

# ပြန်တောင်းလို့ မရဘူးဆိုရင်

## ဝင်းဇော် (သုံးဆယ်)

အရပ်ထဲရွာထဲတွင် နေထိုင်ကြသည့် မိန်းမများ ငွေကြေးပြေလည်သည့်အခါ နေ့ပေးသွင်း၊ လပေးသွင်း စနစ်ဖြင့် အတိုးနှုန်းထားသတ်မှတ်ပြီး ငွေချေးတတ်ကြသည်။ ငွေပေးသူနှင့် ငွေချေးငှားသူတို့ အပေးအယူ မှန်ကန်နေလျှင် မည်သည့်ပြဿနာမှ မဖြစ်။ လူတကာထံမှ ငွေချေးပြီး ပြောင်လိမ်နေကြသည့် မိန်းမများက ရှိတတ်သေးသည်။ ငွေပေးသူက အသံမာမာဖြင့် ကြိမ်းမောင်းဆဲဆိုပြီး တောင်းနေစေကာမူ ငွေပြန်မပေးဘဲ –

''ပေးနိုင်တဲ့အခါကျတော့ ပေးမှာပေါ့။ အခုလိုချင်ရင်တော့ အသားလှီးယူသွား''

ဟု မချေမငံပြောတတ်သည်။ ထိုအခါ ငွေပေးသူက ခံမရပ်နိုင်ဖြစ်ကာ ငွေချေးငှားသူကို ပါးရိုက်၊ နားရိုက်မိတော့သည်။ သည်တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့သို့ ရောက်ကြပြီး ဖြေရှင်းရတော့သည်။

အရပ်ထဲ၌ နေ့ပေးသွင်း၊ လပေးသွင်းသည်ကို အစိုးရက တရားဝင်ခွင့်ပြုထားသည့် လုပ်ငန်းမဟုတ်။ တစ်ဦးကိုတစ်ဦး ယုံကြည်စိတ်ချမှုဖြင့် ငွေချေးငှားကြခြင်းဖြစ်သည်။ ငွေပေးသူနှင့် ငွေချေးသူတို့ စကားများ ရန်ဖြစ်လျှင် ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း ဖြေရှင်းပေးမည်မဟုတ်။ ရဲစခန်းကလည်း ဖြေရှင်းပေးမည် မဟုတ်ပေ။ သာစာအုပ်ထဲတွင် ငွေချေးသူ၏ အမည်နှင့် ချေးငွေကို ချေးယူသည့်ရက်စွဲနှင့် ရေးသားထားရုံဖြင့် ဥပဒေအရ အကျုံးမဝင်ပါ။ စာချုပ်စာတမ်းဖြင့် ချေးယူလျှင်ပင် အသိသက်သေရှေ့နေမှာပင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးသည်။ အတိုးနှုန်းထားကို စာချုပ်ထဲတွင် ထည့်ရေး၍မရ။ ငွေကိုယုံကြည်၍ အပ်နှံထားသည်ဆိုသော သဘောဖြစ်အောင် ချုပ်ဆိုရသည်။

လူလိမ်လူကောက်ပေါသည့် သည်နေ့အချိန်ကာလမှာ လူကိုယုံကြည်ပြီး ငွေပုံချေး၍ကတော့ ဆုံးပြီသာမှတ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက အဖေက သူ့သူငယ်ချင်းတစ်ဦးနှင့် TE-11 ကားထောင်ထားသည်။ ကားလုပ်ငန်း တွက်ခြေမကိုက်၍ ကားရောင်းလိုက်တော့ လက်ထဲမှငွေများကို ဘာလုပ်ရမှန်း မသိ။ သုံးဆယ်ဈေးထဲမှ မိန်းမများ၊ အရပ်ထဲမှ မိန်းမများက အဖေ့ကို အတိုးမက်လုံးပေးကာ ငွေချေးသည်။ ကျွန်တော့်အမေနှင့် သားသမီးများက ငွေလိမ်ခံရတော့မည်ကိုသိ၍ အဖေ့ကိုတားသည်။ အဖေက ပြောမရ။ တစ္ဆေတ်ထိုး တဖောက်ကန်းသမား။ ကျွဲသတ်ရွာက ကိုကံမြ၊ မတင်ပုတို့လင်မယားကို ချေးသည့်ငွေလည်း ဆုံးသည်။ အရပ်ထဲက စံပယ်လှိုင်၊ ကိုညွန့်သောင်းနှင့် ကုန်စိမ်းသည်တွေကို ချေးသည့်ငွေအားလုံး ဆုံးရှုံးသည်။ အသက်ကြီးမှ ငွေများဆုံးရှုံးကာ သောကခံစားနေရသည်ကို သတိရနေမိသည်။ ငွေလိမ်သွားသူတွေက ပြောင်လိမ်မှန်းသိတော့ သားသမီးတွေက ဒေါသဖြစ်ရသည်။ အခု အဖေ့ဆီက ငွေလိမ်သွားသူတွေက အဖေ့ဆီက ငွေနှင့်အရင်းအနှီးလုပ်ကာ စီးပွားရှာကြသဖြင့် ချမ်းသာနေကြပြီ။

ယနေ့ကာလတွင်လည်း ငွေသိန်းပေါင်းများစွာ အလိမ်ခံနေရသည့် သတင်းများကို နေ့စဉ်နှင့်အမျှ ဖတ်ရှုနေရသည်။ သနားစိတ်၊ ခင်မင်စိတ်ဖြင့် ကူညီသည့် သဘောငွေပေးသူကို ငွေချေးငှားသူတို့က မျက်နှာပြောင် တိုက်၍လိမ်နေကြသည်မှာ ခံပြင်းစရာကောင်းလှသည်။ ငွေပေး



www.burmeseclassic.com

www.burmeseclassic.com

သူကို အပြစ်တင်ရမည်လား။ ငွေချေးသူကို အပြစ်တင်ရမည်လား။ သူတစ်ပါး သွေးချွေးကျအောင် ရှာဖွေထားသော ငွေကို လိမ်လည်ယူပြီး ထွက်ပြေးတိမ်းရှောင် နေသူများက မနည်း။

ငွေချေးထားသူက သတ်မှတ်ရက်စေ့၍ ငွေချေးငှားသူကို တောင်းပန်လျှင် မုန်းတတ်ကြသည်။ ထို့ကြောင့် ကြွေးယူတော့ပြုံး၊ ကြွေးတောင်းတော့ မုန်းဆိုပြီး ရှေးလူကြီးသူမတို့က ဆိုရိုးထားခဲ့ကြသည်။

"မာတာပီတ၊ မိနှင့်ဘပင်
ဖြစ်တစေကာ၊ ခါခါမပြတ်
တောင်းရမ်းတတ်က၊ လေးမြတ်မဲ့စွာ
အတြိစ္ဆာဖြင့်၊ မေတ္တာမပွား
လွန်မုန်းခါး၏။"

မိဘနှင့်သားသမီးပင် ဖြစ်လင့်ကစား ခဏခဏ တောင်းရမ်းလျှင် အမုန်းပွားသည်ဟု ဆိုသည်။

အကြွေးတောင်းနည်း ယတြာကို တင်ပြပေးမှ ဖြစ်ချေတော့မည်။ အကြွေးယူထားသူက ငွေပေးသူကို မပေးဘဲမနေနိုင်သော အကြွေးတောင်းယတြာဖြစ်သည်။

၎င်းယတြာကို မည်သည့်နေ့ မည်သည့်လတွင်မဆို လဆန်း ၃ ရက်မှ လဆန်း ၁၅ ရက်အတွင်း ည ၇ နာရီ၌ ဆောင်ရွက်ရပါမည်။ သို့သော် ငွေရှင်များအနေဖြင့် သိထားရမည်မှာ မိမိချေးထားသော ငွေသည် တစ်နှစ်အတွင်းဖြစ်မှသာ ယတြာက အစွမ်းထွက်ပြီး ချေးထားသည့် ငွေများကို ပြန်ရစေပါသည်။

ယတြာဆောင်ရွက်ပုံမှာ မြေအိုးအသစ်တစ်လုံးထဲတွင် သဲကို အိုးတစ်ဝက်ခန့်ထည့်ထားရပါမည်။ မိမိငွေချေးထားသောသူသည် တနင်္လာနေ့သားဖြစ်လျှင် ၎င်းနေ့၏ နေ့နံသားဖြစ်သော ကံ့ကော်သားကို ငွေပေးသူ၏ လက်တစ်ထွာ တိုင်းဖြတ်ပြီး သဲအိုးထဲတွင် စိုက်ထားရမည်။ ထို့နောက် မိမိထံမှ ငွေချေးသွားသူသည် ကျော်လင်း (နာမည်လွဲ)ဆိုပါစို့။ ငွေချေးသွားသူ ကျော်လင်း၏ နာမည်ကိုခေါ်၍ –

ကျော်လင်း
ငါ့ ... ငွေတွေ ပြန်ပေး။
ငါ့ ... ပြောစကားကို မင်းနားထောင်ရမယ်။
ငါ ... ခေါ်တာနဲ့ ချက်ချင်းလာရမယ်။

လို့ ငါသုံးငါကို မာန်ပါပါပြောပြီး ကံ့ကော်သား စိုက်ထားသည့် သဲအိုးထဲသို့ ရေအနည်းငယ်လောင်းထည့်ရမည်။

နေ့သားအလိုက် အသားများကတော့ –

| | |
|---|---|
| တနင်္ဂနွေနေ့သားသမီး | အုန်းသား |
| တနင်္လာနေ့သားသမီး | ကံ့ကော်သား |
| အင်္ဂါနေ့သားသမီး | ဆီးသား |
| ဗုဒ္ဓဟူးနေ့သားသမီး | ဝါး |
| ကြာသပတေးနေ့သားသမီး | ပေါက်သား |
| သောကြာနေ့သားသမီး | သီးသား |
| စနေနေ့သားသမီး | ထန်းသား |

အထက်ပါ ယတြာကို ဆောင်ရွက်ပြီး တစ်ရက်၊ နှစ်ရက်အတွင်း သင့်ထံမှ ငွေချေးထားသူသည် သင့်ထံသို့ ရောက်လာသော ငွေကို ပြန်ဆပ်ပါလိမ့်မည်။ အဝေးအရပ်သို့ ရောက်နေသူပင် ဖြစ်ပါစေ။ အမြန်ပြန်လာပြီး ယူထားသော ငွေကြေးကို ပြန်ဆပ်ပါလိမ့်မည်ဟု ကြွေးရှင်များကိုယ်တိုင် လွယ်လင့်တကူ ဆောင်ရွက်နိုင်ကြစေရန် ကြွေးတောင်းယတြာကို ရေးသားတင်ပြလိုက်ရပါသတည်း။

**ဝင်းဇော်(သုံးဆယ်)**

၀၉-၂၆၁၄၃၅၃၇၂



www.burmeseclassic.com

www.burmeseclassic.com

# လောဘကိုမွှင့်ချမ်းသာ အောင်ဂါထာ

သစ္စာဝါဒီ ဆရာမြတ်စောလင်း

ကျွန်ုပ်သည် လပြည့်၊ လကွယ်နေ့များတွင် မလစ် အုပ်စု ကြာနီကန်ကွင်း လေးဒေါင့်ကန်ဘူတာ၏ အနောက် ဘက် တစ်မိုင်ခန့်အကွာတွင်ရှိသော ဇောတိကာရာမ ပသုံး လုံး ဝိပဿနာတရားရိပ်သာသို့ ဥပုသ်သီတင်းသီလ ဆောက်တည်၍ ရောက်ရှိခဲ့၏။ ဆရာတော်ဦးဇောတိကထံမှ သီလမယူခင်အတွင်း ရောက်ရှိနေသော တပည့်သာဝက များ ကိုယ့်အုပ်စုနှင့်ကိုယ် စကားစမြည်ပြောဆိုနေ၏။ ၎င်း တို့တွင် ကျွန်ုပ်နှင့် ရှမ်းတည်းကြီးကျေးရွာမှ ဦးထွန်းလွင်၊ သံပျူကျေးရွာမှ ကိုစန်းဝင်း၊ ဦးခင်မောင်မြင့်တို့နှင့် လောကီ ပညာများကို စကားစမြည်ပြောဆိုမိကြ၏။ ထိုအခါ ဦးခင် မောင်မြင့်မှ ဆရာတော်ဦးဇောတိက ချီးမြှင့်သည့် ဂါထာ တစ်ပုဒ်ကြောင့် သူဖြစ်ချင်တာများကို ဖြစ်ခဲ့ကြောင်းကို ပြောပြ၏။

"ဦးခင်မောင်မြင့်"

"ဘုရား"

"ဒကာကြီးချမ်းသာရင် ဘာလုပ်မှာလဲ"

"မှန်လှပါ ဘုရား၊ ဘုရားဟောအတိုင်း လေးပုံပုံပြီး တစ်ပုံကို လှူမှာပါဘုရား"

"သေချာရဲ့လား ဒကာကြီးရယ်"

"သေချာပါဘုရား၊ လှူမှာပါဘုရား"

"ကားအရင်ဝယ်ပြီး တိုက်အရင်ဆောက်ပြီးမှ ဘုန်း ကြီးဆီ တစ်သိန်းလောက်ပဲ ရောက်မှာမဟုတ်ဘူးလား"

ဦးခင်မောင်မြင့်သည် ဆရာတော်ဦးဇောတိက၏ စကားကို ဘာမှပြန်မပြောဘဲ ပြုံးရယ်နေ၏။

"ခု ကျုပ်တရားဟော ဓမ္မာရုံကြီးကို သံတိုင်တွေ သံတုတ်တွေနဲ့ အုတ်ပက်ကားတက်ပြီး အလူမီနီယံ မှန် တံခါးတွေနဲ့ အသံလုံတံခါးတွေတက်ပြီး တရားနာပရိသတ် ယောဂီတွေ စိတ်အနှောင့်အယှက်မရှိအောင် အသံလုံ ဟောခန်းလုပ်ဖို့ စိတ်ကူးထားတယ် ဒကာကြီးရဲ့၊ ဒကာကြီး ဘယ်လောက် လှူဖို့စိတ်ကူးထားသလဲ"

"မှန်ပါဘုရား၊ ငွေကြေးရရှိမှုအပေါ် မူတည်ပြီး တတ်စွမ်းသမျှ လှူမှာပါဘုရား"

"ကျုပ်က ဘုန်းကြီးကို အဲဒီလိုပြောခဲ့တာ အခု တိုက်လည်းဆောက်ပြီးပြီ။ ကားလည်းဝယ်ထားတယ်။ ဒါကြောင့် ဘုန်းကြီးဆီကိုလာပြီး မေတ္တာအခါတော်နေ့မှာ ဥပုသ်စောင့်ရင်း ဓမ္မာရုံကြီးအတွက် မှတ်မှတ်ရရ ငွေလာလှူ တာဗျာ"

ကျွန်ုပ်သည် ဦးခင်မောင်မြင့် ပြောသောစကားကို အလွန်စိတ်ဝင်စားမိသည်။ ကျွန်ုပ်၏ ဗေဒင်ဆိုင်ခန်းသည် ကျိုက္ကစ်ဘုရား အရှေ့မုခ်တွင် ဖွင့်ခဲ့သည်မှာ တစ်ဆယ့် ခြောက်နှစ်ပင် ကျော်ပြီဖြစ်၏။ ပြီးခဲ့သော ၂၀၁၆ ခုနှစ်၊ ဧပြီလမှစ၍ ဇူလိုင်လ ဒုတိယအပတ်လောက်ထိ ကျွန်ုပ်၏ ဆိုင်ခန်းတွင် ဗေဒင်မေးသူများအရောက်နည်း၍ လုပ်ငန်း ငြိမ်သက်နေ၏။ ထို့ကြောင့် ဝင်ငွေကျဆင်းသဖြင့် စုဆောင်း ထားသောငွေများ တဖြည်းဖြည်း ကုန်ကျမှု များပြားနေခဲ့၏။

"ဟုတ်တယ်ဗျာ၊ ဆရာမြတ်စောလင်းက ကျုပ် လည်း အဲဒီဂါထာရွတ်ဖတ်ပူဇော်တာ အခု ကျုပ်ရဲ့ တွင်ခုံ နဲ့ ပန်းပဲလုပ်ငန်းမှာ အပ်ထည်တွေ များလာတယ်။ အလုပ် သမား သုံးလေးယောက်ကို မှန်မှန်လစာပေးနိုင်တယ်။ ပြီးခဲ့တဲ့ ဟိုအရင်နှစ်တွေကိုဆိုရင် အလုပ်သမားတစ် ယောက်အတွက် နေ့တွက်ရှင်းဖို့တောင် အနိုင်နိုင်ဖြစ်နေ တာ။ အဲဒီဂါထာ တော်တော်စွမ်းတယ်ဗျာ။ ဆရာတော် ကိုယ်တိုင်လည်း ရွတ်ဖတ်ပူဇော်တယ်။ အဲဒါကြောင့် သိမ် ဒကာတွေ၊ ကျောင်းဝန်းခြံခတ်ပေးမယ့် ဒကာတွေ သုံးထပ် ကျောင်းဆောက်မယ့် ဒကာတွေ တဖြည်းဖြည်းပေါ် လာတာ။ ခု တရားဟောဓမ္မာရုံကြီးလည်း အသံလုံ ဟော ခန်းဖြစ်ဖို့ သံတိုင်တွေ၊ အမိုးတွေတောင် ဖြစ်နေပြီ။ အဲဒါ ဆရာမြတ်စောလင်း အမြင်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းလွင်၏ စကားကြောင့် ကျွန်ုပ်သည် ၎င်းဂါထာကို ပို၍ စိတ်ဝင်စားလာ၏။

"ဒါဆိုရင် အဲဒီဂါထာကို ကျွန်တော့်လည်း ပေးဦးလေ"

"ဟာ . . . ပေးရမှာပေါ့ ဆရာကြီးရ။ ကိုယ့်ဆရာဆီ ဗေဒင်မေးတွေ၊ ယတြာလုပ်မယ့်သူတွေ များများလာမှ ကျုပ်တို့ ဘုန်းကြီးဆီ များများလာလှူနိုင်မှာပေါ့"

မှန်ပေသည်။ အလုပ်မဖြစ်တဲ့ ကာလမှာပင် ကျွန်ုပ်သည် မွှောရုံကြီးအတွက် အလူမီနီယံ တံခါးတစ်စုံ အတွက် အလှူငွေ တစ်သိန်းငါးသောင်းကို လှူခဲ့ပြီးဖြစ်၏။ ဝင်ငွေများစွာ ရခဲ့မည်ဆိုလျှင် သိန်းဆယ်ချီ ရာချီ၍ လှူနိုင်တော့မည်ဖြစ်၏။ ထို့ကြောင့် ဦးခင်မောင်မြင့်နှင့် ဦးထွန်းလွင်တို့ ပြောပြသော ဂါထာကို ကျွန်ုပ်သည် သေချာစွာလိုက်၍ ရေးမှတ်လိုက်၏။ ကျွန်ုပ်ဆိုင်သို့ရောက်ပြီး နောက်နေ့မှစ၍ ၎င်းဂါထာကို နံနက်ကိုးခေါက်၊ နေ့လည်ကိုးခေါက်၊ ညကိုးခေါက် ရွတ်ဖတ်ပူဇော်ခဲ့၏။ ခုနစ်ရက်ရောက်သောနေ့တွင် ထူးထူးခြားခြား ကျွန်ုပ်၏ဆိုင်သို့ တောင်ကြီးမြို့မှလည်းကောင်း၊ ဘားအံမြို့မှလည်းကောင်း၊ နယ်ပရိသတ်များ ရောက်လာတော့၏။ ၎င်းတို့၏ ကိစ္စများကို လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ရာ သုံးပတ်အကြာတွင် ၎င်းပုဂ္ဂိုလ်များ ကျွန်ုပ်ထံသို့ ပြန်လည်ရောက်လာကြပြီး ငွေများထပ်မံ ကန်တော့ခဲ့ကြ၏။ ထို့ကြောင့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များ ဦးထွန်းလွင်၊ ဦးခင်မောင်မြင့်နှင့် ကျွန်ုပ်တို့ကဲ့သို့ စီးပွားရေး ဝင်ငွေကောင်းစေရန် မေတ္တာဖြင့် ဤမဂ္ဂဇင်းမှ ရေးသားလိုက်ရပေသည်။ ၎င်းဂါထာတော်မြတ်အား ရှမ်းကန်ကျေးရွာတွင် သီတင်းသုံးနေထိုင်တော်မူခဲ့သော ကျောင်းထိုင်ဆရာတော် ဘုရားကြီး ဦးသုမန၏ လက်သုံးဂါထာဖြစ်သဖြင့် မဖူးမြော်လိုက်ရသော ဆရာတော်ဘုရားကြီး ဦးသုမနအားလည်းကောင်း၊ ဤဂါထာကို ေးခဲ့သော ပသုံးလုံးဝိပဿနာ မွှေရိပ်သာမှ ဆရာတော် ဦးဇောတိကအားလည်းကောင်း ကျေးဇူးကြီးစွာဖြင့် ဤဆောင်းပါးနှင့် ကန်တော့လိုက်ပါသည်။

◆

**လာဘ်ပွင့်ကြီးပွားချမ်းသာ အောင်ဂါထာ**

**ဗုဒ္ဓေါ မယုံ သုခံဒေတု**
**ဓမ္မော မယုံ သုခံဒေတု**
**သံဃော မယုံ သုခံဒေတု**
**ဗုဒ္ဓေါ မေသရဏံ အညဏ်နတ္ထိ**
**ဓမ္မော မေသရဏံ အညဏ်နတ္ထိ**
**သံဃော မေသရဏံ အညဏ်နတ္ထိ**
**ဩြောင်း သီဝလိ ဗုဒ္ဓေါ ဗုဒ္ဓသီဝလိ**
**ဩြောင်း သီဝလိ ဓမ္မော ဗုဒ္ဓသီဝလိ**
**ဩြောင်း သီဝလိ သံဃော ဗုဒ္ဓသီဝလိ**
**အဟံဝန္ဒာမိ . . .။**
**ဒီနေ ဒီနေ မမလာဘ်**
**ဣန္ဒြီ ပီယံ မမ**
**ချဉ်းဆရာချင်း ကပ်ဆရာကပ်။**

၎င်းဂါကို အဓိဋ္ဌာန်တင်၍ မိမိစွမ်းနိုင်သမျှ သီလစောင့်ထိန်း၍ သက်သတ်လွတ်စားခြင်း၊ မေတ္တာပို့ခြင်း၊ ဘိုးတော်သကြားမင်းနှင့် နတ်မင်းကြီးလေးပါး၊ သာသနာတော်စောင့်နတ်တို့အား မေတ္တာပို့ အမျှဝေနိုင်ခဲ့မည်ဆိုလျှင် ဆထက်ထမ်းပိုး တိုး၍ စာဖတ်သူ ပရိသတ်များ၏ လိုအင်ဆန္ဒများဖြစ်သော အချစ်ရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့၌ သာလွန်၍ အကျိုးထူးများ ခံစားရရှိပေလိမ့်မည်။

**ကျေးဇူးရှင်အား ရှိခိုးပါ၏။**

**သစ္စာဝါဒီ ဆရာမြတ်စောလင်း**

၀၉-၄၂၁၀၉၂၈၃၉




www.burmeseclassic.com

www.burmeseclassic.com

# တွေ့ဆုံရက်မှာ ဒါလုပ်ပါ

သုတေသီဆရာငြိမ်း




"ဆရာငြိမ်းခင်ဗျား. . .လာမယ့်မုဒ္ဒဟူးနေ့မှာ ကျွန်တော့်ရဲ့သားတော်မောင် အလုပ်ကိစ္စတစ်ခုအတွက် လူတွေ့စစ်ဆေးခံရမယ်"

"ပါစင်နယ် အင်တာဗျူးပေါ့"

"ဟုတ်ပါတယ် ဆရာငြိမ်း။ ရေးဖြေတုန်းက လွတ်လွတ်ကျွတ်ကျွတ် အောင်ခဲ့တယ်။ လူ ၂၀၀ ကျော်ဖြေတာ သားက အဆင့် ၁၀ ရတယ်"

"ဒါဆို မဆိုးဘူးပဲ"

"ဟုတ်ကဲ့။ အလုပ်ခန့်မယ့်ဦးရေက ငါးဦးပဲခန့်မှာ။ ရေးဖြေအောင်ပြီး အင်တာဗျူးဖြေရမှာ။ အယောက်ငါးဆယ်လောက် ရှိတယ်ဆိုတော့ ကျွန်တော့်သားကို ပါစေချင်တယ် ဆရာငြိမ်းရယ်"

www.burmeseclassic.com

"ကလေးက လူတော်လေးပဲဥစ္စာ။ သူ့အရည်အချင်းအရ ပါလောက်ပါတယ်။ အင်တာဗျူးမှာ ဘာတွေမေးတတ်သလဲဆိုတာကို လေ့လာထား"

"လေ့လာတာ လေ့လာတာ တစ်ပိုင်းပေါ့လေ။ ကျွန်တော့်အနေနဲ့ သားလေးရဲ့စိတ်ဓာတ်ကို မြှင့်တင်ပေးတဲ့အနေနဲ့ တွန်းအားပေးမယ့် ယတြာတစ်ခုခုလောက်ကို စီရင်ပေးစေချင်တယ် ဆရာငြိမ်းရယ်။ အဲဒါတော့ ကူညီပါ"

ကျွန်ုပ်အဖို့ မိတ်ဆွေ၏ အကူအညီတောင်းခံလာမှုကို မည်သို့မျှ ကန့်ကွက်စရာအကြောင်း မရှိပါ။ ကူညီခွင့်ရလျှင် မနေးတမ်း ကူညီရမည်မှာ မိတ်ဆွေသင်္ဂဟတို့၏ ဝတ္တရားသာ ဖြစ်ပါသည်။

"သားတော်မောင်က ဘာနေ့သားလဲဗျ"

"မောင်တင်ထွေးလေ ဆရာငြိမ်းရဲ့ စနေသားပါခင်ဗျ"

"ဒါဆိုရင် အင်တာဗျူးဖြေမယ့်နေ့မှာ ဖန်ခွက်တစ်ခွက်ထဲ ရေထည့်ပါ။ ဖန်ခွက်ရဲ့အပြင်နံရံမှာ မောင်တင်ထွေးရဲ့ ဓာတ်ပုံကို ကပ်ပါ။ ပြီးတော့ ဖန်ခွက်ထဲကို အုန်းညွန့် ၆ ညွန့် ထိုးစိုက်ပြီး ဘုရားကိုကပ်လို့ အစစအရာရာ အဆင်ပြေချောမွေ့စေကြောင်း ဆုတွေတောင်းပေါ့"

(စနေသား မောင်တင်ထွေးအတွက် လုပ်ရမည့် ယတြာကို ပုံဖြင့် ဖော်ပြထားပါသည်။)

"ကောင်းပြီ ဆရာငြိမ်း။ ကျွန်တော် ဆရာငြိမ်းပြောတဲ့အတိုင်း လုပ်မယ်ဗျာ။ အကျိုးအကြောင်းထူးတာနဲ့ ပြေးလာခဲ့မယ်"

"စိတ်ချ မထူးဘဲကို မနေဘူး။ ယုံကြည်စိတ်အရင်းခံပြီး လုပ်ကြည့်ပါ။ ထူးကိုထူးခြားပါတယ်ဗျာ။ အဲ. . .ကိုယ့်ဘက်ကလည်း ဝမ်းဆွဲသည်ချည်းပဲ အားမကိုးဘဲ ညစ်အားပေးဖို့လိုသလို အင်တာဗျူးအတွက် လေ့လာစရာရှိတာတွေ လေ့လာဖို့လိုတယ်"

မိတ်ဆွေဖြစ်သူ ပြန်သွားသည့်အဆုံးမှာတော့ အင်တာဗျူးဖြေဆိုမည့်သူများ လက်တွေ့အသုံးပြုနိုင်သည့် ယတြာလေးကို အောက်ပါအတိုင်း ဇယားဆွဲနေမိပါတော့သတည်း။

| အင်တာဗျူးဖြေမည့်နေ့သား | ဓာတ်ပုံကပ်ထားသော ဖန်ခွက်၌ ထိုးရမည့်အညွန့် |
|---|---|
| တနင်္ဂနွေ | ကြာညွန့် ၁၅ ညွန့် |
| တနင်္လာ | ဇော်စိမ်း ၈ ညွန့် |
| အင်္ဂါ | ရွက်လှ ၁၇ ညွန့် |
| ဗုဒ္ဓဟူး | မေမြို့ ၁၉ ပွင့် |
| ကြာသပတေး | သပြေ ၂၁ ညွန့် |
| သောကြာ | ဒန်း ၁၀ ညွန့် |
| စနေ | အုန်း ၆ ညွန့် |

■ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ဂုဏ်တော်တန်ခိုး စီးပွားတိုး

မဟိဒ္ဓိကျော်ခေါင်

ဗုဒ္ဓဘာသာဝင်များအဖို့ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကို သိကြပါလိမ့်မည်။

"ဣတိ ပိသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝမနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ"

ဟူသည်မှာ အနှိုင်းမဲ့ဘုရားရှင်၏ ဂုဏ်တော်များပင် ဖြစ်ပါသည်။ အဆိုပါ ထူးမြတ်သည့် ဂုဏ်တော်များကို အရင်းတည်လျက် လောကီအကျိုးကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် တင်ပြပါမည်။ ဂုဏ်တော်ကိုရွတ်၍ ပြုဖွယ်ကိစ္စများပြုကာ လိုရာကိစ္စမှန်သမျှ အောင်မြင်စွာ လှမ်းဆွတ်နိုင်ဖို့အတွက် တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

## ၁။ ဣတိ

ဟူသည့် အက္ခရာနှစ်လုံးအား မြေစိုင်ခဲ (သို့) ကျောက်ခဲကိုယူကာ အခေါက် ၃၀ ရွတ်ပါ။ ပြီးနောက် အရပ်ရှစ်မျက်နှာကိုပစ်ပါ။ ရန်သူအနှောင့် အယှက်များကင်းဝေးပြီး ငြိမ်ဘက်ကို အနိုင်ရပါလိမ့်မည်။

## ၂။ ပိသော

ဟူသည့် အက္ခရာနှစ်လုံးကို ရွတ်ဆိုရင်း နံ့သာငါးပါးဖြင့် မျက်နှာကိုလိမ်းပါ။ လူချစ်လူခင်ပေါ်များပြီး ကူညီမစမည့်သူများ ပေါ်လာပါလိမ့်မည်။

## ၃။ ဘဂဝါ

ဟူသည့် အက္ခရာသုံးလုံးကို ရန်သူနှင့် ရင်ဆိုင်မတွေ့ကြုံရသည့်အခါ မြေကြီးပေါ်လက်ထောက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ပါ။ ရန်သူအပေါ် အနိုင်ရပါလိမ့်မည်။

## ၄။ အရဟံ

ဟူသည့် အက္ခရာသုံးလုံးကို ကန့်လန့်ကာတင်းတိမ်အတွင်း နေ့စဉ် သက်စေ့ ရွတ်ဖတ်သရဇ္ဈာယ်ပါ။ တစ်လတိတိ ပြည့်မောက်ပါက ဂုဏ်ပြုချီးမြှောက်မှုကို ခံရပါလိမ့်မည်။

## ၅။ သမ္မာသမ္ဗုဒ္ဓေါ

ဟူသည့် အက္ခရာငါးလုံးကို နံနက်တွင် အရှေ့အရပ်



www.burmeseclassic.com

www.burmeseclassic.com

သို့ မျက်နှာမူပြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပြုပါ။ ခိုးသူတို့ဘေးမှ ကင်းဝေးပါလိမ့်မည်။ ရေလမ်းခရီးသွားပါက ရေပြင်ကိုကြည့်၍ အခေါက် ၃၀ ရွတ်ပြီးသွားပါ။ ရေဘေးအန္တရာယ် ကင်းဝေးပါလိမ့်မည်။

၆။ ဝိဋ္ဋာစရဏ

ဟူသည့် အက္ခရာငါးလုံးကို မျက်နှာသစ်ချိန်၌ ရေကိုကြည့်လျက် အခေါက် ၃၀ ရွတ်ပြီးမှ မျက်နှာသစ်ပါ။ အခက်အခဲများကျော်လွှားနိုင်ပြီး အောင်မြင်မှုတွေ ရပါလိမ့်မည်။

၇။ သမ္မန္နော

ဟူသည့် အက္ခရာသုံးလုံးကို နေ့စဉ်မပြတ် အမြဲရွတ်ဆိုပါ။ (အရှေ့အရပ်သို့ မျက်နှာမူကာ ဦးသုံးကြိမ်ချပြီး မတ်တတ်ရပ်လျက်ရွတ်ပါ။) အခက်အခဲများအားလုံး ကျော်လွှားအောင်မြင်နိုင်ပါလိမ့်မည်။

၈။ သုဂတော

ဟူသည့် အက္ခရာသုံးလုံးကို သန့်ရှင်းသည့် ချည် ၁၇ ပင် အရှည်တစ်လက်မခန့်ဖြတ်ယူကာ ခေါက်ချိုးချိုးလျက် ခေါက်ရေ ၁၀၀၀ တိတိ ရွတ်ဆိုပွားများပါက လူချစ်လူခင်ပေါ်ပါမည်။ ပြောစကားများ အောင်မြင်ပါလိမ့်မည်။

၉။ လောကဝိဒူ

ဟူသည့် အက္ခရာလေးလုံးကို မိမိအရိပ်အားကြည့်၍ သက်စေ့ရွတ်ဆိုပါ။ အခက်အခဲအားလုံး ပြေလည်သွားပါလိမ့်မည်။

၁၀။ အနုတ္တရော

ဟူသည့် အက္ခရာလေးလုံးကို နေ့ညမပြတ် ရွတ်ဆိုပွားများပါ။ ရန်သူများ ရောက်မလာနိုင်ပါ။ အစားအစာများ စားသောက်တော့မည်ဆိုပါက ကိုးခေါက်တိတိ ရွတ်ဆိုပြီးမှ စားသောက်ပါ။ သွားလေရာ လာလေရာ ခလုတ်မထိ ဆူးမငြိဘဲ မျက်နှာပွင့်လန်းလာပါလိမ့်မည်။

၁၁။ ပုရိသဒမ္မ

ဟူသည့် အက္ခရာငါးလုံးကို ကဝိုး ဖုန်းမသိမ်း နှံသာငါးပါး စွယ်တော်ပွင့်တို့ ပေါင်းကြိတ်လျက် ရှစ်ခေါက်တိတိ ရွတ်ဆိုပွားများပါ။ ပန်းနှံ့သာရည်အား ပုလင်းငယ်တွင်ထည့်ကာ ဆောင်ထားပါ။ လိမ်းကျံပါ။ လိမ်းကျံခြင်းမပြုမီ အခေါက် ၁၈၀၀ပြည့်အောင်ရွတ်ပါ။ လိုရာဆန္ဒမှန်သမျှ ပြည့်ဝပါလိမ့်မည်။

၁၂။ သာရထိ

ဟူသည့် အက္ခရာသုံးလုံးကို တိရစ္ဆာန်ဥယျာဉ်သို့သွား၍ ဆင်၊ ကျား၊ သတ္တဝါတို့အား အစာကျွေး၍ရွတ်ဆိုပွားများပါ။ ချစ်ခင်သူများ၊ မိတ်ဆွေသင်္ဂဟများ ပေါများလာပါလိမ့်မည်။

၁၃။ သတ္ထာဒေဝမနုဿာနံ

ဟူသည့် အက္ခရာရှစ်လုံးကို ရေကိုကြည့်လျက် နေ့တိုင်းရွတ်ဆိုပြီးမှ မျက်နှာသစ်ပါ။ မျက်နှာမြင်ချစ်ခင်ပါစေဆိုသော အာနိသင်နှင့် ပြည့်စုံပါလိမ့်မည်။

၁၄။ ဗုဒ္ဓေါ ဘဂဝါ

ဟူသည့် အက္ခရာငါးလုံးကို နံ့သာငါးပါးကိုယူလျက် ခုနစ်ကြိမ်ရွတ်ဆိုပြီး အမြဲဆောင်ထားပါ။ ဩဇာအာဏာတည်တံ့လျက် စိတ်ချမ်းသာမှုများ အပြည့်အဝရရှိပါလိမ့်မည်။

အတုလံ အတုမရှိသည့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်တို့ကား တန်ခိုးအာနိသင် ထက်မြက်လှသည်နှင့်အမျှ အဆိုပါဂုဏ်တော်တို့အား ထုံပွားရွတ်ဆိုခြင်းဖြင့် အကုသိုလ်စိတ်တို့ ကင်းပျောက်၊ ကုသိုလ်စိတ်ရောက်လျက် ကောင်းကျိုးလိုရာအဖြာဖြာတို့ ပြည့်ဝလိမ့်မည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသည်။

မဟိန္ဒီကျော်



www.burmeseclassic.com

www.burmeseclassic.com



# ဝဋ္ဋသုတ်ပရိတ်တော်မြတ် အဓိဋ္ဌာန်ဝင်ဇော်ခြင်း

■ ဟန်သီဟ

အရှင်ဘုရား···တပည့်တော်သည် ယနေ့ (　) မှစ၍ (　) ရက်နေ့အထိ သစ္စာတန်ခိုး သစ္စာစွမ်းအား ကြီးမားတော်မူသော ဝဋ္ဋသုတ်ပရိတ်တော်မြတ်ကြီးအား ဂုဏ်တော်ကိုးပါး အမွှမ်းထား၍ တစ်နေ့လျှင် ဝဋ္ဋသုတ်ပရိတ်တော်မြတ်ကြီးအား ၁၁ ခေါက် ပူဇော်ခြင်းကို နေ့စဉ်မပျက် ရပ်ပေါင်း ၁၁ ရက်တိတိ ရွတ်ဖတ်ပူဇော်မည် ဖြစ်ပါသော ကြောင့် ရှိသေစွာ အဓိဋ္ဌာန်တင်လျှောက်ထားအပ်ပါသည် အရှင်ဘုရား။

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ (သုံးခေါက် ရွတ်ဆိုပါ။)

ဣတိပိသော ဘဂဝါ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရောပုရိသ ဒမ္မသာရထိ၊
သတ္ထာဒေဝ မနုဿနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။
(ဘုရားဂုဏ်တော်ကိုးပါး ကိုးခေါက်ရွတ်ဆိုပါ။)

သစ္စာစကား အဓိဋ္ဌာန်ပြုရွတ်ဆိုခြင်း

သန္တိပက္ခာ အပတနာ၊
သန္တိပါဒါ အဝဉ္စနာ၊
မာတာ ပိတာစ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။
သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ၊
ဝဇ္ဇေတိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ၊

www.burmeseclassic.com

သစ္စေန မေ သမော နတ္ထိ၊
သော မေ သစ္စပါရမီ။
(၁၁) ခေါက် ရွတ်ပါ။

အတိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မုတ္တမံ။
အဝေဇ္ဇတွာ ဓမ္မဗလံ၊
သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊
သစ္စကိရိယ မကာသ,ဟံ။
သန္တိပက္ခာ အပတနာ၊
သန္တိပါဒါ အဝဥ္စနာ။
မာတာ ပိတာစ နိက္ခန္တာ၊
ဇာတဝေဒ ပဋိက္ကမ။
သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေတိ သောဠသ ကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ
သော မေ သစ္စပါရမီ။
(တစ်ခေါက် ရွတ်ဆိုပါ။)

တပည့်တော်မသည် သစ္စာတန်ခိုး၊ သစ္စာစွမ်းအား ကြီးမားတော်မူသော ဝဋ္ဋသုတ်ပရိတ်တော်ကို ဘုရားဂုဏ်တော်ကိုးပါး အမှူးထား၍ ကိုးခေါက်ရွတ်ဆိုပြီး ဝဋ္ဋသုတ်ပရိတ်တော်ကို ၁၁ ခေါက်တိတိ ရွတ်ဖတ်ပူဇော်ပါသည် အရှင်ဘုရားဟု လျှောက်ထားအပ်သည်။ ဘုန်းတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ဂုဏ်တော်အနန္တ၊ ပါရမီတော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား။ အရှင်ဘုရားသည် ဝါတော်နုစဉ် ငုံးမျိုးဖြစ်သည့် ငုံးမင်းဘဝ၌ မှန်ကန်သော သစ္စာတန်ခိုးတော်ကြောင့် တောမီးကြီးသည် ရှောင်ဖယ်ခဲ့ပါသည်။ မှန်ကန်သော သစ္စာတန်ခိုးသည် စွမ်းအားကြီးလှပါသည် အရှင်ဘုရား။

ဤမှန်ကန်သော သစ္စာစွမ်းအားကို ဘုရားတပည့်တော်မသည် သံသယကင်းစွာ ယုံကြည်ပါသည် အရှင်ဘုရား။

ဤယုံကြည်ခြင်းသည်ပင် ဘုရားတပည့်တော်၏ မှန်ကန်သော သစ္စာစကားပင် ဖြစ်ပါသည် အရှင်မြတ်ဘုရား။

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ဆည်းကပ်ရာ အမှန်ဖြစ်တော်မူသော မြတ်စွာဘုရား။

တပည့်တော်မ အဓိဋ္ဌာန်တင်ထားသည့်အတိုင်း ဝဋ္ဋသုတ်ကို ယနေ့အဖို့ ပူဇော်ခြင်းပြီးပါပြီ အရှင်ဘုရား။

ဤစကားသည် မှန်ကန်သော သစ္စာစကားပင် ဖြစ်ပါသည်။

ဤမှန်ကန်သော သစ္စာစွမ်းအားကြောင့် ( ) ရှိပါစေသတည်း။ ဘုရားတပည့်တော်၏ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ သူတစ်ပါးတို့၏ စုန်းတိုက်၊ နတ်တိုက်၊ ဆရာတိုက်၊ ကဝေတိုက်၊ ပယောဂတိုက် စသော အတိုက်အခိုက်အနှောင့်အယှက် အတားအဆီးများ ရှိနေပါကလည်းကောင်း။ ခုနစ်ရက်သားသမီးအပေါင်းတို့၏ မနာလိုဝန်တို မရွှေရစိတ်ထားများနှင့် နေရာတကာ၌ ချွန်တွန်းပင့်ရွှေ့ ပြုလုပ်ကြခြင်း မကောင်း ကြံစည်ခြင်းများမှလည်းကောင်း။ ရန်သူမျိုးငါးပါး၏ ဘေးရန်အပေါင်းတို့မှလည်းကောင်း ပိန်းကြာဖက်ပေါ် ရေ မတင်သကဲ့သို့ လျှောကျလွင့်စင် ပျယ်ပြယ်ပါစေဘုရား။

ဤမှန်သော သစ္စာစွမ်းအား၊ မေတ္တာစွမ်းအားတို့ကြောင့် ရရှိသော ကောင်းမှုကုသိုလ်အဝဝတို့ကို ၃၁ ဘုံ ကျင်လည်ကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့နှင့်တကွ ဝသုန္ဓြေမြေစောင့်နတ်မင်းကြီးနှင့် ငရဲသနင်းယမမင်းကြီးတို့ကိုလည်း မမေ့မလျော့ အမျှပေးဝေပါ၏။

အမျှ...အမျှ...အမျှ...ယူတော်မူကြပါ။ သုံးကြိမ်ဆိုပါ။

သာဓု...သာဓု...သာဓု...

ကွက်လပ်ထဲမှာ မိမိဆုတောင်းလိုသော ဖြစ်လိုသော ဆန္ဒများကို ထည့်၍ဆိုပါ။

ဟန်သီဟ



www.burmeseclassic.com

www.burmeseclassic.com

# ကံပေါ်၊ ကံထူ မဏ္ဍိုင်ဂြိုဟ်နံ့လှူ

မောင်တင်သိန်းဇော်ရ

| | | |
|---|---|---|
| | အဓိပတိ ၄ လုံး | |
| အထွန်း ၆ | သိုက် ၂ ခွန် | ရာဇ ၅ |
| မရဏ ၃ | ဘင်္ဂ ၇ တံ | ပုတိ ၁ |

ခုနစ်ကြွင်း တံခွန်လုံး ဂြိုဟ်နံ့မဏ္ဍိုင်ပြပုံ

ကံဇာတာ ကောင်းမွန်ခိုင်ခံ့ ပေါ်ကြွနိုင်ရန်အတွက် မဟာဘုတ်ဗေဒင်ပညာရပ်နှင့် လှူဒါန်း၊ ဓာတ်ဆင်၊ ယတြာ ပြုသော နည်းမွန်တစ်ရပ် ဖြစ်ပါသည်။ "ဗေဒင်အချုပ် မဟာဘုတ်"ဟု ဆိုရိုးရှိသည့်အတိုင်း မဟာဘုတ်ဗေဒင်ပညာရပ်သည် ရှေးပဝေသဏီ အချိန်ကာလများကပင် ဗေဒင်ပညာရပ်ကြီး တစ်ရပ်အဖြစ် ဂုဏ်ဝိသေသနှင့် အစဉ်အလာ ကြီးမား တည်တံ့ခဲ့ပြီး မဟာဘုတ်ဗေဒင်ပညာရပ်ကို ရှေးနန်းတွင်း ပုဏ္ဏားတော်မြတ်ကြီးများနှင့် နောင်းပိုင်းခေတ်ရှိ အထင်ကရ လက်ရှိ၊ လက်ဆန်း ဗေဒင်ပညာရှင်များတို့အနေနှင့်လည်း အစဉ်အဆက် အလေးအမြတ်ပင် ကိုးစားယုံကြည်ကြ၏။ ဟောပြောအသုံးပြုကြပါသည်။ အရေးပါလှသော မဟာဘုတ်ပညာရပ်၌ ပုတိ၊ ဘင်္ဂ၊ မရဏ အောက်တန်းဖွား၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိ အထက်တန်းဖွားများ စရိုက်သဘော သဘာဝများ၊ မိတ်ရန်နှင့် ပက္ခသဘောများ၊ အဆိုးအကောင်းများနှင့် ဂြိုဟ်သက်များ၊ အကျိုးပေးများ အသီးသီးရှိပြီး အထူးသဖြင့် မူလမွေးသက္ကရာဇ်ကို (၇)နှင့်စား၍ ရရှိသော အကြွင်းဂဏန်းဂြိုဟ်နံကို မဟာ

| | | |
|---|---|---|
| | ၅ မောင် | |
| ၇ | ၃ ဇာ | ၆ |
| ၄ | ၁ သြ | ၂ |

(၁) ကြွင်း

| | | |
|---|---|---|
| | ၆ ဟသာ | |
| ၁ | ၄ ရေ | ၇ |
| ၅ | ၂ ခ | ၃ |

(၂) ကြွင်း

| | | |
|---|---|---|
| | ၇ တီး | |
| ၂ | ၅ ပု | ၁ |
| ၆ | ၃ စိင် | ၄ |

(၄) ကြွင်း

| | | |
|---|---|---|
| | ၁ အဝ် | |
| ၃ | ၆ သံ | ၂ |
| ၇ | ၄ ရွှေ | ၅ |

(၄) ကြွင်း

| | | |
|---|---|---|
| | ၂ ခေါင်း | |
| ၄ | ၇ တီး | ၃ |
| ၁ | ၅ ပု | ၆ |

(၅) ကြွင်း

| | | |
|---|---|---|
| | ၃ ဆည်းလည်း | |
| ၅ | ၁ အယ် | ၄ |
| ၂ | ၆ သစ် | ၇ |

(၆) ကြွင်း

| | | |
|---|---|---|
| | ၄ လုံး | |
| ၆ | ၂ ခွန် | ၅ |
| ၃ | ၇ တံ | ၁ |

(၇) ကြွင်း

⇧
မဟာဘုတ်အကြွင်းအရ
တန်းဆင့်မဏ္ဍိုင်ဂြိုဟ်နံ့များ
ထူပုံများ



www.burmeseclassic.com

www.burmeseclassic.com

ဘုတ်ကိန်းခွင်ရှိ ဘင်္ဂခွင်နေရာမှ ပထမဦးဆုံးစတင်လျက် ထည့်သွင်းကိန်းထု၍ ပညာရပ်လာအတိုင်း ကျန်ရှိသောခွင် (၆)ခွင်ကို ဆက်လက်၍ ဂြိုဟ်နံများကို ဆက်လက်ထည့်သွင်း ကိန်းထုသွားရသည်ဖြစ်ရာ မဟာဘုတ်ကိန်းခွင် (၇)ခွင်ရှိသည့်အနက် ဘင်္ဂခွင်၊ သိုက်ခွင်၊ အဓိပတိခွင် (၃)ခွင်ကို မဟာဘုတ်၏ ပန္နက်၊ ကျောရိုး၊ အသက်သွေးကြော မဏ္ဍိုင်အဖြစ် သတ်မှတ်ပါသည်။ ကံခိုင်၊ ကံပေါ်၊ ကံထူလိုမှု ပန္နက်၊ မဏ္ဍိုင်ဂြိုဟ်နံများကို တံခွန်၊ အောင်လံထူပဟသည့် ဆိုရိုးလာအတိုင်း မဟာဘုဘ်ခွင်၏ ကံတတာ ခိုင်ခံ့၊ ထူထောင်၊ ပေါ်ကြွရေးအတွက် ယင်း ဘင်္ဂ၊ သိုက်၊ အဓိပတိရှိ ဂြိုဟ်များကို တံခွန်မဏ္ဍိုင် ထူကာ တံခွန်ထူသည့်သဘော မြှင့်တင်၊ ထူမတ်၊ လှူဒါန်းဓာတ်ဆင်ပေးရပါသည်။ တဒင်္ဂခေတ္တဖြစ်စေ၊ ပင်တိုင်ရေရှည်ဖြစ်စေ လှူဒါန်း၊ ဓာတ်ဆင်နိုင်ပါသည်။ ပုတီး၊ ဘင်္ဂ၊ မရဏ အောက်တန်းဖွား၊ အထွန်း၊ သိုက်၊ ရာဇ၊ အဓိပတိဖွားတို့နှင့် မသက်ဆိုင်ဘဲ မိမိ၏ မဟာဘုတ်အကြွင်းအရ ကိန်းခွင်၏ မဏ္ဍိုင်အတိုင်း လှူဒါန်း၊ ဓာတ်ဆင်၊ ယတြာပြုရပါသည်။ မဟာဘုတ်မဏ္ဍိုင်ထူက အကျိုးထူးများကို ခံစားတတ်ရပါသည်။ မည်သည့်အဖွားမဆိုပင် ဖြစ်ပါသည်။

**မဟာဘုတ်တံခွန်မဏ္ဍိုင်ထူနည်း လှူဒါန်း၊ ဓာတ်ဆင်နည်းများ**

မဟာဘုတ်၌ (၁)ကြွင်းသည်ဆိုပါက မဏ္ဍိုင် (၃)ခွင်၌ ကျရောက်ရာဖြစ်သော အောက်(တနင်္ဂနွေနံ)၊ အလယ်(အင်္ဂါနံ)၊ အထက်(ကြာသပတေးနံ) ဂြိုဟ် သုံးဂြိုဟ်၏ နံပန်းအညွန့်များဖြစ်သော အုန်းညွန့် (၁)ညွန့်၊ ဆီးညွန့် (၃)ညွန့်နှင့်၊ ပျဉ်းမညွန့် (၅)ညွန့်တို့ကို အောင်လံဖြူတစ်လက်နှင့်လည်းကောင်း၊ တနင်္ဂနွေ၊ အင်္ဂါ၊ ကြာသပတေးနံ (၃)ရုပ်ပေါင်းဖြစ်သည့် ဩဇာသားမောင်းကိုလည်းကောင်း နေအိမ် (သို့မဟုတ်) မြင်ပရှိ စေတီ၊ ဘုရား၊ ရုပ်ပွားတော်မြတ်ထံပါးတွင် လှူဒါန်းချိတ်ဆွဲလျက် ဆုတောင်းရပါသည်။ (၂)ကြွင်းသည်ဆိုပါက ရှေးဦးနည်းအတိုင်း မဏ္ဍိုင် ခွင်ဂြိုဟ်နံများဖြစ်ကြသော ကံ့ကော်ညွန့် (၂)ညွန့်၊ ရွက်လှ (၄)ညွန့်၊ သီဟိုဠ် (၆)ညွန့်နှင့် ခရေသားဟင်္သာရုပ်ကိုလည်းကောင်း၊ (၃)ကြွင်းသည်ဆိုပါက မဏ္ဍိုင်ခွင်ဂြိုဟ်နံများဖြစ်ကြသော ဆီး (၃)ညွန့်၊ ပျဉ်းမ (၅)ညွန့်၊ ဒန်း (၇)ညွန့်နှင့် စွယ်တော်သား စိပ်ပုတီးကိုလည်း၊ (၄)ကြွင်း သည်ဆိုပါက မဏ္ဍိုင်ခွင်ဂြိုဟ်နံများဖြစ်ကြသော ရွက်လှ (၄)ညွန့်၊ သီဟိုဠ် (၆)ညွန့်၊ အုန်းညွန့် (၁)ညွန့်နှင့် ရွှေချထားသော ရွှေသံအစ်ကိုလည်းကောင်း (သံအစ်ကို ရွှေချခြင်းဖြစ်ပါသည်)၊ (၅) ကြွင်းသည်ဆိုပါက မဏ္ဍိုင်ခွင် ဂြိုဟ်နံများဖြစ်ကြသော ပျဉ်းမ (၅) ညွန့်၊ ဒန်း (၇)ညွန့်၊ ကံ့ကော် (၂)ညွန့်နှင့် ငွေမင်သုတ်ပုတီးခေါင်းကိုလည်းကောင်း (သို့မဟုတ်ပါက) ပိတောက်သားနှင့်ထုလုပ်ထားသော ပိတောက်သားခေါင်းလောင်းကိုလည်းကောင်း၊ (၆)ကြွင်းသည်ဆိုပါက မဏ္ဍိုင်ခွင် ဂြိုဟ်နံများဖြစ်ကြသော သီဟိုဠ် (၆) ညွန့်၊ အုန်းညွန့် (၁) ညွန့်၊ ဆီး (၃) ညွန့်နှင့် သစ်အယ်သားနှင့် ထုလုပ်ထားသော သစ်အယ်သားဆည်း လည်းကိုလည်းကောင်း၊ (၇) ကြွင်းသည်ဆိုပါက မဏ္ဍိုင်ခွင် ဂြိုဟ်နံများဖြစ်ကြသော ဒန်းညွန့် (၇) ညွန့်၊ ကံ့ကော် (၂) ညွန့်၊ ရွက်လှ (၄) ညွန့်နှင့် ရွှေရောင်တံခွန်လုံးကိုလည်းကောင်း နေအိမ် (သို့မဟုတ်) မြင်ပရှိ စေတီ၊ ဘုရား ရုပ်ပွားတော်မြတ်ထံပါး မွေးနံထောင့်တို့တွင် လှူဒါန်းချိတ်ဆွဲလျက် ဆုတောင်းရပါသည်။

ဩဝါဒစရိယာများနှင့် စာရေးသူ၏လေ့လာမှု ကိုယ်တွေ့များအရ တင်ပြပါ မဟာဘုတ်မဏ္ဍိုင်ထူ ပူဇော်ဓာတ်ဆင်က ပူဇော်သူအတွက် မိမိ၏ မဟာဘုတ်ကိန်းခွင်ရှိ ဘင်္ဂခွင်ရှိ ဂြိုဟ်နံများဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများ ရပ်တန့်လာသည်။ သိုက်ခွင်ရှိ ဂြိုဟ်နံများဆိုင်ရာအတွက် အဖတ်တင်စုဆောင်းဖြစ်ကာ လုံခြုံလာသည်။ အဓိပတိခွင်ရှိ ဂြိုဟ်နံများဆိုင်ရာများအတွက် ဖြစ်ထွန်းအကျိုးပေးလာသည်ကို မှတ်သားတွေ့ ရှိရပါသည်။

ယင်း "မဟာဘုတ်မဏ္ဍိုင်ထူ ပူဇော်ဓာတ်ဆင်နည်း" ကို အထူးသဖြင့် အပျက်အစီး အဆုံးအရှုံးများသူများ၊ ရာဇွေရရှိသမျှ အဖတ်မတင် မစုဖြစ်သူများနှင့် ကြိုးပမ်းသလောက် မဖြစ်ထွန်း မအောင်မြင်သူများ လုပ်ဆောင်သင့်ကြပါသည်။ အဖွားအနိမ့်အမြင့်နှင့် မွေးနံတန်းထက်ရှိ ဂြိုဟ်နေတို့နှင့် မသက်ဆိုင်ဘဲ မဟာဘုတ်အကြွင်းအရ လုပ်ဆောင်ရပါသည်။ တောင်ပေါ်စေတီအမြင့်တို့၌ လှူဒါန်းချိတ် ဆွဲဆုတောင်းက ပို၍ကောင်းပါသည်။

မှတ်ချက် ။ ။ မဟာဘုတ်မဏ္ဍိုင်ထူ ပူဇော်ရာပစ္စည်းများကို နေအိမ်၊ အလုပ်ခန်း၊ ဆိုင်တို့၌လည်း သင့်လျော်ထွတ်မြတ်စွာ ဆောင်သထားရှိ ချိတ်ဆွဲနိုင်ပါသည်။ မဏ္ဍိုင်ထူ ပူဇော်ဆောင်သရာတို့၌ ဂုဏ်တော်ကိုးပါးနှင့် နမောတေဂါထာဇော်အောင်ဂါထာတော်များကို ရွတ်ပွားရပါသည်။

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းမဖျက် ကုသိုလ်ဆက်

■ စိုင်းမင်းသူ

တစ်နေ့သ၌ ကျွန်ုပ်ထံသို့ ကန်ထရိုက်ကြီး နဂျီအောင်စိုးတစ်ယောက် ရောက်ရှိလာသည်။ အမည်အရင်းမှာ ဦးအောင်စိုးဖြစ်ပြီး အောက်ခြေလက်သမားဘဝမှ အတွေ့အကြုံ၊ မေတ္တာ၊ စေတနာတို့ဖြင့် ဘဝကို ရုန်းကန်ကြိုးစားခဲ့၍ အဆောက်အအုံကန်ထရိုက်ကြီးတစ်ဦးအဖြစ် ခိုင်မာစွာ ဦးဆောင်နိုင်သူတစ်ဦးဖြစ်၏။ စေ့စပ်သေချာလွန်းသူဖြစ်ပြီး အောက်လက်တပည့်များအပေါ် အလွန်ဂရုကျသူဖြစ်၍ ကွယ်ရာ၌ နောက်ပြောင်ခေါ်ဆိုရာမှ နဂျီအောင်စိုးဘွဲ့ကို ပိုင်ဆိုင်ရသူဖြစ်လေ၏။

အဆိုပါ ကန်ထရိုက်ကြီး နဂျီအောင်စိုးသည် ကျွန်ုပ်စားပွဲရှေ့၌ ထိုင်လျှင်ထိုင်ချင်း -

"ဆရာဘုန်းရေ ကျုပ်တော့ ခေါင်းတုံးဖြစ်နေပြီဗျို့" ဟု စတင်နှုတ်ဆက်လိုက်လေ၏။ ထိုအခါ ကျွန်ုပ်မှ -

"ဘာတုံးဗျ။ ခင်ဗျားဦးစွာက ဆံပင်ရေတွေ ဒီလောက်ဖွေးနေတာ။ ဘယ်လိုလုပ် ခေါင်းတုံးဖြစ်နေရတာတုံး" ဟု ပြန်၍မေးလိုက်သည်။

"ဟာဗျာ…ဆရာဘုန်းကလည်းဗျာ။ ကျွန်ုပ်အိတ်ထဲမှာရှိတဲ့ ငွေတွေ အရင်းမြုပ်နေပြီး ပြန်မပေါ်တာတွေရော၊ လက်ခံထားတဲ့အလုပ်တွေလည်း အဆင်မပြေခါနီးမှ ချော်တောငေါ့သွားတာရော အကုန်လုံး ပြောင်တလင်းခါသွားတာကို ပြောတာဗျ။ ခေါင်းတုံးဆိုတာမှ ပြောင်နေတဲ့ ခေါင်းတုံးပဲဗျို့"

"ကဲပါဗျာ…တော်ပါတော့။ ခင်ဗျား နဂျီဘွဲ့ရထားတာ ဒါတွေကြောင့်ဆိုတာ မပြောဘဲနဲ့ သိပြီးသားပါ" ဟု ပြောဆိုရင်း နဂျီအောင်စိုး ကမ်းလင့်လာသော ထန်းဖူးဇာတာကိုယူ၍ စစ်ဆေးတွက်ချက်လိုက်လေ၏။ ဂေါစရဖလ (ခေါ်) ဂြိုဟ်စီးဂြိုဟ်နင်း ကောဇာအရလည်းကောင်း၊ ဆန်းဗေဒင်အရလည်းကောင်း အပြစ်အနည်းငယ်မျှသာ ရှာ၍တွေ့သည်ဖြစ်ရာ စီးပွား၊ ငွေကြေးအရ တိုးတက်ဖြစ်ထွန်းနေရမည်ဟုဖြစ်ရာ စီးပွားရေး ငွေကြေးအရ တိုးတက်ဖြစ်ထွန်းနေရမည်ဟုသော အမြေဖြစ်ထွက်နေမိ၏။ သို့သော်လည်း နဂျီအောင်စိုး၏ အကြားနိမိတ်စကားများကို သံသယဝင်မိသည့်အလျောက် အင်္ဂဝိဇ္ဇာအခါတိုင်း ထူလိုက်၏။ ထိုအခါမှပင် မည်သို့တွေးခေါ်ရမှန်း မသိနိုင်လောက်အောင် ပို၍ဝေဝါးသွားတော့သဖြင့် လန်ဒန်စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာလျက် အကြံထုတ်မိ၏။

၆

အညွန့် ၃ စိုး

၀

၂

၅

အမြစ် ၁ အောင်

၄

အမြစ်အညွန့် တည့်နေစဉ်

အောင်စိုးဟူသော ပညတ်သည် အမြစ်မှ အညွန့်သို့ တက်သွားသည်ကို တွေ့ရသည်။ ထိုသို့ အမြစ်၊ အညွန့် မှန်နေမှသာ အမည်တို့သည် အချာဂြိုဟ်ကို ကောင်းကျိုးဖြစ်စေသဖြင့် အချာရှိ တနင်္လာသည် ငွေကြေး (သို့မဟုတ်) မူလနေ့သား။ တနင်္ဂနွေအညွန့် အာယုစီးပွားကို သေချာပေါက် တိုးတက်စေရမည်ဖြစ်၏။ ထပ်ခံ့ဆင်ခြင်လိုက်သောအခါ၌ နာမည်အရင်းလုံး "အတ္တ" "ပညတ်" "အောင်" သည် "အမြစ်" နေရာတွင် "ခိုက်" အဖြစ် ဝင်ရောက်ခိုကပ်နေသဖြင့် အမြစ်ဂြိုဟ်မှာ ကြံ့စည်ရာမကျန် ပျက်ကာရောင်ဟူသော ကိန်းတည့်တည့်မိနေသည်ကို တွေ့ဆလိုက်မိလေ၏။ ထိုအခါ ကျွန်ုပ်မိတ်ဆွေကြီး နဂျီအောင်စိုးသည် မိမိ၏ နိုင်မြဲနေသော အရာဝတ္ထုတစ်ခုခု ဖြစ်ရမည့် အမြစ်(စနေနံ့)ကို ရွှေ့လျားပတ်ခြင်း၊ ဖျက်ဆီးပစ်ခြင်း ဖြစ်တန်ရာသည်ဟူသော



www.burmeseclassic.com

www.burmeseclassic.com

ချာပေါက် တွက်ယူလိုက်ပြီး ဂိုကျသောစကားများဖြင့် စတင်ဝင်ရောက်လာသည့် စကားပရိယာယ် သောကြာဂြိုဟ်ရှိရာ နဝင်းအားပြင်းသို့ ဘော်ပင်နှင့် ထောက်လျက် -

"နေပါဦး။ ခင်ဗျားမိန်းမက သောကြာသမီးမဟုတ်လား"

"မသိန်းရှင်လေဗျာ။ ဆရာဘုန်းကလည်း သိသိနဲ့ မေးနေပြန်ပြီ"

ဟု ပြောရင်း ဆက်လက်ဂိုကျရန် ဟန်ပြင်နေသဖြင့် ကျွန်ုပ်မှ လက်ကာပြလိုက်ပြီးနောက် -

"ကျုပ်ပြောတာ နားထောင်စမ်းပါဦးဗျ။ ခင်ဗျားဂိုကျတာနဲ့ ဘာပြောလို့ပြောရမှန်းတောင် မသိတော့ဘူး။ အဲ‥ ခင်ဗျားမိန်းမ သောကြာသမီးက ခင်ဗျားရဲ့ အမြစ်နံဖြစ်တဲ့ ဥပမာဗျာ ဒန်းပင်တို့၊ နာနတ်ပင်တို့ တစ်ခုခုဖျက်ပစ်တာ၊ ဖျက်ဆီးပစ်တာရှိလား"

"ဟာ‥‥ရှိသမှ သိပ်ရှိတာပေါ့ ဆရာဘုန်းရာ။ မှတ်မှတ်ရရ ဟိုမြို့သစ်ထဲက ခေါက်ခွဲစက် ရှုတ်တရက် အိမ်လာအပ်တဲ့ အင်္ဂါနေ့မနက်ပိုင်းဗျို့။ ကျုပ်မိန်းမ အဝတ်လျှော်ခုံနဲ့ အဝတ်ကြိုးတန်းလုပ်ဖို့ အိမ်ခြေရင်းဘက်က ဒန်းပင်တွေရော၊ နာနတ်ပင်ရော ပြောင်တလင်းခါအောင် ရှင်းပြီးတော့ အဝတ်လျှော်ခုံ လုပ်ထားတာဗျ။ အဲဒါ ဆရာဘုန်း ဗေဒင်ကိန်းထဲမှာ မြင်လို့လား"

ကျွန်ုပ်လည်း လက်ထဲမှ စီးကရက်တိုကို ပြာခံခွက်ထဲသို့ ထိုးချေလိုက်ရင်း‥‥

"အင်္ဂါနေ့ဟုတ်လား။ တကယ့်အင်္ဂါနေ့နော်"

ဟု အလန့်တကြား မေးလိုက်၏။

"ဟာ‥‥လုပ်ပြန်ပြီ ဆရာဘုန်းကလည်း။ အင်္ဂါနေ့ပါဆိုမှ တကယ့်အင်္ဂါနေ့ပေါ့ဗျ။ နောက်ပြောရမယ့် အင်္ဂါနေ့ရှိတာကျနေတာပဲ"

"အဲဒါပေါ့ နဂိုကြီးရာ။ သောမနေ့မှာ မြစ်ခြေအင်္ဂါမနုတ်ရာဆိုတဲ့ ကိန်းတည့်တည့်မိသွားတော့တာပေါ့။ ကြာလေဆိုးလေ ဖြစ်ရုံတင်မကဘူး ခင်ဗျားရဲ့ အလုပ်အကြံကိစ္စတွေ၊ ခင်ဗျားရဲ့ ခေါင်းအုံးတွင်းက အာရုံကြောတွေ၊ အိမ်ထဲမှာရှိတဲ့ တခြားတနင်္ဂနွေသားတွေပါ ဆက်တိုက် ထိခိုက်နိုင်တယ်ဗျို့။ ကဲသိပေလို့သာပဲ"

"ဘယ်လို‥‥ဆရာဘုန်း။ သောမနေ့မှာ မြစ်အင်္ဂါမနုတ်ရာ ဟုတ်လား။ ဘာကိုဆိုလိုတာလဲ။ သောမနေ့ဆိုတာ အင်္ဂါနေ့ကို ပြောတာမဟုတ်လား"

ကျွန်ုပ်လည်း လက်သမားဗေဒင်ပညာ လေ့လာလိုက်စားသူ ကန်ထရိုက်ကြီး နဂိုအောင်စိုးအား -

"ကဲ‥‥ဒီမှာကြည့် ခင်ဗျားက တနင်္ဂနွေသားဖြစ်နေတော့ ရှင်းပြရတာ လွယ်သွားတယ်။ သူရဋ္ဌတိုင်ခေါ်တဲ့ တနင်္ဂနွေကို တိုင်ထူကြည့်ရအောင်။ ကြိုရန်းမှာက အင်္ဂါနော်။ မြင်အောင်ကြည့်ထား။ ဟုတ်ပြီ အမြစ်နေရာမှာ ဘာရှိတုံးပြော"

၁ ပွဲ
၂ ကြီး
၆ သူ

အောင် -၁- = အမြစ်
လံ ၄
ထူ ၀ = အမြစ်
စစ် ၃ = ကြိုရန်း

မူလနေ့သားတိုင်

နဂိုအောင်စိုးမှာ မခိုင်းမစေပင် -

"စနေပါ ဆရာ ဘုန်း"

"နဂိုအောင်စိုးသည့် တော်ပြန်ရောဗျာ။ အဲဒီကြိုရန်းအင်္ဂါကို တိုင်ထူကြည့်လိုက်စမ်း။ စောစောတုန်းက အမြစ်နံ စနေနံ ဘယ်ရောက်သွားလဲဆိုတာ သိရအောင်"

၁ ထူ ၀ နဝင်းအားပြင်း (မြစ်ခြေအင်္ဂါ မနုတ်ရာ)
၂ လံ ၄
၆ အောင် ၁
-၁- ၃ စစ် (သောမ
၄ ၆ သူ နေ့မှာ)
၀ (အမြစ်) ၂ ကြီး
၃ (ကြိုရန်း) ၁ ပွဲ

မူလ တနင်္ဂနွေနေ့သား၏ အမြစ်စနေနံ နဝင်းအား



www.burmeseclassic.com

www.burmeseclassic.com

ပြင်း ရောက်သွားသော အင်္ဂါနေ့ အင်္ဂါအခါတွင် ထိုစနေနံကို နှိပ်ကွပ်ဖျက်ဆီးလိုက်ပုံ။

နဂိုအောင်စိုးသည် သူကိုယ်တိုင် ထုထားသော အင်္ဂါတိုင် (သို့မဟုတ်) ဘောမတိုင်ထိပ်ရှိ စနေကြိုပ် ကိုယ်စားပြုနေရာကို ဘောလ်ပင်နှင့် ထောက်လျက် -

"ဟုတ်သားပဲဗျ ဆရာဘုန်း။ ကျွန်ုပ် အမြစ်နံ တိုင်ထိပ်တက်နေပါရောလား"

"ဒါပေါ့ဗျာ။ အဲဒီနေ့ အဲဒီအခါတွေမှာ ခင်ဗျားရဲ့အမြစ်စနေနံတူတွေကို နိုင်မြဲအောင်၊ တည်တံ့အောင် စီရင်ရမှာ။ ဒါမှမဟုတ် ပူဇော်ရမှာ။ တိုက်တိုက်ဆိုင်ဆိုင် ခင်ဗျားမိန်းမက ဆပွတ်နေ့သမီး သောကြာဖြစ်နေတော့ ခင်ဗျားခေါင်းတုံးဖြစ်တာ ဘာဆန်းလဲ။ အမြစ်ပြုတ်သွားတဲ့အထိ ဖြစ်သွားရမှာ"

"တောက်" (ခပ်ပြင်းပြင်းခေါက်လျက်)…"မသိသား ဆိုးရှားလိုက်တဲ့ မိန်းမဗျာ"ဟု ပြောကာ "ကန်"မည်"ထ"မည် "ရိုက်"မည်ဟု "ကန်ထရိုက်"လုပ်နေသဖြင့် -

"ကဲ…တော်ပါတော့ နဂိုကြီးရာ။ ကျုပ်ပြောတဲ့အတိုင်း ခပ်မြန်မြန် သွားလုပ်ပေတော့။ မသိန်းရှင်ကို သွားရန်မလုပ်နေနဲ့။ ဟိုက ဆပွတ်အား။ ခင်ဗျားရဲ့ အရိပ်အားဗျ။ ပိုပြီးထိသွားဦးမယ် ကြားလား"

ကျွန်ုပ်လည်း နဂိုအောင်စိုးအား လိုအပ်သောယတြာများ ညွှန်ပြပေးလိုက်ကာ အမြန်ပြန်စေလိုတော့၏။ အလာတုန်းကကဲ့သို့ ဂိုမကျတော့ဘဲ အပြေးတစ်ပိုင်း ခြေလှမ်းများဖြင့် ဆံတော်ရှင်စေတီတော်သို့ ထွက်ခွာသွားသော နဂိုအောင်စိုး၏ ကျောပြင်ကိုကြည့်လျက် ကျွန်ုပ်သည် စားပွဲပေါ်ရှိ ရေးခြစ်လက်စ အခါတိုင်ကို ပြန်လည်သုံးသပ်နေမိတော့၏။

ယခုဖော်ပြသော "သောမနေ့မှာ မြစ်ခြေအင်္ဂါမနုတ်ရာကိန်း"သည် ကျွန်ုပ်ဗေဒင်ဆရာ သက်တမ်းတစ်လျှောက်၌ အလွတ်ရလောက်နီးနီး ကြုံတွေ့ရသော ပညာခွင်တစ်ရပ်ဖြစ်ပါသည်။ တစ်ခါတစ်ရံ မိမိတို့ဘာသာ အမှတ်မထင်ပြုမိသော အပြုအမူတစ်ရပ်သည် အထက်ပါကိန်းနှင့် အကြောင်းအားလျော်စွာ ထိမိ၊ ငြိမိသွားပါက "ကိုယ့်အမြစ်ကိုယ်ရိုက်နှက်ဖျက်ဆီးသကဲ့သို့"ဖြစ်သွားရပေသည်။

မိမိ၏ မွေးနေ့မှ စတင်ရေတွက်၍ သုံးခုမြောက်နေ့ (ဝါ) ကြိုရန်းနေ့ မိမိမွေးနေ့မရောက်မှနေ့ (ဝါ) အမြစ်နံတူ မိတ်ဆွေ၊ သူငယ်ချင်း။ တပည့်၊ သားသမီး စသည်တို့ကို တစ်ဖက်သတ် အနိုင်ယူခြင်း။ နှိပ်ကွပ်ခြင်း ပြုမိလိုက်ရုံနှင့် မိမိ၏ခြေအမြစ်ပြုတ်သွားသည်အထိ ခံစားကြရသူ အမြောက်အမြား ကြုံတွေ့ခဲ့ရပေသည်။

သို့ဖြစ်၍ ကျွန်ုပ်၏ စာဖတ်ပရိသတ်တို့ လွယ်လင့်တကူ သိရှိစေရန် အောက်ပါဇယားကွက်ကို ဖော်ပြလိုက်သည်။

| ဤနေ့သား | ဤနေ့များ၌ | ဤသို့မပြုအပ် | ဤသို့လှူဒါန်းပါ |
|---|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | ဒန်း။ ထန်း။ နာနတ်၊ တံတိုင်းမဖျက်ဆီးအပ် | ထုံးလှူပါ |
| တနင်္လာ | ဗုဒ္ဓဟူး | အုန်း။ အိမ်၊ အုတ်လမ်း မဖျက်အပ် | အုတ်လှူပါ |
| အင်္ဂါ | ကြာသပတေး | ကြံ၊ ကံ့ကော်၊ ကျွဲကော၊ ကျောက်လမ်း မဖျက်အပ် | ကျောက်ပြားလှူပါ |
| ဗုဒ္ဓဟူး | သောကြာ | ဆီး။ ဇော်စိမ်း။ ငှက်ပန်းပင်များ မဖျက်ဆီးအပ် | သုတ်ဆေးလှူပါ |
| ကြာသပတေး | စနေ | ဝါး။ ရွက်လှ၊ ရှောက်၊ ရေအိမ်၊ ရေကန် မဖြိုဖျက်အပ် | လမ်းဖို့၊ လမ်းပျက်ပြင်ပါ |
| သောကြာ | တနင်္ဂနွေ | ပိန်း။ ပျဉ်းမ၊ ပေါက်၊ ပဲပင်များ မဖျက်ဆီးအပ် | ဘိလပ်မြေလှူပါ |
| စနေ | တနင်္လာ | သပြေ၊ သီဟိုဠ်၊ သံထည်၊ သွပ်ထည်များ မဖျက်ဆီးအပ် | သွပ်၊ သံ၊ သံ၊ လှူပါ |

စိုင်းမင်းသူ

၀၉-၄၂၀၀၂၀၃၉



www.burmeseclassic.com

www.burmeseclassic.com

ရွှေလမင်း ‹၄›

(ယခင်လမှအဆက်)



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကြိုဟိုဟ်ရဲ့ ငွေလမင်း (၄)

နန္ဒာမိုးကြယ်

(ယ ခင် လ မှ အ ဆက်)

**ခွဲစိတ်ကုသခြင်း**

ညောင်စောင်းအထက်မှာတော့ မဟာသာလ သူဌေးသည် ခပ်ကွေးကွေးကလေး ဖြစ်နေ၏။ နှာနှပ်ခြင်းခံရ၍လည်း အထူးစီရင်ထားသော နှာ၏အစွမ်းကြောင့် တစ်စတစ်စနှင့် မဟာသာလ သူဌေးအဖို့ မြင်ကွင်းအားလုံးအား မျက်လွှာချလျက် အိပ်ပျော်ခြင်း ဟင်းလင်းပြင်သို့ တိုးဝင်လျှောက်လှမ်းခဲ့ချေပြီ။ သူ့ခန္ဓာကိုယ်အား ဘယ်လိုပင် ထိတွေ့မှုပြုစေဦးတော့ သူ့အဖို့ရာ၌ ဘာဆိုဘာမျှ သိစွမ်းနိုင်လိမ့်မည်မဟုတ်။ သည်အထိ ဇီဝက၏ ဆေးနှာက အစွမ်းထက်လှပါဘိခြင်း။

သူဌေး၏ အခွေခင်ပွန်း သူကြွယ်အပါအဝင်၊ အိမ်သူအိမ်သားများ၊ ပရိသတ်များလည်း ဇီဝက၏ လှုပ်ရှားမှုအလုံးစုံတွင် စိတ်ဝင်စားမှု ကြီးမားစွာဖြင့် ငေးကြည့်နေလေသည်။ ခါတိုင်းဆိုလျှင်ဖြင့် ဇီဝကအဖို့ သူဆေးကုရာသုပ်ငန်းခွင်၌ လူပရိသတ်ကို အခံမခံ။ ပရိသတ်ထံမှ အနှံ့အသက်ဆိုးတို့သည် ရုံဖန်ရံခါ၌ လူနာအပေါ်တွင် ဒုက္ခဆင့်ပိုးတတ်ချေသည် မဟုတ်ပါလော။

သည်တစ်ခါအဖို့ရာမှ ဇီဝကသည် ဘယ်ပရိသတ်ကိုမှ နှင်မထုတ်ခဲ့။ စိတ်ဝင်စားမှုဖြင့် လင်းလက်နေသော မျက်လုံးများစွာကို ကြည်သာစွာ တောက်ပြောင်ခွင့်ပေးလိုက်သည်။ ကြည့်ကြစမ်း၊ ရှုကြစမ်း၊ စူးစမ်းလေ့လာကြစမ်း။

မဟာသာလကား ဇီဝကသာ ဖြေဆေးမပေးလျှင်ဖြင့် ရာသက်ပန်မနိုးသော အိပ်စက်ခြင်းကို အပိုင်ယူသွားတော့မည့် အနေအထား။

ဆေးသေတ္တာအတွင်းမှ ထုတ်ယူလိုက်သော ဓားမောက်ငယ်ကလေးသည် အလင်းရောင်ကြောင့် ဖွေးခနဲ လက်သွားသည်။ သည်ဓားကို ဦးစွာပိုးမွှားတို့ မကပ်ငြိနိုင်စေရန် ဆေးရည်စွတ်ထားသော အဝတ်စဖြင့် သုတ်လိမ်းပစ်လိုက်၏။ သည့်နောက် ဦးခေါင်းရှိ ဆံနွယ်ဆံစ အားလုံးကို ဆံပင်တစ်မွေးမှ မကျန်အောင် ပြောင်စင်စွာ ရိတ်သိမ်းလိုက်ပြီးသည့်သကာလ ဦးခေါင်းတစ်နေရာအား ထက်မြက်သော ဓားမောက်ငယ်ကလေးဖြင့် ကပ်ခွဲလိုက်သည်။ ထိုခဏ ဦးခေါင်းမှ သွေးတို့သည် စိမ့်ခနဲ ပန်းထွက်လာလေသည်။ ဤတွင် ဇီဝက၏ ဘယ်ဘက်လက်ချောင်းကလေးများက ခွဲစိတ်ရာနေရာကိုခွလျက် သွေးကြောအချို့အား လှမ်းပိတ်လိုက်သောအခါတွင်မှု စိမ့်၍ပန်းထွက်လာသော သွေးစီးကြောင်းတို့မှာ ချက်ချင်းပင် ရပ်တန့်သွားလေတော့သည်။

ကနဦး ထွက်လာသော သွေးတို့ကို ဆေးရည်ဆွတ်ထားသော ဂွမ်းစများဖြင့် သုတ်လိမ်းလိုက်သည်။ ပြီးနောက် ဓားမောက်ငယ်ဖြင့် လိုအပ်သော အတိုင်းအတာအထိ ဦးရေကို လှပ်ကာ ညှပ်ငယ်ကလေး တစ်ချောင်းကိုယူ၍ ဦးခေါင်းငယ်အတွင်းမှ တစ်စုံတစ်ရာကို နှိုက်ထုတ်လိုက်သည်။

"ဟာ…"

"ဟင်…"

"ဟယ်…"

"အမယ်လေး…"



www.burmeseclassic.com

www.burmeseclassic.com

ထိတ်လန့်တုန်လှုပ်မှုအပေါင်းတို့ လိမ်းကျံခြယ်သထားသည့် အာမေဋိတ်သံစဉ်များက သူဌေးကြီး၏ အိမ်ခန်းနေရာများကို ပဲ့တင်ရိုက်ခတ် ပေါ်ထွက်လာကြလေသည်။ ဇီဝကသည် ညှပ်ကလေးဖြင့် ထုတ်ယူလိုက်သော အရာဝတ္ထုနှစ်ခုကို ပိတ်စတစ်ခုပေါ်တွင် တင်လိုက်ပြီး လှပ်ခွာထားသော မဟာသာလ၏ ဦးခွံကို ပြန်၍စေ့လိုက်သည်။ ပြီးနောက် ကြိုတင်စီစဉ်ထားသော မြင်းမြီးဖြင့် လိုအပ်သော နေရာများကို ချုပ်လိုက်ကာ အဆင်သင့်ဖော်စပ်လာခဲ့သော ဆေးများဖြင့် လိမ်းကျံပေးလိုက်သည်။

ပိတ်စပေါ်တွင် ဇီဝက ထုတ်ယူလိုက်သော ပင့်ကူအရွယ်ပမာဏရှိ ပိုးကောင်နှစ်ကောင်မှာ သူကြွယ်အပေါ်အဝင် မြင်ရသူအပေါင်း၏ ရင်အစုံကို စိတ်မသတီစရာ၊ တုန်လှုပ်ကျောချမ်းစရာ၊ စက်ဆုပ်ထိတ်လန့်ဖွယ်ရာ စိတ်ခံစားမှုတို့ကို ပေးစွမ်းသွားခဲ့သည်။

"ကဲ…ကြည့်ကြပါ မိတ်ဆွေတို့၊ ယောဒီပိုးကောင် နှစ်ကောင်ဟာ သူဌေးရဲ့ ဦးနှောက်ကို စားတော့မယ့် အန္တရာယ်ကောင်တွေပါပဲ။

ယောဒီမှာကြည့်၊ ဒီ…ပိုးကောင် အကြီးသာ သူဌေးရဲ့ ဦးနှောက်ကို စားသောက်တော့မယ်ဆိုရင် သူဌေးရဲ့ ဦးနှောက်ဟာ ၅ ရက်နဲ့ ကိစ္စပြတ်ပါလိမ့်မယ်၊ ဒါကြောင့် ကျုပ် အရင်သမားတော်တွေက သူဌေးဟာ ၅ ရက်နဲ့ သေမယ်လို့ ဆိုကြတာပဲပေါ့"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဆရာကြီးပြောတာ မှန်ပါတယ်"

"အဲ…ယောဒီပိုးကောင်ငယ်ကို ကြည့်ကြပါဦး၊ ဒီကောင်ကလည်း ခေသူတော့ မဟုတ်ဘူး၊ ပိုးကောင်အကြီးလောက် မသွက်ပေမယ့် သူစားရင်ဖြင့် သူဌေးရဲ့ဦးနှောက်ဟာ ၇ ရက်နဲ့ လမ်းစပြတ်ပါလိမ့်မယ်၊ ဒါကြောင့် ကျုပ်အရင်သမားတော်တွေက သူဌေးဟာ ၇ ရက်ပဲ ခံမယ်လို့ သုံးသပ်ဆုံးဖြတ်ခဲ့ကြတာပဲပေါ့၊ အင်း… ပညာရှိတွေများ တွေးကြည့်ရင် ပြေးကြည့်တာထက် မှန်ပါပေတယ်၊ ကဲ… ကဲ…ယောဒီပိုးတွေကို တစ်နေရာရာကို သွားပြီး ပစ်ချေတော့၊ ခင်ဗျားတို့ သူဌေးရဲ့ အခြေအနေဟာ စိတ်ချရပါပြီ"

သည်လို ယုံကြည်မှုအပြည့်ဖြင့် ရဲရဲကြီး အာမခံသော စကားကို ကြားလိုက်ရသည့်တဒင်္ဂ မိတ်ဆွေ၏ အကျိုးကို အထူးလိုလားသော သူကြွယ်၏ မျက်နှာပြင်တွင်လည်းကောင်း၊ မဟာသာလ၏ ကျေးဇူးသစ္စာကို ရိုသေစောင့်သိကြကုန်သော အိမ်သူအိမ်သားများနှင့်တကွ အမှုထမ်းအားလုံး၏ မျက်နှာပြင်တွင် ဝမ်းသာပီတိဖြစ်မှု ရောင်စဉ်တို့သည် လင်းလက်၊ ဝင်းပြက်သွားလေတော့သတည်း။

❐

[illegible]

ခုနစ်ရက်… သုံးလီ။

သည်တော့ ရက်စုစုပေါင်းလျှင် ၂၁ ရက်။

သည် ၂၁ ရက် ပြည့်မြောက်သည့်နေ့မှာပင် မဟာသာလ၏ အခြေအနေသည် အထူးကျန်းမာ၍ တောင့်တင်းခိုင်မာသော လူတစ်ယောက်နှင့် နင်လား ငါလား အနေအထား။ သည်လို ပြကတေ့ ကျန်းမာလာ၍ သေမတတ် ခံစားနေရသော ဦးရင်းခေါင်းခဲနာ ပျောက်ကင်းချမ်းသာ၍ မိတ်ဆွေသင်္ဂဟများ၊ အိမ်သူအိမ်သားများ၊ အမှုထမ်းများ အားလုံးသည် ဝမ်းသာသည်ထက် ကာယကံရှင်ဖြစ်သော မဟာသာလက ပို၍ သာ၍ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရပါသည်။

ကြည့်စမ်း…။

ဘယ်သမားတော်ကမှ တာဝန်မယူရဲသော ရောဂါ။ ငါးရက်နှင့် ကိစ္စပြတ်မည်၊ ခုနစ်ရက်နှင့် လောကကြီးက အပြီးအပိုင် ခွဲခွာသွားရမည်ဟု သုံးသပ်ဆုံးဖြတ်ခံရသော ဝေဒနာတစ်ခုအပေါ် ယုံကြည်ပြတ်သားမှု အပြည့်ဖြင့် အမြစ်ဖြတ်နိုင်ခဲ့သော ဆေးပညာအစွမ်း။ သည်ဆေးပညာ၏ အရှင်သခင် သမားတော်ကြီး ဇီဝက၊

မဟာသာလအဖို့ ငါ၏အသက်ကား ဇီဝကပေးသော အသက်ပင် ဖြစ်တော့သည်ဟု အောက်မေ့တွေးတောနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"နေထိုင်ရတာ ဘယ်လိုများ နေပါသလဲ၊ သူဌေးကြီး"

"ပြောမပြတတ်လောက်အောင် ကိုပဲ နေလို့ထိုင်လို့ ကောင်းလှပါတယ် ဆရာ၊ ကျုပ်ဘဝမှာ ဒီတစ်ခါတော့ ကိုယ်ကျိုးနည်းပြီလို့ စိတ်ကို ဒုံးဒုံးချ လိုက်ရတဲ့ ရောဂါ နတ်ကောင်းနတ် မြတ်တွေ စီစဉ်ပေးလို့ ခု ဆရာနဲ့ ဆုံဆည်းရပြီး ထူးဆန်းအံ့သြလောက် အောင် ပျောက်ကင်းသွားပါပြီ ဆရာ၊ ပြီးတော့ ဆရာသတ်မှတ်တဲ့ရက်ထက် စောပြီး ပျောက်ကင်းသွားလို့လည်းပဲ ပိုပြီး အံ့သြနေပါသေးတယ်"

"သူဌေးကြီး ကျုပ် သင့်ရဲ့ ဝေဒနာကို ဆန်းစစ်ကြည့်တော့ ခုနစ် ရက်သုံးလီကြာရင် ပျောက်ကင်းနိုင် တယ်ဆိုတာ အတတ်သိပါတယ်၊ ဒါပေမဲ့လည်း သင့်ရဲ့စိတ်ကို ဆန္ဒတွေ စောမှုတွေ မဖြစ်ရအောင်လို့ ခုနစ်လ သုံးခါ ပိုင်းခြားသတ်မှတ်ပြီး ဆွဲခဲ့ရ တာပါ၊ ဒူးလောက်တင်ထားမှ ရင် လောက်ကျမယ်ဆိုတာကိုး"

"တော်ပါပေတယ် ဆရာ၊ တော်ပါပေတယ်၊ ကဲ…ကျုပ်လည်း ဆရာပေးတဲ့ အဆက်နဲ့ ရှေ့ဆက်ပြီး သုခချမ်းသာတွေ ခံစားရပါတော့မယ်၊ ဒီတော့ ကတိကဝတ် ရှိခဲ့တဲ့အတိုင်း ဆေးဖိုးဝါးခအဖြစ် ကျုပ်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာတွေ လယ်ယာကိုင်းကျွန်း တွေ နွားတွေ ကျွဲတွေ သားမယား တွေအားလုံး ဆရာပိုင်တဲ့ ပစ္စည်းတွေ အဖြစ် သိမ်းယူနိုင်ပါတယ် ဆရာ၊ ဒါတင်မက ကျုပ်ကိုလည်း ဆရာရဲ့ အလုပ်အကျွေးအဖြစ် သဘောမှတ်ပြီး သိမ်းယူနိုင်ပါတယ် ဆရာ"

သည်စကားကြားတော့ ဇီဝက ၏ ရင်ထဲ၌ လှိုဏ်တက်သွားခဲ့ရလေ သည်။ စစ်မှန်သော စေတနာ ထားရှိ မှုအပေါ် အရွယ်ပမာဏ တူညီသော တုံ့ပြန်မှု၏ ရိုက်ခတ်ခြင်းက စာနာ တတ်သော အသည်းနှလုံးကို မတုန် လှုပ်စေဘဲ အဘယ်မှာလျှင် နေနိုင်ပါ အံ့နည်း။

"အို သူဌေးကြီး၊ သူဌေးကြီးရဲ့ ရင်ထဲမှာ သန္ဓေတည်ပြီး နှုတ်ဖျားက ပွင့်ထွက်လာတဲ့ စကားကို ကြားရ တော့ ကျုပ်ရင်ထဲ အတိုင်းမသိ ခံစား ရပါတယ်၊ ဒီလိုများပြားတဲ့ စည်းစိမ် ဥစ္စာတွေကို ကျုပ် မယူလိုပါဘူး၊ သင်ပိုင်ဆိုင်တဲ့ စည်းစိမ်ဥစ္စာ၊ လယ် ယာကိုင်းကျွန်း၊ ကျွဲ၊ နွား၊ သားမယား၊ အခြွေအရံ စတာတွေကို သင်ပဲ ပြန်ယူ ရစ်ပါ၊ ကျုပ်ရဲ့ မေတ္တာ စေတနာကို အသိအမှတ်ပြုနေပါတယ်ဆိုရင်တော့ သင်နဲ့ ဆက်နွယ်နေတဲ့ ပတ်ဝန်းကျင် က လူပရိသတ်အပေါင်းကို တတ်နိုင် သမျှ အကျိုးပြုရစ်ပါ သူဌေးကြီး။

သင့်အနေနဲ့ ကျုပ်ရဲ့ ဆေးပညာ ကို ပူဇော်တဲ့အနေနဲ့ ငွေသားတစ်သိန်း ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး အတွက် ငွေသားတစ်သိန်း၊ စုစုပေါင်း အသပြာ နှစ်သိန်းကိုသာ ပေးပါတော့"

"ဝမ်းမြောက်ကြည်နူးမှုအပြည့်နဲ့ ပေးအပ်ကျေးဇူးဆပ်ပါမယ် ဆရာ"

သည့်နောက် ဇီဝကလည်း အရေ အတွက် နှစ်သိန်းရှိသော အသပြာတို့ ကို ယူဆောင်လျက် သူ့ဘိုးဘိုးရှိရာ ရာဇဂြိုဟ်ပြည်သို့ ဆင်စီးမြင်းရံဏာ အောင်ပွဲခံ ပြန်လာခဲ့ပါသတည်း။

❐

**အများကြီးမောရသည့် သားသမီးအေ**

ဗာရာဏသီပြည်က သူဌေးကြီး။

သူ့မှာ စိန်မရှား၊ ရွှေမရှား၊ မြ မရှား။

ရုပ်ဝတ္ထုစည်းစိမ်တို့နှင့် ပတ် သက်လာလျှင် အဘယ်အရာတို့ကို မဆို တန်ရာတန်ဖိုးပေး၍ ဝယ်နိုင် သည်။ လနှင့် နေကိုပင် ရောင်းချပါ မည်လား။ မြနှင့် ရွှေကို တောင်းနှင့် အပြည့်ချင်၍ ဝယ်ယူနိုင်ပါပြီကော။

သည်လိုမျိုး ကြွယ်ဝချမ်းသာ၍ ဗာရာဏသီပြည်၏ မျက်နှာဖုံး၊ သူဌေး ဘွဲ့ကို ရရှိထားသော်ငြား လတ်တလော ရင်ဆိုင်ကြုံတွေ့နေရသော ကိစ္စအတွက် သူဌေးကြီးအဖို့ မပျော်နိုင်၊ မရွှင်နိုင်၊ ပြုံးရယ် ကြည်နူးခြင်းဟူသည် ဗလာ နတ္ထိ။

စင်စစ် 'အများကြီးမောရသည့် သားသမီးအေ' သာ သူ့ထံပါး ခိုနား ကပ်ငြိမ်နေခဲ့လျှင် ဗာရာဏသီပြည် လောက်သာမဟုတ်၊ စကြဝဠာတစ်ခွင် မိုးအောက်မြေပြင်လုံး အပျော်ဆုံးလူဟူ သည် သူမှသူပင် ဖြစ်နေပါလိမ့်မည် ခုတော့လည်း သူလွန်စွာ မြတ်နိုးချစ်



www.burmeseclassic.com

www.burmeseclassic.com

ခင်၍ သူ့ဗာရာဏသီ သူဌေးမျိုးဆက်ကို ဆက်လက်ဆောင်ကြဉ်းသွားမည့် သားကလေးသည် မွေးသဖခင်တစ်ဦးအတွက် မရှုရက် မမြင်ရက်စရာ ဝေဒနာရောဂါတို့၏ ရက်စက်စွာ တိုက်ခိုက်ခြင်းကို ခံစားနေရလေပြီတကား။

သားကလေးက အရွယ်ငယ်သေးတော့ ကလေးပီပီ အဆော့ကစားမက်သည်။ သည့်အတွက် အန္တရာယ်မဖြစ်လျှင် ပြီးရော။ သားလေး စိတ်ကြိုက်ဆော့စမ်း၊ ကစားစမ်းဟု အခွင့်ပေးခဲ့သည်။ သည်မှာတင် အဆော့မတော်၍ စိတ်သောကများစရာ ဒုက္ခရောက်ရချေတော့သည်။ သားကလေးက ရိုးရိုးမဆော့။ ဦးခေါင်းကို မြေ၌ထား၊ ခြေနှစ်ချောင်းကို မိုးပေါ်ထောင်လျက် ကြဲကြဲဖန်ဖန် ဆော့ကစားသည်။ သည်မှာတင် ဝမ်းတွင်းရှိ ကလီစာတို့သည် နေရာအထားအသိုတွေ ကပြောင်းတိ ကပြောင်းပြန် ဖြစ်ကုန်ကြလေသလား။

အရပ်လေးမျက်နှာရှိ နာမည်ကြီးပေ့၊ ဆေးချက်ထိမိပေ့၊ ကုသချက်ကျွမ်းကျင်မှုဆိုသည့် သမားတော်တွေသာမက ပညာရှိ ဟူးရားတွေကိုပါ အိမ်ဂေဟာသို့ ပင့်ဖိတ်ကုသစေခဲ့သည်။ သမားတော်တွေမှာ ဒိတ်ဒိတ်ကြဲ။ ပညာရှိ ဟူးရားတွေဆိုသည်မှာလည်း ဘာမျှပြောစရာမလို။ ဒါပေသည့် သားကလေးခမျာ ကုသိုလ်ကံတရားက အားနည်းရှာ၍ထင်သည်။ ဝေဒနာနှင့် ဆေးချက်သည် ဆန့်ကျင်ဖီလာဖြစ်၍ ဘာဆိုဘာမျှ ထိရောက်မှု မရှိခဲ့။ တကယ်တော့ သားကလေး ဝေဒနာသည် အူထုံးသော ဝေဒနာ။

သည်တော့ သားကလေး ဘာစားမည်နည်း။ စားစမ်း ကြိုက်ရာ။ နှစ်သက်ရာကို သဘောရှိ စားစမ်း။ သုံးဆောင်စမ်း။ သားကလေးသည် ဟာသောဝမ်းကိုဖြည့်ဖို့ သူ အာသီသရှိသော ထမင်းဟင်းလျာ၊ ယာဂု၊ မုန့်ပဲသွားရည်စာ၊ လတ်ဆတ်ချိုအီရွှန်းမြသော အစားအသောက်တို့ကို မှီဝဲသုံးဆောင်ပါ၏။ အစာတို့က ခံတွင်းမှတစ်ဆင့် လည်ချောင်းကိုဖြတ်ကာ ဝမ်းအတွင်းသို့ ဝင်ရောက်ဖို့ (တစ်နည်း) အစာအိမ် ဧရိယာအတွင်းသို့ အူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ဖို့ ကြိုးစားကြပါ၏။ ဒါပေသည့် ခလုတ်ကန်သင်းသဖွယ် ထုံး၍နေသော အူက အစာအိမ်ရှေ့ပိုင်းမှ တားမြစ်ကန့်သတ်နေသောအခါ စားသောက်သမျှ အစာအာဟာရတို့သည် ဝမ်းဝယ် မတည်။ အပြင်သို့သာ ပြန်ထွက်ကြတော့သည်။

ဒါတင်ပဲလားဆိုတော့လည်း မဟုတ်သေး။

ကျင်ကြီးပဲစွန့်စွန့်၊ ကျင်ငယ်ပဲ စွန့်စွန့် ဟိုးအရင် ခါတိုင်းလို ရှောရှော ရှုရှု မဟုတ်တော့ပြီ။ ကျင်ကြီးတစ်ခါ စွန့်ဖို့အရေး၊ ကျင်ငယ်တစ်ခါစွန့်ဖို့ အရေး မျက်ရည်အသွယ်သွယ်ကျလျက်၊ ရှိုက်သံတဟင့်ဟင့်ပေးလျက်၊ တအင်းအင်း တအီးအီး ညည်းတွားလျက် အခံစားကြီး ခံစားနေရသော သားကလေးကို မြင်ရတော့ ဖခင်တစ်ဦး၏ နှလုံးသားသည် အဘယ်မှာလျှင် မယိမ်းယိုင်၊ မကြေကွဲ၊ မထိတ်လန့်ဘဲ နေနိုင်ပါအံ့နည်း။

သည်လိုမျိုး အစာပြတ်တောက်ခြင်းကြောင့် ဓာတ်ကြီးလေးပါးကို တည်မှီနေသော ခန္ဓာကိုယ် ရုပ်ဝတ္ထုသည် ဓာတ်တစ်ပါး၏ ဖောက်ပြန်မှုအတွက် ချက်ချင်းလက်ငင်းပင် တုံ့ပြန်မှုတစ်ခုကို ပြလေပြီ။ ဒါက အခြားမဟုတ်။ တစ်နေ့တခြား အသွေးအသားတို့ ခမ်းခြောက်လာကြခြင်းပင် ဖြစ်လေသတည်း။

"ငါတော့ သားလေးရဲ့အဖြစ်ကိုကြည့်ပြီး ရူးတောင် ရူးချင်တယ် ရှင်မရယ်၊ သားကလေးသာ တစ်ခုခုဖြစ်ရင် ငါတို့ ဗာရာဏသီ သူဌေးမျိုးဆက်တော့ ပြတ်ပါပြီ၊ ငါ ဘာလုပ်ရမလဲဟင်"

သူဌေးကြီးကား အက်မွကြေကွဲ၊ ဝမ်းနည်းတုန်ယင်စွာဖြင့် သားကလေး၏ မိခင်ကို တိုင်တည်ပြောဆိုနေ၏။ သူဌေးကြီးကဲ့သို့ပင် သူဌေးကတော်ကြီးမှာလည်း သားကလေးအတွက် ကြေကြေကွဲကွဲ ခံစားနေရရှာသည်။

"သားကလေးသာ ပြကတေ့ အခြေအနေအတိုင်း ကောင်းသွားမယ်ဆိုရင် ငါတို့ ခွက်လက်စွဲပြီး တောင်းစားရတဲ့ဘဝကို ရောက်ချင်ရောက်သွားပါစေ လုံးဝမမှုပါဘူးသွား၊ ခုလည်း



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လောက်ကုန်ကုန်၊ ကုန်ချင်သလောက် ကုန်ပလေ့စေ၊ တို့သားလေး ကောင်းလာဖို့သာ အဓိကဆိုပြီး အနယ်နယ် အရပ်ရပ်က ကျော်မေ့တော်မေ့ဆိုတဲ့ သမားတော်တွေ ပင့်လို့ ကုသတာလည်း မင်းအမြင်ပဲ၊ ဒါပေမဲ့ သားလေးရဲ့ ကံကြမ္မာဟာ နည်းရှာတယ်ရွယ်၊ ဒီလိုမျိုး ဝေဒနာဆိုးကို ပွေ့ပိုက်ရင်း ရက်တွေ နီးနီးလာခဲ့ပြီ၊ ငါ ဘာလုပ်ရတော့မလဲ၊ ရှင်မရယ်"

တစ်ခါတစ်ရံ၌ သုံးတောင်ဝတ်မိန်းမသားပင် ဖြစ်နေလင့်ကစား အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ားတွေထက် အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လာတတ်ကြသည်မှာ မှန်ကောင်းမှန်ပေစွ။ ခုလည်းပဲ ကြည့်။

"ကျွန်မ တစ်ခုသတိရပြီ သူဌေးကြီး"

"ဟော..ဘာများတုံး၊ ပြောစမ်းပါ ရှင်မရယ်"

"ဟိုးတလောက ရာဇဂြိုဟ်သူဌေးရဲ့ ဦးရင်းခေါင်းခဲနာကို ခွဲစိတ်ကုသပေးတာ ပျောက်ကင်းချမ်းသာရာရသွားတယ် ဆိုတာလေ"

"အေး...ဟုတ်တယ်၊ ဟုတ်တယ်၊ ငါ သတိရပြီ ရှင်မ၊ ငါ သတိရပြီ တခြားက သမားတော်တွေတောင် ခုနစ်ရက်နဲ့ ငါးရက်အတွင်း ဇီဝိန်ချုပ်သိမ့်မယ်လို့ ဆိုခဲ့ကြတာ၊ အဲဒါ ဆရာဇီဝကက ကုပေးတော့ ပျောက်သွားတာ"

"ဒီတော့ သားကလေးရဲ့ ဝေဒနာနဲ့ ပတ်သက်လို့ ဆရာဇီဝကကလွဲပြီး ကုသနိုင်စွမ်းရှိတဲ့လူကို မမြင်တော့ဘူး"

"မှန်တယ် ရှင်မ၊ ဦးနှောက်တွေ 'ဟုန်'နေတဲ့ ငါ့ကို ပွင့်သွားအောင် လုပ်ပေးလို့ မင်းကို ကျေးဇူးတင်တယ်၊ ပြောနေကြာပါတယ်၊ ငါ အခုပဲ ရာဇဂြိုဟ်ကိုသွားမယ်၊ ဗိမ္ဗိသာရမင်းကြီးဆီ ဝင်ခစားပြီး အကျိုးအကြောင်း လျှောက်တင်မယ်၊ ပြီးတာနဲ့ ဆရာဇီဝကကို ပင့်လာခဲ့မယ် ရှင်မ"

"ကောင်းတယ် သူဌေးကြီး၊ ကောင်းတယ်၊ ကဲ...အချိန်မြန်လေကောင်းလေပဲ၊ ထွက်ဖို့သာ ပြင်ပေတော့၊ ကျွန်မလည်း လိုအပ်တာတွေကို စီစဉ်လိုက်ဦးမယ်"

သားဇောအတွက် တအားမောသည်ဟု သဘောမထား။ မိဘတို့၏ မေတ္တာက ကြည်လင်စိမ့်စမ်းအလား တသွင်သွင် စီးလည်ရစ်နေပါပြီတကား။

□

**ဒုတိယမြောက် ခွဲစိတ်ခြင်း**

ဘိုးတော်မင်းကြီးက 'လိုက်သွားပြီး အသက်ကယ်ရစ်ပါ မြေးရယ်' ဟု ပြောရှာသည်။ တိုက်တွန်းရှာသည်။ လောက၌ လူသားချင်းစာနာတတ်သော နှလုံးသားများသည် အလှဆုံးပန်းများထက် မွှေးနေတော့သည်။

အကယ်တန္တု ဘိုးတော်မင်းကြီးက ခပ်မဆိတ်နေခဲ့သည် ဆိုလျှင်တောင် ဇီဝကအတွက်တော့ ဥပေက္ခာထားနိုင်လိမ့်မည်မဟုတ်။ ဘိုးတော်မင်းကြီးအား သားကလေးဖြစ်သူ၏ ဝေဒနာဖြစ်စဉ်ကို လျှောက်တင်နေသော ဗာရာဏသီသူဌေးကြီး၏ စကားသံများ၌ မိဘမေတ္တာ ထုံမွှမ်းနေသည်။ စိုးရိမ်ကြောင့်ကြမှုတွေ လွှမ်းမိုးနေသည်။ သည့်ထက် သဒ္ဓါဗေဒဖြင့် သရုပ်ခွဲကြည့်တတ်လျှင် ရှိုက်သံပင် ခပ်သဲ့သဲ့လေးမျှ ပါဝင်ကောင်း ပါဝင်နိုင်မည်မှာ သေချာသလောက် ရှိနေသည်။

"စိတ်ချပါ သူဌေးကြီး၊ ကျုပ် သူဌေးကြီးရဲ့ သားကလေးအတွက် ဗာရာဏသီကို ခုပဲ လိုက်ခဲ့ပါ့မယ်"

အသင့်စီစဉ်ထားသည့် ဆေးအိတ်ကို ဘေးတွင်ချလျက် နှစ်သိမ့်စကားဆိုလိုက်တော့ သူဌေးကြီး၏ မျက်နှာအသွင်အပြင်မှာ ရေတွေ့ကြာကဲ့သို့ ရုတ်ချည်းပင် လန်းဆန်းသွားခဲ့သည်။

"ကျေးဇူးတင်လိုက်တာ ဆရာဇီဝကရယ်"

ဟု ခွန်းတုံ့သံကိုက ဝမ်းသာမှုအပြည့်ဖြင့် တုန်တုန်ယင်ယင်။

သူဌေးကြီး စီစဉ်သည့် ကကြိုးတပ် မြင်းဆွဲယာဉ်ဖြင့် ဗာရာဏသီကို ရောက်တော့ မှောင်ရီပင် မပျိုးတတ်သေး။ မှောင်ရီပျိုးလည်း ကိစ္စမရှိ။ ရုပ်ဝတ္ထုပြည့်စုံသော သူဌေးကြီး၏ ဂေဟာအတွက် စီစဉ်ဖန်တီးထားသည့်

www.burmeseclassic.com

မီးအလင်းရောင်တို့က ပြိုးပြက်လင်းလက်နေကြမည်က အသေအချာ။

"ရောက်တုန်းရောက်ခိုက် နားပါဦးလား ဆရာ"

"ကိစ္စမရှိပါဘူး သူဌေးကြီး၊ ကျုပ် လူနာကို ကြည့်ချင်တယ်"

"ကောင်းပါပြီ ဆရာ"

သူဌေးကြီး ဦးဆောင်ခေါ်ငင်သွားရာ အခန်းကလေးတစ်ခုသို့ရောက်တော့ အသားအရည် ခမ်းခြောက်ကာ၊ ဖျော့တော့ပိန်လှီလျက် မျက်တွင်းဟောက်ပက် ဖြစ်နေရှာသော ကလေးငယ်ကို မျက်လုံးလေးအဝိုင်းသားနှင့် တွေ့လိုက်ရသည်။ သည်အရွယ်သည် ပြကတော့ ကျန်းမာရေးသာ ကောင်းနေမည်ဆိုလျှင် ဒေါင်းတောက်အောင် ဆော့၍ အစားအသောက် မှန်သမျှကို တစွပ်စွပ် စားမည့်အရွယ်။ ပြီးတော့ မောကြီးပန်းကြီးနှင့် ခြေကုန်လက်ပမ်းကျကာ ခြေပစ်လက်ပစ် အိပ်စက်မည့်အရွယ်။

ခုတော့ သည်ကလေးငယ်သည် ဆော့ချင်စိတ် ရှိသော်လည်း ဝေဒနာ၏ ပိတ်စည်းချုပ်လှောင်မှုကြောင့် မဆော့နိုင်။ ဝေဒနာ၏ ကန့်သတ်တားမြစ်မှုကြောင့် မည်သည့်အစားအသောက်ကိုမျှ မစားနိုင်။ သည်တော့လည်း အိပ်စက်ခြင်းဟူသည် အဓိပ္ပာယ်ခဲ့သော နားနေခြင်းတစ်မျိုးသာ ဖြစ်သွားခဲ့ရလေသည်။

တကယ်တော့ သည်ကလေးငယ်၏ ရောဂါဝေဒနာသည် ရှေ့ကကုနှင့်ခဲ့ပြီးသော သမားတော်တို့ ဆိုးဖြတ်ကြသကဲ့သို့ပင် အူတုံးသော ရောဂါဝေဒနာပင် ဖြစ်၏။ ရောဂါဝေဒနာတော့ သိပြီ။ သို့ရာတွင် ရောဂါဝေဒနာပျောက်ကင်းအောင် အဘယ်ကြောင့် ကြံစည်မကုသကြသနည်း။

စင်စစ် သည်ကလေးငယ်၏ ရောဂါဝေဒနာသည် ဆေးလိမ်း၊ ဆေးကျွေးရုံနှင့် ကင်းပျောက်မည့် ရောဂါမဟုတ်။ ထုံးနေသောအူကို လမ်းကြောင်းမှန်မှန်နှင့် ပြန်လည်ဖြည်နိုင်ဖို့ ဝမ်းကိုဖြည့်ရမည်။ သည်လိုမျိုး ဝမ်းကိုခွဲဖို့ဆိုသည်မှာ ဘယ်သူမှ လက်တွေ့မလုပ်ရဲသည့်အလုပ်။ သည်တော့ ရှေးသမားတော်တို့နှင့် ကုသမှု ခံယူခဲ့ရသော ကလေးငယ်အတွက် ဝေဒနာမလျော့ပါးသည်မှာ ဘာမျှ အဆန်းမဟုတ်။

"ကဲ...သူဌေးကြီး၊ လူနာကို ကျုပ်လက်ထဲ ဝကွက်အပ်ပြီဆိုရင်ပြီ ကျုပ်ပြောတဲ့စကားကို နားထောင်မှ ဖြစ်မယ်"

"ဆရာ ဖြစ်စေချင်တာကို ပြောပါဆရာ၊ ကျွန်တော်တို့ နာခံဖို့ အသင့်ပါ၊ သားကလေးရဲ့ အသက်ကိုလည်း ဆရာ့လက်ထဲ ပုံအပ်ပါတယ်"

"ကောင်းပြီ၊ ဒါဖြင့် လူနာရဲ့ အခန်းပတ်ပတ်လည်ကို တင်းတိမ်တွေ ကာရံပေးပါ၊ လူတွေကို အပြင်ထွက်ခိုင်းပါ၊ သူဌေးကြီးတို့ မိသားစုကလွဲလို့ တခြားဘယ်သူ ဘယ်ဝါမှ ဒီအခန်းထဲမှာ ရှိမနေပါစေနဲ့"

"စိတ်ချပါ ဆရာ၊ စိတ်ချပါ"

သူဌေးကြီးလည်း ဇီဝက ညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာစီစဉ် ဆောင်ရွက်ခဲ့သည်။ အားလုံး သူ့အစီအစဉ်နှင့်သူ ချောမွေ့အဆင်ပြေပြီဆိုတော့ လူနာကို ပက်လက်အနေအထား လှန်စေကာ မေ့ဆေးပေးလိုက်သည်။ သည်မေ့ဆေးကား မဟာသာလ သူဌေးသားကို ပေးခဲ့တုန်းက မေ့ဆေးမျိုး။ ဒါပေသည့် လူနာ၏ ခန္ဓာသန်စွမ်းမှု အနေအထားကို တိုင်းထွာဆင်ခြင်၍ လိုအပ်သည့် အတိုင်းအတာသာ ပေးရသည်။ နို့မဟုတ်က 'ပေါ့စေလို၍ ကြောင်ရပ်ထိုး၊ ဆေးအတွက်နှင့်လေး' ဟူသည့် ကိန်းမျိုး ဆိုက်သွားမည် မဟုတ်ပါလား။

မေ့ဆေး၏ တန်ခိုးအာနိသင်ကြောင့် လူနာသည် လောကကြီးနှင့် လုံးဝအဆက်အသွယ် ပြတ်သွားခဲ့ချေပြီ။ ဤတွင် အသင့်စီမံထားသော ပိုးမွှားကာကွယ်သည့် ဆေးတို့ လိမ်းကျံထားသည့် ဓားမောက်ငယ်ကလေးဖြင့် တွက်ဆထားသော ဝမ်းမျက်နှာပြင်ကို တည်တည်ငြိမ်ငြိမ် ခွဲချလိုက်သည်။ ဤတွင် ဝမ်းမျက်နှာပြင်ရှိ သွေးကြောအချို့ ပြတ်တောက်ကာ နီရဲသော သွေးတို့သည် စိမ့်ထွက်လာကြ၏။ သူဌေးကတော်ကား ထိုအဖြစ်ကို မကြည့်ရက်သည့်အလား မျက်ခေါင်းကို ငုံ့ထား၏။ သူဌေးကြီးမှာမူ ဇီဝက၏ လှုပ်ရှားသမျှကို အမိန့်ပေးခံရသူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ပမာ မျက်တောင်မခတ် ငေးကြည့်နေရှာသည်။

ဇီဝကသည် စိမ့်ထွက်လာသော သွေးများ ရပ်တန့်သွားစေရန် သွေးကြောအချို့ကို ပိတ်ထားလိုက်၏။ ပြီးနောက် ပွင့်သွားပြီဖြစ်သော ဝမ်းအရေပြားအောက်ရှိ ခွေထုံးနေသည့် အူအစကို အသာကလေး ကော်မလိုက်သည်။

"ကဲ...ရောဂါဝေဒနာ ဖြစ်နေတာက ဟောဒီအမိုင်းပါပဲ"

"ဟာ..."

"ဟုတ်တယ်၊ တွေ့တယ်မဟုတ်လား၊ အူကထုံးနေတော့ ဘယ်အစာမှ အစာအိမ်ဆီ မရောက်နိုင်တော့ဘူး၊ ဒီတော့ ဒီအထုံးကို ဖြေချင်ဖြေ၊ ဖြေမပေးလို့ကတော့ မကြာခင် ဒုက္ခရောက်ရမှာပဲ"

ပြောလည်းပြော ဆိုလည်းဆိုနှင့် လက်ကလည်း ထုံးနေသော အူကို ပြန်လည်ဖြေလိုက်ကာ ဝမ်းအတွင်းသို့ သူ့နေရာနှင့်သူ နေသားတကျ ပြန်လည်ထည့်သွင်းပေးလိုက်သည်။ အားလုံး စိတ်ချရပြီဆိုတော့မှ ပွင့်နေသော ဝမ်းဗိုက်အရေပြားကို ပြန်ပိတ်[illegible] ချုပ်လိုက်သည်။ ပြီးလျှင် ချုပ်ရာကို အမြန်ဆုံး ကျက်သွားစေမည့် ဆေးကို လိမ်းကျံပေးလိုက်သည်။

သည်လိုနှင့် ခွဲစိတ်ကုသပြီး [illegible]ရက်မြောက်သောနေ့မှာပင် တပြုံးပြုံး တအီအီ၊ တလှိုလှို တပိန်ပိန်နှင့် [illegible]ကောင်ပေါင်းလဲ ခံစားနေရသော ဝေဒနာသည် ယခုတော့လည်း လူကောင်းတစ်ဦးနှင့် ဘာမျှမခြား။ ကာလအတန်ကြာ စားချင်လျက်နှင့် မစားရရှာသော အစားအသောက်တို့ကို စားသောက်လာနိုင်၏။ ဆီးချုပ်၊ ဝမ်းချုပ် ဖြစ်သမျှ ခုတော့လည်း ခန္ဓာကိုယ်ကလာပ်စည်းများသည် သူ့ဟာန်ချက်နှင့်သူ ပြေပြစ်မှုတစ္စာဖြင့် စည်းချက်မိမိ၊ နရီမှန်မှန် လည်ပတ်နေပြီတကား။

"ကျေးဇူးကြီးပါပေ့ ဆရာရယ်၊ သားကလေးရဲ့ အသက်ဟာ ဆရာပေးတဲ့အသက်ပဲ ရှိပါတော့တယ်၊ ကဲ သားလေး ဆရာ့ကို ကန်တော့... ကန်တော့"

သားကလေးက ငွေတစ်သောင်းခြောက်ထောင်ရှိသော ငွေကြေးဥစ္စာကို သန့်စင်သော ပိတ်စပေါ်တွင်တင်လျက် လက်ဆယ်ဖြာထိပ်တွင်မိုးကာ အသက်သခင် ဆရာသမားကို ဦးနှိမ်ချသည့်အခိုက် ပူဇော်ကန်တော့ခြင်းကို ခံယူနေသည့် ဇီဝက၏ နှုတ်ဖျားမှ...

"သာဓု...သာဓု...သာဓု..."

တည်းဟူသော အသံသည် ဧည့်ခန်းဆောင်တစ်ခုလုံး ဖြန့်ကြက်သွားလေတော့သတည်း။

□

**ဆေးတော်မှုန်းသူ**

ခက်တော့ ခက်ပြီ။ ခက်သည့်မှသာမန်ကာလျှံကာ ခက်သည်မျိုးမဟုတ်။ ကမ်းပါးယံနှစ်ခုကို တင်းထားသော ကြိုးပေါ်၌ အထိန်းအကွပ်မဲ့ လျှောက်လှမ်းရသည့် အခက်အခဲမျိုး။

နည်းနည်းကလေး ဟန်ချက်မတိမ်းလိုက်လေနှင့်။ တိမ်းလိုက်စောင်းလိုက်ပါက အသူတစ်ရာနက်လှသော လျှိုမြောင်ချောက်ကြီးအတွင်းသို့ အရိုးအသား ရှာမရအောင် ဖြစ်ပေါ်ခံစားရမည့် အခက်အခဲမျိုး။

ကြည့်...။

သူကုရမည့် ဝေဒနာရှင်နှင့် ဝေဒနာရှင်၏ အခက်အခဲ။

အခက်အခဲမှန်သမျှ သူ့အနေအထားနှင့်သူ ပြေလည်အောင် ဖြေရှင်းနိုင်မည့် နည်းလမ်းတွေဆိုသည် အလွယ်အကူမဟုတ်။ သည့်တိုင် အခြေအနေ၊ အချိန်အခါကိုလိုက်၍ ပေါ်ထွက်လာတတ်စမြဲတည်း။ သို့သော် သူ ယခုကြုံရသည့်ကိစ္စက ဝေဒနာရှင်၏ မသိစိတ်အပေါ်တွင် လျှပ်တစ်ပြက်အသုံးချ၍ ဝေဒနာရှင်၏ မသိစိတ်အပေါ်တွင် လျှပ်တစ်ပြက် အသုံးချ၍ ဝေဒနာကို ကစားရမည့်ကိစ္စဖြစ်၏။ အတိမ်းအစောင်းမခံ ဥပါယ်တံမျဉ်လမ်းကလေးသာ အချိုးအကွေ့လေး ဖြစ်ပေါ်ခဲ့ပါက သူ့အသက်သည် ဖက်နှင့်ထုပ်ထားရမည့် အခြေဖြစ်တော့၏။

သူကုစားရမည့် ဝေဒနာရှင်ကား အခြားမဟုတ်။

ဘိုးဘိုး ဗိမ္ဗိသာရမင်းကြီး၏ အကြည်တော် တစ်ဦးဖြစ်သော စမ္မာ



www.burmeseclassic.com

www.burmeseclassic.com

နဂိုရ်ပြည်ကို အစိုးရသည့် စန္ဒပဇ္ဇောတ မင်းကြီး ဖြစ်၏။

စန္ဒပဇ္ဇောတမင်း၌ ခံစားရသော ဝေဒနာက ဆန်းတော့ ဆန်းသား။

ယောကျ်ားကောင်းတို့၏ ဂုဏ်ယူစွမ်းဆောင်နိုင်သည့် အချစ်လက်ရုံးကိုစွဲ၍ ထင်သလောက် စိတ်က စေသလောက် မစွမ်းနိုင်တော့ခြင်းဖြစ်သည်။ ဆန္ဒတွေ ဘယ်လိုပဲ ဖြစ်ပေါ်ဖြစ်ပေါ် ဆန္ဒက ဆန္ဒသာဖြစ်၍ လက်တွေ့ကမူ ဆန္ဒခေါ်ရာနောက် မလိုက်နိုင်တော့လေပြီတကား။

သည်တော့ စန္ဒပဇ္ဇောတအဖို့ စိတ်ဓာတ်တွေ အကြီးအကျယ်ကျရတော့သည်။ သူ့စမ္ပာနဂိုရ်ပြည်ရှိ ကျော်ကြားထင်ရှားသော သမားတော်များကို ပင့်ဖိတ်ကုသစေခဲ့၏။ ဆေးချက်တွေက အဖုံဖုံ၊ ကုသပုံက အနည်းနည်း။ ဘယ်လိုပင် ခရီးဆက်ပါသော်လည်း လမ်းက ထင်သလောက် မပေါက်။ လန်းရွှင်ရမည့် ပန်းသည် ညှိုးလျော်ခွေနေ၏။ သည်တော့ မိဖုရား၊ ကိုယ်လုပ်တော်၊ မောင်းမမိဿံတို့၏အကြား၌ ယောကျ်ားကောင်းစွမ်းရည် ချို့တဲ့နေသော စန္ဒပဇ္ဇောတအဖို့ရာတွင် အခက်ကြီးကြုံကာ အရှက်မီးပုံပွားရလေပြီကော။

သည်လိုမျိုး ဖြစ်ပေါ်ခံစားရပြီဆိုကတည်းက ဘယ်လိုမျိုး ဆီဦးထောပတ်တွေ စီမံလင့်ကစား၊ စားချင်သောက်ချင်စိတ် ဆိုသည်မှာ အလျဉ်းမရှိ။ စားတော်ကဲတို့လည်း ဘာဟင်းချက်ချက် လျှာရင်းမြက်အောင် မစွမ်းဆောင်နိုင်ကြတော့။ သည်လိုမျိုး အစားအသောက်တွေအပေါ် အာရုံပျက်ပြားလာသကဲ့သို့ အိပ်ပျက်ညတွေမှာလည်း တစ်စတစ်စ ရှည်မျောလာခဲ့လေတော့သည်။

သည်တော့ စန္ဒပဇ္ဇောတ၏ အဖြစ်ကို မကြည့်ရက်နိုင်သော သက်တော်ရှည် ဘိုးဘိုးကြီးမှ မင်းကြီး၏ ဝေဒနာအတွက် အသင့်တော်ဆုံးသော သမားတော်သည် ရာဇဂြိုဟ်မှ သမားတော်ကြီး ဇီဝကသာလျှင်ဖြစ်ကြောင်း၊ အကြည်တော် ဗိမ္ဗိသာရမင်းကြီးထံ အကူအညီတောင်းခံလျှင် အစစအရာရာ အဆင်ပြေနိုင်ကြောင်း အကြံပြုမိခဲ့လေ၏။

သည်စကား ကြားရတော့ စန္ဒပဇ္ဇောတ၏ မှောင်မိုက်နေသော ညသည် လင်းခနဲ 'လက်' ၍၊ ပြက်ခနဲ 'ပြုံး' ခဲ့ရလေ၏။ သည်တော့အချိန်ကို ခဏ္ဍခဏလေးပင် ဆိုင်းမနေတော့ဘဲ သံတမန်တွေကို ရာဇဂြိုဟ်သို့ စေလွှတ်လိုက်လေသည်။

သည်မှာတင် သူသည် သူချစ်သော ရာဇဂြိုဟ်ကို ခွဲခွာကာ စမ္ပာနဂိုရ်ပြည်သို့ ဆေးအိတ်ကို ဆောင်လျက် ထွက်လာခဲ့သည်။ စမ္ပာနဂိုရ်ပြည်ကို ရောက်တော့ ဝေဒနာ အလူးအလဲ ခံစားနေရသည်ဆိုသော စန္ဒပဇ္ဇောတကို ဝင်ရောက်ဖူးတွေ့၏။ ရောဂါဝေဒနာကို စစ်ဆေး၏။

စစ်ဆေးတော့ ဝေဒနာရောဂါသည် ထင်းခနဲ လင်းခနဲ။ သည်လိုမျိုး ရောဂါက ဆေးကိုချက်၍ တိုက်ကျွေးကုသလျှင် ညှိုးလျှနွမ်းဖျော့နေသည့် အကြောပေါင်းတစ်ထောင်သည် အံ့မှယ်ကောင်းလောက်အောင် ရှန်းကြွရှင်သန်လာမည်မှာ ဧကန်။ ဒါပေသည့် သူချက်လုပ်မည့်ဆေးနှင့် ပတ်သက်၍ ကာယကံရှင်မင်းကြီးသိအောင် လျှောက်ထားရပေဦးတော့မည်။

"အရှင်မင်းကြီးရဲ့ ဝေဒနာကို သက်သာပျောက်ကင်းဖို့ တာဝန်ယူပါတယ်ဘုရား"

"ဟေ...ဒီစကားကြားရတာ ဝမ်းမြောက်ဝမ်းသာ ရှိလိုက်တာကွယ်၊ ဒါဖြင့်ရင် မြန်မြန်သာ ကုသပေးပါတော့ ဇီဝက"

"မှန်လှပါ၊ အရှင်မင်းကြီးရဲ့ ဝေဒနာအတွက် ထောပတ်နဲ့ ဆေးကို ချက်ရပါမယ်ဘုရား"

"ဘာ...တယ်လေ"

စောစောတုန်းက ပျော်ရွှင်မြူးကြွနေသော မင်းကြီး၏ အသွင်အပြင် အနေအထားသည် 'ထောပတ်' ဟူသော စကားကို ကြားလိုက်သည်နှင့် ဘာကြောင့်များ ဒေါသမာန်ဟုန် စီးလည်ကုန်ရပါသနည်း။

"ဒီမယ် ဇီဝက၊ ငါ ခံစားနေရတဲ့ ရောဂါဝေဒနာအတွက် ထောပတ်နဲ့ကင်းတဲ့ဆေးကိုပဲ စီစဉ်ချက်လုပ်ပါ၊ ထောပတ်ဆိုတဲ့အသံကို ငါကိုယ်တော် လုံးဝမကြားချင်ဘူး၊ ဒီလောကမှာ ငါ အမုန်းဆုံးဟာ ထောပတ်ပဲ ဇီဝက

www.burmeseclassic.com

ထောပတ်''

ဇီဝကအဖို့ ထောပတ်ဟူသည် သက်ရှိလူသား တော်တော်များများ အမွန်အမြတ်ထားလျက် အစားအသောက်များ၌၊ ဆေးဝါးများ၌ အသုံးပြုကြသည်ကို သိရှိနားလည်ထားခဲ့သော်လည်း ယခုကဲ့သို့ ရေမြေသနင်းကို အစိုးရတော်မူသော မင်းကြီးထံမှ ထင်မှတ်မထားသော စကားလုံးများကို ကြားလာရသည့်အခါတွင် လွန်စွာမှပင် အံ့ဩခြင်း ဖြစ်ရပါတော့၏။

ခက်တော့လည်း ခက်ပြီ။

သည်ဝေဒနာအတွက် ထောပတ်သည် မပါမဖြစ်။

ဝေဒနာရှင်ကလည်း၊ 'ထောပတ်'ကို မုန်းသည့်သူ။

'ထောပတ်' ပြဿနာက နိုင်ငံအနှံ့ ကျော်ကြားပျံ့မွှေးသည့် အမည်နာမကို ပိုင်ဆိုင်ထားသော ဇီဝကအား ဦးနှောက်တော်တော်ခြောက်သွားစေပါတော့သတည်း။

❐

**ထောပတ်သုံးသူ**

''ခက်တယ် ဘိုးဘိုးရယ်၊ ကျွန်တော့်အဖို့ အရှင်မင်းကြီးရဲ့ ရောဂါပျောက်ကင်းအောင် ကုသဖို့ဆိုတာ အကြောင်းမဟုတ်ပေမယ့် ဝေဒနာပျောက်ဖို့ ချက်လုပ်ရမယ့်နေရာမှာ ထောပတ်က မပါမဖြစ် ဖြစ်နေတယ်''

''အင်း...ဒါလည်း တစ်ဒုက္ခပေါ့ ဇီဝကရယ်၊ ဒါပေမဲ့ ထောပတ်မုန်း မသိအောင် ချက်လုပ်လို့ကော မဖြစ်နိုင်ဘူးလား''

''မတတ်နိုင်ဘူးလေ၊ ရောဂါပျောက်ဖို့အတွက် ထောပတ်ပါမှ ဖြစ်မယ်ဆိုတော့ကာ ထောပတ်ကိုတော့ သုံးကို သုံးရမှာပဲ၊ အဆင်း၊ အနံ့၊ အရသာပျက်အောင် ဖန်ရည်လို ချက်ရတော့မှာပေါ့ ဘိုးဘိုးရယ်၊ ဒါ့ထက် ကျွန်တော် သိချင်တာလေး တစ်ခုရှိလို့ ဘိုးဘိုးကို မေးရဦးမယ်၊ ဘိုးဘိုးက စမ္ပာနဂိုရ်ပြည်ရဲ့ ပညာရှိ သက်တော်ရှည် ဘိုးဘိုး မဟုတ်လား''

''မေးပါ မောင်၊ မေးပါ မေးပါ''

''ကျွန်တော် သိချင်တာက မင်းကြီးက ဘာကြောင့် ဒီလောက်တောင် ထောပတ်ကို မုန်းရသလဲ ဆိုတာပါ''

''ဩော် ဒါကိုး၊ ပြောရတာပ မောင် ပြောရတာပ၊ ဒါပေမဲ့ ဘိုးဘိုး ပြောပြမှာကို သိသွားရင် မောင့်စမ်းထဲမှာပဲ ထားနော်''

''စိတ်ချပါ ဘိုးဘိုး''

''အရှင်မင်းကြီးဟာ ထောပတ်ကို မုန်းတဲ့နေရာမှာတော့ ရာဇဝင် စာတင်လောက်ပါတယ်၊ ကနဦး စားတော်ဆက်တစ်ဦးတုန်းကဆို ဟင်းလျာပွဲတစ်ပွဲမှာ ထောပတ်သုံးမိလို့ ကွပ်မျက်မယ် တကဲကဲလုပ်နေတာ၊ ဘိုးဘိုးတို့ ကြားက ဝင်ရောက်တောင်းပန်လျှောက်ထားလို့ အသက်ချမ်းသာရာရသွားတာကွယ်။

ဒါ ဘာကြောင့်လဲဆိုတော့ မင်းကြီးရဲ့ သန္ဓေနဲ့လည်း ဆိုင်တယ်၊ မောင်လည်း မင်းကြီးရဲ့ စိတ်ဆန္ဒအားကြီးမှုကို ကြားဖူးနားဝ ရှိမှာပေါ့''

မှန်၏။ မင်းကြီး၏ စိတ်ဆန္ဒဘယ်သို့ရှိသည်ကို ဇီဝကသည် ရှေးမဆွကတည်းကပင် သိထား၏။ မင်းကြီးကား ကာမဆန္ဒအရာ၌ လွန်စွာအားကြီးသူတည်း။ မိဖုရား၊ မောင်းမမိသံတွေ များလှဘိသကဲ့သို့ တိုင်းခန်းလှည့်လည်တော်မူသည့်အခါတိုင်းလည်း စိတ်အာရုံ၌ သဘောကျလျှင် တော်ကောက်တတ်စမြဲ။

သည်လိုမျိုး ဆန္ဒအာသာ ကြီးမားသူတစ်ဦးအဖို့ ၄င်း၏ ဆန္ဒအာသာအတွက် ခလုတ်ကန်သင်းသဖွယ် ဖြစ်စေသော ရောဂါဝေဒနာကို အဘယ်မှာလျှင် အကျရောက်ခံချင်ပါလိမ့်မည်နည်း။ ဒါကြောင့်လည်း အမိမြေရာဇဂြိုဟ်ကို ခွဲခွာ၍သည် စမ္ပာနဂိုရ်သို့ သူရောက်လာခဲ့ရသည် မဟုတ်တုံလော။

''ဒီထောပတ်ကို မုန်းတဲ့ကိစ္စ မြစ်ဖျားခံရာကို ကြည့်မယ်ဆိုရင် မင်းကြီးရဲ့ မယ်တော်က စတယ်လို့ ဆိုရမှာပဲ မောင်''

သက်တော်ရှည် ဘိုးဘိုးကား ရှေးမီနောက်မီ အတွေ့အကြုံများသူပီပီ မြစ်ဖျားခံရာကို ကောက်ကြောင်းဆွဲပြနေလေပြီ။ သည်အကြောင်းတရားတွေက သူ့အတွက် ဆေးကုသရာ၌ ကြီးစွာသော အထောက်အကူဖြစ်မှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

“တစ်နေ့ မင်းကြီးရဲ့ မယ်တော်ဟာ သူ့အဆောင်ခန်း သဥ္ဇာထက် စက်တော်ခေါ်နေတုန်း ကင်းတစ်ကောင်ဟာ (မရှိမသေ) မယ်တော်ရဲ့ပေါ်ကို ရွရွကလေး တက်သွားတယ်ဆိုပဲ၊ အဲဒီကင်းရဲ့ ထိတွေ့မှုကို မယ်တော်ဟာ တမ်းတမ်းစွဲဖြစ်ရင်းက မင်းကြီးကို သန္ဓေတည်တော့တာပါပဲ”

သည်လောက်ဆိုလျှင်ဖြင့် စန္ဒပဇ္ဇောတမင်းကြီး၏ ထောပတ်အမုန်းတရားကို သူ လုံးဝနားလည်သွားခဲ့ရပါပြီ။ စင်စစ် ကင်းအဆိပ်ဟူသည် ထောပတ်နှင့် ဆန့်ကျင်ဘက် မဟုတ်ပါလား။ သည်တော့ ကင်းနှင့်နွယ်သော သန္ဓေရှင်မင်းကြီးအဖို့ ထောပတ်ကို မုန်းသည်ဟု ဆိုခြင်းမှာ ကြောင်းကျိုးတရား ဆက်စပ်မှုအရ သဘာဝကျလှသည်။

သို့ဆိုလျှင် သူ့အဖို့ မင်းကြီး၏ ဝေဒနာ သက်သာပျောက်ကင်းစေဖို့ ထောပတ်ကိစ္စကို မည်သို့ ဆောင်ရွက်ရမည်နည်း။

သူ့အဖို့ အရေးကြီးသည့်အချက်မှာ ဝေဒနာရှင် ခံစားနေရသော ရောဂါဘယတို့ ပျောက်ကင်းစေရေးပင် ဖြစ်၏။ သည့်အတွက် မင်းကြီးအနေဖြင့် ထောပတ်ကို မည်မျှပင် မုန်းနေပါစေ။ သူကတော့ သုံးမည်သာ ဖြစ်၏။ ထိုအခါဝယ် အန္တရာယ်ကြီးလှကြောင်းကိုလည်း ရိပ်စားမိပါ၏။ မတတ်နိုင်၊ ဆေးချက်ပြီးပြီဆိုမှ ကိုယ့်အသက်အန္တရာယ်အတွက် စီစဉ်မှုတွေ လုပ်ရပေတော့မည်။

ထို့နောက် ဘိုးဘိုးမှလွဲ၍ အခြားသူတွေ မသိစေဘဲ ထောပတ်ကို ယူငင်ကာ အဆင်း၊ အနံ့၊ အရသာ ပျက်အောင် ဖန်ရည်ကဲ့သို့ ချက်လိုက်သည်။ သည်လိုချက်ပြီးသည့်နောက် အဖန်၊ အခါး စသော အထူးထူး အပြားပြား ဆေးဝါးတို့ဖြင့် စရနယ်လိုက်သောအခါ ထိုဆေးကို ထောပတ်ပါသည်ဟု (ကိုယ်တိုင်မသောက်ဖူးဘဲနှင့်) အတပ်ပြောနိုင်မှာတဲ့နည်း။

သက်တော်ရှည် ဘိုးဘိုးက သူ့လုပ်သမျှကို ကြည့်လျက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးနေသည်။

“အမောင် ဇီဝက၊ မောင်ဟာ ပညာရှိ သမားတော် ပီသပါပေတယ်၊ မောင့်ဆေးသောက်လိုက်ရရင် မင်းကြီးရဲ့ ဝေဒနာ သက်သာပျောက်ကင်းမယ် ဆိုတာလည်း သေချာပါတယ်၊ ဒါပေမဲ့ ‘ဥစ္စာကို ကံစောင့်’ ‘အသက်ကို ဉာဏ်စောင့်’တဲ့၊ ‘ပညာရှိ သတိဖြစ်ခဲ’ ဆိုတာကို နားလည်တယ်နော်”

“ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ် ဘိုးဘိုး၊ မင်းကြီးရဲ့လက်ထဲ ဆေးတော်ထည့်ပြီးတာနဲ့ ရာဇဂြိုဟ်ပြည်ကို အမြန်ဆုံး ပြန်ရောက်နိုင်ဖို့ စဉ်းစားထားပါတယ်”

“အိမ်း…ကောင်းတယ် မောင်၊ ကောင်းတယ်၊ ဒီစမွာနဂိုရ်ကနေ ရာဇဂြိုဟ်ရှိရာကို အမြန်ဆုံးရောက်ဖို့ ယူဇနာ ငါးဆယ်လောက်ရှိတဲ့ ခရီးကို နေ့ချင်းရောက်အောင် သွားနိုင်တဲ့ ဘဒ္ဒဝတီ ဆင်မကို တောင်းသာယူထားကွယ့် မမှားဘူး၊ မင်းကြီးအတွက် အရေးပေါ် လိုအပ်ရင် ဆေးအမြန်ထွက်ရှာရလွယ်အောင်ပေါ့လို့ လျှောက်ရင် အဆင်ပြေပါလိမ့်မယ်”

“သိပ်ကောင်းတဲ့ အကြံအစည်ပါပဲ ဘိုးဘိုးရယ်၊ ခုလို ကျွန်တော့်အပေါ် သွေးသားရင်းချာလို သဘောထားပြီး ကောင်းရာညွှန်လတ်တဲ့ ဘိုးဘိုးရဲ့ ကျေးဇူးကို တစ်သက် မမေ့ပါဘူး”

“ကိစ္စမရှိပါဘူးကွယ်၊ ဒါ့ထက် မောင့်ကို မင်းကြီးနဲ့ ပတ်သက်တဲ့ အခြင်းအရာကလေးတွေ သိထားရအောင် ပြောထားရင်ကောင်းမယ်ထင်တယ်”

“လိုအပ်တာပေါ့ ဘိုးဘိုးရယ်၊ ပြောပြပါခင်ဗျာ”

ဘိုးဘိုး၏ နားနေခန်း၌ ချစ်ကြည်သော နွေးထွေးမှုတွေက အစွမ်းကုန် လှပနေလေသည်။ ထောပတ်မုန်းသူတစ်ယောက်အပေါ် ထောပတ်သုံးသူတစ်ယောက်မှ သိထားနားလည်သင့်သည့် အချက်အလက်များကို ပြောကြားနေသည်ကပင် စိတ်ဝင်စားဖွယ်ကောင်းသော ပစ္စုပ္ပန်၊ အတိတ်ဝဋ္ဋ ပုံပြင်တွေအလား ရသတွေက လွှမ်းခြုံနေတော့၏။


ရွှေလ ...

ရွှေဘမိုးကြယ်



www.burmeseclassic.com

www.burmeseclassic.com



# အဆင်ပြေပြေ

## (လုပ်ငန်းအဆင်ပြေစေရန်)

ဖြိုးဟန်ကျော် (ဂေါသ)

ကိုချစ်ထွန်းနှင့် ကျွန်တော်သည် ငယ်သူငယ်ချင်း ကျောင်းနေဖက်ဖြစ်၏။ သူနှင့်ကျွန်တော် မော်လမြိုင်မှာ ကျောင်းအတူတက်နေစဉ်ကပင် တတွဲတွဲ သွားအတူ၊ လာအတူ၊ ရန်ဖြစ်ရင်လည်း အတူတူ ဖြစ်ကြ၏။ အလွန်ချစ်ကြသော ငယ်သူငယ်ချင်းများလည်း ဖြစ်၏။ ကျောင်းမှထွက်ပြီး ကျွန်တော်သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ပြီး ကြုံရာအလုပ်များကို လုပ်နေချိန်မှာ ကိုချစ်ထွန်းတစ်ယောက် ရုံးတစ်ရုံးမှာ အရာရှိတစ်ဦးအဖြစ်နှင့် တာဝန်ကျရာ မြို့ရွာအနှံ့ ရောက်နေပြီဖြစ်၏။ ကျွန်တော်နှင့်လည်း စာအဆက်အသွယ် မပြတ်လုပ်၏။ ကျွန်တော် ဗေဒင်ဆရာတစ်ယောက်အဖြစ် ဘဝကို ရပ်တည်ချိန်မှာ ကိုချစ်ထွန်းတစ်ယောက် အိမ်ထောင်ကျပြီး သားနှစ်ယောက်နှင့် သမီးတစ်ယောက်ပင် ထွေးကား

www.burmeseclassic.com

## ညောင်ရွက်သုံးရွက်ကို ထပ်ပြီး
## အဲဒီညောင်ရွက် သုံးရွက်ပေါ်မှာ
## ကံ့ကော်ညွှန့် နှစ်ညွှန့်တင်ပါ။
## ညောင်ရွက်ကို ဒေါင်လိုက်ခေါက်ပြီး
## ဝါးခြမ်းပြားနှစ်ခြမ်းနဲ့ညှပ်ပါ။
## ခိုင်အောင် ကြိုးချည်ပြီး
## အိမ်က မီးဖိုပေါ်တည့်တည့်မှာ...

နေပြီဖြစ်၏။ သူ သက်ပြည့်ပင်စင်ယူပြီးနောက် ရန်ကုန်မှာ အခြေချနေထိုင်ရန် ပြောင်းရွှေ့လာမည်ဖြစ်ကြောင်းလည်း သိရ၏။

တစ်နေ့သောညနေပိုင်း ကျွန်တော်၏အလုပ်ခန်းအတွင်းသို့ ကိုချစ်ထွန်းတစ်ယောက် မမျှော်လင့်ဘဲ ရောက်ရှိလာ၏။ ကျွန်တော်လည်း ဝမ်းသာအားရဖြင့် -

"သူငယ်ချင်း...ဘယ်တုန်းက ရန်ကုန်ရောက်နေတာလဲ"

ဟု မေးလိုက်၏။ သူငယ်ချင်း ကိုချစ်ထွန်းက -

"သူငယ်ချင်းဆရာရေ...ကျွန်တော် ရန်ကုန်ကို အပြီးပြောင်းရွှေ့လာခဲ့ပြီ။ လွန်ခဲ့တဲ့လက ရောက်တယ်။ ရောက်ရောက်ချင်း လာချင်တာ။ မိသားစု နေရာထိုင်ခင်းအတွက် စီစဉ်နေရသေးတယ်"

ဟု ပြော၏။

ကိုချစ်ထွန်းနှင့် ကျွန်တော်သည် ငယ်စဉ်ကပင် ခင်ဗျား၊ ကျွန်တော်ဟူ၍ ပြောဆိုနေကြသူများဖြစ်၏။ ယခု ကျွန်တော် ဗေဒင်ဆရာဖြစ်လာသော အချိန်မှစပြီး ကျွန်တော့်ကို တလေးတစားဖြင့် သူငယ်ချင်းဆရာဟု ပြောင်းခေါ်၏။

"ဒီကို လာရင်းကိစ္စက သူငယ်ချင်းနဲ့လည်း တွေ့ရအောင်၊ နောက်ပြီး ကျွန်တော့်သားကြီးကိစ္စလည်း အကူအညီလေးတစ်ခု တောင်းချင်လို့ပါ"

"ဘာများ အခက်အခဲဖြစ်နေလို့လဲ ကိုချစ်ထွန်း။ ခင်ဗျားနဲ့ကျွန်တော်ဟာ သူငယ်ချင်းကောင်းပီပီ ကူညီနိုင်တဲ့ ကိစ္စမှန်ရင် ကူညီပေးပါ့မယ်"

"ကျွန်တော့်သားကြီး မောင်သက်အောင်ဟာ ကျောင်းပြီးလို့ ဘွဲ့လည်းရထားပြီ။ အလုပ်လျှောက်ထားတာ အဆင်ပြေပြေနဲ့ ရချင်လို့ပါ"

သူက ပြောဆို အကူအညီတောင်းလာရာ ကျွန်ုပ်လည်း မောင်သက်အောင်၏ မွေးနေ့ မွေးရက်၊ ခုနှစ်၊ လများကို တောင်းယူပြီး ကျွန်ုပ် သင်ကြားတတ်မြောက်ထားသော ပညာရပ်များဖြင့် ပေါင်းစပ်ကာ မောင်သက်အောင် လျှောက်ထားသောအလုပ် အဆင်ပြေပြေ ရရှိစေရန်အတွက် ဖော်ပြပါ ယတြာထုံးကို ပြုလုပ်နိုင်းလိုက်၏။

"ညောင်ရွက်သုံးရွက်ကို ထပ်ပြီး အဲဒီညောင်ရွက်သုံးရွက်ပေါ်မှာ ကံ့ကော်ညွှန့် နှစ်ညွှန့်တင်ပါ။ ညောင်ရွက်ကို ဒေါင်လိုက်ခေါက်ပြီး ဝါးခြမ်းပြားနှစ်ခြမ်းနဲ့ညှပ်ပါ။ ခိုင်အောင် ကြိုးချည်ပြီး အိမ်က မီးဖိုပေါ် တည့်တည့်မှာ အညွှန့်အဖျားကို ဒေါင်လိုက်အနေအထားနဲ့ ဆွဲထားပါ"

ကျွန်တော်၏သူငယ်ချင်းသည် စာရွက်လွတ်တစ်ရွက်၌ အပြည့်အစုံရေးမှတ်ပြီးနောက် ကျေနပ်ဝမ်းသာသော အပြုံးဖြင့် -

"ကျေးဇူးပါပဲ သူငယ်ချင်းဆရာ။ ကျွန်တော့်သား အလုပ်ရရင် ပထမဦးဆုံးလစာငွေနဲ့ လာပြီးကန်တော့နိုင်းမယ်"

ဟု ပြောဆိုနှုတ်ဆက်၍ ပြန်သွားလေတော့၏။

(မည်သည့်နေ့သားသမီးမဆို မိမိလျှောက်ထားသော အလုပ် အဆင်ပြေပြေ ချောချောမွေ့မွေ့ ရရှိစေရန်အတွက် အထက်ပါယတြာကို ပြုလုပ်နိုင်ပါကြောင်း။)

ဖြိုးဟန်ကျော်(ကော်သ)



www.burmeseclassic.com

www.burmeseclassic.com

# သရောဒယ အောင်လံထူ

သစ္စာဝါဒီ ဆရာမြတ်စောလင်း

သရောဒယသ ရဒွေးပညာသည် ရှေးဟောင်းမြန်မာ ဗေဒင်စစ်စစ်ပင် ဖြစ်၏။ ထိုပညာရပ်သည် ရှေးဘုရင်များ အတွက် နန်းတွင်းပညာရှိ ပုရောဟိတ် ဆရာများ၏ အား အကိုးဆုံးသော ပညာရပ်ဖြစ်၏။ သရောဒယသရဒွေးပညာ သည် အပေါ်အားဖြင့် သိပ်ကြီးမကျယ်ဝန်းလှပေ။ သို့သော် ထွက်သောဟောချက်များမှာ တိကျမှန်ကန်မှုရှိ၏။ အဟော ထွက်ဆိုချက်အရ ယတြာကိစ္စ၌ အစွမ်းထက်လှ၏။ ထို့ကြောင့် ရှေးပညာရှိကြီးများသည် ဤသရောဒယသရဒွေးပညာရပ်ကို တပည့်ခံလာသူတိုင်း လွယ်ကူစွာ သင်မပေးခဲ့ပေ။ ဤပညာ ဖြင့် လူတစ်ဦး၏ဘဝ တိုးတက်အောင်မြင်သွားစေနိုင်သလို ဆုတ်ယုတ်ပျက်စီးအောင်လည်း ပြုလုပ်နိုင်၏။ ကံငါးပါးကို မလုံခြုံ၊ သတ္တဝါကို-သနားကြင်နာမှုမရှိ မိဘ၊ ဆရာသမားတို့၏ ဆုံးမပဲ့ပြင်မှုကို လွယ်ကူစွာ နာယူကျင့်သုံးနိုင်မည့် ပုဂ္ဂိုလ် မဟုတ်သော တပည့်များအား သင်ပြမပေးကြပေ။ လူတိုင်းနှင့် မထိုက်တန်သော ပညာရပ်ပင် ဖြစ်၏။

ထိုရှေးကျ၍ ယတြာအစွမ်းထက်မြက်သော ဤသရော ဒယသရဒွေးပညာကို ရွှေဘိုဆရာကြီးဦးဘရုံးမှတစ်ဆင့် ဆရာ ကြီးဦးစံကို ပုလိပ်မြို့(စိတြဥယျာဉ်ရွာ)ထံသို့ ပွားများပြီး ဆရာ ကြီးဦးစံကိုမှတစ်ဆင့် တပည့်သားမြေးများ မြောက်မြားစွာ ပွားများခဲ့၏။ သို့သော် ပညာကို လျှို့ဝှက်သိပ်သည်းစွာ အသုံး ပြုခဲ့ကြသဖြင့် သရောဒယ သရဒွေးပညာများ သိပ်မပြန့်ပွားဘဲ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရ၏။ နိုင်ငံတော်ထုတ် သရောဒယ သရဒွေးကျမ်းစာအုပ် ရှိခဲ့သော်လည်း၊ အပွသုတ အကြားအမြင် ဗဟုသုတနည်းပါးသူများဖြစ်ကြ၍ မည်သူမျှ ဖော်ထုတ်သုံးစွဲနိုင်ခြင်း မရှိခဲ့ပေ။ ဆရာတော် ဦးသီလာစာရမှ ပရဂ္ဂုမမှုစသည်ဖြင့် လက်ရေးမှုများ ရွှေဘိုဦးဘရုံးထံ၌ ရှေး ဟောင်းပေမူ၊ အခြားသောမူများ နေရာအသီးသီးတွင် ပြန့်ကျဲ၍နေသော သရောဒယ သရဒွေး ပညာရပ်ကို ပုဏ္ဏားဗေဒင် ပညာရှိ ဆရာကြီးဆရာဒဂုန်က ဇောတိသဝေဒမဂ္ဂဇင်းမှ သရောဒယပညာရှင်များကို အင်တာဗျူးပြုလုပ်ခြင်း၊ ပညာရှင် များရေးသားသည့် ဆောင်းပါးများကို ဖော်ပြခြင်းနှင့် ၎င်းသရော ဒယ သရဒွေးပညာ ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲဟူ၍ သုံးကျမ်းခွဲ၍ စာဖတ်သူတိုင်း အလွယ်တကူ သိရှိနားလည် နိုင်ရန် ဇယားများ၊ ကောက်ကိန်းများဖြင့် ရှင်းရှင်းလင်းလင်း ရေးသားထုတ်ဝေခဲ့သဖြင့် ဗေဒင်ပညာရှင် တော်တော်များများ အလွယ်တကူ ဖတ်ရှုနားလည်ကာ အသုံးပြုလာနိုင်ခဲ့၏။

ကျွန်ုပ်လည်း ကျွန်ုပ်၏ဆရာဖြစ်သူ သရောဒယ ဆရာ ဆန်းလှိုင်နှင့်အတူ မဂ္ဂဇင်းတာဝန်အရ သရောဒယ သရဒွေး ဆရာများနှင့် တွေ့ဆုံခွင့်ရခဲ့သဖြင့် ၎င်းဆေးဆရာများထံမှ ပညာရပ်များကို တပည့်ခံ ဆည်းပူးခွင့်ရခဲ့ပေသည်။ ထို့ကြောင့် ကျွန်ုပ်၏ စာဖတ်ပရိသတ်များကို လက်တွေ့စမ်းသပ်ပြီးဖြစ် သော ဤသရောဒယ ယတြာများကို ပညာပြန့်ပွားစေရန် စိတ်ရည်သန်လျက် ရေးသားတင်ပြခြင်းပင် ဖြစ်၏။


သရောဒယ ကြက်လျှာအလံသည် လူတစ်ဦး၏ အကြံ အစည်၊ လုပ်ငန်းစီးပွားတို့ကို တိုးတက်စေ၏။ ဝင်ငွေကို တိုးစေ သည်။ အမှုအခင်း တရားတဘောင်တို့ကို နိုင်စေ၏။ အချစ် ရေး အိမ်ထောင်ရေးတို့ကို သာယာစေနိုင်၏။ အိမ်ထောင်ရေး အိမ်တွင်းရေး၊ စီးပွားရေး၊ အချစ်ရေး၊ လူမှုရေး၊ ပညာရေး ငွေကြေးကိစ္စ၊ အလုပ်အကိုင်၊ မင်းရေးစိုးရေး တရားတဘောင်၊ အမှုအခင်း စသည်ဖြင့် သာယာဖြောင့်ဖြူး တိုးတက်စေခြင်းကို ဖြစ်စေနိုင်၏။ ရာထူးတိုးခြင်း၊ နေရာမြဲခြင်းတို့ကိုလည်း ဖြစ် စေနိုင်၏။ မိမိဆန္ဒအရ ဆုတောင်း၍ တောင်းသည့်ဆုအတိုင်း ရည်ရွယ်သည့်ဆန္ဒအရ ဖြစ်ပေါ်ခံစားမှုအကျိုးကို ဖြစ်ထွန်း စေနိုင်ခြင်းပင် ဖြစ်ပေသည်။

သရောဒယ အောင်လံဖြစ်သော ကြာလျှာအလံပြု လုပ်နည်းမှာ မိမိနှင့်သက်ဆိုင်သော အရောင်ပိတ်စကို အနံ ၉ လက်မ၊ အလျား ၁၃ လက်မရှိ ဖော်ပြထားသည့် ပုံအတိုင်း ညှပ်၍ အနားလုံးစက်ဖြင့်လုံးပြီး ချည်စရာကြိုးလေးများပါ



www.burmeseclassic.com

www.burmeseclassic.com




ထည့်သွင်းကာ ချုပ်ပြီးလျှင် ဖော်ပြထားသည့်အတိုင်း သရဏဂုံသုံးပါးကို သေသပ်စွာရေးသားလျက် ၎င်းအလံကို ကောရာစ်သား အလံရိုးတွင် ချည်နှောင်ထားပြီး အလံရောင်နှင့် ထပ်တူဖြစ်သော ပန်းအိုးငယ်တွင်စိုက်လျက် မိမိနှင့်သက်ဆိုင်သော နေ့ရက်၊ အချိန်များတွင် အောင်ဓာတ်ကျသော အရပ်မျက်နှာကို မျက်နှာမူလျက် ပြုလုပ်စီရင်ခြင်းဖြင့် မိမိတို့ အလိုဆန္ဒ ပြည့်ဝနိုင်လေသည်။

ဥပမာ နာမည်အရင်းလုံး ယူဆပုံမှာ အမှတ်စဉ်(၁) အတန်းတွင် အိန္ဒြာကျော်ဇင်၊ အာဇာနည်၊ ကျော်သူ၊ ဆုန်သင်းပါရှိ၊ ဘိုဘိုဟာန်တို့သည် စိမ်းရွှေသော အလံအရောင်ကို အသုံးပြုရမည်။ ဖော်ပြထားသည့်ရက်၊ အချိန်တွင် အရှေ့အရပ်ကို မျက်နှာပြု၍ သရဏဂုံသုံးပါးကိုရေးသားလျက် စိမ်းရွှေသောအရောင်ရှိသည့် ပန်းအိုးနှင့် အလံကို စိုက်ထူပြီး ဘုရားခန်း၌ တည်ငြိမ်စွာ သုံးလ၊ ခြောက်လ မရွှေ့မပြောင်း ထားရမည်ဖြစ်၏။ အမှတ်စဉ်(၂)တွင် ဇင်ဇင်ဇော်မြင့်၊ ခိုင်သင်းကြည်၊ ညီနန္ဒ၊ ဇင်မာဦး၊ နိုင်းနိုင်း၊ နန္ဒာလှိုင်၊ မေသန်းနု၊ မင်းဦး၊ မောင်မောင်လတ် စသော အမည်များသည် အဖြူရောင်၊ အမှတ်စဉ်(၃)အရ တင့်တင့်ထွန်း၊ ပိုင်သ၊ ယမင်း၊ ဥမ္မာ၊ ဂျေမောင်မောင်၊ ချာန်ရှ၊ တွေးတွေးနီ စသည်တို့သည် အပြာရောင် အမည်းရောင်ကို သုံးရမည်။ အမှတ်စဉ်(၄)အရ ထက်ထက်မိုးဦး၊ ထွန်းအိန္ဒြာဗိုလ်၊ ရန်အောင်၊ သားညီတို့သည် အနီရောင်ကို သုံးရမည်ဖြစ်၏။ အမှတ်စဉ်(၅)အရ စိုးမြတ်နန္ဒာ၊ လှမင်း၊ ပေါမာနေဝင်း၊ ဒီးဒီး၊ ဒေးဗစ်၊ ဗလကြီး၊ ငွေမောင် စသည့်တို့သည် အဝါရောင်အလံကို အသုံးပြုရမည်ဖြစ်၏။ စာဖတ်သူများ မှတ်သားမှုလွယ်ကူအောင် ရုပ်ရှင်၊ ဂီတ၊ စာပေ၊ အနုပညာ ရှင်အချို့တို့၏ အမည်ဖြင့် ယှဉ်တွဲ၍ ရှင်းပြခြင်းဖြစ်သည်။ သေချာစွာလေ့လာ၍ ပြုလုပ်လိုသူ၏ အမည်အရင်းလုံး သရအက္ခရာများအရ အောင်မြင်တိုးတက်စေရန် သရောဒယ အောင်ဓာတ်အလံကို ပြုလုပ်နိုင်ပါစေ။

| စဉ် | နာမည်အရင်းလုံး | အလံအရောင် | ပြုလုပ်ရမည့်ရက် | အချိန် | မျက်နှာပြုအရပ် |
|---|---|---|---|---|---|
| ၁။ | အ၊ က၊ ခ၊ ဥ၊ ဝ၊ ဘ၊ စ၊ ဓ၊ ထ | စိမ်းရွှေရောင် | ၃၊ ၈၊ ၁၃ ရက် | ၈း၁၅ နာရီမှ ၃း၁၅ နာရီ | အရှေ့အရပ် |
| ၂။ | ဣ၊ ခ၊ ဇ၊ ည၊ လ၊ န၊ မ၊ ပ | အဖြူရောင် | ၄၊ ၉၊ ၁၄ ရက် | ၉း၁၅ နာရီမှ ၄း၁၅ နာရီ | တောင်အရပ် |
| ၃။ | ဥ၊ ဂ၊ င၊ ဈ၊ တ၊ ပ၊ ယ | အမည်းရောင် | ၅၊ ၁၀၊ ၁၅ ရက် | ၁၀း၁၅ နာရီမှ ၅း၁၅ နာရီ | အလယ်အရပ် |
| ၄။ | ဧ၊ ဃ၊ ဋ၊ ထ၊ ဖ၊ ရ၊ သ | အနီရောင် | ၁၊ ၆၊ ၁၁ ရက် | ၁၁း၁၅ နာရီမှ ၁း၁၅ နာရီ | အနောက်အရပ် |
| ၅။ | ဩ၊ စ၊ ဍ၊ ဒ၊ ဗ၊ လ၊ ဟ | အဝါရောင် | ၂၊ ၇၊ ၁၂ ရက် | ၇း၁၅ နာရီမှ ၁၂း၁၅ နာရီ | မြောက်အရပ် |

သစ္စာဝါဒီ ဆရာမြတ်စောလင်း
၀၉-၄-၂၀၀၉

www.burmeseclassic.com

# သိသာစေကြောင်း
# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိန်း၏နည်းစနစ်အတိုင်းဟောသည်
## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(၈)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၁၀
၀၉-၅၈၉၉၅၉၅၆၇

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် ကံဇာတာကောင်းတယ်လို့တော့ မပြောနိုင်ပါဘူး။ ဘာပဲလုပ်လုပ် အပင်ပန်းခံသလောက် အကျိုးမရှိတတ်ဘူး။ အနစ်နာခံ အရှုံးပေးပြီး နှလုံးအေးအောင်နေပေမယ့်လည်း ကိုယ့်ကို ဖိနှိပ်တဲ့သူ များနေတတ်တယ်။ လုပ်ငန်းသစ် စပ်တူလုပ်ဖို့ အကူအညီကောင်းတွေ ရလာတတ်တယ်။ ဆိုင်တစ်ဆိုင်ဖွင့်မယ်ဆိုရင် ဒီကာလဟာ အကောင်းဆုံးပါ။ စက်ပစ္စည်းတွေလည်း ဝင်တတ်တယ်။ ယခုအချိန်တွင် ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးရွားရွား ညှိုးသွားတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ အိမ်ငှား၊ မြေငှား အမှုအခင်းသေးသေးလေးတွေကို လိုက်လံဖြေရှင်းပေးရတတ်တယ်။ အိမ်မှာသုံးနေတဲ့ ရေပိုက်တွေ၊ ရေကန်တွေလည်း ပြုပြင်ရတတ်တယ်။ ပြည်ပခရီးထွက်ဖို့ ကြံရွယ်ထားရင် ကျန်းမာရေးညှိုးလို့ ခရီးစဉ် နောက်ဆုတ်ရတတ်တယ်။ သားသမီးများ ကျန်းမာရေး အနည်းငယ် ညှိုးတတ်တယ်။ ဗုဒ္ဓဟူးသားသမီးရှိရင် အိမ်ကထွက်သွားတတ်တယ်။ ရွှေထည်ပစ္စည်းလည်း ထွက်တတ်တယ်။ ရွှေဝယ်မိပါက ဝယ်သူ၏ ဇနီး၊ ခင်ပွန်း အိမ်ကနေ ထွက်တတ်ပါတယ်။ ကိုယ်ဝန်ဆောင်သည်ရှိရင် အိမ်မှာ မမွေးရပါ။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင် ကောင်းပါတယ်။ လေနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်တယ်။ ဝမ်းပျက် ဝမ်းလျှော ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၄)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ကုက္ကားအဖြူ(၁၉)ခုတို့ကို လှူပေးပါ။ အညံ့ များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

တနင်္လာ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၃၇၊ ၃၁၊ ၁၃၊ ၁၅

### အထူးသတိပြုရန်

ယခုကာလတွင် လုပ်နေတဲ့ အလုပ်ကိုပဲ ဆက်လုပ်ပြီး မတိုးချဲ့၊ မပြောင်းပါနှင့်ဦး။ အမှုမဖြေရှင်းရပါ။ မဖြစ်မနေ ဖြေရှင်းရမယ်ဆိုရင် အရှုံးပေးလိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း ဆွမ်းပူပူပေါ် ဆီဆမ်း ဆားဖြူး၍ အုန်းသီးတစ်စိတ်တင်ပြီး လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ကြုံတွေ့ရပါလိမ့်မယ်။ ပြိုင်ပွဲတွေ ဝင်ပြိုင်ရင်လည်း ဆုတံဆိပ်တွေ ရပါလိမ့်မယ်။ လုပ်ငန်းသစ်များ လုပ်ကိုင်ရတတ်တယ်။ ထိုလုပ်ငန်းများသည်လည်း အကျိုးပေးသော လုပ်ငန်းများ ဖြစ်တယ်။ အလှူအတန်းပြုလုပ်ရခြင်း၊ မင်္ဂလာပွဲများ စီစဉ်ရခြင်းမျိုး လုပ်ရတတ်တယ်။ ယခုကာလတွင် ငွေရှာရလွယ်ကူသလောက် စုဆောင်း၍မရ ဖြစ်နေတတ်တယ်။ ငွေဝင်လျှင် လက်ထဲမှာ ကိုင်မထားဘဲ ရွှေဝယ်ထားပါ။ စနေနံပစ္စည်းများ ဝင်လာပါက ခိုတ်တတ်တယ်။ ဆရာသမားကဲ့သို့ ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်တတ်တယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ မြေနှင့်ပတ်သက်သော ကိစ္စများ၊ အမွေအနှစ်ကိစ္စများလည်း ကြုံတွေ့ရတတ်ပါတယ်။ အိမ်ထောင်သည်တွေ အဖို့ အိမ်ထောင်ရေး ဂရုစိုက်ပါ။ ယခုရောက်ရှိနေတဲ့ ကာလမှာ တပို့တွဲလ၊ တပေါင်းလများ ပါဝင်နေရင် ခွဲခွာရတတ်တယ်။ အစားမှားခြင်း၊ ဆေးမှားခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ယပ်အဖြူ(၁၂)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

သောကြာ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၄၂၊ ၄၇၊ ၂၅

**အထူးသတိပြုရန်**

အမှုအခင်းဖြစ်နေသူကို ငွေချေးခြင်း၊ အာမခံပြုလုပ်ခြင်းများ မလုပ်ပါနှင့်။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့တိုင်း ကော်ရည်ခေါက်ဆွဲ လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ကံကောင်းမှုတွေ ကြုံတွေ့ရပါလိမ့်မယ်။ လာဘ်လာဘများလည်း ဝင်လာလိမ့်မယ်။ ကျောက်မျက်ရတနာတွေ ဝယ်ယူခြင်း၊ တူးဖော်ခြင်း၊ ပြည်ပခရီးဝေးသွားဖို့ အခွင့်အရေးတွေ ရနိုင်တဲ့ကာလဖြစ်တယ်။ သင်တန်းကောင်းတက်ရခြင်း၊ ပညာကောင်းများ ရရှိမယ်။ ရင်းနှီးသူလုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းမျိုး ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ ကြီးပွားတိုးတက် အောင်မြင်မယ့်ကာလဖြစ်ပါတယ်။ အတိုက်အခံလေးတွေတော့ အနည်းငယ် ရှိတတ်ပါတယ်။ စပ်တူလုပ်ငန်းလုပ်ရန်လည်း ပေါ်လာတတ်တယ်။ အဖိုးတန်စက်ပစ္စည်းများ ဝင်လိမ့်မယ်။ ငွေရှာရလွယ်သလောက် ငွေဝင်ငွေထွက်ကြမ်းနေတတ်တယ်။ ဆွေမျိုးသားချင်းများထဲမှ ကျန်းမာရေးမကောင်းသတင်း ကြားရတတ်တယ်။ အဲဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တက္ကဒါန်ထီး(၁၅)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| အင်္ဂါ၊ ကြာသပတေး |

| ညံ့သောရက် |
|---|
| စနေ၊ ဗုဒ္ဓဟူး |

| ကံကောင်းသောနံပါတ် |
|---|
| ၅၆၊ ၅၃၊ ၃၄၊ ၃၅ |

| အထူးသတိပြုရန် |
|---|
| ယခုကာလတွင် အသုဘမပို့ရ။ သချိုင်းမြေ မနင်းရ။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ဘုရားတွင် ကိတ်မုန့်(၂)ချပ်၊ နွားနို့(၇)ခွက် မကြာခဏ လှူဒါန်းပေးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် အလုပ်နေရာ၊ အိမ်နေရာ အပြောင်းအလဲ ဖြစ်တတ်တယ်။ အိမ်အသစ်ဆောက်လျှင် ကိုယ့်အတွက် အကျိုးပေးသောအိမ်မျိုး၊ ကျန်းမာရေးကောင်းသောအိမ်မျိုး ဖြစ်တတ်တယ်။ လက်ရှိအလုပ်အပြင် အဆက်အသွယ်သစ်များ ပေါ်ပေါက်လာတတ်တယ်။ လုပ်ငန်းသစ်များလည်း ပေါ်လာတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်တဲ့သူဆိုရင် လုပ်ငန်းတွေ တိုးချဲ့ရတတ်တယ်။ အစိုးရဝန်ထမ်းများအဖို့ ရာထူးတက်ခြင်းမျိုး ကြုံရတတ်တယ်။ အိမ်ထောင်မရှိသူများအဖို့ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ မင်္ဂလာဆောင်လျှင် စည်ကားသော မင်္ဂလာပွဲမျိုးဖြစ်မယ်။ ဘုရားဆင်းတုတော်၊ ဓာတ်တော်များ၊ ရှင်သီဝလိရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြား၊ ဘာသာခြားတွေ မစတတ်တယ်။ အလုပ်အကိုင်ကောင်းတယ်ဆိုပေမယ့် အတိုက်အခံတော့ ရှိတယ်။ အိုးပိုင် အိမ်ပိုင် ရနိုင်သော ကာလဖြစ်သောကြောင့် သူတစ်ပါးပစ္စည်းများကို မိမိအိမ်ခြံဝင်းအတွင်း လက်ခံမထားပါနှင့်။ မိတ်ဆွေရင်းတွေက အထင်မြင် လွဲမှားတတ်တယ်။ အမြင့်မှ လိမ့်ကျခြင်း၊ ခန္ဓာကိုယ်မှာ အနာပေါက်ခြင်းမျိုး ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက် (၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်(၁၅)ညွန့်၊ ဖြူဟ်ရုပ်စုံ(၆)ခုတို့ကို လှူပေးပါ။ အညစ်များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၅၊ ၆၄၊ ၄၆၊ ၄၃

### အထူးသတိပြုရန်

မိမိအိမ်အနီးအနားတွင်လည်းကောင်း၊ မျက်နှာချင်းဆိုင်တွင်လည်းကောင်း အိမ်ဖျက်ချခြင်း၊ အိမ်အမှုဖြစ်ခြင်း၊ မိန်းမအရှုပ်အထွေး ပြဿနာများ ကြုံတွေ့ရလျှင် ညံ့တတ်ပါတယ်။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ဘုရားတွင် မကြာခဏ မုန့်လုံးရေပေါ် လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် အလှူအတန်းတွေ မုချပြုလုပ်ရမှာဖြစ်ပါတယ်။ အလှူသေးသေးလေး လုပ်မယ်ဆိုပြီး သိုက်သိုက်ဝန်းဝန်းနဲ့ ကြီးမားသွားတတ်တယ်။ ရုတ်တရက် ငွေတွေ ဝင်လာတတ်တယ်။ အလုပ်ကြောင့်လည်း ရတတ်တယ်။ ကံတရားကြောင့်လည်း ရတတ်တယ်။ သာမန်အခြေအနေမျိုးကနေ စီးပွားအရှိန်အဟုန်တက်ကာ ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်တဲ့ကာလဖြစ်တယ်။ လုပ်ငန်းကို အင်နှင့်အားနှင့် တိုးချဲ့လုပ်ကိုင်သင့်သော်လည်း ဖြတ်လမ်းနည်းဖြင့် ငွေရှာခြင်းမျိုး မပြုလုပ်သင့်ပါ။ လူမျိုးခြား၊ နိုင်ငံခြားနဲ့ ပတ်သက်တဲ့ကိစ္စများ အထူးအကျိုးပေးတဲ့ကာလဖြစ်တယ်။ ခရီးထွက်မယ်ဆိုရင် ဒီကာလမှာ ထွက်ဖြစ်အောင် ထွက်လိုက်ပါ။ အလုပ်ထဲမှာ အတိုက်အခံတွေ ပေါ်နေတတ်တယ်။ ဝန်ထမ်းဆိုရင်တော့ အလုပ်ထွက်ချင်စိတ် ပြောင်းချင်စိတ်တွေ ပေါ်လာလိမ့်မယ်။ စာရွက်စာတမ်း စာချုပ်ကိစ္စတွေ လက်မှတ်ရေးထိုးမယ်ဆိုရင် ညှိသွားတတ်တယ်။ ဆီးရောဂါ၊ မျက်စိရောဂါ ဖြစ်တတ်တယ်။ ယခုကာလတွင် ဘာပဲကြုံကြုံ နှစ်ကြိမ်နှစ်ခါ ထပ်ပြီး ဖြစ်တတ်တယ်။ သားသမီးနှင့် ပတ်သက်ပြီး အနည်းငယ် ပူရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကန္တက္ကဒါန်ထီးဖြူ (၁)ခု တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| တနင်္လာ၊ စနေ |

| ညံ့သောရက် |
|---|
| ဗုဒ္ဓဟူး၊ တနင်္ဂနွေ |

| ကံကောင်းသောနံပါတ် |
|---|
| ၂၂၊ ၃၃၊ ၂၃၊ ၃၂ |

| အထူးသတိပြုရန် |
|---|
| မျက်နှာချင်းဆိုင်အိမ်၊ ခေါင်းရင်းအိမ်တွင် မင်္ဂလာဆောင်၊ အလှူရှိရင်လည်းကောင်း၊ မိမိအိမ်ကို ကိုယ်ဝန်ဆောင်သည် လာရောက်မီးဖွားသော နိမိတ်တွေ့ရင်လည်းကောင်း ငွေအစုလိုက် အပုံလိုက်ရတတ်တယ်။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် စနေနေ့တိုင်း နန်းကထိုင်မုန့် လှူဒါန်းပေးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် လက်ရှိအလုပ်ကနေ တခြားကို ပြောင်းချင်တဲ့စိတ်တွေ ပေါ်လာတတ်တယ်။ မပြောင်းပါနှင့်ဦး။ နောက်ပြောင်းတဲ့အလုပ်က အကျိုးမပေးပါဘူး။ မထင်မှတ်တဲ့ခရီးတွေ သွားရတတ်တယ်။ ကိုယ့်ကိစ္စကြောင့် သွားရတာ မဟုတ်ဘဲ သူတစ်ပါးကိစ္စကြောင့် သွားရတာဖြစ်မယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူတွေအဖို့ အလုပ်မှာ ပျက်စီးဆုံးရှုံးမှုတွေ များနေတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ဖြေရှင်းရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဖက်နဲ့ စိတ်ဝမ်းကွဲခြင်းမျိုး ကြုံတွေ့ရတတ်တယ်။ အလှူပွဲ၊ မင်္ဂလာပွဲ အစီအစဉ်များ ရက်ရွှေ့ရတတ်တယ်။ မြေတစ်ကွက် ဝင်တတ်တယ်။ ပညာတစ်ခု သင်ကြားရတတ်တယ်။ ထီကံကောင်းတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံခြားနှင့်ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ယခုကာလတွင် အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်အရောင်းအဝယ်လုပ်ခြင်းမျိုး လုံးဝမလုပ်ပါနှင့် အဆင်မပြေတတ်ပါ။ ကျန်းမာရေးအနေဖြင့် ခြေထောက်နှင့် ကျောမှာ ထိခိုက်ဒဏ်ရာ ရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅) နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့် ၌ အုန်းညွန့်(၁)ညွန့်၊ ကံ့ကော်ညွန့်(၁၅)ညွန့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

| ကံကောင်းသောရက် |
|---|
| ကြာသပတေး၊ စနေ |

| ညံ့သောရက် |
|---|
| တနင်္လာ၊ သောကြာ |

| ကံကောင်းသောနံပါတ် |
|---|
| ၃၆၊ ၅၃၊ ၅၈၊ ၅၄ |

| အထူးသတိပြုရန် |
|---|
| ယခုကာလအတွင်း သချိုင်းမြေ လုံးဝမနင်းပါနှင့်။ |

| ကံကောင်းပြီး လာဘ်ရွှင်စေရန် |
|---|
| မိမိနေအိမ်ဘုရားတွင် ထောပတ်ထမင်း လှူဒါန်းပေးပါ။ |



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် အနည်းငယ် ညှံ့နေပါတယ်။ စိတ်အနှောင့်အယှက် ဖြစ်စရာလေးတွေ ကြုံရတတ်တယ်။ နားချိန်မရလောက်အောင် အလုပ်ရှုပ်ပြီး လွှန်စွာပင်ပန်းနေလိမ့်မယ်။ သင်တန်းတစ်ခုတက်ရခြင်း၊ အဖွဲ့အစည်းတစ်ခုခုသို့ ဝင်ရောက်ရတတ်တယ်။ အလုပ်တွင် မပျော်ဘဲ ဖြစ်နေတတ်တယ်။ လက်ရှိအလုပ်ကို ပြောင်းရန်စိတ်မကူးပါနှင့်ဦး။ အထက်လူကြီး၊ ကြီးကဲသူတို့က ကူညီလိမ့်မယ်။ မြေတစ်ကွက် ဝင်တတ်ပါတယ်။ နိုင်ငံရပ်ခြားနှင့် ဆက်သွယ်သော ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်လိမ့်မယ်။ လူငယ်လူရွယ်များ မိန်းမခိုးခြင်း၊ ယောကျ်ားနောက်လိုက်ခြင်းများလုပ်လျှင် ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်တတ်တယ်။ ဘာသာရေးနှင့် ပတ်သက်သော ပုံတော်များ ဝင်လာလိမ့်မယ်။ အလှူရက်၊ မင်္ဂလာရက် ရွှေ့ရတတ်တယ်။ ဆွေမျိုးသားချင်းထဲမှ နာရေးကြုံရတတ်တယ်။ ယခုကာလတွင် ကြွေးပေးခြင်း၊ ကြွေးတောင်းခြင်း မပြုပါနှင့်။ အမွေကဲ့သို့သော ပစ္စည်းများ ရတတ်တယ်။ ဤကာလတွင် လက်ခံလိုက်လျှင် အလဟဿ ကုန်သွားတတ်တယ်။ ကျန်းမာရေး ဂရုစိုက်ပါ။ စိတ်ထွေးကိုယ်ကျေ ဖြစ်နေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွှန့်(၁)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ယပ်အဝါရောင်(၁၇)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညှံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၃၅၊ ၅၃၊ ၅၃

### အထူးသတိပြုရန်

ယခုကာလတွင် ဇိမ်ခံလိုစိတ်ဖြင့် အိပ်ရာကောင်းကောင်းဖြင့် မအိပ်ပါနှင့်။ အိပ်လျှင် ကျန်းမာရေး ချူချာခြင်း၊ ပြဿနာဟောင်း၊ ရောဂါဟောင်းများ ပြန်ပေါ်လာတတ်တယ်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထမင်းပေါ် ပျားရည်ဆမ်းပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၇ ခုနှစ်၊ ဇူလိုင်အတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်တဲ့ အပြောင်းအလဲတွေ ကြုံတွေ့ရတတ်တယ်။ အလုပ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အလုပ်သစ်တစ်ခုလည်း လုပ်ရတတ်တယ်။ အိမ်အသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်းမျိုး ပြုလုပ်ရတတ်တယ်။ ခရီးတို၊ ခရီးရှည်များ သွားနေရလိမ့်မယ်။ ထိုခရီးများသည်လည်း သင့်အတွက် အကျိုးထူးစေပါလိမ့်မယ်။ မထင်မှတ်ဘဲ ပညာတစ်ခု သင်ကြားရတတ်တယ်။ မရည်ရွယ်ဘဲ မြေဝင်တတ်တယ်။ အလုပ်ကောင်းပေမယ့် နည်းနည်းတော့ သတိထားပါ။ မိမိအပေါ် မကောင်းကြံခြင်း၊ မကောင်းပြောခြင်းများ ခံရတတ်တယ်။ လူမျိုးခြား ဒုက္ခပေးတတ်တယ်။ လက်အောက်ငယ်သားအတွက် စိတ်ညစ်စရာကြုံမယ်။ ရွှေနှင့် ရတနာပစ္စည်းများ ထွက်တတ်တယ်။ အစိုးရဝန်ထမ်းတွေအဖို့ ရာထူးတက်တာနဲ့အမျှ ပစ်စာ၊ တိုင်စာမျိုးတွေ ကြုံရတတ်တယ်။ တနင်္ဂနွေသားသမီး၊ သောကြာသားသမီး အကြီးအကဲတို့က အကူအညီကောင်း ပေးလာလိမ့်မယ်။ အင်္ဂါ၊ စနေ နာမည်ပါသော ကျန်းမာရေးညံ့သည့် သက်ကြီးရွယ်အိုများ အိမ်သို့လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ပြည်ပခရီးဝေး အကျိုးပေးသောကာလဖြစ်တယ်။ ကျန်းမာရေးအနေဖြင့် ဆေးမှား၊ အစာမှားဖြစ်ခြင်း၊ ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ အုန်းညွန့်(၁)ညွန့်၊ ပေါက်ပန်းဖြူ(၅)ညွန့်၊ ထီးအနီရောင်(၁၀)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

သောကြာ၊ တနင်္ဂနွေ

### ညံ့သောရက်

အင်္ဂါ၊ စနေ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၁၊ ၁၂၊ ၆၇

### အထူးသတိပြုရန်

ယခုကာလတွင် မိမိခြံ၊ ကား ရောင်းချ၍ လုပ်ငန်းသစ် စတင်ခြင်းမျိုး မပြုလုပ်ရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် သောကြာနေ့တိုင်း အုန်းဆွမ်း(၆)ပန်းကန် လှူဒါန်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၇-ခုနှစ်၊ ဇူလိုင်လ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရာမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၄/က)၊ ပိတောက်(၅)လမ်း။ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၄၃၀၃၀၊ ၀၉-၇၈၉၉၅၉၅၆၇

## တနင်္ဂနွေသားသမီးများအတွက်

အတိုက်အခံတွေကြားထဲက အလုပ်နေရာကောင်းတွေ ရတတ်တယ်။ အလုပ်မရှိသူတွေ အလုပ်ရမယ်။ အင်တာဗျူးဖြေရင် အကောင်းဆုံး အနေအထား ဖြစ်မယ်။ အလုပ်ရှိပြီးသားသူများ ရာထူးမတက်သလို့နှင့် တက်မည်။ အိမ်လည်း သည့်ထက်ကောင်းတဲ့အိမ်မျိုးမှာ နေရမည်။ အိမ်ထောင်ဘက်နှင့် မင်္ဂလာပွဲ ဆင်နွဲရတတ်သည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ဗလာစာအုပ် လက်ဆောင်ပေးပါ။

## တနင်္လာသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတက်မည်။ စာချုပ်စာတမ်းကိစ္စတစ်ခု ဖြေရှင်းရတတ်သည်။ ပညာရေးနှင့်ပတ်သက်သောကိစ္စ၊ သင်တန်းကိစ္စ အဆင်မပြေ ဖြစ်မည်။ အိမ်ဟောင်းကို ပြုပြင်ရမည်။ ထိပေါက်နိုင်သည်။ ပြဿနာဖြစ်သူများနှင့် ပြေလည်သွားမည်။ အထက်လူကြီးကြောင့် စိတ်ညစ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ရေသန့်ဝယ်တိုက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

အလုပ်အတွင်း ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ အမွေရမည်။ ငွေရေးကြေးရေး ကျပ်တည်းနေတတ်သည်။ အလုပ်ပြောင်းဖို့ စိတ်ကူးရှိရင် နောက်လမှပြောင်းပါ။ အလုပ်သစ်မှာ အဆင်မပြေနိုင်ပါ။ ငယ်ရွယ်သူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ဒီအချိန်မှာ မယူတာ ကောင်းပါသည်။

**ယတြာ**

ကလေးငယ်တစ်ဦးကို ချောကလက် ဝယ်ကျွေးပါ။

## ဗုဒ္ဓဟူးသားသမီးများအတွက်

မထင်မှတ်ဘဲ သင်တန်းတစ်ခုတက်ရမည်။ ၎င်းသင်တန်းသည် အလုပ်အတွက် အထောက်အပံ့ဖြစ်မည်။ စက်နှင့်ပတ်သက်ပြီး မတော်တဆ ထိခိုက်မိမည်။ သွပ်၊ သံ၊ သစ် စသော အလုပ်ဌာနတွင် လုပ်ကိုင်သူများ အဆင်ပြေမည်။ အလုပ်ပြောင်းခြင်း၊ အိမ်ပြောင်းခြင်း မလုပ်သင့်ပါ။

**ယတြာ**

မိတ်ဆွေတစ်ဦး၏ကားကို ဓာတ်ဆီ ထည့်ပေးလိုက်ပါ။

## ကြာသပတေးသားသမီးများအတွက်

အပျော်အပါးအများသောကာလဖြစ်သည်။ မိတ်ဆွေများနှင့် ပျော်ပွဲရွှင်ပွဲများ သွားနေရမည်။ ဝင်ငွေလည်း တိုးနေမည်။ အလုပ်မှာလည်း ပျော်နေမည်။ လူချစ်လူခင်ပေါ်မည်။ အလှူမင်္ဂလာပွဲများ စီစဉ်ပေးနေရမည်။ စပ်တူရှယ်ယာလုပ်ငန်း အသေးလေးများ လုပ်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘိုးတော်တစ်ပါး၏ဓာတ်ပုံ ဒါနပြုပါ။

## သောကြာသားသမီးများအတွက်

ခရီးများ ထွက်ရမည်။ အလုပ်ကိစ္စများမှ ငွေဝင်ပေမယ့် အဖတ်မှတင်ဖြစ်မည်။ မိမိအထက်လူကြီး၊ အောက်လက်ငယ်သားတို့မှ ဒုက္ခပေးမည်။ လူမျိုးခြားကူညီမည်။ ပညာသစ်တစ်ခု သင်ရမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဗုဒ္ဓမြတ်စွယ်တော် ဓာတ်ပုံကို လက်ဆောင်ပေးပါ။

## စနေသားသမီးများအတွက်

ဆိုင်တစ်ဆိုင်အသစ်ဖွင့်ရမည်။ ရှယ်ယာပေါ်လာမည်။ သို့သော် လုပ်ငန်းကြီး မလုပ်သင့်သေးပါ။ စပ်တူကောင်းသည်။ ဝန်ထမ်းများအဖို့ အလုပ်သစ်ရမည်။ လခတိုးမည်။ ထီပေါက်မည်။ အစွဲအစွဲခံရတတ်သည်။ အနေအထိုင် ဆင်ခြင်ပါ။

**ယတြာ**

ကလေးငယ်တစ်ဦးကို ခဲတံ တစ်ဒါဇင် လက်ဆောင်ပေးလိုက်ပါ။

## ရာဟုသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတိုးခြင်း၊ နေရာကောင်းရခြင်းများ ကြုံရမည်။ လက်ရှိနေရာထက်ကောင်းမည်။ အလုပ်ရှာနေသူများ အလုပ်ရမည်။ အတိုက်အခံကြားမှ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေတွေဝင်မည်။ အလုပ်နှင့်သက်ဆိုင်သော သင်တန်းတစ်ခု တက်ရမည်။ အိမ်ထောင်ဘက်ကြောင့် စိတ်ညစ်စရာကြုံရလိမ့်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အသီးတစ်မျိုး လက်ဆောင်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

## ဇီဝဓာတ်ငွေ့စာအုပ်များနှင့် [illegible]



ဖယာန်မြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ ရွှေနဂါးစာပေတိုက်မှ စာရေးဆရာ ရွှေနဂါးတင်ဝင်းနှင့် ဇနီး ဒေါ်စန်းမြင့်တို့က (၁၃-၂-၂၀၁၇) နေ့လည် ၁ နာရီအချိန် "မြန်ဓြာကျေးလက်ဒေသ လူ့အရင်းအမြစ် ဖွံ့ဖြိုးရေး လုပ်ငန်းအဖွဲ့" MYAN DHRRA သို့ ဇီဝဓာတ်ငွေ့ စာအုပ်(၅၀)၊ ဘိုင်အိုဒီဇယ်စာအုပ်(၅၀) ပေါင်းအုပ်ရေ(၁၀၀) သင့်ငွေ ၃၅၀၀၀၀ ကျပ်နှင့် ငွေသား ၅၀၀၀၀ ကျပ် စုစုပေါင်း လေးသိန်းဖိုး လှူဒါန်းခဲ့ပါသည်။

ထိုအခါ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင် ဆရာတက္ကသိုလ်စိုးယဉ်၊ ဇနီး ဆရာမ မလေးယဉ်၊ သားသမက် ဦးအေးလွင် ဒေါ်သီတာစိုး တောင်ဒဂုံ စက်မှုဇုန်(၁)တို့က ငွေကျပ်တစ်သိန်း လှူဒါန်းရာ စီမံကိန်းတာဝန်ခံ ဆရာ ဦးကြည်မှူး အတွင်းရေးမှူး ဆရာမ နော်ကြူခင်နှင့် ဆရာဂျိုးဇက်တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

ဒေါက်တာသက်ဆွေ

## အဘိဓမ္မာပြန့်ပွားရေး ငွေပဒေသာပင်အတွက် Y.M.B.A အသင်းကြီးသို့ ငွေကျပ်တစ်သိန်း လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းရှိ Y.M.B.A အသင်းကြီး ရုံးခန်းတွင် (၁၈-၂-၂၀၁၇)နေ့ နံနက် ၉ နာရီအချိန် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင် Y.M.B.A အသင်းကြီး နာယက ဦးစိုးဝင်း(တက္ကသိုလ်စိုးယဉ်)(မဟာမင်္ဂလာမြေ ဇောတိကာဓဇ) မိသားစုမှ ငွေကျပ်တစ်သိန်း လှူဒါန်းခဲ့ရာ အသင်းဥက္ကဋ္ဌကြီး ဦးတင်ဝင်း(အဂ္ဂမဟာမင်္ဂလာမြေ ဇောတိက)က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဗဟိုအမှုဆောင်၊ Y.M.B.A အသင်းကြီး နာယက ဒေါက်တာ သက်ဆွေ(ရှုဆောင်တင်ဆွေ)(မင်္ဂလာမြေ ဇောတိကာဓဇ)မှ မုဒိတာစကား ပြောကြားခဲ့ပါသည်။

သက်ဆွေ

www.burmeseclassic.com

www.burmeseclassic.com

## မိဂဒါဝုန်မြန်မာကျောင်းဆရာတော်ကြီးထံ ပြည်တွင်းပြည်ပ သာသနာပြု ယောဂီဆရာမကြီး ဒေါ်နန္ဒမာလာမှ အိပ်ရာသုံးပစ္စည်းများ လှူဒါန်းခြင်းနှင့် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့မှ ဆရာမကြီး ယောဂီနန္ဒမာလာအား လာရောက်ဂါရဝပြု



အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ မိဂဒါဝုန် မြန်မာကျောင်းတွင် ဗုဒ္ဓဂယာ ဘုရားဖူးဧည့်သည်များ တည်းခိုနေထိုင်နိုင်ရေးအတွက် အိပ်ရာသုံးပစ္စည်းများကို မိဂဒါဝုန်ဆရာတော်ကြီး ဘဒ္ဒန္တသုမနဓဇ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)ထံသို့ ပြည်တွင်းပြည်ပ သာသနာပြု ယောဂီဆရာမကြီး ဒေါ်နန္ဒမာလာမှ ခြင်ထောင်(၁၀၀)၊ စောင်(၁၀၀)၊ ခေါင်းအုံး(၁၀၀)တို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆရာမကြီး ယောဂီနန္ဒမာလာ ကသိုလ်ယူ ပို့ဆောင်ပေးခဲ့သည့် ရဟန်းသံဃာများ၊ စာရေးဆရာ အယ်ဒီတာများ၊ အနယ်နယ် အရပ်ရပ်မှ ကံထူးရှင်များသည် ဗုဒ္ဓဂယာဘုရားဖူးမှ ပြန်လည်ရောက်ရှိလာပြီး ဆရာမကြီးကို လာရောက်ဂါရဝပြုကြကြောင်း သိရှိရသည်။

ဆရာမကြီး ယောဂီနန္ဒမာလာသည် နောက်နှစ်များတွင်လည်း ကံထူးရှင်များကို ဆက်လက်ပို့ဆောင်ပေးဦးမယ်လို့ သတင်းရရှိပါသည်။

## ရှင်ဥပဂုတ္တ ရဟန္တာမထေရ် ရေမျှောပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၄)ကြိမ်မြောက် ရှင်ဥပဂုတ္တ ရဟန္တာမထေရ်မြတ်ကြီးအား ပထမံဆရာကြီး ဦးနေအောင်၊ အသားချိန်နှင့် (၇)ရက်သားသမီးများ၊ စေတနာရှင်များ စုပေါင်း၍ ပူဇော်ပွဲကြီးကို ၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၅-၁၀-၂၀၁၇)ကြာသပတေးနေ့မှ စတင်၍ (၈-၁၀-၂၀၁၇)တနင်္ဂနွေနေ့အထိ ၄ ရက်တိုင်တိုင် ပူဇော်ပွဲကျင်းပပြီး (၈-၁၀-၂၀၁၇)နေ့ ညနေပိုင်းတွင် ဗိုလ်တထောင်ဆိပ်ကမ်းမှ ရေမျှောပူဇော်ပွဲကို ကျင်းပမည် ဖြစ်ပါသည်။ ၎င်းပွဲတော်ကို ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း စနေထောင့်ရှိ ၁၅ ခန်းတွဲ မှော်ရုံတွင် အပူဇော်ခံယူတော်မူပါမည်။

သို့ဖြစ်ပါ၍ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘုန်းရောင်ဂျာနယ်တိုက်ရှိရာ တိုက်အမှတ်(၂၇)၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၀၉-၂၅၁၀၂၂၃၃၁၊ ၀၉-၄၂၀၁၄၂၂၂၇၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်ပါသည်။

ပထမံဆရာကြီး ဦးနေအောင်

www.burmeseclassic.com

www.burmeseclassic.com

## အမျိုးသားစာပေဆုရ စာရေးဆရာ မောင်မောင်ဖြူ၏ (၂၅)နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပြွန်လမ်းထောင့်ရှိ ရွှေနားပန် ပရိယတ္တိစာသင်တိုက်တွင် (၁၉-၃-၂၀၁၇)တနင်္ဂနွေနေ့ နေ့လည် ၁ နာရီတွင် အမျိုးသားစာပေဆုရ စာရေးဆရာ မောင်မောင်ဖြူ၏ (၂၅)နှစ်မြောက် အထိမ်းအမှတ်ပွဲ ကျင်းပရာ စာရေးဆရာ၊ ဆရာမများ ၉၀ ကျော် တက်ရောက်ခဲ့ပါသည်။

အခမ်းအနားမှူးအဖြစ် ဆရာ မောင်မိုးလှိုင်(သစ္စာမြေ)က ဆောင်ရွက်ပြီး သဘာပတိများအဖြစ် ဆရာတော် မုံရွာနေဇာ၊ စည်သူဦးဌေးမောင်၊ တက္ကသိုလ်စိန်တင်၊ တက္ကသိုလ်စိုးယဉ်၊ ဒေါက်တာသက်ဆွေ(ရွှေဆောင်တင်ဆွေ)တို့က ဆောင်ရွက်ခဲ့ပါသည်။

ရွှေဆောင်တင်ဆွေ

---

## (၁၀၈)တောင် စေတီတော်မြတ်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်များ လှည့်လည်အပူဇော်ခံပွဲ

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ် ၁၀/တောင် ရပ်ကွက်ရှိ ကျက်သရေဆောင် (၁၀၈) ဆောင် မဟာဗောဓိစွယ်တော်ရှင်၊ ဆံတော်ရှင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်၊ စိန်ဖူးတော်အသစ်တို့အား ၂၀၁၇-ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် သာကေတမြို့နယ်အတွင်း လှည့်လည်အပူဇော်ခံခဲ့ပြီး ၂၀၁၇-ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်၊ ဆံတော်ရှင် စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရွှေထီးတော်အသစ် တင်လှူပွဲကို စည်ကားစွာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

အင်ကြင်း

---


### အောက်ပါဌာနများသို့ လှူဒါန်းလိုပါလျှင် . . .

- HIV ပိုးကူးစက်ခံ မိဘမဲ့ကလေးများ၏ သုခရိပ်မြုံဂေဟာ (၀၁-၅၈၁၉၅၅)
- ဆည်းဆာရိပ် ဂီလာနသိုးသွားရိပ်သာ (၀၉-၇၃၀၁၈၀၀၇)
- နာရေးကူညီမှုအသင်းသို့ လှူဒါန်းလိုလျှင်ဖြစ်စေ၊ အကူအညီလိုလျှင်ဖြစ်စေ ဆက်သွယ်ရန် (၀၁-၆၃၉၄၉၀)၊ (၀၁-၇၀၉၂၇၇)၊ (၀၁-၅၈၁၃၆၁)၊ (၀၁-၇၀၄၇၈၄)

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး



ဗုဒ္ဓမြတ်စွာသည် မေတ္တာတရားကို လက်ကိုင်ထားလေ့ရှိရာ အောင်ခြင်းရှစ်ပါးတွင် မိမိကို ရန်ပြုသူများကို မည်သို့မှ တုန့်ပြန်ခြင်းမရှိဘဲ 'မေတ္တာတရားနှင့်သာ နေသဖြင့် အောင်မြင်မှု ရရှိခဲ့ပါသည်။

ရောင်ပြန်ပရိသတ်ကြီးလည်း နှစ်သစ်ကူးမင်္ဂလာအခါသမယတွင် မေတ္တာဓာတ်များဖြင့် လွှမ်းခြုံထားမည် ဆိုပါလျှင်...

www.burmeseclassic.com